# သာသနာ့လူစွမ်းကောင်း

# သံခမောက်ဆောင်းလေးယောက်

သာယာဝတီဦးဉာဏ

၈၃-၂

ကျေးဇူးရှင်

# သာယာဝတီ ဦးဉေယျ အရှင်မြတ်

# သည်

အထူးသဖြင့်

ရေးသားစီစဉ်သွန်သင်ဆုံးမအပ်သော

# သာသနုဒ္ဒလုဍ္ဍမိုးကောင်း

# သံခမောက်ဆောင်းလေးယောက်။

၁၃၁၉ ခု၊ ဝါခေါင်လတွင် ထပ်မံပြုပြင်

ပုံနှိပ်သည်။

သာသနာပြု ပုံနှိပ်တိုက်

ဗားကာရာလမ်း၊ ကြည့်မြင်တိုင်း



ကျေးဇူးရှင် သာယာဝတီ ဆရာတော်
ဦးခညွဗုရ၏ ပုံတော် ။

# တစ်-လှူဖွမ်းကောင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဘုရားပင့်ရန်

မဟာကာရုဏိကော နာထော

ဗုဒ္ဓေါ မေ ဥတ္တမ သီသကေ

မဟာကာရုဏိကော၊ ခပ်သိမ်းသောသူ၊များဗိုလ်လူကို၊ကြည်ဖြူသနား၊မေတ္တာထား၍။ကြီးမားသောမဟာကရုဏာတော်လည်းရှိတော်မူပေထသော။ နာထော၊အများလူနတ်၊ ပရိဿတ် တို့၏၊ဆည်းကပ် ဝပ်တွားအားထားကိုးကွယ်ရာလည်းဖြစ်တော်မူထသော။ဗုဒ္ဓေါသစ္စာလေးပါး၊ မြတ်တရားကို ပိုင်းခြားဝေဘန်၊ကေန်တိတိ၊သိမြင်တော်မူသော၊မြတ်စွာဘုရားသည်။ဗုဒ္ဓေါ၊သစ္စာလေးတန်တရားမှန်ကို၊ ကေန်ရအံ့၊ ကိုယ်တော်သိသလို၊တပည့် လူနတ်အရပ်ရပ်အား၊ တတ်အပ်ထင်ထင်၊သိမြင်တော်မူစေသော မြတ်စွာဘုရားသည်။ မေ ၊ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ဝယ်၊မပြတ်ဆင့်ပွား၊ ဆုံလည်နွား

ကဲ့သို့၊ပြေးသွားရဘိ၊ဘုရားတပည့်တော်၏။ သီသကေ မြန်မာ့ဦးကင်၊ ထိပ်ဝယ်တင်သည့်၊ ခေါ်တွင်အမြတ်၊ဦး ခေါင်းရပ်၌။ သီသကေ၊ ကိုယ်တခုလုံး အမြတ်ဆုံးဟု၊ ခေါ်သုံးရှာကြဦးသီသအပြင်၌။ ဌာတု၊သတ္တဝါဟူ၊များ မိုလ်လူကို၊ ကယ်ယူဆောင်တင်၊ အောင်မြေပြင်သို့၊ ငါ ပင်ချွတ်မည်၊ စိတ်တော်ရည်လျက်၊ တည်နေကိန်းဝပ် တော်မူလှဲ့ပါ၊အသရေမဆုံး၊နေတန့်နိုး၊ကဲ့သို့၊ရွှေဘုန်း တော်သခင်အရှင်ဘုရား။

## ဘာသာမူလအကျဉ်းချုပ်

ဩကာသဟူသည်၊ ခိပ္ပါယ်မည်၊ တောင်းသည်ခွင့် ပေးရန်။

ပါ-ဒိန်-ကာမေ၊ထိုသုံးထွေ၊မှတ်လေကာယကံ။
မု-ပိ-ဖရုသ်-သမ်း၊ထိုလေးခန်း၊မှတ်စမ်း—ဝစီကံ။
ဘိဇ-ဗျာ-ဒိဋ္ဌိ၊သုံးပါးရှိ၊မှတ်ဘိ-မနောကံ။
ကိုယ်မှာထွေထွေ၊ဖြစ်ပြန်ပေ၊မှတ်လေ-ကာယကံ။
နှုတ်မှာထွေထွေ၊ဖြစ်ပြန်ပေ၊မှတ်လေဝစီကံ။
စိတ်မှာထွေထွေ၊ဖြစ်ပြန်ပေ၊မှတ်လေ-မနောကံ။
ထိုသုံးတရား၊ပေါင်းပြန်ငြား၊ဆယ်ပါးဒုစရိုက်။
ဘုရားအစ၊မမ္မအလယ်၊သံဃာဝယ်နောက်၊ ဥာဏ်ဖြင့် လျှောက်၊လက်မြှောက်ဝန္ဒနာ။
ငရဲ- တိရိစ်၊ ပြိတ်— အသုရကာယ်၊ ထိုလေးသွယ်၊ အ ပါယ်မှတ်လိုက်ကြ။

သဏ္ဍန္တရ၊ ဒုမ့်-ရောဂ၊ သုံးဝကပ်ဟုမှတ်။
ငရဲ-တိရိစ်-ပြိတ်-ပစ်-ဇာစွန်-ဒိဋ္ဌိမှန်၊ သညံ့အရူပ၊ ရပ်ရှစ်ဝ။
မင်း-ရေ-မီး-ခိုး-မချစ်နိုး၊ ငါးမျိုးရန်သူပ။
ကာလ-ဂတိ-ဥပဓိ-ပယောဂ၊ ထိုလေးဝ၊ မှတ်ကြဝိပ္ပတ္တိ။
ဉာတိဘောဂ၊ ရောဂနှင့်သာ၊ ဒိဋ္ဌိပါ၊ သီလာငါး ဝ၊ ဗျသန။
မဂ်ဆိုအကြောင်း၊ ငင်းနောက်တွင်၊ အကျိုးလျှင်၊ ဖိုလ်ပင်မှတ်ကုန်ကြ။
ရုပ်-နာမ်နှစ်ဖြာ၊ ငြိမ်းရာ။ မှတ်ပါနိဗ္ဗာန။
ပါဏာတိပါတ်၊ သူ့သက်သတ်၊ ခိုးလတ်အဒိန္နာ။
မေထုန်ဓမ္မ၊ အဗြဟ္မ၊ ခေါ်ကြစရိယာ။
မုသာဝါဒ၊ မိပ္ပါယ်ရ၊ ခေါ်ကြလိမ်လည်တာ။
သုရာမေရယ၊ ဘိန်းဘင်းစ၊ သောက်ထသေရက်ပါ။
နေ့လွဲညစာ၊ ဝိကာလာ၊ စားရာဘောဇနာ။
နစ်-ဂီ-ဝါ-ဝိ၊ ဒသ်အရှိ၊ မှတ်ဘိဤသို့သာ။
က-သီ-တီးမှုတ်၊ ထိုအလုပ်၌၊ နှစ်ခြိုက် နားထောင် မရှောင်ကြည့်ရှု၊ ပြုလုပ်မှုကို၊ မိပ္ပါယ်ဆို၊ လူမိုလ်သိဘို့ရာ။
မာ-ဂန်-ဝိ-ဓါ၊ မဏ်-ဝိ-မှာ၊ မှတ်ပါဤသို့သာ။
ပန်းနှင့်နံ့သာ၊ တဖြာထပ်လောင်း၊ နံ့သာပျောင်းကို၊

ခေါင်းဝယ်ပန်ဆင်၊ ကိုယ်တွင်လိမ်းကျံ၊ ထပ်မံပြေပြစ်
ပြုတုံလစ်၊ စင်စစ်ထိုသိက္ခာ။

ဥစ္စာသယန၊ ပုဒ်အရမှာ၊ တထောင့်ထွာထက်၊ သာ
လျက်မြင့်ငြား၊ ခုတင်များ၊ ထင်ရှားမနေရာ။

မဟာသယန၊ ပုဒ်အရမှာ၊ လဲမွေ့ရာထက်၊ လျောင်း
အိပ်စက်၊ ကျင့်ပျက်မပြုရာ။

ဘာသာဓမ္မ၊ လေ့အထ၊ နေ့ညအားထုတ်ပါ။
ကိုယ်ကျင့်တရား၊ မသိငြား၊ ထင်ရှားရှက်ဖွယ်ရာ။
ထို့ကြောင့်လူ့ရွာ၊ လူဖြစ်လာ၊ လူရာရောက်ကြပါ၊
ဩကာသ¸က၊ စ၍စဉ်လာ၊ ရှစ်ဖြာသီလ၊ ဓိပ္ပါယ်ပြ၊ ဤမျှ
နိဋ္ဌိတာ။

## လူအာပတ်ဖြေနည်း

ထွေထွေစကား၊ ပြောပါများ၊ အမှားပါသည်မှတ်။
ပါသည့်အမှား၊ ထိုစကား၊ ပျက်ပြားသည်ဟုမှတ်၊
ထိုသည့်ပမာ၊ ကိုယ်ခန္ဓာ။ ပျက်မှာအမြဲမှတ်။
ဤသို့ပြုကာ၊ ဒု—ဝါစာ၊ သုသာဖြစ်သည်မှတ်။

## ကြောက်သုံးလုံး

သူတော် တရား။ မလိုက်စား၊ ရောက်ငြား အပါယ်
ကြောက်။
မဟုတ်မမှန်၊ စိတ်ကကြံ၊ ရောက်ရန်အပါယ်ကြောက်။
ရတနာ သုံးတန်၊ ပြစ်မှားပြန်၊ ရောက်ရန် အပါယ်
ကြောက်။

## သံခမောက်ဆောင်းလေးယောက်

## ကုသိုလ်တိုးပွားနည်း။

အလှူဒါန်၊ မိဘ, ဘိုးဘွား၊ လေ့ကျင့်များဟု၊ မှတ်သားသီလ၊ ကုန်ပျက်ရမည်၊ စိတ်ကရည်ကာ ဘာဝနာတည့်၊ မှတ်ပါဝါတို့ နောင်ကျိုးတည်း။

ပါရမီဆယ်ပါး၊

ဒါ, သီ, နိက် ညာ၊ ဝိရိယာနှင့်၊ ခန္တီ' သစ္စာ၊ မိဋ္ဌာန် ပါလျှင်၊ မေတ္တာဥပေက္ခာ၊ ပေါင်းဆယ်ဝ၊ မှတ်ကြ ပါရမီမျိုးစေ့တည်း။

## အမေး-အဖြေ

မေး။ ဩကာသ ဟူသည်၊ ဘယ်လိုအဓိပ္ပါယ်ကိုခေါ် ဆိုပါသနည်း။

ဖြေ။ ဩကာသ၏ အဓိပ္ပါယ်မှာ၊ ရှိခိုး ကန်တော့ရန် ခွင့်တောင်းပန်ခြင်း ဖြစ်ပါသည်။

( ဩကာသဟူသည်၊ ဓိပ္ပါယ်မည်၊ တောင်း သည် ခွင့်ပေးရန်)။

မေး။ ကာယကံ၊ ဝစီကံ၊ မနောကံ-တည်းဟူသော ဒုစရိုက်တရားများကို၊ ခွဲခြား၍သိသင့်သိထိုက်ပါသဖြင့်၊ ဘယ်တရားကို၊ ဒုစရိုက်ခေါ်၍၊ ဘယ်တရားကို သုစရိုက် ခေါ်ပါသနည်း၊

ဖြေ။ သူတော်မဟုတ်၊ သူယုတ်မာတို့ ပြုလုပ်လိုက် စားကျင့်ကြံသောအကျင့်တရားကို ဒုစရိုက်ခေါ်ပါသည်။

ရှင်းဒုစရိုက်တရားတို့ကို မလိုက်စားဘဲရှောင်ရှားခြင်းကို သုစရိုက်တရားခေါ်ပါသည်။

မသူတော်များ၊ကျင့်တရား၊မှတ်သားဒုစရိုက်။
မကောင်းစရိုက်၊ ရှောင်ကြဉ်နိုက်၊ မှတ်လိုက် သုစရိုက်။

မေး။ ကာယကံ ဒုစရိုက်တရားများသည်၊ဘယ်နှစ်ပါးရှိသည်ဟု သရုပ်နှင့်တကွ ပြပါ။

ဖြေ။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ ဤသို့အားဖြင့်၊ ကာယဒုစရိုက်တရားသုံးပါးရှိပါသည်။

ပါ-ဒိန်-ကာမေ၊ထိုသုံးထွေ၊မှတ်လေ ကာယကံ၊

မေး။ ဝစီကံ,ဒုစရိုက်တရားပေါင်း အဘယ်မျှ ရှိသည်ဟု သရုပ်နှင့်တကွ ပြပါ။

ဖြေ။ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဤသို့ အား ဖြင့်၊ ဝစီကံ ဒု စ ရိုက် တရားပေါင်း၊၄-ပါးရှိပါသည်။

ပိ,မု,ဖရုသ်,သမ်း၊ထိုလေးခန်း၊ မှတ်စမ်းဝစီကံ။

မေး။ မနောကံ ဒုစရိုက် တရားပေါင်း မ ည်မျှရှိသည်ဟု သရုပ်နှင့်တကွ ပြပါ။

ဖြေ။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ ဤသို့အားဖြင့်၊မနောကံ၊ဒုစရိုက်တရား သုံးပါးရှိပါသည်။

ဘိဇ်- ဗျာ- ဒိဋ္ဌိ၊သုံးပါးရှိ။ မှတ်ဘိမနောကံ။

မေး။ ကာယကံ ဒုစရိုက်တရား၌သရုပ် မှတ်ဘွယ် အဓိပ္ပါယ်ကို အကျယ်ခွဲ၍ ပြပါ။

ဖြေ။ ပါဏာတိပါတ၊ သူ၏အသက်ကိုသတ်ခြင်း၊ အဒိန္နာဒါန၊ သူ၏ဥစ္စာကိုခိုးခြင်း။ ကာမေသု မိစ္ဆာစာရ၊ သူ့လင်သူ့မယားကို ပြစ်မှားခြင်း။ ဤသုံးပါးကို ကာယကံ ဒုစရိုက်တရား ခေါ်ပါသည်။

ပါဏာတိပါတ်၊ သူ့သက်သတ်၊ ခိုးလတ်အဒိန္နာ။ သူ့လင်မယား၊ကျူးလွန်ငြား၊ ပြစ်မှားကျင့်မိစ္ဆာ။

မေး။ ဝစီကံ ဒုစရိုက်တရား၌ သရုပ် မှတ်ဘွယ် အ အဓိပ္ပါယ်ကို အကျယ်ခွဲ၍ ပြပါ။

ဖြေ။ မုသာဝါဒ၊ မဟုတ် မမှန်သော စကားကို ပြောဆိုခြင်း၊ပိသုဏာဝါစာ၊ သူနှစ်ယောက်အကြား၌၊ အချစ်တုံးအောင်ဂုံးတိုက်ခြင်း။ဖရုသဝါစာ၊ ရှန့်ရင်းကြမ်းတန်းဆဲရေး တိုင်းထွာသော စကားကို ပြောဆိုခြင်း၊သမ္ဖပ္ပလာပ၊သီချင်းအဲအံ၊ရကန်သာချင်း အဖျင်းအချော် အပျော်အရွှင်၊ သဘင်ပွဲလမ်း၊ လောင်းတမ်းကြက်တိုက်၊ဗဲရိုက် ကြွေပစ်၊ပုဆစ်၊ကျားထိုး၊အကျိုးမရှိတဲ့ သူမိုက်တို့အကြိုက်၊ ဒုစရိုက်နှင့်စပ်သော၊ စကားကို ပြောဆိုခြင်း၊ဤ ၄-ပါးကို ဝစီကံစရိုက် တရားဟုခေါ်ပါသည်။

မဟုတ်မတရား၊လိမ်လည်ငြား၊ မှတ်သားမုသာကံ၊
သူနှစ်ဦးကြား၊ ဂုံးတိုက်ငြား၊ မှတ်သား ပိသုဏာံ၊
ကြမ်းထမ်းအသံ၊ဆဲရေးပြန်၊မှတ်ရန်ဖရုသံ၊

သိမ်ဖျင်းစကား၊ ကျိုးမပွား၊ မှတ်သားသမ္မပ္ပလံ။

မေး။ မနောကံ ဒုစရိုက်တရား၌ သရုပ် မှတ်ဘွယ် အဓိပ္ပါယ်ကို အကျယ်ခွဲ၍ ပြပါ။

ဖြေ။ အဘိဇ္ဈာ၊ သူပိုင် ဥစ္စာကို ငါ့ဟာဖြစ်လျှင်၊ ကောင်းလေစွဟု ကြံဆတောင့်တခြင်း။ ဗျာပါဒ၊ သူတပါးတို့ သေကြေပျက်ဆုံးမှုကို တောင့်တခြင်း။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူကိုယူခြင်း။ ဤသုံးပါးကိုမနောကံ ဒုစရိုက်တရားဟုခေါ်ပါသည်။

သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွတ်စေ၊ တောင့်တပေ၊ မှတ်လေအဘိဇ္ဈာ။

သူတပါးအား၊ ရန်ငြိုးထားပေ၊ အသေတောင့်တ၊ ပြုတုံက၊ မှတ်ကြဗျာပါဒါ။

အကျင့်ကွဲပြား၊ အယူမှား၊ မှတ်သားဒိဋ္ဌိပါ။

မေး။ ထိုသုံးတရား၊ ပေါင်းပြန်ပြား၊ ဆယ်ပါးဒုစရိုက်၊ ဟူသော လင်္ကာသံပေါက်ကို ဘယ်အကျိုး ငှာ ဦးညောယျ ဆရာတော်သည် မိန့်ဆိုတော်မူရ ပြန်ပါသနည်း။

ဖြေ။ ကာယကံ ဒုစရိုက်သုံးပါး။ ဝစီကံ ဒုစရိုက် လေးပါး။ မနောကံ ဒုစရိုက်သုံးပါး၊ ပေါင်းတို့ပြား သော်၊ ဆယ်ပါးသော ဒုစရိုက်ဖြစ်သည်ဟု အကုန်သိမ်း ချုပ် နိဂုံးအုပ်၍ ထုတ်ပြတော်မူလိုသောကြောင့်-ထို သုံးတရား၊ ပေါင်းပြန်ပြား၊ ဆယ်ပါးဒုစရိုက်၊ ဟူ၍မိန့် ဆိုတော်မူပါသည်။

မေး၊ ဘယ်နေရာဌာနမှာဖြစ်၍ကာယကံ၊ဝစီကံ မနောကံ ဟူသောအမည်ကိုရပါသနည်း။

ဖြေ။ ကိုယ်မှာထွေထွေ ဖြစ်သည့်အတွက် ကာယကံ။ နှုတ်မှာထွေထွေဖြစ်သည့်အတွက် ဝစီကံ၊ စိတ်မှာထွေထွေဖြစ်သည့်အတွက် မနောကံ၊ ဟူသောအမည်တို့ကို အသီးသီးရကြပါသည်။

ကိုယ်မှာထွေထွေ၊ဖြစ်ပြန်ပေ၊မှတ်လေကာယကံ။
နှုတ်မှာထွေထွေ၊ ဖြစ်ပြန်ပေ၊ မှတ်လေဝစီကံ။
စိတ်မှာထွေထွေ၊ဖြစ်ပြန်ပေ၊မှတ်လေမနောတံ။

မေး။ ဤဒုစရိုက်ဆယ်ပါး အကုသိုလ် တရားတို့ကို လိုက်စားပြုလုပ်၊ အားထုတ်ကျင့်ကြံသောသူများသည် ဘယ်လိုအပြစ်များကိုခံရပါသနည်း။

ဖြေ။ ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကိုလိုက်စား ပြုလုပ်အားထုတ်ကျင့်ကြံသောသူတို့သည်သေသည်၏ အခြားမဲ့၌ ငရဲအစရှိသော အပါယ်လေးပါးသို့-သွားရောက်ခံစားရပါသည်။

အကုသိုလ်၌၊ လွန်နှစ်ချိုက်၊ စရိုက်သင့်လျော်စွာ။
ရူးကြ,မိုက်ကြ,ရိုင်းပြကြ၊ပွါးထအကုသလာ။
အကုသလ၊ ပွါးတိုက၊ခံရငရဲရွာ။

မေး။ ငရဲအစရှိသော အပါယ်လေးပါးမှလွတ်ခါ လူဖြစ်၍လာပြန်က ကံဟောင်းဇာနက ဖန်တီးပုံ အရကြောင့်၊ဝိပါက အကျိုးပေးခြင်းကို ရှင်းလင်းအောင် ခွဲခြား၍ပြပါ။

၁၈၇၀

မြေ။ ပါဏာတိပါတ ကံကြောင့်၊ အနာရောဂါ များ၍ အသက်တိုရခြင်း။ အဒိန္နာဒါန ကံကြောင့် စည်းစိမ်ဥစ္စာ မတည်ကြည်ဘဲ၊ ဆင်းရဲနွမ်းပါး လူမွဲများဖြစ်ရခြင်း။ ကာမေသုမိစ္ဆာစာရ ကံကြောင့် ယောကျ်ားကောင်း မိန်းမကောင်း မဖြစ်ခြင်း။ နပုံးပဏ္ဍုက် အစရှိသော ယုတ်မာသောအမျိုး၌ ဖြစ်ရခြင်း။.... မုသာဝါဒကံကြောင့် အစွပ်စွဲခံရခြင်း၊ ခံတွင်းပုတ်ခြင်း၊ ကိုယ်ပြောသောစကားကို သူတပါးတို့ မယုံကြည်ခြင်း။ ပိသုဏဝါစာ ကံကြောင့်၊ ချစ်ခင်သောသူတို့နှင့် ရှင်ကွဲ သေကွာ ခွဲခွါရခြင်း။ ဖရုသဝါစာကံကြောင့် မိမိ၏အသံသည် ကျီးအာသကဲ့သို့ သူတပါးနား၌ မခံသာအောင်ရှိခြင်း။ ဆွံ့ အ,ရခြင်း။ သမ္ဖပ္ပလာပဝါစာ ကံကြောင့်၊ နိဗ္ဗာန်နှင့်စပ်သောစကားကိုပြောဆိုသော်လည်း ဖွဲ့ပြောသည်လေမှာလွင့်သကဲ့သို့ မနာစဘွယ်ရှိခြင်း။ အဘိဇ္ဈာ ကံကြောင့်၊ မိမိစည်းစိမ်ကို မင်း, ရေ, မီး, သူခိုး, မချစ်မနှစ်သက်တဲ့ ရန်သူမျိုးတွေနှင့် တွေ့၍ ရွေ့လျောပျက်စီးရခြင်း။ ဗျာပါဒကံကြောင့် ထွီ, ထွမ်, ဟာ, ဟေး, တံထွေးထွေး၍ ဟန်ရေးမသာ ရွံ့ရှာစက်ဆုပ်ဘွယ်သောအမျိုး၌ ဖြစ်ရခြင်း။ မိစ္ဆာဒိဋ္ဌိကံကြောင့် ရတနာသုံးအင် နှလုံးမယှဉ်တဲ့ မယဉ်, အရိုင်း၊ ထိုင်းမှိုင်းပူထူ မိလက္ခုအမျိုး၌ဖြစ်ရခြင်း။ ဤသို့သောအပြစ်များကို ကာလရှည်လျှားအောင်ခံစားရပါသည်။

မေး။ လူမိုက်တို့အကြိုက်ဒုစရိုက် တရား မလိုက်စားဘဲရှောင်ရှားပယ်နှင်သုစရိုက်တရား၏အကျိုးအာနိသင်ကိုထင်မြင်အောင်ပြပါ။

ဖြေ။ သုစရိုက်တရားကျင့်သုံးငြားက အပါယ်လေးပါးတံခါးပိတ်ပြီးလူ့ရွာ,နတ်ပြည်,အလီလီသောချမ်းသာတရားကိုခံစားရပါသည်။

သူတော်တို့ထုံး၊ကျင့်ကြံသုံး၊နှလုံးဖြူစင်လာ။
ဖြူစင်လာက၊အပါယ၊ပိတ်ထတံခါးသာ။
လူ့ရွာနတ်ပြည်၊အလီလီ၊အတည်စံစားရာ။
လူနတ်မက၊နိဗ္ဗာန၊ရောက်ကြမြဲမကွာ။

မေး၊ ဤသုစရိုက်ဆယ်တန်ကျင့်ကြံသည့်အကြောင်းကံကြောင့်ခံစားရသော အကျိုးတို့ကို တပါးစီ ခွဲခြား၍ပြပါ။

ဖြေ။ ပါဏာတိပါတကံကိုရှောင်ကြဉ်ခြင်းကြောင့်ရောဂါကင်း၍ အသက်ရှည်ရခြင်း။ အဒိန္နာဒါနကံကိုရှောင်ကြဉ်ခြင်းကြောင့်စည်းစိမ်ဥစ္စာတည်ကြည်၍ချမ်းသာကြီးပွားရခြင်း။ ကာမေသု မိစ္ဆာစာရကံကို ရှောင်ကြဉ်ခြင်းကြောင့် ယောကျ်ားကောင်း မိန်းမကောင်းဖြစ်၍ အင်္ဂါကြီးငယ်နှင့် ပြည့်စုံရခြင်း။ မုသာဝါဒကံကိုရှောင်ကြဉ်ခြင်းကြောင့် ကိုယ်ပြောသောစကားကို သူတပါးနာယူ၍သြဇာတိက္ကမကြီးရခြင်း၊ ပိသုဏာဝါစာကံကိုရှောင်ကြဉ်ခြင်းကြောင့်ချစ်ခင်သောသူနှင့် မကွေ ဧကွာပေါင်းရခြင်း။ ဖရုသဝါစာကံကို ရှောင်ကြဉ်ခြင်း

ကြောင့်သာယာသောအသံရှိခြင်း။ ကိုယ့်အသံကြားကသူ တပါး ချစ်ခင်ရခြင်း၊သမ္ဗုပ္ပလာပကံကို ရှောင်ကြဉ်ခြင်းကြောင့်ကိုယ်ပြောသောစကားကိုသူတပါးနားဥ္ဖရဏာပီတိဝမ်းဆီထိသကဲ့သို့နှစ်သက်ရခြင်း၊အဘိဈ္ဈာကံကို ရှောင်ကြဉ်ခြင်းကြောင့် သူတပါး မြတ်နိုးသောစည်းစိမ်နှင့်ပြည့်စုံရခြင်း။ ဗျာပါဒကံကို ရှောင်ကြဉ်ခြင်းကြောင့်သူတပါးနှစ်သက်သောအဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံရခြင်း၊ မိစ္ဆာဒိဋ္ဌိကံကို ရှောင်ကြဉ်ခြင်းကြောင့် ပညာဉာဏ်အမြော်အမြင်နှင့်ပြည့်စုံ၍ သစ္စာလေးပါးအားရဘို့,သိဘို့ရန် အခြေခံတရားကို အမှန်သိမြင်ရခြင်း။ဤသို့သော အကျိုးတရားကို ခံစားရပါသည်။

မေး။ ဘုရား ဟူသည်၊ အဘယ်သို့သော ဂုဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကိုခေါ်ဆိုပါသနည်း။

ဖြေ။ ဘုရားဗုဒ္ဓ၊ဂုဏ်ကိုး၀၊မုချဤသို့သိ။

(၁) လူနတ်ဗြဟ္မာ၊ သတ္တဝါ သုံးတိုက်၊ ဦးညွှတ်နိုက်ကို၊ ခံထိုက်သည်ဘိ (အရဟံ)ဟု .... ဘုရားဂုဏ်ကိုယုံကြည်သည်။

(၂)သစ္စာလေး၀၊ ဧယျပါးတန်၊တရားမှန်ကို ကောန်သိဘိ (သမ္မာသမ္ဗုဒ္ဓ)ဟု....ဘုရားဂုဏ်ကိုယုံကြည်သိ။

(၃) သုံး-ရှစ်-ဆဲ ငါး ဝိဇ္ဇာအားဖြင့်၊ထင်ရှားစရဏ၊မြတ်ဓမ္မကို၊မုချပိုင်ဘိ၊ (ဝိဇ္ဇာစရဏသမ္ပန္နော) ဟု။ ဘုရားဂုဏ်ကိုယုံကြည်သိ။

(၄) ဇာတိ-ဇရာ၊ဗျာဓိမရဏာ၊ ဒုက္ခမသန်း၊ ခေမာနန်းကို၊ကြွမြန်းရှာဘိ(သုဂတ)ဟု၊ ဘုရားဂုဏ်ကို ယုံကြည်သိ။

(၅) သတ္တဝါကာသ သင်္ခါရသုံး၊လောကလုံးကို၊ သိမ်းကျုံးမြင်ဘိ(လောကဝိဒူ)ဟု၊ ဘုရားဂုဏ်ကို ယုံကြည်သိ။

(၆) မိမိထက်မူ၊လွန်မြတ်သူရှား၊သတ္တဝါများကို၊သင်ကြားပေဘိ(အနုတ္တရောပုရိသဒမ္မသာရထိ)ဟု ဘုရားဂုဏ်ကိုယုံကြည်သိ။

(၇) ဗြဟ္မာ,နတ်,လူ၊သုံးဘုံသူတို့၏ ဆရာတဆူဖြစ်တော်မူဘိ ( သတ္ထာဒေဝမနုဿာန ) ဟု၊ဘုရားဂုဏ်ကို ယုံကြည်သိ။

(၈) သစ္စာ လေးပါး၊ မြတ်တရားကို၊ သိပြားစေဘိ၊မြတ်(ဗုဒ္ဓ)ဟု-ဘုရားဂုဏ်ကိုယုံကြည်သိ။

(၉) ဣဿရိယ,ဓမ္မ,ယသ,သိရိ,ကာမ,ပယတ္တ ဟု၊ခြောက်ခုအစုံ၊ ဘုန်းတော်ဟုန်နှင့် ပြည့်စုံသည်ဘိ (ဘဂဝါ) ဟု၊ ဘုရားဂုဏ်ကိုယုံကြည်သိ။

အရဟံအစဘဂဝါအဆုံးရှိသောဂုဏ်တော်ကိုးပါးနှင့် ပြည့် စုံ ၍၊ လော က သုံး ပါး၌ ပြိုင် ဘက် မရှိ (အသဒိသ) ဖြစ်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို ဘုရားဟူ၍ခေါ်ပါသည်။

လောကသုံးပါး၊ ပြိုင်ဘက်ရှား၊ ဘုရားဟူ၍မှတ်။

မေး။ အဘယ် ကဲ့သို့သောဂုဏ်ထူး အကြောင်းအရာကို တရားဟူ၍ခေါ်ပါသနည်း။

ဖြေ။ တရားဓမ္မ၊ ဂုဏ်ခြောက်ဝ၊ ထောက်ဆ၍ သို့သိ။

(၁) မြတ်ရှင်နှုတ်ထွက်၊မဂ်,ဖိုလ်,နိဗ္ဗာန်၊ ဆယ်တန်ပရိယတ်၊တရားမြတ်ကို၊မှတ်လေပါဘိ(သွာက္ခာတ) ဟု ဓမ္မဂုဏ်ကို ယုံကြည်သိ။

(၂) မြတ်စွာထွင်ထား၊ ဟောတရားကို၊ ရှစ်ပါးအရိယာမြတ်သံဃာတို့၊ထင်စွာသိဘိ(သန္ဒိဋ္ဌိက) ဟု၊ ဓမ္မဂုဏ်ကို ယုံကြည်သိ၊

(၃) သုံးလူ့ထွဋ်ချာ၊မြတ်ဓမ္မာသည်၊အခါမလင့်၊ ကျိုးပေးခွင့်ကို၊အသင့်ရှယ်ဘိ (အကာလိက) ဟု၊ ဓမ္မဂုဏ်ကို ယုံကြည်သိ။

(၄) သုံးလူ့ထွဋ်ချာ၊မြတ်ဓမ္မာသည်၊ သူငါမဖင့် ကြည့်ရှုခွင့်ကို၊အသင့်ပေးဘိ(ဧဟိပဿိက)ဟု၊ဓမ္မဂုဏ်ကို ယုံကြည်သိ။

(၅) နတ်ရွာနိဗ္ဗာန်၊ ကျိုးနှစ်တန်ကို၊ ကောန်ပေးဘိ(ဩပနေယျိက)ဟု၊ဓမ္မဂုဏ်ကို ယုံကြည်သိ။

(၆) ပညာရှိပြား၊ လူအများသည်၊ ထင်ရှားမှချ မြတ်သုခကို ဒိဋ္ဌတွေ့ဘိ (ပစ္စတ္တံ ဝေဒိတဗ္ဗောဝိညူဟိ) ဟု ဓမ္မဂုဏ်ကို ယုံကြည်သိ။

သွာက္ခာတအစ ပစ္စတ္တံ ဝေဒိတဗ္ဗော အဆုံး ရှိသော ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံ၍ အပါယ်လေးဖြာ

သံသရာဝဋ်ဒုက္ခတို့၌မုချမရောက်ခစအောင်ရှက်ဆောင်ပေတတ်သော မင်လေးတန်-ဖိုလ်လေးတန်နိဗ္ဗာန်နှင့်တကွပိဋကတ်သုံးပုံ ဟူသောပရိယတ္တိ, ဤဆယ်ပါးကိုတရားဟူ၍ခေါ်ပါသည်။

ပါယ်လေးပါးမှ၊ ကယ်တင်က၊ ဓမ္မဟူ၍မှတ်။

မေး။ သံဃာဟူသည်၊ အဘယ်သို့သော ဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုခေါ်ဆိုပါသနည်း။

ဖြေ။ ရှစ်ဖြာသံဃ၊ ဂုဏ်ကိုး၀၊ မုချဤသို့သိ။

(၁) ရှင်တော်ဘုရား၊ ဟောကြားမိန့်မှာ၊ ကျင့်သိက္ခာကို၊သေချာကျင့်ဘိ၊(သုပ္ပဋိပန္နော) ဟု သံဃဂုဏ်ကိုယုံကြည်သိ။

(၂) ရှင်တော်ဘုရား၊ ဟောကြားမိန့်မှာ၊ မြတ်ဓမ္မာကိုဖြောင့်စွာကျင့်ဘိ (ဥဇုပ္ပဋိပန္နော)ဟု သံဃဂုဏ်ကို ယုံကြည်သိ။

(၃) ငြိမ်းချမ်းကောန်၊ အစစ်မှန်သည့်၊နိဗ္ဗာန် အကျိုး၊ မြော်ကိုးအားထား၊ ကျင့်ငြားပါဘိ (ဉာယပ္ပဋိပန္နော)ဟု သံဃဂုဏ်ကို ယုံကြည်သိ။

(၄) နတ်, လူ, ဗြဟ္မာ၊ သတ္တဝါတို့၊ ကြည်သာတင့်အပ်၊ အကျင့်မြတ်ကို၊ ကျင့်တတ်ပါဘိ (သာမီစိပဋိပန္နော)ဟု သံဃဂုဏ်ကို ယုံကြည်သိ။

(၅) အများဆက်ဆံ၊ မြတ်ဒါနံကို၊ လှူခံထိုက်ဘိ (အာဟုနေယျ)ဟု သံဃဂုဏ်ကို ယုံကြည်သိ။

(၆) လွန်စွာဝေးကွာ၊ ရပ်ဒိသာမှ၊ ရောက်လာမိတ္တ၊ဥာတကအား၊ ရည်၍ထားသည့်၊ ထူးခြားပစ္စယံ မြတ်ဒါန်ကို၊ ရှုခံထိုက်ဘိ၊(ပါဟုနေယျ)ဟုသံဃဂုဏ်ကို ယုံကြည်သိ။

(၇) ချမ်းသာပွားရန်၊ စိတ်ရည်သန်လျက်၊ ရှုခံထိုက်ဘိ(ဒက္ခိဏေယျ) ဟုသံဃဂုဏ်ကို ယုံကြည်သိ။

(၈) လက်အုပ်ချီမိုး၊ ရှိခိုးမသွေ၊ ပြုထိုက်ပေဘိ (အဉ္ဇလီကရဏီယျ)ဟု သံဃဂုဏ်ကိုယုံကြည်သိ။

(၉) လူ,နတ်,ဗြဟ္မာ၊သတ္တဝါတို့၊ ကုသလာစမ္မ ကြဲချပေရာ၊မှန်ကန်စွာဘိ (အနုတ္တရံပုညခေတ္တံလောကဿ)ဟု သံဃဂုဏ်ကို ယုံကြည်သိ။

သုပ္ပဋိပန္နအစ ပုညခေတ္တံအဆုံးရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံ၍ သီလဝန် ဂုဏဝန် အသျှင်မွန်, အသျှင်မြတ်၊ ပရမတ်သံဃာ အရိယာနှင့် ကလျာဏ, ဂိုဏ်း - အလှိုင်းများတောင်း - ထေရ်အပေါင်းတို့ကို သံဃာဟူ၍ ခေါ်ဆိုပါသည်။

မဂ်ရောဖိုလ်ပါ၊ အရိယာ၊သံဃာဟူ၍မှတ်။

မေး။ ဘုရား,တရား,သံဃာ,ဤသုံးဖြာကို ဘယ်အတွက်ကြောင့်(ရတနာ) ဟူ၍ခေါ်ဆိုပါသနည်း။

ဖြေ။ ဧဒဝမနုဿာနံ ရတိံဇနေန္တီတိရတနာနိ၊ ဟူသည်နှင့်အညီ နတ်,လူ,ဗြဟ္မာ,တို့၏ နှစ်သက်ခြင်းကိုဖြစ်စေတတ်သောကြောင့်ဘုရားတရားသံဃာဤသုံးဖြာကို(ရတနာ)ဟူ၍ခေါ်ဆိုပါသည်။

လူနတ်အများ၊နှစ်သက်ငြား၊မှတ်သားရဲ့တနာ။

မေး။ ဘုရားအစ ဓမ္မအလယ် သံဃာဝယ်နောက် ဉာဏ်ဖြင့်လှောက်၊ လက်မြှောက် ဝန္ဒနာ။ ဟူသော-သံပေါက်လက်ာကို ဘယ်အကျိုးငှာ မိန့်ဆိုတော်မူပါသနည်း။

ဖြေ။ ရှိခိုးပန်ထွာ၊ ဦးသုံးကြိမ်ချရာဝယ်၊ ပဌမအကြိမ်၌၊ မြတ်စွာဘုရား ဂုဏ်ကို အာရုံပြုကြပါ....၊ ဒုတိယအကြိမ်၌၊ တရားတော်ဂုဏ်ကို အာရုံပြုကြပါ၊ တတိယအကြိမ်၌၊သံဃာတော်ဂုဏ်ကို အာရုံပြုကြပါ။ ရတနာသုံးပါးကိုအာရုံမပြုဘဲ၊ အလွတ်မဲ့ ဦးမချကြစေရန် ရည်သန်၍မိန့်ဆိုတော်မူပါသည်၊

ဘုရားအစ၊ ဓမ္မအလယ်၊ သံဃာ ဝယ်နောက်....။ ဉာဏ်ဖြင့်လှောက်၊လက်မြှောက်ဝန္ဒနာ။

မေး။ ရှိခိုး ကန်တော့ရသောအကျိုး၊ အဘယ်ဆုများကို တောင်းရပါသနည်း။

ဖြေ။ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပ္ပတ္တိတရား လေးပါး၊ ဗျသန တရားငါးပါးတို့မှ လွတ်ရန် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုတောင်းဆိုရပါသည်။

ရှိခိုးပါရ၊မြတ်ပုညာ၊တောင်းကြနိဗ္ဗူတာ။

ဘေးရန်ကင်းကွာ၊ချမ်းသာရေး၊မဂ္ဂါဖိုလ်နိဗ္ဗာ ။

မေး။ အပါယ်လေးပါးဟူသည် ဘယ်ဟာကို ခေါ်ဆိုပါသနည်း။

ဖြေ။ ငရဲ, တိရိစ္ဆာန်, ပြိတ္တာ, အသုရကာယ်၊ ဤလေးသွယ်ကို အပါယ်ဟူ၍ခေါ်ဆိုပါသည်။

ငရဲးတိရိစ်, ပြိတ်, အသုရကာယ်၊ ထိုလေးသွယ်၊
အပါယ်မှတ်လိုက်ကြ။

မေး။ ငရဲဆိုသည်မှာ အဘယ်မျှရှိပါသနည်း။

ဖြေ။ သိဉ္ဇိုဝ်းငရဲ၊ ကာလသုတ်ငရဲ၊သင်္ဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပန္နငရဲ၊ မဟာတာပန္နငရဲ၊အဝီစိငရဲ၊ ဤသို့အားဖြင့်ငရဲကြီး ရှစ်ထပ်ရှိပါသည်။

သိဉ္ဇိုဝ်းကာလ၊သင်္ဃာတ၊မှတ်ကြရောရုဝါ။
မဟာရောရုဝ,တာပန္န၊ဖေါ်ပြကျမ်းအလာ။
မဟာတာပန္န၊နာမမည်ရှိ,အဝီစိ၊မှတ်ဘိငရဲရွာ။

မေး။ ငရဲကြီး ရှစ်ထပ်တို့တွင် တထပ် တထပ်မှာ အရပ်လေးမျက်နှာ ခြံရံလျက်ရှိသော ဥဿဒငရဲငယ်ပေါင်း ဘယ်မျှရှိပါသနည်း။

ဖြေ။ ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ သန်လျက်အရွက်ရှိသော အသိပတ္တ သစ်ပင်တောငရဲ၊ အဆူးရှိသောကြိမ်နွယ်တို့ဖြင့်ပြိုးမြွမ်း၍သံပူရေတို့ဖြင့် ပြည့်သောဝတ္တရဏီမြစ်ငရဲ၊ ဤသို့အားဖြင့် ဥဿဒငရဲငယ်ငါးမျိုးရှိပါသည်။ အရပ်လေးမျက်နှာနှင့်မြှောက်ပွါးလျှင်ငရဲကြီးတထပ်မှာ ဥဿဒငရဲငယ် (၂၀) ရှိပါသည်။ငရဲကြီးရှစ်ထပ်နှင့်မြှောက်ပွါးလျှင်၊ ဥဿဒ ငရဲငယ် (၁၆၀) ရှိပါသည်။

ဘင်,ပြာ,လက်,သံ၊ မြစ်အရံ၊ ငါးတန်ဥသဒါ။

မေး ကပ်သုံးပါးကိုခွဲခြား၍ပြပါ။

ဖြေ။ အစာရေစာငတ်မွတ်ခေါင်းပါး၍သေကြေပျက်စီးရခြင်း ဒုဗ္ဘိက္ခန္တရကပ်။ ဓါးလှံစသော လက်နက်တို့ဖြင့်သေကြေပျက်စီးရခြင်းသတ္ထန္တရကပ်။ အနာရောဂါဆိုးတို့ဖြင့် သေကြေ ပျက်စီးရခြင်း ရောဂန္တရကပ်။ ဤသို့အားဖြင့်ကပ်သုံးပါးဖြစ်ပါသည်။

သတ္ထန္တရ၊ ဒုဗ္ဘိ-ရောဂ၊ သုံးဝကပ်ဟုမှတ်။

မေး။ သူတော်ကောင်း အပေါင်းတို့အလိုမရှိအပ်သောအရပ်ပြစ်ရှစ်ပါးကိုခွဲ ခြား၍ပြပါ။

ဖြေ။ ၁-ငရဲဘုံ။ ၂-တိရစ္ဆာန်။ ၃-ပြိတ္တာ။ ၄-ပစ္စန္တရာဇ်အရပ်။ ၅-အဆွံ့အအ,အပင်း အကန်း အစရှိသောဇစ္စန္ဓပုဂ္ဂိုလ်။ ၆-မိစ္ဆာဒိဋ္ဌိ။ ၇-အသညသတ်။ ၈-အရူပလေးဘုံ။ ဤသို့သောအရပ်သည် ရတနာသုံးပါးအား မခစားမဆည်းကပ်ရသည့် အတွက် အကျွတ်တရားရရာအရပ် မဟုတ်သောကြောင့်၊ရပ်ပြစ် ရှစ်ပါးခေါ်ပါသည်။

ငရဲတိရိစ်,ပြိတ်,ပစ်,ဇစ္စန်၊ဒိဋ္ဌိမှန်၊ သညံ အရူပ၊ ရပ်ရှစ်ဝ။

မေး။ ရန်သူမျိုးငါးပါးကိုခွဲ ခြား၍ပြပါ

ဖြေ။ မင်း'ရေ,မီး,ခိုးသူ,မချစ်မနှစ်သက်သောသူ။ ဤငါးပါးသည် ဖျက်ဆီးနှောင့်ယှက်၊ အသက်စည်း

စိမ်၊ခန္ဓာ အိမ်၏ ဆူးငြောင့် သဖွယ်ဖြစ်သောကြောင့် ရန်သူမျိုးငါးပါးခေါ်ပါသည်။

မင်း,ရေ,မီး,ခိုး,မချစ်နိုး၊ငါးမျိုးရန်သူပ။

မေး။ ဝိပ္ပတ္တိတရားလေးပါးကိုသရုပ်အဓိပ္ပါယ်နှင့် တကွ ခွဲခြား၍ပြပါ။

ဖြေ။ သုံးပါးရတနာ့ပွင့်ထွန်းရာဒွါနဗုဒ္ဓ၊ပွါဒနဝ မခေတ်ကြီး၌မည်းညစ်သောအဂတိလေးပါးသို့မလိုက် စားတရားမစောင်းမင်းကောင်းမင်းမြတ်တို့ စည်းကြပ် အုပ်ချုပ်ရာအခါကာလနှင့် မပြည့်စုံခြင်းဆိုတဲ့ ကာလ ဝိပ္ပတ္တိတရား။သူကောင်း သူမြတ်တို့ လားရာ ကောင်း မြတ်သောဂတိတရားနှင့် မပြည့်စုံခြင်းဆိုတဲ့ ဂတိဝိပ္ပတ္တိ တရား။ကောင်းမြတ်သန့်ရှင်း အပြစ်ကင်းသော ကိုယ် အင်္ဂါအစွာဘောနှင့် မပြည့်စုံခြင်းဆိုတဲ့ ဥပဓိဝိပ္ပတ္တိ တရား အကုသိုလ်ဒုစရိုက်တို့ကို လိုက်စားကျင့်ကြံနေ၍ ကောင်းမြတ်သောကုသိုလ်တရားကိုအားထုတ်ခြင်းနှင့် မပြည့်စုံခြင်းဆိုတဲ့ ပယောဂဝိပ္ပတ္တိတရား။ ဤသို့အား ဖြင့် ဝိပ္ပတ္တိတရားလေးပါးဖြစ်ပါသည်။

ကာလ,ဂတိ,ဥပဓိ,ပယောဂ၊ထိုလေး၀၊မှတ်ကြ ဝိပ္ပတ္တိ။

မေး။ ဗျသနတရား ငါးပါး၏ သရုပ် သဘောကို ပြောပြပါ။

ဖြေ။ (၁)ဉာတိဗျသန၊ဆွေမျိုးတို့၏ပျက်စီးခြင်း (၂)ဘောဂဗျသန၊စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်း။

(၃) ရောဂဗျသန၊ ကိုယ်လက် အင်္ဂါကျန်းမာသန့်ရှင်း အနာရောဂါကင်းခြင်း၏ပျက်စီးခြင်း။ (၄) ဒိဋ္ဌိဗျသန၊ သူတော်ကျင့်သုံး နှလုံးကြည်ဖြူ အယူ၏ ပျက်စီးခြင်း။ (၅) သီလဗျသန၊ မကျိုးမပေါက် စောင့်ရှောက် အပ်သော သီလ၏ ပျက်စီးခြင်း။ ဤသို့အားဖြင့် သတ္တဝါအများတို့ မလိုလားအပ်သော ဗျသနတရား ငါးပါးဖြစ်ပါသည်။

ဉာတိ, ဘောဂ၊ ရောဂနှင့်သာ၊ ဒိဋ္ဌိပါ၊ သီလာငါးဝ၊ ဗျသန။

မေး။ အများသော လူ ထိုထို တို့ တောင်း ဆိုကြသော မင်္ဂတရား၊ မိုလ်တရားသည်၊ ဘယ်လို သတ္တိများရှိကြပါသနည်း။

ဖြေ။ ကိလေသေ မာရေရွှော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ၊ ကိလေသေ၊သတ္တဝါခမင်းတို့ကို ညှဉ်းဆဲ တတ်သော ကိလေသာ ရန်သူအပေါင်းတို့ကို။ မာရေရွှော၊ သတ္တိကို အကုန်လွှတ်ပြီး တချက်တည်း ပယ်သတ်လျက်။ နိဗ္ဗာနံ၊ နောင်တဖန် အဖြစ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် မြိုက်နိဗ္ဗာန်သို့၊ ဂစ္ဆတိ၊ လောကီ ကုသိုလ်တွေလိုမကွေ့ ကောက်ဘဲ တဖြောင့်တည်း၊ တသန်တည်း သွားတတ်၏။ ဣတိတသ္မာ၊ ထိုသို့တဖြောင့်တည်း တသန်တည်း နိဗ္ဗာန်သို့သွားတတ်သောသတ္တိကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏ဟူသော ဋီကာဝစနတ် ပြအပ်သည်နှင့်အညီ ကိလေသာ ရန်သူအပေါင်းတို့ကို ကောင်း ကောင်း ကြီး ပယ်

သတ်၍ ဘေးကင်းရာ နိဗ္ဗာန်ရပ်သို့ပို့တတ်သော သတ္တိ ရှိပါသဖြင့် ထိုနိဗ္ဗာန်ရပ်သို့ခိုကပ်လိုသူ အပေါင်းသည် အားထုတ်အပ်သောအကြောင်းတရားကိုမဂ် ဟူ၍ ခေါ် ဆိုပါသည်။

ဖလတိဝိပစ္စတီတိဖလံ၊ ဖလတိဝိပစ္စတိ၊မဂ်တရားမျိုး တို့၏ အကျိုးအဖြစ်ဖြင့် သီးတတ် ရင့်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့အကျိုး၏အဖြစ်ဖြင့် သီးတတ် ရင့်တတ် သော သတ္တိကြောင့်။ဖလံ၊ ဖိုလ်မည်၏ ဟူသော ဋီကာ ဝစနတ်ပြအပ် သည်နှင့်အညီ မဂ်တရားမျိုးတို့၏ သီး ကင်းရင့်မှည့်တတ်သောအကျိုးတရားကို ဖိုလ်ဟူ၍ခေါ် ဆိုပါသည်။

(မဂ်ဆိုအကြောင်း၊၎င်းနောက်တွင်၊ အကျိုးလျှင်၊ ဖိုလ်ပင်မှတ်ကုန်ကြ)

မေး၊ လူအများတို့နှစ်ခြိုက်ကြတဲ့ မြိုက်နိဗ္ဗာန် ဆို တာသည် အဘယ်တရားကိုခေါ်ဆိုပါသနည်း။

ဖြေ။ နိဗ္ဗာတိ၊ ရာဂဂ္ဂိ အာဒိကော စေတနာတိ နိဗ္ဗာနံ။

စေတနံ၊ ဤအသံတခါတ် - တရားဖြင့်။ စေတနံ၊ အကြောင်းလေးအင်၊မပြုပြင်၊နှိုင်းယှဉ်ပြိုင် ဘက်ရှား။ ဤအသံတခေတ်မြတ်လှသောတရားဖြင့်။ ရာဂဂ္ဂိအာဒိ ကော၊ ရာဂအစရှိသော မီးတဆယ့် တပါးသည်၊ ရာဂဂ္ဂိ အာဒိကော၊မီးစာနာမ်ရုပ်မှတလှုပ်လှုပ် တယှက်ယှက် လောင်လျက်ရှိသော ရာဂအစရှိတဲ့မီးတဆဲ့ တဖြာကို၊

နိဗ္ဗာတိ၊နောင်အဖြစ်သိမ်း၍ ငြိမ်းစေတတ်၏၊ ဣတိ ထသ္မာ၊ထိုသို့ရာဂအစရှိသောမီးတဆဲ့ တပါးအပေါင်း အေးကြောင်းဖြစ်သော သဘ္ဘိကြောင့်၊ ငြိမ်းအေးစေ တတ်သောသဘ္ဘိကြောင့်၊နိဗ္ဗာနံ၊နိဗ္ဗာန်မည်၏၊ နိဗ္ဗာနံ၊ အဖြစ်ခပ်သိမ်းအကုန်ငြိမ်း၍ ဇာတ်သိမ်းရာမှန်၊ မြိုက် နိဗ္ဗာန်မည်ပေ၏။ ရာဂအစရှိသောမီးတဆဲ့ တပါးတို့ ၏လောင်စားရာဖြစ်တဲ့၊ရုပ်နာမ်,နှစ်ပါးချုပ်ပျောက် သွား၍၊ နောင်အဖြစ် သိမ်းပြီး အငြိမ်းကြီး ငြိမ်းစေ တတ်၊မြတ်သောအသန်တ,တရားကို နိဗ္ဗာန်ဟု ခေါ်ဆို ပါသည်။

ရုပ်,နာမ်နှစ်ဖြာ၊ငြိမ်းရာ၊မှတ်ပါနိဗ္ဗာန။
ဤတွင်မှတ်စမ်း၊ကန်တော့ခန်းပြီး၏။

မေး။ ငါးပါးသီလ၏ သရုပ်အဓိပ္ပါယ်ကို။သိသင့် သလောက် သိရပါပြီ။ငါးပါးသီလကိုမစောင့်ရှောက် ကျိုးပေါက်ပြောက်ကြားကြူးလွန်ငြားက၊ ခံစားရမဲ့ အပြစ်များကို ခွဲခြားပြီး သိလိုပါတယ်။

ခွဲခြားပြီး သိလိုပါ၍၊ ပါဏာ တိပါတ သူတပါး အသက် သတ်ဖြတ်တဲ့ မကောင်းမှုကံကြောင့် ဘယ်လို အပြစ်များကို ခံစားရပါသနည်း။

ဖြေ။ ပဉ္စဇာတိ သတံပေတော၊
မုဏ္ဍနာဂါမိဂါဂရု၊
မဟိံသာစ သိင်္ဂါလာစ၊
ပါဏာတိ ပါတဿ ဒေါသကာ။

ဘိက္ခဝေ၊ သံသရာရေးအပါယ်ဘေးကို မြော်တွေး ကြောက်ညောင်း သူတော်ကောင်းတို့၊ ပါဏာတိပါ တဿ၊ သူ၏ အသက်ကို သတ်ခြင်း၏။ ဒေါသကာ၊ ပြု လုပ်သူများခံစားရာအစစ် အမှန်ဖြစ်တဲ့ အပြစ်တို့သည် ကား။ ပေတောစ၊ ပြိတ္တာအဖြစ်သည်လည်း၊ ပဥ္စဇာတိ သတံ၊ အဖန်ငါးရာ။ မစ္ဆာစ၊ ရေ၌ပျော်ပါး ငါးအ ဖြစ်သည်လည်း။ ပဥ္စဇာတိသတံ၊ အဖန်ငါးရာ။ နာဂါ စ၊ နဂါးအဖြစ်တို့သည်လည်း။ ပဥ္စဇာတိသတံ၊ အဖန် ငါးရာ။ မိဂါစ၊ သမင် အဖြစ်တို့သည်လည်း။ ပဥ္စဇာတိ သတံ၊ အဖန်ငါးရာ။ ဂရုစ၊ ဆိတ်အဖြစ်သည် လည်း။ ပဥ္စဇာတိသတံ၊ အဖန်ငါးရာ။ မဟိံသာစ၊ ကျွဲအဖြစ် တို့သည်လည်း။ ပဥ္စဇာတိသတံ၊ အဖန်ငါးရာ။ သိင်္ဂါ လာစ၊ မြေခွေးအဖြစ်တို့သည်လည်း။ ပဥ္စဇာတိသတံ၊ အဖန်ငါးရာ။ ဇာယန္တိ၊ မုချမသွေ ဖြစ်ရပေကုန်၏။

မေး။ အဒိန္နာဒါန၊ သူတပါးဥစ္စာ၊ ခိုးယူတဲ့အကု သလကြောင့်။ ဘယ်လို အပြစ် များကို ခံစားရပါသ နည်း။

ဖြေ။ ဒလိဒ္ဒေါ ကပ္ပနာ စေဝ၊
ဝိရူပေါ ဗဟုပ္ပဒ္ဒဝေါ၊
နိစ္စ,ကုလေသု ဇာယန္တိ၊
အဒိန္နာဒါနဿ ဒေါသကာ။ ။

ဘိက္ခဝေ၊ သံသရာရေး၊ အပါယ် ဘေးကို၊ မြော် တွေးကြောက်ညောင်း၊ သူတော်ကောင်းအပေါင်းတို့၊

အဒိန္နာဒါနသ၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်း၏။ ဒေါသကာ၊ ပြုလုပ်သူများ ခံစားရာအစစ် အမှန်ဖြစ်တဲ့ အပြစ်တို့ သည်ကား။ ဒလိဒ္ဒေါ ကပ္ပနာ ကော၊ တယောက်ထည်းထည်း ဆင်းရဲကြီးစွာ ဖြစ်လေရာ၏၊ဝိရူပေါစ၊ အများသတ္တဝါ မျက်နှာမြင်လျှင် ချစ်ခင်စိတ်ကင်း၊ ဒေါ သ သွင်း အောင် အ ဆင်း ကို ဆောင်ခြင်းသည်ငှင်း။ ဗဟုပ္ပဒ္ဒဝေါစ၊ များစွာသော ဘေးဥပဒ္ဒဝေါတို့နှင့် အမျိုးမျိုးအဖုံဖုံ တွေ့ဆုံရခြင်း သည်ငှင်း၊ နိစကုလေသုစ၊ ဂုဏ်နံ့ညှိုးပုတ် တန်ခိုး နုတ်တဲ့ ယုတ်မာသော အမျိုးတို့၌ငှင်း။ဇာယန္တိ၊ မုချ မသွေ ဖြစ်ရပေကုန်၏။

မေး။ ကာမေသု မိစ္ဆာစာရ၊ သူတပါး၏ သားမယားပြစ်မှားခြင်း၊မကောင်းမှုကံကြောင့်ခံစားရမဲ့ အပြစ် များကို နောင်အဟုတ် သတိရအောင် ယုတ္တိ ဆောင်ကာ ရှင်းလင်း၍ပြပါ။

ဖြေ။ ပဉ္စဇာတိသတံ ဣတ္ထိ၊
နပုံသကံ တထေဝစ၊
ဇိဂုစ္ဆာပန ကုဋ္ဌာစ၊
ပရဒါရိသ ဒေါသကာ။ ။

ပရဒါရိသ၊ သူတပါးသားမယား ပြစ်မှားကြူးလွန်ခြင်း၏၊ ဒေါသကာ၊ အပြစ်တို့သည်ကား။ ဒေါသကာ၊ ပြုလုပ်သူများ ခံစားရာအစစ် အမှန်ဖြစ်တဲ့ အပြစ်တို့သည်ကား။ ဣတ္ထိစ၊မိန်းမ အဖြစ် သည်လည်း။

ဍုဋ္ဌိစ၊ သတင်းကျေညာ၊ လွန်စွာသျှိုးပုတ်၊အမျိုးနုတ်
၍၊ယုတ်နိမ့်ဘ၀၊ မိန်းမအဖြစ်သည်လည်း။ ပဋ္ဌဇာတိ
သတံ၊ အဖန်ငါးရာ။ တထေဝစ၊ ထိုအတူ သာလျှင်။
နပုံသကဋ္ဌ၊နပုံးအဖြစ်သည်လည်း။ပဋ္ဌဇာတိသတံ၊ အ
ဖန်ငါးရာ။ ဇိဂုစ္ဆာပနကုဋ္ဌာစ၊ စက်ဆုပ်ရွံရှာ လူရာ
မဝင်ကိုယ်တွင်အက်ကွဲ အနူ’အဝဲ’အဖြစ် သည်လည်း။
ပဋ္ဌဇာတိသတံ၊အဖန်ငါးရာ။ဇာယန္တိ၊မုချမသွေဖြစ်
ရလေကုန်၏။

မေး။ မုသာဝါဒ၊ မဟုတ် မတရား လိမ်လည်ဝါ
ကြွား မုသားပြောဆိုမှုကြောင့်၊ဘယ်လို အပြစ်မျိုးကို
ခံစားရပါသနည်း။

ဖြေ။ ပုတိဂန္ဓော မုခါဝါယတိ၊
ယောဇနသတပရိမဏ္ဍလံ၊
ဓမ္မဒ္ဓေဝ,နဇာနာတိ၊
မုသာဝါဒဿ ဒေါသကာ။

မုသာဝါဒဿ၊မဟုတ်မတရား မုသားပြောဆိုမှု အ
ချစ် တုံးအောင် ဂုံးတိုက်မှု အကြမ်း အတမ်း ဆဲရေး
တိုင်းထွာမှုအပြိန်အဖျင်းစကား ပြောဆိုခြင်းများ၏။
ဒေါသကာ၊ပြောဆိုသူများခံစားရာအစစ်အမှန်ဖြစ်တဲ့
အပြစ်တို့သည်ကား။မုခါ၊ခံတွင်းမှ။ပုတိဂန္ဓော၊မသတီ
စရာ၊ရွံရှာစက်ဆုပ်၊ပုတ်သောအနံ့သည်။ယောဇနသ
တပရိမဏ္ဍလံ၊ ယူဇနာတရာအတွင်း၌။ ဝါယတိ၊ လှိုင်
ပျံ့လေ၏။ဓမ္မဒ္ဓေဝ၊ သူတော်တရား လိုက်စားကျင့်ကြံ

တရားမှန်တရားမြတ်ကိုလည်း။ နဇာနာတိ၊ ကာလသုံး
တန်ဖြစ်ပျက်ဟန်ကိုဉာဏ်မှာမသိမရိပ်မိ၍ သေချာတိ
တိမသိတတ်။ တော်၊ ဤသို့ဖြစ်ရခြင်းသည်။ မုသာဝါ
ဒဿ၊မဟုတ်မမှန်ပြောဆိုခြင်း၏။ဒေါသကာ အပြစ်
တို့ပေတည်း။

မေး။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဘိန်း ဘင်း,
ကဇော်,လှော်စာ,အရက်၊သောက်စားမူးယစ်တဲ့ အ
တွက်ကြောင့်ရောက်ရခံစားရမဲ့အပြစ်များကို ခွဲခြား၍
ပြပါ။

ဖြေ။ ပဉ္စဇာတိသတံ၊ ယက္ခော၊
ပဉ္စဇာတိသတံ သုဏော၊
ဥမ္မတ္တကာ အနန္တာစ၊
သုရာပါနဿ ဒေါသကာ။

သုရာပါနဿ၊ သေရည် အရက်,ဘိန်း ဘင်းဆေး
ခြောက် တထောက် မာဖီးရား ဆိုးဝါး ယစ်မူးစေတတ်
သောယစ်မျိုးအစားစား၊ သောက်စားပြုလုပ်ခြင်း၏။
ဒေါသကာ၊ အပြစ်တို့သည်ကား။ ဒေါသကာ၊ ပြုလုပ်
သောက်စား ထိုသူများတို့ ရောက်ငြားမချို၊ အပြစ်တို့
သည်ကား။ယက္ခောစ၊မျက်ထားစောင်းမာန်ပြင်းထန်
ဟူးဟူးအစားကြူးတဲ့ဘီလူးအဖြစ်သည်လည်း။ပဉ္စဇာ
တိသတံ၊ အဖန် ငါးရာ။ သုဏောစ၊ ခွေး အဖြစ်သည်
လည်း။ပဉ္စဇာတိသတံ၊အဖန်ငါးရာ။ဇာယန္တိ၊စင်စစ်
မသွေ ဖြစ်ရပေကုန်၏။ ဥမ္မတ္တကာစ၊ စိတ်ကောင်းမ

ကျူး အများထက်ထူး၍ အရှုံးဟူသမျှဖြစ်ရခြင်းတို့သည်လည်း။အနန္တာ၊အတိုင်းမသိ ဖြစ်လေကုန်၏။ ထော်၊ ၍ သို့ဖြစ်ရခြင်းသည်၊သုရာပါနသ၊သေအရက်စသည်များကို သောက် စား ခြင်း ၏။ ဒေါသကာ၊ အပြစ်တို့ပေတည်း။

မေး။ အပါယဂတိ အစရှိတဲ့ ဒုဂ္ဂတိ ဘဝ များသို့ လား၍ရောက်ရ,ဖြစ်ရမှာကို အင်မတန်မှ ကြောက်ရွံ့ကြကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့သည်။ ပဥ္စအင်္ဂါဂုဏ်ဝါကြီးမား၍ငါးပါးသီလ သုစရိုက် တရားတို့ကို အဘယ်သို့တိုင်အောင် စောင့်ရှောက်ချစ်ခင်ကြပါသနည်း။

ဖြေ။ ဘဝန္တရေပိအဝိဇဟိတဗ္ဗတော။

ဘဝန္တရေပိ၊ဘဝအဆုံးဖြစ်သော နိဗ္ဗာန်သို့ရောက်လည်း။နိဗ္ဗာန်သို့ရောက်သည့်တိုင်အောင်။ အဝိဇဟိတဗ္ဗတော၊ မစွန့်ပစ်နိုင်အောင်စောင့်ရှောက် ချစ်ခင်ကြပါသည်။

ဒိဃနိကာယ်အဋ္ဌကထာနှင့်အညီ အရိယာသူတော်ကောင်းတို့သည်။နိဗ္ဗာန်သို့တိုင်အောင် ဘယ်ဘဝမှာမှ မစွန့်ပစ်နိုင်အောင်ချစ်ခင်နှစ်သက်ကြပါသည်။

မေး။ ထိုအရိယာ သူတော်ကောင်းတို့သည်။ အဘယ်မျှလောက်ချစ်ခင်နှစ်သက်ကြပါသနည်း။

ဖြေ။ ယင်ကောင်ကလေးတကောင်ကိုသတ်လျှင်သင်သည်စကြာမင်းဖြစ်မည်ဟုတစုံတယောက်သောသူ

ကဆိုငြားအံ့။ ယင်ကိုလည်းမသတ် စကြာမင်းကြီးစည်းစိမ်ကိုလည်းမယူလေရကား။ ထိုအရိယာတို့သည်။ ငါးပါးသီလကို စကြာမင်းကြီးစည်းစိမ်ထက်။ ပိုမိုချစ်ခင်သည်ဟု။ ဂူဠသီလအဋ္ဌကထာ ဆရာများကမိန့်ဆိုကြပါသည်။

မေး။ ထိုအရိယာအပေါင်းသူတော်ကောင်းတို့သည်၊ ငါးပါးသီလကို အလွန်ဆုံးအားဖြင့် အဘယ်မျှလောက်ချစ်ခင်နှစ်သက်ကြပါသနည်း။

ဖြေ။ ထို အရိယာ အပေါင်း သူတော်ကောင်းတို့သည်။ မိမိသဘောအတိုင်း ငါးပါးသီလကို မကြူးလွန်တဲ့အပြင်။ အာဏာရသူတစုတယောက်က သူ့အသက်သတ်ရမည်မသတ်လျှင်သင့်ကိုသတ်မည်။ သူ့ဥစ္စာကိုခိုးရမည်မခိုးလျှင်သင့်ကိုသတ်မည်။ သူ့မယားကိုပြစ်မှားရမည်၊ မပြစ်မှားလျှင် သင့်ကိုသတ်မည်။ မုသားပြောရမည်၊ မပြောလျှင်သင့်ကိုသတ်မည်။ သေအရက်သောက်ရမည်။ မသောက်လျှင်သင့်ကို သတ်မည်ဟုခြိမ်းချောက်ခိုင်းစေငြားသော်လဲ အသက်ကို အသေခံကြကုန်မည်။ ထိုငါးပါးသီလကို မကြူးလွန်ရအောင် အသက်ထက်ချစ်ခင်ကြပါသည်ဟု သီလက္ခန် အဋ္ဌကထာ ဆရာများကမိန့်ဆိုကြပါသည်။

ဤတွင်မှတ်စမ်း၊ ငါးပါးသီလခွဲခဏ်းပြီး၏

မေး။ ငါးပါး သီလ၏ အရောင်တင် အမွှန်းတင် ဖြစ်တဲ့ရှစ်ပါးသီလအဓိပ္ပါယ်သရုပ်ကိုသံခိပ်လင်္ကာဖြင့် ဖေါ်ထုတ်၍ပြပါ။

ဖြေ။ ပါဏာတိပတ်။ သူ့သက်သတ်၊ ခိုးလတ် အဒိန္နာ။

မေထုန်ဓမ္မ၊ အဗြဟ္မ၊ ခေါ်ကြစရိယာ။
မုသာဝါဒ၊ မိပ္ပါယ်ပြ၊ ခေါ်ကြလိမ်လည်တာ။
သုရာမေရယ၊ ဘိန်းဘင်းစ၊ သောက်ထသေရက်ပါ။
နေ့လွဲညစာ၊ ဝိကာလာ၊ စားရာဘောဇနာ။
နစ်,ဂီ,ဝါ,ဝိ၊ ဒသ်အရှိ၊ မှတ်ဘိ၍သို့သာ။
က, သီ, တီး, မှုတ်, ထိုအလုပ်၌ နှစ်ခြိုက် နားထောင် မရှောင်ကြည့်ရှု ပြုလုပ်မှုကို မိပ္ပါယ်ဆို ....လူမိုလ် သိဘို့ရာ။
မာ,ဂန်,ဝိ,ဓါ,မဏ်-ဝိမှာ၊ မှတ်ပါ၍သို့သာ။
ပန်းနှင့်နံ့သာ၊ တဖြာထပ်လောင်း၊ နံ့သာပြောင်းကို။
ခေါင်းဝယ်ပန်ဆင်၊ ကိုယ်တွင်းလိမ်းကျန်၊ ထပ်မံပြေပြစ်၊ ပြုတံလစ်၊ စင်စစ်ထိုသိက္ခာ။
ဥစ္စာသယန၊ ပုဒ်အရမှာ၊ တတောင့်ထွာထက်၊ သာလျက် မြင့်ငြားခုတင်များ၊ ထင်ရှားမနေရာ။
မဟာသယန၊ ပုဒ်အရမှာ၊ လဲမွေ့ရာထက်၊ လျောင်း အိပ်စက်ကျင့်ပျက်မပြုရာ။

ဤတွင်မှတ်စမ်း-ရှစ်ပါးသီလခွဲခဏ်းပြီး၏။

မေး။ ။(ဘာသာမမွ၊ လေ့အထ၊ နေ့ညအားထုတ်ပါ)ဟူသော လင်္ကာသံပေါက်ကိုဘယ်အကျိုးငှာ မိန့်ဆိုတော်မူပါသနည်း။

ဖြေ။ ဆယ်ထွေပါရမီ၊ သုံးလီစာဂ၊ ငါးဝစ္စနှင့်ခြင်း အကြောင်းရင်းကြောင့်၊လူမင်း, နတ်မင်းတို့ ထက်၊ဆထက်ကျူးလွန် ထူးချွန်မြင့်မြတ်တော်မူသောဂေါတမမြတ်စွာဘုရားသည်၊ အများသော ဝေနေယျ တို့အား လေးပါးသော အပါယ်ဘေးမှ ကင်းဝေး ပပျောက်၍ နိဗ္ဗာန်သို့ရောက် ကြစေရန် မှန်ကန်သော သုစရိုက်ကုသိုလ်တရား။မမှန်ကန်သော ဒုစရိုက် အကုသိုလ်တရား ထိုနှစ်ပါးကို ခွဲခြား၍ ဟောကြားတော်မူပါသည်။

ဘုရားကိုကြည်ညို၍ ဘုရားစကားတော်ကို လိုက်နာသော ပုဂ္ဂိုလ်သည်၊ အကုသိုလ် ဖြစ်သော အလေ့အကျင့် အမူအရာကိုပယ်ခွါပြီး၊ ကုသိုလ်ဖြစ်သောအလေ့အကျင့် အမူအရာတို့ကိုသာ၊ နေ့ရော ညဥ့်ပါ ဘယ်ခါမလပ် မပြတ်ကြိုးစား အားထုတ် ပြုလုပ်ကြပါ။ သို့မှသာ ဘုရားကို ကြည်ညိုရာ ဘုရားစကားကို နားထောင်ရာကျ၍ ဗုဒ္ဓဘာသာ အစစ် ဖြစ်ပါတယ်,ဟု နှိုးဆော်တိုက်တွန်း လိုပါ၍၊ နှိုးဆော် တိုက်တွန်း လိုပါသောကြောင့် (ဘာသာဝမ္မ၊ လေ့အထ၊ နေ့ညအားထုတ်ပါ) ဟူ၍ မိန့်ဆိုတော်မူပါသည်။

မေး။ ကိုယ်ကျင့်တရား၊ မသိပြား၊ ထင်ရှားရှက်ဖွယ်ရာ- ဟူသော လက်ာသံပေါက်ကို ဘယ်အကျိုးငှာ မိန့်ဆိုတော်မူပါသနည်း။

ဖြေ။ ရှေးကုသိုလ်ပုညာဘိကြောင့်၊ ကြိုလာသည့် မနုဿဘုံဝယ်၊ လူရယ်လို့ဖြစ်လာက လူတို့၏ကျင့်ဝတ်တရား၊ မသိပြားလျှင် အမှန်ပင် ရှက်ဘွယ်ကောင်းလှပါတယ်။ ကိုယ်ကျင့် တရား ကို သိ သင့် သ လောက် သိအောင် အားထုတ် ကြိုးစာ းကြပါ,ဟု နှိုး ဆော် တိုက်တွန်းလိုပါ၍၊ နှိုးဆော်တိုက်တွန်း လိုပါသောကြောင့် (ကိုယ်ကျင့်တရား၊ မရှိပြား၊ ထင်ရှားရှက်ဘွယ်ရာ) ဟူ၍ မိန့်ဆိုတော်မူပါသည်။

မေး။ ရှေးကုသိုလ် ကံအဟုန်ကြောင့် လူ့ဘုံတွင် ဝင်လာရောက်က၊ အဘယ်မျှလောက် သိမြင်မှ လူစင်စစ်ဖြစ်ပါသနည်း။

ဖြေ။ အတ္ထာနတ္ထံ မနတိဇာနာ တီတိ မနုဿော။ အတ္ထာနတ္ထံ၊ လောကသံသရာ၊ နှစ်ဖြာ ဆိုးကောင်း ကျိုးကြောင်းဟုတ်သည် မဟုတ်သည်ကို။ မနတိဇာနာတိ၊ ဝေဘန်ပိုင်းဖြတ်၊ သိမြင်တတ်လေ၏။ မနတိဇာနာတိ၊ ကာလသုံးတန် ဖြစ်ပျက်ဟန်ကို၊ ကေန်ဇီတိ ဉာဏ်မှာမိ၍ သိတတ်၏၊ ဣတိတသ္မာ၊ ထိုသို့သိတတ် အကြောင်း ရပ်ကြောင့်။ မနုဿော၊ မနုဿမည်၏။ မနုဿော၊ ကျိုးကြောင်း နှစ်တန်၊ ဖြစ်ပျက်ဟန်ကို၊

ဧကန်သိပြား၊ သတ္တိအားကြောင့်၊ ထင်ရှားမသွေလူ မည်ပေ၏။

လောကသံသရာ နှစ်ဖြာသော အကျိုးအကြောင်း တို့ကိုဆိုးအကောင်းရွေးချယ်ပြီးရုပ်နှင့်,နာမ်, ကိုတ ကယ်သိမြင်တတ်မှ တရားဝင်၍ လူစင်စစ်ဖြစ်ပါသည်။

ထို့ကြောင့်လူ့ရွာ၊ လူဖြစ်လာ၊ လူရာရောက်ကြပါ။ ဩကာသက၊ စ၍စဉ်လာ၊ ရှစ်ဖြာသီလ၊ ဓိပ္ပါယ်ပြ၊ ဤမျှနိဋ္ဌိတာ။

ဤတွင်မှတ်စမ်း ဘာသာ စစ်တမ်းပြီး၏။

မေး။ ထွေထွေစကား၊ ပြောပါများ၊ အမှားပါ သည်မှတ်၊ ပါသည့်အမှား၊ ထိုစကား၊ ပျက်ပြားသည် ဟုမှတ်၊ ဟူသော လင်္ကာ နှစ်ပုဒ်ကို ဘယ်အကျိုးငှာ မိန့်ဆိုတော်မူပါသနည်း။

ဖြေ။ ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဟောအပ် သော တရားတို့ကို မပြောကြားဘဲ ကြည်ဖယ်၍၊ မစင် ကြယ်တဲ့ သဘောထားနှင့်အခွင့်မပြော် မသင့်တော်ဘဲ မလျော်သော အမိုက်စကားတို့ကို အထွေထွေ ပြော ကြား၍နေကြက၊ ကုသိုလ် သုစရိုက်တရားတွေ ပျက် ပြားပြီး အမှားကြီးမှားကာ၊ အပါယ်လေးပါး အစာ ဖြစ်တတ်ပါတယ်,ဟု ပြောဆိုတော်မူလို၍....

ထွေထွေစကားပြောပါများ၊အမှားပါသည်မှတ်။
ပါသည့်အမှား၊ ထိုစကား၊ ပျက်ပြားသည်ဟုမှတ်၊
ဟူ၍မိန့်ဆိုတော်မူပါသည်။

မေး။ မသင့်မတော် မလျော်သော သဘောထားနှင့် အသိပါးကာ မိုက်မှား၍ ပြောကြားမိတဲ့ဒုစရိုက်တရားကို ဘယ်လိုများ အာပတ်ဖြေက မြတ်စွာ ဘုရားကြိုက်သော သုစရိုက်တရားများ ဖြစ်ပါသနည်း။

ဖြေ။ အထွေထွေစကားကို မိုက်မှားပြောမိတဲ့အတွက်၊မြတ်စွာဘုရား နှစ်သက်သော သုစရိုက်တရားသည် ပျက်ပြားရသကဲ့သို့၊ ငါ့ခန္ဓာ အကောင်ပုပ်ဟာ မျက်တောင် တခါလှုပ်မျှ အသက်မရှည်ဘဲ ၊အမြဲ ပျက်ပြားနေတဲ့ အနိစ္စသဘောတရား တွေပါကလားဟု မနောက ထားပါက ပြောကြားသော ဒုစရိုက် တရားသည်၊ မြတ်စွာဘုရား နှစ်ခြိုက်တဲ့ သုစရိုက်တရားဖြစ်ပါသည်။

ထွေထွေစကား၊ပြောပါများ။အမှားပါသည်မှတ်။
ပါသည့်အမှား၊ ထိုစကား၊ပျက်ပြားသည်ဟုမှတ်။
ထိုသည့်ပမာ၊ ကိုယ်ခန္ဓာ၊ ပျက်မှာအမြဲမှတ်။
ဤသို့ပြကာ၊ ဒု,ဝါ,စာ ၊သု,သာဖြစ်သည်မှတ်။

### ဤတွင်အပြီး လူအာပတ်ဖြေနည်း။

မေး။ အပါယဂတိ အစရှိသော ဒုဂ္ဂတိဘဝများသို့လားရမှာ ရောက်ရမှာကို အင်မတန်ကြောက်ရွံ့ကြကုန်သော အရိယာ သူတော်ကောင်းတို့သည်၊အဘယ်တရားများကို လက်ကိုင်ထားကြပါသနည်း။

ဖြေ။ ဘုရား, တရား, သံဃာ, သုံးဖြာသော သရဏဂုံ၌ နှစ်ခြိုက် သက်ဝင် ဆင်ခြင်နှီးနှော သဘောသိ၍၊ မိမိရရ စိတ်ကကိုးစားလျက်၊ အားထားယုံကြည်ခြင်း၊ ပဥ္စအင်္ဂါ ဂုဏ်ဝါကြီးမား ငါးပါးသီလနှင့်ပြည့်စုံခြင်း၊ ဤတရားများကို လက်ကိုင် ထားကြ ပါသည်ဟု၊ နေတ္တိပါဠိတော်များမှာ ဟောတော် မူပါသဖြင့်၊ အပါယ်လေးပါးသို့ ရောက်ရမှာ ကြောက်ရွံ့ကြသူတို့သည် သူတော်ကောင်း၊ တရားတို့ကို လိုက်စားကြပါ၊ မဟုတ်မမှန်သည့်ကို မကြံစည်ကြပါနှင့်၊ ရတနာ သုံးပါးကို မပြစ်မှားကြပါနှင့်ဟုပြောဆိုလိုပါသည်။

သူတော်တရား၊ မလိုက်စား၊ ရောက်ငြား အပါယ်ကြောက်။

မ ဟုတ် မမှန်၊ စိတ် က ကြံ၊ ရောက် ရန် အ ပါယ်ကြောက်။

ရတနာသုံးတန်၊ ပြစ်မှားပြန်၊ ရောက်ရန်အပါယ်ကြောက်။

ဤတွင်မှတ်စမ်း-အပါယ်တံခါး ပိတ်ခဏ်းပြီး၏။

မေး။ လှူဒါန်းခြင်းအမှု- ပြုသည့်ကာလ၊ ဒါန' သီလ' ဘာဝနာ' သုံးဖြာစုံလင်၊ နှလုံးတွင် ယွင်းမမှား၊ သွင်းထားရန်အချက်များကိုခွဲပြားအောင်ပြပါ။

ဖြေ။ လှူဒါန်း ခြင်းသည် ဒါန ဖြစ်ပါသည်၊ ၎င်းဒါနသည် ဘိုး' ဘေး' ဘီ' ဘင်' ကဆင်းသက်၍ လေ့ကျင့် အားထုတ်ကြရသောအလုပ်တရားများ ဖြစ်သည့်

အတွက်၊ မပျောက်မပျက် ရအောင်စောင့်ရှောက် ခြင်းသည် သီလ ဖြစ်ပါသည်၊ ၎င်းလှူဒါန်း သော ဒါနဝတ္ထုတရားကုန်ခန်းပျက်ပြားရဘိသကဲ့သို့၊ ငါ၏ခန္ဓာကိုယ်လည်း၊ အတည်အမြဲ မရှိကွဲ ပျက်ပြား တတ်သောခယ'တရား၊ ဝယ'တရား၊ အနတ္တ တရားပါကလားဟု စိတ်ကရည်၍ လက္ခဏာယာဥ်တင်ခြင်းသည်ဘာဝနာ ဖြစ်ပါသည်။

အလှူဒါန၊ မိဘ''ဘိုး''ဘွား၊ လေ့ကျင့်များ,ဟု မှတ်သားသီလ၊ကုန်ပျက်ရမည်၊ စိတ်ကရည်ကာ ဘာဝနာတည့်၊မှတ်ပါငါတို့နေ့ဝင်ကျိုးတည်း။

မေး။ ဒါန'သီလ'ဘာဝနာတို့၏ အကျိုးတရားများကို သံခိပ်လင်္ကာ သမားများက ကွဲပြားအောင် ခွဲခြား၍ပြပါ။

ဖြေ။ ဒါရိဒြကြ၊နာဆန်ဒါနံ၊
ဆီလံ ဒုရ ဂတိ နာဆနံ၊
အဥာဏ နာဆနီပြညာ၊
ဘာဝနာ ဘယနာဆနီ။ ။

ဒါနံ၊ နည်းများယုတ်မြတ်၊အမှတ်မထား၊ သဒ္ဓါပွားလျက်၊ တတ်အား သလောက် ချီး မြှောက် ပေးကမ်း လှူဒါန်းခြင်း တည်းဟူသော ဒါန တရားသည်။ ဒါရိဒြကြနာဆနံ၊ဝဋ္ဋသမုဒ္ဒရာ သံသရာဝယ်၊ ဥစ္စာဓနဘာမျှမရှိ၊ မချိနွမ်းမွဲ ဆင်းရဲသူ ဆင်းရဲ သား တို့ ၏ အဖြစ်ကိုစင်စစ်အားဖြင့် ပယ်ရှားဖျက်ဆီးတတ်ပေ၏။

ဆီလံ၊ ပဉ္စ’ အဋ္ဌ’ ဒသင်္ဂက၊ စသည်ကျင့်ရိုး၊ အမျိုးမျိုးသော သီလသည်။ ဒုရဂတိနာဆန်း၊ ငရဲတိရိစ်’ ပြိတ်’ အသုရာ၊ ပါယ်လေးရွာသို့ မှန်စွာမဖေါက် ကျရောက်တတ်သောအဖြစ်ကို စင်စစ်အားဖြင့်ပယ်ရှား ဖျက်ဆီးတတ်ပေ၏၊ ပြညာ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းသိအောင် တတ်သိလိမ္မာ ဉာဏ်ပညာသည်၊ အ’ညာဏနာဆနီ၊ ဟုတ်တိုင်းတိတိ မမြင်ဘိအောင်၊ မုံးမိုက်ကွယ်ကာ၊ အဝိဇ္ဇာတရားယုတ်ကို ပယ်နုတ်သောအား ဖယ်ရှားဖျက်ဆီးတတ်လေ၏။ ဘာဝနာ၊ သမထဝိပဿ်၊ နှစ်ရပ်နှစ်စုံ၊ နှစ်အာရုံထဲ၊ စိတ်ကိုစွဲအောင် နိုင်မြဲစွာ ထားရသော ဘာဝနာတရားသည်။ ဘယနာဆနီ၊ ဇာတိဇရာ အစဖြာသည့် များစွာ သောင်းသောင်းဘေးအပေါင်းတို့ကို ကောင်းကောင်းစွန့်သွား ဖယ်ရှား ဖျက်ဆီးတတ်လေသတည်း။

(ပါရမီဆယ်ပါး)

မေး။ ဖြည့်ကျင့်ဆည်းပူးရသော ပါရမီ ဆယ်ပါးကိုခွဲခြား၍ပြပါ။

ဖြေ။ (၁) ဒါနပါရမီ၊ ရေပြည့်အိုးကိုမှောက်၍သွန်သကဲ့သို့ အယုတ်–အလတ်–အမြတ်–မရွေး အကြွင်းမဲ့ပေးလှူခြင်း။

(၂) သီလပါရမီ၊ စာမရီ သားသည် အမြီးကိုစောင့်သကဲ့သို့အသက်ကိုစွန့်၍ သီလကိုစောင့်ခြင်း။

(၃) နိက္ခမပါရမီ၊ ထောင်သားသည် ကြာမြင့်စွာ နေရ၍ ဆင်းရဲသဖြင့် ထွက်ရန် အခွင့်ကို ရှာသကဲ့သို့ ဘဝသုံးပါးကို ထောင်အိမ်မှတ်လျက်၊ ထွက်ရန်ကိုရှော့ ရှုခြင်း။

(၄) ပညာပါရမီ၊ ဆွမ်းခံရဟန်းသည် မျှ, တအောင် အယုတ်အလတ် အမြတ်မရွေး ဆွမ်းခံသကဲ့သို့ ပညာရှိထံနည်းနာခံရန်ပညာကိုစုံစမ်းမေးမြန်းခြင်း။

(၅) ဝီရိယပါရမီ၊ ခြင်္သေ့မင်းသည် မဆုတ်မနစ် သောလုလ္လရှိသကဲ့သို့ မဆုတ်မနစ်လုလ္လရှိခြင်း။

(၆) ခန္တီပါရမီ၊ မြေကြီးသည် အကောင်းအဆိုး နှစ်မျိုးကို သည်းခံသကဲ့သို့၊ မထေမဲ့မြင် ပြုသူ, မပြုသူ နှစ်ပါးကို မုန်းခြင်း-ချစ်ခြင်းမရှိသည်းခံခြင်း။

(၇) သစ္စာပါရမီ၊ သောက်ရှူးကြယ်သည်၊ သွားမြဲလမ်းအတိုင်း မဖယ်မလွှဲ အမြဲသွားသကဲ့သို့၊ စကားနှစ်ခွမဆိုဘဲ လမ်းမှန်အတိုင်း ပြောဆိုခြင်း။

(၈) အဓိဋ္ဌာန်ပါရမီ၊ ကျောက်တောင်သည်၊ လေ တိုက်၍ မတုန်မလှုပ်, မလွင့်ပါးသကဲ့သို့၊ ဤအမှုကို ပြုတော့မည်ဟုစိတ်ဆုံးဖြတ်သည့်အတိုင်းမပြောင်းမရွှေ့ စိတ်ကိုဆောက်တည်၍ထားနိုင်ခြင်း၊

(၉) မေတ္တာပါရမီ၊ ရေသည် အယုတ် - အလတ် အမြတ်မရွေး ပျံ့နှံ့၍ အေးသကဲ့သို့ အကျိုးဆောင်သူ မဆောင်သူတို့ကို အတူအမျှချစ်ခြင်း။

(၁၀) ဥပေက္ခာပါရမီ၊ မြေကြီးသည် အကောင်း အဆိုး ၂–မျိုးစလုံးကိုမုန်းငြင်း ချစ်ခြင်း မရှိသကဲ့သို့၊ ချမ်းသာအောင်ပြုသူ ဆင်းရဲအောင်ပြုသူတို့၏ အပေါ်မှာ မုန်းခြင်း, ချစ်ခြင်းကင်း၍ လျစ်လျူရှုခြင်း။ ပါရမီသည်၊ ဒသ, ပါရမီ၊ ဒသဥပ, ပါရမီ၊ ဒသပရမတ္ထပါရမီ အားဖြင့်၊ အယုတ်–အလတ်–အမြတ် ဟူ၍....အပြား သုံးဆယ်ရှိပါသည်။ အသက်ကို မငဲ့ဘဲပြုလျှင် ပရမတ္ထ ပါရမီ၊ ကိုယ်အင်္ဂါကိုမငဲ့ဘဲပြုလျှင် ဥပပါရမီ၊ သာမန် ပြုလျှင် ပါရမီ သာမညသာဖြစ်ပါသည်။

ယခုဖော်ပြလိုက်သော ပါရမီကျင့်ထုံးသည်၊ ဘုရား အလောင်း သူတော်ကောင်းများ ကျင့်ထုံးဖြစ်သည်။

ဒါ၊ သီ၊ နိက်, ညာ၊ ဝိရိယာနှင့်၊ ခန္တီသစ္စာ၊ ဓိဋ္ဌာန် ပါလျှင်၊ မေတ္တာဥပေက္ခာ၊ ပေါင်းဆယ်ဝ၊ မှတ်ကြ ပါရမီမျိုးစေ့တည်း။

ဤတွင်မှတ်စမ်းအားထုတ်ခန်း ပြီး၏။

၁–သားသမီးတို့၏ကျင့်ဝတ်သီလတရား ငါးပါး။

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ ရှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့် ဘွယ်သားတို့တာ။

၂–မိဘတို့၏ ကျင့်ဝတ်သီလ တရားငါးပါး။

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ဖခင်မယ်တို့တာ။

၃–တပည့်တို့၏ ကျင့်ဝတ်သီလတရား ငါးပါး။

ညီညာထကြွ၊ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊သင်တွေးအံ့ရွတ်၊တပည့်ဝတ်၊ မချွတ်ငါးခုသာ။

၄–ဆရာတို့၏ ကျင့်ဝတ်သီလတရား ငါးပါး။

အတတ်လည်းသင်၊ပဲ့ပြင်ဆုမ္မ၊သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊သင့်ရာအပ်ပို့၊ဆရာတို့၊ကျင့်ဘို့ဝတ်ငါးဖြာ။

၅–လင်ယောက်ျားတို့၏ကျင့်ဝတ်သီလ တရားငါးပါး။

မထေမဲ့ကင်း၊အပ်နှင်းဥစ္စာ၊မိစ္ဆာမမှား၊ဝတ်စားဆင်ယင်၊မြတ်နိုးကြင်၊ငါးအင်လင်ကျင့်ရာ။

၆–မယားတို့၏ကျင့်ဝတ် သီလတရား ငါးပါး။

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

၇–မိတ်သင်္ဂဟ အဆွေအမျိုးတို့၏ ကျင့်ဝတ်သီလ တရားငါးပါး။

ပေးကမ်းချီးမြှင့်၊ကိုယ်နှင့်ယှဉ်ထား၊စီးပွားဆောင်ရွက်၊နှုတ်မြွက်ချိုသာ၊သစ္စာမှန်စေ၊ဝတ်ငါးထွေ၊ ကျင့်လေဆွေသဟာ။

၈–သခင်တို့၏ကျင့်ဝတ် သီလတရား ငါးပါး။

**ဝစ္စာကျွေးမွေး၊ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငွေဝေ ရသာ၊အခါ ကိုလွှတ်၊သခင်ဝတ်၊ မချွတ်ငါးခုသာ။**

၉–ကျွန်တို့၏ကျင့်ဝတ် သီလတရား ငါးပါး။

**အိပ်သော်နောက်ကျ၊ထသော်ကားရှေး၊ ပေးငြား ယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။**

၁၀ - သံဃာတော်အရှင်မြတ်များ အပေါ်တွင်ဒါယကာအပေါင်းတို့၏ ကျင့်ဝတ် သီလတရား ငါးပါး။

**မေတ္တာစိတ်သက်၊ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊လိုလျှင်ဘိတ်ထား၊တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။**

၁၁-ဒါယကာ ဒါယိကာမများ၏အပေါ်တွင်
ရဟန်းသံဃာ မြတ်ဆရာတို့က ပြုကျင့်တော်မူရန်
ဝတ်ခြောက်ပါး

**မကောင်းပြစ်ခွာ၊ကောင်းရာညွှန်လစ်၊.... အသစ်ဟောကျူး၊နားဘူးထပ်မံ၊နတ်ထံတင်ရာ၊ မေတ္တာမှန်းပြု၊ရဟန်းမှု၊ခြောက်ခုလွန်သချာ။**

အဘိဏှတရားငါးပါး။

**အိုခြင်းတဖြာ၊ နာခြင်းတထွေ၊ သေခြင်း တခြား၊ ကွဲပြားတတန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ည၊ဥာဏ်သက်ဝင်၍ ဆင်ခြင်ကြ။**

အို-တိုင်းသူပြည်သားတပည့်ဒါယကာ ဒါယိကာမများအပေါင်းတို့၊ သင်တို့၏ ဘဝရတနာ၊ ပဒေသာကြီးကို ဘယ်လိုနည်းကြောင့်၊ အလကား ဖြုန်းတီး၍ နေကြလိုပါသလဲ။ လူ၏တန်ဘိုး ရှိမရှိကို သိရအောင် လောကနီတိ၊ ဆောင်ပုဒ်တွေကို အသဲမှာ ချိတ်ထားလိုက်စမ်းပါ။

## လောကနီတိရှစ်လုံးဘွဲ့

၁။ ပျင်းမှု-ဖျင်းမှု၊ နှစ်ခုတွက်တာ၊
လိုက်မသိပြေား၊ လူကားမလိုပါ၊
နတ်မလိုလှ၊ ကြိုဟ်မ-မ,လာ၊
လူညွန့်တုံး၊ ရှုံးရ၍လူ့ရွာ။ ။

၂။ ပျင်းသူတတ်ကင်း၊ ပြတ်ခြင်းဥစ္စာ၊
မိတ်ကောင်းဆွေကောင်း၊ အပေါင်းမလာ၊
ချမ်းသာရှင်းစွ၊ ကင်းရပုညာ၊
နိဗ္ဗာန၊ မရဝေးတော့တာ။ ။

၃။ ပညာအတတ်၊ တုလတ်ဥစ္စာ၊
မရှိပါဘဲ၊ ခိုးလဲမပါ၊
ပညာမိတ်ကောင်း၊ အနှောင်းသံသာ၊
ချမ်းသာကျိုး၊ သည်ပိုးဆောင်ရွက်ရှာ။ ။

၄။ ကြားမြင်သုတ၊ စစဖြာဖြာ၊
နဲသော်ငြားလဲ၊ မှတ်သားလေပါ၊

စုပါများက၊ ခြများသို့သာ၊
ကျဖန်များ၊ ရေကားပြည့်ပမာ။ ။

၅။ နှုတ်မှုလက်မှု၊ တခုခုသာ၊
သေးငယ်ဘိတောင်း၊ မအောက်မေ့ရာ၊
စဆုံးတခု၊ တတ်မှုပညာ၊
သက်မွေးကြောင်း၊ ကောင်းကောင်းဆောင်
ရွက်ရှာ။ ။
၆။ တောင်တိုင်းပဏ္ဏမြား၊ ဆင်များတွင်သာ၊
မြုတေဓာတ်ခဲ၊ တောလဲဖြာဖြာ၊
စန္ဒကူးကင်း၊ ရပ်တွင်းမြို့ရွာ၊
ပညာရှိ၊ မရှိမှန်တော့တာ။ ။
၇။ ပညာရှိများ၊ ထင်ရှားနေရာ၊
သတင်းစကား၊ ကြားတဲ့အခါ၊
သုတလိုလား၊ မျိုးသားဖြာဖြာ၊
မြန်စွာသွား၊ သင်ကြားမှီပါ။ ။

၈။ ပညာသင်ကြား၊ စီးပွါးကိုရှာ၊
တောင်တက်သမား၊ လိုက်စားကာမာ၊
ဒေါသအမျက်၊ ထွက်လတ်သောခါ၊
ဤငါးပါး၊ မှတ်သားဖြေးဖြေးသာ။ ။

၉။ ကြားမြင်ဓမ္မသတ်၊ တွက်လတ်သင်္ချာ၊
ဂူးဆောက်နီတိ၊ မည်ရှိယတြာ၊

ကဗျာ-လက်ပစ်၊ခက်ဆစ်ခက်ရာ၊
ဒူးလင်းလေး၊ရှေးရှေးစကားသာ။ ။
၁၀။ ဆေးကုအတတ်၊ရှင်လတ်ရယ်ရာ၊
ဗေဒင်လှည့်ပတ်၊ဆန်းတတ်စေပါ၊
တမန်ယန္တရား၊ကျမ်းကားသဒ္ဒါ၊
ဆယ့်ရှစ်ရပ်၊အတတ်ခေါ်ကြရှာ။ ။
၁၁။ မမြည်မတီး၊စည်ကြီးပမာ၊
သူမေးငြားက၊မိုဃ်းများသို့ရွာ၊
မေးမေး-မမေး၊ပြောရေးများစွာ၊
ပညာရှိ၊မရှိကွဲ ပြားရှာ။ ။
၁၂။ ပေဉ္စာများ၊သူတပါးမှာ၊
ဥစ္စာပစ္စည်း၊ပေးချီးထားရှာ၊
တစုံတခု၊အမှုပေါ်လာ၊
ထိုဟာများ ကိုယ်ကားမပိုင်ပါ။ ။
၁၃။ ရေတိမ်ရေနက်၊ချင့်တွက်ဘို့ကြာ၊
အမျိုးယုတ်မြတ်၊သိအပ်ကျင့်ရာ၊
ပညာရှိမရှိ၊ဆိုဘိဝါစာ၊
မြေအကဲ၊ဝေခွဲမြက်ကိုသာ။ ။
၁၄။ နည်းငယ်မြင်လတ်၊သင်တတ်ပညာ၊
အများကြီးဘဲ၊မာန်ကဲထင်ကာ၊
ပင်လယ်ရေများ၊ရွှေဖါးမမြင်ပါ၊
တွင်းရေကား၊အများသူထင်ရှာ။ ။

၁၅ အရွယ်လေးဝ၊ ပဥ္စမပညာ၊
ပစ္စည်းစစ၊ ဒုတိယမှာ၊
တတိယကား၊ တရားရှုံးရှာ၊
စတုတ္ထ၊ မြုပ်ရပါယ်လေးရွာ။ ။

၁၆။ မပျင်းမရိ၊ သင်ဘိပညာ၊
ပညာမရှိ၊ ထမ်းဘိဝန်သာ၊
ပညာမှုတတ်၊ လူနတ်ပူဇော၊
နေ့စဉ်သွား၊ သင်ကြားမြတ်ပညာ။ ။

၁၇။ ရန်သူဖြစ်ရ၊ ချစ်လှသားဟာ၊
ငယ်စဉ်ခလေး၊ မပေးပညာ၊
ပွဲလယ်ကျတော့၊ မလှမျက်နှာ၊
ဟသ်ာကြား၊ ဗျိုင်းနားပုံပမာ။ ။

၁၈။ တောကြိုတောင်ကြား၊ ဆူးများချွန်ရှာ၊
သမင်မျက်စိ၊ ကြည်ဘိမှန်စွာ၊
ကြာရနံ့မွှေး၊ ယဉ်ကျေးလိမ္မာ၊
ဘသူပြု၊ သူ့ဗုဒ္ဓမမ္မတာ။ ။

၁၉။ ထိုးမပါငြား၊ ကွမ်းကားတဖြာ၊
ပစ္စည်းမရှိ၊ ဆင်ဘိတန်ဆာ၊
ဆားမပါဟင်း၊ ပေါ့ဖျင်းရသာ၊
တက်မရှိ၊ စပ်ဘိပျို့ကဗျာ။ ။

၂၀။ သုတလိုလား၊ မျိုးသားတို့မှာ၊
ပြည့်စုံပေငြား၊ တိုးပွါးပညာ၊

ပညာထက်မြက်၊ အနက်ပေါ်လာ၊
နှောင်းဘဝ၊ ကောင်းလှမြတ်ချမ်းသာ။

၂၁။ အစာကိုစား၊ ပျော်ပါးကာမှာ၊
အိပ်တတ်ပေခြား၊ လူနွားရှိရာ၊
ပညာတတ်မှ၊ ထူးမြတ်လူသာ၊
ပညာယုတ်၊ သမုတ်နွားခေါ်ရာ။ ။

၂၂။ ပညာတူအိ၊ မရှိမိတ်မှာ၊
ရန်သူမှာကား၊ နာဖျားရောဂါ၊
ကိုယ်ကလွဲလို့၊ ချစ်ဘဲမှန်စွာ၊
ကံတရား၊ စံအားမတူပါ။ ။

၂၃။ ရွှေဟင်္သာငှက်၊ ကျီးနက်တဖြာ၊
ခြင်္သေ့နှင့်နွား၊ မြင်းများမြည်းမှာ၊
ပညာရှိကား မိုက်သားလယ်မှာ၊
နေပါလတ်၊ တင့်အပ်မရှိရာ။ ။

၂၄။ မိုက်သောသူကား၊ ခစားပညာ၊
အသက်ထက်ဆုံး၊ နေအုံးမှန်စွာ၊
ယောက်မများလို၊ ငန်ခါးရသာ၊
သူမကွဲ၊ တူလဲတူလှပါ။ ။

၂၅။ လူလိမ္မာကား၊ ခစားပညာ၊
တခဏမျှ၊ နေရစေကာ၊
ချိုချဉ်ငန်ခါး၊ လျှာများသိစွာ၊
မူမကွဲ၊ တူလဲတူလှပါ။ ။

၂၆။ စစ်မြေပြင်ထွက်၊ လက်နက်မပါ၊
ပညာရှိကား၊ လွှတ်ထားကျမ်းသာ၊
ခရီးရှည်သွား၊ ဖေါ်ကားမပါ၊
မပြုအပ်၊ ပြုလတ်ပျက်စီးမှာ။ ။

၂၇။ ဥစ္စာပျက်လို့၊ စိတ်လက်မသာ၊
အိမ်တွင်းအကျင့်၊ မသင့်ယုတ်မာ၊
လှည့်ပတ်ဥာဏ်သွင်း၊ ဟန်တင်းမူရာ၊
ပညာရှိ၊ လူသိမခံရာ။ ။

၂၈။ အရေးအခွင့်၊ ကြုံသင့်ဆိုရာ၊
တန်မတန်စစ်၊ အချစ်တဖြာ၊
တော်ရုံအမျက်၊ ထွက်လတ်မှန်စွာ၊
သိသူကား၊ မှတ်သားလူလိမ္မာ။ ။

၂၉။ ပစ္စည်းမရှိ၊ စားဘိများစွာ၊
အားအင်ဆုတ်ယုတ်၊ သတ်ပုတ်ကြိုက်ရှာ၊
ပညာနည်းပါး၊ စကားဖြာဖြာ၊
ဤသူများ၊ မှတ်သားအရူးသာ။ ။

၃၀။ သူမခေါ်ဘဲ၊ အိမ်လဲလည်ရှာ၊
သူမမေးငြား၊ ပြောကြားဖြာဖြာ၊
ကိုယ့်ဂုဏ်ကိုထုတ်၊ ဆိုနှုတ်မူရာ၊
ဤသုံးပါး၊ မှတ်သားလူယုတ်မာ။ ။

၃၁။ အဆင်းမရှိ များဘိဝါစာ၊
ပညာမရှိ၊ ကြွားဘိပါဝါ၊

ရေမပြည့်အိုး၊ နို့ညှိုးနွားသာ၊
ဘောက်ဘက်ခတ်၊ ကြောက်တတ် ကန်တတ်
ပါ၊

၃၂။ ဆောင့်ကြောင့်ထိုင်ဖါး၊ ထင်မှားကေသရာ၊
ကျီးနှင့်တွေ့တော့၊ ဆွဲ့ဆွဲကြင်နာ၊
ပညာမရှိ၊ ကဝိမူရာ၊
ပုဏ္ဏာမေး၊ ရှုပ်ထွေးညာတတ်ပါ။ ။

၃၃။ ဆောင့်ကြောင့်ထိုင်ဖါး၊ ဟုတ်ငြားကေသရာ၊
အုတ်အုတ်မည်ငြား၊ ဝက်ကျားဖြစ်ရာ၊
သဏ္ဍာန်တူငြား၊ ကြောင်ကားကျားသာ၊
ကဝိများ၊ သိကားမတူပါ။ ။

၃၄။ မရောင့်ရဲငြား၊ မင်းကာ·ဥစ္စာ၊
ပညာရှိများ၊ တရားဆိုရာ၊
ချစ်သူကိုကြည့်၊ မျက်စိသမုဒ္ဒရာ၊
ရေတွေပြည့်၊ တန်ဘိမဆိုရာ။ ။

၃၅။ ရုပ်ရေလှပ၊ များစွာဥစ္စာ၊
မျိုးရိုးအမြတ်၊ ဖြစ်လတ်စေပါ၊
ပညာမရှိ တူ၏ပမာ၊
ပေါက်ပွင့်နဲ၊ နံ့လဲမရှိပါ။ ။

၃၆။ အမျိုးယုတ်သား၊ မတ်ကားဖြစ်ရာ၊
လူမိုက်သားလဲ၊ ကြီးမားပညာ၊
ဆင်းရဲသူသား၊ များပြားဥစ္စာ၊
သို့ဖြစ်ငြား၊ ယောက်ျားရှိသေပါ။ ။

၃၇။ အကြင်တပည့်၊သင်ဘိပညာ၊
လိုချင်အားကြီး၊များနည်းသင်ရှာ၊
အ-သူအိပ်မက်၊မြင်မက်သို့သာ၊
သဘောနက်၊ပြောချက်မပြုပါ။ ။

၃၈။ အိုးထိမ်းသည်လက်၊ရိုက်နှက်အိုးဟာ၊
ကွဲပျက်စေမှု၊မပြုကောင်းရာ၊
ဆရာများလဲ၊ဆိုဆဲရိုက်ရှာ၊
တပည့်များ၊ကြီးပွားစေဘို့သာ။ ။

၃၉။ တောင်ဇလပ်ဟု၊ပန်းမြတ်မာလာ၊
ပေါက်ရွက်မှာကား၊ ထုပ်ထားစေပါ၊
ထုပ်တဲ့ပေါက်ဖက်၊ မွှေးလျက်ကြိုင်စွာ၊
ပညာရှိ၊ပေါင်းဘိထိုနည်းသာ။ ။

၄၀။ ပညာရှိခဏ်း၊ဆိုလမ်းဖြာဖြာ
ဤတွင်အဆုံး၊နိဂုံးအုပ်ရှာ၊
နောင်လာလူများ၊ မှတ်သားစေဌာ၊
ဝတီဘုန်း၊စီကုံးသင်ပေရှာ။ ။

ပညာကျယ်သော်၊ ကြီးငယ်မဟူရာ၊ ချီးသာ စကား ပြောပါငြားက၊ အများနှစ်သက်၊ နှုတ်ထွက် သရမ်း၊ လွန်ကြမ်းတန်းမှု၊ကြည်ဖြူမေတ္တာ၊....၊ ကင်းမဲ့ရာ၏။ ပမာစကား၊ နွားပုဏ္ဏားတည့်၊ ကျေးသားညီနောင် နေရှုတောင်ကို၊စွန့်ရှောင်ပယ်ခွာ၊ ကိုးကွယ်ရာမှ၊ ဖြစ် လာသည့်ဘေး တောခွေးလှည့်စား၊ ပုဏ္ဏားရှက်ကွဲ စဉ်းလဲကောက်ကျစ်၊ရသေ့ညစ်နှင့်၊ ကျိုးပြစ်မထေ ၁။

အဟောက်မှားရှာ၊ မေတ္တာသက်ဝင်၊ သမင်....လင်မယား၊ ဝံမျောက်ကျားနှင့်၊ ကျီးကားသူရဲ၊ ဖက်တွဲမြင်တွေ၊ခြသေ့ၤ၊နွားခွေး၊ ဥာဏ်ရေးထက်မြက်၊ ကြွက်တို့အကြံ၊ အာမခံကျီး၊ မှားလေပြီးတည်း၊....တနည်းပုံဆောင်၊ယုန်တကောင်ကြောင့်၊သုံးထောင်တောပျက်၊ ကြက်ဦးခေါင်းစား၊ ငါ့တပါးမင်း၊ မာန်မတင်းသင့်၊ စွန်ရင်ပွင့်သို့၊ ကျီးနှင့်ခင်ပုတ်၊ မျက်ကြုတ်ရန်လို၊ ဆင်ကိုသတ်ငှက်၊ပျားတစက်ကြောင့်၊ ပြည်ပျက်ဘူးရ၊ ဂုဏ်ထူးပြသည့်၊ အသဗ္ဗာနည်၊ ဥာဏ်ရည်ကဲလွန်၊ ပုဏ္ဏန်တခဏ်း၊ သန်းနှင့်ကြမ်းပိုး၊ မြွေမျိုးနှစ်ကောင်၊ ရန်ထောင်ပျက်စီး၊ သုံးပုံမီးဟု၊ ကျီးနှင့်မြွေဆင်၊ ရေတွင်မိကျောင်း၊ဒေါင်းလည်းသွေးကြွ၊မာနထောင်လျက်၊ နှစ်ကောင်ကြက်တို့၊အမျက်ဝင်လေ့၊ခြသေ့ၤယုန်ကျေး၊ မင်းမွေးပုတ်သင်၊ ရေတွင်ပျော်ပါး၊ သုံးကောင်ငါးတည့်၊ထင်ရှားသေချာနည်းဖြာဖြာကို၊ မှတ်ပါမောင်တို့-လိမ္မာဘို့၊ မှတ်ပါမယ်တို့-လိမ္မာဘို့။

အို....တိုင်းသူပြည်သား တပည့်များတို့....ဘုရားရဟန္တာ အရိယာ သာဝက၊ အပေါင်းတို့နှင့်တကွ--၊ ရှေးပညာရှိကြီးများ ပြောဆို ဆုမ္မခဲ့သော စကားတခွန်းကို သင်တို့ကြားဘူးကြပေလိမ့်မယ်။

((ပါးစပ်ဟတာနဲ့ အူမကိုမြင်တယ်)

အဲဒီစကားဟာ အလကား ကြွားဝါပြီးပြောဆိုတဲ့ စကားမဟုတ်ဘူး၊သင့်ကိုယ်တိုင် ဟုတ်တယ် မဟုတ်ဘူး

ဆိုတာ သေသေချာချာသိချင်တာဖြင့် သိရအောင် ယခု စာအုပ်ကို နှုတ်ရဆောင်ကာ ကျက်မှတ်ထားလိုက်ပါ၊ သိလာပါလိမ့်မည်။

(အထူးတိုက်တွန်းချက်)

ဤဘာသာမူလ ဩဝါဒကို ဗုဒ္ဓဘာသာ မှန်သမျှ-တယောက် တအုပ် တအိမ်တအုပ် တကျောင်းတအုပ်၊ အမြဲတမ်းရှိရန် အထူးသင့်လျော်လှပေ၏။

အကြောင်းသော်ကား၊ ဗုဒ္ဓဘာသာဝင် လူမျိုးပါ ဟူ၍ ပြောဆိုနေထိုင်ကြ ငြားသော်လဲ၊ မိမိသင်ကြား မှတ်သား၍ထားသော ဘာသာအလေ့အထတို့ကို....၊ နေ့ညမပြတ်ရွတ်ဘာသ်သရဇ္ဈာယ်ကာ ဆိုကားဆို၏၊ ထိုမိမိဆို၍ နေသော စကား၏ အဓိပ္ပါယ်တို့ကို နားလည်သော သူနှင့် နားမလည်သော သူ့ဘယ်သူက-များပါသနည်းဟု စဉ်းစားတွေးတော သဘောအမှန် အတိုင်း မေးခဲ့သော်၊ သိသူနည်းပါး မသိသောသူတို့က အတိုင်းမသိအောင် များပြားလှပေ၏ဆိုတာ လူတိုင်း ရှင်တိုင်းဝန်ခံရပေလိမ့်မည်။

ဤကဲ့သို့ နားလည်သင့်သည်ကို နားမလည်မှု၊ သိသင့်သည်ကို မသိကြမှုသည်၊ မိဘ ့ဆရာသမား၏အပြစ်လား၊ သား ့သမီး တပည့်တကာများ၏ အပြစ်လား

ဆိုတာ စဉ်းစားခဲ့သော်၊ နှစ်ဦးနှစ်ဝ, အပြစ်မကင်း ဖြစ်ကြပေလိမ့်မည်။

သို့ရာတွင် ပဥ္စမ တစ်တရားခံသည် မိဘ,ဆရာသမား ထံသို့ ရောက်ပေလိမ့်မည်။(လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ, မိနှင့်ဘ) ဆိုသည့်အတိုင်း၊ မိဘ,ဆရာ– သမားတို့ကသာ၊ ဘာသာရေးကို လေးလေးစားစား နှင့်၊ နောက်သားသူငယ် လူမမယ်တို့အား တကယ်အ ချိုးကျအောင် ပြုပြင်–သင်ကြား၍ ထားကြပါသဘိ မူကား၊ငယ်ရွယ်သည်မှ အိုမင်းကြီးရင့်သော အရွယ်သို့ ကျအောင်၊ စည်းကမ်းတကျ မိမိတို့ရထား သင်ကြား ထားသော စာ၏ အဓိပ္ပါယ်တို့ကို နားလည်ပြီးသား ဖြစ်ကြပေလိမ့်မည်။

သို့အတွက် - ရှက်စရာ အလွန်ကောင်း၍ နေသော ကိုယ်ဆိုတဲ့စကား၏ အဓိပ္ပါယ်ကို၊ ကိုယ်နားမလည်ဘဲ ဖြစ်၍နေရတဲ့ ချွတ်ယွင်းချက်ကြီးကို အမြန်ဆုံးပြုပြင် ကြပါကုန်စို့။

ဗုဒ္ဓဘာသာဝင်တိုင်း ရတနာသုံးပါးကို....ဦးထိပ် ထားကြသော လူမျိုးများဖြစ်သဖြင့်၊ သာမှု,နာမှု,ရှိ သောအခါတို့မှာသော်၎င်း၊ ကျောင်း, ကန်, ဘုရား, သီလသီတင်းစောင့်ရအောင် သွားကြသောအခါတို့ - မှာသော်၎င်း၊ ဘာသာကိုလေးစား၍ ညစဉ် မိမိတို့ အိမ် ဘုရားဝတ်ပြုသော အခါတို့မှာ၎င်း၊ ငါးပါး, ရှစ်ပါး၊ ကိုးပါး၊ဆယ်ပါးစသော သီလ တို့ကိုအမြဲတမ်း

ဆောက်တည်လေ့ ရှိကြ၏၊ ထိုသို့ ဆောက်တည်ပုံမှာ မိမိရွတ်ဆို ဆောက်တည်မှု၏ အဓိပ္ပါယ်ကို နားလည်အောင် မဖြစ်စေဘဲ၊ ပါဠိသက်သက်သာဆို၍၊ အနက်မပါမှုကြောင့်၊ ထိုစကား၏အဓိပ္ပါယ်ကိုနားမလည်ဘဲ၊ ဗုဒ္ဓ၏ ဖါသီဖါသာတွေ ဖြစ်ကုန်ကြရသည်ဆိုတာ၊ သေသေချာချာတွေးလေ ကြော်--ဟုတ်ပါပေတယ်ဆိုတဲ့ အဖြေဟာ ပေါ်လာလေဖြစ်ပေလိမ့်အံ့။

သို့အတွက် ဆရာ, မိဘ, ကစ၍ ဤစာအုပ်ကို တွေ့ရှိကြသော တပည့်များပါ၊ ပါဠိနှင့်တကွ....ထိုပါဠိ၏ အနက်ကိုပါ ရအောင်ကျက်မှတ်၍ အမြဲမပြတ်ဆောင်ရွက်ကြပါလေ။

( သီလတောင်းပါဠိ,အနက် )

အဟံဘန္တေ၊ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေဘန္တေ။ ဒုတိယမ္ပိ,တတိယမ္ပိ,ကို၊ မဆက်ပါနဲ့-အနက်ဆိုပါ။

အနက်—ဘုရားရှေ့မှာဖြစ်ခဲ့သော်။ ဘန္တေ၊ ဘုန်းတော် ကံတော် ဉာဏ်တော် အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ တိသရဏေန၊ကိုးကွယ်ရာ.... အစစ် အမှန်ဖြစ်ငြား၊ သရဏဂုံ--သုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ငါးပါးသီလ,ဟု ဆိုအပ်သော။ဓမ္မံ၊ အပါယ်လမ်းပျောက်.... ရွယ်မှန်းထောက်သည့်။ မင်္

ရောက်ဖိုလ်သွား၊ ကိုယ်ကျင့်တရားတော်ကို။ အဟံ၊ ရုပ်, နာမ်နှစ်ခု ဟုတ်မှန်မှုကြောင့်၊ ဓါတ်စုဓါတ်ခဲဖြစ်သော ပညတ်မှည့်ခေါ်တပည့်တော်သည်။ ယာစာမိ၊ လိုက်နာ လိုငြား၊ ကျင့်လို အား ကြောင့်၊ ဝပ်တွားမှန်စွာ၊.... တောင်းပန်ပါ၏။

ဘန္တေ၊ ဘုန်းတော် ကံတော် ဥာဏ်တော် အနန္တ တို့နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား။ မေ၊ တပည့် တော်အား။ အနုဂ္ဂဟံကတွာ၊ ချီးမြှောက်တော်မူခြင်း ကိုပြု၍၊ သီလံ၊ သူတော်ကောင်းများ လေ့လာငြား၍ မမှားတည်ကြ၊ မြတ်သီလကို။ ဒေထ၊ ပေးသနားတော် မူပါအရှင်ဘုရား။

ဒုတိယမ္ပိ အဟံဘန္တေ၊ တတိယမ္ပိ အဟံဘန္တေ၊ အနက်တူဖြစ်၏။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဤမျှသာထူးပေ သည်။

အကယ်၍ သံဃာတော်များ၏ထံမှာ ဖြစ်ခဲ့သော်။ ယခုအနက်ကိုမဆိုလေနှင့် မိမိကိုအထင်သေးလိမ့်မည်။ စိတ်နောက်လာသလားအောက်မေ့တတ်သည်။ ရိုးရိုး ကလေးသာ သီလတောင်းရမည်။

ကိုယ့်တယောက်ထဲ ဘုရားရှေ့မှာဆိုတော့....ယခု ရေးထားသော အနက် အတိုင်း တောင်း ပါ။ သီလ , တောင်းနေရင်း အဓိပ္ပါယ်သိလာသဖြင့်၊ ဝို၍ကြည်ညို စိတ်ပေါ်လာလိမ့်မည်။

(သံဃာများထံတောင်းရန်)

ဘန္တေ၊ အရှင်ဘုရား။ တိသရဏေန၊ သရဏဂုံ–သုံးပါးနှင့်။ သဟ၊တကွ၊ပဉ္စသီလံ၊ငါးပါးသော သီလဟု ဆိုအပ်သော၊ ဓမ္မံ၊တရားတော်ကို။ အဟံ၊ တပည့်တော်သည်။ ယာစာမိ၊တောင်းပန်ပါ၏။ မေ၊တပည့်တော်အား။ အနုဂ္ဂဟံကတွာ၊ ချီးမြှောက်ခြင်းကိုပြု၍။ သီလံ သီလတော်မြတ်ကို။ဒေထ၊ပေးသနားတော်မူပါ အရှင်ဘုရား။

( ဒုတိယမ္ပိ အဟံဘန္တေ ) ပါဠိကို သုံးအောင်ဆိုပြီးမှ- ဘန္တေ၊ အရှင်ဘုရား။ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ရှေ့အနက်အတူတူဆိုလေ။ နောက်ပြီးတော့မှ တတိယမ္ပိ အဟံ ဘန္တေ ကိုဆို။ ဘန္တေ၊ အရှင်ဘုရား တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ရှေ့အနက် အတူသဘောပေါက်လောက်ပေပြီ။

ဖြုန်းကနဲ–ဆိုစမရှိတော့ အနက်နဲ့ သီလတောင်းရမှာကို၊ရှက်သလိုလို ကြောက်သလိုလို၊အန်းတန်းတန်းကြီးဖြစ်ချင်ဖြစ်နေပေလိမ့်မယ်။ မရှက်ပါနဲ့၊ ရှက်လေခက်လေခက်ပေလိမ့်မယ်။ဆရာတော်သံဃာတော်များကလဲပြုံးရယ်တော်မမူကြပါနဲ့။မဆိုချင်ဆိုချင်အောင် မဆို ဝံ့ဆိုဝံ့အောင်အရှင်ဘုရားများက တိုက်တွန်း သင်ကြား၍ ပေးတော်မူကြပါ။ တကာတကာမများချည့်သူတို့ဟာသူတို့ သီလတောင်းတတ်အောင်....နိုင်းစေ

တော်မူကြပါ။ အလွန်အဘိုးတန်တဲ့ အလေ့ကြီးပျောက်မှန်းမသိပျောက်လာပါပြီ။

သီလတောင်းပြီးသောအခါ၊ ဘုရားရှေ့မှာဖြစ်က ( အာမဘန္တေပါ အရှင်ဘုရား ) ဘန္တေ၊ ကျေးဇူးတော်ရှင် အရှင်မြတ်ကြီးဘုရား။ အာမ၊ ပြော်-ဆိုးမတဲ့ အတိုင်းလိုက်နာပါအံ့ ဘုရား။

သံဃာတော် ရှေ့မှာဆိုလျှင်၊ သီလတောင်းပြီးတဲ့ အခါသံဃာတော်များက ( ယမဟံဝဒါမိ တံဝဒေထ ) ယံဝစနံ။ အကြင်စကားကို။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆိုအံ့။ တံ၊ ထိုငါဆိုတဲ့အတိုင်း၊ ငါဆိုသလို၊ ထိုငါဆိုတဲ့ စကားကို။ ဝဒေထ၊ အတုလိုက်၍နှစ်နှစ်ခြိုက်ခြိုက်ကြီး ဆိုကုန်လော။ ထိုသို့....အမိန့်ပေးသောအခါ။ အာမ ဘန္တေ၊ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြော်-ကောင်းပါပြီ၊ ဆိုပါတော့မယ်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ သံဃာ့ရှေ့မှာဖြစ်က သံဃာ၏ သဘောအတိုင်း၊ ပါဠိသာ ချပေးက ပါဠိဘဲဆို၊ အနက်ပါ ချပေးက အနက်ပါလိုက်ဆို၊ အပိုတွေလုပ်မနေနဲ့။ သင်တယောက်ထဲ ဘုရားရှေ့မှာ ဖြစ်ခဲ့သော် ကြည်ညိုချင်စိတ်ပေါက်လာအောင်၊ နမောတဿ—ကို ဟောဒီလို ဆိုပေတော့။

နမောတဿအနက်။ ။ဘဂဝတော၊ ဣဿရိယ ဓမ္မ, ယသ, သိရိ, ကာမ, ပယတ္တ, ဟု ခြောက်ခု ဥဿုံ

ဘုန်းတော်ဂုဏ်နှင့် ပြည့်စုံတော်မူပေထသော။ အရဟတော၊ ဗြဟ္မာ,နတ်,လူ,ခပ်သိမ်းသူတို့.... ကြည်ဖြူညွတ်နူး၊ ထူးသော ပူဇော်ခြင်းကို ခံယူတော်မူထိုက်ထသော။ တဿသမ္မာသမ္ဗုဒ္ဓဿ၊ မဓေါက်မပြန် သစ္စာဥာဏ်ကို၊ အမှန်သိပြား ထိုကျေးဇူးရှင် မြတ်စွာဘုရားကြီးအား။ နမော၊ စေတနာစေတ် သေချာမှတ်၍ လေးမြတ်ကြည်သာ(ရင်ဝဆီမှာ ရှက်ထားတဲ့ လက်နှစ်ဘက်ကို နဖူးဆက်သို့ရောက်အောင် မြှောက်တင်ကာ) ရှိခိုးကန်တော့လိုက်ပါ၏ မြတ်စွာဘုရား။

နမောတဿ သုံးခေါက်၊ အနက်ကလဲ သုံးခေါက်ဆိုပါလေ။ ကြည်ညိုတဲ့ သဒ္ဓါဓါတ် ပိုလာပေလိမ့်မည်၊ တောင်တောင်မြောက်မြောက်မတွေးနဲ့၊ ရှူးရှူးစိုက်စိုက်မြတ်စွာဘုရား ဂုဏ်တော်ကို အာရုံပြုပြီးတော့ ရှိခိုးလိုက်ပါလေ။

သံဃာတော်က၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ၊ တို့ကိုအဆိုခိုင်းလိမ့်မည်၊ သံဃာတော်၏ အမိန့်အတိုင်း လိုက်ဆိုပါလေ။

ဘုရားရှေ့မှာဖြစ်ခဲ့သော် .... ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ အနက်ဆိုပါလေ။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ....သရဏံဂုတ်၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ-သရဏံဂုတ်၊ ကိုး

ကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊မင်္ဂ တည်သော၊ ပုဂ္ဂိုလ်လေးယောက် ဖိုလ်၌ တည်သော ပုဂ္ဂိုလ်,လေးယောက် ရှစ်ယောက်သော .... ပရမတ္ထ သံဃာတော် အရှင်မြတ်တို့နှင့် တကွ၊ သမုတိ သံဃာ တော်မြတ်ကို။ သရဏံ သရဏံဣတိ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက် လည်း။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ဓမ္မံ၊ သံဃံ။ ရှေ့နည်းအတိုင်းဆိုလေ။

အာမဘဏ္ဍေ၊အနက်ရှေ့နည်းအတူ........

(ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံသမာဒိ ယာမိ)အနက်။ ။ပါဏာတိ ပါတာ၊ သူ့ အသက်ကို သေစေလိုဘိ၊စိတ်တွင်ရှိ၍၊မိမိလည်းသတ်၊သူ့ ကိုသတ် စေ၊သတ်လေဝမ်းသာချီးမွမ်းတာမှ၊ဝေရမဏီ သိက္ခာ ပဒံ၊ကြဉ်ရာ ကြဉ်ကြောင်း ကြဉ်ကောင်းအဟုတ်သိက္ခာ ပုဒ်ကို။သမာဒိယာမိ၊မကျိုးမပေါက်မပြောက်ကြည့်ရှု သတိပြုကာ၊ကောင်းစွာ စောင့်ရှောက်၊ဆောက်တည် ပါ၏ဘုရား။

(အဒိန္နာဒါနာဝေရမဏီ သိက္ခာပဒံ သမာဒိယာ မိ)။ ။အဒိန္နာဒါနာ၊သဘောမတူမကြည်ဖြူပြား တ ပါးသူ့ဟာ၊သူ့၊ ဥစ္စာကို၊ယူပါလိုဘိ၊အာရုံရှိ၍၊မိမိ ပင်ခိုး၊သူ့ကိုခိုးစေ၊ခိုးလေဝမ်းသာချီးမွမ်းတာမှ၊ဝေရ မဏီသိက္ခာပဒံ ....အထက် နည်းအတိုင်း ဆိုပါလေ။

(ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ) ။ကာမေသုမိစ္ဆာစာရာ၊ သူ့ မယားနှင့်သူ့သားအိမ်ရာ၊ကျင့်ယုတ်မာကို၊စိတ်မှာစွဲငြိ၊ အာရုံရှိ၍၊မိမိပြစ်မှား၊ သူ့ကိုမှားစေ၊ မှားလေဝမ်းသာ၊ချီးမွမ်းတာမှ၊ဝေရမဏီသိက္ခာပဒံ (အတူတူ)

(မုသာဝါဒါဝေရမဏီသိက္ခာပဒံ သမာဒိယာမိ) မုသာဝါဒါ၊ချွတ်လွဲဖေါက်ပြန်မမှန်စကား သူတပါးကျိုး၊ပျက်ညှိုးစေရန်။ ရည်သန်စိတ်ရှိ၊မိမိပြောကြား၊သူ့အားပြောစေ၊ ပြောလေဝမ်းသာ ချီးမွမ်းတာမှ။ ဝေရမဏီ သိက္ခာပဒံ။ (အတူတူ)

(သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏီ သိက္ခာပဒံသမာဒိယာမိ)။ ။သုရာမေရယမဇ္ဇ ပမာဒဋ္ဌာနာ၊ မေ့လျော့ ယစ်မူးစေတတ်သော၊ ဘိန်းဘင်းကဇော်၊ လှော်စာ အရက်တို့ကို၊ နှစ်သက်လှစွာ၊ အာသာစိတ်ရှိ၊ ဖြစ်လေ ဘိ၍၊ မိမိလဲ သောက်၊ သူ့ ကို သောက် စေ၊ သောက်လေဝမ်းသာချီးမွမ်းတာမှ။ဝေရမဏီ သိက္ခာပဒံ။ (အတူတူ)

အာမဘန္တေ-အထက်နည်းအတိုင်းဆိုပါလေ။

ဤသည်ကား၊ငါးပါးသီလဆောက်တည်ပုံ။

ရှစ်ပါးသီလတွင် သီလတောင်းရာ၌၊ ပဉ္စသီလ်နေရာတွင်- ( အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်

စုံသော၊ ဥပေါသထသီလံ၊ ဥပုသ်သီလဟု....ဆိုအပ်
သော) ဟု ပြင်ပါလေ-ဓမ္မံမှာ အတူဆိုလေ။

သီလ ဆောက်တည်ရာတွင်။ ပါဏာတိပါတာ၊ အ
ဒိန္နာဒါနာအတူတူ။ကာမေသုနေရာတွင်၊

(အဗြဟ္မစရိယာဝေရမဏီသိက္ခာပဒံသမာဒိယာမိ၊)

အဗြဟ္မစရိယာ၊ ရွာသူဖေါ်များ၊ ပျော်လိုက်စား
သည့်၊ မိုက်မှားကျင့်ဆိုး၊ မေထုန်မျိုးကို၊ အကျိုးမသိ၊
ဖြစ်လေဘိ၍၊ မိမိကျူးလွန် သူ့ကိုလွန်စေ၊ လွန်လေ
ဝမ်းသာ ချီးမွမ်းတာမှ။.... ဝေရ မဏီ သိက္ခာပဒံ။
(အတူတူ)

(ဝိကာလဘောဇနာဝေရမဏီ သိက္ခာပဒံ သမာ
ဒိယာမိ)။ ။ဝိကာလဘောဇနာ၊ နေလွဲညစာ စား
သောက်ခြင်းမှ။ဝေရမဏီသိက္ခာပဒံ၊(အတူတူ)

(နစ္စ,ဂီတ,ဝါဒိတ,ဝိသုက,ဒဿန,မာလာဂန္ဓ၊
ဝိလေပန,ဓါရဏ,မဏ္ဍန, ဝိဘူသနဌာနာ၊ ဝေရမ
ဏီသိက္ခာပဒံသမာဒိယာမိ)။ ။နစ္စ, ဂီတ, ဝါဒိတ,
ဝိသုက,ဒဿနမာလာဂန္ဓ,ဝိလေပန,ဓာရဏ, မဏ္ဍ
န,ဝိဘူသနဌာနာ၊ကခြင်း သီခြင်းတီးမှုတ်ခြင်းဖြင့်၊ မ
ယှဉ်းကြည့်ရှု၊ကိုယ်တိုင်ပြုနှင့်၊သူ့ကိုကစေ၊ တီးမှုတ်စေ
ခြင်းဟုဆိုအပ်သော ပျော်ရွှင်မှု၊ ပန်းပန်ခြင်း။နံ့သာ
လိမ်းခြင်း။နံ့သာပြောင်းတို့ဖြင့်၊အတင့်အတယ်အပြေ
အပြစ်ပြုလုပ်ခြင်းမှ။ဝေရမဏီ(အတူတူ)။

ဥစ္စာသယန မဟာသယနာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ ဥစ္စာသယနမဟာသယနာ၊ မြင့်သောနေရာ မြတ်သောနေရာတို့တွင် နေထိုင်ခြင်းမှ။ ဝေရမဏီ၊ အကူတူ။ ဥစ္စာသယနနှင့်-မဟာသယနကို၊ ရှစ်ပါး သီလခဏ်းရှိ သံပေါက်လက်ာဖြင့်သိလေ။

(ကိုးပါးသီလ-သီလတောင်းမှာ)

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂ သမ္ပန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ-အတိုင်း နဝင်္ဂသမ္ပန္နာဂတံ၊ အင်္ဂါကိုးပါးနှင့်ပြည့်စုံသော,ဟုထည့်ရုံပင်။

သီလ ဆောက်တည်ရာ၌၊ ရှစ်ပါးသီလအဆုံးတွင်၊ (မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု၊ ဖရိတွာဝိဟရဏံသမာဒိယာမိ။ ။သဗ္ဗပါဏဘူနေသု၊ သက်ရှိများစွာအလုံးစုံသော သတ္တဝါတို့၌။ မေတ္တာသဟဂတေန၊ ချစ်ခင်လှစွာသော မေတ္တာနှင့် တကွ ဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဖရိတွာ၊ ပျံ့နှံ့၍၊ ဝိဟရဏံ၊ နေထိုင်ခြင်းကို။ သမာဒိယာမိ၊ ကောင်းစွာ စောင့်ရှောက်ဆောက်တည်ပါ၏။

(ဆယ်ပါးသီလ ဆောက်တည်လိုပါက)

အဟံ ဘန္တေ တိသရဏေန သဟဒသဂဟဋ္ဌသီလံ၊ သို့မဟုတ် ဒသသီလံဟူ၍လဲ ဆိုကြ၏။ နှစ်သက် သလိုဆို၍ တောင်းကြပါလေ။ ဓမ္မံယာစာမိ၊ တို့မှာအတူတူပင်။

သီလ ယူရာ၌။နစ္စ–ဂီတဝါဒိတ–ဝိသုက–ဒဿနာဝေရမဏီသိက္ခာပဒံသမာဒိယာမိ။မာလာဂန္ဓ၊ဝိလေပန၊ရှစ်ပါးသီလ=တုန်းကလို နှစ်ခုစလုံးမတွဲဘဲ။ တခုစီခွဲ၍ဆောက်တည်ရမည်။ ဥစ္စာသယနမဟာသယနာ။ဆိုပြီးက၊ ဇာတရူပရဇတပဋိဂ္ဂဟနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိဆို၍။ဆောက်တည်ပါလေ။ဇာတရူပရဇတ ပဋိဂ္ဂဟနာ၊ရွှေငွေဒင်္ဂါး၊ ပိုက်ဆံများကို၊ စိတ်သဘောကြည်ဖြူ ခံယူကိုင်တွယ်ခြင်းမှ၊ဝေရမဏီ သိက္ခာပဒံ(အတူတူ)

ဤဆယ်ပါးသီလကို။ အထူးပြု၍ မရေးလိုက်ခြင်းမှာ၊ ယခုအခါ လူဒါယကာ ဒါယိကာမ တို့သည်။ ဆယ်ပါးသီလဆောက်တည်ကြသူ နည်းပါးလှပြီဖြစ်၍မရေးလိုက်ပြီ။ ဆယ်ပါးကို နေနေသာသာ ကိုးပါးသီလ ဆောက်တည်သူပင် အတော်ရှားခဲ့ချေပြီ။ ဆရာ၏ အလိုအားဖြင့် မရှောင်ကြဉ်နိုင်မည့်အတူတူ မဆောက်တည်ဘဲနေခြင်းသည်။တပည့်တကာ တကာမများအဘို့ ကောင်းလေစွ။

အကြောင်းသော်ကား။(ပေါ့စေလို၍ ကြောင်ချပ်တိုးဆေးအတွက်လေးသည် ) ဆိုသော စကားကဲ့သို့တည်း။ သေသေချာချာ စေတနာကလဲရောက်၊ မိမိဆောက်တည်သော သီလ၏ အနက်အဓိပ္ပါယ်တို့ကိုလဲသဘောပေါက်။ လုံခြုံ အောင်လဲ - စောင့်ရှောက်ကြပါ သတိမူကား----(အတိုင်းထက်အလွန် တံခွန်နဲ့ဘုရား) ဆိုသောလားသို့၊ များစွာနှစ်သက် ဝမ်းမြောက်လှပေ၏။

မိမိ၏အမူအရာကိုသူတကာသိသည့်ထက်မိမိပင်အသိဆုံးဖြစ်၍ ငါးပါးသီလကို တကယ်တန်း စိတ်ချလက်ချ။

လိုမလိုတွေးပြီးတော့၊ မလိုသေးဘူးမှန်းသိပါက၊ တပည့်များလူကြွားကောင်းရုံ မြင်ကောင်းရုံ လိမ်လည်လှည့်စား မဝါကြွားကြလေနဲ့၊ သူတပါးကိုသာ၊ ဝါကြွားလိမ်လည်၍ရမည်။ မိမိကိုယ်ကိုမိမိလိမ်၍မရ၊ ကိုယ့်ကိုယ်ကို၊ ကိုယ်လိမ်ပုံတာ၊ အံ့စရာ ရှက်စရာ။ နောက်ဆုံးစကားဆရာပြောကြား ဆုမွန်လိုတာက။ ငါးပါးသီလသာ တကယ်တည်တကယ်မြဲပါစေ။ ခြောက်ပါး ခုနှစ်ပါး ရှစ်ပါး ကိုးပါး ဆယ်ပါးသော သီလတွေဟာ။ အကုန်လုံးတည်လာတော့တာဘဲ။ ဘုရားရဟန္တာတွေဖြစ်ကြတယ်ဆိုတာ။ ငါးပါးသီလတကယ်တည်လို့ဖြစ်ကြတာ။ ငါးပါးသီလမှမတည်ခဲ့သော် ဘယ်တော့မှ ဘုရားမဖြစ်ဘူးလို့ တထစ်ချမှတ်သားကာ၊ ဤစာအုပ်ဖွင့်ပါသောသင်တို့၏ သိစရာတတ်စရာ မှတ်စရာတွေကို။ သိအောင် မှတ်မိအောင် ဂရုစိုက်၍၊ ဒုစရိုက်ကို ဖယ်ထား။ သုစရိုက်ကို -- တကယ်ပွါးပြီးတော့။ တတိုင်းပြည်လုံးရှိ တပည့်များ။ အပါယ်တံခါးပိတ်နိုင်ကြပါစေသတည်း။

**ဤတွင် ပဉ္စမကဏ္ဍ ပြီး၏။**

# ၂- ဘုံပုဂ္ဂိုလ် အလင်းပြအမေးအဖြေ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

နိဒါနကထာ

ဘူမိပုဂ္ဂလဘေဒေန၊ ယထာဓမ္မသုဘာသိတံ၊
ဒါနာဟံရစယိဿာမိ၊ ဝဏ္ဏိတွာရတနတ္တယံ။ ။

အဟံ၊ ငါသည်(အဟံ)အမျိုး ဘာသာ၊ သာသနာနှင့်၊ ပညာတရား၊လေးပါးဓမ္မ၊ကြီးပွါးကြဘို့၊ နေ့ည မကွာ၊များစွာပြုလုပ်၊အကျွန်ုပ်သည်။ရတနတ္တယံ....၊ ဘုရားအစ–တရားအလယ်–သံဃာဝယ်အဆုံး သုံးပါးမြတ်စွာ၊ရတနာကို။ ဝဏ္ဏိတွာ- ဝဏ္ဏနာမိ၊သာသနာပွင့်၊ ဘာသာတင့်ဘို့၊အသင့်မြတ်နိုး၊ဦးညွှတ်ကျိုး၍၊ ရှိခိုးပါ၏။ဝဏ္ဏိတွာ၊ရှိခိုးပြီး၍။ဘူမိပုဂ္ဂလဘေဒေန၊ဘုံပုဂ္ဂိုလ်တို့၏အပြားအားဖြင့်။ယထာဓမ္မ သုဘာသိတံ၊ တရားကျမ်းဂန်၊ဖြောင့်မှန်တည့်မတ်၊ကောင်းမွန်စွာ ဟောပြောအပ်သော၊ဘုံနှင့်ပုဂ္ဂိုလ်၊ထိုထိုဓမ္မ၊တွဲ၍ပြသဖြင့်၊ နာမသညာ၊ခေါ်ရာကင့်ဆန်း၊(ဘုံပုဂ္ဂိုလ် အလင်းပြဆိုတဲ့ကျမ်း)ကို။ဒါနိဣ ဒါနိ ယခုအခါ၌။ ရစယိဿာမိ၊ လူနှင့်တူဘိ၊သိကြလိုငြား၊မျိုးသားတသီး၊ မျိုးသ္မီးတို့၊ အပြီးသိစေ၊ရေးတော့ပေအံ့။

အလွန်တရာခဲယဉ်းလှစွာသော။ မနုဿတ္တ ဘာဝ ဒုလ္လဘ၊လူဆိုတဲ့အဖြစ်ကိုရပါလျက်၊ဘာမျှမသိ၊အန္ဓဗာ

လ။တဘဝစံ၊ လူသာမန်မျှမဟုတ်ကြဘဲ၊ လူမှ,လူစစ်,လူဖြစ်,လူသွား,လူစား, လူကျင့်၊ သင့်တင့်သဘော၊ လူပြော,လူနေအထွေထွေကို၊သိစေ,တတ်စေ, နားလည်စေ၍၊ကျင့်စေလို့ငှာ၊များစွာသိသ။ တောင်းပန်ကြသဖြင့်၊(ဘုံပုဂ္ဂိုလ်အလင်းပြ)မည်သော ဤကျမ်းကိုစီရင်ရေးသားရသတည်း။ရေးသားပေတော့အံ့။

ဤသည်လျှင်–နိဒါနကထာ ပြီး၏။

မေး။ ဘုံဆိုတာ ဘာကြောင့် ဘုံလို့ခေါ်ပါသလဲ။

ဖြေ။ ဘဝန္တိ ဧတ္ထာတိ ဘူမိ။

ဧတ္ထ၊ ဤအရပ်၌။ သတ္တာ၊ သတ္တဝါတို့သည်။ ဘဝန္တိ၊ ဖြစ်တတ်ကုန်၏၊ ဣတိတသ္မာ၊ ထိုသို့သတ္တဝါတို့၏ ဖြစ်ရာဌာန တည်ရာဌာန နေရာဌာန ဖြစ်ခြင်းကြောင့်၊ ဘူမိ၊ ဘုံမည်၏။

သတ္တဝါတို့၏ ဖြစ်ရာဌာန တည်ရာဌာန နေရာဌာန ကိုဘုံဟူ၍ခေါ်ဆိုပါသည်။

မေး။ ဘုံ၏ အရေ အတွက်ဘယ်မျှလောက် ရှိပါသလဲ။

ဖြေ။ (ကေတိံသ ဘဝေ)ဟုဆိုပါသော ကြောင့်၊ သုံးဆယ့်တဘုံရှိပါတယ်။

မေး။ သုံးဆယ့်တဘုံကို ရေတွက်၍ပြပါ။

ဖြေ။ အပယ်လေးဘုံ-ကာမသုဂတိ ခုနစ်ဘုံ။ ရူပ တဆယ့်ခြောက်ဘုံ-အရူပလေးဘုံအားဖြင့်သုံးဆယ့် တဘုံဖြစ်ပါတယ်။

မေး။ အပါယ်လေးဘုံကိုတဘုံစီရေတွက်၍ပြပါ။

ဖြေ။ ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်အားဖြင့်အပါယ်လေးဘုံဖြစ်ပါတယ်။

မေး။ ကာမသုဂတိခုနစ်ဘုံကိုရေတွက်၍ပြပါ၊

ဖြေ။ မနုဿဘုံ၊ စာတုမဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ၊ ယာမာဘုံ၊ တုသိတာဘုံ၊ နိမ္မာနရတိဘုံ၊ ပရနိမ္မိတဝသဝတ္တီဘုံ၊ ဤသို့အားဖြင့်ကာမသုဂတိခုနစ်ဘုံ ဖြစ်ပါတယ်။

မေး။ ရူပ တဆယ့်ခြောက်ဘုံကို၊ ရေတွက်၍ပြပါ။

ဖြေ။ ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံ၊ အားဖြင့်ပဌမဈာန်သုံးဘုံ။

ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရဘုံ၊ အားဖြင့် ဒုတိယဈာန်သုံးဘုံ။

ပရိတ္တသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘကိဏှာဘုံအားဖြင့်တတိယဈာန်သုံးဘုံ။

ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ အဝိဟာဘုံ၊ အတပ္ပါဘုံ၊—သုဒဿာဘုံ-သုဒဿီဘုံ - အကနိဋ္ဌဘုံ အားဖြင့် စတုတ္ထဈာန်ခုနစ်ဘုံ၊ အားလုံးပေါင်းသော် ရူပတဆယ့်ခြောက်ဘုံဖြစ်ပါတယ်။

မေး။ အရူပလေးဘုံကိုရေတွက်၍ပြပါ။

ဖြေ။ အာကာသာနဉ္စာယတနဘုံ၊ဝိညာဏဉ္စာယတနဘုံ၊အာကိဉ္စညာယတနဘုံ၊ နေဝသညာ နာသညာယတနဘုံအားဖြင့်အရူပလေးဘုံဖြစ်ပါတယ်။

မေး။ ရှင်း သုံးဆယ့်တဘုံကို ကေဝေါကာရ၊စတုဝေါကာရ၊ ပဉ္စဝေါကာရအားဖြင့် ခွဲခြားရေတွက်၍ပြပါ။

ဖြေ။ အသညသတ်ဘုံကို၊ ရူပက္ခန္ဓာ တပါးသာ ရှိခြင်းကြောင့်၊ကေဝေါကာရဘုံ။ အရူပလေးဘုံကိုဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာ ပေါင်းလေးပါးသာရှိခြင်းကြောင့်စတု ဝေါကာရဘုံ၊ ကျန် ၂၆-ဘုံကိုရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ သင်္ခါ ရက္ခန္ဓာ,ဝိညာနက္ခန္ဓာ ဟူသော ခန္ဓာ ငါးပါးစလုံးကိုရခြင်းကြောင့် ပဉ္စဝေါကာရဘုံဟုခေါ်ပါသည်၊

မေး။ ငရဲဘုံ၏အဖြစ်အပျက်အဓိပ္ပါယ်ကိုနားလည်အောင်ပြောပြပါ။

ဖြေ၊ အယာသုခါနိဂ္ဂတောတိ နိရယော။

အယာသုခါ၊ လူ,နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာမှု။နိဂ္ဂတော၊ ရှောင်ခွါပယ်ရှား၊ ထွက်သွားရလေ၏။ဣတိတသ္မာ၊ထိုသို့ လူ,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကင်းဝေးသောကြောင့်။နိရယော၊ငရဲမည်၏။ ဤသို့သော ဝစနတ္ထကြောင့် ချမ်းသာမှုကင်းဝေးသော သတ္တဝါရှိပါသဖြင့် ငရဲဟုခေါ်ပါသည်။

မေး။ တိရိစ္ဆာန်တို့၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ တိရန္တိ အဝေ ဘာဂေန .... ဂစ္ဆန္တီတိ တိရစ္ဆာနာ၊ တိရောဝါအဉ္စိတာတိ တိရစ္ဆာနာ။

ယေ၊ အကြင်သတ္တဝါတို့သည်။ အဝေ ဘာဂေန၊ အထက်ဖြစ်သောလူ့ပြည်နတ်ပြည်သို့မကပ် အောက်ဖြစ်သောအပါယ်လေးထပ်အဘို့အားဖြင့်။ တိရန္တိ ဂစ္ဆန္တိ၊ သွားလာတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တိရစ္ဆာနာ၊ တိရစ္ဆာန်မည်ကုန်၏။ ဝါ၊ တနည်းသော်ကား။ တိရော၊ မဂ်ဖိုလ် မကပ်၊ ဒေါင့်ဖြတ်ဖီလာ။ အဉ္စိတာ၊ သွားတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တိရစ္ဆာနာ၊ တိရစ္ဆာန်မည်ကုန်၏။ တိရိစ္ဆာန်ဆိုတာ အထက်ဖြစ်သော လူ့ပြည်နတ်ပြည်သို့မကပ်ဘဲ အောက်ဖြစ်သော အပါယ်လေးပါးသို့သာ၊ များစွာရောက်တတ်သဖြင့်၊ မဂ်ဖိုလ် နိဗ္ဗာန်ကို ဖီလာကန့်လန့် သွားတတ်, လာတတ်, နေထိုင်တတ်, ကျင့်တတ် ကြံတတ်သော .... သတ္တိကြောင့် တိရစ္ဆာန်လို့ခေါ်ပါတယ်။

မေး။ ပြိတ္တာတို့၏အဖြစ်အပျက်အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ သုခတောပကဋ္ဌေန ဣတာဂတာပဝတ္တာတိ ပေတာ။

ယေ၊ အကြင်သတ္တဝါတို့သည်။ သုခတော၊ ချမ်းသာခြင်းဆိုတဲ့သဘောမှ။ ပကဋ္ဌေန၊ ဝေးသောအားဖြင့်။ ဣတာဂတာပဝတ္တာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။

ပေတာ၊ပြိတ္တာမည်ကုန်၏။....ပြိတ္တာဆိုတာ ချမ်းသာခြင်းဆိုတဲ့ သဘောတရားနှင့် ဝေးကွာ ဖြစ်တတ်သော ကြောင့်ပြိတ္တာလို့ခေါ်ပါတယ်။

မေး။ ပြိတ္တာအဘယ်မျှရှိပါသလဲ။

ဖြေ။ ပေတဝတ္ထုစသော အဋ္ဌကထာ ဋီကာ ကျမ်းတို့၌၊ပရဒတ္တူပဇီဝိတပြိတ္တာ၊ခုပ္ပိပါသိကပြိတ္တာ၊နိဇ္ဈာမတဏှိကပြိတ္တာ၊ကာလကဉ္စိကပြိတ္တာဟူ၍ပြိတ္တာလေးမျိုး။ ၊လောကပညတ္တိကျမ်း၊ဆဂတိဒီပနီကျမ်းတို့မှာတော့၊ဝန္တာသပြိတ္တာ၊ကုဏပါသပြိတ္တာ၊ ဂူထခါဒကပြိတ္တာ၊ အဂ္ဂိဇာလ မုခ ပြိတ္တာ၊ သူစိမုခပြိတ္တာ၊ တဏှဋ္ဋိကပြိတ္တာ၊သုနိဇ္ဈာမကပြိတ္တာ၊ အဇဂရ ရင်ပြိတ္တာ၊ ဝေမာနိကပြိတ္တာ၊ မဟိဒ္ဓိကပြိတ္တာဟူ၍ ပြိတ္တာတဆယ့်နှစ်မျိုးရှိပါသည်။

မေး။ ပရဒတ္တူပ။ ။ဇီဝိတ ပြိတ္တာ၏ နေထိုင်စားသောက်ရပုံကိုပြောပြပါ။

ဖြေ။ သူတပါးပေးတဲ့ အစာ ရေစာကိုသာ အမှီပြု၍ အသက်ရှင်တတ်သောကြောင့်၊ ပရဒတ္တူပဇီဝိတ ပြိတ္တာလို့ခေါ်ပါတယ်။

မေး။ ခုပ္ပိပါသိကပြိတ္တာကို ပြောပြပါ။

ဖြေ။ ထမင်း ရေစာ မစားသောက်ရဘဲ ငတ်ငတ်မွတ်မွတ်နှင့်နေရသောပြိတ္တာကို ခုပ္ပိပါသိကပြိတ္တာလို့ခေါ်ပါတယ်။

မေး။ နိဿာမတဏှိကပြိတ္တာကို ပြောပြပါ။

ဖြေ။ အမြဲအားဖြင့် အကြွင်းမဲ့ လောင်ခြင်း ကြောင့်၊ ပူပန်ခြင်းရှိသော ပြိတ္တာကို နိဿာမတဏှိက ပြိတ္တာလို့ခေါ်ပါတယ်။

မေး။ ကာလကဉ္စိကပြိတ္တာကို ပြောပြပါ။

ဖြေ။ အသုရကာယ်ဟုဆိုအပ်သော၊ ပြိတ္တာ အသုရကာယ်ကိုကာလကဉ္စိကပြိတ္တာလို့ခေါ်ပါတယ်။

မေး။ ဝန္တာသပြိတ္တာကိုပြောပြပါ။

ဖြေ။ တံတွေးနှင့်နှပ် ချွဲအံဖတ်ကိုသာ စားရသော ကြောင့်၊ ဝန္တာသ ပြိတ္တာလို့ ခေါ်ပါတယ်။

မေး။ ကုဏပါသ ပြိတ္တာ၏ သဘောကို ပြော ပြပါ။

ဖြေ။ လူကောင်ပုတ်, ခွေးကောင်ပုတ်, မြွေ ကောင်ပုတ်စသောအပုတ်အသိုးတို့ကိုသာ စားရသော ကြောင့်ကုဏပါသပြိတ္တာလို့ခေါ်ပါတယ်။

မေး။ ဂူထခါဒကပြိတ္တာ၏သဘောကို ပြောပြပါ။

ဖြေ။သူတကာစွန့်ပစ်အပ်သောကျင်ကြီးကိုသာ စား ရသောကြောင့်ဂူထခါဒက ပြိတ္တာလို့ခေါ်ပါတယ်။

မေး။ အဂ္ဂိဇာလမုခ ပြိတ္တာ၏ သဘောကို ပြော ပြပါ။

ဖြေ။ ပါးစပ်၏အတွင်းမှပူပြင်းလှစွာသောမီးလျှံ တို့သည်၊မပြတ်ထွက်၍နေခြင်းကြောင့်၊ အဂ္ဂိ ဇာလမုခ ပြိတ္တာလို့ခေါ်ပါတယ်။

မေး။ သုဝိမုခပြိတ္တာ၏သဘောကို ပြောပြပါ။

ဖြေ။ စားချင်တိုင်း မစားရ၊ သောက်ချင်တိုင်း မသောက်ရ၊ အပ်နဖါးပေါက်မျှ ရှိသောပါးစပ်ပေါက်ရှိသည့်ပြိတ္တာကို၊သုစိမုခပြိတ္တာလို့ ခေါ်ပါတယ်။

မေး။ တဏှာနိ္ဒကပြိတ္တာ၏သဘောကိုပြောပြပါ။

ဖြေ။ ထမင်းရေစာ၊အစာ အာဟာ ရတို့ကို၊ ပြေးလွှား ရှာဖွေပါသော်လည်းမတွေ့ တွေ့ပါသော်လည်း မစားရမသောက်ရ၊ အမျိုးမျိုးပူပန်နှိပ်စက်ခြင်းကိုခံရသောပြိတ္တာကို၊ တဏှာနိ္ဒကပြိတ္တာလို့ခေါ်ပါတယ်။

မေး။သုနိဇ္ဈာမကပြိတ္တာ၏သဘောကိုပြောပြပါ။

ဖြေ။ အကြွင်းမဲ့လောင်မြိုက်သောမီးလောင်ငုတ်ကဲ့သို့ဖြစ်ပျက်နေထိုင်ရသော ပုဂ္ဂိုလ်ကို၊ သုနိဇ္ဈာမကပြိတ္တာလို့ခေါ်ပါတယ်။

မေး။ သတ္တင်္ဂပြိတ္တာများ၏သဘောကိုပြောပြပါ။

ဖြေ။ ဓါးလက်နက်ကဲ့သို့ထက်မြက်သောခြေသည်းလက်သည်းရှိတဲ့ပြိတ္တာကိုသတ္တင်္ဂပြိတ္တာလို့ခေါ်ပါတယ်။

မေး။ ပဗ္ဗတင်္ဂပြိတ္တာ၏သဘောကိုပြောပြပါ။

ဖြေ။ တောင်လုံးလောက် ပမာဏ ရှိသော ကိုယ်အင်္ဂါရှိသည့်ပြိတ္တာကိုပဗ္ဗတင်္ဂပြိတ္တာလို့ခေါ်ပါတယ်။

မေး။ အဇဂရင်္ဂပြိတ္တာ၏သဘောကို ပြောပြပါ။

ဖြေ။ စပါးကြီးမြွေကဲ့သို့သော ကိုယ်အင်္ဂါ ရှိသည့်ပြိတ္တာကိုအဇဂရင်္ဂပြိတ္တာလို့ခေါ်ပါတယ်။

မေး၊ ဝေမာနိကပြိတ္တာ၏သဘောကိုပြောပြပါ။

ဖြေ။ နေ့စံ၍ညဉ့်ကို အကုသိုလ်ကံအားလျော်စွာ အပြစ်ခံပြီးလျှင်ဘုံဗိမာန်နှင့်နေရသော ပြိတ္တာကို ဝေမာနိကပြိတ္တာလို့ခေါ်ပါတယ်။

မေး။ မဟိဒ္ဓိကပြိတ္တာ၏သဘောကို ပြောပြပါ။

ဖြေ။ ပြိတ္တာတို့တွင် အကြီး အကဲဆုံး ဖြစ်၍ ကြီးကျယ်သောတန်ခိုးနှင့် ပြည့်စုံသော ပြိတ္တာကို မဟိဒ္ဓိကပြိတ္တာလို့ခေါ်ပါတယ်။

မေး။ အသုရကာယ်ဘုံ၏ အဖြစ်အပျက် အဓိပ္ပါယ်ကိုနားလည်အောင်ပြောပြပါ။

ဖြေ။ နသုရန္တိ ဣဿရိယကီဠာဒီဟိနဒိဗ္ဗန္တီတိ အသုရာ၊ပေတာသုရာ။

ဣဿရိယကီဠာဒီဟိ၊အစိုးရခြင်း၊မြူးထူးခြင်း၊ကစားခြင်းစသည်တို့ဖြင့်။နသုရန္တိ၊နဒိဗ္ဗန္တိ၊မထွန်းပမြူးရွှင်မအောင်မြင်နိုင်ကုန်။ ဣတိ၊ထို့ကြောင့်။တေ၊ထို အသုရကာယ်သတ္တဝါတို့သည်။အသုရာ၊ အသုရကာယ် သတ္တဝါ မည်ကုန်၏။ပေတာသုရာ၊ပြိတ္တာမျိုးအသုရကာယ်တို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏။အစိုးရခြင်း၊ မြူးထူးခြင်း၊ကစားခြင်း စသည်တို့ဖြင့် မြူးရွှင်အောင်မြင်ခြင်း မရှိသည့်အတွက်အသုရကာယ်လို့ ခေါ်ပါတယ်။

မေး။ အသုရကာယ် ဘယ်နှစ်မျိုးရှိပါသလဲ။

ဖြေ။ နတ်အသုရာ, ဝိနိပါတိက အသုရာ, ပြိတ္တာ အသုရာဟူ၍၊ အသုရာသုံးမျိုးရှိပါတယ်။

မေး။ နတ်အသုရကာယ်၏ သဘော အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ မြင့်မိုရ်တောင်အောက် ယူဇနာတသောင်း ကျယ်သော အသုရာပြည်၌ နေကြတဲ့ ဝေပစိတ္တိအသုရာ ပဟာရာဒအသုရာ, သမ္ဗရအသုရာ, ဗလိအသုရာ, စသော အသုရာတို့သည်ကိုယ်ရောင်ကိုယ်ဝါ စည်းစိမ်ချမ်းသာမှ စ၍ တာဝတိံသာနတ်တို့နှင့်မခြား စံစားပြည့်စုံသော သတ္တိရှိခြင်းကြောင့်နတ်အသုရာလို့ ခေါ်ပါတယ်။

မေး။ ဝိနိပါတိက အသုရာ၏သဘောကို ပြောပြပါ။

ဖြေ။ ဝိယက်ရ မာတာ, ဥတ္တရ.... မာတာ, ဖုဿမိတ္တာ, ဓမ္မဂုတ္တာ, အစရှိသော ဘုံဗိမာန်နှင့် နေကြရတဲ့ နတ်အသုရာတို့ကိုခေါ်ပါဘယ်။

မေး။ ပြိတ္တာအသုရာ၏သဘောကိုပြောပြပါ။

ဖြေ။ သုံးဂါဝုတ်လောက်သော ကိုယ်တွင်....အပ်နဖါးပေါက်လောက်ပါးစပ်နှင့် ငတ်မွတ် ဆာလောင်သော၊ ဒုက္ခတို့ကို ခံစားရသော ပြိတ္တာစသည့် ကာလကဉ္စိက လောကန္တရိက ပြိတ္တာတို့ကိုခေါ်ပါသည်။

မေး။ ဘယ်အကုသိုလ်ကို ပြုသည့်အတွက် - အသုရကာယ်ဖြစ်ရပါသလဲ။

ဖြေ။ လူ့ပြည်၊ လူ့ရွာ၊ နေစဉ်ခါက၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့၏ဂုဏ်ကို ချိုးနှိမ့်ဖျက်ဆီးခြင်း။ သီလမရှိသောရဟန်းနှင့်လူတို့ကိုချီးမြှောက် ထောက်ပံ့ခြင်း။ သီလရှိသောသူတို့ကို ပြုဖူစောင်းမြောင်းခြင်း စသောမကောင်းမှုတို့ကို ပြုခဲ့ကြသောကြောင့်၊ အသုရကာယ်ဘုံမှာဖြစ်ကြရပါသည်။

မေး။ လူ့ဘုံ၏ အဖြစ်အပျက် အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ မနောဥဿန္နံ'တေသတ္တာ မနုဿာ။

တေသံ၊ ထိုသတ္တဝါတို့အား။ ဥဿန္နံ၊ ကောင်းမွန်တင့်အပ် လွန်မြင့်မြတ်သော။ မနော၊ စိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်၊ မနုဿာ၊ မနုဿ မည်ကုန်၏။ (ဝါ) လူမည်ကုန်၏။ ဟူသောဝစနတ္ထနှင့်အညီ။ ကောင်း မွန်တင့်အပ် လွန်မြင့်မြတ်သော သတ္တဝါတို့၏ နေရာ ဌာနကို လူ့ဘုံဟုခေါ်ပါသည်။

မေး။ အရှေ့ ကျွန်း၊ အနောက် ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်း–ဟုခေါ်အပ်သော လေးကျွန်းတို့တွင်၊ ဘယ်ကျွန်း၌ ဖြစ်ရသောသူတို့သာ အကောင်းမြတ်ဆုံးဖြစ်ပါသလဲ။

ဖြေ။ ဇမ္ဗူဒီပ လကျ်ာ တောင်ကျွန်း၌ ဖြစ်ရသောသူတို့သာ အကောင်းမြတ်ဆုံးဖြစ်ပါတယ်။

မေး။ ကောင်းမြတ်ပုံ အဓိပ္ပါယ် ကို နား လည် အောင်ပြောပြပါ။

ဖြေ။ အ ရှေ့=အ နောက်--မြောက် ဟု ဆိုအပ် သော သုံး ကျွန်း သား တို့ မှာ၊ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ရောက်ကြောင်း၊ ကောင်း မြတ် သော တရား လမ်းကို ပြမည့်သူမရှိ၊ မိဘတို့၏ ရိုးရာ ဖြစ်သော စာရိတ္တ အ ကျင့်ဖြင့်သာ နတ်ရွာသို့ ရောက် လိုက် သူ တို့ ကျွန်း သို့ ပြန်လိုက်နှင့် နေရပါသည်။ တောင်ကျွန်း သားတို့မှာ ကား။ ထိုသို့မဟုတ်--မဂ်,ဖိုလ်,နိဗ္ဗာန် တည်းဟူသော ချမ်းသာသုခကိုပင်လက်ကိုင်ရခြင်းကြောင့်အကောင်း မြတ်ဆုံးဟုဆိုရပါသည်။

မေး။ တောင်ကျွန်းသားတို့က မြောက်ကျွန်းနှင့် တာဝတိံသာနတ်တို့ထက်အမြတ်နိုင်သာတဲ့ တရားဘယ် နှစ်ပါးရှိပါသလဲ။

ဖြေ။ သုံးပါးရှိပါသည်။

မေး။ သုံးပါးသော တရားကို အကိုး အကားနှင့် တကွဖြေပါ။

ဖြေ။ တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂဏှန္တိ ဒေဝေ စ တာဝတိံသေ၊ ကတမေဟိ တီဟိ သူရာ သတိမန္တော ဣဓ ဗြဟ္မစရိယဝါသောတိ။

ဟု- အင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောတော်မူပါသည်။

ဘိက္ခဝေ၊ တောင်ကျွန်းသားတို့၊ ကြီးမားမြင့်မြတ်
ဂုဏ်ဖြပ်ကို၊ သိမှတ်လိုငြား။ချစ်သားတသီး၊ ချစ်သမီး
တို့။ဇမ္ဗူဒီပကာ၊ ဇမ္ဗူဒိပ်ကျွန်း၌ ဖြစ်ကြ ကုန်သော။
မနုဿာ၊လူတို့သည်။ တီဟိ၊ ရေတွက်ပိုင်းခြား၊ သရုပ်
အားဖြင့်၊ သုံးပါးကုန်သော။ ဌာနေဟိ၊ အကြောင်း
အရာတို့ဖြင့်။ ဥတ္တရကုရုကေ၊မြောက်ကျွန်း၌ ဖြစ်ကုန်
သော။မနုဿေစ၊လူတို့ကို၎င်း။ဒေဝေတာဝတိံသေစ၊
တာဝတိံသာနတ်တို့ကို၎င်း။အဘိဂဏှန္တိ၊သာလွန်တင့်
အပ်၊ လွန်မြင့်မြတ်ကုန်၏။ တီဟိ၊ရေတွက်ပိုင်းခြား သ
ရုပ်အားဖြင့်။ သုံးပါးတို့ဟူသည်၊ကတမေဟိ။ အဘယ်
သည်တို့နည်း ဟူမူကား။သူရာ၊ ကုသိုလ်တရားတို့၌၊ထင်
ထင် လျှားလျှား ရဲရဲဝံ့ဝံ့ အသင့်ပြုနိုင်ခြင်း၎င်း။ သတိ
မန္တော၊ရတနာသုံးပါးရဲ့ ဂုဏ်ကို၊ ယုံကြည်အားထား
သော စိတ်ရှိခြင်း၎င်း၊ ဣဓဗြဟ္မစရိယာဝါသော၊ ဤ
ဘုရားသာသနာတော်၌၊ ရဟန်းသာမဏေ၊ ခြွေရွေတ
သင်း၊ သီတင်းသုံးခြင်းနှင့် မွေ့လျော်နိုင်ခြင်း၎င်း။ ဣ
တိ။ဤသို့။ဣမေဟိတီဟိဌာနေဟိ၊ ဤသုံးပါးသော အ
ကြောင်းတို့ဖြင့်။အဘိဂဏှန္တိ၊ လွှမ်းမိုးကဲချွန် သာလွန်
မြင့်မြတ်ကုန်၏။ ဤသို့ ဟောတော်မူသော ကြောင့်၊
မြောက်ကျွန်းနှင့်တာဝတိံသာနတ်တို့ထက် ကုသိုလ်တ
ရားတို့ကို ရဲရင့်စွာ ပြုဝန့်ခြင်းတပါး။ ရတနာသုံးပါး
ကိုအဟုတ်ယုံကြည်အားထား ခြင်းတပါး။ ရဟန်းရှင်
သာမဏေအဖြစ်ဖြင့်၊ပြုလုပ်နေထိုင်ခြင်းတပါး။၎င်းအ

မြတ် သုံးပါးတို့ဖြင့်၊ အမြဲတန်း သာလွန်လျက် ရှိနေပေသည်။

မေး။ လေးကျွန်းသားတို့၏ အသက်အပိုင်းအခြားကိုပြောပြပါ။

ဖြေ။ အရှေ့ကျွန်းသားတို့၏ အသက်–၇၀၀၊ အနောက်ကျွန်းသားတို့၏ အသက်–၅၀၀၊ မြောက်ကျွန်းသားတို့၏အသက်–၁၀၀၀။ တောင်ကျွန်း သားတို့မှာ တိုးတခါ ဆုတ်တလှည့်ဖြစ်ခြင်းကြောင့် အမှန်မရှိပါ။

မေး။ တောင်ကျွန်းသားတို့ တိုးတဲ့အခါ....ဘယ်လောက် အသက်ရှည်၍ ဆုတ်တဲ့အခါ....ဘယ်လောက် အသက်တိုပါသလဲ။

ဖြေ။ တိုးတဲ့အခါ - အသင်္ချေယျ။ မရေမတွက်နိုင်အောင် တိုး၍၊ ဆုတ်တဲ့အခါ ဆယ်နှစ်သာ နေကြရပါသည်။

မေး။ ဘာဖြစ်လို့ အသင်္ချေယျ တိုင်အောင်နေရပါသလဲ။

ဖြေ။ ညီညာဖြဖြ––တရားစောင့်ကြသောကြောင့် အသင်္ချေယျ၊ မရေမတွက်နိုင်အောင် အသက်ရှည်ပါတယ်။

မေး။ ဘာဖြစ်လို့ ဆယ်နှစ်ကျအောင် အသက်တိုရပါသလဲ။

ဖြေ။ ကုသိုလ်တရားတို့ကို ပြစ်ပယ်၍၊ အကုသိုလ်တရားတို့ကိုလိုက်စားကြခြင်းကြောင့် ဆယ်နှစ်သို့--ကျ အောင် အသက်တိုရပါသည်။

မေး။ စာတုမဟာရာဇ် နတ်ပြည်၏ အဓိပ္ပါယ်ကို ပြောပြပါ၊

ဖြေ။ လေးပါးသောနတ်မင်းကြီးတို့၏နေရာဌာနကို စာတုမဟာရာဇ်နတ်ပြည်လို့ခေါ်ပါတယ်။

မေး။ နတ်မင်းကြီးလေးပါးကို ရေတွက်၍ ပြပါ။

. ဖြေ။ ဓတရဋ္ဌ နတ်မင်းကြီး။ ဝိရူဠှက နတ်မင်းကြီး။ ဝိရူပက္ခနတ်မင်းကြီး။ ကုဝေရနတ်မင်းကြီး။ ၎င်းလေးပါးဖြစ်ပါတယ်

မေး ။ဓတရဋ္ဌ နတ်မင်းကြီး၏ နေပုံနှင့် စည်းစိမ်ချမ်းသာကို ပြောပြပါ။

ဖြေ။ မြင့်မိုရ် တောင်၏ အရှေ့ ဘက်ယုဂန္ဓိုရ် တောင်ထိပ်တွင် အလျား,အနံယူဇနာ တထောင်စီရှိသောနတ်မြို့ကြီး၊ ထိုနတ်မြို့ကြီး အတွင်း အလျားအနံ (၂၅) ယူဇနာရှိ ငွေအတိပြီးသော၊ ပြသာဒ်ဗိမာန်ကြီးတွင် အသီးအသီးသောအသုံးအဆောင်အခြွေအရံပြည့်စုံစွာနှင့်စံစားရပါတယ်။

မေး။ ဝိရူဠှက၊ဝိရူပက္ခ၊ ကုဝေရ နတ်မင်းကြီးတို့ကိုပြောပြပါ။

ဖြေ။ ဝိရူဠှကနတ်မင်းကြီးမှာ မြင့်မိုရ်တောင်၏ တောင်ဘက်၊ဝိရူပက္ခနတ်မင်းကြီးမှာမြင့်မိုရ်တောင်၏

အနောက်ဘက်၊ ကုဝေရ....နတ်မင်းကြီးမှာ-မြင့်မိုရ်တောင်၏မြောက်ဘက်။ ဤသို့သာ ခြားနားပါသည်။ စည်းစိမ်ချမ်းသာအခြွေအရံတို့မှာ အတူတူပင် ဖြစ်ပါတယ်။

မေး။ စာတုမဟာရာဇ် နတ်သက်ကို ပြောပြပါ။

ဖြေ။ စာတုမဟာရာဇ် နတ်သက် ငါးရာ ရှိပါတယ်။

မေး။ လူသက်,နှင့် နတ်,သက်ကွာခြားပုံကိုပြောပြပါ၊

ဖြေ။ ရက်,လ,နှစ်,ရေတွက်ပုံချင်း အတူတူဖြစ်ပါတယ်။ သို့ရာတွင် လူတို့၏အသက် အနှစ် ငါးဆယ်သည်။ စာတုမဟာရာဇ်နတ်ပြည်မှာ။ တရက်သာဖြစ်ပါတယ်။

အဲဒီရက်ပေါင်း သုံးဆယ်တလ၊ ဆဲ့နှစ်လ တနှစ်၊ နှစ်ပေါင်းငါးရာဟာ စာတုမဟာရာဇ် နတ်သက် ဖြစ်ပါတယ်။

မေး။ တာဝတိံသာ နတ် ပြည် ခေါ် ခြင်း ၏အကြောင်းကိုပြောပြပါ။

ဖြေ။ မာဃလုလင်နှင့်တကွ သုံးကျိပ် သုံးယောက်သောသူတို့၏ နေရာဌာနဖြစ်ခြင်းကြောင့်၊ တာဝတိံသာလို့ခေါ်ပါတယ်။

မေး။ တာဝတိံသာနတ်သက်ကို ပြောပြပါ။

ဖြေ။ လူတို့၏ အသက်တရာ သည်၊ တာဝတိံသာမှာတရက်ဖြစ်ပါတယ်၊ ထိုရက်,လ,နှစ်, အားဖြင့်အနှစ် ၁၀၀၀နေရပါသည်။

မေး။ ယာမာနတ်၏ အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ ဒုက္ခတော ယာတာအပဂတာတိယာမာ။

ယေ၊အကြင် ယာမာဘုံသား၊နတ်အများတို့သည်။ ဒုက္ခတော၊ဆင်းရဲငြိုငြင်ပင်ပန်းခြင်းမှ။ ယာတာအပဂတာ၊ ဝေးစွာရှင်းရှင်း လွတ်ကင်းကြကုန်၏။ ဣတိ၊ ထို့ကြောင့်။တေ၊ ထိုယာမာ ဘုံသား၊ နတ်အ များတို့သည်။ ယာမာ၊ ယာမာမည်ကုန်၏။ ဤသို့သော ဝစနတ္ထနှင့်အညီ အလီလီဆင်းရဲငြိုငြင်ခြင်း ဘေးဒုက္ခမှ၊ ကင်းဝေးသည်၏အဖြစ်ကြောင့်။ယာမာဘုံယာမာနတ်ဟုခေါ်ပါတယ်။

မေး။ ယာမာနတ်ဘုံ၏ အသက်ကိုပြောပြပါ။

ဖြေ။ လူတို့၏ အရေအတွက်အားဖြင့်အနှစ် ၂၀၀ သည်၊ ယာမာနတ်ပြည်မှာ တရက်သာ ဖြစ်ပါတယ်။ ၎င်းရက်,လ,နှစ်,အားဖြင့် ယာမာနတ်သက်၂၀၀၀ ဖြစ်ပါတယ်။

မေး။ တုသိတာဆိုတဲ့ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ မိမိတို့၏ အသရေရှိပ်ငြိမ် နတ်စည်းစိမ်တို့ဖြင့်၊ နှစ်သက်မြတ်နိုး ပြည့်ဖြိုးခြင်းသို့ ရောက်သည့် အတွက် တုသိတာဟုခေါ်ပါတယ်။

မေး။ တုသိတာ နတ်သက်ကိုပြောပြပါ။

ဖြေ။ လူတို့၏အရေအတွက် အားဖြင့်အနှစ် ၄၀၀ သည်။ တုသိတာနတ်ပြည်မှာ တရက် ဖြစ်ပါသည်။ ထိုရက်,လ,နှစ်အားဖြင့် တုသိတာ နတ်သက် ၄၀၀၀ဖြစ်ပါတယ်။

မေး။ နိမ္မာနရတိဆိုတဲ့ အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ နိမ္မာနေရတိ တေသန္တိ နိ မ္မာ နရတိနော။ နိမ္မာနေ၊ စိတ်အားလျော်စွာ၊ ပျော်ရွှင် ရာမှန်၊ မိမိဖန်ဆင်းအပ်သော ဘုံဗိမာန်၌။ ရတိ၊ မြူးထူးရွှင်ပျော်မွေ့လျော်ခြင်းသည်။ တေသံ၊ ထိုနတ်တို့အား။ အတ္ထိ၊ထင်ရှားပကတိ အမှန်ရှိ၏။ ဣတိ၊ ထို့ကြောင့်။ နိမ္မာနရတိနော၊ နိမ္မာနရတိ နတ်မည် ကုန်၏။ ဤသို့သော ဝစနတ္ထနှင့်အညီ၊ မိမိတို့ အလိုရှိတိုင်း သောဘုံဗိမာန်တို့ကိုဖန်ဆင်း၍ဝမ်းမြောက်ရွှင်လန်းစွာ ပျော်ရွှင် နေထိုင်သော သတ္တဝါကြောင့်၊ နိမ္မာနရတိနတ်ပြည်ဟု ခေါ်ပါတယ်။

မေး။ နိမ္မာနရတိ နတ်သက်ကိုပြောပြပါ။

ဖြေ။ တာဝတိံသာကစ၍လူတဆ,နတ်တဆတက်သောအားဖြင့် နိမ္မာနရတိ နတ်သက်–၈၀၀၀ ဖြစ်ပါတယ်၊

မေး။ ပရနိမ္မိတ ဝသဝတ္တီဆိုတဲ့ အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ ပရနိမ္မိတေသု ဘောဂေသု အတ္တနော ဝသံ ဝတ္တေန္တီတိ ပရနိမ္မိတ ဝသဝတ္တိနော။

ပရနိမ္မိတေသု၊ သူတပါးတို့သည် ဖန်ဆင်းအပ်ကုန်သော။ဘောဂေသု၊ စည်းစိမ်ရတနာ ချမ်းသာမျိုးတို့၌။အတ္တနော၊ မိမိ၏၊ ဝသံ၊အလိုရှိတိုင်းသော အဖြစ်သို့။ ဝတ္တေန္တိ၊ ဖြစ်စေတတ်ကုန်၏၊ဣတိ၊ထို့ကြောင့်။ ပရနိမ္မိတ ဝသဝတ္တိနော၊ ပနိမ္မိတ ဝသဝတ္တီ နတ်တို့မည်ကုန်၏။ဤသို့သော ဝစနတ္ထနှင့်အညီ သူတပါးတို့သည် ဖန်ဆင်းပြုပြင် စီရင်၍ ထားအပ်သော အခြွေအရံဘုံဗိမာန် စသည်တို့ကို မိမိတို့အလိုသို့ လိုက်စေတတ် ပါစေတတ် မိမိအလိုရှိတိုင်း ပြည့်စုံ စေတတ်သော သတ္တိကြောင့်။ပရနိမ္မိတဝသဝတ္တီ လို့ခေါ်ပါတယ်။

မေး။ ပရနိမ္မိတ ဝသဝတ္တီ နတ် သက် ကို ပြောပြပါ။

ဖြေ။ ပရနိမ္မိတ ဝသဝတ္တီနတ်သက် ၁၆၀၀၀ ဖြစ်ပါတယ်။

မေး။ ဗြဟ္မာ ပြည်တို့ တွင် ဗြဟ္မပါရိ သဇ္ဇာ ခေါ်ခြင်း၏ အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ မဟာဗြဟ္မာနံ ပါရိ စာရိကတ္တာ တေသံ ပရိသတိ ဘဝါတိ ဗြဟ္မပါရိသဇ္ဇာ။

မဟာဗြဟ္မာနံ၊ မြတ်သော ဗြဟ္မာမင်းကြီး တို့၏။ ပါရိစာရိကတ္တာ၊ အလုပ်အကျွေး အဖြစ်ကြောင့်။တေသံ၊ ထိုဗြဟ္မာမင်းကြီး တို့၏။ ပရိသတိ၊ ပရိသာတ်၌။

ဘဝါ၊ ဖြစ်ကုန်၏၊ ဇာတိ၊ ထို့ ကြောင့်။ ဗြဟ္မ ပါရိသဇ္ဇာ၊ဗြဟ္မပါရိသဇ္ဇာ မည်ကုန်၏။ ဤ သို့သော ဝစနတ္ထနှင့်အညီ မြတ်သော ဗြဟ္မာမင်းကြီးတို့၏ အလုပ်အကျွေး ပရိသတ်၌ ဖြစ် ခြင်း ကြောင့်၊ 'ဗြဟ္မပါရိသဇ္ဇာလို့ ခေါ်ပါတယ်။

မေး။ ထိုဗြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်သောဗြဟ္မာ တို့၏ အသက်ကိုပြောပြပါ။

ဖြေ။ အသင်္ချေယျကပ် သုံးစု,စု၍တစုအသက်ရှည်ပါတယ်။

မေး။ ဗြဟ္မ ပုရောဟိတာ ခေါ်ခြင်း၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ တေသံ ပုရောဟိတဋ္ဌာနေ ဌိတတ္တာဗြဟ္မပုရောဟိတာ။

တေသံ၊ ထိုဗြဟ္မာ မင်းကြီးတို့၏၊ ပုရောဟိတဋ္ဌာနေ၊ပုရောဟိတ် မင်းတိုင်ပင် အမတ်အရာ၌။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ ဗြဟ္မပုရောဟိတာ၊ ဗြဟ္မပုရောဟိတ်မည်ကုန်၏။ဟူသော ဝစနတ္ထနှင့်အညီဗြဟ္မာမင်းကြီးတို့၏ ရှေ့တော်ပြေး၊ တိုင်ပင်အပ်သောဗြဟ္မာဖြစ်ခြင်းကြောင့် ဗြဟ္မ ပုရောဟိတ်လို့ ခေါ်ပါတယ်။

မေး။ ထိုဗြဟ္မာတို့၏ အသက်ကိုပြောပြပါ။

ဖြေ။ အသင်္ချေယျ ကပ်၏ ထက်ဝက် အသက် ရှည်ပါတယ်။

မေး။ မဟာပြဟ္မာ ခေါ်ခြင်း၏အဓိပ္ပါယ်ကိုပြော ပြပါ။

ဖြေ။ မဟန္တာ ပြဟ္မာနော မဟာပြဟ္မာနော။ မဟန္တာ၊ကြီးကုန်သော။ ပြဟ္မာနော၊ပြဟ္မာတို့တည်း။ မဟာပြဟ္မာနော၊ ကြီးကုန်သော ပြဟ္မာတို့။ ဟူသော ဝစနတ္ထနှင့်အညီ ပြဟ္မ ပါရိသဇ္ဇာ ပြဟ္မ ပုရောဟိတာ၊ ပြဟ္မာတို့ထက်'' အသက်' အဆင်း' အရောင်'အဝါ'' ချမ်းသာ'' စည်းစိမ်မှစ၍၊ ကြီးမြတ်သည်၏ အဖြစ် ကြောင့်၊မဟာပြဟ္မာလို့ ခေါ်ပါတယ်။

မေး။ မဟာပြဟ္မာ တို့၏ အသက်ကို ပြောပြပါ။

ဖြေ။ အသင်္ချေယျကပ် တကပ်လုံး အသက်ရှည်ပါ တယ်။

မေး။ ၎င်းသုံးဘုံ၌ ဖြစ်သော ပြဟ္မာတို့ဟာ လူ့ ပြည် လူ့ရွာ နေစဉ်အခါက၊ ဘယ်တရားများကိုအား ထုတ်ခဲ့ပါသလဲ၊

ဖြေ။ ပဥ္စမရျာန် သုံးဘုံသို့ ရောက်ကြောင်းဖြစ်တဲ့ ကသိုဏ်းဆယ်ပါး၊အသုဘဆယ်ပါး၊ကာယဂတာသတိ အာနာပါနာ သတိ ဟူသောအနုဿတိ တရားနှစ်ပါး၊ မေတ္တာ'ကရုဏာ'မုဒိတာဟုဆိုအပ်သော'ပြဟ္မဝိဟာ ရတရားသုံးပါး၊ ဤနှစ်ဆယ်ငါးပါးသော ကမ္မဋ္ဌာန်း ကို အားထုတ်ခြင်းကြောင့် ပြဟ္မာ ပြည်သို့ ရောက်ရ ပါသည်။

မေး၊ နှစ်ဆယ့်ငါးပါးစလုံးကို အားထုတ်မှရောက်နိုင်သလား၊ သို့မဟုတ် တပါးပါးကို အားထုတ်ပါက ရောက်နိုင်ပါသလား။

ဖြေ။ နှစ်ဆယ့်ငါးပါးစလုံးကိုအားထုတ်မှ မဟုတ်ပါ၊ မိမိတို့နှစ်သက်ရာ တပါးပါးသော တရားကိုအားထုတ်ပါက၊ ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသောပဉ္စမဈာန်ဘုံသို့ရောက်ပါတယ်။

မေး။ ပဉ္စမဈာန်ဘုံသို့ ရောက်သောဗြဟ္မာတို့သည်။ ဘယ်နီဝရဏ တရားကို ငြိမ်းစေပါသလဲ။

ဖြေ။ အာရုံ၌ တွန့်တတ်သော၊ ထိနမိဒ္ဓနီဝရဏ၊ အာရုံ၌၊ယုံမှားသော ဝိစိကိစ္ဆာ နီဝရဏ၊ အာရုံ၌လွန်ကျူးပြစ်မှားတတ်သော ဗျာပါဒ နီဝရဏ၊ အာရုံ၌ ပူပန်စိုးရိမ်တတ်သော ဥဒ္ဓစ္စ,ကုက္ကုစ္စ,နီဝရဏ၊ အာရုံ၌ လျှပ်ပေါ် လော်လီတတ်သော ကာမစ္ဆန္ဒနီဝရဏ တရားငါးပါးတို့ကို ဝိက္ခမ္ဘန ပဟာန် အား,ဖြင့် ပယ်ဖျက်လျက်၊၊ မဟဂ္ဂုတ်ကုသိုလ်ဟု ဆိုအပ်သော ဈာန်ချမ်းသာဖြင့် ပျော်ရွှင်စွာ စံစား၍ နေကြရပါတယ်။

မေး။ ပရိတ္တာဘာ ခေါ်ခြင်း၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ဥပရိမေဟိ ပရိတ္တာ အာဘာ တေ သန္တိ ပရိတ္တာဘာ။

တေသံ၊ ထိုဗြဟ္မာတို့အား။ ဥပရိမေဟိ၊ အထက်အထက်ဖြစ်သော ဗြဟ္မာတို့အောက်။ ပရိတ္တာ၊ နည်း

သော။အာဘာ၊အရောင်အဝါသည်။ အတ္ထို၊ရှိ၏။ ဣတိ ထို့ကြောင့်၊ ပရိတ္တာ ဘာ၊ ပရိတ္တာဘာ မည်၏။ ဟူ သော ဝစနတ္ထ နှင့်အညီ အ ထက် ဖြစ်သော ဗြဟ္မာ တို့ အောက် နည်း သော အ ရောင် အဝါ ရှိသည့် အတွက် ပရိတ္တာဘာလို့ခေါ်ပါတယ်။

မေး။ အပ္ပမာဏာဘာ ခေါ်ခြင်း၏ အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ အပ္ပမာဏာ အာဘာ ဧတေသန္တိ အပ္ပမာ ဏာဘာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။အပ္ပမာဏာ၊ အတိုင်း အရှည်မရှိသော၊ အာဘာ၊ အရောင်သည်။အတ္ထို၊ရှိ၏။ ဣတိ၊ထို့ကြောင့်။ အပ္ပမာဏာဘာ၊ အပ္ပမာဏာဘာ မည်ကုန်၏၊ ဟူသော ဝစနတ္ထနှင့်အညီ၊ အတိုင်းအရှည် မရှိသောကိုယ်ရောင်ကိုဝါ ရှိသည်၏၊ အဖြစ်ကြောင့် အပ္ပမာဏာဘာလို့ခေါ်ပါတယ်။

မေး။ အာဘဿရခေါ်ခြင်း၏အဓိပ္ပါယ်ကိုပြော ပြပါ။

ဖြေ။ ဝလာဟကတော ဝိဇ္ဇုဝိယဣတောစိတော စ အာဘာ သရတိ နိဿရတိဧတေသံ သဗ္ဗိတိကဗျာန နိဇ္ဇတ္တကွန္တ သန္တာနတ္တာတိ အာဘဿရာ၊

ဝိဇ္ဇု၊လျှပ်ပန်းနွယ်သည်၊ ဝလာဟကတော၊ တိမ် ဖြာတိမ်ထပ်၊တိမ်လွှာချပ်မှ။ နိက္ခမ၊ထွက်လတ်၍။ ဣ တောစိတောစ၊ဤမည်ဤမည်သော အရပ်ဌာန တို့မှ

လည်း။ သရတိ နိသရတိပိယ၊ နီထွေးရောင်ဝါ၊ ထွက်
ပေါ်လာသကဲ့သို့။ တထာ၊ ထို့အတူ။ သပ္ပီတိကဈာန
နီဗ္ဗတ္တကွန္ဓ သန္တာနတ္တာ။ ပီတိလွှမ်းခြုံ၊ ဈာန်အဟုန်
ဖြင့်၊ လုံးစုံခန္ဓာ၊ ကြည်လင်စွာဖြစ်ခြင်းကြောင့်။ ဓေတ
သံ၊ ထိုဗြဟ္မာတို့၏။ အာဘာ၊ ညီးထိန်ဝင်းပြောင် ကိုယ်
အရောင်သည်။ သရီရတော ကိုယ်မှ။ နိက္ခမ၊ ထွက်၍။
ဣတောစိတောစ၊ ဤမည်ဤမည်သော အရပ်ဌာန တို့
မှလည်း။ သရတိနိသရတိ၊ နီထွေးရောင်ဝါ၊ ထွက်ပေါ်
လာ၏။ ဣတိ၊ ထို့ကြောင့်၊ အာဘဿရာ၊ အာဘဿရာ
မည်ကုန်၏။ ဟူသောဝစနတ္ထနှင့်အညီ။ အထူးထူးသော
ကိုယ်ရောင်ကိုယ်ဝါသည်၊ အဖြာဖြာ ထွက်ပေါ်နေခြင်း
ကြောင့်။ အာဘဿရာလို့ ခေါ်ပါတယ်။

မေး။ ထိုဒုတိယဈာန်သုံးဘုံသို့ရောက်ကြောင်း တ
ရားကိုပြောပြပါ။

ဖြေ။ ထိုဒုတိယဈာန်သုံးဘုံသို့ရောက်ကြောင်းတ
ရားမှာကသိုဏ်းဆယ်ပါး။ အာနာပါနဿတိ တပါး။
မေတ္တာ, ကရုဏာ, မုဒိတာ, အားဖြင့် ဗြဟ္မဝိဟာရ တ
ရားသုံးပါး။ ဤတဆဲ့လေးပါးသော တရား တို့တွင်
မိမိနှစ်သက်ရာ တပါးပါးကို အားထုတ်သဖြင့် ရောက်
နိုင်, ရနိုင်ပါသည်။

မေး။ ပရိတ္တာသုဘာခေါ်ခြင်း၏အဓိပ္ပါယ်ကိုပြော
ပြပါ။

ဖြေ။ ဥပရိမြဟ္မေဟိပရိတ္တာသုဘာဒေဝေသနွိ....ပရိတ္တသုဘာ။

ဒေဝေသံ၊ ထိုဗြဟ္မာတို့အား။ ဥပရိ ဗြဟ္မေဟိ၊ အထက်ဖြစ်သောဗြဟ္မာတို့အောက်၊ပရိတ္တာ၊နည်းသော။ သုဘာ၊ကောင်းမြတ်တင့်တယ်သော ကိုယ်ရောင်သည်။ အတ္ထိ၊ရှိ၏။ဣတိ၊ထို့ကြောင့်။ပရိတ္တသုဘာ၊ပရိတ္တ သုဘာမည်၏။ဟူသောဝစနတ္ထနှင့်အညီအထက်ဖြစ်သော ဗြဟ္မာတို့အောက်၊ နည်းသော ကိုယ်ရောင် ကိုယ်ဝါတို့ဖြင့်တခဲ နက် တင့်တယ်သော အရောင် အဝါ ရှိခြင်းကြောင့်ပရိတ္တသုဘာလို့ ခေါ်ပါတယ်။

မေး။ အပ္ပမာဏသုဘာ၊ ခေါ်ခြင်း၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ အပ္ပမာဏ သုဘာဒေဝေသနွိ အပ္ပမာဏ သုဘာ။

ဒေဝေသံ၊ထိုဗြဟ္မာတို့အား။ အပ္ပမာဏာ၊ အတိုင်းအရှည်မရှိသော။သုဘာ၊ တင့်တယ်ကောင်းမြတ်သော ကိုယ်ရောင်သည်။အတ္ထိ၊ရှိ၏။ဣတိ၊ထို့ကြောင့်အပ္ပမာဏသုဘာ၊အပ္ပမာဏသုဘာမည်ကုန်၏။ ဟူသော ဝစနတ္ထနှင့်အညီအတိုင်းအရှည်မရှိ ကောင်းမြတ်တင့်တယ်ရူချင်ဘွယ်သော ကိုယ်ရောင် ကိုယ်ဝါ ရှိခြင်းကြောင့်အပ္ပမာဏသုဘာလို့ ခေါ်ပါတယ်။

မေး။ သုဘကိဏှာခေါ်ခြင်း၏အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ပဘာသမုစ္စယသန္ဒါတေဟိသုဘေဟိကိဏ္ဏာ အာကိဏ္ဏာတိ သုဘကိဏှာ။

ပဘာ သမုစ္စယသန္ဒါတေဟိ၊ အရောင်အဝါတို့၏စုဝေးရာဟု ဆိုအပ်ကုန်သော။ သုဘေဟိ၊ တင့်တယ်ကောင်းမြတ်သော ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့်။ ကိဏ္ဏာ အာကိဏ္ဏာ၊ ထက်ဝန်းကျင် ပြွမ်းကုန်သည် တို့တည်း။ ဣတိ၊ ထို့ကြောင့်။ သုဘကိဏှာ သုဘကိဏှာမည်ကုန်၏။ ဟူသော ဝစနတ္ထနှင့်အညီ တင့်တယ်ကောင်း မြတ်သော။ အရောင်အဝါတို့သည် ထက်ဝန်းကျင်အရပ်ရှစ်မျက်နှာ အဖြာဖြာ တို့မှ စုရုံး ထွန်းတောက် သော ကိုယ်ရောင်ကိုယ်ဝါတို့နှင့်ပြည့်စုံသောကြောင့်သုဘကိဏှာလို့ခေါ်ပါတယ်။

မေး။ ထိုတတိယဈာန်သုံးဘုံသို့ရောက်ကြောင်းတရားကိုပြောပြပါ။

ဖြေ။ ထိုတတိယဈာန်သုံးဘုံသို့ရောက်ကြောင်းတရားမှာ။ ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိတပါး၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဟုဆိုအပ်သော ဗြဟ္မဝိဟာရတရားသုံးပါး။ ပေါင်း (၁၄) ပါးသောတရားတို့တွင် နှစ်သက်ရာ တပါးပါးကိုအားထုတ်စီးဖြန်းသဖြင့် ရောက်နိုင်ပါတယ်။

မေး။ ဝေပ္ဖိုလ် ခေါ်ခြင်း၏ အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ ဈာနပဉ္စကာဝနိဒ္ဒေသ်ဝိပုလံ ဖလမေတေသန္တိ ဝေဟပ္ဖလာ။

တေသံ၊ ထိုဗြဟ္မာတို့အား။ ဈာနပဉ္စကာဝ နိဒ္ဒေသ်၊ ဈာန်၏ အာနုဘော်ကြောင့် ဖြစ်သော။ ဝိပုလံ၊ ပြန့်ပြောသော။ ဖလံ၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုဗြဟ္မာတို့သည်။ ဝေဟပ္ဖလာ၊ ဝေဟပ္ဖိုလ်မည်ကုန်၏။ ဟူသောဝစနတ္ထနှင့် အညီ၊ ဈာန်ကြောင့်ဖြစ်သော ပြန့်ပြော ကြီးကျယ်သည့် အကျိုးရှိခြင်းကြောင့် ဝေဟပ္ဖိုလ်လို့ ခေါ်ပါတယ်။

မေး။ ဝေဟပ္ဖိုလ် ဘုံသို့ရောက်ကြောင်း တရားကိုပြောပြပါ။

ဖြေ။ ဝေဟပ္ဖိုလ်ဘုံသို့ ရောက်ကြောင်း တရားမှာ၊ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ တပါး၊ ဥပေက္ခာဆိုတဲ့ဗြဟ္မဝိဟာရတရားတပါး၊အားဖြင့် တဆဲ့နှစ်ပါးသောတရားတို့တွင်နှစ်သက်ရာ တပါးပါးကိုပွါးများ အားထုတ်သဖြင့် ရောက်နိုင်ပါသည်။

မေး။ အသညသတ်ဖေါ်ခြင်း၏အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ သညာဖြင့် မှတ်အပ်သော နာမက္ခန္ဓာလေးပါးတို့မှကင်းသော၊ကေဝေါကရ ဗြဟ္မာတို့နေရာ သုဂတိအဟိတ်ဘုံဖြစ်ခြင်းကြောင့်၊အသညသတ်ဘုံလို့ ခေါ်ပါတယ်။

မေး။ ထိုအသညသတ်ဘုံသို့ရောက်အောင်ဘယ် အကျင့်များကိုကျင့်ပါသလဲ။

ဖြေ။ သာသနာခေတ်မှအပဖြစ်သော တပါးသော အယူအကျင့်ရှိသည့်တိတ္ထိတို့ထံ၌ ဆည်းကပ်ပြီးလျှင်၊(မိ စိတ္တုံဝိနာမံ)စသည်တို့ဖြင့် နာမက္ခန္ဓာ တရားတို့ကို တပ်ခြင်းကင်းအောင်စီးဖြန်း အားထုတ်သဖြင့်အသညသတ်ဘုံသို့ရောက်နိုင်ပါသည်။

မေး။ အဝိဟာခေါ်ဆိုခြင်း၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ပဌမတလ ဝါသိနော အပ္ပကေန ကာလေန အတ္တနော ဌာနံ နပိဇဟန္တီတိ အဝိဟာ။

ပဌမတလ ဝါသိနော၊ ပဌမအပြင်၌--နေလေ့ရှိသော ဗြဟ္မာတို့သည်။ အပ္ပကေန၊ အနည်းငယ်သော။ ကာလေန၊ ကာလဖြင့်။ အတ္တနော၊မိမိ၏။ဌာနံ....၊ နေရာကို၊ နပိဇဟန္တိ၊ မစွန့်ကုန်။ဣတိ၊ ထို့ကြောင့်၊ အဝိဟာ၊ အဝိဟာမည်ကုန်၏။- ဟူသော ဝစနတ္ထနှင့် အညီ၊ မိမိတို့နေရာကို၊ တခဏမျှ စွန့်ပစ်ခြင်း မရှိသည့် အတွက်၊ အဝိဟာလို့ခေါ်ပါတယ်။

မေး။ အတပ္ပါခေါ်ခြင်း၏အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ဒုတိယ တလဝါသိနော,နကေနစိတပ္ပေန္တီတိ အတပ္ပါ။

ဒုတိယ တလဝါသိနော၊ ဒုတိယအပြင်၌ နေလေ့ရှိကုန်သော ဗြဟ္မာတို့သည်။ •ကေနစိ၊ တစုံတခုသော

အကြောင်းဖြင့်၊ နတပ္ပေန္တိ၊ မကြောင့်ကြ,မပူပန်တတ်ကုန်။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုဗြဟ္မာတို့သည်။.... အတပ္ပါ၊ အတပ္ပါမည်ကုန်၏။.... ဟူသောဝစနတ္ထနှင့်အညီ။ တစုံတခုသောအကြောင်းကြောင့်မျှ ပူပန်စိုးရိမ်ခြင်းသဘော မရှိသည့်အတွက် အတပ္ပါလို့ခေါ်ပါတယ်။

မေး။ သုဒဿာခေါ်ခြင်း၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ တတိယ တလဝါသီနော၊ ပရမသုန္ဒရ ရူပကတ္တာ သုခေန ဒိဿန္တီတိ သုဒဿာ။

တတိယ တလဝါသီနော၊ တတိယအပြင်၌နေလေ့ရှိကုန်သော ဗြဟ္မာတို့သည်။ ပရမ သုန္ဒရ ရူပကတ္တာ၊ ကောင်းမြတ်တင့်တယ်သော အဆင်းသဏ္ဌာန်ရှိသည်၏အဖြစ်ကြောင့်။ သုခေန၊ ချမ်းသာသဖြင့်။.... ဒိဿန္တိ၊ ရူတတ်ကုန်။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုဗြဟ္မာတို့သည်။ သုဒဿာ၊ သုဒဿာမည်ကုန်၏။ ဟူသော ဝစနတ္ထနှင့်အညီ။ ကောင်းမြတ်တင့်တယ်သော အဆင်းတို့ဖြင့်--၊ ဝမ်းသာစွာ ရူတတ်သည်၏ အဖြစ်ကြောင့်၊ သုဒဿာရယ်လို့ခေါ်ပါတယ်။

မေး။ သုဒဿီခေါ်ခြင်း၏အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ စတုတ္ထ တလဝါသီနော သုပရိသုဒ္ဓ ဒဿနတ္တာ သုခေန ပဿန္တီတိ သုဒဿီနော။

စတုတ္ထ တလဝါသီနော။ စတုတ္ထအပြင်၌ နေလေ့ရှိကုန်သော ဗြဟ္မာတို့သည်။ သုပရိသုဒ္ဓ ဒဿနတ္တာ၊

အလွန်စင်ကြယ်သော မျက်စိအမြင်ရှိသည်၏ --အဖြစ်ကြောင့်။သုခေနု၊ချမ်းသာသဖြင့်။ ပဿန္တိ၊ မြင်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ၊ထိုဗြဟ္မာတို့သည်။ သုဒဿီနော၊သုဒဿီ မည်ကုန်၏။ဟူသောဝစနတ္ထနှင့်အညီ။အလွန်ကြည်လင်သန့်ရှင်းသော မျက်စိဖြင့်၊ ချမ်းသာစွာ မြင်တတ်သည်၏ အဖြစ်ကြောင့် သုဒဿီလို့ခေါ်ပါတယ်။

မေး။ အကနိဋ္ဌခေါ်ခြင်း၏ အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ ပဉ္စမ တလဝါသိနောပန ဥက္ကဋ္ဌ သမ္ပတ္တိကတ္တာ နတ္ထိတေသံ ကနိဋ္ဌဘာဝေါတိအကနိဋ္ဌာ။

ပဉ္စမ တလဝါသိနောပန၊ ပဉ္စမအပြင်၌ နေလေ့ရှိကုန်သော ဗြဟ္မာတို့သည်ကား။ဥက္ကဋ္ဌ သမ္ပတ္တိကတ္တာ၊ အောက်၌ ဖြစ်သော သုဒ္ဓါဝါသ ဗြဟ္မာတို့ထက် ကဲလွန်သော တင့်တယ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ တေသံ၊ထိုဗြဟ္မာတို့အား။ ကနိဋ္ဌဘာဝေါ၊ အောက်ဗြဟ္မာတို့ထက် ငယ်သော ကိုယ်အဖြစ်သည် နတ္ထိ၊မရှိ။ ဣတိ၊ ထို့ကြောင့်။တေ၊ ထိုဗြဟ္မာတို့သည်။ အကနိဋ္ဌာ၊ အကနိဋ္ဌ မည်ကုန်၏။ ဟူသောဝစနတ္ထနှင့်အညီ၊သုဒ္ဓါဝါသဘုံတွင် အလုံးစုံသော ဗြဟ္မာတို့ထက် ကြီးကဲသာလွန်သည်၏ အဖြစ်ကြောင့် အကနိဋ္ဌလို့ခေါ်ပါတယ်၊

မေး။ သုဒ္ဓါဝါသခေါ်ခြင်း၏အဓိပ္ပါယ်ကို၊ပြောပြပါ။

ဖြေ။ သုဒ္ဓါနံ့ အနာဂါမိ အရဟန္တာနမေဝ အာဝါသာတိ သုဒ္ဓါဝါသာ။

သုဒ္ဓါနံ့ စင်ကြယ်ကုန်သော။ အနာဂါမိ အရဟန္တာနမေဝ၊ အနာဂါမိ ရဟန္တာတို့၏ သာလျှင်။ အာဝါသာ၊ နေရာတို့တည်း။ ဣတိ၊ ထို့ကြောင့်၊ သုဒ္ဓါဝါသာ၊ သုဒ္ဓါဝါသမည်ကုန်၏၊ ဟူသော ဝစနတ္ထနှင့်အညီ၊ စင်ကြယ် သန့်ရှင်းသော အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်တို့၏၊ နေရာဖြစ်သောကြောင့်၊ သုဒ္ဓါဝါသလို့ ခေါ်ပါတယ်။

မေး။ ထိုသုဒ္ဓါဝါသ ဘုံသို့ရောက်ကြောင်း တရားကိုပြောပြပါ ၊

ဖြေ။ ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ တပါး၊ ဥပေက္ခာ ဗြဟ္မဝိဟာရတရား တပါး၊ အားဖြင့် ၁၂-ပါးသော တရားတို့တွင်၊ မိမိ နှစ် သက်ရာ တပါးပါးကိုအားထုတ်သဖြင့် ရောက်ပါသည်။

မေး။ ထို ဗြဟ္မာတို့၏အဆင့်ဆင့်ဖြစ်ရပုံ အဓိပ္ပါယ်ကိုပြောပြပါ။၊

ဖြေ။ ကမ္မဋ္ဌာန်း တရား အားထုတ်ရာ၌ ဣန္ဒြေငါးပါးရှိသည်တွင်၊ သဒ္ဓါ လွန်ကဲ သော ပုဂ္ဂိုလ်မှာ အဝိဟာဘုံ၊ ဝီရိယလွန်ကဲသော ပုဂ္ဂိုလ်မှာ အတပ္ပါဘုံ၊ သတိလွန်ကဲသောပုဂ္ဂိုလ်မှာ သုဒဿာဘုံ၊ သမာဓိလွန်ကဲသော ပုဂ္ဂိုလ်မှာသုဒဿီဘုံ၊ ပညာလွန်ကဲသောပုဂ္ဂိုလ်

မှာ အာကာသကိုဘုံ၊ ဤသို့အားဖြင့် အသီးသီး ကြီးစဉ်ငယ်လိုက် အဆင့်ဆင့်ဖြစ်ပါသည်။

မေး။ အာကာသာနဉ္စာ ယတနဘုံခေါ်ဆိုခြင်း၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ အာကာသာနဉ္စမေဝ အာယတနံ၊ အာကာသာနဉ္စာယတနံ။

အာကာသာနဉ္စမေဝ၊ ဉပါဒ်,ဌီ,ဘင်,ဟု ဆိုအပ်သော အပိုင်း အခြား အဆုံး၊ ပျက်စီး ခြင်း မရှိသော ကောင်းကင်ပညတ်သည်ပင်လျှင်။ အာယတနံ၊ ဈာန်၏ တည်ရာတည်း။ အာကာသနဉ္စာယတနံ၊ အဆုံးမရှိသော ကောင်းကင် ပညတ်သည်ပင်လျှင် ဈာန်၏ တည်ရာ၊ဟူသော ဝစနတ္ထနှင့် အညီ၊ အဆုံးမရှိသောကောင်းကင်ပညတ်သည်သာ၊ ဈာန်၏ တည်ရာ ဖြစ်သောကြောင့်၊ အာကာသာနဉ္စာ ယတနဘုံလို့ ခေါ်ပါတယ်။

မေး။ ဝိညာဏဉ္စာ ယတနဘုံ ခေါ် ဆိုခြင်း၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ဝိညာဏမေဝအာယတနံ၊ ဝိညာဏဉ္စာ ယတနံ။

ဝိညာဏမေဝ၊ ပဌမာရုပ္ပဝိညာဉ်သည်ပင်လျှင်၊ အာယတနံ၊ ဈာန်၏တည်ရာတည်း။ ဝိညာဏဉ္စာယတနံ၊ ပဌမာရုပ္ပဝိညာဉ်သည်ပင်ဈာန်၏တည်ရာဟူသောဝစနတ္ထနှင့် အညီ၊ ပဌမာရုပ္ပဝိညာဉ်သည်ပင် ဈာန်၏ တည်ရာ

ဖြစ်သောကြောင့်၊ ဝိညာဏညာယတနဘုံလို့ ခေါ်ပါတယ်။

မေး။ အာကိဉ္စညာ ယတနဘုံ ခေါ်ဆိုခြင်း၏ အဓိပ္ပါယ်ပြောပြပါ။

ဖြေ။ အာကိဉ္စညမေဝ အာယတနံ အာကိဉ္စညာယတနံ။

အာကိဉ္စညမေဝ၊ ဘင်္ဂမျှအကြွင်းမရှိသော ပဌမာရုပ္ပဝိညာဉ်သည်ပင်လျှင်။ အာယတနံ၊ ဈာန်၏ တည်ရာတည်း။ အာကိဉ္စညာယတနံ၊ ဘင်္ဂမျှအကြွင်းမရှိသော ပဌမာရုပ္ပ ဝိညာဉ်သည်ပင်လျှင်၊ ဈာန်၏တည်ရာ ဟူသောဝစနတ္ထနှင့်အညီ၊ ဘင်္ဂမျှအကြွင်းမရှိသော ပဌမာရုပ္ပဝိညာဉ်သည်ပင် ဈာန်၏ တည်ရာဖြစ်သောကြောင့်၊ အာကိဉ္စညာယတနဘုံလို့ ခေါ်ပါတယ်။

မေး။ နေဝသညာနာသညာယတနဘုံ ခေါ်ဆိုခြင်း၏အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ နေဝ သညာ နာသညာ ယေဝ အာယတနံ၊ နေဝသညာနာသညာယတနံ။

နေဝသညာနာသညာယေဝ၊ ရုန့်ရင်းသော သညာမရှိ၊ သိမ်မွေ့သောသညာ၏သာလျှင်၊ အာယတနံ၊ တည်ရာတည်း။ နေဝသညာ နာသညာ ယတနံ၊ ရုန့်ရင်းသော သညာမရှိသိမ်မွေ့သောသညာ၏သာလျှင် တည်ရာ၊ ဟူသောဝစနတ္ထနှင့်အညီ၊ ရုန့်ရင်းသောသညာမရှိသိမ်မွေ့

သောသညာ၏တည်ရာဖြစ်သောကြောင့်။ နေ၀ သညာ နာသညာယတနဘုံလို့ခေါ်ပါတယ်။

မေး။ အရူပလေးဘုံသို့ ရောက်ကြောင်း တရားကို ပြောပြပါ။

ဖြေ။ ကောင်းကင်ပညတ်ကိုအာရုံပြု၍( အာကာသော အနန္တော )ဟူ၍ရှင်း (ဝိညာဏံအနန္တံ) ဟူ၍ ရှင်း(နတ္ထိကိဉ္စိ)ဟူ၍ရှင်း။ (သန္တမေတံပဏီတမေတံ) ဟူ၍ရှင်း အဖန်ဖန် စီးဖြန်းသဖြင့်သူ့ဘုံနှင့်သူ အဆင့်ဆင့်ရပါတယ်။

မေး။ ပုဂ္ဂိုလ်အပြား ဘယ်မျှရှိပါသလဲ။

ဖြေ။ ပုဂ္ဂိုလ်အပြား တကျိပ်နှစ်ပါး ရှိပါတယ်၊ ဘုံစဉ်နှင့်ရေတွက်သော် ၂၁၄-ယောက်ရှိပါတယ်။

မေး။ တကျိပ်နှစ်ယောက်သော--ပုဂ္ဂိုလ်ကို ရေတွက်၍ပြပါ။

ဖြေ။ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ် တယောက်။ သုဂတိ အဟိတ်ပုဂ္ဂိုလ်တယောက်။ ဒွိဟိတ်ပုဂ္ဂိုလ်တယောက်။ တိဟိတ်ပုဂ္ဂိုလ်တယောက်။ သောတာပတ္တိ မဂ်ပုဂ္ဂိုလ် တယောက်။ သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ် တယောက်။ သကဒါဂါမိ မဂ် ပုဂ္ဂိုလ် တယောက်။ သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်တယောက်။အနာဂါမိမဂ်ပုဂ္ဂိုလ်တယော်၊ အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်တယောက်။ အရဟတ္တ ....မဂ် ပုဂ္ဂိုလ်တယောက်။ အရဟတ္တ ဖိုလ်ပုဂ္ဂိုလ်တယောက်။

ဤသို့အားဖြင့် ပုဂ္ဂိုလ်-တ ကျိပ် နှစ် ယောက် ဖြစ်ပါ-တယ်။

မေး။ တကျိပ်နှစ်ယောက်တို့တွင် ပုထုဇဉ် ပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ်ကို ခွဲခြား၍ပြပါ။

ဖြေ။ ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်၊ဝင်းပုဂ္ဂိုလ် ၄-ယောက်ကိုပုထုဇဉ်။ ကျန်သော မဂ်ပုဂ္ဂိုလ်လေးယောက်။ ဖိုလ်ပုဂ္ဂိုလ် လေးယောက်။ ရှစ်ယောက်ကိုအရိယာပုဂ္ဂိုလ်လို့ခေါ်ပါတယ်။

မေး။ ၂၁၄-ယောက်သော ပုဂ္ဂိုလ်တို့ကို ရေတွက်၍ပြပါ။

ဖြေ။ ကာမပုဂ္ဂိုလ် ၇၆ – ယောက်၊ ရူပပုဂ္ဂိုလ် ၁၀၆–ယောက်။ အရူပပုဂ္ဂိုလ် ၃၂ ယောက်၊တနည်း ဈာန်မရနိုင်သောပုဂ္ဂိုလ် ၁၄–ယောက်။ ဈာန်ရနိုင်သော ပုဂ္ဂိုလ် ၂၀၀၊အားဖြင့် ၂၁၄-ယောက် ဖြစ်ပါသည်။

မေး။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဆိုတာဘယ်လိုပုဂ္ဂိုလ်မျိုးကို ခေါ်ပါသလဲ။

ဖြေ။ ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသုရကာယ်,ဟုဆိုအပ်သော အပါယ်လေးဘုံသားတို့ကို ခေါ်ပါတယ်။

မေး။ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်၏ ပဋိသန္ဓေ–ဘဝင်စုတိ စိတ်ကိုပြောပြပါ။

ဖြေ။ အကုသလ ဝိပါက် ဥပေက္ခာ သဟဂုတ်သန္တီရဏစိတ်တခုဖြစ်ပါတယ်။

မေး။ သုဂတိ အဟိတ် ပုဂ္ဂိုလ် ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးကို ခေါ်ပါသလဲ။

ဖြေ။ လူ့ပြည်မှာအကျိုးအပဲ့ အ,အ,အကာလ်း တို့နှင့် စာတုမဟာရာဇ် ဘုံအဝင် ဝိနိပါတိက အသုရာ ဟုဆိုအပ်သော တကောင်းအရှင်ကြီး ပဒုံအရှင်ကြီး, ဘိုးတော်ကြီး, မြင်းဖြူရှင်, မင်းညီနောင်, ကိုးမြို့ရှင်, တောင်ပြုံးအရှင်ကြီး, ဆင်ဖြူရှင် စသော နတ်တို့ကို ခေါ်ပါသည်။

မေး။ ထို သုဂတိ အဟိတ် ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ ဘဝင်စုတိစိတ်ကို ပြောပြပါ။

ဖြေ။ အဟိတ်ကုသလ ဝိပါက်ဥပေက္ခာ သဟဂုတ် သန္တိရဏစိတ်တခုဖြစ်ပါသည်။

မေး။ အကာလ်း,အပင်း,အဆွန့်,အ'အ, ဟူသ မျှကိုဘဲ သုဂတိအဟိတ်ပုဂ္ဂိုလ်လို့မှတ်ရမှာလား။

ဖြေ။ (ဇာတိယာ အန္ဓော ဇစ္စန္ဓော) ဟုဆိုသော ကြောင့်၊ ပဋိသန္ဓေ ယူဆဲခဏတွင် အကုသိုလ်ကံ တား မြစ်သဖြင့်၊ ကျိုး,ပဲ့ ကာလ်းတီး ဆွံ့အ, ပင်းထိုင်း လာ သော ပုဂ္ဂိုလ်ကိုသာ သုဂတိ အဟိတ် ပုဂ္ဂိုလ်လို့ ခေါ် ပါတယ်။

မေး။ ဒွိဟိတ် ပုဂ္ဂိုလ် ဆိုတာ ဘယ်လို ပုဂ္ဂိုလ်ကို ခေါ်ပါသလဲ။

ဖြေ။ ကာမသုဂတိ ၇-ဘုံတွင်ယခု ဖြစ်ပျက်လျက် ရှိသော လူတွေ,နတ်တွေ,ကိုခေါ်ပါတယ်။

မေး။ ဒွိဟိတ် ပုဂ္ဂိုလ် တို့၏ ပဋိသန္ဓေ ဘဝင်စုတိ စိတ်ကိုပြောပြပါ။

ဖြေ။ မဟာဝိပါက်စိတ် ရှစ်ခုထဲကဉာဏဝိပ္ပယုတ် စိတ်၊ လေးခုဖြစ်ပါတယ်။

မေး။ ၎င်းဝိပ္ပယုတ်လေးခုစလုံးနဲ့ ပဋိသန္ဓေနေရ ပါသလား။

ဖြေ။ လေးခုစလုံး မဟုတ်ပါ။ တခုခုနှင့် နေရပါ တယ်။

မေး။ တခုခုနှင့် ပဋိသန္ဓေနေသော် ဘယ်အတွက် ကြောင့်၊ လေးခုရှိပါသလဲ။

ဖြေ။ ပြုလုပ်သော ကုသိုလ် ကောင်းမှု အရာတွင် စိတ်နေ သဘောထား ပြုလုပ်ပုံ အားလျော်စွာ၊ ပဋိ သန္ဓေနေရသည့်အတွက် လေးခုရှိပါတယ်။

မေး။ တိဟိတ် ပုဂ္ဂိုလ်ဆိုတာ၊ ဘယ်လိုပုဂ္ဂိုလ်ကို ခေါ်ပါသလဲ။

ဖြေ။ ကာမသုဂတိ (၇)ဘုံတွင် ဖြစ်ပျက် လျက်ရှိ သော လူတွေနတ်တွေကို ခေါ်ပါတယ်။

မေး။ ထိုတိဟိတ် ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ၊ ဘဝင်စု တိစိတ်ကိုပြောပြပါ။

ဖြေ။ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် လေးခု တို့တွင်၊ ပြုလုပ်သောကုသိုလ်ကံ အားလျော်စွာ တခုခု သောစိတ်ဖြစ်ပါသည်။

မေး။ အရိယာပုဂ္ဂိုလ် ရှစ်ရောက် တို့တွင်၊ သောတာပန်ပုဂ္ဂိုလ် ဘယ်နှစ်မျိုးရှိပါသလဲ။

ဖြေ။ ဧကဗီဇ သောတာပန်၊ ကောလံ ကောလ သောတာပန်၊ သတ္တက္ခတ္တုပရမ သောတာပန်၊ ရယ်လို့ သောတာပန်သုံးမျိုးရှိပါသည်။

မေး။ ဘယ် အတွက် ကြောင့် ဧကဗီဇ သောတာပါခေါ်ပါသလဲ။

ဖြေ။ တဘဝသာ ပဋိသန္ဓေနေရတော့မည့်ပုဂ္ဂိုလ် ဖြစ်ခြင်းကြောင့်၊ ဧကဗီဇ သောတာပန်လို့ ခေါ်ပါတယ်။

မေး။ ဘယ် အတွက် ကြောင့် ကောလံ ကောလ သောတာပန်လို့ ခေါ်ပါသလဲ။

ဖြေ။ မြင့်မြတ်ဒွေးကြွယ်သော အမျိုးမှ မြင့်မြတ်ဒွေးကြွယ်သောအမျိုးသို့၊ နှစ်ဘဝ, သုံးဘဝ ကူးပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်မည့် ပုဂ္ဂိုလ် ဖြစ်ခြင်းကြောင့်၊ ကောလံကောလ သောတာပန်လို့ ခေါ်ပါတယ်။

မေး။ ဘယ်အတွက် ကြောင့် သတ္တက္ခတ္တု ပရမ သောတာပန်လို့ ခေါ်ပါသလဲ၊

ဖြေ။ လူ့ပြည်,နတ်ရွာတွင် (၇)ခါ ပဋိသန္ဓေယူပြီးသည်၏ နောက်ဘဝ၌၊ အရဟတ္တဖိုလ်သို့ရောက် လတံ့ဖြစ်သောသောတာပန် ပုဂ္ဂိုလ်ကို၊သတ္တက္ခတ္တု ပရမ သောတာပန်လို့ ခေါ်ပါတယ်။

မေး။ အပါယ်လေးဘုံမှာ ပုဂ္ဂိုလ်ဘယ်နှစ်ယောက် ရပါသလဲ။

ဖြေ။ စင်စစ် အားဖြင့် ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်တယောက်ကိုသာ ရပါတယ်။ သို့သော် လဲ....တဘုံတယောက်အားဖြင့် လေးယောက်ယူရပါတယ်။

မေး။ လူ့ဘုံနှင့် စာတုမဟာရာဇ်ဘုံမှာ၊ ပုဂ္ဂိုလ်ဘယ်နှစ်ယောက်ရပါသလဲ။

ဖြေ။ ဒုဂ္ဂတိ အတိတ် ပုဂ္ဂိုလ်ကိုကြဉ်၍၊ကျန်သောတကျိပ်တယောက်ကို ရပါတယ်။

မေး။ တာဝတိံသာမှစ၍ နတ်ပြည် ငါးထပ်မှာ၊ ပုဂ္ဂိုလ်ဘယ်နှစ်ယောက်ရပါသလဲ။

ဖြေ။ ဒုဂ္ဂတိ အဟိတ်နှင့် သုဂတိအဟိတ်ကိုကြဉ်၍ ကျန်သော ဆယ်ယောက်ကိုရပါတယ်။

မေး။ သုဒ္ဓါဝါသဘုံနှင့် အသညသတ် ဘုံကိုကြဉ်၍။ ရူပဆယ်ဘုံမှာပုဂ္ဂိုလ်ဘယ်နှစ်ယောက်ရပါသလဲ။

ဖြေ။ ဝေဟပ္ဖိုလ်တိုင်အောင် ရူပဆယ်ဘုံ၌ ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ ပုဂ္ဂိုလ်သုံးယောက်ကြဉ်၍၊ ကျန်တတိတ် ပုထုဇဉ် တယောက်၊ အရိယာရှစ်ယောက်၊ ပေါင်း ၉–ယောက်သော ပုဂ္ဂိုလ်တို့ကို ရပါတယ်။

မေး။ အသညသတ်ဘုံမှာ၊ ဘယ်ပုဂ္ဂိုလ်တို့ကိုရပါသလဲ။

ဖြေ။ သုဂတိ အဟိတ်ပုဂ္ဂိုလ်တယောက်ကိုသာ ရပါတယ်။

မေး။ သုဒ္ဓါဝါသ ငါးဘုံမှာ၊ ပုဂ္ဂိုလ် ဘယ်နှစ်ယောက်ရပါသလဲ။

ဖြေ။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊အရဟတ္တမဂ် ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ် ထိုအရိယာ သုံးယောက် ကိုရပါတယ်။

မေး။ အရူပလေးဘုံမှာ ပုဂ္ဂိုလ်ဘယ်နှစ်ယောက်ရပါသလဲ၊

ဖြေ။ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တယောက်၊ သောတာပတ္တိမဂ်ကြဉ်သော အရိယာပုဂ္ဂိုလ် ခုနှစ်ယောက်၊ ပေါင်း တိဟိတ်ပုဂ္ဂိုလ် ရှစ်ယောက်ကို ရပါတယ်။

အောက်ပါသံပေါက်ကို နှုတ်ရဆောင်ထားပါ။

ဒု–သု–ဒွိ–တိ၊ ငွအရိ၊ ပေါင်းဘိဆဲ့နှစ်သာ။
အပါယ်လေး၀၊ ဒုဂ္ဂတ၊ ယှူကြလေးယောက်သာ။
လူ့ဘုံတလျှစ်၊ မဟာရာဇ်၊ ဆဲ့တစ်ဒု, မပါ။
ဝတိံငါးထပ်၊ ဒု--သု--လှပ်၊ကြွင်းရပ်တဆယ်သာ။
ဒု–သု--ဒွိ လှပ်၊ ဆယ်ဘုံရပ်၊ ကြွင်းလပ် ကိုးယောက်သာ။
အသညာမြိတ်၊ သညာဆိတ်၊ သုဟိတ်တယောက်သာ။
သုဒ္ဓါဝါသ။ ရိယာပ၊ ထက်ကသုံးယောက်သာ။
အရူပဝယ်၊ စ,မဂ်ပယ်၊ တိဆွယ်ရှစ်ယောက်သာ။
ပုဂ္ဂိုလ်အပြား၊ဝါကရား၊ထင်ရှားသိကြပါ။

မေး။ ဘုံ၌ပုဂ္ဂိုလ်ဖြစ်ခြင်းကိုသိရပါပြီ၊ ပုဂ္ဂိုလ်၌ဘုံဖြစ်ခြင်းကိုပြောပြပါ။

ဖြေ။ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်သည် အပါယ် လေးဘုံမှာ. သုဂတိအဟိတ်ပုဂ္ဂိုလ်သည် လူ့ဘုံစာတုမဟာရာဇ်ဘုံ,အသညသတ်ဘုံ ဤသုံးဘုံမှာ၊ ဒွိဟိတ်ပုဂ္ဂိုလ်သည် ကာမသုဂတိ ခုနစ်ဘုံမှာ၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်သည် ကာမသုဂတိ ခုနစ်ဘုံ၊ဝေဟပ္ဖိုလ် တိုင်အောင်ရူပဆယ်ဘုံ၊ အရူပလေးဘုံ၊ ဤနှစ်ဆဲ့တဘုံမှာ၊ သောတာပတ္တိ မဂ်ပုဂ္ဂိုလ်သည် ကာမသုဂတိ ခုနစ်ဘုံ ဝေဟပ္ဖိုလ် တိုင်အောင် ရူပဆယ်ဘုံ ဤတဆဲ့ခုနစ်ဘုံမှာ၊ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်, သကဒါဂါမိ မဂ်ပုဂ္ဂိုလ်, သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်, အနာဂါမိ မဂ်ပုဂ္ဂိုလ် ထိုပုဂ္ဂိုလ်လေးယောက်တို့သည် ကာမသုဂတိခုနစ်ဘုံ,ဝေဟပ္ဖိုလ်တိုင်အောင် ရူပဆယ်ဘုံ-အရူပလေးဘုံ ဤ ၂၁–ဘုံမှာ၊ အနာဂါမိ ဖိုလ် ပုဂ္ဂိုလ်, အရဟတ္တ မဂ်ပုဂ္ဂိုလ်,အရဟတ္တဖိုလ်ပုဂ္ဂိုလ်,ဤပုဂ္ဂိုလ် ၃--ယောက်တို့သည် အပါယ် လေးဘုံ၊ အသညသတ်ကြဉ်သော ၂၆–ဘုံမှာဖြစ်ကြပါသည်။

သတိထား၍စဉ်းစားပါ။

သဗ္ဗေသတ္တာကမ္မသကာ။

သဗ္ဗေ၊ခပ်သိမ်းဥဿုံအလုံးစုံကုန်သော။သတ္တာ၊ လူ. နတ်,ဗြဟ္မာ သတ္တဝါဟူသမျှတို့သည်။ကမ္မသကာ၊မိမိတို့ပင်၊မချို့အင်ဖြင့်၊ ပြုပြင်စီမံ၊ ကံသာလျှင် အကြောင်း

ရင်းရှိကြကုန်၏။ မိမိသည်ပင်၊ပြုပြင်သည့်တိုင်း၊မဆိုင်းပုံသေဖြစ်ရလေ၏။ကိုယ်ဖြစ်ချင်သလို ဖြစ်သည်မဟုတ်၊ ကိုယ်လုပ်သလို ဖြစ်ကြသည်ကို ဤဘုံနှင့် ပုဂ္ဂိုလ်ခဏ်းကို ကြည့်၍သိပါလေ။

ဤသည်သျှင်ဘုံပုဂ္ဂိုလ်အလင်းပြ
အခမေးအဖြေပြီး၏၊

## အထူးသတိပေးချက်

ဤယခုတွေ့ရှိသောအသိတရားတို့သည်၊လူ့ဟူသော အမည်ကိုယူ၍၊ လူနေရာတွင် လူတယောက်ဖြစ်လာသူ တို့တွင်၊ လူ့၏ တန်ဘိုးကိုသိသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ် မြတ်တို့သာ နှစ်သက်ဝမ်းသာစွာ လေ့လာ လိုက်စားမှတ်သားဆောင်ရွက်နိုင်သော ပရိယတ္တိသာသနာ ဖြစ်ပေသည်။ ။ဤအဆင့်အထိ ဆောင်ရွက်၍လာသော သူတော်ကောင်းသည်၊အခြေတော်တော် စိုက်မိလာပြီဖြစ်၍ ဆက်၍ ပြမည်ဖြစ်သော-ဘယ်ပုဂ္ဂိုလ်မှာဘယ်စိတ်တွေရသည်ဆိုသည့် (ပုဂ္ဂိုလ်ဥိတ်ရ အလင်းပြကျမ်း)ကို။ ဝမ်းပန်းတသာ အားပါးတရ၊ လေ့လာဆောင်ရွက်ကြတော့မည်ဆိုတာ၊ ဆရာသည်အထူး ယုံကြည်လျှက်ရှိတော့ပေကြောင်း။ ။သာသနာပြုထိုက်သူတွေဖြစ်ကြပါစေ။

# ၃-ပုဂ္ဂိုလ်စိတ်ရ အလင်းပြ အမေးအဖြေ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ကာမဘုံပုဂ္ဂိုလ်စိတ်ရလေ့ကျင့်ရန်အခန်း

ပုဂ္ဂိုလ်အရ၊ ဒွါဒသ၊မှတ်ကြမြဲမကွာ။
ဒု-သု-ဒွိ-တိ၊လေးယောက်ရှိ၊ မှတ်ဘိပုထုဇ္ဇနာ။
မဂ်လေး,ဖိုလ်လေး ပေါင်းတုံသေး၊ ခေါ်ရေးရှစ်
ရိယာ။

ပု,ရိနှစ်ရပ်၊ပေါင်းတုံလပ်၊ ဒွါဒသ်ပုဂ္ဂလာ။
ပုဂ္ဂိုလ်စိတ်ရ၊ထုတ်ဖေါ်ပြ၊မှတ်ကြများသူငါ။
မဟာကုသလ၊အသော ဘဏာ၊ကြည်ကြဲဟသိတာ။
သဏ္ဍုတိံသ၊စိတ်အရ၊ပုဂ္ဂလ–ဒုဂ္ဂတိမှာ။
မဟာဝိပါက်၊ဝိပ္ပယုတ်ခွက်၊နှစ်ချက်,သုဒွိမှာ။
မဟာဝိပါက်၊သမ္ပယုတ်ခွက်၊ အထက်တိဟိတ်မှာ။
သမ္ပယုတ်ဒွိ၊ ကြည်ဝိစိ၊ ဖိုလ်ထည့်သောတာမှာ။
သောတာနှင့်ကား၊သကဒါအာ၊ရငြားစိတ်တူစွာ။
၎င်းစိတ်တွင်၊ဒေါသကြည်၊ ရှေးသွင်းနာဂါမ်မှာ။
မဟဂ္ဂုတ်ကုသလ၊ ထည့်ပြန်က။ ဈာန်ရသူတို့မှာ။
အကုသိုလ်ပါယ်၊ကု ကြိလှယ်၊ထည့်ဘွယ်ဟသိတာ၊
သုံးဆဲ့ငါးပါး၊စိတ်အပြား၊ရငြားရဟန္တာ။
မဟဂ္ဂုတ်ကြိယာ့၊ထည့်ပြန်က၊ ဈာန်ရ ရဟန္တာ။
ဖိုလ်ချင်းကိုလှယ်၊ယူလေဘွယ်၊လေးသွယ်ဖလဋ္ဌာ။

ကိုယ့်မဂ်ကိုယ်စီ၊ တခုစီ၊ လေးလီမဂ္ဂဠာ။
တဆဲ့တဝ၊ ဘုံကာမ၊ စိတ်ရနိုင္ဂတာ။

ဤလက်ာသံပေါက်များကို၊ အစမှအဆုံး၊ အဆုံးမှ အစသို့တိုင်ရောက်အောင်အပြန်ပြန် အလှန်လှန် အား ထုတ်ကြရမည်။ သို့မှသာ နောက်တွင်ပြလတံ့ ဖြစ်သော အမေးအဖြေအဓိပ္ပါယ်တို့ကိုအလွယ်နှင့်သဘောပေါက် နိုင်လိမ့်မည်။

မေး။ ပုဂ္ဂိုလ်အပြားဘယ်နှစ်ပါး ရှိပါသလဲ။

ဖြေ။ ပုဂ္ဂိုလ်အပြား တကျိပ်နှစ်ပါးရှိပါတယ်။

မေး။ တကျိပ်နှစ်ပါးသောပုဂ္ဂိုလ်၏ အမည်နာမ ကိုပြောပြပါ။

ဖြေ။ ပုထုဇဉ်ပုဂ္ဂိုလ်က လေးယောက်၊ အရိယာ ပုဂ္ဂိုလ်က ရှစ်ယောက်၊ နှစ်ရပ်ပေါင်းလိုက်တော့၊ တ ကျိပ်နှစ်ယောက်သောပုဂ္ဂိုလ်ဖြစ်ပါတယ်။

မေး။ ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်ကိုတယောက် စီအမည်ထုတ်နှုတ်၍ပြောပြပါ။

ဖြေ။ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ် တယောက်၊ သုဂတိ အဟိတ်ပုဂ္ဂိုလ် တယောက်၊ ဒွိဟိတ်ပုဂ္ဂိုလ်တယောက်၊ တိဟိတ် ပုဂ္ဂိုလ်တယောက်၊ ဤသို့အားဖြင့်၊ ပုထုဇဉ် ပုဂ္ဂိုလ်လေးယောက်ဖြစ်ပါတယ်။

မေး။ အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့၏ အမည်ကို တယောက်စီခွဲခြား၍ပြောပြပါ။

ဖြေ။ သောတာပတ္တိမဂ် ပုဂ္ဂိုလ်တယောက်၊သော တာပတ္တိဖိုလ်ပုဂ္ဂိုလ်တယောက်၊ သကဒါဂါမိမဂ် ပုဂ္ဂိုလ် တယောက်၊သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်တယောက်၊ အနာဂါ မိမဂ် ပုဂ္ဂိုလ် တယောက်၊ အနာဂါမိ ဖိုလ်ပုဂ္ဂိုလ် တ ယောက်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်တယောက်၊ အရဟတ္တ ဖိုလ်ပုဂ္ဂိုလ်တယောက်၊ဤသို့အားဖြင့် အရိယာပုဂ္ဂိုလ် ရှစ်ယောက်ဖြစ်ပါတယ်။

မေး။ ထိုပုဂ္ဂိုလ်တို့၏ အသီးအသီးရထိုက်သောစိတ် တို့ကိုသိထိုက်ပါသဖြင့်၊ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏သန္တာန် ၌ရထိုက်သောစိတ်တို့၏ အရေအတွက်ကိုပြောပြပါ။

ဖြေ။ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်မှာ၊ စိတ် အရေအတွက် အားဖြင့်၊၃၇-ပါးရပါတယ်။

မေး။ ၃၇-ပါးသောစိတ်၏အရေအတွက်ကိုတခုစီ ခွဲခြား၍ပြောပြပါ။

ဖြေ။ အကုသိုလ် စိတ် ၁၂-ခု၊ဟသိတုပ္ပါဒ် ကြဉ် သောအဟိတ်စိတ် ၁၇-ခု၊မဟာကုသိုလ်စိတ်က ၈-ခု ဤသို့ အားဖြင့် ၃၇-ခု ဖြစ်ပါတယ်။ ။တနည်းအား ဖြင့်မဟာကုသိုလ်စိတ်က ၈-ခု၊ဟသိတုပ္ပါဒ် ကြဉ်သော အသောဘဏ စိတ်က တခုယုတ်၃၀၊ ပေါင်း၃၇-ပါး သောစိတ်သည်၊ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏ရသင့်, ရထိုက် သောစိတ်ဖြစ်ပါတယ်။

မေး။ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ် ဆိုတာ ဘယ်ပုဂ္ဂိုလ် မျိုးကိုခေါ်ဆိုပါလဲ။

ဖြေ။ ခွေး,ဝက်,ကြက်,ငှက်,ကျွဲ,နွား,ဆင်,မြင်း မှစ၍အပါယ်လေးဘုံ၌ ဖြစ်ကြသော သတ္တဝါအားလုံး ကိုခေါ်ပါတယ်။

မေး။ သုဂတိအဟိတ်ပုဂ္ဂိုလ်မှာစိတ်အရေအတွက် အဘယ်မျှရပါသလဲ။

ဖြေ။ သုဂတိအဟိတ်ပုဂ္ဂိုလ်မှာ စိတ်အရေအတွက် ၄၁–ခုဖြစ်ပါတယ်။

မေး။ ၎င်း ၄၁-ခုဖြစ်သော စိတ်တို့ကိုရေတွက်၍ ပြပါ။

ဖြေ။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် ရသောစိတ်–၃၇-ခု ထဲသို့မဟာဝိပါက် ဉာဏ ဝိပ္ပယုတ် စိတ်– ၄– ခုကို ထပ်ထည့်သောအားဖြင့်၄၁-ခု ဖြစ်ပါကယ်။ထို၄၁-ခု သောစိတ်မှာ သုဂတိအဟိတ် ပုဂ္ဂိုလ်၏ ရထိုက် ရအပ် သောစိတ်ဖြစ်ပါတယ်။

မေး။ သုဂတိ အဟိတ် ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ် ကိုခေါ်ဆိုပါသလဲ၊

ဖြေ။ ပဋိသန္ဓေအားဖြင့် အမိဝမ်းမှ မျက် စိ နား နှာခေါင်းစသောခြေလက်အင်္ဂါမပြည့်စုံဘဲ ဆွံ့,အ,ချို, နဲ့,ကျီး,ကာလာ်း၍လာသော သူများကို သုဂတိ အ ဟိတ်ပုဂ္ဂိုလ်လို့ခေါ်ပါတယ်။

မေး။ ဒွိဟိတ် ပုဂ္ဂိုလ်မှာစိတ်အဘယ်မျှရပါသလဲ။

ဖြေ။ သုဂတိ အဟိတ် ပုဂ္ဂိုလ် ရတဲ့စိတ်၄၁-ခုပင် ဖြစ်ပါတယ်။

မေး။ စိတ်ရခြင်းတူပါလျက် ပုဂ္ဂိုလ်ချင်း မှာ အဘယ်ကြောင့်ခြားနားပါသလဲ။

ဖြေ။ လွန်ခဲ့သောဘဝတို့က ပြုခဲ့ကြသော ကုသိုလ်တရားတို့၏ထိုက်သင့်သောအကျိုးအားလျော်စွာလူဖြစ်ထာချင်းပင်တူကြ ငြားသော်လည်း၊ ပဋိ သန္ဓေ နေခဲ့ရသောစိတ်ချင်းကကွဲပြားသဖြင့်အင်္ဂါကြီးငယ် မပြည့်စုံကော်ာအဖြစ်၌ဖြစ်ရခြင်း၊ အင်္ဂါကြီးငယ် ပြည့်စုံသောအဖြစ်၌ဖြစ်ရခြင်း။ ဤသို့ခြားနားကြပါတယ်။

မေး။ ပဋိ သန္ဓေ စိတ်ချင်း ဘယ်လို ခြားနား ပါသလဲ။

ဖြေ။ သုဂတိအဟိတ်ပုဂ္ဂိုလ်မှာ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ခုထဲက၊ ဉပေက္ခာ သန္တီရဏ ဝိတ်နှင့် ပဋိသန္ဓေနေရ၍။ဒွိဟိတ်ဂ္ဂိုလ်မှာ၊မဟာဝိပါက်ဉာဏဝိပ္ပယုတ်လေးခုတို့တွင် တခုခုသော စိတ်နှင့် ပဋိသန္ဓေနေရပါတယ်။

မေး။ တိဟိတ် ပုဂ္ဂိုလ်မှာ စိတ် အ ဘယ် မျှရပါသလဲ။

ဖြေ။ တိဟိတ်ပုဂ္ဂိုလ်မှာစိတ်၄၅–ခု ရပါတယ်။

မေး။ တိဟိတ် ပုဂ္ဂိုလ် ရသောစိတ် ၄၅–ခုကိုရေတွက်၍ပြပါ။

ဖြေ။ ဒွိဟိတ်ပုဂ္ဂိုလ်ရသောစိတ် ၄၁–ခုတွင်မဟာဝိပါက်ဉာဏသမ္ပယုတ်၄-ခုကိုထပ်၍ ထည့်သော အားဖြင့်၄၅–ခုဖြစ်ပါတယ်။

မေး။ တိဟိတ်ပုဂ္ဂိုလ်ဘယ်နှစ်မျိုးရှိပါသလဲ။

ဖြေ။ တိဟိတ်ပုဂ္ဂိုလ်နှစ်မျိုးရှိပါတယ်။

မေး။ နှစ်မျိုးအရပြောပြပါ။

ဖြေ။ ဈာန်မရသောတိဟိတ်ပုဂ္ဂိုလ်တမျိုး။ ဈာန်ရသော တိဟိတ်ပုဂ္ဂိုလ်တမျိုး ဤသို့ အားဖြင့်နှစ်မျိုးဖြစ်ပါတယ်။

မေး။ ထိုတိဟိတ်ပုဂ္ဂိုလ်နှစ်မျိုးမှာ ဘယ်လို စိတ်ရခြားနားပါသလဲ။

ဖြေ။ ဈာန်မရသော တိဟိတ်ပုဂ္ဂိုလ်မှာ ယခင်က ၄၅-ခုသောစိတ်ကိုရ၍၊ဈာန်ရသော တိဟိတ် ပုဂ္ဂိုလ်မှာမဟဂ္ဂုတ်ကုသိုလ် ၉-ခုနှင့်ယခင်၄၅-ခုနှင့်ပေါင်း၍ ၅၄-ခုသော စိတ်ကိုရပါတယ်။

---

မေး။ သောတာပတ္တိမဂ် ပုဂ္ဂိုလ် ဘယ်နှစ်မျိုး ရှိပါသလဲ။

ဖြေ။ သောတာပတ္တိမဂ်ပုဂ္ဂိုလ် နှစ်မျိုးရှိပါတယ်။

မေး။ နှစ်မျိုးအရပြောပြပါ။

ဖြေ။ ဈာန်မရသော သောတာပတ္တိမဂ်ပုဂ္ဂိုလ် တမျိုး။ဈာန်ရသောသောတာပတ္တိမဂ်ပုဂ္ဂိုလ်တမျိုးဤသို့ အားဖြင့်နှစ်မျိုးဖြစ်ပါတယ်။

မေး။ ထိုသောတာပတ္တိမဂ်ပုဂ္ဂိုလ်နှစ်မျိုးမှာဘယ်လိုစိတ်ရခြားနားပါသလဲ။

ဖြေ။ စိတ်ရ မခြားနားကြပါ၊ သောတာပတ္တိမဂ် စိတ်တခုကိုသာရပါတယ်။

မေး။ သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ် ဘယ်နှစ်မျိုးရှိပါသလဲ။

ဖြေ။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်နှစ်မျိုးရှိပါတယ်။

မေး။ နှစ်မျိုးအရပြောပြပါ။

ဖြေ။ ဈာန်မရသောသောတာပတ္တိဖိုလ်ပုဂ္ဂိုလ် တမျိုး။ ဈာန်ရသော သောတာပတ္တိဖိုလ် ပုဂ္ဂိုလ် တမျိုး ဤသို့အားဖြင့်နှစ်မျိုး ဖြစ်ပါတယ်။

မေး။ ဈာန်မရသော သောတာ ပတ္တိဖိုလ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ ဈာန်မရသော သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်မှာ ၄၁-ခုရပါတယ်။

မေး။ ၄၁-ခုအရပြောပြပါ။

ဖြေ။ ယခင်ဈာန်မရသော တိဟိတ် ပုဂ္ဂိုလ် စိတ်ရ ၄၅ ခုတွင်၊ ဒိဋ္ဌိဂတသမ္ပယုတ်၄-ခု၊ ဝိစိကိစ္ဆာစိတ်တခု၊ ပေါင်း ၅-ခုကိုနှုတ်၍ သောတာပတ္တိဖိုလ် စိတ်တခုကို ထည့်သောအားဖြင့် ၄၁-ခုသောစိတ်ကိုရပါတယ်။

မေး။ ဈာန်ရသော သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ ဈာန်ရသော သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်မှာ ၅၀-ရပါတယ်။

မေး။ ၅၀-အရပြောပြပါ။

ဖြေ။ ယခင် ဈာန်မရသော သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ် စိတ်ရ ၄၁–တွင်မဟဂ္ဂုတ်ကုသိုလ် ၉–ခု ကိုထည့်သောအားဖြင့် ၅၀–သောစိတ်ကိုရပါတယ်။

မေး။ သကဒါဂါမိ မဂ်ပုဂ္ဂိုလ် ဘယ်နှစ်မျိုး ရှိပါသလဲ။

ဖြေ။ သကဒါဂါမိမဂ် ပုဂ္ဂိုလ်နှစ်မျိုးရှိပါတယ်။

မေး။ နှစ်မျိုးအရပြောပြပါ။

ဖြေ။ ဈာန်မရသောသကဒါဂါမိမဂ်ပုဂ္ဂိုလ်တမျိုး။ ဈာန်ရသောသကဒါဂါမိမဂ်ပုဂ္ဂိုလ်တမျိုး။ဤသို့အားဖြင့်နှစ်မျိုးဖြစ်ပါတယ်။

မေး။ ထိုသကဒါဂါမိမဂ်ပုဂ္ဂိုလ်နှစ်မျိုးမှာ ဘယ်လိုစိတ်ရခြားနားပါသလဲ။

ဖြေ။ စိတ်ရမခြားနားကြပါ၊သကဒါဂါမိမဂ်စိတ်တခုကိုသာရပါတယ်။

မေး။ သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ် ဘယ်နှစ်မျိုးရှိပါသလဲ။

ဖြေ၊ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်နှစ်မျိုး ရှိပါတယ်။

မေး။ နှစ်မျိုးအရပြောပြပါ။

ဖြေ။ ဈာန်မရ သော သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်တမျိုး၊ ဈာန်ရသော သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်တမျိုးဤသို့အားဖြင့် နှစ်မျိုးဖြစ်ပါတယ်။

မေး။ ချွန်မရသော သက္ကဒါဂါမိ ဗိုလ် ပုဂ္ဂိုလ် မှာစိတ်အဘယ်မျှ ရပါသလဲ။

ဖြေ။ ချွန်မရသောသက္ကဒါဂါမိ ဗိုလ်ပုဂ္ဂိုလ်မှာ ၄၁–ခု ရပါတယ်။

မေး။ ၄၁–ခု အရပြောပြပါ။

ဖြေ။ ယခင် ချွန်မရသော သောတာပတ္တိ ဗိုလ် ပုဂ္ဂိုလ်စိတ်ရ ၄၁–တွင် သောတာ့ပတ္တိ ဗိုလ် စိတ် ကို နှုတ်၍၊ သက္ကဒါဂါမိ ဗိုလ်စိတ်ကို ထည့် သော အား ဖြင့် ၄၁–ခုကိုပင် ရပါတယ်။

မေး။ ချွန်ရသော သက္ကဒါဂါမိ ဗိုလ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှ ရပါသလဲ။

ဖြေ။ ချွန်ရသော သက္ကဒါဂါမိ ဗိုလ် ပုဂ္ဂိုလ်မှာ ၅၁–ရပါတယ်။

မေး။ ၅၀–အရ ပြောပြပါ။

ဖြေ။ ယခင် ချွန်မရသော သက ဂါ ဒါမိ ဗိုလ် ပုဂ္ဂိုလ်စိတ်ရ ၄၁– ခုတွင်မဟဂ္ဂုတ် ကုသိုလ် ၉–ခုကို ထည့်သောအားဖြင့်၊ ၅၁– ပင်ရပါတယ်။

မေး။ အနာဂါမိ မဂ်ပုဂ္ဂိုလ် ဘယ်နှစ်မျိုး ရှိပါ သလဲ။

ဖြေ။ အနာဂါမိ မဂ်ပုဂ္ဂိုလ် နှစ်မျိုးရှိပါတယ်။

မေး။ နှစ်မျိုးအရပြောပြပါ။

ဖြေ။ ချာန်မရသော အနာဂါမိ မဂ်ပုဂ္ဂိုလ်တမျိုး ချာန်ရသော အနာဂါမိ မဂ်ပုဂ္ဂိုလ်တမျိုး ဤသို့အားဖြင့် နှစ်မျိုးဖြစ်ပါတယ်။

မေး။ ထိုအနာဂါမိ မဂ်ပုဂ္ဂိုလ်နှစ်မျိုးမှာ စိတ်ရဘယ်သို့ခြားနားပါသလဲ။

ဖြေ။ စိတ်ရမခြားနားကြပါ၊ အနာဂါမိမဂ်စိတ်တခုကိုသာ ရပါတယ်။

မေး။ အနာဂါမိ ဖိုလ်ပုဂ္ဂိုလ် ဘယ်နှစ်မျိုး ရှိပါသလဲ။

ဖြေ။ အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်နှစ်မျိုးရှိပါတယ်။

မေး။ နှစ်မျိုးအရပြောပြပါ။

ဖြေ။ ချာန်မရသောအနာဂါမိဖိုလ်ပုဂ္ဂိုလ်တမျိုး ချာန်ရသော အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်တမျိုးဤသို့အားဖြင့်နှစ်မျိုးဖြစ်ပါတယ်။

မေး။ ချာန်မရသော အနာဂါမိ ဖိုလ်ပုဂ္ဂိုလ် မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ ချာန်မရသော အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်မှာ ၃၉-ခုရပါတယ်။

မေး။ ၃၉-ခုအရပြောပြပါ။

ဖြေ။ ယခင် ချာန် မရ သော သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်စိတ်ရ ၄၁- ခုတွင်၊ ဒေါသမူဒွေး သောတာပတ္တိဖိုလ်စိတ်တခု၊ ၎င်း ၃- ခုကိုနှုတ်၍အနာဂါမိဖိုလ်စိတ်တခုကို ထည့်သောအားဖြင့်၊ ၃၉-ခုရပါတယ်။

မေး။ ဈာန်ရသော အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ ဈာန်ရသော အနာဂါမိ ဖိုလ်ပုဂ္ဂိုလ် မှာ စိတ် ၄၈-ခုရပါတယ်။

မေး။ ၄၈-ခုအရပြောပြပါ။

ဖြေ။ ယခင် ဈာန်မရသော အနာဂါမိဖိုလ်ပုဂ္ဂိုလ် စိတ်ရ ၃၉-ခုတွင်၊ မဟဂ္ဂုတ် ကုသိုလ် ၉-ခုကို ထည့်သောအားဖြင့်၊ ၄၈-ခုရပါတယ်။

မေး။ အရဟတ္တ မဂ်ပုဂ္ဂိုလ် ဘယ် နှစ် မျိုး ရှိ ပါသလဲ။

ဖြေ။ အရဟတ္တ မဂ်ပုဂ္ဂိုလ်နှစ်မျိုးရှိပါတယ်။

မေး။ နှစ်မျိုးအရ ပြောပြပါ။

ဖြေ။ ဈာန်မရသော အရဟတ္တမဂ်ပုဂ္ဂိုလ်တမျိုး။ ဈာန်ရသော အရဟတ္တ မဂ်ပုဂ္ဂိုလ်တမျိုး၊ ဤသို့အားဖြင့်၊နှစ်မျိုးဖြစ်ပါတယ်။

မေး။ ထိုအရဟတ္တ မဂ်ပုဂ္ဂိုလ် နှစ်မျိုးမှာ စိတ်ရ အဘယ်သို့ခြားနားပါသလဲ။

ဖြေ။ စိတ်ရ မခြားနားပါ၊ အရဟတ္တမဂ်စိတ်တခု ကိုသာရပါတယ်။

မေး။ အရဟတ္တဖိုလ်ပုဂ္ဂိုလ် ဘယ် နှစ် မျိုး ရှိ ပါသလဲ။

ဖြေ။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်နှစ်မျိုးရှိပါတယ်။

မေး။ နှစ်မျိုးအရပြောပြပါ။

ဖြေ။ ဈာန်မရသော အရဟတ္တ ဖိုလ်ပုဂ္ဂိုလ်တမျိုး ဈာန်ရသော အရဟတ္တ ဖိုလ်ပုဂ္ဂိုလ်တမျိုး၊ ဤသို့အားဖြင့် နှစ်မျိုးဖြစ်ပါတယ်။

မေး။ ဈာန်မရသော အရဟတ္တ ဖိုလ်ပုဂ္ဂိုလ် မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ ဈာန် မရသော အရဟတ္တ ဖိုလ်ပုဂ္ဂိုလ် မှာ ၃၅–ခုရပါတယ်။

မေး။ ၃၅–ခုအရ ပြောပြပါ။

ဖြေ။ အဟိတ်စိတ် ၁၈–ခု၊ မဟာဝိပါက်စိတ် ၈–ခု မဟာကြိယာစိတ် ၈– ခု၊ အရဟတ္တဖိုလ်စိတ်တခု၊ ဤသို့အားဖြင့် ၃၅–ခုရပါတယ်။

မေး။ ဈာန်ရသော အရဟတ္တဖိုလ်ပုဂ္ဂိုလ်မှာစိတ် အဘယ်မျှ ရပါသလဲ။

ဖြေ။ ဈာန် ရသော အရ ဟတ္တ ဖိုလ် ပုဂ္ဂိုလ် မှာ စိတ်၄၄–ခု ရပါတယ်။

မေး။ ၄၄–ခုအရပြောပြပါ။

ဖြေ။ ယခင်ဈာန်မရသော အရဟတ္တဖိုလ် ပုဂ္ဂိုလ် စိတ်ရ ၃၅– ခုတွင်၊ မဟာဂ္ဂုတ်ကြိယာ ၉– ခုကိုထည့်သောအားဖြင့်၊ ၄၄–ခုရပါတယ်။

---

မေး။ စိတ်သည်အရေအတွက် အားဖြင့် ဘယ်မျှရှိပါသလဲ။

ဖြေ၊ အကျဉ်းအားဖြင့် ၈၉- ပါး၊ အကျယ်အား ဖြင့်၊ ၁၂၁ - ပါးရှိပါသည်။

မေး။ အကျဉ်းအားဖြင့်၊ ၈၉-ပါး သော စိတ်ကို ရေတွက်၍ပြပါ။

ဖြေ။ အကုသိုလ်စိတ် ၁၂-ခု၊ အဟိတ်စိတ် ၁၈-ခု၊ ကာမာဝစရသောဘဏစိတ် ၂၄-ခု။ ရူပါဝစရ စိတ် ၁၅-ခု၊ အရူပါဝစရစိတ် ၁၂- ခု၊ လောကုတ္တရာစိတ် ၈-ခု၊ ဤသို့အားဖြင့် ၈၉-ပါးဖြစ်ပါတယ်။

မေး။ အကျယ်အားဖြင့်၊ ၁၂၁-ပါးသော စိတ်တို့ ကို ရေတွက်၍ပြပါ။

ဖြေ။ လောကုတ္တရာစိတ် ၈- ခုတို့တွင် သောတာ ပတ္တိမဂ်စိတ်တခုကို ဈာန် ပွား သောအား ဖြင့်၊ ပဌမ ဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဥ္စမဈာန်, ဟူ၍စိတ် ၅- ခု၊ သကဒါဂါမိမဂ်စသော ကြွင်းသော ၇- ခုတို့မှာလည်း၊ ထို့အတူ ဈာန်ပွား သောအားဖြင့် ၅- ခုစီဖြစ်သောကြောင့်လောကုတ္တရာ စိတ် ၄၀၊ လောကီစိတ် ၈၁- ခု၊ ထိုနှစ်ရပ် ပေါင်း လိုက်သော်၊ စိတ်အကျယ် ၁၂၁-ပါးဖြစ်ပါတယ်။

မေး။ ကာမစိတ် အဘယ်မျှလောက်ရှိပါသလဲ။

ဖြေ။ (စတုပညာသဓာ ကာမေ) ဆိုသော ကြောင့်၊ ကာမစိတ် ၅၄-ခု၊ရှိပါတယ်။

မေး။ ထိုကာမစိတ် ၅၄-ခုတို့ကို ရေတွက်၍ပြပါ။

ဖြေ။ အကုသိုလ်စိတ် ၁၂-ခု၊ အဟိတ်စိတ် ၁၈ခု၊ ကာမာဝစရသောဘဏစိတ် ၂၄ ခု၊ ဤသို့ အားဖြင့် ၅၄-ခု၊ ဖြစ်ပါတယ်။

မေး။ အကုသိုလ်စိတ် ၁၂ - ခု။ ကို ရေတွက်၍ ပြပါ။

ဖြေ။ လောဘမူစိတ် ၈-ခု၊ ဒေါသမူစိတ် ၂-ခု၊ မောဟမူစိတ် ၂-ခု၊ ဤသို့အားဖြင့် ၁၂-ခု၊ ဖြစ်ပါတယ်။

မေး။ လောဘမူစိတ် ရှစ်ခုကို ရေတွက်၍ ပြပါ။

ဖြေ။ သောမနဿ သဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်တခု။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်တခု။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ်တခု။

ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်တခု။

ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ်တခု။

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု။

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက စိတ်တခု။

ဤသို့အားဖြင့်လောဘမူစိတ် ၈-ခု ဖြစ်ပါတယ်။

မေး။ ဒေါသမူစိတ် ၂-ခုကိုရေတွက်၍ပြပါ။

ဖြေ။ ဒေါမနဿ သဟဂုတ်၊ ပဋိဃ သမ္ပယုတ်အသင်္ခါရိက စိတ်တခု။

ဒေါမနဿသဟဂုတ် ပဋိဃ သမ္ပယုတ် သသင်္ခါရိကစိတ်တခု။

ဤသို့အားဖြင့် ဒေါသမူစိတ် ၂-ခုဖြစ်ပါတယ်။

မေး။ မောဟမူစိတ် ၂-ခု၊ကို ရေတွက်၍ပြပါ။

ဖြေ။ ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်တခု။

ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စ သမ္ပယုတ်စိတ်တခု။

ဤသို့အားဖြင့် မောဟမူစိတ် ၂-ခု၊ ဖြစ်ပါတယ်။

မေး။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ်၏အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ပါဏာတိပါတ အစ ရှိသော ဒုစ ရိုက် တရား တို့ကို ဝမ်းသာအားရနှင့်၊ အပြစ် မရှိ ဟူသော အယူကိုယူလျက်၊ မည်သူမျှ နိုင်းစေ တိုက် တွန်း ခြင်း မရှိဘဲ၊ ပြုလုပ်လိုက်စားသည်ကို၊ သောမနဿ သဟဂုတ်ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိက စိတ်လို့ ခေါ်ပါတယ်။

မေး။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိက စိတ်၏အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ပါဏာတိပါတစသော ဒုစရိုက် တရားတို့ကို ဝမ်းသာအားရနှင့် အပြစ်မရှိဟူသော အယူကိုယူလျက်၊ သူတပါးနိုင်းစေ၍ ပြုလုပ်လိုက်စားသည်ကို သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက စိတ်လို့ခေါ်ပါတယ်။

မေး။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိက ဆိုတဲ့စိတ်၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ပါဏာတိပါတ စသော ဒုစရိုက် တရားတို့ကို ဝမ်းသာအားရနှင့် အပြစ်ရှိ၏ဟု သိလျက်၊ မည်သူမျှ နိုင်းစေ တိုက်တွန်းခြင်း မရှိဘဲ ပြုလုပ်လိုက်စားသည်ကို၊ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်အသင်္ခါရိက စိတ်လို့ခေါ်ပါတယ်။

မေး။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကဆိုတဲ့စိတ်၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ပါဏာတိပါတစသော ဒုစရိုက်တရားတို့ကို၊ ဝမ်းသာအားရနှင့်အပြစ်ရှိသည်ဟု သိလျက်၊ သူတပါးနိုင်းစေ တိုက်တွန်း၍ ပြုလုပ် လိုက်စားသည်ကို၊ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက စိတ်လို့ခေါ်ပါတယ်။

မေး။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကဆိုတဲ့စိတ်၏အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ပါဏာတိပါတ စသော ဒုစရိုက်တရားတို့ကို ပြုလုပ်ရာ၌ဝမ်းသာသည်လည်းမဟုတ်၊ ဝမ်းနည်းသည် လည်းမဟုတ်၊ အပြစ်မရှိဟုယူလျက်၊ သူတပါး မတိုက် တွန်းဘဲ ပြုလုပ်လိုက်စားသည်ကို၊ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်အသင်္ခါရိကစိတ်လို့ ခေါ်ပါတယ်။

## (အမှာစကား)

နောက်ကျန်သောဥပေက္ခာ-သမ္ပယုတ်–ဝိပ္ပယုတ်– အသင်္ခါရိက သသင်္ခါရိက တို့ကို စဉ်းစား၍ကြည့်ပါက ခဲယဉ်းစရာ မရှိတော့ပေ။ဝမ်းသာ သည်လည်း မဟုတ် ဝမ်းနည်းသည်လည်းမဟုတ် ဆိုသောဥပေက္ခာသဘော သာထူးတော့သည်။တိုက်တွန်းခြင်း မတိုက်တွန်းခြင်းအ ပြစ်ရှိသည်ဟု သိခြင်းတို့မှာအတူတူပင်ဖြစ်တော့သည်။

မေး။ လောဘမူဆိုတဲ့ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ လိုချင် တပ်မက် ခြင်းလျှင် အရင်း ရှိသော ကြောင့်၊လောဘမူလို့ခေါ်ပါတယ်။

မေး။ ဒေါမနဿ သဟဂုတ် ပဋိဃ သမ္ပယုတ် အ သင်္ခါရိကဆိုတဲ့စိတ်၏သဘော ကိုပြောပြပါ။

ဖြေ။ ကြမ်း ထမ်း ခက်ထန်ခြင်းနှင့် တကွ ဆဲရေး တိုင်းထွာရိုက်နှက်ခြင်းတို့ကို၊သူတပါးက နိုင်းစေ တိုက် တွန်းခြင်းမရှိဘဲ ပြုလုပ်ဖြစ်မှားသည်ကို၊ ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ်အသင်္ခါရိကစိတ်လို့ ခေါ်ပါ တယ်။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါ

ရိုကစိတ်မှာ သူတပါးတိုက်တွန်း၍ ဖြစ်လုပ်သည်သာထူး တော့၏။　။(သိလောက်စရာရှိပြီ)

မေး။ ဒေါသမူဆိုတဲ့အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ကြမ်းထမ်းဖြစ်မှားခြင်းလျှင်အရင်းရှိသော ကြောင့်ဒေါသမူစိတ်လို့ခေါ်ပါတယ်။

(သောမနဿ, ဒေါမနဿ, ဥပေက္ခာ တို့၏ သဘောကိုသိလောက်စရာရှိ၏။)

မေး။ ဝိစိကိစ္ဆာ၊ ဆိုတဲ့စိတ်၏အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ အကောင်း, အဆိုး, အမှား အမှန်တို့ကို သေချာစွာ မဆုံးဖြတ်နိုင်သည့်အတွက်၊ ဝိစိကိစ္ဆာလို့ ခေါ်ပါတယ်။

မေး။ ဥဒ္ဓစ္စဆိုတဲ့စိတ်၏အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ငြိမ်သက် တည်ကြည်ခြင်း မရှိ ပျံ့လွင့်တတ် သောသတ္တိကိုဥဒ္ဓစ္စစိတ်လို့ခေါ်ပါတယ်။

မေး။ မောဟ ဆိုတဲ့ စိတ်၏ အဓိပ္ပါယ်ကို ပြော ပြပါ။

ဖြေ။ တွေဝေ မိန်းမောခြင်းလျှင် အရင်းရှိသေ ကြောင့်၊မောဟမူစိတ်လို့ခေါ်ပါတယ်။

မေး။ အကုသိုလ်စိတ် ခေါ် ခြင်း၏ အဓိပ္ပါယ် ကို ပြောပြပါ။

ဖြေ။ ကောင်းသောတရားနှင့်မစပ်ယှက်သက်သက်

အပါယ်လားကြောင်း၊ မကောင်းသော စိတ်များဖြစ်သောကြောင့်။ အကုသိုလ်စိတ်လို့ ခေါ်ပါတယ်။

မေး။ အဟိတ်စိတ် ၁၈-ခုကိုရေတွက်၍ပြပါ။

ဖြေ။ အကုသလဝိပါက်စိတ် ၇-ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ခု၊ အဟိတ်ကြိယာစိတ် ၃ - ခု၊ ဤသို့အားဖြင့် အဟိတ်စိတ် ၁၈-ခုဖြစ်ပါတယ်။

မေး။ အကုသလဝိပါက်စိတ် ၇-ခုကိုရေတွက်၍ပြပါ။

ဖြေ။ ဥပေက္ခာသဟဂုတ်စက္ခုဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ်ဃာနဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ်ဇိဝှါဝိညာဏ်စိတ်တခု။
ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ်သမ္ပဋိစ္ဆိုင်းစိတ်တခု။
ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တခု။

ဤသို့အားဖြင့် အကုသလဝိပါက်စိတ် ၇-ခုဖြစ်ပါတယ်။

မေး။ အဟိတ်ကုသလဝိပါက်စိတ် ၈-ခုကို....ရေတွက်၍ပြပါ။

ဖြေ။ ဥပေက္ခာသဟဂုတ်စက္ခုဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ်သောတဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် တခု။

ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်တခု။
သုခသဟဂုတ် ကာယဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်တခု။
သောမနဿဂုတ်သန္တီရဏ စိတ်တခု။
ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်တခု။

ဤသို့အားဖြင့် အဟိတ်ကုသလ ဝိပါက်စိတ် ၈-ခု ဖြစ်ပါတယ်။

မေး။ အဟိတ်ကြိယာစိတ် ၃-ခုကို....ရေတွက်၍ ပြပါ။

ဖြေ။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်း ....စိတ် တခု။

ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်တခု။
သောမနဿ သဟဂုတ် ဟသိတုပ္ပါဒ်စိတ်တခု။

ဤသို့အားဖြင့်၊ အဟိတ်ကြိယာစိတ် ၃-ခုဖြစ်ပါတယ်။

မေး။ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာန ဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, သမ္ပဋိစ္ဆိုင်း သန္တီရဏတို့၏သဘောကိုပြောပြပါ။

ဖြေ။ အဆင်းဟူသမျှတို့ကိုမြင်တတ်သောကြောင့်၊ စက္ခုဝိညာဏ်။ အသံ ဟူသမျှတို့ကို ကြားတတ် သော ကြောင့် သောတဝိညာဏ်၊ အနံ့ ဟူသမျှတို့ကို မွှေးနံ့ တတ်သောကြောင့်ဃာနဝိညာဏ်၊ အရသာ ဟူသမျှတို့ ကို လျက်တတ်သောကြောင့်၊ ဇိဝှါဝိညာဏ်၊ အနု၊ အ ကြမ်းအစရှိသောအထည်ဝတ္ထုအစုစုတို့ကို၊ တွေ့ထိ, သိ

တတ်သောကြောင့်၊ ကာယဝိညာဏ်၊ အဆင်း, အနံ့, အရသာ, အတွေ့, အထိဟုဆိုအပ်သော အာရုံငါးပါးတို့ကို၊ ခံလင့်တတ်သော့ကြောင့် သမ္ပဋိစ္ဆိုင်း၊ ထိုထိုအာရုံငါးပါးတို့ကို စုံစမ်း တတ် သောကြောင့် သန္တီရဏ၊ ဤသို့အားဖြင့်၊ အသီးသီးသောသဘောအဓိပ္ပါယ်ရှိကြပါတယ်။

မေး။ အကုသလဝိပါက်နှင့်အဟိတ်ကုသလဝိပါက်အထူးကိုပြောပြပါ။

ဖြေ၊ မကောင်းသောအဆင်း၊ မကောင်းသော အသံ၊ မကောင်းသောအနံ့၊ မကောင်းသော အရသာ၊ မကောင်းသော အတွေ့ အထိ၊ မကောင်းသော ခံလင့်ခြင်း၊ မကောင်းသော စုံစမ်းခြင်း ဟူသမျှ တို့မှာ၊ အကုသိုလ်တို့၏ အကျိုးသာ ဖြစ်ခြင်းကြောင့်၊ အကုသလဝိပါက်လို့ခေါ်ပါတယ်။

ကောင်းသော အဆင်း၊ ကောင်း သော အသံ၊ ကောင်းသောအနံ့၊ ကောင်းသောအရသာ၊ ကောင်းသောအတွေ့အထိ၊ ကောင်းသော ခံလင့်ခြင်း၊ ကောင်းသောစုံစမ်းခြင်း ဟူသမျှတို့မှာ ကုသိုလ်၏ အကျိုးသာဖြစ်ခြင်းကြောင့်၊ အဟိတ် ကုသ လ ဝိပါက်လို့ခေါ်ပါတယ်၊ ဤသို့သဘောအဓိပ္ပါယ်ထူးကြပါတယ်။

မေး။ ပဉ္စဒွါရာဝဇ္ဇန်း စိတ်၏ အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဆိုတဲ့

ဖြေ။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဆိုတဲ့ ငါးဒွါရ၌ထိခိုက်သောရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟု ဆိုအပ်သောအာရုံ ငါးပါးကို ဆင်ခြင်တတ်သော သတ္တိကြောင့်၊ပဉ္စဒွါရာဝဇ္ဇန်း စိတ် လို့ခေါ်ပါတယ်။

မေး။ မနော ဒွါရာ ဝဇ္ဇန်း စိတ်၏ အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ မနော ဒွါရ၌ ထင် သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟု ဆိုအပ်သော အာရုံခြောက်ပါးကိုဆင်ခြင်တတ်သော သတ္တိကြောင့်၊ မနောဒွါရာဝဇ္ဇန်းစိတ်လို့ခေါ်ပါတယ်။

မေး။ ဟသိတုပ္ပါဒ်ဆိုတဲ့စိတ်၏ အဓိပ္ပါယ်ကိုပြော ပြပါ၊

ဖြေ။ ရယ်ရွှင်ခြင်းကို ဖြစ်စေ တတ် သော သတ္တိ ကြောင့်၊ဟသိတုပ္ပါဒ်စိတ်လို့ခေါ်ပါတယ်။

မေး။ အလုံးစုံသော ပုဂ္ဂိုလ်တို့၏ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်အရေ အတွက် အဘယ်မျှရှိပါ သလဲ။

ဖြေ။ အလုံးစုံသော ပုဂ္ဂိုလ်တို့၏ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောစိတ် ၁၃-ခု ရှိပါတယ်။

မေး။ ရယ်ရွှင်သောစိတ် ၁၃-ခုကိုရေတွက်၍ပြပါ။

ဖြေ။ လောဘမူသောမနဿ ၄-ခု၊ ဟသိတုပ္ပါဒ် ၁-ခု၊ မဟာကုသိုလ် သောမနဿ ၄-ခု၊ မဟာကြိယာ သောမနဿ ၄-ခု၊ ဤသို့ အားဖြင့်၊ ၁၃-ခု၊ ဖြစ်ပါတယ်။

မေး။ ထို ၁၃-ခုသောစိတ်တို့တွင် ပုထုဇဉ်ရယ်သော စိတ်၊ သေက္ခပုဂ္ဂိုလ် ၇ -ယောက်ရယ်သောစိတ်၊ ဘုရား ရဟန္တာရယ်သော စိတ်တို့ကိုအသီးသီးခွဲခြား၍ ပြော ပြပါ။

ဖြေ။ လောဘမူသောမနဿ ၄-ခု၊ မဟာကုသိုလ် သောမနဿ ၄-ခု၊ ဤ ၈-ခု၊ သောစိတ်သည် ပုထုဇဉ် ပုဂ္ဂိုလ်တို့ရယ်ရှင်သော စိတ်ဖြစ်ပါသည်၊ လောဘမူ သောမနဿဝိပ္ပယုတ် ၂-ခု၊ မဟာကုသိုလ်သောမနဿ ၄-ခု၊ဤ ၆-ခုသောစိတ်သည်၊ သေက္ခ ပုဂ္ဂိုလ် ၇- ယောက်တို့ရယ်ရှင်သောစိတ်ဖြစ်ပါသည်၊ဟသိတုပ္ပါဒ် စိတ်၁- ခု၊ မဟာကြိယာ သောမနဿ ၄-ခု၊ဤ ၅-ခု သောစိတ်သည်ဘုရားရဟန္တာများ ရယ်ရှင်သောစိတ် ဖြစ်ပါသည်။

> ပုထုဇ္ဇနာ ဟသန္တေ့တ္ထ၊
> စိတ္တေဟိ ပန အဋ္ဌဟိ။
> ဆဟိသေက္ခာ အသေက္ခာတု၊
> စိတ္တေဟိ ပန ပဉ္စဟိ။ ။

စ္တေ၊ ဤ ရယ်ရှင်သော စိတ် ၁၃-ခုတို့တွင်၊ အဋ္ဌဟိ စိတ္တေဟိ လောဘမူ သောမနဿ ၄-ခု၊ မဟာကုသိုလ်

သောမနဿ ၄–ခုဟုဆိုအပ်သော ၈-ခုသော စိတ်တို့ဖြင့်။ပုထုဇ္ဇနာ၊ဒု,သု,ဒွိ,တိ ခေါ်ဘိအစဉ် ပုထုဇဉ်တို့သည်။ ဟသန္တိ၊ ရယ်ရွှင်ကြကုန်၏။ သေက္ခာ၊ သေက္ခပုဂ္ဂိုလ်၇-ယောက်တို့သည်။သေက္ခာ၊ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်,သကဒါဂါမိမဂ်,သကဒါဂါမိဖိုလ်, အနာဂါမိ မဂ်,အနာဂါမိဖိုလ်,အရဟတ္တမဂ်, ဟု ဆိုအပ်သော သေက္ခ ပုဂ္ဂိုလ် ၇-ယောက်တို့သည်။ဆဟိ၊ လောဘမူ သောမနဿဝိပ္ပယုတ် ၂–ခု။မဟာ ကုသိုလ် သောမနဿ ၄-ခုဟုဆိုအပ်သော ၆-ခုသောစိတ်တို့ဖြင့် ဟသန္တိ၊ ရယ်ရွှင်ကြကုန်၏။ အသေက္ခာတု၊ ဘုရား ရဟန္တာ ပုဂ္ဂိုလ် တို့သည်ကား။ပဉ္စဟိ စိတ္တေဟိ၊ ဟသိတုပ္ပါဒ်၁-ခု၊မဟာကြိယာသောမနဿ ၄-ခုဟုဆိုအပ်သော ၅–ခုသောစိတ်တို့ဖြင့်၊ ဟသန္တိ၊ ရယ်ရွှင်ကြကုန်၏။

မေး။ ရယ်ရွှင်ခြင်းကို ချဲ့ပြသောလက္ခဏာ မြင်ရုံကြားရုံမျှနှင့် ပုထုဇဉ် ပုဂ္ဂိုလ်တို့၏။အယုတ် အလတ် အမြတ်တို့ကို အဘယ်ကဲ့သို့ သိနိုင်ပါသလဲ။

ဖြေ။ ရယ်ရွှင်ခြင်း အပြား ၆–ပါးဖြင့် အယုတ် အလတ်,အမြတ်,ကိုသိနိုင်ပါတယ်။

မေး။ ရယ်ရွှင်ခြင်း အပြား ၆–ပါးကိုရေတွက်၍ ပြပါ။

ဖြေ။ သိတရယ်ခြင်း,ဟသိတရယ်ခြင်း, ဝိဟသိတ ရယ်ခြင်း, ဥပဟသိတရယ်ခြင်း,အပဟသိတရယ်ခြင်း,

အတိဟာသိတရယ်ခြင်း၊ ဤသို့အားဖြင့် ရယ်ခြင်းအပြား ၆–ပါးရှိပါတယ်။

မေး။ ထိုရယ်ခြင်း ၆-ပါးကို တမျိုးစီ အဓိပ္ပါယ် နားလည်အောင်ပြောပြပါ။

ဖြေ။ မျက်ခွံပွင့်ရုံမျှရယ်ခြင်းကို သိတရယ်ခြင်းလို့ ခေါ်ပါတယ်။ သွားပေါ်ရုံမျှ ရယ်ခြင်းကို ဟသိတရယ် ခြင်းလို့ ခေါ်ပါတယ်။ ဖြည်းညှင်းသက်သာစွာသော အသံဖြင့်ရယ်ခြင်းကိုဝိဟသိတရယ်ခြင်းလို့ခေါ်ပါတယ်။ ဦးခေါင်းလှုပ်ရုံမျှရယ်ခြင်းကိုဥပဟသိတ ရယ်ခြင်းလို့ ခေါ်ပါတယ်။ မျက်ရည်များ ထွက်အောင် ရယ်ခြင်းကို အပဟသိတရယ်ခြင်းလို့ခေါ်ပါတယ်၊ ရှေ့ကို ဝပ်လိုက် နောက်ကိုလှန်လိုက်စသည်ဖြင့် ရှေ့ထိုးနောက်ငင်ရယ် ခြင်းကိုအတိဟာသိတရယ်ခြင်းလို့ခေါ်ပါတယ်။

(ထို့ကြောင့်အလွယ်နှင့်အများရကြစေရန်)

မျက်စိပွင့်မျှ၊ ရယ်တုံက၊ မှတ်ကြသိတသာ။

သွားပေါ်ရုံမျှ၊ ရယ်တုံက၊ မှတ်ကြဟသိတာ။

ညှင်းညှင်းအသံ၊ ရယ်တုံပြန်၊ မှတ်ရန် ဝိဟသိတာ။

ဦး ခေါင်း လှုပ်ခါ၊ ရယ်ခြင်းမှာ၊ မှတ်ပါ ဥပဟ သိတာ။

မျက်ရည်ထွက်ငြား၊ ရယ်သောအား၊ မှတ်သား အပ ဟသိတာ။

ရှေ့ထိုး နောက် ရောက်၊ ရယ်တုံ ပြောက်၊ မှတ် လောက်အတိဟသိတာ။

မေး။ အယုတ် ၊ အလတ်၊ အမြတ် ၊ အားဖြင့် ခွဲခြား၍ပြပါ။

ဖြေ။ သိတရယ်ခြင်း နှင့် ဟသိတ ရယ်ခြင်း တို့ကို ဘုရား ရဟန္တာ ပစ္စေက ဗုဒ္ဓါတို့၏ရယ်ခြင်းဖြစ်သော ကြောင့်မြတ်သောရယ်ခြင်းလို့ ခေါ်ပါတယ်။

ဝိဟသိတရယ်ခြင်းနှင့် ဥပဟသိတရယ်ခြင်းကို မျိုးမြတ် ၊ ရိုးမြတ် မျိုးစစ်ဖြစ်ကုန်သော ကလျာဏပုထုဇဉ်ရယ်ခြင်းဖြစ်သောကြောင့် အလတ်ဖြစ်သော ရယ်ခြင်းလို့ ခေါ်ပါတယ်။

အပဟသိတရယ်ခြင်းနှင့် အတိဟသိတ ရယ်ခြင်းကို၊ မျိုးရိုး မစစ် - ယုတ်ညစ်လှစွာသော သူတို့၏ ရယ်ခြင်း ဖြစ်သောကြောင့်။ အယုတ်ဖြစ်သောရယ်ခြင်း လို့ခေါ်ပါတယ်။

(ရှစ်လုံးဘွဲ့လင်္ကာ)

မျက်စိပွင့်မျှ၊ သွားကပေါ်ရှာ၊
ချိုပြုံးရွှင်ပြ၊ မြင်ရမျက်နှာ၊
ရယ်ခြင်းနှစ်ပါး၊ ထင်ရှားသိသာ၊
မြတ်ဘုရား၊ မှတ်သားရဟန္တာ။ ။

အသံညှင်းညှင်း၊ လှုပ်ခြင်းခေါင်းပါ၊
ရွှင်ရွှင်မဲ့၊ တကဲ့မူရာ၊
ရယ်ခြင်းနှစ်ပါး၊ ထင်ရှားသိသာ၊
အလတ်စား၊ မှတ်သားပုထုကလျာ။ ။

မျက်ရည်ပေါက်နှင့်၊ ရှေ့ရောက်နောက်ခါ
ဣန္ဒြေကင်း၊ ဖြစ်ခြင်းမူရာ၊
ရယ်ခြင်းနှစ်ပါး၊ ထင်ရှားသိသာ၊
လူ့အနွံ၊ မှတ်ကြအယုတ်မာ။ ။

မေး။ ရှေ့ထိုးနောက်ငင်နှင့်မျက်ရည်ထွက်အောင် ရယ်မောသူတိုင်းအမျိုးမစစ်သော သူယုတ်မာချည်း ဟူ၍မှတ်ရမှာလား။

ဖြေ။ လူတိုင်းကို၌သို့မမှတ်ရပါ။ များသောအား ဖြင့်သာ မှတ်ယူရပါသည်။ တခါတရံ အတိဣဋ္ဌာရုံနှင့် တွေ့၍ အလွန်ဝမ်းမြောက်ဝမ်းသာ ရှိသောအခါတို့၌ သူတော်ကောင်း တို့ပင်၊ မျက်ရည်အနည်းငယ် ထွက် အောင်၊ ရယ်တတ်ကြပါသည်။

မေး။ အကုသိုလ်စိတ် ၁၂-ခု၊ အဟိတ်စိတ် ၁၈-ခု၊ ပေါင်း ၃၀-သော စိတ်များကို အဘယ်ကြောင့် အ သောဘဏစိတ်လို့ခေါ်ပါသလဲ။

ဖြေ။ မတင့်တယ်သော ဂုဏ်အသရေကို ဆောင် တတ်သောကြောင့်၊ အသောဘဏစိတ် လို့ ခေါ်ပါ တယ်။

မေး။ ကာမာဝစရသောဘဏစိတ် ၂၄-ခုကို ရေ တွက်၍ပြပါ။

ဖြေ။ ကာမာဝစရ ကုသိုလ်စိတ်က ၈-ခု. သဟိတ် ကာမာဝစရ ဝိပါက်စိတ် ၈-ခု၊ သဟိတ်ကာမာဝစရ

ကြိယာစိတ် ၈-ခု၊ ဤသို့အားဖြင့် ကာမာဝစရသော ဘဏာစိတ် ၂၄-ခုဖြစ်ပါတယ်။

မေး။ ကာမာဝစရ ကုသိုလ်၊ သို့မဟုတ်....မဟာ ကုသိုလ်စိတ် ၈-ခုကို ရေတွက်၍ပြပါ။

ဖြေ။ သောမနဿ သဟဂုတ်.... ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တခု။

သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်တခု။

သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု။

သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် - သသင်္ခါရိကစိတ်တခု။

ဉပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တခု။

ဉပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်တခု။

ဉပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု။

ဉပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်တခု၊ ဤသို့အားဖြင့် ကာမာဝစရကုသိုလ် ( သို့မဟုတ် )မဟာကုသိုလ်စိတ် ၈-ခုဖြစ်ပါတယ်။

(အဓွာခနား)

ဤစိတ်(၈)ခု၌လည်း လောဘမူစိတ်ကဲ့သို့၊သောမနဿ,ဥပေက္ခာ,သမ္ပယုတ်, ဝိပ္ပယုတ် အသင်္ခါရိက, သသင်္ခါရိတို့မှာ အဓိပ္ပါယ်ချင်း တူကြ၏။ ဒိဋ္ဌိနှင့်ယှဉ်သောနေရာတွင် ဉာဏ်ယှဉ်ခြင်း ဉာဏ်မယှဉ်ခြင်းသာ ထူးတော့၏၊

မေး။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၏ အဓိပ္ပါယ်ကိုပြောပြပါ။

ဖြေ။ ဒါန ပြုသော အခါ၌လည်းကောင်း၊ သီလဆောက်တည်သောအခါ၌လည်းကောင်း၊ဝမ်းမြောက်ဝမ်းသာလှူနတ်ပြုဟွာတို့၏ စည်းစိမ်ချမ်းသာကို တွယ်တာခင်မင်ခြင်းမရှိ၊နိဗ္ဗာန်၏ အခြေကို တောင့်တလျက်မိမိ၏ စေတနာ အလျောက် သူတပါး မတိုက်တွန်းဘဲပေးလှူခြင်း ဆောက်တည်ခြင်းတို့ကို သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်လို့ ခေါ်ပါတယ်။

သသင်္ခါရိကမှာ၊သူများတိုက်တွန်းခြင်း၊ ရှေ့ စိတ်ကို နောက် စိတ်က တိုက် တွန်း ခြင်း ကြောင့် ပြုလုပ်ဆောက်တည် သည်ဆိုတာ သိလောက် စရာရှိ၏။ ဝိပ္ပယုတ်မှာလှူနတ်ပြုဟွာသတ္တဝါတို့၏စည်း စိမ်ချမ်းသာကိုတောင့်တ၍ပြုသည်။

မေး။ ကာမာဝစရ ကုသိုလ်ကို အဘယ်ကြောင့် မဟာကုသိုလ်လို့ ခေါ်ရပါသလဲ။

ဖြေ။ အကျိုးပေး ကြီးကျယ်သော သတ္တိကြောင့် မဟာကုသိုလ်လို့ ခေါ်ပါတယ်။

မေး။ ကာမာဝစရဝိပါက်စိတ် (၈ ခုကိုရေတွက်၍ပြပါ။

ဖြေ။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တခု။

သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်တခု။

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်အသင်္ခါရိကစိတ်တခု။

သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်တခု။

ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တခု။

ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်တခု။

ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု။

ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်တခု။

ဤသို့အားဖြင့် ကာမာဝစရ ဝိပါက်စိတ် ၈–ခု ဖြစ်ပါတယ်။

မေး။ မဟာဝိပါက်စိတ်၏ အဓိပ္ပါယ်ကို....ပြော ပြပါ။

ဖြေ။ မဟာကုသိုလ်၏ အကျိုးဖြစ်သောကြောင့် မဟာဝိပါက်စိတ်လို့ခေါ်ပါတယ်။

မေး။ မဟာကြိယာစိတ်၏ သဘော အဓိပ္ပါယ်ကို ပြောပြပါ။

ဖြေ။ ကုသိုလ်၏အကျိုးကိုပေးခြင်းငှာ မစွမ်းနိုင် ဘုရားရဟန္တာတို့၏ သန္တာန်၌ပြုလုပ်ခြင်းမျှသာ ဖြစ် သောကြောင့် မဟာကြိယာစိတ်လို့ခေါ်ပါတယ်။

မေး။ ယခုလူ့ဘဝတွင်ရှိကြကုန်သော လူအပေါင်း တို့၏ချမ်းသာသောအဖြစ်၊ ဆင်းရဲသောအဖြစ်၊ သန့် ရှင်းသောအဖြစ်၊ ယုတ်နိမ့်သောအဖြစ်၊....အဆင်းလှ သောအဖြစ်၊ အ ရုပ် ဆိုး သောအဖြစ်တို့၏ စိတ်နေ သဘောထား ပြုလုပ်ပုံကုသိုလ်များတို့ကို ထင်ရှား နားလည်အောင်ပြောပြပါ။

ဖြေ။ ဒါန ပေးကမ်း ခြင်း၊ စွန့်ကြဲခြင်းတို့ကို ပြုလုပ်အပ်သည်အတွက်၊ စည်းစိမ်ဥစ္စာအဖြာဖြာတို့နှင့် ပြည့်စုံစွာ ချမ်းသာကြပါသည်။

ဒါန ပေးကမ်းစွန့်ကြဲခြင်း မရှိကြသည့်အတွက် လူမွဲလူဆင်းရဲများ ဖြစ်ကြပါတယ်။ အချို့ ပုဂ္ဂိုလ်တို့ အား ရှိရှိသေသေနှင့် ဒါ ဘွယ်ဝတ္ထုတို့ကို....မြင့်မြတ် ကောင်းမွန်သော....နေရာ၌ထား၍ ဒါန ခဲ့ခြင်း ကြောင့်....သန့်ရှင်းသောအဖြစ်ကို ရပါသည်။ အချို့

ပုဂ္ဂိုလ်ကိုလည်း သန့်ပြန့် ကောင်းမွန်စွာ မထားခြင်းကြောင့် ယုတ်ညံ့သော အဖြစ်ကိုရပါသည်။ မည်သည့် အလှူဝတ္ထုမဆို သန့်သန့်ရှင်းရှင်း ပြုလုပ်၍ လှူခဲ့ခြင်းကြောင့်၊ အရုပ်အဆင်းလှပခြင်းနှင့် ပြည့်စုံရပါသည်၊ မရှိမသေမသန့်မရှင်း မိမိသုံးစွဲစားသောက်သလောက်မှ မကောင်းသော အလှူဝတ္ထုတို့ကို.... ပေးလှူခဲ့ခြင်းကြောင့် အရုပ်ဆိုးသောအဖြစ်ကိုရပါသည်။

မေး။ လူ့ပြည်၌ ဖြစ်ကြကုန်သော လူအပေါင်းတို့၏ နောင်,လားရာဂတိတို့တွင်။ နတ်ရွာ နိဗ္ဗာန်သို့ သွားရမည့် ပုဂ္ဂိုလ်နှင့်အပါယ်လေးပါးသို့သွားရမည့် ပုဂ္ဂိုလ်မှာ၊ ဘယ်လိုစိတ်နေသဘောထား....အသွားအလာ, အစား, အသောက် တို့မှစ၍၊ ကွာခြားကြပါသလဲ။

ဖြေ။ နတ်ရွာနိဗ္ဗာန်သို့ သွားရမည့် ပုဂ္ဂိုလ်များ၏ စိတ်သဘောသည် မသင့်မတော်သောအပြော အဆိုအကြံအစည် အလုပ်အကိုင်တို့ကိုပြောဆိုကြံစည် လုပ်ကိုင်လေ့မရှိပါ။ သွားသောအခါ စားသောအခါ နေထိုင်သော အခါ တိုင်းတို့ မှာလည်း။ရုပ်,နာမ် တရားတို့ကိုဆင်ခြင်၊သင်္ခါရတရားတို့ကိုဆင်ခြင်၍ သွားလာနေထိုင်စားသောက်ကြပါသည်။ ရတနာသုံးပါးတို့၏ ဂုဏ်ကိုမည်သည့်အခါမှမမေ့ကြပါ။

အပါယ်လေးပါးကိုသွားရမည့်ပုဂ္ဂိုလ်များ၏ စိတ်သဘောသည်မသင့်မလျော်မတော်သော အပြော အဆို

အလုပ်အကိုင်အကြံအစည်တို့ကိုသာနေ့ရှိတိုင်း ပြောဆို လုပ်ကိုင်ကြံစည်လျက်၊ သွားသောအခါ စားသောအခါ နေထိုင်သောအခါတို့မှာလည်း၊ ရုပ်နာမ်, သင်္ခါရတို့ကို ဆင်ခြင်သုံးသပ်၍ နေလေ့မရှိ၊ နေမိ နေရာ နေကြပါ သည်၊ ဤသို့အကဲကိုကြည့်ရသဖြင့် အထက်လမ်း သမား နှင့်အောက်လမ်းသမားကိုသိနိုင်ပါသည်။

## ရူပဘုံပုဂ္ဂိုလ်စိတ်ရ

မေး။ ကာမပုဂ္ဂိုလ် ၇၆–ယောက်၏စိတ်ကိုသိရ ပါပြီ၊ ရူပပုဂ္ဂိုလ် ၁၀၆ယောက်၏စိတ်ရကို သံပေါက် လင်္ကာဖြင့်ဖြေဆိုပါ။

ဒေါ, ဈာနာဒိ၊ ကြဉ်ဟသိ၊ လောကီကုသလံ။
ရူ,ပိငါးလုံး၊ လေးဆယ်သုံး၊ မှတ်ထုံးပုထုဇန်။
သမ္ပယုတ်ဒိဋ္ဌိ၊ ကြဉ်ဝိစိ၊ နှောဘိသောတာပန်။
သောတာနှင့်မှူ၊ နည်းအတူ၊ မှတ်ယူသကဒါ အနာ ဂါမ်။

အကုသိုလ်ပါယ်၊ ကုကြိယ်လှယ်၊ ထည့်ဘွယ်ဟသိတံ။
သုံးဆယ်ငါးပါး၊ စိတ်အပြား၊ ရငြားရဟန္တံ။
ဖိုလ်ချင်းဖလှယ်၊ ယူလေဘွယ်၊ လေးသွယ်ဖလဋ္ဌာန်။
ကိုယ့်မဂ်ကိုယ်စီ၊ တခုစီ၊ လေးလီမဂ္ဂဋ္ဌာန်။
တရာ့ခြောက်ယောက်၊ စိတ်ရကောက်၊ တတ်မြောက် သိအောင်ကြံ။
ရူပဘူမိ၊ ဆယ့်ခြောက်ရှိ၊ ငြိုး၏နိဋ္ဌိတံ။

မေး။ ရူပဘုံ၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ ဒေါသမူ ၂ ခွေး....ကြဉ်သော အကုသိုလ်စိတ် ၁၀-ဃာနဝိညာဏ်ခွေး, ဇိဝှါဝိညာဏ်ခွေး ကာယဝိညာဏ်ခွေး၊ ဟသိတုပ္ပါဒ် ကြဉ်သော အဟိတ် စိတ် ၁၁-ခု၊ လောကီကုသိုလ် ၁၇-ခု၊ ရူပဝိပါက်စိတ် ၅-ခုဤသို့အားဖြင့် ၄၃-ခုရပါတယ်။

(မှတ်ချက်) ရူပဘုံ၌တိဟိတ်ပုထုဇဉ် တယောက် အရိယာ ရှစ်ယောက်အားဖြင့် ၉-ယောက်ရရာ။ ဈာန်မရသော ပုဂ္ဂိုလ်မရှိ။ ဈာန်ရချည်းသာမှတ်ရမည်။

မေး။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ သောတာပတ္တိမဂ်စိတ်တခုသာရပါတယ်။

မေး။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ တိဟိတ်ပုထုဇဉ်စိတ်ရ ၄၃-ခုတွင်၊ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၊ ဝိစိကိစ္ဆာစိတ်တခု၊ ပေါင်း ၅-ခုသောစိတ်ကိုနုတ်၍ သောတာပတ္တိဖိုလ်စိတ်တခုကိုထည့်သော အားဖြင့် ၃၉-ခုဖြစ်ပါတယ်။

မေး။ သကဒါဂါမိ မဂ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ သကဒါဂါမိ မဂ်စိတ်တခုသာ ရပါတယ်။

မေး။ သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ် စိတ်ရ ၃၉–ခုတွင် သောတာပတ္တိ ဖိုလ်စိတ်ကို နှုတ်၍ သကဒါဂါမိ ဖိုလ်စိတ်ကို ထည့်သောအားဖြင့် ၃၉–ခုပင် ရပါတယ်။

မေး။ အနာဂါမိ မဂ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ အနာဂါမိမဂ်စိတ်တခုသာရပါတယ်။

မေး။ အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ သောတာ ပတ္တိဖိုလ် ပုဂ္ဂိုလ်စိတ်ရ ၃၉–ခုတွင် ဒေါသမူနှစ်ခုနှင့်သောတာပတ္တိ ဖိုလ်စိတ်ကို နှုတ်၍ အနာဂါမိဖိုလ်စိတ်ကို ထည့်သောအားဖြင့် ၃၇–ခုပင် ရပါတယ်။

မေး။ အရဟတ္တ မဂ်ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ အရဟတ္တမဂ်စိတ်တခုသာရပါတယ်။

မေး။ အရဟတ္တ ဖိုလ် ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှရပါသလဲ။

ဖြေ။ စက္ခုဝိညာဏ်နှစ်ခု၊ သောတဝိညာဏ်နှစ်ခု၊ သမ္ပဋိစ္ဆိုင်းနှစ်ခု၊ သန္တီရဏ ၃–ခု၊ အဟိတ်ကြိယာစိတ် ၃–ခု၊ မဟာကြိယာစိတ် ၈–ခု၊ မဟဂ္ဂုတ်ကြိယာ ၉–ခု၊

ရူပဝိပါက် ၅-ခု။ အရဟတ္တဖိုလ်စိတ်တခု၊ ဤသို့အားဖြင့် ၃၅-ခု ရပါတယ်။

မေး။ ရူပါဝစရစိတ် ၁၅-ခုကိုရေတွက်၍ပြပါ။

ဖြေ။ ကုသိုလ်စိတ်က ၅-ခု၊ ဝိပါက်စိတ် ၅-ခု၊ ကြိယာစိတ် ၅-ခု၊ ဤသို့အားဖြင့် ၁၅-ခု....ဖြစ်ပါတယ်။

မေး။ ကုသိုလ်စိတ် ၅-ခုကို၊ရေတွက်၍ ပြပါ။

ဖြေ။ ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ငါးပါးနှင့်တကွဖြစ်သော ပဌမဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု။

ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါလေးပါးနှင့်တကွဖြစ်သော ဒုတိယ ဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု။

ပီတိ,သုခ,ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု။

သုခ,ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု။

ဥပေက္ခာ,ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့် တကွ ဖြစ် သော ပဉ္စမ ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု။ ဤသို့အားဖြင့် ၅-ခုဖြစ်ပါသည်။

မေး။ ဝိပါက်စိတ် ၅-ခုကိုရေတွက်၍ပြပါ။

ဖြေ။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော ပဌမဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တခု။

ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော၊ ဒုတိယ ဈာန်နှင့်ယှဉ်သောဝိပါက်စိတ်တခု။

ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၃-ပါးနှင်တကွဖြစ်သော တတိယဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တခု။

သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်တခု။

ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်နှင့်-ယှဉ်သော ဝိပါက်စိတ်တခု၊ ဤသို့အားဖြင့် ၅-ခုဖြစ်ပါတယ်။

မေး။ ကြိယာစိတ် ၅-ခုကိုရေတွက်၍ပြပါ။

ဖြေ။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော ပဌမဈာန်နှင့်ယှဉ်သောကြိယာစိတ်တခု။

ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော ဒုတိယဈာန်နှင့်ယှဉ်သောကြိယာစိတ်တခု။

ဝိတိ,သုခ , ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၃–ပါးနှင့်တကွဖြစ်သော တတိယဈာန်နှင့် ယှဉ်သော ကြိယာစိတ်တခု။

သုခ,ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါး နှင့်တကွဖြစ်သော စတုတ္ထဈာန်နှင့်ယှဉ်သော ကြိယာ စိတ်တခု။

ဥပေက္ခာ , ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်နှင့်.... ယှဉ်သော ကြိယာစိတ်တခု၊ဤသို့အားဖြင့် ၅–ခုဖြစ်ပါတယ်။

### အရူပဘုံပုဂ္ဂိုလ်စိတ်ရ၊

မေး။ ရူပါဝစရပုဂ္ဂိုလ်၏ စိတ်ရကိုသိရပါပြီ--။ အရူပါဝစရပုဂ္ဂိုလ်၏စိတ်ရကိုလင်္ကာဖြင့် ဖြေဆိုပါ။

ဖြေ။ ဒေါကြဉ်အကု၊မဟာကု၊ထည့်မှုမနောဒွါ။
အရူပကု၊ ဝိလေးခု၊ ပုထုသတ်ဝီသာ။
သမ္ပယုတ်ဒိဋ္ဌိ၊ကြဉ်ဝီစိ၊တေဝိအောက်မိုလ်မှာ။
ကု ကြိလှယ်လစ်၊အကုပစ် ဆဲ့ရှစ်ရဟန္တာ။
မိုလ်ချင်းဖလှယ်၊ယူလေဘွယ်၊ လေးသွယ်ဖလဋ္ဌာ။
ကိုယ့်မဂ်ကိုယ်စီ၊တခုစီ၊လေးလီမဂ္ဂဋ္ဌာ။
သုံးဆဲ့နှစ်ယောက်၊ စိတ်ရကောက်၊ တတ်မြောက် သိအောင်ရှာ။
လေးပါးဘုမိ၊အရူပိ၊ပြီး၏မှန်သချာ။

မေး။ အရူပဘုံ၌တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ စိတ်ရ ကိုရေတွက်၍ပြပါ။

ဖြေ။ ဒေါသမူ ၂ ခုမှ ဒွေးကြည့် အကုသိုလ်စိတ်– ၁၀၊ မ နောဒွါရာဝဇ္ဇန်းစိတ်တခု၊မဟာကုသိုလ်စိတ် ၈–ခု၊အ ရူပကုသိုလ်စိတ်၄–ခု၊အရူပ ဝိပါက်စိတ် ၄–ခု။ ဤသို့ အားဖြင့် ၂၇–ခုဖြစ်ပါတယ်။

မေး။ သကဒါဂါမိမဂ် ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှ ရပါသလဲ။

ဖြေ။ သကဒါဂါမိမဂ် စိတ်တခုကိုသာရပါတယ်။

(မှတ်ချက်)အနာဂါမိ မဂ် ပုဂ္ဂိုလ် အရဟတ္တမဂ် ပုဂ္ဂိုလ်တို့မှာလည်းမိမိတို့၏မဂ် စိတ်တခုစီသာ ရကြ ပါသည်။

မေး။ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်မှာ စိတ်အဘယ်မျှ ရပါသလဲ။

ဖြေ။ တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၏စိတ်ရ ၂၇–ခု၊ တွင် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄–ခု ဝိစိကိစ္ဆာစိတ် တခု၊ ပေါင်း၅–ခုကိုနှုတ်၍၊သောတာပတ္တိဖိုလ်ကို ထည့်သော အားဖြင့် ၂၃–ခုရပါတယ်။

(မှတ်ချက်)သကဒါဂါမိဖိုလ် ပုဂ္ဂိုလ် အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်မှာလည်း၊ ၎င်းတွင် သောတာပတ္တိဖိုလ် နှုတ်၍ မိမိတို့၏ ဖိုလ်ကိုထည့်သောအားဖြင့် ၂၃–ခု၊ စီရကြပါသည်။

မေး။ အရဟတ္တမဂ်ိ ပုဂ္ဂိုလ်စိတ်ရကို ရေတွက်၍ပြပါ။

ဖြေ။ မဟာကြိယာစိတ် ၈–ခု၊ မနောဒွါရာဝဇ္ဇန်းစိတ်တခု၊ အရူပဝိပါက်စိတ် ၄–ခု၊ အရူပကြိယာစိတ် ၄–ခု၊ အရဟတ္တမဂ်ိ စိတ်တခု၊ ဤသို့ အားဖြင့် ၁၈–ခုဖြစ်ပါတယ်။

မေး။ အရူပါ ဝစရစိတ် ၁၂–ခုကို၊ ရေ တွက် ၍ပြပါ။

ဖြေ။ ကုသိုလ်စိတ် ၄–ခု၊ ဝိပါက်စိတ် ၄–ခု၊ ကြိယာစိတ် ၄–ခု၊ ဤသို့အားဖြင့် ၁၂–ခုဖြစ်ပါတယ်။

မေး။ ကုသိုလ်စိတ်၄–ခု၊ ကိုရေတွက်၍ပြပါ။

ဖြေ။ အာကာသနဉ္စာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု။

ဝိညာဏဉ္စာ ယတန ဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု။

အာကိဉ္စညာ ယတန ဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု။

နေဝသညာနာသညာယတနဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု၊ ဤသို့ အားဖြင့် ၄–ခု ဖြစ်ပါတယ်။

မေး။ ဝိပါက်စိတ်လေးခုကို ရေတွက်၍ပြပါ။

ဖြေ။ အာကာသာနဉ္စာယတနဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တခု။

ဝိညာဏဉ္စာယတနဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တခု။

အာကိဉ္စညာယတနဈာန်နှင့်ယှဉ်သောဝိပါက် စိတ်တခု။

နေဝသညာနာသညာယတန ဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်တခု၊ ဤသို့အားဖြင့် ၄-ခု ဖြစ်ပါတယ်။

မေး ကြိယာစိတ် ၄ ခုကို ရေတွက်၍ပြပါ။

ဖြေ။ အာကာသာနဉ္စာယတနဈာန်နှင့်ယှဉ်သော ကြိယာစိတ်တခု။

ဝိညာဏဉ္စာ ယတနဈာန်နှင့် ယှဉ်သော ကြိယာစိတ်တခု။

အာကိဉ္စညာယတနဈာန်နှင့်ယှဉ်သော ကြိယာစိတ်တခု။

နေဝသညာ နာသညာယတန ဈာန်နှင့် ယှဉ်သော ကြိယာ စိတ်တခု။ ဤသို့အားဖြင့် ၄-ခု ဖြစ်ပါတယ်။

မေး။ လောကုတ္တရာစိတ် ၈-ခုကိုရေတွက်၍ပြပါ။

ဖြေ။ ကုသိုလ်စိတ် ၄-ခု၊ ဝိပါက်စိတ် ၄-ခု၊ ဤသို့အားဖြင့် ၈-ခုဖြစ်ပါတယ်။

မေး။ ကုသိုလ်စိတ် ၄-ခုအရ ရေတွက်၍ပြပါ။

ဖြေ။ သောတာပတ္တိမဂ်စိတ်တခု၊ သကဒါဂါမိ မဂ် စိတ်တခု၊ အနာဂါမိမဂ်စိတ်တခု၊ အရဟတ္တမဂ် စိတ် တခု၊ ဤသို့အားဖြင့် ၄-ခုဖြစ်ပါတယ်။

မေး။ ဝိပါက်စိတ် ၄-ခုကိုရေတွက်၍ပြပါ။

ဖြေ။ သောတာပတ္တိဖိုလ် စိတ်တခု၊ သကဒါဂါမိဖိုလ် စိတ်တခု၊ အနာဂါမိဖိုလ် စိတ်တခု၊ အရဟတ္တဖိုလ် စိတ်တခု ဤသို့အားဖြင့် ၄-ခုဖြစ်ပါတယ်။

ဤသည်သျှင်ပုဏ္ဏိုလ်စိတ်ရ အလင်္ကာပြ အမေးအဖြေ ပြီး၏။

# ၄-သမထဝိပဿနာသခ်ေပ အမေးအဖြေ

နမောတဿ ဘဂ ဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သမထဝိပဿနာနံ၊ သခ်ေပေနကမ္မဋ္ဌာနံ၊
ဥဒါနီဟံပဝက္ခာမိ၊ ဒုဝိဓမ္ပိယထာက္ကမံ။

ယော်ဇနာကား။

သမထဝိပဿနာနံ၊ သမထဝိပဿနာဟု ဆိုအပ်ကုန်သော၊ နှစ်ပါးသော ဘာဝနာတို့၏။ ဒုဝိဓမ္ပိ၊ နှစ်ပါး အပြားရှိသည်လည်းဖြစ်သော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ သခ်ေပေန၊ အကျဉ်းအားဖြင့်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ အဟံ၊ ငါသည်။ ဥဒါနိ၊ ယခုအခါ၌။ ပဝက္ခာမိ၊ တပည့်အများ ....သိထင်လျှားအောင် , ဟောကြားရေးမြွက်ပေတော့အံ့သတည်း။

ဤသည်လျှင် နိဒါန်းပြီး၏။

## အမေး-အဖြေ။

မေး။ သမထနှင့်ဝိပဿနာ၊ နှစ်ဖြာသောတရားတို့တွင် ဘယ်တရားကို (သမထ) ခေါ်၍၊ ဘယ်တရားကို (ဝိပဿနာ)ခေါ်ပါသလဲ။

ဖြေ။ နီဝရဏ, တရားတို့ကို ငြိမ်းစေ တတ်သော ဘာဝနာကံကို(သမထ)ခေါ်၍။အနိစ္စ၊ ဒုက္ခ၊အနတ္တ၊ တည်းဟူသောအခြင်းအရာအားဖြင့် ခန္ဓာငါးပါးစသည် တို့ကို၊ ကြည့်ရှုပွါးများတတ်သောဘာဝနာကံကို(ဝိပဿနာ)ခေါ်ပါသည်။

မေး။ ထိုနှစ်ပါးတို့တွင်၊သမထကမ္မဋ္ဌာန်းအဘယ် မျှရှိပါသလဲ။

ဖြေ။ သမထ,ကမ္မဋ္ဌာန်း၊ လေးဆယ်ရှိပါတယ်။

မေး။ သမထကမ္မဋ္ဌာန်း လေးဆယ်ကို ရေတွက်၍ ပြပါ။

ဖြေ။ ကသိုဏ်း ဆယ်ပါး၊ အသုဘ ဆယ်ပါး၊ အနုဿတိဆယ်ပါး၊အပ္ပမညာလေးပါး၊ အာဟာရေပဋိကူလသညာတပါး၊စတုဓာတုဝဝတ္ထာန်တပါး၊ အာရုပ္ပလေးပါး၊ဤသို့အားဖြင့်၊သမထ ကမ္မဋ္ဌာန်း။လေးဆယ်ဖြစ်ပါတယ်။

မေး။ ဘာဖြစ်လို့ ဘာဝနာခေါ်ပါသလဲ။

ဖြေ။ ဘာဝေတီတိဘာဝနာ။ဘာဝေတိ၊ဆင်ခြင်သုံးသပ်ပွါးများအပ်၏။ဣတိတသ္မာ၊ထိုသို့ဆင်ခြင်သုံး

သပ်ပွါးများအပ်၊ပွါးတတ်သောသတ္တိကြောင့်၊ ဘာဝနာ၊ ဘာဝနာမည်၏။ ဤသို့ ပွါးများ အားထုတ်အပ်သောကြောင့်ဘာဝနာခေါ်ပါတယ်။

## ကသိုဏ်းဆယ်ပါး

မေး။ ကသိုဏ်းဆယ်ပါးကို ရေတွက်၍ပြပါ။

ဖြေ။ မြေဟုဆိုအပ်သော,ပထဝီ ကသိုဏ်း၊ရေဟုဆိုအပ်သော,အာပေါ ကသိုဏ်း၊မီးဟု ဆိုအပ်သော,တေဇောကသိုဏ်း၊ လေဟု ဆိုအပ်သော,ဝါယောကသိုဏ်း၊ ညိုသောအဆင်းဟုဆိုအပ်သော,နီလကသိုဏ်း၊ ဝါသောအဆင်းဟု ဆိုအပ်သော, ပီတ ကသိုဏ်း၊ နီသောအဆင်းဟု ဆိုအပ်သော,လောဟိတ ကသိုဏ်း၊ဖြူသောအဆင်းဟုဆိုအပ်သော,ဩဒါတကသိုဏ်း၊ကောင်းကင်ဟု ဆိုအပ်သော, အာကာသ ကသိုဏ်း၊ အလင်းရောင်းဟု ဆိုအပ်သော, အာလောက ကသိုဏ်း၊ဤသို့အားဖြင့်၊ကသိုဏ်းဆယ်ပါးဖြစ်ပါတယ်။

## အသုဘဆယ်ပါး။

မေး။ အသုဘဆယ်ပါးကို ရေတွက်၍ပြပါ။

ဖြေ။ ဖူးဖူးရောင်သော အကောင်ပုပ်ဟု ဆိုအပ်သောဥဒ္ဓုမာတကအသုဘ၊ ညိုသောအဆင်းရှိသော၊အကောင်ပုပ်ဟု ဆိုအပ်သော ဝိနီလက အသုဘ၊ ယိုစီးသောပြည်ရှိသည့်အကောင်ပုပ်ဟု ဆိုအပ်သော ဝိပုဗ္ဗကအသုဘ၊ အပိုင်းအပိုင်း ပြတ်၍ ရှုံ့ရှာဘွယ်ရှိသော

အကောင်ပုပ်ဟု ဆိုအပ်သောဝိနီလကအသုဘ၊ ကျီး-ငှင်းတစသည်တို့ဖြင့်၊ထိုးဖေါက်၍စားသည့် အကောင်ပုပ်ဟုဆိုအပ်သော ဝိက္ခာယိတကအသုဘ။ လက်ခြေဦးခေါင်းတခြားစီဖြစ်လျက်ရှိသောအကောင်ပုပ်ဟုဆိုအပ်သော၊ဝိက္ခိတ္တက အသုဘ။အင်္ဂါ ကြီးငယ် အသွယ်သွယ်တို့ဖြင့် အမြှင်အမြှင် ပြတ်လျက်ရှိသော၊ အကောင်ပုပ်ဟု ဆိုအပ်သော၊ ဟတဝိက္ခိတ္တက အသုဘ။ ထိုထိုသော အရပ်တို့၌ သွေးတို့ဖြင့် ပြွမ်းတီး ယိုစီးလျက်ရှိသောအကောင်ပုပ်ဟု ဆိုအပ်သော၊ လောဟိတက အသုဘ။ကိုးပေါက်သောဒွါရတို့မှ၊ပိုးလောက်တို့ ထွက်ရှိသည့်အကောင်ပုတ်ဟုဆိုအပ်သော ပုဠုဝက အသုဘ။ အရိုးစုဟု ဆိုအပ်သော ရွံရှာဘွယ် ရှိသည့် အကောင်ပုပ်ဟု ဆိုအပ်သော၊အဋ္ဌိကအသုဘ။ဤသို့အားဖြင့် အသုဘ ဆယ်ပါးဖြစ်ပါသည်။

## အနုဿတိဆယ်ပါး။

မေး။ အနုဿတိ ဆယ်ပါးကို ရေတွက်၍ပြပါ။

ဖြေ။ မြတ်စွာဘုရား၏ဂုဏ်ကို ယုံကြည်အားထားပွါး များ အောက်မေ့ ခြင်း တည်း ဟူ သော ဗုဒ္ဓါနုဿတိ။

တရားတော်မြတ်၏ဂုဏ်ကိုယုံကြည်အားထားပွါးများအောက်မေ့ခြင်းတည်းဟူသော ဓမ္မာနုဿတိ။

သံဃာတော်မြတ်၏ ဂုဏ်ကို၊ ယုံကြည်အားထားပွါး များ အောက် မေ့ ခြင်း တည်း ဟူသော သံဃာနုဿတိ။

သီလ၏ ဂုဏ်ကို ယုံကြည် အားထား ပွါး များ အောက်မေ့ခြင်းတည်းဟူသော သီလာ နုဿတိ။

စွန့်ကြဲခြင်း၏စေတနာဂုဏ်ကို၊ ယုံကြည်အားထား ပွါး များ အောက် မေ့ ခြင်း တည်း ဟူ သော စာဂါ နုဿတိ။

သဒ္ဓါတရားနှင့်ပြည့်စုံသဖြင့်၊နတ်တို့၏ ဂုဏ်ကို ယုံကြည် အောက် မေ့ ခြင်း တည်း ဟူ သော။ ဒေဝတာ နုဿတိ။

နိဗ္ဗာန်၏ ဂုဏ်ကို ယုံကြည် အားထားပွါး များ အောက်မေ့ခြင်းတည်းဟူသော ဥပသမာနုဿတိ။

သေရခြင်း သဘောတရားကိုပွါးများအောက်မေ့ ခြင်းတည်းဟူသောမရဏာ နုဿတိ။

သုံးဆဲ့နှစ်ကောဋ္ဌာသ အစု အဝေးဖြစ်သော၊ ခန္ဓာ ကိုယ် ရုပ် အကောင်ပုတ်ကို။ စက်ဆုပ် ရွံရှာဘွယ်ဟု ဆင်ခြင်ပွါးများခြင်တည်းဟူသော ကာယဂတာသတိ။

ထွက်သက် ဝင်သက် လေကို၊အာရုံပြုခြင်းတည်းဟူ သောသတိကို အာနာပါနုဿတိ။

ဤသို့အားဖြင့်အနုဿတိ ဆယ်ပါး ဖြစ်ပါတယ်။

## အပ္ပမညာလေးပါး။

မေး။ အပ္ပမညာလေးပါးကိုရေတွက်၍ပြပါ။

ဖြေ။ သတ္တဝါ အများကို ရင်ဝယ်သားကဲ့သို့ ချစ်မြတ်နိုးခြင်းတည်းဟူသောမေတ္တာတပါး။ ဒုက္ခိတ သတ္တဝါတို့အားသနားခြင်းတည်းဟူသောကရုဏာတပါး။ သုခိတသတ္တဝါတို့အားဝမ်းမြောက်ခြင်းတည်းဟူသော မုဒိတာတပါး။ သုခိတ, ဒုက္ခိတ, သတ္တဝါတို့အား ချစ်ခြင်းမုန်းခြင်းမရှိသောဥပေက္ခာတပါး။

ဤသို့အားဖြင့်၊အပ္ပမညာ လေးပါးဖြစ်ပါတယ်။

## အာဟာရေ ပဋိကူလ သညာ တပါး။

မေး။ အာဟာရေပဋိကူလ သညာ၏ အဓိပ္ပါယ်ကို နားလည်အောင် ပြောပြပါ။

ဖြေ။ အာ ဟာရေ ပဋိကူလ သညာ ဧက သညာ နာမ။

အာဟာရေ၊စားမျိုအပ်သော အစာ အာဟာရ၌။ ပဋိကူလသညာ၊ စက်ဆုပ်ရွံရှာ ဘွယ်ဟူသော အမှတ်သညာသည်။ ဧကာ၊ တခုသော။ သညာ နာမ၊ သညာမည်၏။

စားမျိုအပ်သော အစာအာဟာရ၌၊ တပ်နှစ်သက်သော လောဘတဏှာမထားဘဲ၊ စက်ဆုပ်ရွံရှာဘွယ် ဟု, နှစ်လုံးသွင်းခြင်းကို အာဟာရေ ပဋိကူလသညာ ခေါ်ပါတယ်။

## စတုခေတုဝဝတ္တာန်တပါး။

မေး။ ဝဝတ္တာန်ကမ္မဋ္ဌာန်း၏အဓိပ္ပါယ်ကို....နားလည်အောင် ပြောပြပါ။

ဖြေ။ စတုခေတု ဝဝတ္တာနံ ကေ ဝဝတ္တာနံနာမ၊ စတုခေတု ဝဝတ္တာနံ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓါတ်လေးပါးကို၊ ပိုင်းခြားခြင်းသည်။ ကေ၊ တခုသော။ ဝဝတ္တာနံနာမ၊ ဝဝတ္တန်—မည်၏။

ဓာတ်ကြီးလေးပါးကို၊ပိုင်းခြား ဝေဘန်ခြင်းသည်ပင်လျှင် စတုခေတု ဝဝတ္တာန်ကမ္မဋ္ဌာန်းခေါ်ပါတယ်။

## အာရုပ္ပလေးပါး။

မေး။ အာရုပ္ပလေးပါးကို ရေတွက်၍ပြပါ။

ဖြေ။ ကောင်းကင် ပညတ်ပင်လျှင် အာရုံရှိသော အာကာသာနဥ္စာယတန အာရုပ္ပတပါး။

ပဌမာရုပ္ပ ဝိညာဏ်ပင်လျှင် အာရုံရှိသော ဝိညာဏဥ္စာယတန အာရုပ္ပတပါး။

နတ္ထိဘော ပညတ်လျှင် အာရုံရှိသော၊အာကိဥ္စညာယတန အာရုပ္ပတပါး။

ရုန့်ရင်းသော သညာမရှိ သိမ်မွေ့သော သညာမရှိသည် မဟုတ်သော မနာယတန ဓမ္မာယတနဋ္ဌ အကျုံးဝင်သော နေဝသညာ,နာသညာ ယတန,အာရုပ္ပ တပါး။ ဤသို့အားဖြင့် အာရုပ္ပလေးပါးဖြစ်ပါတယ်။

မေး။ ထိုလေးဆယ်သော ကမ္မဋ္ဌာန်းတို့ကို၊ ဘယ် ပုဂ္ဂိုလ်မဆို ပွားများရပါသလား။

ဖြေ။ ထိုလေးဆယ်သော ကမ္မဋ္ဌာန်းတို့ကို၊ စရိုက် အားလျော်စွာ ပွားများရပါတယ်၊

မေး။ စရိုက် ဘယ်နှစ်ပါး ရှိပါသလဲ။

ဖြေ။ စရိုက် ၆-ပါး ရှိပါတယ်။

မေး။ စရိုက် ၆-ပါးကို ရေတွက်ပြပါ။

ဖြေ။ ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်၊ ဤသို့အားဖြင့် စရိုက် ၆-ပါး ရှိပါတယ်။

မေး။ ထို ၆—ပါးသော စရိုက်တို့တွင်၊ ဘယ်စရိုက် ရှိသော ပုဂ္ဂိုလ်သည်။ ဘယ်ကမ္မဋ္ဌာန်းကို ပွားများ—အားထုတ်အပ်ပါသနည်း။

ဖြေ။ ရာဂစရိုက် အားကြီးသော.... ပုဂ္ဂိုလ်သည် အသုဘ ဆယ်ပါး၊ ကာယဂတာသတိတပါး၊ ဤတဆယ့် တပါးသော ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်အပ်ပါ သည်။

ဒေါသစရိုက် - အားကြီးသော ပုဂ္ဂိုလ်သည် နီလ ဝိတ '' လောဟိတ '' သြဒါတ အပ္ပမညာလေးပါး၊ ဤရှစ်ပါးသော ကမ္မဋ္ဌာန်းကိုပွားများ အားထုတ်အပ် ပါသည်။

မောဟစရိုက် အားကြီးသော ပုဂ္ဂိုလ်သည်၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်အပ်ပါသည်။

သဒ္ဓါစရိုက် အားကြီးသော – ပုဂ္ဂိုလ်သည်၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ။ ဤ ၆–ပါးသော အနုဿတိ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်အပ်ပါသည်။

ဗုဒ္ဓိစရိုက် အာကြီးသော ပုဂ္ဂိုလ်သည်၊ မရဏာနုဿတိ၊ ဥပသမာ နုဿတိ၊ အာဟာရေ – ပဋိကူလသညာ၊ စတုဓာတု ဝဝတ္ထာန်၊ .... ဤလေးပါးသော ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်အပ်ပါသည်။

ဝိတက် စရိုက်အားကြီးသောပုဂ္ဂိုလ်သည်၊အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်အပ်ပါသည်။

မေး။ ဝိသုဒ္ဓိတရား ဘယ်နှစ်ပါး ရှိပါသလဲ။

ဖြေ။ ဝိသုဒ္ဓိတရား ခုနှစ်ပါး ရှိပါတယ်။

မေး။ ဝိသုဒ္ဓိတရား ခုနှစ်ပါးကို ရေတွက်၍ပြပါ။

ဖြေ။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ၊ ဤသို့ အားဖြင့် ဝိသုဒ္ဓိတရား ခုနှစ်ပါးရှိပါတယ်။

မေး။ ထိုဝိသုဒ္ဓိ တရား ခုနစ်ပါးကို အဓိပ္ပါယ်နှင့် တကွရေတွက်၍ပြပါ။

ဖြေ။ သဒ္ဓါပြဋ္ဌာန်းသောကုသိုလ်စိတ္တုပ္ပာဒ်ဖြင့်ပါတိမောက္ခ သံဝရသီလ၏စင်ကြယ်ခြင်း၊သတိ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်ဖြင့် ဣန္ဒြိယသံဝရ သီလ၏ စင်ကြယ်ခြင်း။ ဝိရိယပြဋ္ဌာန်းသောကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် အာဇီဝပါရိ သုဒ္ဓိသီလ၏ စင်ကြယ်ခြင်း။ ပညာပြဋ္ဌာန်းသောကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပစ္စယသန္နိဿိတ သီလ၏ စင်ကြယ်ခြင်း။ ဤလေးပါးသော စတုပါရိ သုဒ္ဓိသီလ၏စင်ကြယ်ခြင်းဟု ဆိုအပ်သော သီလဝိသုဒ္ဓိ တပါး။

သမာပတ်ရှစ်ပါးသည် စိတ္တဝိသုဒ္ဓိမည်၏။

နီဝရဏတရားတို့ကို ခွါသည်မှစ၍ ....ဂေါတြဘူ အဆုံးရှိသော သမာဓိသည် ဉပစာရ သမာဓိမည်၏။ ပဋ္ဌမဈာန်အစရှိသောသမာဓိသည် အပ္ပနာသမာဓိမည် ၏။ ထိုသမာဓိနှစ်ပါးသည် ကာမစ္ဆန္ဒအစရှိသော နီဝရဏ တရား ခြောက်ပါး တို့မှ စိတ်သည်....စင်ကြယ် ကြောင်း ဖြစ်သောကြောင့်၎င်း၊ စိတ်ကို ပဋ္ဌာနပြုသ ဖြင့်သမာဓိကိုပွါးများသည်ဖြစ်၍နီဝရဏတရားတို့မှ စင် ကြယ်သော သမာဓိ ဖြစ်သောကြောင့်၎င်း စိတ်၏စင် ကြယ်ခြင်းဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိတပါး။

ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ ယောက်ျား မိမ္မဟူ သော အယူကိုပယ်၍၊ရုပ်နာမ်နှစ်ပါးတို့ကို၊ ဟုတ်မှန်

တိုင်း၊သိမြင်ခြင်းဟုဆိုအပ်သော၊ဒိဋ္ဌိဝိသုဒ္ဓိတပါး။

သို့လောသို့လော တွေးတော ယုံမှားခြင်းမှကင်းခြင်းဟုဆိုအပ်သော၊ကင်္ခါဝိတရဏဝိသုဒ္ဓိတပါး။

မဂ်ဟုတ်သည် မဟုတ်သည်ကို၊သိမြင်ခြင်း ဟုဆိုအပ်သောမဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိတပါး။

ဝိပဿနာဉာဏ်ဆယ်ပါးဟု ဆိုအပ်သော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတပါး။

ဥဒယဗ္ဗယ-ဉာဏ်မှစ၍၊ သစ္စာနုလောမ— ဉာဏ်တိုင်အောင်၊ ဝိပဿနာ အဆက်ဆက်ဖြင့် ကျင့်သော ဝိသုဒ္ဓိခြောက်ပါးနှင့်ပြည့်စုံသော၊ ယောဂီပုဂ္ဂိုလ်အား၊ သင်္ခါရုပေက္ခာ ဉာဏ်၏ ရင့်ခြင်းကိုရ၍၊ သစ္စိကရဏကိစ္စဖြင့်နိဗ္ဗာန်ကို မျက်မှောက်ပြုလျက်၊မဂ်ဉာဏ် မိုလ်ဉာဏ်ဟုဆိုအပ်သောဉာဏဒဿနဝိသုဒ္ဓိတပါး။ ဤသို့အားဖြင့်၊ ဝိသုဒ္ဓိတရား—ခုနစ်ပါး ဖြစ်ပါတယ်။

## လက္ခဏာရေး ၃ ပါး

မေး။ လက္ခဏာရေးသုံးပါးကို ရေတွက်၍ပြပါ။

ဖြေ။ အနိစ္စလက္ခဏာ၊ဒုက္ခလက္ခဏာ၊အနတ္တလက္ခဏာ၊ဤသို့အားဖြင့်လက္ခဏာရေးသုံးပါးဖြစ်ပါတယ်။

## အနုပဿနာ ၃ ပါး

မေး။ အနုပဿနာသုံးပါးကို ရေတွက်၍ပြပါ။

ဖြေ။ အနိစ္စဟု ဆင်ခြင် မှုကို၊အနိစ္စာနုပဿနာခေါ်ပါတယ်။

ဒုက္ခဟု– ဆင်ခြင်မှုကို၊ အပ္ပဏိဟိတာ နုပဿနာ ခေါ်ပါတယ်။

....အနတ္တဟု ဆင်ခြင်မှုကို၊ သုညတာ နုပဿနာ ခေါ် ပါတယ်။.

## ဝိပဿနာဉာဏ်၁၀ ပါး

မေး။ ဝိပဿနာဉာဏ် ၁၀-ပါးကိုရေတွက်၍ပြပါ။

ဖြေ။ သမ္မသန ဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၊ ဘင် ဉာဏ်၊ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါ ဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာ ဉာဏ်၊အနုလောမဉာဏ်၊ ဤသို့အားဖြင့် ဝိပဿနာ ဉာဏ်ဆယ်ပါးဖြစ်ပါတယ်။

## ဝိမောက္ခ ၃ ပါး

မေး။ ဝိမောက္ခ၊ သုံးပါးကို ရေတွက်၍ ပြပါ။

ဖြေ။ သုညတ ဝိမောက္ခ အနိမိတ္တ ဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခ၊ဤသို့အားဖြင့်၊ ဝိမောက္ခ တရားသုံး ပါးဖြစ်ပါတယ်။

မေး။ အဘယ် အတွက်ကြောင့် ဝိမောက္ခလို့ ခေါ် ပါသလဲ။

ဖြေ။ သံသရာမှကျွတ်လွှတ် တတ်သောအနက် သဘောကြောင့်၊မဂ်လေးပါး၊ဖိုလ်လေးပါးကို၊ဝိမောက္ခ လို့ခေါ်ပါတယ်။

# ဝိမောက္ခမုခ ၃ ပါး

မေး။ ဝိမောက္ခမုခသုံးပါးကို ရေတွက်၍ပြပါ။

ဖြေ၊ အနိမိတ္တာ နုပဿနာဉာဏ်၊ အပ္ပဏိဟိတာနုဿပနာဉာဏ်၊ သုညတာ နုပဿနာဉာဏ် ၎င်းသုံးပါးကို၊ ဝိမောက္ခမုခသုံးပါးလို့ခေါ်ပါတယ်။

# ဝိပဿနာတရား ၄၀

မေး။ ပွါးများသုံးသင်အပ်သောဝိပဿနာတရား ဘယ်နှစ်ပါးရှိပါသလဲ။

ဖြေ။ လေးဆယ်ရှိပါတယ်။

မေး။ ၎င်း လေးဆယ်သော တရားတို့ကို ကျမ်းအာကိုးအကားနှင့်တကွဖြေဆိုရေတွက်၍ ပြပါ။

ဖြေ။ အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော။ ပရတော။ ပရလောကတော၊ ဤတိတော၊ ဥပဒ္ဒဝတော၊ ဘယတော၊ ဥပသဂ္ဂတော၊ စလတော၊ ပဘင်္ဂုတော၊ အဓုဝတော၊ အတာနတော၊ အလေဏတော၊ အသရဏတော၊ ရိတ္တတော၊ တုစ္ဆတော၊ သုညတော၊ အနတ္တတော၊ အာဒီနဝတော၊ ဝိပရိဏာမဓမ္မတော၊ အသာရကတော၊ အဃမူလတော၊ ဝဓကတော၊ ဝိဘဝတော သာသဝတော၊ သင်္ခတတော၊ မာရာမိသတော၊ ဇာတိဓမ္မ

တော၊ ဇရာဓမ္မတော၊ ဗျာဓိဓမ္မတော၊ မရဏဓမ္မတော၊ သောကဓမ္မတော ပရိဒေဝဓမ္မတော၊ ဥပါယာသဓမ္မတော၊ သံကိလေသဓမ္မတော။

ဤသို့ ပဋိသမ္ဘိဒါမဂ်မှာ ဟောပြပါသည်

(အနက်ကား)

အနိစ္စတော၊ အမြဲမရှိသောအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့်။ ရောဂတော၊ များသောအနာရောဂါတို့နှင့်ဆက်ဆံသောအားဖြင့်။ ဂဏ္ဍတော၊ အိုင်းအမာနှင့်တူသောအားဖြင့်။ သလ္လတော၊ ငြောင့်တံသင်းနှင့်တူသောအားဖြင့်။ အဃတော၊ အစီးအပွါးကို မဆောင်သောအားဖြင့်။ အာဗာဓတော၊ များစွာသောအနာနှင့်တူသောအားဖြင့်။ ပရတော၊ သူစိမ်းပြင်ပနှင့်တူသောအားဖြင့်။ ပလောကတော၊ ဇရာဗျာဓိ မရဏတို့နှင့် ပျက်ဆီး တတ်သော အားဖြင့်။ ဤတိတော၊ များစွာပျက်စီးခြင်းကိုဆောင်တတ်သောအားဖြင့်။ ဘယတော၊ ခပ်သိမ်းသော ဘေးတို့၏ တည်ရာ အားဖြင့်။ ဥပဒ္ဒဝတော၊ နှိပ်စက် ခြင်း၏အကြောင်းအားဖြင့်။ ဥပသဂ္ဂတော၊ မျှားပြားစွာခဲ့ အကျိုးမဲ့ တို့သည် အစဉ်လိုက်သောအားဖြင့်။ စလတော၊ တုန်လှုပ်တတ်သော အားဖြင့်။ ပဘင်္ဂုတော၊ ပျက်စီးခြင်းသဘောသို့ ရောက်တတ်သောအားဖြင့်။ အဒုဝတော၊ မမြဲသောအားဖြင့်။ အတာဏတော၊ ဘေးရန်အပေါင်းတို့ကို မစောင့်ရှောက်တတ်သောအားဖြင့်။ အလေဏတော၊ မှီခို ပုန်းအောင်းရာ

မဟုတ်သော အားဖြင့်။ အသရဏတော၊ ကိုးကွယ်ရာ မဟုတ်သောအားဖြင့်။ ရိတ္တတော၊ ကုန်တတ် ပျက်တတ်သောအားဖြင့်။ တုစ္ဆတော၊ အချည်းနှီးသောအားဖြင့်။ သုညတော၊ အစိုးရခြင်းအစရှိသည်မှ ဆိတ်သောအားဖြင့်။ အနတ္တတော၊ အလိုသို့မလိုက်သောအားဖြင့်။ အာဒီနဝတော၊ ကြီးစွာသောအပြစ်အားဖြင့်။ ဝိပရိဏာမဓမ္မတော၊ ဖောက်ပြန်တတ်သောသဘောအားဖြင့်။ အသာရကတော၊ အနှစ်မရှိ အကာအတိသာ ဖြစ်သောအားဖြင့်။ အဃမူလတော၊ အကုသိုလ်တရား၏မူလအားဖြင့်။ ဝဓကတော၊ သူသတ်ယောက်ျားနှင့်တူသောအားဖြင့်။ ဝိဘဝတော၊ အစီးအပွါးမှကင်းသောအားဖြင့်။ သာသဝတော၊ အာသဝေါတရားလေးပါးနှင့် တကွ ဖြစ်သော အားဖြင့်။ သင်္ခတတော၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်း တရားလေးပါးတို့သည် ပြုပြင်အပ်သော အားဖြင့်။ မာရာမိသတော၊ မစ္စုမာန်တို့သည်စွဲလမ်းတတ်သော အားဖြင့်။ ဇာတိဓမ္မတော၊ ဖြစ်တတ်သော သဘောအားဖြင့်။ ဇရာဓမ္မတော၊ ရင့်တတ်သောသဘောအားဖြင့်။ ဗျာဓိဓမ္မတော၊ နှိပ်စက်တတ်သောသဘောအားဖြင့်မရဏဓမ္မတော၊ သေတတ်သေါသဘောအားဖြင့်။ သောကဓမ္မတော၊ စိုးရိမ်တတ်သောသဘောအားဖြင့်။ ပရိဒေဝ ဓမ္မတော၊ ငိုကြွေးမြည်တမ်းခြင်း၏ အကြောင်း အားဖြင့်။ ဥပါယာသ ဓမ္မတော၊ သက်ကြီးရှိုက်တငင်ပင်ပန်းခြင်း၏ အကြောင်း

အားဖြင့်။ သံကိလေသဓမ္မတော၊ ညစ်ငြူးသော ကိလေသာနှင့်ယှဉ်သောအားဖြင့်။ ပသေယျ၊ နေ့စဉ် မပြတ် ဉာဏ်လုံးကပ်၍ သုံးသပ်ဆင်ခြင် ရှုမြင်အားထုတ်အပ်သတည်း။

မေး။ ဝိပဿနာတရားလေးဆယ်တို့တွင်မည်သည့် အနုပဿနာဖြင့် ရှုဆင်ခြင်ရကြောင်းကို အသီးသီးခွဲခြား၍ပြပါ။

ဖြေ။ အနိစ္စတော၊ ပရလောကတော၊စလတော၊ ပဘင်္ဂုတော၊အဓုဝတော၊ ဝိပရိနာမဓမ္မတော၊ ဝိဘဝတော၊ သင်္ခတတော၊ မရဏ ဓမ္မတော၊ ဤ ကိုးပါးကို အနိစ္စာ နုပဿနာဖြင့် ရှုဆင်ခြင်အပ်ပါသည်။

ပရတော၊ ရိတ္တတော၊ တုစ္ဆတော၊ သုညတော၊ အနတ္တတော၊ အသာရကတော၊ ဤခြောက်ပါးတို့ကို အနတ္တာနုပဿနာဖြင့်ရှုဆင်ခြင်ရပါသည်။

ကြွင်းသော နှစ်ဆဲ့ငါးပါးသော ဝိပဿနာ တို့ကို ဒုက္ခာနုပဿနာဖြင့်ရှုဆင်ခြင်ရပါသည်။

ဤသို့ ဝိပဿနာတရားလေးဆယ်တို့ကို အသီးသီး ဆင်ခြင်ရပါတယ်။

## သမာပတ် ၂ ပါး။

မေး။ သမာပတ်နှစ်ပါးကို ရေတွက်၍ပြပါ။

ဖြေ။ ဖလသမာပတ်, နိရောဓ သမာပတ်, ဤသို့ အားဖြင့်သမာပတ်နှစ်ပါး ဖြစ်ပါတယ်။

မေး။ ဖလသမာပတ်ကို ဘယ်လို ပုဂ္ဂိုလ်မျိုး ဝင်စားနိုင်ပါသလဲ။

ဖြေ။ ဖလ သမာပတ်ကို ရအပ်သော မိမိတို့ ဖိုလ်အားလျော်စွာ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့သည်သာ အစဉ်အတိုင်း ဝင်စားနိုင်ပါသည်။

မေး။ နိရောဓသမာပတ်ကို ဘယ် ပုဂ္ဂိုလ်မျိုး ဝင်စားနိုင်ပါသလဲ။

ဖြေ။ နိရောဓ သမာ ပတ်ကို အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ် နှစ်ပါးတို့သာ ဝင်စားနိုင်ပါသည်။

မေး။ ဖလသမာပတ်ကို ဘယ်ပုဂ္ဂိုလ်မျိုး မဝင်စားနိုင်ပါသလဲ။

ဖြေ။ ပု ထု ဇဉ် ပုဂ္ဂိုလ် လေးယောက်၊ အောက်အောက်ဖြစ်သောဖလဋ္ဌာန်ပုဂ္ဂိုလ်သည်လည်း အထက်အထက် သမာပတ်ကို၊ အထက်အထက် ဖလဋ္ဌာန်ပုဂ္ဂိုလ်သည်လည်း အောက်အောက် သမာပတ်ကို၊ မဝင်စားနိုင်ပါ။

မေး။ နိရောဓ သမာပတ်ကို ဘယ်ပုဂ္ဂိုလ်မျိုး မဝင်စားနိုင်ပါသလဲ။

ဖြေ။ သမထအစေးခန်းခြောက်သော သုက္ခဝိပဿကဖြစ်သောအနာဂါမ်ရဟန္တာတို့မှာမဝင်စားနိုင်ပါ။

မေး။ အ ဘယ် ကြောင့် မဝင်စားနိုင်ပါသလဲ။

ဖြေ။ သမာပတ်ရှစ်ပါးကိုမရသောကြောင့် မဝင်စားနိုင်ပါ။

မေး။ နိရောဓသမာပတ်မှထသော ပုဂ္ဂိုလ်၏စိတ် သည်အဘယ်ကိုညွတ်ပါသလဲ။

ဖြေ။ နိရောဓသမာပတ်မှထသော ပုဂ္ဂိုလ်၏ စိတ် သည်နိဗ္ဗာန်ကိုညွတ်ပါတယ်။

မေး။ ဝိပဿနာ ကမ္မဋ္ဌာန်း ပွါးများ အားထုတ် သောသူတို့သည်၊ ဘယ်အကျိုးကို ခံစားရပါသလဲ။

ဖြေ။ ဝိပဿနာကမ္မဋ္ဌာန်းကို ပွါးများအားထုတ် သော ပုဂ္ဂိုလ်တို့သည်၊ မဂ် ချမ်းသာ ဖိုလ် ချမ်းသာကို ခံစားရပါတယ်။

မေး။ ကမ္မဋ္ဌာန်းနှစ်ပါးကိုအကျဉ်းအားဖြင့် နိဂုံး အုပ် ဂါထာကိုရွတ်ဆို၍ပြပါ။

ဖြေ။ ဘာဝေတဗ္ဗံပနိစ္စေဝံ၊
ဘာဝနာ ဒွယမုတ္တမံ၊
ပဋိပတ္တိ ရသဿာဒံ၊
ပတ္ထယန္တေန သာသနေ။ ။

ပန၊ ချီးပင့်ကော်ရော်၊ နှိုးဆော်တိုက်တွန်းအမှန်း တင်ရန် ဥယျောဇဉ်ကို ဆိုဦးအံ့။ ဣစ္စေဝံ ဣတိဝေဝံ ယထာဝုတ္တနယေန၊ အကြြင်အကြြင် ဆိုအပ်ခဲ့ပြီးအသီး အသီးပွားစီးနှစ်ဖြာ၊ ဘာဝနာနှစ်လမ်း၊ နည်းစုံပြမ်း သော အားဖြင့်။ သာသနေ၊ ငါးထောင်ရှည် ကြာ ရောင်ဝါရှိန်ထွန်း၊ မိန့်ခွန်း အာဏာ သာသနာ၌၊ ပဋိ ပတ္တိရသဿာဒံ၊ အကျင့်ဝတ် မြတ်၊ ပဋိပတ်ဖြင့်၊ ရအပ် သောအဆီအနှစ်အရသာတည်းဟူသော ဈာနမဂ္ဂ ဖလ

သုံးတန်၊ အချွန်အလွန် အမွန်ချမ်းသာအရသာကို။ ပတ္တ ယနွေ့နေ၊ တောင့်တလိုလားအမျိုးသားသည်။ ဥတ္တမံ၊ လွန်မြတ်လှစွာသော။ ဘာဝနာဒွယံ၊ သမထ, ဝိပဿ နာ ဘာဝနာနှစ်ရပ် တရားမြတ်ကို။ ဘာဝေတဗ္ဗံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမစဲ၊ အရှုမှာစွဲလျက် အမြဲမကွာ ပွားများအားထုတ်အပ်ရာသတည်း။

## သွားဆဲ အခါနှင့်၊ အိပ်၊ ထိုင်၊ ရပ်ဆဲမှာ ဝိပဿနာ ရှုပုံကို ပြောပြပါ။

ရပ်ရာမှာ ဝိပဿနာရှုက၊ ညာခြေလှမ်း၍ သွား လိုသော စိတ်ဖြင့် လှမ်း၍ သွားလိုက်သော အခါ၊ ထို လှမ်းလိုသောစိတ်နှင့်၊ အတွင်းသားညာလှမ်းအမူအရာ ရုပ်တွေ တကိုယ်လုံးမှာ၊ ဖြုံးကနဲ အသစ်ဖြစ် ပေါ်မှု (ဥဒယစု) ရှု၊ အဘိုကရှိနေရင်း ရပ်လိုသောစိတ်နှင့် ရပ်ရုပ် အမူအရာဟောင်းတွေ၊ တကိုယ်လုံးမှာ ဖြုံး ကနဲ့ကွယ်ပျောက် အနိစ္စရောက်မှု (ဝယစု) တို့ကိုရင်း။ တဖန်ဘယ်လှမ်းလှမ်း၍ သွားလိုက်သောအခါထိုလှမ်း လိုသောစိတ်နှင့် အတွင်းသား ဘယ်လှမ်း အမူအရာရုပ် တွေ တကိုယ်လုံးမှာ ဖြုံးကနဲ အသစ် ဖြစ်ပေါ် လာမှု (ဥဒယစု) ရှု၊ အဘိုက ရှိနေရင်း ညာလှမ်း လှမ်းလို သော စိတ်နှင့် ညာလှမ်း အမူအရာရုပ်ဟောင်းတွေ တ ကိုယ်လုံးတို့ မှာလည်း ဖြုံးကနဲ ကွယ်ပျောက် အနိစ္စ

ရောက်မှု (ဝယစ)တို့ကိုရင်း၊ ထိုနည်းတူစွာ နောက်နောင် ဆက်လက်၍ သွားလတံ့သမျှသော ညာလှမ်းအမူအရာ၊ ရုပ်,နာမ်၊ ဘယ်လှမ်းအမူအရာ ရုပ်,နာမ်တို့၏ ဖြစ်ပျက်မှု (ဥဒယစ–ဝယစ)တို့ကိုရင်း။အထူးသတိပြုကာ နာမ်ပျက်နှင့်တကွ ရှင်းလင်းစွာ ထင်မြင်လာအောင် စကြံနှင့်ဖြစ်စေ၊နှေးနှေးသွား၍ ဖြစ်စေ၊ အခါအခါရှုရပါသည်။

အိပ်နေရာမှ ထိုင်လိုက်မှု၊ ထိုင်နေရာမှ ရပ်လိုက်မှု၊ ရပ်နေရာမှ သွားလိုက်မှု၊ ဣရိယာ ပုထ်စုတို့၊ တခုကတခုသို့ ပြောင်းလဲမှုနှင့် ရှုရပုံတို့ပေတည်း၊ ထိုထိုဣရိယာပုထ်တို့ မပြောင်းဘဲ အိပ်နေဆဲ ထိုင်နေဆဲရပ်နေဆဲ အခါတို့မှာကား၊ ထွက်သက် ဝင်သက် အမူအရာတို့နှင့် ရုပ်,နာမ်ပျက် အချက်ကို ဖမ်းရာ၏၊ဖမ်းပုံကားသမထနယ်က ထွက်သက်ဝင်သက်နှင့် ....အလုပ် လုပ်ကြသူတို့မှာ နှာခေါင်းဝမှာ ဉာဏ်ထား၍၊ ထွက်သိဝင်သိ တရားကို ပွားများရာ၏၊ ဤဝိပဿနာနယ်ကအတွင်းသား ရုပ်,နာမ်, ပရမတ်တို့၏ ဖြစ်ပျက်မှုကိုထိုထိုအမူအရာ အမျိုးမျိုးတို့၏ ဖြစ်ပျက်မှုနှင့် တွဲဖက်၍ ရှုရမှာဖြစ်သောကြောင့်၊ နှာခေါင်းဝတို့မှာဉာဏ်မထားဘဲ ရှုံ,ပွန်စ်သွယ် ထင်မြင်လွယ်သော အလယ်ဗိုင်း ရင်ဝ နံဘေး အရပ်တို့မှာ၊ မိမိဉာဏ်ကို စိုက်ထားပါ၍၊ ထွက်သက် ရှုလိုက်သောစိတ်ဖြင့် ထွက်သက်လေအထုတ်မှာ၊ ရှုံ့ရုပ်အမူအရာ အတွင်းသား တကောင်

လုံးကိုဖြုံးကနဲအသစ်ဖြစ်ပေါ်လာမှု(ဥဒယရု)တို့ဖြစ်ပြီးနောက်၊ ၎င်း ရုပ် အကုန်လုံးတို့ ဖြုံးကနဲ ကွယ်ပျောက် အနိစ္စရောက်မှု (ဝယရု)တို့ကိုငင်း၊တဖန်ဝင်သက်ရှိုက်လိုက်သောစိတ်ဖြင့်၊ ဝင်သက်လေ အသွင်းမှာ ပွရုပ် အမှုအရာတို့ အတွင်း သား တ ကောင် လုံး မှာ ဖြုံးကနဲဖြစ်ပေါ်လာမှု(ဥဒယရု) တို့ဖြစ်ပြီးနောက်၊ ၎င်းပွရုပ် အကုန်လုံးတို့၊ ဖြုံးကနဲ ကွယ်ပျောက် အနိစ္စရောက်မှု (ဝယရု)တို့ကိုငင်း၊ အထူး သတိပြုကာ နာမ် ပျက်နှင့်တကွ၊ ရှင်းလင်းစွာ ထင်မြင်အောင်၊မလုပ်မရှားဘဲ အိပ်နေဆဲ, ထိုင်နေဆဲ ,ရပ်နေဆဲ, အခါတို့မှာ၊ ထိုထွက်သက် ဝင်သက်တို့ အချက် တိုင်းနှင့် ရုပ် နာမ်ပျက်တို့ကို၊မကြာမကြာအခါခါ ရှုရပါသည်။

# ဤသည်လျှင်

## သမထဝိပဿနာ – သခန်းပ်

## အမေးအဖြေ ပြီး၏။

# ၅ ကလျာဏကျင့်စဉ် အမေးအဖြေ

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

မေး။ သံသရာဟူသည် အဘယ်တရားကို ခေါ်ဆိုပါသနည်း။

ဖြေ။ သံသရာဟူသည် ခန္ဓာ အာယတန ဓါတ်ဤ တရား၏ မပြတ်ကျင်လည်ရာကို သံသရာဟူ၍ ခေါ်ဆိုပါသည် ထိုကြောင့်....

ခန္ဓာနဉ္စ ပဋိပါတိ၊ ဓာတု အာယတနာနဉ္စ၊
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

ခန္ဓာနဉ္စ၊ ခန္ဓာငါးပါးရုပ်, နာမ်တရားတို့၏၎င်း။ ဓာတုအာယတနာနဉ္စ၊ ဓါတ်တဆယ့်ရှစ်ပါး အာယတန တဆယ့်နှစ်ပါး ရုပ်, နာမ် တရား တို့ ၏ ၎င်း။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်မလပ်။ ဝတ္တမာနာ၊ လည်ခါလည်ခါ ဖြစ်ပေါ်၍လာသော။ ပဋိပါတိ၊ အစဉ်တရားကြီးကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်လေတော့သတည်း။ ခန္ဓာ အာယတနဓာတ်တို့ မပြတ် ကျင်လည်ရာကို၊ သံသရာ ဟူ၍ ခေါ်ဆိုပါသည်။

# ခန္ဓာ ၅ ပါး

မေး။ ခန္ဓာငါးပါး၏ သရုပ်အဓိပ္ပါယ်ကိုရေတွက်၍ပြပါ။

ဖြေ။ ရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာ , သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ , ဝိညာဏက္ခန္ဓာ ဟူ၍ ငါးပါးတည်း။ ထိုငါးပါးတို့တွင် ဘူတရုပ် ဥပါဒါရုပ်အားဖြင့် ပြားသော ရုပ်နှစ်ဆယ့်ရှစ်ခုသည် ရူပက္ခန္ဓာမည်၏။ စေတသိတ် ၅၂–ပါးတို့တွင် ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာသညာမှ ကြွင်း သော စေတ သိက် ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏။ စိတ် တ ခု ယုတ် ကိုးဆယ်သည် ဝိညာဏ က္ခန္ဓာမည်၏။ နိဗ္ဗာန် သည် အပြားမရှိခြင်းကြောင့် ခန္ဓာဟူသော အရေ အတွက်မှလွတ်၏။ ဤသို့လျှင် ခန္ဓာ အား ဖြင့် ငါး ပါး ဖြစ်သတည်း။

မေး။ အဘယ်ကြောင့်ခန္ဓာခေါ်သနည်း။ခန္ဓာခေါ်ခြင်း၏အကြောင်းကိုပြောပြပါ။

ဖြေ။ ဇာတိ ဇရာ မရဏာဒီဟိ ခါဒိယန္တိ ခဏ္ဍိယန္တီတိခန္ဓာ။

ယေဝမ္ဘာ၊ သူငါ တပါး ယောက်ျားမိန်းမ သမုတ်အပ်သည့် အကြွင်–ရုပ်, ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏဟုဆိုအပ်သောတရားတို့ကို။ ဇာတိ ဇရာ မရ

ကာဒိဟိ၊ ဇာတိမီး၊ ဇရာမီး၊ မရဏာမီး။ အစရှိကုန်သော တဆဲ့တပါးသောမီးတို့သည်။ ခါဒိယ န္တိ ခဇ္ဇဝိယ န္တိ၊ မပြတ်မလပ် စားအပ်,ခဲအပ်ကုန်၏။ ဉာတိတသ္မာ....၊ ထိုကဲ့သို့- ဇာတိမီး, ဇရာမီး, မရဏာမီး, အစရှိသော တဆဲ့တပါးသော မီးတို့သည် မပြတ် မလပ် စားအပ်ကုန်သည်၏အဖြစ်ကြောင့်။ တေခမ္မာ၊ ငါ....သူတပါးယောကျ်ား, မိန်းမရယ်လို့ သမုတ်ပညတ် ခေါ်ဆိုအပ်သည့် ထိုရုပ် ဝေဒနာ သညာသင်္ခါရ ဝိညာဏ, တရားတို့သည်။ ခန္ဓာ၊ ခန္ဓာမည်ကုန်၏ ဟူသော ဝစနတ္ထနှင့်အညီ။ ဇာတိဇရာဗျာဓိ မရဏ အစရှိသော တဆဲ့တပါးသောမီးတို့၏ လောင်စားရာ ဖြစ်ခြင်းကြောင့်- ခန္ဓာဟူ၍ခေါ်ဆိုပါသည်။

မေး။ ခန္ဓာငါးပါးတို့ကို ဥပမာနှင့် တကွ ရှုဆင်ခြင်ပုံကိုပြောပြပါ။

ဖြေ။ ရူပက္ခန္ဓာသည်ရေမြှုပ်နှင့်ဥပမာတူပါသည်။ ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်ဥပမာ....တူပါသည်။ သညာက္ခန္ဓာသည် တံလျှပ်နှင့် ဥပမာ တူပါသည်။ သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့် ဥပမာ....တူပါသည်။ ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့် ဥပမာ တူပါသည်။

မေး။ ခန္ဓာငါးပါးကို ရေမြှုပ် ရေပွက် တံလျှပ် ငှက်ပျောတုံး မျက်လှည့်သည်နှင့် တူပုံကို ပါဠိရှုတ်ပြပါ။

ဖြေ။ ဖေဏာပိဏ္ဍူပမံ ရူပံ၊ဝေဒနာ ပုဗ္ဗုဠူပမာ၊
မရီစိကူပမာ သညာ၊သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ဒဿိတေသဗ္ဗဒဿိနာ။
ဥပမာဟိသမ္ဗဿေယျ၊ပဉ္စက္ခန္ဓေအသာရကေ။

ဘိက္ခဝေ၊ ရူပါရုံရုပ် သို့အပုတ်ကို ကတိုးထုပ်အလား ထင်မှတ်မှား၍ တရားတော်နာ ပေါင်းများစွာတို့။....ရူပံ၊ ပုဆိုး,ထမီ၊ဝတ်အကျႌနှင့် ဖြူ,နီ,ကြောင်ကျား,ဝတ်စားလွှမ်းအုပ် ခန္ဓာရုပ်ကို။ ဖေဏာပိဏ္ဍူပမံ၊ပဋိသန္ဓေ တည်နေသည်မှ ခဏပျက်ကျေ များထွေသွယ်သွယ် ရှစ်ဆယ်ပိုးမျိုးဖျက်ဆီးချိုးသည့်....အဘိုးမပိုင် အခြေနုပ်သည့် ရေမြှုပ်ဆိုင်နှင့် နှိုင်းယှဉ်တူစွာ ဥပမာရှိ၏ဟူ၍။ ဝေဒနာ၊ ကိုးဆယ်ခြောက်ဖြာ လွန်နှိပ်စက်တဲ့ ဝေဒနက္ခန္ဓာကို၊ ပုဗ္ဗုဠူပမာ၊အသုံးမထင်ယူငင်ကိုင်ခက် ခဏချင်းဖြင့် လက်ငင်းပျက်သည့်၊ ရေပွက်တူစွာ ဥပမာရှိ၏ဟူ၍။သညာ၊အစဉ်မပျက်အထင်မက်တဲ့ သညာက္ခန္ဓာကို။ မရီစိကူပမာ၊ အကျိုးအပြစ်အဖြစ်မမြင် ရေဟုထင်လည်း၊ ယူငင်မကပ် တံလျှပ်သို့သာ တူပေစွာသော ဥပမာရှိ၏ဟူ၍။သင်္ခါရာ၊ ပြုပြင်စုလျက် ယခုပျက်သည့် သင်္ခါရက္ခန္ဓာကို၊ ကဒလူပမာ--၊ အပေါ်ခွံထပ် အပတ်အလွှာ အကုန်ခွါလည်း၊ အကာလုံးလုံး အနှစ်ဆံမြူ မရှိမူ၍ လူမသုံးသည့် ငှက်ပျောတုံးတူစွာ ဥပမာရှိ၏ဟူ၍။ ဝိညာဏံ၊ဖေါက်ပြန်ယွင်းပျက်

ဖြုနိဖက်တဲ့ ဝိညာဏက္ခန္ဓာကို။ မာယူပမန္တိ၊ ဟုတ်တိုင်း မပြ သာရအစစ် အနှစ်မမည်၊ တာမရှည်ချက် မာယာ ဖက်သည့် မျက်လှည့်တူစွာ ဥပမာ ရှိ၏ဟူ၍။ သဗ္ဗဒဿိနာ၊ မကြွင်းဥဿုံ အလုံးစုံကို အကုန်အစင်သိပေပြားတဲ့ ဘုရားရှင်သည်။ ဥပမာဟိ၊အများအတွက်တရားဖက်ဘို့၊ ငါးချက်သော ဥပမာတို့ဖြင့်။ ဒဿိတေ၊ အစဖေါ်၍ ပြတော်မူအပ် ကုန်သော။ အသာရကေ၊ အနှစ်မရှိအကာအတိသာ ဖြစ်ကုန်သော။ ပဥ္စက္ခန္ဓေ၊ မှားမှားသဘော၊ ကြွားကြွားလောသည့် ငါးပါးသော ခန္ဓာတို့ကို။ ဥပမာဟိ။ မာနတံခွန် မိုးစွန်ထူးထိုး ရူပါရုံနှင့် လှဂုဏ်ကိုးသူတို့၊ အမျိုးမျိုး အသီးသီး ယှဉ်မှီးစရာ၊ ဥပမာ ငါးချက်တို့ဖြင့်။ သမ္ဘဝေယျ၊ ငါ့ကိုယ်အတူဘယ်သူဘယ်ငါ ကိုယ်ခန္ဓာတို့သည် အကာလုံးလုံး .... ဌက်ပျောတုံးရေမြှုပ် တမဟုတ်ပျက်၊ ရေပွက်တံလျှပ်။ မျက်လှည့်တတ် ဆရာ ဥပမာကို၊ သေချာစေ့ငု၊ သတိပြု၍၊ ကြည့်ရှုသုံးသပ်ကြရာသတည်း။

မေး။ အသင်္ခတဓာတ် နိဗ္ဗာန် မြတ် သည် ခန္ဓာမှ လွတ်ပုံကိုပြောပြပါ။

ဖြေ။ အသင်္ခတဓာတ် မြတ်လှသော နိဗ္ဗာန်သည်ကား၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ,ဗဟိဒ္ဓသြဠာရိက,သုခုမ,ဟိန, ပဏီတ,ဒူရ, အာသန္န ဟုဆိုအပ်သော အပေါင်းအစုမှ ကင်းခြင်းကြောင့် ခန္ဓာဟူသော အရေအတွက်မှလွတ်ပါသည်။

# အာယတန တဆယ့်နှစ်ပါး။

မေး။ အာယတနတရား အဘယ်နှစ်ပါး ရှိပါသလဲ။

ဖြေ။ အာယတန တရား တဆယ့်နှစ်ပါး ရှိပါသည်။

မေး။ အာယတန တရားတဆယ့်နှစ်ပါးတို့၏-၊ သရုပ် အဓိပ္ပါယ်ကို ရေတွက်၍ပြပါ။

ဖြေ။ အာယတန တဆယ့်နှစ်ပါးဟူသော်ကား ရုပ်, နှစ်ဆယ့်ရှစ်ခုတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏။ သောတပသာဒသည် သောတာယတနမည်၏။ ဃာနပသာဒသည် - ဃာနာယတနမည်၏။ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏၊ ကာယပသာဒ-သည် ကာယာယတနမည်၏။ စိတ်တခု ယုတ်ကိုးဆယ်သည် မနာယတနမည်၏။ ရူပါရုံသည် ရူပါယတနမည်၏။ သဒ္ဒါရုံသည်သဒ္ဒါယတနမည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။ ရသာရုံသည် ရသာယတနမည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတနမည်၏။ စေတသိက်ငွေးပညာသ, သုခုမရုပ် သောဠသ နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံသည် ဓမ္မာယတနမည်၏။ .... ဤသို့လျှင် အာယတနအားဖြင့် တဆယ့်နှစ်ပါးဖြစ်သတည်း၊စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန, ဤခြောက်ပါးသည် အဇ္ဈတ္တိကာယတနခြောက်ပါးမည်၏၊ရူပ, သဒ္ဒ, ဂန္ဓ,

ရသ,ဖေါဋ္ဌဗ္ဗ,ဓမ္မ ဤခြောက်ပါးသည် ဗာဟိရာ ယတန ခြောက်ပါးမည်၏၊ ဥါရအာရုံ နှစ်ပါး ပေါင်းသော အားဖြင့် အာယတန တဆယ့်နှစ်ပါးဖြစ်ပါသည်။

# ဓာတ်တဆယ့်ရှစ်ပါး။

မေး။ ဓာတ်တရားအဘယ်မျှ ရှိပါသလဲ။

ဖြေ။ ဓာတ်တရား တဆယ့်ရှစ်ပါးရှိပါတယ်။

မေး။ ထိုတဆယ့် ရှစ်ပါးသော ဓာတ်တရားတို့၏၊ သရုပ်အဓိပ္ပါယ်ကို ရေတွက်၍ ပြပါ။

ဖြေ။ ဓာတ် တဆယ့်ရှစ်ပါး ဟူသည်ကား၊ ရုပ်နှစ်ဆယ့်ရှစ်ပါးတို့တွင်၊စက္ခုပသာဒသည် စက္ခုဓာတ်မည်၏၊သောတပသာဒသည် သောတဓာတ်မည်၏။ ဃာနပသာဒသည်ဃာနဓာတ်မည်၏။.... ဇိဝှါပသာဒသည် ဇိဝှါဓာတ်မည်၏။ ကာယပသာဒသည် ကာယဓာတ်မည်၏။ ရူပါရုံသည် ရူပဓာတ်မည်၏။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏။ဂန္ဓာရုံသည်ဂန္ဓဓာတ်မည်၏။ ရသာရုံသည်ရသဓာတ်မည်၏။ဖေါဋ္ဌဗ္ဗာရုံသည်ဖေါဋ္ဌဗ္ဗဓာတ်မည်၏။စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ်မည်၏။ သောတဝိညာဏ်ဒွေးသည် သောတဝိညာဏဓာတ်မည်၏။ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏဓာတ်မည်၏။ ဇိဝှါဝိညာဏ် ဒွေးသည် ဇိဝှါဝိညာဏဓာတ်မည်၏။ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏဓာတ်မည်၏။ပဉ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုင်းဒွေးသည်

မနော ဓါတ်မည်၏၊ ကြွင်းသော ခုနှစ်ဆယ့် ခြောက်ပါးသော စိတ်သည်မနောဝိညာဏဓာတ် မည်ကုန်၏။ စေတသိက်, ဒွေးပညာသ , သုခုမရုပ် , သောဠသ, နိဗ္ဗာန်ဟု ဆိုအပ်သောဓမ္မာရုံသည်။ ဓမ္မဓာတ်မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့်တဆယ့်ရှစ်ပါးဖြစ်ပါသည်။

မေး။ အ ဘယ်ကြောင့် ဓာတ် ခေါ်ပါသနည်း။ ဓာတ်ခေါ်ခြင်း၏အကြောင်းကိုပြောပြပါ။

ဖြေ။ အတ္တနောသဘာဝံ,ဓာရေန္တီတိဓာတုယော။ အတ္တနော၊မိမိ၏။သဘာဝံ၊ သဘောတရားကို။ဓာရေန္တိ၊ဆောင်တတ်ကုန်၏။ဣတိ တသ္မာ၊ ထိုသို့မိမိသဘောတရားကို ဆောင်တတ်သောသတ္တိကြောင့်၊ဓာတုယော၊ဓာတ်တို့မည်ကုန်၏။ ဟူသောဝစနတ္ထနှင့်အညီ။ မှသန အစရှိသော မိမိ သဘော တရားကို ဆောင်တတ်သောကြောင့်ဓာတ်ဟုခေါ်ပါသည်။

## သစ္စာလေးပါး

မေး။ သစ္စာတရားအဘယ်မျှရှိပါသနည်း။

ဖြေ။ လေးပါးရှိပါသည်။

မေး။ ၎င်း လေး ပါး ကို၊ အဓိပ္ပါယ်နှင့် တကွရေတွက်၍ပြပါ။

ဖြေ။ သစ္စာလေးပါးဟူသော်ကား၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ,နိရောဓသစ္စာ,မဂ္ဂသစ္စာ,ဟူ၍လေးပါးဖြစ်ပါသည်။

ထိုလေးပါးတို့တွင်၊ ဘုံသုံးပါးတွင် ဖြစ်သော ဝဋ်တရားသည်၊ ဒုက္ခ သစ္စာ မည်၏၊ တဏှာသည်၊ သမုဒယသစ္စာမည်၏၊ နိဗ္ဗာန်သည်၊ နိရောဓသစ္စာမည်၏။ မဂ်စိတ်လေးခု၌ ရှိသော မဂ္ဂင် ရှစ် ပါး သည်၊ မဂ္ဂ သစ္စာမည်၏။ ဤသို့လျှင် သစ္စာအားဖြင့် လေးပါး ဖြစ်ပါသည်။

မေး။ အဘယ် ကြောင့်၊ သစ္စာ ခေါ် ပါ သနည်း သစ္စာခေါ်ခြင်း၏ အကြောင်းကိုပြောပြပါ။

ဖြေ။ အရိယာနိ သစ္စာနီတိ အရိယသစ္စာနိ။ အရိယာနိ၊ အရိယာအဖြစ်ကို ပြုစေတတ်ကုန်သော။သစ္စာနိ၊ သစ္စာတို့တည်း။ဣတိ၊ ထို့ကြောင့်။ အရိယသစ္စာနိ၊ အရိယသစ္စာတို့မည်ကုန်၏။

တနည်းအားဖြင့်။ အရိယာနံ သစ္စာနီတိ အရိယသစ္စာနိ။ ၊အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။သစ္စာနိ၊ သိအပ်သော သစ္စာတို့တည်း။ဣတိ၊ ထို့ကြောင့်၊အရိယသစ္စာနိ၊အရိယသစ္စာတို့မည်ကုန်၏။

တနည်း အားဖြင့်။ အရိယဿ သမ္မာ သမ္ဗုဒ္ဓဿ သစ္စာနီတိ၊ အရိယသစ္စာနိ။

အရိယဿ၊ အရိယာ သခင် အသျှင် ဖြစ်တော်မူသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာ ဘုရား သခင် ကိုယ်တော်မြတ်ကြီး၏။ သစ္စာနိ၊ ဟောတော် မူအပ်သော

သစ္စာတို့တည်း။ ဇာတိ၊ ထိုကြောင့်၊ အ ရိ ယ သစ္စာ နှိ၊ အရိယသစ္စာတို့ မည်ကုန်၏။ အရိယာသခင် အသျှင်မြတ်တို့သည် သိအပ်သော ကြောင့်သစ္စာဟူ၍ခေါ်ဆိုပါသည်။

မေး။ သစ္စာအနက်အဘယ်မျှရှိပါသလဲ။

ဖြေ။ သစ္စာအနက်တဆယ့်ခြောက်ချက်ရှိပါသည်။

မေး။ ၎င်းတဆယ့်ခြောက်ချက်သစ္စာ အနက်တို့ကို ရေတွက်၍ပြပါ။

ဖြေ။ ဒုက္ခသစ္စာ၌၊ ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌဟူ၍ လေးချက် ရှိ ပါ သည်၊ သ မု ဒယ သစ္စာ၌၊ အာယူဟနဋ္ဌ၊ နိဒါနဋ္ဌ၊ သံယောဂဋ္ဌ၊ ပလိဗောဓဋ္ဌဟူ၍ လေးချက်ရှိပါသည်။ နိရောဓ သစ္စာ၌၊ နိဿရဏဋ္ဌ ဝိဝေကဋ္ဌ၊ အသင်္ခတဋ္ဌ၊ အမတဋ္ဌဟူ၍လေးချက်ရှိပါသည်။ မဂ္ဂ သစ္စာ ၌၊ နိ ယျာ နဋ္ဌ၊ ဟေတွဋ္ဌ၊ ဒဿနဋ္ဌ၊ အဓိပတေယျဋ္ဌ၊ ဟူ၍ လေးချက် ရှိပါသည်။ ဤသို့အားဖြင့်၊ သစ္စာ အနက် တ ဆယ့် ခြောက် ချက် ရှိပါသည်။ ပီဠနဋ္ဌ၊ သတ္တဝါတို့ကို နှိပ် စက် ခြင်း အနက်။ သင်္ခတဋ္ဌ၊ ပေါင်း၍ ပြုပြင် အပ်သော အနက်။ သန္တာပဋ္ဌ၊ ပူပန်စေတတ်သောအနက်။ ဝိပရိဏာမဋ္ဌ၊ ပကတိသဘောကို စွန့်ခြင်းအနက်။ အာယူဟနဋ္ဌ၊ ဒုက္ခသစ္စာကိုဖြစ်စေခြင်း ဟူသောအနက်၊ နိဒါနဋ္ဌ၊ ဒုက္ခ၏ အကြောင်း ရင်း ဖြစ်သော အနက်။ သံယောဂဋ္ဌ

သံသရာဝဋ်ဆင်းရဲ၌၊အဖန်တလဲလဲ ယှဉ်စေခြင်းဟူသော အနက်။ ဗလိဗော ဓဋ္ဌ၊ မဂ် ဉာဏ်, ဖိုလ် ဉာဏ် ကို နှောင်ဖွဲ့ခြင်း ဟူသောအနက်။ နိဿရဏဋ္ဌ၊ ဝဋ်ဆင်း ရဲမှ ထွက်မြောက်ရာ ဖြစ်သော အနက်။ ဝိဝေ က ဋ္ဌ၊ သင်္ခါရတရားတို့၏ ဆိတ်ရာဖြစ်သော အနက်။ အသင်္ ဏဋ္ဌ၊ အကြောင်း တရားတို့သည် မပြုပြင် အပ်သော အနက်၊ အမတဋ္ဌ၊ စုတေခြင်း မရှိသောအနက်။ နိယျာ နဋ္ဌ၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၊ ဟူသော အနက်။ ဟေတွဋ္ဌ၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အနက်။ ဒဿနဋ္ဌ၊နိဗ္ဗာန်ကိုမြင်ခြင်း ဟူသော အနက်။ အဓိပတေယျဋ္ဌ၊ သမ္ပယုတ်တရားတို့ကို အစိုးရခြင်းဟူ သောအနက်၊ ဟူ၍ အသီးသီးဝေဘန်သောအားဖြင့် သစ္စာအနက်တဆယ့်ခြောက်ချက်ရှိပါသည်။

မေး။ ၎င်းသစ္စာတရား လေးပါးကို၊ ဥပမာအား ဖြင့် အ ဘယ် ကဲ့ သို့ မှတ် ထင် ရ မည်ကို သေချာစွာ ပြောပြပါ။

ဖြေ။ သစ္စာလေးပါး တရားတို့တွင်၊ ဒုက္ခသစ္စာကို သံသရာ ဤမှာဘက်ကမ်းကဲ့သို့၊ သမုဒယသစ္စာကို သံ သရာမြစ်ပြင် ကြီးကဲ့သို့၊ နိရောဓသစ္စာကို သံသရာထိုမှာ ဘက်ကမ်းကဲ့သို့၊ မဂ္ဂသစ္စာကို၊ သံ သ ရာ ထို မှာ ဘက် ကမ်းသို့ ရောက်စေတတ်သော၊လှေဝိရိယကဲ့သို့၊သစ္စာ လေးပါး တရားတို့ကို ရှုဆင်ခြင်အပ်ပါသည်။

# ဗောဓိပက္ခိယ တရားသုံးဆဲ့ခုနှစ်ပါး။

မေး။ ဗောဓိပက္ခိယ တရား ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ဗောဓိပက္ခိယ တရား သုံးဆယ့် ခုနှစ်ပါးရှိပါသည်။

မေး။ ဗောဓိပက္ခိယ တရား သုံးဆယ့် ခုနှစ်ပါး၏ သရုပ်ကိုရေတွက်၍ပြပါ။

ဖြေ။ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓါန်လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး။ ဗိုလ် ငါးပါး၊ ဗောဇ္ဈင်ခုနှစ်ပါး၊ မဂ္ဂင် ရှစ်ပါး ဤသို့ အားဖြင့် သုံးဆယ့်ခုနှစ်ပါးရှိပါသည်။

မေး။ အဘယ်ကြောင့်ဗောဓိပက္ခိယ သင်္ဂဟခေါ်ပါသနည်း။ ဗောဓိ ပက္ခိယ သင်္ဂဟ ခေါ်ခြင်းကို ပြောပြပါ။

ဖြေ။ စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗောဓိ။ ဗောဓိယာပက္ခာ၊ ဗောဓိပက္ခာ။ ဗောဓိပက္ခေ၊ ဘဝါတီ ဗောဓိပက္ခိယာ။ဗောဓိပက္ခိယာနံ သင်္ဂဟော၊ ဗောဓိ ပက္ခိယသင်္ဂဟော။ ။ယောအရိယမဂ္ဂေါ၊ အကြင်အရိယာမဂ်သည်။ စတ္တာရိ၊ လေးပါးကုန်သော၊ သစ္စာနိ၊ သစ္စာတို့ကို။ဗုဇ္ဈတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ သောအရိယမဂ္ဂေါ၊ထိုအရိယာမဂ်သည်။ဗောဓိ၊ဗောဓိမည်၏။ ဗောဓိယာ၊ သစ္စာလေးပါး တရားကိုသိတတ်

သော အရိယာမဂ်၏။ ပက္ခော။အပင်းအသင်းတည်း။ ဗောဓိပက္ခော၊ သစ္စာလေးပါး တရားကို သိတတ်သော အရိယာမဂ်၏ အပင်းအသင်း၊ ဗောဓိပက္ခေ၊ အရိယာမဂ်၏ အပင်းအသင်း၌။ ဘဝါ၊ ဖြစ်ကုန်သော သတိပဋ္ဌာန်စသော တရားတို့တည်း။ ဣတိ၊ ထို့ကြောင့်။ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယ မည်ကုန် ၏။ ဗောဓိပက္ခိယာနံ၊ အရိယာမဂ်၏ အပင်းအသင်း ဖြစ်ကုန်သော၊ သတိပဋ္ဌာန် စသည်တို့ကို။ သင်္ဂဟော၊ သိမ်းယူရာသိမ်းယူကြောင်း ဖြစ်သော သဒ္ဒါပဗန္ဓအစဉ်သည်။ ဗောဓိပက္ခိယ သင်္ဂဟော၊ ဗောဓိပက္ခိယသင်္ဂဟမည်၏။ သတိပဋ္ဌာန်စသော တရားတို့ကို၊ သိမ်းယူရာ သိမ်းယူကြောင်းဖြစ်ခြင်းကြောင့် ဗောဓိပက္ခိယသင်္ဂဟ ခေါ်ပါသည်။

## သတိပဋ္ဌာန် လေးပါး။

မေး။ ဗောဓိပက္ခိယ တရား သုံးဆယ့် ခုနှစ်ပါးတို့တွင် သတိပဋ္ဌာန်လေးပါးကို။သရုပ်အဓိပ္ပါယ်နှင့် တကွ ရေတွက်၍ပြပါ။

ဖြေ။ သတိ ပဋ္ဌာန် လေးပါး ဟူသည် ကား။ ကာယနုပဿနာ သတိပဋ္ဌာန်။ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊ ဟူ၍လေးပါး ဖြစ်ပါသည်။ ထိုလေးပါးတို့တွင်။

ကာယသ္မိအနုပဿနာ၊ ကာယာနုပဿနာ။

ကာယသ္မိ။ ခန္ဓာကိုယ်ရုပ် အကောင်ပုတ်ကို။ အနုပဿနာ။ အဖန် တလဲလဲ မမေ့ မလျော့ ရှုခြင်း အောက်မေ့ခြင်းသည်။ ကာယာနုပဿနာ၊ ကာယာနုပဿနာမည်၏ဟူသည်နှင့်အညီ။ ခန္ဓာ ကိုယ် ရုပ် အကောင်ပုတ်ကို ပဋ္ဌမဈာန်ဟုဆိုအပ်သော၊ အပ္ပနာကို ဖြစ်စေ တတ်သော၊ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်းစသော၊ သုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသတို့သည်ကား၊ မကောင်း သော အနံ့ ရှိ၏။ စက်ဆုပ်ရွံရှာဘွယ်ရှိ၏။ ဤသို့အစရှိသော အသုဘအခြင်းအရာဝိပဿနာ၏ အစွမ်းအားဖြင့် သုံးသပ်ဆင်ခြင် ခြင်း၊ အဘန်တလဲလဲ မမေ့ မလျော့ ရှုခြင်း အောက်မေ့မှတ်သား နိုင် ခြင်း သည်။ ကာယာ နုပဿနာ သတိပဋ္ဌာန် မည်ပါသည်။

ဝေဒနာသု အနုပဿနာ— ဝေဒနာနုပဿနာ။

ဝေဒနာသု၊ ဒုက္ခ, ဒုက္ခ ဝိပရိဏာမဒုက္ခ သင်္ခါရဒုက္ခ ဖြစ်၍ဖြစ်ကုန်သော ဝေဒနာတို့ကို။ အနုပဿနာ၊ အဖန်တလဲလဲရှုခြင်း၊ မမေ့ မလျော့ အောက်မေ့မှတ်သားနိုင်ခြင်းသည်။ ဝေဒနာ နု ပဿ နာ၊ ဝေဒနာနုပဿနာမည်၏။ ဟူသည် နှင့် အညီ၊ ဒုက္ခိန္ဒြေ ဒေါမနဿိန္ဒြေ ဟုဆိုအပ်သော ကေဝလဒုက္ခ၊ သုခိန္ဒြေသော မနဿိန္ဒြေဟု ဆိုအပ်သော ဖေါက် ပြန် ခြင်းကြောင့် ဖြစ်သော ဝိပရိဏာမ ဒုက္ခ။ ဥပေက္ခိန္ဒြေဟု ဆိုအပ်

သောသမ္ဘာရအုက္ခ ဖြစ်၍ ဖြစ်ကုန်သော ဝေဒနာတို့ကို အဘန်တလဲလဲရှုခြင်း မမေ့မလျော့အောက်မေ့ မှတ်သားနိုင်ခြင်းသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန်.... မည်ပါသည်။

စိတ္တေ သ အနုပဿနာ၊ စိတ္တာနုပဿနာ။

စိတ္တေ သ စိတ်ကို။ အနုပဿနာ၊ အဘန်တလဲလဲ ရှုခြင်း မမေ့မလျော့အောက်မေ့မှတ်သားနိုင်ခြင်းသည်။ စိတ္တာနုပဿနာ၊ စိတ္တာနုပဿနာမည်၏။ ဟူသည်နှင့် အညီသရာဂစိတ်ဝီတရာဂစိတ်စသောအပြားဥာဏသမ္ပယုတ်စသော သမ္ပယောဂအပြား၊ ကာမာဝစရစသော ဘုံအပြား အားဖြင့်ရင်း၊ များသောစိတ်ကိုသာလျှင်၊ အဘန်တလဲလဲရှုခြင်း။မမေ့မလျော့အောက်မေ့ မှတ်သားနိုင်ခြင်းသည်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန် မည်ပါသည်။

ဓမ္မာနံအနုပဿနာ ဓမ္မာ နုပဿနာ။

ဓမ္မာနံ၊သဘောတရားတို့ကို။ အနုပဿနာ၊ အဘန်တလဲလဲရှုခြင်း၊ မမေ့မလျော့ အောက်မေ့ မှတ်သားနိုင်ခြင်းသည်။ဓမ္မာနုပဿနာ၊ ဓမ္မာနုပဿနာမည်၏။ ဟူသည်နှင့်အညီ။ သဠာယနလက္ခဏာ ဖုသန်လက္ခဏာ အစရှိသောအားဖြင့်၊ အချင်းချင်း၊တပါးသည် တပါးနှင့်မတူ နည်းယူကွဲပြား၊ ထူးခြားသော လက္ခဏာ ရှိသည်သာလျှင် ဖြစ်ကုန်သော၊ သညာသင်္ခါရဟု ဆိုအပ်ကုန်သော တရားတို့ကို၊ အဘန်တလဲလဲရှုခြင်း--မမေ့

မလျော့ အောက်မေ့ မှတ်သားနိုင်ခြင်းသည်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်မည်ပါသည်။

## သမ္မပ္ပဓါန်လေးပါး။

မေး။  သမ္မပ္ပဓာန်လေးပါး၏၊ သရုပ် အဓိပ္ပါယ်ကိုရေတွက်၍ပြပါ။

ဖြေ။ သမ္မာပဒဟန္တိ တေနာတိ သမ္မပ္ပဓာနံ-။ တေန၊ ဤဝီရိယဖြင့်။ တံသမင်္ဂိနော၊ ထိုဝီရိယနှင့်ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့သည်။သမ္မာ၊ ကောင်းစွာ။ ပဒဟန္တိ၊ အားထုတ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ သမ္မပ္ပဓာနံ၊ သမ္မပ္ပဓာန်မည်၏။ ဟူသည်နှင့်အညီ၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ လုံ့လပြုခြင်း၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို၊ မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း။ မဖြစ်သေးသော- -ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ လုံ့လပြုခြင်း။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို၊လွန်စွာ ပွါးများစေခြင်းငှါ လုံ့လပြုခြင်း။ဤသို့အားဖြင့်-သမ္မပ္ပဓာန်တရား လေးပါးဖြစ်ပါသည်။ထို့ကြောင့်....လက်သန်းအဋ္ဌကထာ၌။

စတ္တာရောသမ္မပ္ပဓာနာ၊ဥပ္ပန္နာနံပါပကာနံ၊ပဟာနာယဝါယာမော၊အနုပ္ပန္နာနံပါပကာနံ၊အနုပ္ပါဒါယဝါယာမော၊ အနုပ္ပန္နာနံ ကုသလာနံ၊ဥပ္ပါ ဒါယဝါယာမော၊ဥပ္ပန္နာနံ ကုသလာနံ ဘိ ယျော ဘာ ဝါ ယ ဝါယာမော။

သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တို့သည်။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ပါပကာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဝါယာမော၊ လုံ့လ ပြုပြင်ခြင်းရင်း။ အနုပ္ပန္နာနံ၊ မဖြစ် ကုန် သေးသော။ ပါပကာနံ၊ အကုသိုလ်တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ ဝါယာမော၊ လုံ့လ ပြု ခြင်းရင်း။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ၊ ကုသိုလ်တရားတို့ကို၊ ဥပ္ပါဒါယ ဖြစ်စေခြင်းငှါ။ ဝါယာမော၊ လုံ့လ ပြုခြင်းရင်း။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ကုသလာနံ၊ ကုသိုလ်တရားတို့ကို ဘိယျောဘာဝါယ၊ လွန်စွာ ပွါးများ စေ ခြင်း ငှါ။ ဝါယာမော၊ လုံ့လပြုခြင်းရင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဟူသော အဋ္ဌကထာနှင့်အညီ၊ ရင်းသမ္မပ္ပဓာန်လေးပါးသည်တရားကိုယ်အားဖြင့်၊ ဝီရိယ စေတသိက်တခုကို သာယူရပါသည်။

## ဣဒ္ဓိပါဒ်လေးပါး

မေး။ ဣဒ္ဓိပါဒ်လေးပါးကို၊ သရုပ် အဓိပ္ပါယ် နှင့် တကွရေတွက်၍ပြပါ။

ဖြေ။ ဣဒ္ဓိ ပါဒ် လေးပါး ဟူသော်ကား၊ ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိ ပါဒ်, ဟူ၍ လေးပါးအပြားရှိပါသည်။ ထိုလေးပါးတို့တွင်၊ လောကုတ္တရာစိတ်၌ရှိသော ဆန္ဒစေတသိက်သည်၊ ဆန္ဒိဒ္ဓိပါဒ်

မည်ပါသည်။ လောကုတ္တရာစိတ်၌ရှိသော ဝီရိယစေတသိက်သည်၊ ဝီရိ ယိန္ဒြေပါဒ် မည်ပါသည်။ လောကုတ္တရာစိတ်သည်စိတ္တိဒ္ဓိပါဒ်မည်ပါသည် လောကုတ္တရာစိတ်၌ရှိသောပညာစေတသိက်သည်၊ဝိမံသိဒ္ဓိပါဒ်မည်ပါသည်။ ဤသို့လျှင်၊ဣဒ္ဓိပါဒ်လေးပါးဖြစ်ပါသည်။

## ဣန္ဒြေငါးပါး။

မေး။ ဣန္ဒြေငါးပါးကို သရုပ်အဓိပ္ပါယ်နှင့် တကွ ရေတွက်၍ပြပါ။

ဖြေ။ ဣန္ဒြေ ငါးပါးဟူသော်ကား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ၊သတိန္ဒြေ၊သမာဓိန္ဒြေ၊ ပညိန္ဒြေ ဟူ၍ငါးပါး ဖြစ်ပါသည်။

ထိုငါးပါးတို့တွင်၊လောကုတ္တရာစိတ်၌ရှိသောသဒ္ဓါစေတသိက်သည်၊ သဒ္ဓိန္ဒြေ မည်ပါသည်။လောကုတ္တရာစိတ်၌ရှိသောဝီရိယစေတသိက်သည်၊ ဝီရိယိန္ဒြေမည်ပါသည်။ လောကုတ္တရာ စိတ်၌ ရှိသော၊ သတိ စေတသိက်သည် သတိန္ဒြေမည်ပါသည်။ လောကုတ္တရာ စိတ်၌ရှိသော၊ဧကဂ္ဂတာ စေတသိက်သည် သမာဓိန္ဒြေမည်ပါသည်။လောကုတ္တရာစိတ်၌ ရှိသော၊ ပညာစေ တ သိက်သည် ပညိန္ဒြေ မည်ပါသည်။

ထိုဣန္ဒြေ တရားတို့သည်။

ဣဒ္ဓတိအဘိဘဝတိတိဣန္ဒြိယံ၊ဣဒ္ဓတိပရမိဿရိယံကရောတိတိဝါဣန္ဒြိယံ။ဣဒ္ဓတိ အဘိဘဝတိ၊ လွှမ်းမိုး

နှိပ်စက်တတ်၏။ ဋ္ဌတိ၊ ထို့ကြောင့်၊ ဋ္ဌန္ဒြိယံ၊ ဋ္ဌန္ဒြေမည်၏။ ဝါ၊ တနည်းကား။ ပရမိဿရိယံ၊ လွန်စွာအစိုးရခြင်းကို၊ ဋ္ဌဒတိကရောတိ၊ ပြုတတ်၏။ ဋ္ဌတိ၊ ထိုကြောင့်။ ဋ္ဌန္ဒြိယံ၊ ဋ္ဌန္ဒြေမည်ပါသည်။

## ဗိုလ်ငါးပါး။

မေး။ ဗိုလ်ငါးပါးကိုသရုပ်အဓိပ္ပါယ်နှင့်တကွ ရေတွက်၍ပြပါ။

ဖြေ။ ဗိုလ်ငါးပါးဟူသော်ကား၊ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟူ၍ငါးပါးဖြစ်ပါသည်။ ထိုငါးပါးတို့တွင်၊ လောကုတ္တရာစိတ်၌ရှိသော၊ သဒ္ဓါစေတသိက်သည်၊ သဒ္ဓါဗိုလ် မည်ပါသည်၊ လောကုတ္တရာစိတ်၌ရှိသော၊ ဝီရိယ စေတသိက်သည်၊ ဝီရိယဗိုလ်မည်ပါသည်။ လောကုတ္တရာ စိတ်၌ရှိသော၊ သတိစေတသိက်သည်၊ သတိဗိုလ်မည်ပါသည်။ လောကုတ္တရာစိတ်၌ရှိသော၊ ဧကဂ္ဂတာ စေတသိက်သည်သမာဓိဗိုလ်မည်ပါသည်။ လောကုတ္တရာ စိတ်၌ရှိသော ပညိန္ဒြေစေတသိက်သည်ပညာဗိုလ်မည်ပါသည်။ ငါးဗိုလ်တရားတို့သည်။

ပဋိပက္ခေမွှတိ ဗလန္တိ နကမ္ပန္တီတိဗလာနိ။
ဗလန္တိ ထိရံ ဘဝန္တီတိ ဝါ ဗလာနိ။

ပဋိပက္ခ ေမွှတိ၊ မယုံကြည်ခြင်း စသော ဆန့်ကျင်ဘက်တရားတို့ကြောင့်၊ ဗလန္တိ နကမ္ပန္တိ၊ မတုန်လှုပ်နိုင်

ကုန်။ ဣတိ၊ ထို့ကြောင့်။ ဗလာနိ၊ ဗိုလ်တို့ မည်ကုန်၏။ ဝါ၊ တနည်းသော်ကား။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ ထိရုံ၊ မြဲမြန်ခိုင်ခန့်အောင်၊ ဗလ န္တိ ဘဝ န္တိ၊ မတုန်လှုပ်ခြင်းဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်၊ ဗလာနိ၊ ဗိုလ်တို့ မည်ကုန်၏။ ဟူသည်နှင့်အညီ မတုန်မလှုပ်မြဲမြန် ခိုင်ခန့် တည်တံ့သည်၏ အဖြစ်ကြောင့်ဗိုလ်မည်ပါသည်။

## ဗောဇ္ဈင်ခုနှစ်ပါး

မေး။ ဗောဇ္ဈင် ခုနှစ်ပါးကို သရုပ် အဓိပ္ပါယ် နှင့်တကွရေတွက်၍ပြပါ။

ဖြေ။ ဗော ဇ္ဈင် ခု နှစ် ပါး ဟူ သော် ကား သတိသမ္ဗောဇ္ဈင်၊ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ပဿဒ္ဓိသမ္ဗောဇ္ဈင်၊သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင်၊ ဟူ၍ခုနှစ်ပါးရှိပါသည်၊ ထိုခုနှစ်ပါးတို့တွင် လောကုတ္တရာစိတ်၌ရှိသောသတိစေတသိက်သည် သတိသမ္ဗောဇ္ဈင် မည်ပါသည်။ ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်ပါသည်။ ဝီရိယ စေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင်မည်ပါသည်။ ပီတိ စေတသိက်သည် ပီတိသမ္ဗောဇ္ဈင် မည်ပါသည်။ ပဿဒ္ဓိစေတသိက်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်ပါသည် ။ဧကဂ္ဂတာစေတသိက်သည် သမာဓိသမ္ဗောဇ္ဈင် မည်ပါသည်။တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင် မည်

ပါသည်။ထို့ကြောင့်-သုန္ဒရော ဗောဓိ-၊ သမ္ဗောဓိ....
သမ္ဗောဓိယာအင်္ဂါသမ္ဗောဇ္ဈင်္ဂါ။သုန္ဒရော၊ကောင်း
သော။ ဗောဓိ၊သစ္စာလေးပါးတရားကို သိသည်တည်း။
သမ္ဗောဓိ၊ကောင်းစွာသစ္စာလေးပါးတရားကိုသိသည်၊
သမ္ဗောဓိယာ၊ကောင်းစွာ သစ္စာလေးပါး—-တရားကို
သိတတ်သော ပုဂ္ဂိုလ်၏။အင်္ဂါ၊ အကြောင်းတည်း။
သမ္ဗောဇ္ဈင်္ဂါ၊ ကောင်းစွာ သစ္စာ,လေးပါး တရား
ကို သိတတ်သော ပုဂ္ဂိုလ်၏အကြောင်းဟူသည်နှင့်---
အညီ သစ္စာလေးပါးတရားတို့ကိုကောင်းစွာ သိတတ်
သောပုဂ္ဂိုလ်၏ အကြောင်းဖြစ်ခြင်းကြောင့် ဗောဇ္ဈင်
ခေါ်ပါသည်။

မေး။ ဗောဇ္ဈင်ခုနစ်ပါးသည် ဥပမာ ဘာနှင့် တူ
သည်ကိုပြောပြပါ။

ဖြေ။ ၎င်းဗောဇ္ဈင် ခုနစ်ပါးသည်စကြာမင်းတို့၏
ရတနာ ခုနစ်ပါးနှင့် ဥပမာ....တူပါသည်၊ သတိ --
သမ္ဗောဇ္ဈင်သည် စကြာ ရတနာနှင့် တူပါသည်၊ဓမ္မ
ဝိစယ သမ္ဗောဇ္ဈင်သည် ဆဒ္ဒန်ဆင်ဖြူ ရတနာနှင့် တူပါ
သည်။ ဝီရိယ သမ္ဗောဇ္ဈင်သည် မြင်းရတနာနှင့် တူပါ
သည်။ ပီတိသမ္ဗောဇ္ဈင်သည် ပတ္တမြားရတနာနှင့် တူပါ
သည်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် မိဖုယားရတနာနှင့်---
တူပါသည်။သမာဓိသမ္ဗောဇ္ဈင်သည် သူဌေးရတနာနှင့်
တူပါသည်။ ဥပေက္ခာသမ္ဗောဇ္ဈင်သည်သားကြီးရတနာ
နှင့်တူပါသည်။

# မဂ္ဂင်ရှစ်ပါး။

မေး။ မဂ္ဂင်ရှစ်ပါးကိုသရုပ်အဓိပ္ပါယ်နှင့်တကွရှင်းလင်းရေတွက်၍ပြပါ။

ဖြေ မဂ္ဂင်ရှစ်ပါး ဟူသော်ကား သမ္မာဒိဋ္ဌိ- သမ္မာသင်္ကပ္ပ-သမ္မာဝါစာ—သမ္မာကမ္မန္တ-သမ္မာအာဇီဝ.... သမ္မာဝါယာမ - သမ္မာသတိ-သမ္မာသမာဓိဟူ၍ရှစ်ပါးရှိပါသည်။

မေး။ မဂ္ဂင်ရှစ်ပါး တရားတို့ကိုတပါးစီခွဲခြား၍ပြပါ။

ဖြေ။ ပသဋ္ဌာ သုန္ဒရာဝါ-ဒိဋ္ဌိ သမ္မာဒိဋ္ဌိ။ ပသဋ္ဌာ၊ ချီးမွမ်းအပ်သော၊(ဝါ) တနည်းသော်ကား၊သုန္ဒရာ၊ ကောင်းစွာမှန်မြတ်လှသော။ ဒိဋ္ဌိ၊ ဖြောင့်ဖြောင့်မြင်ရှိတရားအသိသည်၊သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိမည်၏။အဝိဇ္ဇာဟူသမျှတို့ကိုအကျုံးမျှ မကျန်ရအောင် မုချပိုင်ပိုင် မြင်သိနိုင်သောဉာဏ်ကို သမ္မာဒိဋ္ဌိ မဂ္ဂင်ဟုခေါ်ပါသည်။

ပသဋ္ဌောသုန္ဒရောဝါ သင်္ကပ္ပေါ- သမ္မာသင်္ကပ္ပေါ။
ပသဋ္ဌော၊ချီးမွမ်းအပ်သော။ (ဝါ) တနည်းသော်ကား။သုန္ဒရော၊ကောင်းသော။သင်္ကပ္ပေါ၊အကြံအစည်သည်၊သမ္မာသင်္ကပ္ပေါ၊သမ္မာသင်္ကပ္ပမည်၏။

အခါသ စေတနာ-မေတ္တာကို ပွားစေတတ်သော အဗျာပါဒဝိတက်၊ ဒုက္ခဖွဲ့နှောင်၊ လူ၏ဘောင်မှ....

ခွါ ရှောင် လို ခြင်း ဟူ သော နေကွမစိတ်၊ ကရုဏာ ထား၍၊သနားရှေ့ရှု အာရုံပြုသော အဝိဟိံသစိတ်၊ ဤသုံးတန်သော စိတ်ကို မပျက်အောင်ဆင်ခြင်....၊ အစဉ်ထွာစင်သောကြောင့်၊ သမ္မာသင်္ကပ္ပမဂ္ဂင်ဟု ခေါ်ပါ သည်။

သုန္ဒရာဝါစာ သမ္မာဝါစာ။

သုန္ဒရာ၊ကောင်းသော။ ဝါစာ၊စကားသည်။ သမ္မာ ဝါစာ၊သမ္မာဝါစာမည်၏။

လေးဌာန ဒုဝစီကို နှုတ်မှုဒိမပြွက်၊အသက်ကိုမညှာ မတွယ်တာရှောင်လွှဲ၍ အားခဲသောစေတနာကို သမ္မာ ဝါစာ မဂ္ဂင်ဟုခေါ်ပါသည်။

သုန္ဒရံကမ္မံ-သမ္မာကမ္မံ၊ သမ္မာကမ္မမေဝ-သမ္မာ-- ကမ္မန္တော။

သုန္ဒရံ၊ ကောင်းသော။ ကမ္မံ၊ ပြုအပ်သော အမှု သည်။သမ္မာကမ္မံ၊ သမ္မာကမ္မမည်၏။ သမ္မာကမ္မမေဝ၊ ကောင်းသော အမှုသည်ပင်လျှင်၊ သမ္မာ ကမ္မန္တော၊ သမ္မာကမ္မန္တမည်၏။ သူတပါး အသက်ကို မပျက်ပယ် ထား ပယောဂ ခြောက်ပါး ခိုးခြင်းအပြား နှစ်ဆယ့် ငါးနှင့် မိန်းမနှစ်ကျိပ် ပျော်ကြောင်းသိပ်လည်း။မအိပ် လေယာ၊ သူ့ကြင်ယာမှ ၊ဝေးစွာရှောင်ကြဉ်၊ဤမဂ္ဂင် ကိုသမ္မာကမ္မန္တမဂ္ဂင်ဟုခေါ်ပါသည်။

သုန္ဒရော အာဇီဝေါ— သမ္မာအာဇီဝေါ။

သုန္ဒရော၊ ကောင်းသော။ အာဇီဝေါ၊ အသက်မွေးခြင်းသည်။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝမဂ္ဂင်မည်၏။

ကာယကံသုံး၊ ဝစီကံလေး၊ မထွေးစေရ၊ တံငါ ဖလောင်း၊ ဝက်ရောင်းသားထိုး။ အမျိုးမျိုးသော.... မိစ္ဆာဇီဝ အကျင့်ယုတ်ကို၊ တစမကျန်၊ ဝေးလံရှောင်ကြဉ်၊ ဤမဂ္ဂင်ကို သမ္မာအာဇီဝ မဂ္ဂင်ဟု ခေါ်ပါသည်။

အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ၊ ပဟာနာယဝါယာမော။

အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ....၊ ယုတ်မာကုန်သော။ အကုသလာနံ၊ အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ဝါယာမော၊ လုလ္လပြုခြင်း။ ဟူသော — သတိပဋ္ဌာန် ပါဠိတော်နှင့် အညီ၊ နေ့မခြား — ရက်မလပ် အပ္ပမာဒမပြတ် ဝီရိယ မကင်းလတ်မူ၍ အထပ်ထပ် ကုသိုလ် မပ်မိုလ်လိုလား၍ ကြိုးစားသော ဝီရိယစေတသိက်ကို သမ္မာဝါယာမ မဂ္ဂင်ဟုခေါ်ပါသည်။

သုန္ဒရာ သတိ သမ္မာသတိ။

သုန္ဒရာ၊ ကောင်းမွန်စွာသော။ သတိ၊ မပြတ်အောက်မေ့ခြင်းသည်။ သမ္မာသတိ၊ သမ္မာသတိ မည်၏။ သူခိုးဓါးပြ မဝင်ရအောင် စောင့်ကြပ် မှား၊ တံခါးမှူး အ

သားကဲ့သို့၊ ငါးပါးအာရုံ၊ ခြောက်စုံအာယတန စသည် တန်တန် ဝင်ရန်မရှိ၊ သတိတံခါး ပိတ်ဆို့ထားမှ၊ ငါး ပါးအာရုံ၊ ရန်သူပုန်ကွာရှင်း၍၊ အေးမြခြင်း အချက်၊ နိဗ္ဗာန်ကင်းစင် ဤမဂ္ဂင်ကို၊ သမ္မာသတိမဂ္ဂင်ဟု ခေါ်ပါ သည်။

မိစ္ဆာသမာဓိံ သမုဂ္ဃာဋကာ စိတ္တေကဂ္ဂတာ သမ္မာ သမာဓိ။

မိစ္ဆာသမာဓိံ၊ အမြင်မှားရှိ မိစ္ဆာသမာဓိကို....။ သမုဂ္ဃာဋကာ၊ ကောင်းစွာဖြုတ်ခွဲ ကင်းစင်ခဲ့သော ။ စိတ္တေကဂ္ဂတာ၊ စိတ်မပျံ့လျှင်း တည်ကြည်ခြင်းသည်။ သမ္မာသမာဓိ၊ သမ္မာ သမာဓိ မည်၏။ မိစ္ဆာသမာဓိ၊ မရှိဝေးကွာ၊ ငါးဖြာကာမ၊ နီဝရဏငါးတန်၊ ခြောက် တန်အာရုံ၊ လုံးစုံကင်းစင်၊ ဝေဟင်မာ၊ ယုန်စန္ဒာဝယ်၊ ငါးဖြာရန်ဘေး၊ ကင်းဝေးသဏ္ဍာန်၊ မှန်အိမ် .... အတွင်း၊ အညစ်ကင်း၍၊ ထွန်းလင်းသည့် မီးတိုင်ပမာ တည်ကြည်စွာအရှိကိုသမ္မာသမာဓိမဂ္ဂင်ဟုခေါ်ပါသည်။

မေး။ မဂ္ဂင်တရား ရှစ်ပါးတို့ကို၊ သိက္ခာသုံးပါးဖြင့် ရေတွက်၍ပြပါ။

ဖြေ။ မဂ္ဂင် ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိ – သမ္မာ .... သင်္ကပ္ပမဂ္ဂင် နှစ်ပါးကို အဓိပညာ သိက္ခာဖြင့် သင်္ဂြိုဟ် အပ်ပါသည်။

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ ဤမဂ္ဂင် သုံးပါးကို၊အဓိသီလသိက္ခာဖြင့် သင်္ဂြိုဟ်အပ်ပါသည်။

သမ္မာဝါယာမ– သမ္မာသတိ –သမ္မာ သမာဓိ.... ဤမဂ္ဂင်သုံးပါးကို၊ အဓိစိတ္တသိက္ခာဖြင့် သင်္ဂြိုဟ်အပ်ပါသည်။

သမ္မာဒိဋ္ဌိ – သမ္မာသင်္ကပ္ပ - ဤမဂ္ဂင်နှစ်ပါးကို၊ ဝိပဿနာ ဘာဝနာဖြင့် သင်္ဂြိုဟ်အပ်ပါသည်။

သမ္မာဝါစာ-သမ္မာကမ္မန္တ - သမ္မာအာဇီဝ-သမ္မာဝါယာမ-သမ္မာသတိ–သမ္မာ သမာဓိ ဤမဂ္ဂင်ခြောက်ပါးကို၊သမထဘာဝနာဖြင့် သင်္ဂြိုဟ်အပ်ပါသည်။

သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပ-ဤမဂ္ဂင် နှစ်ပါးကို၊ ဝိဇ္ဇာ ရှစ်ပါးဖြင့်သင်္ဂြိုဟ်အပ်ပါသည်။

သမ္မာဝါစာစသော မဂ္ဂင်ခြောက်ပါးတို့ကို စရဏ တဆယ့်ငါးပါးတို့ဖြင့် သင်္ဂြိုဟ်အပ်ပါသည်။

မေး။ မဂ္ဂင် ခေါ် ခြင်း၏ အကြောင်းကို ပြောပြပါ။

ဖြေ။ သုဂတိဒုဂ္ဂတီနံ နိဗ္ဗာနဿစ အဘိမုခံပါပနတော မဂ္ဂါ၊ တေသံ ပထဘူတာနိ အင်္ဂါနိ မဂ္ဂင်္ဂါနိ၊ မဂ္ဂဿဝါအင်္ဂဘူတာနိ ကဿအင်္ဂါနိမဂ္ဂင်္ဂါနိ။ သုဂတိသုဂ္ဂတီနံ၊ သုဂတိ ဒုဂ္ဂတိတို့သို့ရင်း။ နိဗ္ဗာနဿစ၊ နိဗ္ဗာန်သို့ ၎င်း။ အဘိမုခံ၊ ရှေ့ရှု။ပါပနတော၊ ရောက်စေတတ်သော။ မဂ္ဂါ၊ မင်္ဂတို့တည်း။ တေသံ၊ ထိုမင်္ဂတို့၏။ပထဘူတာနိ၊ အကြောင်းဖြစ်၍ ဖြစ်ကုန်သော။ အင်္ဂါနိ၊ အင်္ဂါတို့တည်း။ မဂ္ဂင်္ဂါနိ၊ မင်္ဂ တို့၏ အ ကြောင်း ဖြစ်၍ ဖြစ် ကုန် သော အင်္ဂါ တို့။ ဝါ၊ တနည်းကား။

အဠ္ဌင်္ဂိကသဿ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂဿ၊မဂ်၏။ အင်္ဂါနိ၊ အကြောင်းတို့တည်း။ မဂ္ဂင်္ဂါနိ၊ အဠ္ဌင်္ဂိကမဂ်၏ အကြောင်းတို့ဟူ၍။ ဝိဘာဝနီဋီကာပါဠ်နှင့်အညီ မဂ္ဂင်ရှစ်ပါး မဂ်ရထားဖြင့်၊ ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာသခင် အရှင်ကောင်းတို့သည်၊ ဩဃလေးဖြာ သံသရာမှ အဝိဇ္ဇာပျောက် တဏှာ ခြောက် ၍ ကူး မြောက်တော်မူနိုင်ကြပါသည်။

မိစ္ဆာဒိဋ္ဌိမဂ္ဂင် မိစ္ဆာသင်္ကပ္ပမဂ္ဂင်- မိစ္ဆာဝါယာမ မဂ္ဂင်– မိစ္ဆာသမာဓိမဂ္ဂင်- ဤမဂ္ဂင် လေး ပါး၊ သည်၊ ဒုဂ္ဂတိဘဝသို့သွားခြင်း အကြောင်း ဖြစ်သောကြောင့် မဂ္ဂင်မည်ပါသည်။

ထို့ကြောင့်....

မိစ္ဆာဒိဋ္ဌာဒယော-ဒုဂ္ဂတိမဂ္ဂတ္တာ မဂ္ဂင်္ဂါနိ။

မိစ္ဆာဒိဋ္ဌာဒယော၊ မိစ္ဆာဒိဋ္ဌိ အစ ရှိကုန် သော မဂ္ဂင်တို့သည်။ ဒုဂ္ဂတိ မဂ္ဂတ္တာ၊ ဒုဂ္ဂတိ ဘ ဝ သို့ သွား ကြောင်း ဖြစ်သောကြောင့်။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့မည် ကုန်၏။ မိစ္ဆာဒိဋ္ဌိစသော တရားတို့ကို၊ ဒုဂ္ဂတိဘဝသို့ လားရာ သွားရာ ဖြစ်သော ကြောင့် မဂ္ဂင်ဟု ခေါ်ပါ သည်။

မေး။ ဝိဇ္ဇာသုံးပါးကို ရေတွက်၍ပြပါ။

ဖြေ။ ဝိဇ္ဇာသုံးပါး ဟူသော်ကား၊ ပုဗ္ဗေနိဝါသာ နုဿတိ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယ၊ အားဖြင့် သုံးပါး ဖြစ်ပါသည်။

မေး။ ဝိပဿနာ ရှစ်ပါးကို ရေတွက်၍ပြပါ။

ဖြေ။ ဝိပဿနာ ရှစ်ပါးဟူသော်ကား၊ မနောမယိဒ္ဓိ ဉာဏ်၊ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ ပရစိတ္တဝိဇာနန၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယ၊ ဝိပဿနာ ဉာဏ်အားဖြင့်၊ ရှစ်ပါးဖြစ်ပါသည်။

## စရဏ တဆယ့်ငါးပါး။

မေး။ စရဏ တဆယ့် ငါးပါးကို ရေတွက်၍ ပြပါ။

ဖြေ။ စရဏ တဆယ့်ငါးပါး ဟူသော်ကား။ သီလသံဝရ၊ ဣန္ဒြိယသံဝရ၊ ဘောဇန မတ္တညုတာ၊ ဇာဂရိယာနုယောဂ၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာ၊ ရူပါဝစရဈာန် စတုက္ကနည်းအားဖြင့် လေးပါး၊ ဤသို့အားဖြင့် စရဏ တဆယ့် ငါးပါး ဖြစ်ပါသည်။

## ဈာန်အင်္ဂါ ငါးပါး။

မေး။ ဈာန်အင်္ဂါတရား အဘယ်မျှ ရှိပါသလဲ။

ဖြေ။ ငါးပါးရှိပါသည်။

မေး။ ဈာန်အင်္ဂါတရား ငါးပါး၏ သရုပ် - အဓိပ္ပါယ်ကို ရေတွက်၍ပြပါ။

ဖြေ။ ဈာန်အင်္ဂါ တရား ငါးပါး ဟူသော်ကား။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူ၍၊ ငါးပါး ဖြစ်ပါသည်။

မေး။ ဈာန်မည် ခြင်း ၏ အကြောင်း ကို ပြော ပြပါ။

ဖြေ။ အာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတိတိ ဈာနံ။ ယံဓမ္မဇာတံ၊ အကြင် တရား သဘော သည်၊ အာရမ္မဏံ၊ ကသိုဏ်းစသော အာရုံကို။ ဈာယတိ ဥပနိဇ္ဈာယတိ၊ ကပ်၍ရှုတတ်၏၊ ဣတိ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဈာနံ၊ ဈာန်မည်၏။ ဈာန်ဟူသော အမည်သည် အပေါင်း၏ သာလျှင်.... ဈာန်အမည်ဖြစ်ပါသည်၊ ဝိတက်စသော အစိတ်အစိတ် သော ဈာန်အင်္ဂါ ငါးပါးသည် ဈာန်မမည်ပါ၊ ဈာန် ၏ အင်္ဂါသာ မည်ပါသည်၊ ဥပမာကား အကွပ် အ ကန့်၊ လှည်းဘီး၊ ပုံတောင်း၊ ဝင်ရိုး၊ ဖွဲ့ကြိုး၊ ထမ်းပိုး အစရှိသည်တို့သည်၊ ရထား၏ အင်္ဂါသာ မည်ကုန်၏။ ထိုအကွပ် အစရှိသော အင်္ဂါ၏အပေါင်း၌ သာလျှင် ရထားဟူသော ဝေါဟာရအမည်ကို ရသကဲ့သို့ မှတ် အပ်ပါသည်။

နေမိအာဒိ- အင်္ဂသမုဒါယေ, ရထ ဝေါဟာရော ဝိယ။

နေမိအာဒိအင်္ဂသမုဒါယေ၊ အကွပ်အစရှိသောရထား အင်္ဂါအပေါင်း၌။ ရထဝေါဟာရောဝိယ၊ ရထား.... ခေါ်ဝေါ်သကဲ့သို့တည်း၊ အကွပ် အစရှိသော ရထား အင်္ဂါအပေါင်းကို ရထားဟုခေါ်ဝေါ်သကဲ့သို့၊ ဝိတက်

အစရှိသော၊ ရျာန်၏ အင်္ဂါအပေါင်းကို ရျာန်ဟုခေါ် ပါသည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ၊ သတိပဋ္ဌာန် သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ ရျာန်တရားတို့ကို၊ ပိုင်းခြားဝေ ခွဲ၍ မသိသောသူသည်၊ အန္ဓပုထုဇဉ်မည်၏။ ပုထုဇဉ် ကာဏ်း, ပုထုဇဉ်မိုက်, မကျွတ်ထိုက်သော သူဟူ၍ဆို လိုသည်။ ။

ကလျာဏကျင့်စဉ် အမေးအဖြေ ဤတွင်ပြီးပြီ။

တစ်—လူ့စွမ်းကောင်းပြီးပါပြီ။

# နှစ်''လှူထွမ်းကောင်း''

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏ္ဏာကာရ ဝန္ဒနာ

ဇယမင်္ဂလာ၊ ဇယနန္ဒာယော၊
ဇယီတမ္ဗေ၊ ဇယာသနေ။
ဇယာပေသီ၊ ဇယေသီနံ၊
ဇယံဒေတု၊ ဇယုတ္တရော။ ။

ဇယမင်္ဂလာ၊ အောင်အပ်ပြီးသော မင်္ဂလာ စကြာရတနာ ရှိတော်မူသော။ ယောဇိနော၊ သုံးလူ့ထွဋ်တင်ကျေးဇူးရှင်စစ် ဖြစ်ကြီးဖြစ်တော်မူသော အကြင်မြတ်စွာဘုရားသခင်သည်။ ဇယာသနေ၊ အောင်တော်မူရာ အပွရာဇောတိ ဗောဓိပင်မင်း အောက်ခြေရင်း၌။ ဇယီတမ္ဗေ၊ အောင်သင့်ရာရာ အဖြာဖြာအောင်အပ်တဲ့ တရားတွေကို။ ဇယနန္ဒာ၊ အောင်တော်မူပါပေပြီ။

ဇာယေသီနံ၊ အောင်ခြင်းကို လိုချင်၍ တွင်တွင်ကြီး ရှာမှီး စုဆောင်းလျှက် ရှိကြ ကုန် သော အောင် ခြင်း သူ, အောင်ခြင်းသားနှင့် အောင် ချင် သူ အောင်ချင် သား လူ,နတ်,ဗြဟ္မာ, သတ္တ ဝါ အများ တို့အား။ ဇာယာပေသိ၊ နင် တို့ တ တွေ အောင် ချင် ကြ တာ ဖြင့် ဟို.... ကမ္ဘာအစ ဘဝါဘဝတွေက၊ ငါရှာလို့ရခဲ့ပြီ အောင်ကြတော့ဟဲ့လို့ အောင်ခြင်း ကို ပေး တော် မူ ပါပေ၏။

ဇာယုတ္တရော၊ အောင်သူ တကာတို့ထိပ်တင် အောင် လမ်းကို ထွင်သဖြင့် အောင် ဘုရင် တဆူ ဖြစ်တော်မူ သော၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီးသည်။ မေ၊ တပည့်တော်အား။ တေ၊ ထို ကြီး ကြီး ငယ် ငယ် ရွယ်ရွယ်လတ်လတ် အရပ်ရပ်သောတိုင်း သူပြည်သား လူအများတို့အား။ ဇယံ၊ အောင်ဆုကို။ ဇယံ၊ လော ကသံသာ နှစ်ဖြာအောင်မှု အောင်တဲ့ဆုကို။ ဒေတု၊ ကရုဏာပွား မေတ္တာထား၍ ပေးသနားတော်မူပါ မြတ်စွာဘုရား။ ။

ဆောင်ပုဒ်။

လူ—လူ့—လူး—ဟု၊ သုံးဦးပြု၍၊သုံးခုစုလာ၊ဤလူ့ ရွာတွင်၊ ဟိနာ, မဇ္ဈိမ,၊ ပဏီ တတဲ့၊သိကြစေရာ၊ မြတ်ဗုဒ္ဓါ၏၊ မိန့်မှာသင်ကြား၊ စဉ်စကားကို၊ထင်ရှား သိအောင်၊ သတိဆောင်လျှက်၊ကောင်းကောင်းပြုပြင်၊

ကောင်း စိတ် ဝင်မှ၊ ကောင်း ချင် သူ တွေ၊ ကောင်း ကြပေလိမ့်၊ ကောင်းလေခုခါ၊ ကောင်းမှုရှာမည်။ ။

ကောင်းရာပြောင်းမှ သင့်ချိန်သော်။

လူနှင့်–လူ့–လူး၊သုံးဦးတဲ့ဗျာ။
ဆရာဘုရား၊မှာကြားခဲ့တာ။
ကုသိုလ်နဲ့များ၊ခွဲခြားလေပါ။
စာရင်းထား၊ကွင်းသားပေါ်လိမ့်မှာ။

လူနှင့်–လူ့–လူး၊သုံးဦးတဲ့ရှင်။
ဆရာဘုရား၊မှာကြားခဲ့အင်။
ကုသိုလ်နဲ့များ။ခွဲခြားလေလျှင်။
စာရင်းထား၊ကွင်းသားပေါ်လိမ့်ပင်။

ဘုရားဂုဏ်ထူး၊ကျေးဇူးကိုရှာ။
ဘယ်လိုနည်းနှင့်၊အပြီးဆပ်မှာ။
မရိယတ်နှင့်၊ပဋိပတ်နှစ်ဖြာ။
မပြတ်ပွား၊ဆပ်ငြားကျေးဇူးသာ။

အခမ္မနှင့်၊ဓမ္မရာဇာ။
ခန္ဓာကိုယ်ကြီး၊အုပ်စီးနေတာ။
ဆင်းရဲဟူသမျှ၊အဓမ္မသာ။
ချမ်းသာကြ၊ဓမ္မလက်ချက်ပါ။

လူကမွေးလျက်၊လူသေ့းမပါ။
ဘယ်အချက်လို့၊တွက်စို့သူငါ။
လူသေ့းလူသွား၊သော့ာက်စားဘလာ။
နို့ဆီကျွေး၊ခလေးနွားဖြစ်ရှာ။

အဝိဇ္ဇာခေ၊ မာနတဏှာ။
နေ့စဉ်ဖြားယောင်း၊ မကောင်းကြံရှာ။
သံသရာထဲ၊ အမြဲနစ်နာ။
နောက်သို့ဆုတ်၊ မဟုတ်မခံရာ။

စိတ်ယုတ်၊ စိတ်မြတ်၊ နှစ်ရပ်ပေါ်လာ။
ဘယ်လိုစိတ်များ၊ လိုက်စားသူငါ။
စိတ်မြတ်နည်းပါး၊ ကြီးမားယုတ်မာ။
အောက်ဘုရား၊ မျောက်ကားအထက်ပါ။

ဆောင်ပုဒ်

သဗ္ဗေသတ္တာ၊ သတ္တဝါတို့၊ ကံသာမိဘ၊ ရှိကုန်ကြ၏။ ကံကဆရာ၊ စီမံရာကို၊ သူငါစဉ်စိုက်၊ အမြဲလိုက်လျက်၊ ကံမိုက်လျှင်မှောင်၊ ကံသာဆောင်၍၊ ကံပြောင်လျှင်လင်း၊ ကံလက်တွင်းတွင်၊ ကံမင်းပြုရာ၊ ဖြစ်ရပါပေ၊ ကံဟာဘယ်က၊ ဖြစ်ကုန်ကြဟု၊ တွေးဆသောခါ၊ ကံဖြစ်ရာသည်၊ ကိုယ်သာပြုတဲ့ အမှုသော်။

ဖြစ်ပုံပျက်နည်း၊ အပြီးစစ်ပါ။
ဘယ်သူမပြု၊ မိမိမှုသာ။
ကိုယ်ပြုသမျှ၊ နုရကိုယ်ဟာ။
ကံအကြောင်း၊ ပြန်ပြောင်းသိထိုက်ရှာ။

မနေရလို့၊ သေကြသောခါ။
ကိုယ့်နောက်ကိုကား၊ ဘာများပါမှာ။

ပစ္စည်းစုစု၊တခုမပါ။
ကိုယ်ပြုပြား၊ကံများသူတို့ပါ။
ကာယကံမိုက်၊ သူ့အကြိုက်၊လိုလိုက်မပြုရာ၊
ဝစီကံမိုက်၊သူ့အကြိုက်၊ လိုလိုက်မပြုရာ၊
မနောကံမိုက်၊သူ့အကြိုက်၊လိုလိုက်မပြုရာ၊
အလိုလိုက်ပြား၊မိုက်စော်ကား၊သွားရပါယ်လေးရွာ၊

ကုသိုလ်ကောင်းမှု၊ ပြုကြသောခါ။
လိုရာဆုထူး၊ဆွတ်ခူးလေပါ။
တောင်းတိုင်းရလို့၊ တ တိုင်းပြည့်ရှာ။
အံ့ဘွယ်ဘဲ၊ထူးကဲ သာသနာ။
အံ့ဘွယ်ရှစ်ပါး၊ ဘုရားသာသနာ။
ထိန်ထိန်ပဝင်း၊ လမင်းပမာ။
ကြီးကြိုက်ခဲ့စွ၊ကြုံရသူငါ။
လသာတုံး၊ငင်အုံးမိုင်းကိုသာ။

လူ့ဘုံမှာတိုး၊လူမျိုးဖြစ်လာ။
လူဖြစ်ကျိုးနပ်၊ မျိုးမြတ်ဆိုတာ။
ကုသိုလ်ပစ္စည်း၊တနည်းပညာ၊
ရ–သုံး–ရ နေ့ညရှိတော့ရှာ။
လူ့ဘုံဘဝ၊ကြုံရသူငါ။
လူတုလူစစ်၊ အဖြစ်ဘယ်ဟာ။
ရှက်ကြောက်နှစ်ပါး၊ ရှိပြားသော်သာ။
လူစစ်ပဲ၊အမြဲမှတ်လိုက်ပါ။

## ဆောင်ပုဒ်

လူ့ဘုံဘဝ၊ စုဆုံကြ၍၊ ခဏကြိမ်လာ၊ ချိန်အခါတွင်၊ အလိမ္မာမျိုး မစိုက်ပျိုးဘဲ၊ မိုက်မျိုးကိုပင် အမွှမ်းတင်၍၊ နေ့စဉ်မိုက်ရန်၊ အမိုက်ဥာဏ်နှင့်၊ မိုက်ဟန်ကိုပြ၊ တသသဖြင့်၊ မိုက်ကြရင်းသာ၊ သေမင်းရွာသို့၊ လိုက်ပါရရှာ၊ ဒို့သူငါသည်၊ ။သေချာလူဖြစ်ရှုံးလိမ့်သော်။

မိုက်စရှိလို့၊ မိုက်မိလေတာ။
မိုက်စိတ်ကိုမွေး၊ မိုက်သွေးတွေဖြာ။
နေ့ရှိတိုင်းပ၊ မိုက်ကြပေရှာ။
မိုက်မဆုံး၊ မိုက်တုံးလူတို့ရွာ။
　　နေ့ထူး၊ နေ့မြတ်၊ အမှတ်သညာ။
　　နေ့ညံ့၊ နေ့ယုတ်၊ သမုတ်ဘယ်ဟာ။
　　နေပုံနေနည်း၊ အပြီးစစ်ပါ။
　　နေ့ယုတ်ဖြတ်၊ နေ့မြတ်မှန်တော့တာ။
မရှိတာထက်၊ မသိခက်ထာ။
မရှိတာထက်၊ ရှိပါလျက်သာ။
မလိုက်နာဘဲ၊ ရှောင်လွှဲပယ်ခွါ။
အခက်ဆုံး၊ သက်လုံးမှတ်လိုက်ပါ။ ။
　　လောကီလောကုတ်၊ အလုပ်နှစ်ဖြာ။
　　နေ့စဉ်ရှာမှီး၊ ပစ္စည်းဘယ်ဟာ။
　　ကိုယ့်ဘို့သူ့ဘို့၊ တွက်စို့မှန်စွာ။
　　သတိရ၊ သိကြသူသူငါ။

ကိုယ့်ကိုယ်ကိုယ်တွေး၊ ကိုယ်မေးလေပါ။
နေ့စဉ်အားထုတ်၊ အလုပ်ဘယ်ဟာ။
ကုသိုလ်တပဲ၊ ငရဲပိဿာ။
လူဖြစ်ရှုံး၊ နှစ်အုံးပါယ်လေးရွာ။
သေမင်းစစ်တပ်၊ ဝိုင်းလတ်၍သာ။
နေ့စဉ်မပြတ်၊ ပစ်ခတ်နေတာ။
အရှုံးပေး၍ ပြေးရတော့မှာ။
ဖြစ်ပါလျက်၊ ဘယ်တွက်မေ့နိုင်ရှာ။
အိုခြင်းနာခြင်း၊ သေခြင်းကိုသာ။
ဘယ်လိုမောင်မင်း၊ ရှောင်ကွင်းလေမှာ။
ဘယ်လိုမယ်မင်း၊ ဖယ်ကွင်းလေမှာ။
ကိလေသာ့နှင့်၊ ကာမတဏှာ။
မီးတွေဝိုင်း၊ ပုံနိုင်းအရှုံးသာ။ ။

ဆောင်ပုဒ်

သုံးပါးရတနာ၊ နှစ်ဖြာမိဘ၊ စရိယနှင့်၊ သီလပညာ၊ ဥစ္စာ အသက်၊ ကိုယ့်ထက် ကြီးမား၊ ပုဂ္ဂိုလ်များအား၊ လေးစားမှီခို၊ လွန်ကြည်ညိုသည့်၊ ထိုသိုလူများ၊ ကျိုးလေးပါးကို၊ မှတ်သားသိစေ၊ တပည့်တွေတို့၊ သက်ရှည်လှပ၊ အဝဝဖြင့်၊ စချမ်းသာ၊ ကြီးကျယ်စွာအား၊ ရပေငြားဟု၊ ဘုရား မြွက်စွာ၊ မိန့်ခွန်း ဖြာသည်။ ။
လိမ္မာသူများအကျင့်သော်။

ငါးပါးနက္ခ၊ သီလပညာ။
ဥစ္စာအသက်၊ ကိုယ့်ထက်ကြီးလာ။

# သံခမောက်ဆောင်းလေးယောက်

ရှိသေမြတ်နိုး၊ ရှိခိုးလေပါ။
ကျိုးလေးပါး၊ ထင်ရှားရသည်သာ၊
သက္ကစ္စနှင့် ဂါရဝမင်္ဂလာ။
သက်ရှည်ဆင်းလှ၊တွင်းပချမ်းသာ၊
ကိုယ်အား ဉာဏ်အား၊ ကြီးမားပေရှာ။
ကျိုးလေးပါး၊ ထင်ရှားရသည်သာ။ ။

လူ့နတ်အများ၊ ကြီးပွါးစေငှါ။ ။
ဆွေဆွေမျိုးမျိုး၊ တိုးပွါးစေပါ။
ကိုယ်ကျိုးအတွက်၊မပျက်လိုက်နာ။
လောင်းလျှာများ၊ သုံးပါးစရိယာ။
သေဘုံသေမျိုး၊ဒို့ဘိုး၍လာ။
တရွေ့ရွေ့ဖြင့်၊တနေ့သေမှာ။
ကျန်းမာခိုက်ကို၊ နှစ်ချိုက်ကြည်သာ၊
တရားလုပ်၊ အားထုတ်ညီညာညာ။

သေဘုံမှာတိုး၊သေမျိုးဖြစ်လာ၊
သူငါမလွဲ၊ အမြဲသေမှာ။
ကျိုးကြောင်းကိုကြည့်၊ သိကြသော်သာ။
မသေမှု၊အားပြုဆောင်ရွက်ပါ။ ။
ရန်သူလက်ချက်၊ မပျက်စေငှါ။
ကိုယ်တို့ပစ္စည်း၊ ဘယ်နည်းထားမှာ။
ကုသိုလ်ဘဏ်တိုက်၊ သွင်းလိုက်မြန်စွာ။
နိဗ္ဗာန်ထိ၊ သုံးဘိမကုန်ပါ။ ။

နုရင့်နှစ်ပါး ဥုံမြဲဘိုရာ။
သတိထားက၊ သိမြဲ့ဘမှန်စွာ၊
ခန္တီသစ္စ၊ ချစ်ရမေတ္တာ။
ထိုသုံးပါး၊ ရှိငြားအရင့်သာ။ ။

(ဆောင်ပုဒ်)

လောကီဖြစ်ပုံ၊ စနစ်စုံကို၊ အကုန်တွေးဆ၊ မငေးကြနဲ့ ရှေးကဘယ်ပုံ၊ ခုဘယ်ပုံဟု၊ ဖြစ်ပုံပျက်နည်း၊ အသီးသီးကို အပြီးပေဘန်၊ အခြေမှန်မှ၊ နေရန်လှလှ၊ သေကံထလိမ့်၊ ဘဝလူ့ပြေ၊ ခုအခြေတွင်၊ အနေမကောင်း သေမကောင်းနှင့်၊ အကြောင်းမမှန်၊ အဟောင်းကံသည်....။ ပြောင်းဆံ့ရှုပ်လှ ဒုက္ခနှော်။

လူ့ပြေဘဝ၊ ဖြစ်ရသူငါ၊
ကျိုးကြောင်းကိုကြည့်၊ သိမှတော်တာ၊
ကိုယ့်စခန်းနှင့်၊ ကိုယ့်လမ်းကိုသာ၊
ဝန်ကိုထမ်း၊ ဖြောင့်တန်းသွားရရှာ။ ။

အကုသိုလ်များ၊ ဖြစ်ငြားဘိုရာ၊
သေးသေးကြီးကြီး ကြက်သီးထပါ၊
သူ့ကိုလွန်ကျူး၊ ပြုဘူးသော်သာ၊
ဖြစ်မဆုံး၊ နစ်အုံးသံသရာ။ ။

လူမိုက်များကို၊ ရှောင်ရှားလေပါ၊
ပညာရှိများ၊ ခစားမကွာ၊
ပူဇော်ထိုက်ငြား၊ ဝပ်တွားခါခါ၊
စောဘုရား၊ ဟောကြားမင်္ဂလာ။ ။

နေ့,လ,နှစ်,များ၊ ဝစ်သွားကုန်ခါ၊
နိဗ္ဗုသုခ၊ အဘ္ဘဘယ်မှာ၊
မှတ်မှားသိမှား၊ မြင်မှားသူငါ၊
ဖေါက်ပြန်ကြ၊သုံးဝိပ္ပလ္လာ၊ ။
ပြုသင့်ငြားတဲ့၊ တရားဖြာဖြာ၊
မပြုလေဘဲ၊ ရှောင်လွှဲပယ်ခွါ၊
ပါပရစ်မွေး၊ ညစ်ထေးပေါ်လာ၊
ကဏ္ဍဇ္ဈ၊ မှတ်ကြအကရဏာ့။ ။
အလျှုကိုပွား၊ တရားကိုနာ၊
နေ့စဉ်မခြား၊ ခစားလေပါ၊
အရိယာများ၊ သုံးပါးအင်္ဂါ၊
သတိဏား၊ သိငြားဒို့သူငါ။ ။
သူတော်တရား၊ မှတ်သားဥစ္စာ၊
မဂ္ဂင်ရထား၊ ဝယ်ငြားလေပါ၊
နေ့စဉ်စီး၍၊ ခရီးတွင်ခွာ။
နိဗ္ဗာန်မြို့၊ သွားစို့သူသူငါ။ ။

(ဆောင်ပုဒ်)

သုံးလူ့သခင်မြတ်အရှင်၏၊ ကြည်လင်မေတ္တာ ကရုဏာကို၊ရှုပါတော့လား၊အိုလူများတို့၊လေးပါးသချ္ခ ကမ္ဘာတွေက၊ရှာဖွေလို့ရ၊မြတ်ဓမ္မကို၊မှတ်ကြပါလေ၊ တတ်ပါစေဟု၊သိစေမှုဖြင့်၊ ဂရုစိုက်ခါ၊ ဆုံးမရှာ၏၊သိ ခါတတ်ခါ ကျင့်ကြံပါက၊နှစ်ဖြာသုခ၊ ရကြီးရမည်၊မုချ လက်တွေ့တရားသော်။

ဘုရားပေးတဲ့၊ ဆေးတော်မေတ္တာ။
လူနတ်အများ၊သောက်စားချမ်းသာ။
ဤမျှဂုဏ်ထူး၊ ကျေးဇူးကြီးစွာ။
မသောက်ပဲ၊နေလဲနေနိုင်ရှာ။

သက်ကောင်းသက်ဆိုး၊နှစ်မျိုးဆိုတာ။
ဘာကိုကြည့်ရှု၊သိမှုပေါ်မှာ။
နေ့စဉ်ရှာမှီး၊ပစ္စည်းဖြာဖြာ။
သူ့ကိုရှု၊သိမှုမလွဲပါ။

ရှေ့နောက်ထင်ဘိ၊ မြင်သိစေရာ။
ကြေးမုံအလား၊ ဘုရားအာဏာ။
မမြင်မကြည့်၊ ထင်မိထင်ရာ။
လုပ်သူများ၊မမှား ပျက်စီးမှာ။

အကုသိုလ်များ၊ ဖြစ်ပြားဘို့ရာ။
စိစိတွေးလို့၊ကြောက်သွေးတုန်ပါ။
စိဥ္စမာန၊ဖြစ်ရပုံဟာ။
သူများတွက်၊သက်သက်အဆစ်ပါ။ ။

ယုံကြည်ရှက်ကြောက်၊ဒေါသပျောက်ခါ၊
ရှေ့နောက်မြင်သိ၊ထင်ဘိပညာ၊
ကိုယ်ကျင့်ငါးပါး၊ရှိပြားသော်သာ၊
မိန်းမများ၊ သွားရနိဗ္ဗာန်ရွာ။

စောင့်ရှောက်ထကြွ၊မျှတစားပါ၊
မိတ်ကောင်း,ဆွေကောင်း၊ အပေါင်းမကွာ၊

စည်းကမ်းလေးချက်၊ မပျက်လိုက်နာ၊
သရေတိုး၊ ရွှေမိုး ၊ ငွေမိုးရွာ။　　။

ပစ္စည်းသဒ္ဓါ သာသနာ၊ သုံးဖြာ ဒုလ္လဘ၊ ကြုံခဲ့စွ။
သဒ္ဓါတွက်တော့၊ ခက်ကြပေရှာ၊
ဘယာတွက်တော့၊ သွက်လှပေတာ၊
တဏှာတွက်တော့၊ လက်ကဝေဆာ၊
ငွေထွက်လမ်း၊ တွက်စမ်းသူ့သူငါ။　　။

(ဆောင်ပုဒ်)

ကုသိုလ်ကံနှင့်၊ အမှန်သင့်၍၊ အခွင့်တိုက်ဆုံ၊ ဤလူ့ဘုံ တွင်၊ တွေ့ကြုံရပြား၊ အိုလူများတို့၊ စဉ်းစားရှု့နောက်၊ ဉာဏ်ဖြင့်ယောက်က၊ သိလောက်စရာ၊ ခုအခါတွင်၊ ပြု ရာထင်ရှား၊ ရှင်ဘုရား၏၊ သုံးပါးသာသနာ၊ ရှိသည့်တာ ကို၊ သေချာလေးမှု၊ အရေးယူလျက်၊ ကြည်ဖြူဝမ်းသာ၊ ရွှင်လန်းစွာနှင့်၊ ကျမ်းမာသည့်နိုက်၊ ချမ်းသာနိုက်မှာ၊ ပြုထိုက်ပါသည်၊ သင်သာဆုထူးပန်ခဲ့သော်။

သာသနာထဲ၊ ကြုံလဲ ကြုံလာ၊
ကြုံပါသော်လဲ၊ ပြုခဲပေရှာ၊
သတိရလို့၊ သိကြသော်သာ၊
ခွင့်သာနိုက်၊ ပြုလိုက်သာသနာ။　　။

သုံးလူထွဋ်ထား၊ ဘုရားရိပ်သာ၊
နေထိုင်နိုမ့်း၊ သီးသီးသူငါ၊
ရိပ်နေ ခက်ချိုး၊ ရှက်နိုး စရာ၊
မျိုးမစစ်၊ ဆိုးညစ်ပြုသည်သာ။　　။

အရိယာမြတ်၊ နွယ်ဇာတ်ဝင်ပါ၊
သူတော်ကောင်းများ၊ ပြစ်မှားရှောင်ခွါ၊
မရှောင်ရှားလို့၊ ပြစ်မှားသော်သာ၊
ယုတ်ဘာ ၁၊ မုဏ္ဍ၂ ဖြစ်လိမ့်မှာ။ ။

လူနတ်အများ၊ ဝပ်တွားပူဇာ၊
မှီခိုအားထား၊ ဘုရားသာသနာ၊
မိစ္ဆာနှိပ်စက်၊ စိတ်လက်မသာ၊
သွေးပင်နီး၊ ခေါင်းကြီး သင့်တော့တာ။ ။

လူနှင့်ဘီလူး၊ အထူးသိရာ၊
အကြမ်းအနုး၊ နှစ်ခုပေါ်လာ၊
ကိုယ့်စရိုက်နဲ့၊ အကြိုက်ကိုရှာ၊
စည်းကမ်းထား၊ ခွဲခြားသင့်တော့တာ။ ။

လူရောနတ်ရော၊ သောသောအုတ်အာ၊
ကြည်ညိုမြတ်နိုး၊ အားကိုးလေတော့၊
ဘယ်လိုဆုထူး၊ ပြုဘူးပေရှာ၊
သဒ္ဓါစ၊ သီလခွန်နှစ်ဖြာ။

(ဆောင်ပုဒ်)

တိုင်းပြည်အားလုံး၊ ကြမ်မီးအုံးသို၊ နှလုံးညှိုးငွာ၊ စိုးမျှပါနှင့်။ ကိုးရာမဲ့ကင်း၊ ဖြစ်ပါခြင်းကို၊ မယ်မင်းမောင်မင်း၊ အိုအချင်းတို့၊ စာရင်းထားခါ၊ စဉ်းစားပါလော့၊ ရာဇာမင်းစိုး။ အမျိုးမျိုးနှင့်၊ သူခိုးထားပြ၊ အဝဝတို့၊ မာနလက်ကိုင်၊ ဝါဒပြိုင်၍၊ မဆိုင်သူပေါင်း

ရာထောင်သောင်းမျှ၊ထောင်းထောင်းကြေမွ၊သေကြရပြီ။ ဘယ်မျှသတိကင်းလိမ့်နော်။ ကြွယ်ဝမရှိညှဉ်းလို့မ့်နော်။ဘယ်ဘဝထိရျင်းပိမ့်စေသော်။

တိုင်းပြည်အလုံး၊မီးအုံးကြိမ်ပမာ၊
ညှိုးငယ်ပူဆွေး၊ ငိုကြွေးဖြာဖြာ၊
စည်းစိမ်အသက်၊ ပျက်ရမျှားစွာ၊
သတိရ၊ သိကြမာနသာ။　။

ဟောဒီဘက်က၊ အစိုးရနယ်ပါ၊
ဟောဟိုဘက်က၊သူပုန်နယ်ပါ၊
အစိုးရနယ်က၊သူခိုးထားပြတွေ့တွယ်တာ၊
သူပုန်နယ်က ၊အကုန်တွယ်ဟာ၊
တိုင်းသူပြည်သား၊ ဒို့များသူငါ၊
တုံးအောက်ဖါး၊ နင်းပြားဖြစ်ရရှာ။

ဟောဒီဘက်က၊အဝိဇ္ဇာနယ်ပါ၊
ဟောဟိုဘက်က။ တဏှာနယ်ပါ၊
အဝိဇ္ဇာနယ်က၊ မိတ်ခါတွယ်တာ၊
တဏှာနယ်က၊အပါတွယ်တာ၊
လူဖြစ်ငြားတဲ့၊ဒို့များသူငါ၊
ပါယ်လေးပါး၊ ထင်ရှားရောက်ရမှာ။

ကိုဒါနကြောင့်၊လာရလူ့ရွာ၊
ကိုသီလကြောင့်၊ဤမျှခုကြာ။

သူတို့ကျေးဇူး၊ မေ့ဘူးဘယ်ခါ။
မဂ်ယာဉ်စီး၊ အပြီးနေတော့မှာ။ ။
အားပေးစကား၊ ပြောကြားသောခါ။
အားတွေပြည့်လို့၊ အားရှိလှပါ။
အိမ်ပေါက်ဝသို့၊ ရောက်ကြသော်သာ။
သူ့တွက်ပဲ၊ အားနဲ့ပင်ပန်းရှာ။
အထစ်အအ၊ ဖြစ်ရလို့ရှာ၊
ဘယ်လိုကံများ၊ ဖန်ပြားလေတာ၊
ဖရုသတဲ့၊ ဗုဒ္ဓရှေ့မှာ၊
ဆဲဆိုမှု၊ မပြုရှောင်လေပါ။ ။
သက်ရှေနာကင်း၊ ဖြစ်ခြင်းမှုရာ၊
ဘယ်လိုကျင့်ပြား၊ ဖွင့်ကြားလေပါ။
ဒုစရိုက်များ၊ လိုက်စားရှောင်ခွါ၊
ဘယာကင်း၊ နာရှင်းသက်ရှေတာ။ ။

ဆောင်ပုဒ်

နတ်ရွာနိဗ္ဗာန်၊ စိတ်အကြံနှင့်၊ မိဗ္ဗာန် ပြုမှု၊ တောင်း ဆု ယူသည့်၊ အိုသူ တော် ကောင်း၊ လူ အ ပေါင်းတို့၊ အကြောင်းကိုကြည့်၊ တောင်းလိုပြည့်၍၊ ရမည့်လူလား မရလားဟု၊ ဘုရားမြတ်စွာ ဒေသနာကို သေချာကြည့်ရှု၊ သတိပြုလော့၊ သိမှုတရား၊ ရုပ်နာမ်အားဖြင့်၊ နှစ်ပါးအလှ၊ ပြိုင်ဆိုင်ကြက၊ နာမ်လှသူသာ အရာရာတွင်၊ များစွာပြည့်ဝ၊ တောင်းတိုင်းရသည်၊ အလှကြိုက်တဲ့ နိဗ္ဗာန်နေ၁်။ ။

နတ်ရွာနိဗ္ဗာန်၊ စိတ်ကြံရည်ကာ။
မိဋ္ဌာန်ပြုကြောင်း၊ ဆုတောင်းသူငါ၊
တောင်းတိုင်းရနှင့်၊ မရကိုသာ၊
မြတ်ဘုရား၊ မှတ်သားဘယ်သို့မှာ။ ။

နတ်ရွာနိဗ္ဗာန်၊ စိတ်ကြံရည်ကာ၊
မိဋ္ဌာန်ပြုကြောင်း၊ ဆုတောင်းသူငါ၊
ရုပ်လှနာမ်လှ၊ နှစ်ဝပြိုင်ပါ၊
နာမ်အလှ၊ ကြံမှပြည့်မည်သာ။ ။

အခါအခွင့်၊ အသင့်ကြုံလာ၊
တရားအလုပ်၊ အားထုတ်လေပါ၊
မတရားမှု၊ အားပြုသော်သာ၊
ခလုတ်ထိ၊ အမိတရမှာ။ ။

ကြားရုံမှတ်သား၊ ဆောင်ထားလိုက်နာ၊
တရားနာများ၊ သုံးပါးအင်္ဂါ၊
အယုတ်အလတ်၊ အမြတ်ဆိုတာ၊
အဲဒါဘဲ၊ အမြဲမှတ်လိုက်ပါ။ ။

အပြောဟုတ်မျှ၊ လုပ်ကခက်တာ၊
ကီရောကုတ်ရော၊ သဘောတူစွာ၊
အလွယ်ကိုဖျက်၊ အခက်ကိုရှာ၊
မဆုတ်တမ်း၊ လုပ်စမ်းညီညာညာ။ ။

တွေ့ခဲကြုံခဲ၊ ဆုံခဲပေတာ၊
ကုသိုလ်ပြုကြ၊ ခုရလူ့ရွာ၊

အချိန်ကောင်းကို၊ နှောင်းဘိသော်သာ၊
လွန်ခါမှ၊ နောင်တရတတ်စွာ။ ။
လောကီစီးပွား၊ ရှာပြောသို့သာ၊
သံသာစီးပွား၊ ဒို့ကားမရှာ။
နေ့စဉ်တွေး၍၊ စစ်ဆေးလေပါ၊
နေရေးထက်၊ သေရေးခက်တော့တာ။

ဆောင်ပုဒ်။

လူလောကဓာတ်၊ တော မသတ် အောင်၊ ပြောစမှတ်တွင်၊ ဒို့ဖြစ်အင်ကို၊ ဆင်ခြင်ကြည့်နော်၊ တပည့်ကျော်တို့၊ မလျော်လှဘူး။ တော်ကြဦးတော့၊ အရူးအသွင်၊ အထူးထွင်လျက် ရူးချင်တိုင်းသာ၊ ရူးကြပါ၍၊ ပြည်ရွာမြို့ပြ၊ ဟူသမျှတို့၊ မူလ အခြေ၊ မရှိလေဘဲ၊ လူတွေဖေါက်ပြန် ထောက်မတန်အောင်၊ ကြောက်ရန်ကောင်းလှ၊ ကြောင်းမလှပြီ၊ ယောင်း မ မြင်း စီးပုံသို့နော် –

ခေါင်းဆောင်မင်းများ၊ စဉ်းစားရမှာ၊
တိုင်းပြည်ခင်းသွား၊ နင်းပြားကျလာ၊
ရှက်ကြောက်ကင်းပြော၊ ယွင်းမှားရရှာ၊
ယောင်းမကြီး၊ မြင်းစီးလူ့ငစာ။ ။
ကိုယ်ပျက်၊ နှုတ်ပျက်၊ စိတ်ပျက်ဖြာဖြာ၊
ဘယ်ကစ၍၊ ပျက်ကြလေတာ၊
အရင်းကိုစစ်၊ အမြစ်ကိုရှာ၊
စိတ်ပျက်ကြီး၊ အပြီးပြင်လိုက်ပါ။ ။

ရုပ်နာမ်နှစ်ရပ်၊ပေါင်းစပ်ပူရှာ။
အောက်ရောထက်ရော၊ပွက်လောဆူခါ၊
ဘယ်သူမပြု၊ပူမှုတွေလာ၊
ရာဂမီး၊ဖိစီးနှိပ်စက်ထာ။ ။

ကာမရာဂ၊အာဂတဏှာ၊
နေ့စဉ်ညှဉ်းဆဲ၊ဆင်းရဲလေတာ၊
နောက်သို့ဆုတ်မှ၊မုချ ချမ်းသာ၊
တရားမြတ်၊ပွားအပ်နေ့တိုင်းသာ။

ရောင်ရှိန်လျှံဝင်း၊မှန်ကင်းတခါ၊
မခိုင်ယွင်းပျက်၊ထင်းဘက်ဝင်လာ၊
ချမ်းသာဆင်းရဲ၊မမြဲလေပါ၊
သံသာထဲ၊ဖြစ်မြဲဓမ္မတာ။

ဒုလ္လဘတဲ့၊ကြိုရလို့ရှာ၊
သာသနာကြီး၊အပြီးဆုံလာ၊
ဤမျှခွင့်ကောင်း၊မနှောင်းစေရာ၊
နောက်ဆံတင်း၊မယ်မင်းရက်တွေကြာ။ ။

ကလျာဏနှင့်၊အန္တနှစ်ဖြာ၊
စောဘုရားက၊ဟောကြားပေရှာ၊
ဘာကိုနှစ်သက်၊ဘယ်ဘက်ကိုပါ၊
ကိုယ့်အရေး၊ကိုယ်တွေးနေ့စဉ်သာ။

ဆောင်ပုဒ်

သက်ရာရှေမျှ၊ မနေရဘဲ၊ ခဏကြိမ်လာ၊ ချိန်အခါတွင်။ တရာမှုမျိုး၊ ငါတို့တိုးရ၊အဆိုးစုဆုံ၊ဤလို့ဘုံမှာ၊

ဆန်စုန်နှစ်လမ်း၊ အဆန်မှန်းလျက်၊ အောင်နန်း နိဗ္ဗာန် စိတ်အကြံနှင့်၊ ဓိဋ္ဌာန်ပြုပြား၊ အိုလူများတို့၊ အားထား့စရာ၊ အားကိုးရာစစ် ဘယ်ဟာဖြစ်ဟု၊ ရှင်ချစ်မြတ်စွာ၊ မိန့်ခဲ့မှာသည်၊ သိရာချိန်ဖြင့် သင့်ခဲ့သောဝ်။

အားကိုးအားထား၊ ပြုပြားစရာ၊
မိဘ ဘိုးဘွား၊ လင်သားဆွေညာ၊
ဟုတ်ပါရဲ့လား၊ စဉ်းစားခုခါ။
ကုသိုလ်မျိုး၊ အားကိုးအစစ်ပါ။ ။

လွန်လေကာလ၊ ဘဝများစွာ၊
ပြုသမျှတို့၊ ခုမှပေါ်လာ၊
ကိုယ့်ကိုယ်ကိုကြည့်၊ ကိုယ်သိသော်သာ၊
ကောင်းမှုမျိုး၊ စိုက်ပျိုးမြဲမကွာ။ ။

သုံးလူထွဋ်ထား၊ ဘုရားအာဏာ၊
သံမှိုစွဲထား၊ မြဲပြားသော်သာ၊
အပါယ်တံခါး၊ ပိတ်ပြားမှန်စွာ၊
နိဗ္ဗာန်မြို့၊ သွားစို့သူသူငါ။ ။

သံသရာကြီး၊ အငြိုးလယ်ခါ၊
မျိုးမျိုးဘဝ၊ တိုးရသူငါ၊
ကိုယ်တို့ပြုတဲ့၊ အမှုဖြာဖြာ၊
ဝိပါက်မြဲ၊ ငရဲအပပါ။ ။

သာသနာနဲ့၊ ကာမနှစ်ဖြာ၊
ကြိုက်ရာဆင်မြန်း၊ ဝန်ထမ်းရွက်ရှာ

အထုပ်ထဲမှာ၊ဘာလဲဆိုတာ၊
ဖွင့်ကာကြည့်၊သိမှတော်လိမ့်မှာ၊
သံသာရနှင့်၊ဝဋ္ဋဒုက္ခာ၊
ကိုယ်တိုင်စိဥ၊သိကြစေပါ၊
သိမှနောက်ဆုတ်၊ကြောက်ရှပ်ပေါ်လာ၊
ပရိယတ်၊သိမှတ်ကျေးဇူးပါ။ ။
ကာမနယ်တွင်း၊ဖယ်ကွင်းလေပါ၊
ရာဂနှောင်တွင်း၊ရှောင်ကွင်းလေပါ။
မကင်းဘဲမို့၊ဆင်းရဲလေတာ၊
မသိသား၊ ဆိုးဝါးလွန်နစ်နာ။ ။

ဆောင်ပုဒ်။

ကာလ, ကာလ၊ ဒို့ကာလတွင်၊ ပါပလူလယ်၊ မာနကျယ်၍၊ သုံးသွယ်ကပ်ကြီး၊ ဒို့ကိုစီးပေါ့၊ မြို့ကြီးရွာငယ်၊အသွယ်သွယ်လဲ၊ကာကွယ်မရှိ၊ ဖြစ်လေဘိ၍၊ မချိသူငါ၊ လူတကာတို့၊ ပူဗျာလှိုက်ခုန်၊ အူသည်းတုန်လျက်၊ပြာပုံအတိ၊အိမ်မရှိဘဲ၊ အမိတကွဲ, ဖတကွဲနှင့်၊အကွဲထွေထွေမွဲအခြေဖြင့်၊အသေမျိုးမျိုး၊ငါတို့တိုးပြီ.... အဆိုးဘယ်တော့ကင်းလိမ့်နော်၊ အ မျိုး ဘယ်တော့ ရှင်းလိမ့်သော်၊တန်ခိုး ဘယ်တော့ လင်းပိမ့်သော်။

ပါပကာလ၊ မာနထန်ရှာ၊
ဥစ္စာယူလတ်၊လူသတ်ပြန်ဇာ၊
မြို့,ရွာဌာန၊ ပြာကျမှန်ဇွာ၊
ဘယ်သူလဲ၊ မူကွဲလက်သယ်ပါ၊ ။

ဒါန, သီလ၊ သမထဆိုတာ၊
ပညာကင်းလို့၊ ဝဋ္ဋတွင်းလယ်ရှာ၊
ဒီလိုတဲ့လား၊ ဒို့များသိလာ၊
ပညာတွဲ၊ အမြဲရှုတော့မှာ။ ။

ရုပ်ပြောင်းရုပ်လွှဲ၊ ရုပ်ခွဲဖြာဖြာ၊
သံသရာထဲ၊ အမြဲ လယ်လာ၊
နာမ်ပြုသမျှ၊ နုရသူငါ၊
သူ့အကဲ၊ ခုဘဲ ခတ်လိုက်ပါ။ ။

တော်ကြ့တန်ကြ၊ ပြန်ရတော့မှာ၊
ဘယ်ကိုရည်မှန်း၊ ဘယ်လမ်းကသာ၊
ဘာကိုအားထုတ်၊ ဘာလုပ်နေတာ၊
ဖြစ်အချုပ်၊ စစ်ထုတ်နေတိုင်းပါ။ ။

ရုပ်, နာမ်နှစ်ပါး၊ ခွဲခြားဘို့ရာ၊
ဘယ်မျှဝန်လေး၊ သင်ငေးနေတာ၊
နေ့ကုန်ရက်ဖြုန်း၊ လဆုံးနှစ်ကြာ၊
သင့်ဘဝ၊ သင်မှ အားမနာ။ ။

အနိစ္စနှင့်, ဒုက္ခ, အနတ္တာ၊
နိစ္စ, သုခ, အတ္တ, မှတ်ရှာ၊
အထင်လွဲလို့၊ နင်ခွဲခဲ့တာ၊
ရုပ်, နာမ်ခွဲ၊ အစွဲ ဖြတ်လိုက်ပါ။ ။

လူနဲ့, သူနဲ့၊ တူတဲ့အောင်ဟာ၊
ဘယ်တရားမျိုး၊ အားကိုးရမှာ၊

သမ္ဗုဒ္ဓါလေး၊ အားပေးဆောင်ပါ၊
ရုပ်,နာမ်များ၊ကွဲပြား သိအောင်ရှာ။ ။

(ဆောင်ပုဒ်)

သတိမထား၊ အသိမှား၍၊ တရား ပြတ်ရှာ၊ များ သတ္တာတို့၊ တွေ့ပါပေါ့လား၊ကိုယ်တိုင်အားဖြင့်၊ မျက်ဝါး ထင်ထင်၊ သင်တို့မြင်ရ၊သို့စဉ် ဒုက္ခ၊ တွေ့ကြုံရလဲ၊ ဘယ်က စပေါင်း၊ ဘာအကြောင်းဟု၊ ပြန်ပြောင်းမကြည့်၊ဖြစ်လေဘိ၍၊ သင်၏ခုရ၊ လူ့ဘဝကို၊ တွေးဆသောခါ၊ယောင်ချာချာမို့၊ သင်သာသင့်အား၊ သင်သနားက၊သင်မှားသမျှပယ်စွန့်ရမည်၊သို့မှလူနှင့်၊ တူလိမ့်သော်။ ။

ကံကောင်းထောက်မ၊ ရောက်ရလူ့ရွာ၊
သင်သာသင့်အား၊သနားသော်သာ၊
လူလိုသတိ၊ရှိမှတော်မှာ၊
တရားလိုက်၊ အားတိုက် ဆောင်ရွက်ပါ။ ။

မွေးဘူးကျွေးဘူး၊ကျေးဇူးဖြာဖြာ၊
ဘယ်ပုံဘယ်နည်း၊ အပြီးဆပ်မှာ၊
နည်းလမ်းလုပ်ပြ၊ဗုဒ္ဓ,ဆရာ။
မြတ်ဘုရား၊ ဆမ်ငြားကျေးဇူးသာ။ ။

နိဗ္ဗာန်ကြွသွား၊ဘုရားမြတ်စွာ။
ကိုယ်တော်အစား၊ထားခဲ့ပေတာ၊
ပရမတ်စစ်၊ ခေတ်နှစ်ကိုရှာ၊
သိအောင်လုပ်၊ အားထုတ်သူသူငါ၊

သိလိုရေးကြောင့်၊ မေးရတော့မှာ၊
နိဗ္ဗာန်ဆိုငြား၊ တရားဘယ်ဟာ၊
မီးဆယ့်တပါး၊ ငြိမ်းငြား သော်သာ၊
နိဗ္ဗာန်ဘဲ ၊အမြဲမှတ်လိုက်ပါ။ ။

နိဗ္ဗာန်ရောက်ငြား၊တရားဆိုတာ၊
ဘယ်ဆီသို့များ၊ ဒို့သွားလို့ရှာ၊
ခန္ဓာမည်ရ၊ ပြည်မလည်မှာ၊
ဆိုင်တွေခင်း၊ ထင်လင်း ပြည့်လို့ပါ။ ။

ခန္ဓာပြည်တွင်း၊ တည်ခင်းဆိုင်မှာ၊
နိဗ္ဗာန်ရောက်ငြား၊ တရား ဘယ်ဟာ၊
စက္ခုသောတ၊ ဃာနဇိဝှါ၊
ကာ-မန၊ ဒွါရ ခြောက်ဆိုင်မှာ။

စက္ခုဆိုင်တွင်း၊ ဘယ်သင်းတွေ့လာ၊
အဆင်စားစား၊ တွေ့ငြားခဲ့ရှာ၊
ကောင်းဆိုးနှစ်ပါး၊ ခွဲခြားလေပါ၊
ကိုယ့်အကဲ၊ ကိုယ်ဘဲခတ်ထိုက်စွာ။

သောတ,,ဃာန,,ဇိဝှါ ကာယ ,, မန,,တို့ကို
သိတတ်ကြပါစေ။ သိကြပါလေ။

(စဆောင်ပုဒ်)

မိကောင်း,ဖကောင်းဆရာကောင်းနှင့်၊ အပေါင်း ဆွေညာ၊ကောင်းစေရာဘို၊ကောင်းရာနှုန်းပြ၊ ဆုံးအမ ကို သုံးကြပါလေ၊ တပည့်တွေတို့၊ ဝိသေဂုဏ်ထူး၊မြတ်

ကျေးရူးကို၊ချီးကျူးမကုန်၊ဤလူ့ဘုံတွင် ဖုံဖုံ တင့်တယ်
သံသာဝယ်လည်း၊မပြယ်တန်ခိုး ဆထက်တိုး၍၊ အကျိုး
အနန္တ၊အမှန်ရမည်၊အမတံဘဝ သွားလမ်းသော်။ ။

မိကောင်းဖကောင်း၊အကောင်းဆရာ။
မိတ်ကောင်း, ဆွေကောင်း၊အပေါင်းသဟာ။
နှုန်းပြဆုံးမ၊လုံးဝယူကာ။
ကျင့်လိုက်စား၊ ဆိုက်ငြားနိဗ္ဗူတာ။

မိဆိုး–ဖဆိုး၊ အဆိုးဆရာ၊
မိတ်ဆိုး-ဆွေဆိုး၊ အဆိုးသဟာ၊
နှုန်းပြဆုံးမ၊လုံးဝတွယ်တာ။
ကျင့်လိုက်စား၊ဆိုက်ငြားအပါယ်ရွာ၊

ကီကျိုးကုတ်ကျိုး၊အကျိုးနှစ်ဖြာ၊
ဘာကိုစွဲလို့၊အမြဲလိုက်ရှာ။
မျှားရာဘက်က၊မထွက်နိုင်ပါ။
သံသာကြီး၊ သည်နည်းရက်တွေကြာ။ ။

ကိုယ်ရောင်ဉာဏ်ရောင်၊ဝင်းပြောင်မှုပါ၊
အမြင်ရှူးရှု၊ ထူးဝွလူ့ရွာ၊
ဘယ်ကုသိုလ်မျိုး၊စိုက်ပျိုးပြုရှာ၊
ထိန်ထိန်ညီး၊ ဆီမီးကုသလာ။ ။

လူရောနတ်ရော၊ထပ်လောပူဆာ၊
ရသာခြောက်ပါး၊ သောက်စားသူငါ၊
ဆရာဘုရား၊မှာကြားခါခါ၊
အကောင်းဆုံး၊ ပြောင်းအုံးအရသာ။

ပါရမီပြည့်၊အသိမြန်လာ၊
ပါရမီနဲ့၊အသိကြွတာ၊
သိမြန်သိကြွ၊ ကြည့်လဲကြည့်ပါ၊
သာကီသွေး၊မွေးစို့သူသူငါ။

အိုဘေးနာဘေး၊ သေဘေးဖြာဖြာ၊
မတွေ့လိုဘဲ၊တွေ့လဲတွေ့လာ၊
ကာမနယ်တွင်း၊ ဆွယ်သွင်းပေရှာ၊
ရာဂနှောင်တွင်း၊ဆောင်ကြဉ်းပေရှာ၊
သိတဲ့နေ့၊ရှောင်ကွေ့သူသူငါ။

(ဆောင်ပုဒ်)

မြင့်မိုရ်တောင်ဦး၊မကကြူးသည့်။ ကျေးဇူးတော်ရှင်၊မွေးမိခင်နှင့် ဖခင် မြတ်ဖျား၊ နတ်နှစ်ပါးကို၊တတ်အားသမျှ၊ ကျွေးမွေးကြလျက်၊ ကိစ္စ ကြီးငယ် အသွယ်သွယ်ကို၊ မဖယ်မရှောင်၊သားလှမောင်တို့-ရွက်ဆောင်သည်ပိုး၊ ဤ အကျိုးကြောင့်၊ ဘေးမျိုး ကင်းစင်၊ ရန်အောင်မြင်၍၊မဂ်ဝင်ဗိုလ်ရောက် ကြံတိုင်းပေါက်မည်။ ဝမ်းမြောက်သင်တို့အကျိုးသော်။

(ရှစ်လုံးဘွဲ့ကဗျာ)

မိဘများရဲ့၊ ထားတဲ့မေတ္တာ၊
ပမာပုံနှိုင်း၊မနိုင်း နှိုင်ရာ၊
ဤမျှဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊
သိပါကြ၊ဒါမှလူလိမ္မာ။

ကျေးရွာရှိကြ၊မိဘနှစ်ဖြာ၊
နေ့စဉ်ဝပ်တွား။ ဘုရားပမာ၊
ကောင်းရာကိုရွေး။ လုပ်ကျွေးလေပါ။
သူတော်ကောင်း။ လမ်းဟောင်းစဉ်အလာ၊
　　ယောက္ခမနဲ့၊မိဘတွေဟာ၊
　　အိမ်ဦးနတ်တဲ့၊မှတ်ကွဲ့သချာ၊
　　ကြည်သာရွှင်ပြုံး၊နှလုံးသာယာ၊
　　လုပ်ကျွေးကြ၊ချွေးမအလိမ္မာ။
ဒို့ကံအကြောင်း၊ကောင်းလှပေတာ၊
လက်ဖြောက်တီးလို့၊အံ့ချီးစရာ၊
အထက်တန်းနဲ့၊ မဂ်လမ်းဖြောဖြော၊
ပြင်ပြီးသား၊ စားရဥပမာ၊
　　လူကြီးမိဘ၊ဖြစ်ရထိုခါ၊
　　ဂုဏ်ထူးတခု၊ ရှိမှုလိုတာ၊
　　ဘယ်ဂုဏ်ရည်ရှူး၊ကြည်နူးပေရှာ၊
　　တော်ဂုဏ်ထူး၊ ဆွတ်ခူးယူလေပါ။
လာကဲ့ပါကွဲ့၊မာတဲ့အခါ၊
ဘာကိုငဲ့၍၊ ကြာတဲ့နေ့တာ၊
ဘယ်လင်ဘယ်သား၊မယားကိုညှာ၊
သူညှဉ်းဆဲ၊ဆင်းရဲရက်တွေကြာ။ ။
　　လာခဲ့ပါကွဲ့၊မှာတဲ့တွက်တာ၊
　　သံယောဇဉ်ဖြတ်၊ရောက်လတ်၍လာ၊

ဘာကိုမှချ၊လုပ်ရလေမှာ၊
ရုပ်၊နာမ်ခွဲ၊ခုဘဲ တွေ့အောင်ရှာ။ ။

ဆောင်ပုဒ်။

ရှေ့နောက်ဆင်ခြင်၊ဖြစ်ပျက်အင်ကို၊ ထင်မြင်နိုင်ဘိ ပညာရှိဟု၊ခေါ်ဘိသူမွန်၊ လူတံခွန်တို့၊ ဟောညွှန်ဆို ပြောထိုစကားကို၊ ချိုပျားပမာ၊ မလိုက်နာဘဲ၊မိုက်ရာ ရှေးရှု၊အာရုံပြုလျက်၊ နိုက်မှုကိုဆောင်၊မိုက်တုယောင်၍ မိုက်အောင်သင်ကြား မိုက်လေ အားကြောင့်၊ မိုက် မှား သမျှ၊ဒို့ခံရပြီ၊ ။မိုက်စရပ်မှ၊အေးလိမ့်နှော်။

ရှစ်လုံးဘွဲ့ကဗျာ။

အေးရာဆုနှင့်၊အေးမှုကိုရှာ၊
အပူတွေတိုး၊ ခွေညှိုးလူ့ရွာ၊
အကြောင်းရင်းက၊ပေါင်းသင်းဆက်လာ၊
လိမ္မာဝေး၊မိုက်သွေးသူ့တွက်တာ၊ ။
သာသနာတွင်း၊ကြိုခြင်းကြိုလာ၊....
ကိုယ်တို့အကျိုး၊သည်ပိုးလေပါ၊
အနိစ္စနဲ့၊ဒုက္ခ၊အနတ္တာ၊
သိအောင်လုပ်၊အားထုတ်သူသူငါ၊
တရားသိနဲ့၊တရားရှိနှစ်ဖြာ၊
ဘယ်ကိုကြည့်က၊သိရလေမှာ၊
ခက်ထန်ပြောင်းပျောင်း၊အကြောင်းနှစ်ဖြာ၊
သက်သေဘဲ၊ဝေခွဲသိလိုက်ပါ။ ။

ဖြစ်သမျှကြောင်း၊အကောင်းတွေဟာ၊
ဘယ်လိုမုချ၊လုပ်ရလေမှာ၊
ဖြစ်ပျက်သမျှ၊စေရာရာ၊
သစ္စာလေး၊တင်ပေးသွေမကွာ။....။
ဘ,ဘုရား‌ရဲ့၊ ထားတဲ့မေတ္တာ။
ရာဟုလာသား၊ မခြားချစ်တာ၊
လက်တွေ့ပြလို့၊ဆုံးမပေရှာ၊
လုပ်ကြစမ်း၊ကိုယ်ချမ်း စိတ်ချမ်းသာ၊ ။
ဘာဝနာလမ်း၊ လုပ်ငန်း ဆိုတာ၊
ရုပ်စု နာမ်စု၊ ကြည့်ရှု သေချာ၊
အာရုံ စိုက်၍၊ ရှုလိုက်သောခါ၊
ဉာဏ်စဉ်လျှောက်၊ ပြီးမြောက်နိဗ္ဗူတာ။ ။
ကျောက်ချပ်ရုပ၊ ဓါးကနာမ်ပါ၊
သတိသမာဓိ၊ သွေးသည့် ပမာ၊
ကြေးညှော်ထွက်က၊ ဝိပါက်ကုသာ၊
တဖြေးဖြေး၊ အေးဆေးထက်မြက်ရှာ။ ။
(ဆောင်းပုဒ်)

ရထားလှည်းဘီး၊ ပမာမှီးစို့၊အပြီးတူစွာ၊ နည်းယူရာပ၊ဒို့ဘဝ၏၊ကာလသုံးတန်ဖြစ်ပျက်ဟန်ကို၊ဧဖန်ကြနှော်၊များသူတော်တို့၊ခြေချော်,,လက်ချော်ဖြစ်မိသော်လျှင်၊အဟော်ဝတ၊ရခဲလှသည့်၊ဘဝလူ့ရွာ၊ လွန်နစ်နာလျက်၊ ရှစ်ဖြာငရဲ၊ နစ်ရာဝဲမှာ၊ မြုပ်မြိတဖန်၊ မြုပ်ရပြန်မည်။ ၊မြန်မြန်ပြေးမှ သင့်ချိန်သော်။

(ရှစ်လုံးဘွဲ့ကဗျာ)

သံသရာကြီး၊ လှည်းဘီးပမာ၊
အောက်ရောက်၊ ထက်ရောက်၊
ဘက်လောက်လည်လာ။
သိကြစို့လား၊ ဒို့များသူငါ၊
မြန်မြန်ပြေး၊ လွတ်ရေးလွယ်လှပါ၊ ။

ဆင်းရဲဟူသမျှ၊ မူလဘယ်မှာ၊
အရင်းစစ်လို့၊ အမြစ်ကိုရှာ၊
ရာဂဒေါသ၊ မောဟထွက်လာ၊
နေ့စဉ်ဘဲ၊ ဆင်းရဲသူ့တွက်တာ။ ။

ချမ်းသာဆင်းရဲ၊ ခေါ်မြဲတံထွာ၊
သိဘို့တရား၊ ပြောကြားမှန်စွာ၊
ပစ္စည်းမွဲလို့၊ မဆင်းရဲပါ၊
ကိုယ်ကျင့်မွဲ၊ ဆင်းရဲအစစ်ပါ။

ဘယ်နေ့ဘယ်ရက်၊ ချိန်းရက်မပါ၊
အသေတရား၊ နီးငြားလှပါ၊
ဘာကိုတွေးလို့၊ သင်ငေးနေတာ၊
ကောင်းမှုမျိုး၊ စိုက်ပျိုးခုအခါ၊

ရာဂဒေါသ၊ မောဟသုံးဖြာ၊
မြူမှုန်ရစ်မေး၊ ညစ်ကြေးဖုံးတာ၊
ဥာဏ်နှင့်စစ်ဆေး၊ ပြစ်ဘေးကိုခွါ၊
ချမ်းသာကြ၊ ဒါမှနိဗ္ဗာန်တာ၊

ပစ္စည်းပျောက်တော့၊ စိတ်နောက်ပူဗျာ၊
နေခက်ထိုင်ခက်၊ မှိုင်လျက်နေရှာ၊
ကိုယ်ကျင့်ဘရား၊ ပျောက်ပြေးခဲ့ခါ၊
ဘယ်သူ့မှ၊ ပူလှမရှိပါ။
ခရီးသွားတော့၊ ဘာများမေ့မှာ။
ဟိုကြည့်ဒီကြည့်၊ သတိရရှာ၊
သူကငါက၊ ပူကြလေတာ၊
သံသာကြီး၊ ဤနည်းပူစမ်းပါ။ ။

## ဆောင်ပုဒ်

တ ပည့် မ ကောင်း ဆ ရာ့ ခေါင်း။ သား သ မီး မ ကောင်း မိ ဘ ခေါင်း၊ တိုင်း ပြည် မ ကောင်း အစိုးရ ခေါင်းဟု ရှေးဟောင်းစဉ်လာ၊ ပညာဝါတို၊ သင်ခါ နှုန်းပြ၊ ဆုံးအမကို၊ လုံးဝသတိ၊ မေ့လျော့ဘိသို့၊ ဖါသိ ဖါသာ၊ နေကြရှာပြေး၊ ဆရာများတို့၊ ခုကားဘယ် နှယ်၊ ပျက်ပြယ်ပြယ်နှင့်၊ မျက်နှာငယ်ညှိုး၊ ရှက်ဖွယ် တိုးပေါ့၊ အမျိုးမမှန်၊ မိုးမတန်၍၊ ဆိုးဥက္ကာကိုသုံး သူညွှန့်တုံးပြီ။ ။အရှုံးလက်စမသတ်သေး။

## ရှစ်လုံးဘွဲ့ကဗျာ။

ဆရာမိဘ၊ သိကြသေချာ။
တပည့်သားတို့၊ ရှိပြေးလေတာ။
သွန်သင်နှုန်းပြ၊ ဆုံးမဗလာ၊
ဘယ့်နှယ်လဲ၊ ရှက်ကွဲလူလယ်မှာ။ ။

သံသာစီးပွား၊ကြီးထွားစေငှာ၊
ကြိုက်ရာအမျိုး၊စိုက်ပျိုးလေပါ၊
ကိုယ်တို့စိတ်တိုင်း၊မဆိုင်းပေါက်လာ၊
အသီးများ၊မြိုးစားသူ့သူငါ။ ။

ရှင်မပေးငြား၊သူများဥစ္စာ၊
တွေ့ပါငြားက၊ရှောင်ရှားဆုတ်ခွါ၊
လိုချင်တပ်မက်၊နှစ်သက်ယူလာ၊
ဆင်းရဲရ၊အောက်ကျလွန်ချုချာ။ ။

မခရှောင်တမ်းကွဲ၊မောင်စမ်းလှဲ့ပါ၊
မဖယ်တမ်းကွဲ၊မယ်စမ်းလှဲ့ပါ၊
ဗုဒ္ဓမြတ်ဖျား၊တရားရသော၊
ကိုယ်တိုင်တွေ့၊ချမ်းမြေ့လွန်သာယာ။ ။

ဥာဏ်ကိုရှေ့ထား၊တရားဖွေရှာ၊
မီးပွတ်သမား၊မခြားစေရာ၊
လေ့လာများမှ၊ဓါတ်သားပေါ်မှာ၊
သဒ္ဒါကြွ၊ဒါမှပျော်စရာ။ ။

ကာလခေတ်ဆိုး၊တိုးရသူငါ။ ။
နေဆိုး၊သေဆိုး၊ညှိုးလှုပူဗျာ၊
ကာလကောင်းကို၊ပြောင်းလိုသော်သာ၊
ကိုယ်ကျင့်စွဲ၊မြဲမှတော်လိမ့်မှာ။ ။

ကုသိုလ်ဘဏ်တိုက်၊သွင်းလိုက်သော်သာ၊
နေ့တိုင်းတိုးပွား၊ကျိုးများပေရှာ၊

အကုသိုလ်ကွဲ၊ ပေါင်တဲ့ဆိုင်ဟာ၊
အကျိုးပျက်၊ ဆိုးချက်လွန်နစ်နာ။ ။

ဆောင်ပုဒ်

သံသရာက၊ ကံပါကြ၍၊ ဘဝလူ့ရွာ၊ ခုအခါတွင်၊ ရုလာတွေ့ကြုံ၊ မေလ့ဘုံမို့၊ ခုံခုံမင်မင်၊ ချစ်ကျွမ်းဝင်လျက်၊ သားလင်မယား၊ သို့မဟုတ်၊ ဆွေသားမျိုးနွယ်၊ အသွယ်သွယ်တို့၊ ဖွယ်ဖွယ်ရာရာ၊ ဖြစ်စေငှါလျင်၊ ကံပါ'ကုတ်ရော၊ အာရုံစော၍၊ အပြောအလုပ်၊ သဘောဟုတ်ပြီ ဟောထုတ်ဗုဒ္ဓမိန့်ခွန်းတော်။

ရှစ်လုံးဘွဲ့ကဗျာ။

တယောက်ကျေးဇူး၊ တဦးဆိုတာ၊
အကြောင်းရင်းက၊ ကောင်းခြင်းလိုရှာ၊
သံသာလောက၊ ပြောပြစရာ၊
မြတ်ကျေးဇူး၊ အထူးဆောင်ရွက်ပါ။ ။

ဆုထူးပန်သ၊ မွေးလမှန်စွာ၊
သစ္စာလေးပါး၊ ရငြားပြန်တာ။
နိဗ္ဗာန်နန်းသို့၊ ကြွမြန်းရရှာ၊
နေ့အထူး၊ မေ့ဘူးဘယ်သောခါ။ ။

ဝင်မစွက်နဲ့၊ ဝပ်လျက်နေပါ၊
ဝေးစွာရှောင်ကွင်း၊ ဝန်ကင်းစေရာ၊
ရုပ်ပွါးဗုဒ္ဓ၊ တုတ်ပြ—ဝ-ဟာ၊
ဝဋ်ကိုကြောက်၊ လွတ်ပေါက်မြန်မြန်ရှာ။ ။

ကာမ-ဓမ္မ၊ ကောင်းကနှစ်ဖြာ၊

ဘယ်အကောင်းလို့၊ အကြောင်းပြပါ၊
နေ့စဉ်လိုက်စား၊ ကြိုက်အား၊ ကသာ၊
သင့်အကဲ၊ သင်ဘဲသိထိုက်စွာ။ ။

အရိယာမျိုး၊ တိုး၍ဝင်လာ၊
လက်ဟောင်းလက်သစ်၊ တွက်စစ်မြင်ပါ၊
အသျှကိုမှန်း။ မသုံးသီလာ၊
လက်သစ်ပဲ၊ အပြမှတ်လိုက်ပါ။ ။

စိတ်ကြိုသမျှ၊ သံကပေါက်လာ၊
အသံဆိုပြား၊ ကိုယ်ကားနောက်မှာ၊
ကောင်းမကောင်းဟု၊ အကြောင်းနှစ်ဖြာ၊
ရုပ်နာမ်များ၊ ကွဲပြားသိလိုက်ပါ။ ။

ကြောက်သတဲ့လား၊ စဉ်းစားမောင်ရာ၊
ကြောက်သတဲ့လား။ စဉ်းစားမယ်ရာ၊
ဘာကိုကြောက်လို့၊ ဘယ်လောက်ရှောင်ခွါ၊
ကိုယ့်အရေး၊ ကိုယ်တွေးနေ့တိုင်းပါ။ ။

ဆောင်ပုဒ်

နေ့စဉ်၊ နေ့စဉ်၊ လေ့အသွင်ဖြင့်၊ တွေမြင် သွားလာ၊ များတကာတို့၊ ငါးဖြာအာရုံ၊ ကာမဂုဏ်မင်း သျှို့နယ်တွင်းတွင်၊ အကင်းမပါး၊ မစဉ်းစား၍၊ နှင်း ပြားဘဝ၊ ဖြစ်ပါရလဲ၊ ငါမှ၊ ငါနော်၊ အမြင်ချော် လျက်၊ ရှင်ပျော်ရင်းသာ၊ သေမင်းရွာသို့၊ လိုက်ပါ ရမည်၊ ဖြစ်လေသည်မို့၊ အမှီတရား၊ လက်ကိုင်ထားမည်။ သင်ကားမှုချလူဖြစ်သော်၊

အသံပွဲမျှ၊ ကဲလှတကျော၊
သံသရာကြီး ခရီးရှည်လာ၊
ဒုက္ခသီးသီး၊ ဖန်တည်းသည်သာ။
စိတ်နာကြွ၊ ဒါမှကိုယ်ချမ်းသာ။　　။
အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာ၊
မစွန့်ရက်ပဲ၊ ခက်ခဲလုပ်ပါ။
သူတော်ကောင်းတို့၊ လမ်းဟောင်းတွေဟာ။
အဲ့ဘွယ်ဘဲ၊ ထူးကဲစေတနာ။
နှစ်ဟောင်းပစ်လို့၊ နှစ်သစ်ပြောင်းလာ၊
ဒို့ ဘယ်လိုများ၊ နေပြီးကောင်းမှာ၊
စိတ်ယုတ်ကိုဖြတ်၊ စိတ်မြတ်ကိုရှာ၊
မေတ္တာဓါတ်၊ မပြတ်မွေးလေပါ။
ဖွားဘက်တော် ခုနှစ်ပါး။
ယသော်နှမ၊ ညီလှနန္ဒာ၊
ကာဠုဒါယီ၊ ကဏ္ဍကသာ။
ဗောဓိညောင်မျိုး၊ ရွှေအိုးရတနာ၊
ခုနှစ်ပါး၊ မှတ်သားဖွားဘက်ပါ။　　။

ဒဏ်ဆယ်ပါး။

အားနဲ-ကိုပျက်- ခံခက်ရှုးစွာ၊
မင်းဘေးစွပ်စွဲ၊ မျိုးလဲပျက်ရှာ။
ဆုတ်ယုတ်စီးပွါး၊ မီးများလောင်ကာ၊
သေငရဲ၊ ဝေခွဲဒဏ်ဆယ်ဖြာ။

ဆောင်ပုဒ်။

နင့်ဟန်၊ နင့်ဥာဏ်၊ နင့်အကြံနှင့်၊ နင့်ကံနှင်ပြို၊ နင့်အမှုကို၊ နင်ခုအခါ၊ နင်ရှုပါလော့၊ နင့်ဟာနင်တွေး၊ နင့်အရေးမို့၊ နင်ဆွေးနင်ပူ၊ နင်တလူထဲ၊ နင်မူလန်းဖြာ၊ နင်ချမ်းသာရ။ နင့်ဘဝ၏။ ဖြစ်ရခြေခံ။ အဖြေမှန်ကို။ ဝေဖန်သောခါ၊ နင်သိမှာပေါ့။ နင်သာနင့်အား။ နင်သနားက၊ နင်မှားသမျှ၊ ပယ်စွန့်ရမည်။ ။ဒါမှန်ပါတ်(တစ်)တဲ့နော်။

ရှစ်လုံးဘွဲ့ကဗျာ။

နံပါတ်တစ်တဲ့။ ဖြစ်မဲ့လူဟာ၊
ဘာကိုပယ်ရှား၊ ပွားများဘယ်ဟာ။
ကိုယ်ယုတ်၊ နှုတ်ယုတ်၊ စိတ်ယုတ်ပယ်ခွါ။
မဂ်ကိုပွါး။ တက်သွားနိဗ္ဗာန်ရွာ။ ။

ကာမ—ဓမ္မ၊ နှစ်ဝကိုမှီ၊
တော်လှပျော်လှ၊ ခေါ်ကြယောဂီ။
နေ့စဉ်စစ်ဆေး၊ မေးသင့်ပါပြီ။
စာသဘော၊ ငါကော— ဘာယောဂီ။ ။

အောက်ရော့၊ ထက်ရော၊ သောသောညံစီ၊
ပျော်ပျော်ပါးပါး၊ သွားကြရှာသည်။
အောက်လမ်းဌာန၊ ကာမယောဂီ၊
ထက်လမ်းက၊ ဓမ္မခေါ်ယောဂီ။ ။

ရုပ်နာမ်နှစ်ရပ်၊ပေါင်းစပ်ခါတည်၊
ယောက်ျားမိန်းမ၊ခေါ်ကြပါသည်၊
သူဘဲငါဘဲ၊မှတ်လွဲပါပြီ၊
အယူလွဲ၊ သူဘဲသံသာရှည်။　။
သံသာမြစ်ကြော၊ နှစ်မျောကာလည်။
ဆူဆူဘုရား။ ပွင့်သွားပါပြီ။　။
ကာမမှိုင်းတိုက်၊ရှိုင်းမိုက်ပါသည်။
ငါအစွဲ၊ ဒါဘဲသံသာရှည်။

ဆောင်ပုဒ်လင်္ကာ

လူချင်းတမူ၊သူချင်းတူဘိ၊ ဆူဆူဘုရား၊ ပွင့်ပါငြား၍၊အမှားအမှန်၊တရားဥာဏ်ကို။ဝေဖန်နှုန်းပြ။ဆိုဆုံးမလဲ၊လုံးဝသတိ၊မေ့လျော့ဘိနှင့်၊မသိတခါ၊ သိတခါဘဲ၊ သိတာမြဲကြ၊သိလဲမတူ၊ ဖြစ်သော်မူကြောင့်၊ လူလဲသုံးစားနတ်သုံးစားဟု၊ ခွဲပြား၍သာ၊ ဖြစ်ရရှာသည်။　။
သေချာမှတ်ကြ အမြဲနော်။

ရှစ်လုံးဘွဲ့ကဗျာ။

မှန်ကိုမြင်ဘိ၊သင်ကြည့်သော်သာ၊
သင့်ပုံဟန်ဘဲ၊ မှန်ထဲပေါ်လာ၊
သံသရာကြီး၊ဤနည်းတူဗ္ဗာ၊
နည်းမှန်ပြ၊ သိကြလူတကာ၊　။
လောဘနိုင်းလို့၊ရှိုင်းရပါသည်၊
ဒေါသနိုင်းလို့၊ရှိုင်းရပါသည်၊

မောဟမှိုင်းကြောင့်၊ တိုင်းဆမညီ၊
ခန္ဓာကြီး၊ ဤနည်းသံသာရှည်။
နိဗ္ဗာန်ရွှေမြို့၊ နေဘို့မှုတည်၊
နိဗ္ဗာန်သွားလမ်း၊ အားစမ်းပါသည်၊
သဘောဟုတ်မှ၊ လောကုတ်ခေါ်မည်၊
နေ့မပျက်၊ လေ့ကျက်တူညီညီ။
သူတော်တို့ထုံး၊ နှလုံးကရည်၊
သူတော်အလုပ်၊ အားထုတ်ကြံစီ၊
သူတော်ကောင်းများ၊ စိတ်ထားကကြည်၊
စိတ်ယုတ်ဖြတ်၊ စိတ်မြတ်မြဲညီညီ၊ ။
ကိုယ်ကျင့်တရား၊ သိပြားပါပြီ၊
သိပါသော်လဲ၊ ရှိခဲလှသည်၊
သိသမျှဖြင့်၊ ရှိမှတော်မည်၊
သူတော်စစ်၊ ဖြစ်နို့တူညီညီ၊

## ဆောင်ပုဒ်။

မသိမပယ်၊ သိလျှင်ပယ်တော့၊ ငြိတွယ်ကာပုံ၊ ဘယာ စုံသည်၊ ကာမဂုဏ်မျိုး။ အာရုံဆိုးကို။ ပယ်ချိုးနှိမ်ပါ၊ အချိန်သာပေါ်၊ လိမ္မာတဲ့သွေး၊ မောင်တို့မွေးကြ၊ မယ်တို့မွေးကြ၊ ရှေးဘဝက၊ ပေးချတဲ့ ကံ၊ သင့်သဏ္ဍာန်ကို၊ သင်ပြန်ကာကြည့်၊ မှန်တာသိမှသင်၏ခုရ၊ လူ့ဘဝသည် မုဏ္ဍ၂တန်ဘိုးရှိလိမ့်သော်။

ရှစ်လုံးဘွဲ့။

မသိတုန်းက၊ ချိန်ဖြုန်းရက်ကြာ၊
သိလျှင် ပယ်မှု၊ ဘယ်သူ့တွက်တာ၊
ကိုယ့်အရေးမို့၊ ကိုယ်တွေး ခါခါ၊
လူဖြစ်ရ၊ ဘဝတန်ဘိုးပါ။

စာတွေငါတွေ၊အတွေနှစ်လီ၊
အချိန်ရှိခိုက်၊သိထိုက်ပါသည်၊
ရက်လကုန်ဆုံး၊မဖြုန်းသင့်ပြီ၊
စဉ်းစားရင်း၊ မယ်မင်းသံသာရှည်၊
စဉ်းစားရင်း၊ မောင်မင်းသံသာရှည်။ ။

ကိုယ်တိုင်တွေ့မှ၊ ချမ်းမြေ့သာကြည်၊
စာအတွေ့ယက်၊ ငါတွေ့သာမည်၊
ဆယ့်ငါးရတ်ထဲ၊အားခဲ့ကြစီ၊
မဆုတ်တမ်း၊လုပ်စမ်းတူညီညီ။

ရေခွလွန်းလျှင်ပတ်၊ တင်းလျှင်ပြတ်မှာ၊
မရော့မတင်း၊ ကောင်းခြင်းမှတ်ပါ၊
လူလိုစိ၄၊သိကြမြင်ရာ၊
စေဘုရား၊ ဟောကြားမဂ်လာ။ ။

အရင်လိုလျှင်၊လမ်းအိုလိုက်ပါ၊
ဒါန-သီလ၊ညီမျှစေရာ၊
သမာဓိနှင့်၊သတိပညာ၊
လမ်းဟောင်းကြီး၊ အပြီးမြင်လေပါ။ ။

ချမ်းသာကိုယ်ပိုင်၊ ရှိနိုင်ခဲ့တာ၊
သံသာရာထဲ၊ အမြဲလယ်လာ၊
သတိရလို့၊ သိကြသော်သာ၊
ကုသိုလ်စွဲ၊ မြဲမှတော်လိမ့်မှာ။ ။
အင်္ဂုဒ္ဓမြစ်ချ– ဝိပဿနာ– ရှစ်လုံးဘွဲ့ကဗျာ
ပ-အာ–ဝါ–တော၊ လေးတွေးရောရာ၊
ဝဏ္ဏ-ဂန္ဓ=ရသ–ဩဇာ၊
လူဘဲ့နတ်ပဲ၊ မှတ်လွဲလေတာ၊
ရုပ်ရှင်ခု၊ အစုမှန်သချာ။ ။
ရူ–ဝေ-သင်-ခါ၊ ဝိညာဏ်ငါးဖြာ၊
အကြောင်းပြု၍ ပေါင်းစုသွားလာ၊
ယောက်ျားမိမ္မ၊ မှတ်ကြပြန်တာ၊
ခန္ဓာငါး၊ ခွဲခြားရုပ်နာမ်ပါ။ ။
ကံ–စိတ်–ဥတု၊ ခေါ်မှုဟာရာ၊
အကြောင်းလေးပါး၊ မှတ်သားမကွာ၊
သူတို့ဆွဲဆောင်၊ မြဲအောင်တတ်ရှာ၊
သင်္ခါရနာ၊ နာမပညတ်ပါ။ ။
စိတ်-စေတသိက်၊ ရုပ်နိဗ္ဗာန်လေးဖြာ၊
ပရမတ်လို့၊ မှတ်စို့သချာ၊
ပြုပြင်ခြင်းရှိ၊ မရှိကိုသာ၊
ခေဘန်မှု၊ အားပြုမှတ်စမ်းပါ။ ။
သတိပြု၍၊ ကြည့်ရှုသော်သာ၊
ကလာပ်ထဲက၊ ပေါက်ခဲ့ပေါ်လာ၊

ရုပ်နာမ်ဘဲလို့၊ မလွဲခေါ်ရှာ၊
အသိမြဲ၊ စွဲကြဖေါ်သဟာ။ ။

တချက်ခုတ်လတ်၊ ပြတ်ရဆယ်ခါ၊
မိပွါယ်ကိုတဲ့၊ ဆိုကွဲဘယ်ဟာ၊
ပါရမီဦး၊ ဆုထူးရှယ်ရှာ၊
အရှုမြောက်၊ နောက်ကဆယ်ခုပါ။ ။

သူနဲ့မဝေး၊ အဆွေးမိုမှာ၊
သူနဲ့ဝေးမှ၊ ဘေးရကိုယ်ဟာ၊
သူ့ကိုကြည့်ရှု၊ သိမှုလိုတာ၊
သူ့ကြောင့်ဘဲ၊ လွတ်ခဲပါယ်ဟိုရှာ။ ။

သူသမုကြောင့်၊ ပူမှုတွေဖြာ၊
ဒုက္ခတွေတိုး၊ ခွေညှိုးပေတာ၊
အိုဘေးနာဘေး၊ သေဘေးရှေ့ကြာ၊
ပယ်လိုက်ငြား၊ ဆိုက်သွားပြေမဟာ။ ။

မျက်စိလယ်ငြား၊ လမ်းမှားဘက်ပါ၊
ဘေးရန်တွေများ၊ ရမ်းကားချက်နာ၊
အဲဒီကြားမှာ၊ ပျော်ပါးရက်ထာ၊
သံသာကြီး၊ ဘယ်နည်းသင်ထွက်မှာ။ ။

ကုမ္ဘဏ်ဘီလူး၊ ပူး၍ဝင်ကာ၊
အကုသိုလ်များ၊ ပြုငြားထင်ရာ၊
ကြံရဲပြောရဲ၊ လုပ်ရဲစဉ်လာ၊
သတိရ၊ သိကြအမြင်ပါ၊

ဘဝတန်ဘို၊ လက်ချီးတွက်ပါ၊
ဘယ်မျှဘဲလို့၊ အမြဲထွက်မှာ၊
မစစ်ဆေးလို့ နှစ်ဆွေးရက်ကြာ၊
ကိုယ့်အရေး၊ ကိုယ်တွေးရှက်စရာ။ ။

ပသန္တနှင့်၊ သြကပ္ပနာ၊
အာဂမာဓိဂမ၊ ရှိကြလေရာ၊
သဒ္ဓါလေးပါး၊ တွေးငြားသေချာ၊
သင့်စိတ်ထဲ၊ အမြဲဘယ်သဒ္ဓါ၊ ။

ကိုယ်တို့အိမ်၌၊ မြက်မှိုက်ပေါ်လာ၊
တော်ကောင်းမကောင်း၊ အကြောင်းမျှော်ခါ၊
မကောင်းပယ်ငြား၊ ကောင်းထားလျော်စွာ၊
လူ့ဘဝ၊ ပြုမှတော်လေပါ။ ။

အိုနာသေဟု၊ အမှုစုံစွာ၊
နေ့ညမစဲ၊ အမြဲကြိုလာ၊
ဥာဏ်ကိုရှေ့သွား၊ အားထားတုံပါ၊
မသေရ၊ ဝေဘုံမဟာ။ ။

သူပင်ညှဉ်းဆဲ၊ ဆင်းရဲချက်နာ၊
သံသာစက်ထဲ၊ တွက်ပဲရက်ကြာ၊
ဒီလိုနေက၊ သေရခက်ထ ာ၊
အပါယ်ကျ၊ ဘယ်မျှရှက်စရာ။ ။

မိဘနှစ်ပါး၊ ကွာငြားငယ်ခါ၊
ဆရာမထား၊ ဝါကြွားလယ်ရှာ၊

ကျိုးကြောင်းကိုကြည့်၊ အသိဘယ်မှာ
လူဖြစ်ရေး စစ်ဆေးမလွယ်ပါ။ ။

လူဖြစ်ဘဝ၊ စစ်ကြခုခါ၊
ဘယ်ဘုံဌာန၊ လာကြစုကာ
ကိုယ်နှုတ်စိတ်အား၊ ရိပ်စားရှုခါ၊
သက်သေဘဲ၊ ဝေခွဲအမှုပါ။ ။

အမိယုတ်ငြား၊ နှုတ်ကားစွာစွာ၊
အဘယုတ်ငြား၊ လုပ်ကားချာချာ၊
မိဘနှင့်ပ း၊ ယုတ်ငြားစွာချာ၊
အပါယ်ကျ၊ ဘယ်မျှနာစရာ။ ။

ကိုယ်ပျက်နှုတ်ပျက်၊ စိတ်ပျက်ဖြာဖြာ၊
ဘယ်ကစ၍၊ ပျက်ရလေတာ၊
အရင်းစစ်လို့၊ အမြစ်ကိုရှာ၊
စိတ်ပျက်ကြီး၊ အပြီးပြင်လိုက်ပါ။ ။

ချိုငြားသရက်၊ ခါးဘက်ဝင်လာ၊
ဘယ်လိုဖေါက်ပြား၊ လျှောက်ထားတင်ပါ၊
တမာတောက်ခါး၊ ပေါက်ငြားထင်စွာ၊
ဓါတ်သဘော၊ မှတ်လောစဉ်မကွာ။ ။

မိုက်သူမျက်နှာ၊ မမြင်လိုပါ၊
မိုက်သံကိုများ၊ မကြားလိုပါ၊
မိုက်သူ့သဘော၊ မချောလိုပါ၊
မိုက်အမှု၊ မပြုရှောင်လိုပါ။ ။

ဘုံဓလေ့မို့၊ကြိုတွေ့အင်မှာ၊
သာပေါင်းညာစား၊နာသွားကျင်ခွါ၊
ကျိုးအကြောင်းနဲ့၊ဆိုးကောင်းမြင်ပါ၊
ပူဇာစ၊ပူဇာမင်္ဂလာ။ ၊

မသိတာကို ဘာဆိုကြမှာ၊
ရုပ်ဓါတ်လို့ဘဲ၊ဆိုရဲလှပါ၊
သိတာကိုကော၊ဘာပြောကြမှာ။
နာမ်တရား၊မှန်အားဆိုရဲတာ၊

မျက်စိကိုဘဲ၊အကဲခပ်ပါ။
ရန်လား’မိတ်လား။ရိပ်စားမှတ်ရာ။
ရန်ဆိုလျှင်ရှောင်၊မိတ်ပေါင်းအပ်စွာ။
နိဗ္ဗာန်လမ်း ဖြောင့်တန်းမြတ်ဓမ္မာ။ ။

မျက်စိဇွတ်စွဲ၊ လွှတ်ခဲသံသာ။
ရုပ်နာမ်ကိုခွဲ၊အမြဲကြံပါ၊
ရုပ်ချင်းထိတွေ့၊ သိလေ့နာမ်ပါ။....
မျက်စိက၊ပြတ်ရသံသရာ။.... ။

မျက်စိမြင်ပြား၊ သင်ကားကြံပါ။
တွေ့မည် ထင်ရှား၊ စဉ်ငါးခန္ဓာ။
အသိမြဲဘို့၊စွဲစို့ဖန်ခါ။
ခန္ဓာဘေး၊ကင်းဝေးသံသရာ။ ။

မျက်စိကိုစစ်၊အချစ်ပေါ်လာ။
တဏှာဇောကြွ၊လောဘခေါ်တာ။ ၊

နေ့စဉ်လိုက်စား၊ မိုက်မှားလော်မာ၊
ပြိတ္တာမျိုး၊ ဖြစ်ရိုးမလျော်ပါ၊
မျက်စိကိုစစ်၊ မချစ်သော်သာ၊
အာဃာကောဓ၊ ဒေါသပေါ်လာ၊
နေ့စဉ်လိုက်စား၊ မိုက်မှားလော်မာ၊
အပါယ်ကျ၊ ဘယ်မျှမတော်ပါ။　။

မျက်စိကိုစစ်၊ မဖြစ်သော်သာ၊
သဘောတမ၊ မော့ဟခေါ်တာ၊
နေ့စဉ်လိုက်စား၊ မိုက်မှားလော်မာ၊
သူတရိစ်၊ လူရိပ်မပေါ်လာ။　။

ရုပ်လှစိတ်လှ၊ အလှနှစ်ဖြာ၊
အပါယ်ကိုကျ၊ ဘယ်အလှပါ၊
နိဗ္ဗာန်ကိုရ၊ အလှဘယ်ဟာ၊
သတိထား၊ သိပြားအလွယ်ပါ၊　။

ကမ္ဘာ့မိခင်၊ ကောင်းကင်မျက်နှာ၊
ချင်းချင်းနီရဲ၊ သွေးခဲပမာ၊
ကြည့်ကြပါအုံး၊ နှလုံးမသာ၊
သတိထား၊ သိပြားလူတကာ။　။

မတော်တာလုပ်၊ မဟုတ်ဖြစ်မှာ၊
တော်တာလုပ်မှ၊ အဟုတ်ဖြစ်မှာ၊
မောင်တို့လုပ်ထာ၊ ဟုတ်ရာစစ်ပါ၊
တိုင်းပြည်ကြီး၊ ဘယ်နည်းလွန်နစ်နာ။　။

အရေးအကြီးဆုံး-ကြီးသုံးလုံး။

ဘုန်းတော်ကြီးနှင့်၊ သူကြီးတဖြာ၊
မြို့ရွာလူကြီး၊ သုံးကြီးမှတ်ပါ၊
သူတို့ကောင်းက၊ ကောင်းရမြို့ရွာ၊
သူမကောင်း၊ ပျက်ကြောင်းမြို့တိုင်းရွာ။

ဘုန်းကံမရှိ၊ နည်းဘိသူမှာ၊
သာသနာမှု၊ မပြုနိုင်ပါ၊
ဘုန်းစ,ကံထူး၊ ရှိဘူးသူသာ
သာနာကျိုး၊ သည်ပိုးဆောင်ရွက်ရှာ။ ။

အံ့ဘွယ်ရှစ်ဖြာ၊ သာသနာ၊ မှတ်ပါဤသို့
အစဉ်နက်ပှမ်း၊ ကမ်းကိုမသာ၊
ရွံ့ဘွယ်သူပစ်၊ တူလစ်မည်မှာ၊
မကွယ်မတိုး၊ ဆယ်မျိုးရတနာ၊
ရသာဆား၊ နေငြားကြီးသူသာ။ ။

မှတ်ကြီးငါးလုံး။

လိမ်လည်မတရား၊ စားသောက်ငြား၊
စာကားမကြေမှတ်။ ။
အလိမ်ပေါ်လျှင်၊ များလူရှင်၊
ချစ်ခင်ပျက်မည်မှတ်။ ။
ကိုယ့်ကိုယ်ကိုပင်၊ ဟုတ်တယ်ထင်၊
အစဉ်လွဲမည်မှတ်။ ။
ငါငါမာန၊ မောက်လွန်းက၊ အကျနာမည်မှတ်၊

ရှေ့နောက်မမြင်၊မဆင်ခြင်၊ပါစဉ်လွဲမည်မှတ်။
မှတ်ကြိုးငါးလုံး၊နေ့စဉ်သုံး၊
ထိပ်ဆုံးရောက်မည်မှတ်။ ။

အစလ-စေတနာ

ဘုရား—တရား—သံဃာအား၊သုံးပါးရတနာ၊
နေ့ညမပြတ်၊အထပ်ထပ်၊ဆည်းကပ်ကိုးကွယ်ပါ၊
မကိုးကွယ်ရ၊မနေပ၊သေကသေစေပါ၊
ဤသို့ပြုမှ၊အစလ၊ခေါ်ကြစေတနာ၊
သင်အံ့ပရိယတ်၊အစမှတ်၊ကောင်းမြတ်စေတနာ။
ကျင့်ကြံပဋိပတ်၊အလယ်မှတ်၊ ကောင်းမြတ်သာသနာ၊
ခံစားပဋိဝေ၊အဆုံးပေ၊ကောင်းလေသာသနာ။
အာဒိ-မဇ္ဈေ၊ပရိယောသ ေပ။သုံးထွေသာသနာ။

ဗေါဓိပင်။

သုံးလူ့ထွဋ်ထား၊မြတ်ဘုရား၊ပွင့်ကြွားဗေါဓိပင်။
လုံးစုံတရား၊သိမြင်ကြွား၊မှတ်သားဗေါဓိပင်။
ပရိဘောဂ၊ဥဒ္ဒိဿ၊နှစ်ဝစေတီပင်။
လူနတ်အများ၊ရှိခိုးတွား၊ကိုးစားထိုက်သည်ပင်။

ရက်သယ်ကြားတွင်၊ငါးတင်မည်သာ၊
တင်တဲ့ငါးလဲ၊ကြောင်စားမည်သာ။
ဓိပ္ပါယ်စကား၊ထင်ရှားသိရာ၊
သီလငါး၊မှတ်သားသူ့သူငါ။ ။

သီလတပါး၊ မြဲငြားသော်သာ၊
အပါယ်တံခါး၊ ပိတ်ငြားမှန်စွာ
ဆထက်တန်ဘိုး၊ တိုး၍မြဲကာ၊
နိဗ္ဗာန်နန်း၊ ဖြောင့်တန်းဝင်ရရှာ။ ။

စိတ်တလုံးကို၊ ဆုံးမမှန်စွာ၊
စိတ်မကောင်းက၊ မကောင်းလူပါ၊
စိတ်ပင်ကောင်းက၊ ကောင်းရလူသာ၊
စိတ်ယဉ်ကျေး၊ တင်ပေးမြတ်ချမ်းသာ။

ရွှေငွေစပါး၊ ကွဲနွားဥစ္စာ၊
ဘုံဆိုင်ပစ္စည်း၊ အပြီးမှတ်ပါ။
ဒါန–သီလ၊ သမထဘာဝနာ။
ကိုယ်ပိုင်မှတ်၊ ခေါ်အပ်ပစ္စည်းသာ။ ။

တော်တလုံးကို၊ သုံးဘို့မူရာ၊
သူရော–ငါရော၊ သဘောပါပါ၊
တော်မရှိက၊ ချော်ဘိလူ့ရွာ၊
တော်ကိုသုံး၊ တော်အုံးလူလိမ္မာ။ ။

ကထိန်၏အာနိသင်ငါးပါး။

ပန်ကြားခွင့်ရှင်း၊ ညဉ့်ကင်းနေရာ၊
မအပ်ဘိတ်ကြား၊ ဆွမ်းစားရတာ၊
ဝိဌာန်မထား၊ ငါးလခွင့်သာ၊
သံဃာ့က၊ ပိုင်ရကျိုးငါးဖြာ။ ။

ကျေးဇူးရှင်-သာယာဝတီ-ဦးညေယျ ဆရာတော်၏
အတွက် သြဒ်သ မေတ္တာ။

ထောင့်နှစ်ရာရေး၊ ငါးဆဲ့လေးသာ။
တပေါင်းလဟု၊ ဆန်းထွန်းဟာ၊
အသျှင်ညေယျ၊ မွေးလရက်ပါ။
နာရီစက်၊ နံနက်နဝင်းမှာ။ ။
ရှေ့သို့တိုး၍၊ မျိုးမျိုးချမ်းသာ၊
ရာကျော်အသက်၊မပျက်တည်ကာ၊
သာသနာမှု၊ ပြုစုဖြာဖြာ။
ကြလေတိုင်း၊မဆိုင်းအောင်စေပါ၊ ။
တိုင်းသူပြည်သား၊ကြီးပွါးစေငှါ၊
ကျိုးကြောင်းနှုန်းပြ၊ ဆုံးမပေတာ။
အရှင့်ဂုဏ်ထူး၊ ကျေးဇူးကိုရှာ၊
တပည့်ပေါင်း၊ ဆုတောင်းအောင်စေပါ။

ရေလှူရတဲ့ အကျိုးဆယ်ပါး

ဝိသုဒ္ဓံ,ကိတ္တိံ, ယသဥ္စ၊ သီဃံ, ဝိဂတ,ဝိပါသံ။
အာယု, ဝဏ္ဏံ, သုခံဗလံ၊ ပဋိဘာနံ, ဒုက္ခံဖလံ။
ဝိသုဒ္ဓဉ္စ၊ စင်ကြယ်သန့်ရှင်း၊ ကောင်း ခြင်း အင်္ဂါ၊ လက္ခဏာနှင့်၊ ထင်ရှားမုက္ခ၊ ပြည့်စုံရခြင်းသည်ရင်း။ ကိတ္တိစ၊ ကောင်းချီး နမော်၊ သာဓု ခေါ်လျက်။ ထင်ပေါ်သဘင်း၊ပန်းနွယ်သင်း၍၊ ကျော်စောရခြင်းသည်ရင်း၊ ယသဥ္စ၊သားသမီးနှင့်၊မြေးမြစ်တန်တန်၊ ခြွေရံသင်းပင်း။ပေါများရခြင်းသည်ရင်း၊ သီဃံစ၊ နေထိုင်သွား

လာ၊အရာရာတွင်၊များစွာဖင့်နှေး၊လေးကန်မရှိ၊ပကတိ လျှင်မြန် ပေါ့ပါးရခြင်း သည်ဂုဏ်း။ ဝိဂတ ပိပါ သဒ္ဓ၊ စားမှုသောက်မှု၊ အစုစုတွင်၊ တခုမကြွင်း၊ ဆာလောင် မွတ်သိပ်ကင်းရခြင်းသည်ဂုဏ်း၊ အာယုစ၊ကိုးဆယ်ခြော် ဖြာ၊ဝေဒနာတို့၊ သေချာလွတ်ကင်း အသက်ရှည်ရခြင်း သည်ဂုဏ်း၊ ဝဏ္ဏံစ၊ ဘဝင်ပူဆွေး မြင်သူငေးလောက် အောင် မှင်ဆေးခြယ်လှယ်၊ တင့်တယ်ရုပ်ဆင်း၊ လှပရ ခြင်းသည်ဂုဏ်း၊ သုံခံစ၊ ကိုယ်စိတ်နှစ်ဖြာလွန်ကျန်းမာ၍ ချမ်းသာရခြင်းသည်ဂုဏ်း၊ဗလံစ၊ပြိုင်သူ ဘက်ရှား၊တံခွန် လွှားအောင်၊ ခွန်အားဗလ၊ ကြီးမားရခြင်းသည်ဂုဏ်း။ ပဋိဘာနံစ၊ ရှေ့နောက် မြော်မြင်၊ ဆင်ခြင် နိုင်ငြား၊ ကြီးမားသောဉာဏ်အမြင်အားဖြင့်၊ပြည့်စုံရခြင်းသည် ဂုဏ်း၊ ဣမေဒသ၊ ရေတွက် ပိုင်းခြား၊ အမည်အားဖြင့်၊ ၍ဆယ်ပါးတို့သည်ကား၊ ဒကံဖလံ၊ ရေလှူရတဲ့အကျိုး ဆယ်ပါးတို့ ပါပေတည်း၊ ဒကံဖလံ၊ မတောင်းလဲ ရ၊ တောင်းလဲရသဖြင့်၊ အကောင်းဘဲပဌမ၊ အခြေမူလပေ မို့(မြော်-) ရေ လှူရတဲ့ အကျိုး ဆယ်ပါးတို့ ပါပေ တည်း။ ။

စင်ကြယ်ကျော်စော၊ခြွေပေါ်လျှင်စွာ။
ဆာလောင်မက်ကင်း၊သက်ဆင်းချမ်းသာ။
ကိုယ်အားဉာဏ်အား၊ကြီးမားပေရှာ။
ကျိုးဆယ်ပါး၊ မှတ်သားရေလှူတာ။ ။

သာယာဝတီ ဦးညွှဲယျုဆရာတော်၏ကြီးမားထက်သန်သော မေတ္တာစေတနာ အတိုင်းမည်သည့်ဘာသာမည်သည့် လူမျိုးမဆို၊ လိုက်နာ ကျင့်ကြံနိုင်ရန်ဝါတွင်းဝါပမရွေး၊သီတင်းနေ့တိုင်း၊သင်ပေးနှုန်းပြဆုမှဟောကြားသော တရားတော်အတို ကောက်-ဆောင်းပုဒ်လက်ာ-ကဗျာရှစ်လုံးဘွဲ့တို့ကို၊အခွင့်မသာမလာနိုင်၍သော်ငင်း။တရားပွဲသို့လာပါလျက်။နေရာမရ၍မကြားမနာရဘဲ ပြန်သွားကြရသောပရိသတ်တို့ အားငင်း။လူမျိုးကွဲဘာသာကွဲဖြစ်ကုန်ကြသော-တရုပ်,ကုလား,အစားစားတို့အားငင်း။နာစေကြားစေမှတ်သားလိုက်နာကျင့်ကြံနိုင်ကြပါစေဟူသောစေတနာအရင်းခံဖြင့်(လူမျိုးတိုင်းလက်စွဲ)တရားစာစောင်သည်။ဤတွင် အဆုံးသတ်လိုက်ပါ၏။

အထူး တိုက်တွန်း လိုသည်မှာ။

စာလောက်ကို ဘတ်ရုံ လိုက်နာရုံနှဲ့တင်းမတိမ်ကြဘဲ။ မအို’ မနာ’ မသေခင်။ကျေးဇူးရှင် ဆရာတော်၏တရားတော်ကိုတခါတခေါက်လောက်လာရောက်၍နာကြားမှတ်သားနိုင်ရန်ဂရုစိုက်၍အားထုတ်စေလိုပါ၏။

ကိုရင်သောမ“ကလေး၏ ဆုတောင်းအမျှဝေ။

ကြိုကြိုက်ခဲ့စွ ဒုလ္လဘ။

ဤသို့ယခု။ကျွန်ုပ်ပြုရ။ကုသလကြောင့်။ယခုဘဝစွန့်ပစ်ရ၍ အသစ်ဘဝ ဖြစ်သမျှတွင် ထစ်’ အ’ ဆွန့်ပင်းဘျိုး,ကာလ်း ခြင်းနှင့် အဆင်း လည်းပျက် မနှစ်သက်

ဘွယ်၊ အသွယ်သွယ်ကိုဘယ်ဝယ်ကာလမတွေ့ရဘဲဘာ
တိုတို မင်္ဂနှင့်မိုလ်ကို ရလိုစိတ်ကြီ အဓိဋ္ဌာန်နှင့်နိဗ္ဗာန်
တောင်းဆု ၍ ကောင်းမှု၏ စုစု ဝဝမြတ်ဘာဂကို
မိဘဘိုးဘွား ဆရာ သမား တို့နှင့်တကွ သုံးဆယ့်တဘုံ
ကျင်လည်ကုန်သော ဝေနေယျ သုဓိတ ဒုက္ခိတသတ္တဝါ
အပေါင်းတို့အား၊ အမျှပေးဝေပါကုန်၏။
အမျှ–အမျှ–အမျှ–ယူတော်မူကြပါကုန်လော့။

(ရှစ်လုံးဘွဲ့)

လျှစ္စမ်းကောင်းက၊ လေးဝရှိရာ၊
သံခမောက်ဆောင်း၊ ခေါင်းကမာမာ၊
လျှတိုင်းလက်ခွဲ သျှလဲတမြာ၊
နှစ်ယောက်မြောက်၊ အံ့လောက်၍ကျမ်းစာ။

နှစ် –လျှစ္စမ်းကောင်းပြီးပြီ

# သုံး-လူ့စွမ်းကောင်း

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဤ (လူလိုသိပါ-ကိုယ်ချင်းစာ) ဟူသော သုံး-လူ့စွမ်းကောင်းစာအုပ်ကို၊ ရေးထုတ်ညွှန်ပြ၊ ဆုမွန်ခြင်း၏အကြောင်းရင်းသော်ကား။

၁၃၁၅–ခု။ ဝါခေါင် လဆန်း ၈- ရက်နေ့မှစ၍ ၁၁-ရက်နေ့အထိ၊ မြန်မာနိုင်ငံတော်ရှိရဟန်းရှင်လူတို့ ပွစိပွစိနှင့်မိမိတို့၏ကောင်းစားရေးအတွက် ရွှေသွားသတ္တဝါပေါင်းတသောင်းကျော်တို့၏အသက်ကို၊ တပြိုင်နက်လည်ကိုလှီး၍၊ ကြီးကျယ်လှသောသွားသတ်ယဇ်ပူဇော်ပွဲကြီးကို၊ ပြုလုပ်ကြမည့် အရာကို များစွာ စက်ဆုပ်လှသည်ကတကြောင်း။

သွားရာလမ်းကြောင်းအမှန် အမှားကို၊တရားဉာဏ်ကိုယ်တိုင်ရ၍၊ ကိုယ်ချင်းစာတတ်ကြပါစေ ဟူသော အဓိကမေတ္တာပေါ်ပေါက်၍ လာသည်ကတကြောင်း။

အင်္ဂုရ အမည်ယူနေသော တပည့်တကာများနှင့်တိုင်းပြည်၏နည်းပြဆရာ၊ ကိုးကွယ်ရာ ဖြစ်တော်မူကြသော၊ ဆရာတော်သံဃာတော်များ ့ ၄င်းပြင် ဘာသာကွဲ ဖြစ်ကြသော နွားသတ်သမား (မူစလမန်) လူမျိုးများပါ၊ စဉ်းစားဝေ ဘန်အခြေခံဖြင့်၊ အမြေမှန်အသိဆုံးဖြစ်၍၊ အဓိကရုဏ်းကြီးမဖြစ်ပါစေနဲ့....ဟု၊ ဝါခေါင်လဆန်း ၁၀-ရက်နေ့ညမှ စ၍၊ ၁၁-ရက်နေ့ နံနက်၊ အာရုဏ်တက်အချိန်တွင်၊ မြတ်စွာဘုရားကို ရှိခိုး၍ အမျိုးမျိုး ဆုတောင်းရသည့်ကတကြောင်း တတိုင်းပြည်လုံးရှိ မီးဟုန်းဟုန်းတောက် အားကိုးရာ ပျောက်ချိန်တွင်၊ ဟိုကချောက်သည်ကချောက်နှင့် ကမောက်ကမ၊ အဝမ္မလွှမ်းမိုးအဆိုးတွေ လက်စမသိမ်းသဖြင့်၊ အေးငြိမ်းခွင့်ရဘို့ အရေးဝေးကြီးဝေးတော့မည်ကို၊ ဇိုးရိမ်ပူပန်မိသည်ကတကြောင်း၊

ဤကဲ့သို့ အကြောင်း ကြောင်း တွေ ကို၊ စုပေါင်း တွေးဆ၊ ဆရာ၏စိတ်တွင် မအေးလှသဖြင့်၊ အစစအရာရာ (ကိုယ်ချင်း စာတတ်ကြရင်တော့၊ သတ္တဝါမှန်သမျှ၊ အ အကုန်လုံးချမ်းသာကြမှာဘဲ)ဟု၊ ဘုရား၏ အဆုံးအမတော်ကို တထစ်ကျအားယူ၍၊ (လူလိုသိပါ ကိုယ်ချင်းစာ)ဟူသောဤကျမ်းစာကို၊ ၁၃၁၅-ခု၊ ဝါခေါင် လဆန်း။ ၁၁-ရက် နံနက် ၉-နာရီ အချိန်တွင်၊ ရေးသားဆုမှ၊ လမ်းပြလိုက်ရခြင်း ဖြစ်ပေတော့သည်။

အမှန်တရားနှင့် အမှားတရားကို၊ ခွဲခြားသိမြင်ဆင်ခြင်လိုက်နာ၊ကျင့်သုံးနိုင်ကြပါစေသတည်း။

(၁၂၄=စိတ္တာဝတ္ထာဝနံ)

စိတ္တံ၊နက်နဲထက်သန်ဖက်မတန်အောင်၊ပဋ္ဌိဘာန်ဟူတောင်း၊ကံ၊ ဥတု-အပေါင်းတို့သည် ၊စိတ္တဝတ္တာဝန်၊ဝင်းဝင်းတော်ထိန်၊ညှိုးမှိန်ဘဲ၊ တန်ခိုးအရှိန်သီးလျက်ကြီးမြင့်ထွန်းလင်း၊ နေမင်းလမင်းဟူတုံ့ အသရေဂုဏ်နှင့်ပြည့်စုံပြောထူ၊ ဘုန်းရှိသောသူတို့၏။ တေဇောနှ၊ တန်ခိုးရှိန်စော်အာနုဘော်ကြောင့်၊ အာနုဘော်တော်အားဖြင့်၊၁၂၄-နှစ်ဖြာနာမ်ရုပ်၊ အကျွန်ုပ်အပေါင်း၌၊ ရှုမျှော်ငဲ့ကွက်၊မပျက်မစီးကိစ္စပြီးအောင်ချီးမြှောက်မသွေတည်ပါစေသတည်း။

ကောင်းကင်ရေမြေ၊အကွေ့တွေ့မှစ၍၊လောကကြီးတခုလုံးကို၊သိမ်းကျုံး၍၊ အကွက်ချကြည့်လိုက်သော်၊အပါယ်လေးပါးငရဲသားများနှင့်၊ ခွေး၊ ဝက်၊ကြက်ငှက်၊ကျွဲနွား ဆင်မြင်း၊ ထင်လင်းဖုံဖုံ၊ သိုးဆိတ်စသောတိရစ္ဆာန်အစုံစုံတို့၏။ ခိုလှုံနေထိုင်ရာ ဖြစ်သောဌာန၊ လူမျိုးများစွာအဖြာဖြာတို့နေထိုင်ရာ ဖြစ်သောဌာန၊ နတ်ဗြဟ္မာအပေါင်း များထောင်သောင်းတို့ခိုအောင်းတည်နေရာဌာနဟူ၍၊အသီးသီးရှိကြရာ၊ မိမိတို့၏ကိုယ်အမှုအရာ၊နှုတ်အမှုအရာ၊စိတ်အမှုရာတို့အတိုင်းဖြစ်ပေါ်နေကြရသည်ဆိုတာကို(ကမ္မံသတ္တေဝိဘဇတိ) ဆိုသည့်

ပါဠိမာဂဓစကားက၊ မားမားမတ်မတ်ရှေ့က ရပ်၍၊ အမှတ်တရရှိကြစေရန်သက်သေခံလျက်ရှိနေပေသည်။

ကမ္ဘာ့၊ကိုယ်နှုတ်စိတ်ပါသုံးမှုရာတို့၊မကွာနေ့ည၊ ပြုလုပ်ကြမှန်သုံးပါးကံသည်။ သတွေ၊ လေးပါးအပါယ် လူ့ရပ်ဝယ်နှင့်၊နတ်နယ်ပြဟ္မာ၊သတ္တဝါတို့ကို၊ဝိပစ္စတိ၊ ပြုသလိုဘဲ မှုကိုခွဲ၍ငရဲအစနိဗ္ဗာန်တိုင်အဆုံးကျအောင်၊ လုံးဝကေန် အခြေမှန်ဖြင့် ဝေဖန်ခါရှုန်းသတ်လျက်၊ ဆုံးဖြတ်ခြင်းအမှု တကယ်တန်း ပြုရှာလေတော့သတည်း၊

လူမျိုးမရွေးဘာသာမရွေးသူ တကါပြောတိုင်းငေးမနေပါနဲ့ ကိုယ်ပိုင်ဉာဏ်ဆိုတဲ့ကိုယ့်စိတ်နဲ့ကိုယ်တွေးကြစမ်းပါ။ဘယ်ဘာသာ ဘယ်လူမျိုးမဆိုအား ကိုးအားထားအကြီးအမှူးထားကြတာဘုရားဟူသော အချက်ဖြင့်မပြတ်မပြတ် ထိုဘုရား ပြောဆိုသော စကားတို့ကိုလိုက်စားအားထုတ်ပြုလုပ်ကျင့်ကြလျက် ရှိကြပေ၏။

ကိုင်းလာကြ ဘုရားဆိုတဲ့ သတ္တဝါကို သိရအောင်လေ လာကြစို့ရဲ့ ကိုယ်တော့ကောင်းပါစေ အခြားသူတွေတော့ဆိုးပါစေ သေကြပျက်စီးပါစေ ဘုရားဆိုတာအလုံးစုံ ကောင်းမကောင်းတွေကိုသိ၍ အကောင်းဆုံးအမှန်ဆုံးကို ဆုံးမညွှန်ကြားခါ လူရောနတ်ပါ ပြဟ္မာမကြွင်းသတ္တဝါခပင်းတို့အားလေးတွင်းသောအပါယ်ငရဲမှကယ်တင်လွတ်မြောက်စေလိုသော– သိပ်ပြီးတော့သနား၍တတ်တဲ့ဂုဏ်ထူးသတ္တဝါထူး ရှိတာကိုမှ အစစ်လို့မှတ်

ကြပေတော့၊သို့သော်လဲ နဲနဲပါးပါးသိတော်ရုံလျှော်ရုံ သိကမ်းကုန်လမ်းကုန်သိဆိုသလို ရှိသေးတယ်။

(ဗုဒ္ဓေါတိတိဗုဒ္ဓေါ–တဲ့လေ)၊ ဗုဒ္ဓေါတိ၊ သိတတ်၏၊ ဣတိတသ္မာ၊ထိုသို့သိတတ်သော သတ္တိကြောင့်။ဗုဒ္ဓေါ၊ ဘုရားကိုကွဲ၊တပည့်တို့ရဲ့ ဒီတော့အဓိပ္ပါယ်က၊ သိတတ်ထဲကိုဘုရားလို့အမှတ်ထားကြရတယ်။ နဲနဲပါးပါးသိတော့၊ နဲနဲပါးပါးဘုရားပေါ့၊ တော်ရုံလျှော်ရုံသိပြန်တော့တော်ရုံလျှော်ရုံ ဘုရားပေါ့။

ကမ်းကုန်လမ်းကုန်သိတဲ့ဘုရားကတော့ (သဗ္ဗဓမ္မေ ဗုဒ္ဓေါတိတိဗုဒ္ဓေါ) တဲ့ကွဲ၊သဗ္ဗဓမ္မေ၊ရှိသမျှဥဿုံ၊အလုံးစုံသောတရားတွေတဲ့ ဟေ့။ ဘာမှမကျန်ဘူးကွယ်၊အကုန်လုံးသိတယ်။အဲဒီကမ်းကုန် လမ်းကုန်သိတဲ့ဘုရားရဲ့ပြုလုပ်ပုံ၊ပြောဆိုပုံနေထိုင်ကျင့်ကြံပုံ တပါးသောသတ္တဝါတို့အား နှိုးဆော် တိုက်တွန်း ပုံတို့ကိုသာ ယုံကြည်လေးစားစွာအားထားလိုက်နာ ကျင့်ကြံနေထိုင် ကြဘို့အရေးကြီးတယ်ဆိုတာ၊ဆရာကအထူးမတိုက်တွန်းသော်ငြားလဲ၊တပည့်များကိုယ်တိုင် ဝေဘန်နိုင်ကြ ပါစေ။ ဘုရားရဲ့အဓိကမေတ္တာကကိုယ်လဲကောင်းတာကြံမယ်၊ ကောင်းတာပြောမယ်။ ကောင်းတာကိုလုပ်မယ်။သူတကာတွေလဲ ကောင်းတာကြံ ကောင်းသံတွေထွက်၊ ကောင်တဲ့အလုပ်တွေကိုသာ နေ့ဆက် ရက်စဉ်၊လုပ်စေချင်တယ်၊ လုပ်အောင်လဲတိုက်တွန်းတော်မူတယ်။ ပြောဆို တိုက်တွန်းတော်မူခဲ့တဲ့အတိုင်းသာ လိုက်နာ နေထိုင်

ကျင့်ကြံကြပါက ကေန်ဒိဋ္ဌသတ္တဝါတွေ အပါယ်ဆင်း ရဲနှင့်တကွ ဘယ်ဆင်းရဲမျိုးကိုမှမတွေ့စေရဘူး၊ ဆိုတာ ရဲရဲတောက်။ အာမခံစကား ထားခဲ့တာလေ။ ဟောဒီ မှာလေ အာရုံနိုက်ပြီး တော့မှတ်လိုက်စမ်းပါလား။

အနာထာနဥ္စ သောနာထော၊
ဘယာနံအဘယံကရော၊
ကခ်ဥ္စဗဟူနံဆေဒါ၊
သုခေတာစတ္တဝတ္တကော-တဲ့ကွဲ။ ။

စတ္တဝတ္တကော၊ ဘယ်လူဘယ်နတ်၊ ဘယ်ဗြဟ္မာဘယ် သတ္တဝါတစုံတယောက်မျှ ထွန်းထွန်းပေါက်ပေါက်၊ မှန် မှန်ကန်ကန်ဟန်ဟန်ပန်ပန်တိတိကျကျ ဟောပြောရှိမ ပြနိုင်တဲ့ သစ္စာလေးဖြာဓမ္မစကြာဒေသနာတရားတော် ကြီးကိုကိုယ်တော်တိုင် သဘောကျအောင်ဟောပြလှည့် လည်တော်မူနိုင်သော။ သောနာထော။ သုံးလူ့သခင် ကျေးဇူးရှင်စစ်ဖြစ်ကြီးဖြစ်တော်မူသော ထိုကမ်းကုန် လမ်းကုန်စခမ်းကုန်လို့မို့၊ လွှမ်းခြုံအုပ်မိအောင်၊ အမှန် သိတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အနာထာနံ၊ ညှိုးငယ်စွာနဲ့ ကိုးကွယ်ရာမဲ့နေတဲ့၊ လူနတ် ဗြဟ္မာ၊ သတ္တဝါတို့၏။ နာထောစ၊ မညှိုးငယ်ပါနဲ့-ဟယ် သည်မှာငါရှိတယ်၊ ကိုးကွယ်ပါလှဲ့- ဟုတကဲ့ကိုအာမ ခံရှိတော်မူတဲ့မြတ်စွာဘုရား။

သေသေချာချာ အာရုံပြုပြီးတော့မှတ်ခဲ့နော်၊ ဘ ယာနံ၊ အမျိုးမျိုးအရေးတွေကြောင့်၊ ဟိုဟိုသည်သည်

ပြေးပြီးတော့၊ ဟိုဘုံသည်ဘုံ ပြေးပြီးတော့ အမျိုးမျိုး ဘေးတွေ့နေတဲ့သတ္တဝါ တို့၏။ အဘယံကရော၊ ထိုထိုအ ရေးထိုထိုဘေးတွေ၊ သင်တို့သဏ္ဍာန် မပေါ်လာရဘဲ၊ တော်ရာပြေးပြီး ဝေးစေရမယ့်လို့ တကဲ့ကို အာမခံရှိ တော်မူတဲ့ မြတ်စွာဘုရား။ ဗဟုန်း၊ များစွာ သောင်း သောင်း။ လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့၏။ ကန်ဦး-၊ သည်ဟာလုပ်လျှင်ဟုတ်မှဟုတ်ပမလား၊ သည်ဟာကြံ လျှင် မှန်မှ မှန်ပါ့မလား ဟု၊ သို့လော သို့လော တွေးဘော၊သံသယရှိ၍ နေခြင်းကိုလည်း။ ဆေဒါ၊ သည်ဟာ လုပ်လျှင် ဟုတ်တယ်၊ သည်ဟာကြံလျှင် မှန် တယ်လို့ တကယ်တမ်းနှုန်းသတ်ပြီးတော့၊ဆုံးဖြတ်တော် မူနိုင်တဲ့မြတ်စွာဘုရား။သုခေတာ၊ ကိုယ်တော်မြတ်ကြီး က၊အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တွေကို၊ မှန်မှန် ကန်ကန် ဟန်ဟန်ပန်ပန် တိတိကျကျ၊ လက်ဆုပ်လက်ကိုင်၊ပိုင်ပိုင်မိမိ၊ ရရှိတော်မူလေပြီး ဖြစ်သောကြောင့်၊ အလုံးစုံသော လူနတ်ပြဟ္မာ၊ သတ္တဝါတွေကို၊ ဟယ်- ငါသိသလို သိကြစမ်းပါ၊ ငါမြင်သလိုမြင်ကြစမ်းပါ၊ ငါကြားသလိုကြားကြစမ်းပါ၊ ငါရသလိုရကြစမ်းပါ၊ ဟု အမတဆိုတဲ့ ချမ်းသာကို သေသေ ချာချာကြီး ပေး အပ်တော်မူခဲ့လေသတည်း။

မြတ်စွာဘုရားရဲ့မဟာကရုဏာ၊ မေတ္တာအာမခံကြီး ကို အဲဒီနည်းဘဲဆိုတာ။ လူတိုင်းလူတိုင်း။ လူမှန်သမျှ

ဘယ်လူမျိုးမဆိုပေါ့ကွယ်—ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဘန်ကြည့်ရှု၊ သတိပြုဘို့အရေးကြီးတယ်။

ယခုဆရာသည်၊ ဤစာကိုရေးသားနှုန်းပြ၊ ဆုမ္မခြင်းဟာ၊ မည်သည့်ဘာသာ၊ မည်သည့် လူမျိုးတို့ အကျိုးယုတ်စေနစ်နာစေဟူသောစိတ်၊ အနည်းငယ်ကလေးမျှမပါ မှန်ကန်သောမေတ္တာဖြင့်သာ၊ မှန်တာကို သိကြပါစေ၊ ဝေဘန်နိုင်ကြပါစေ ဟူသော စေတနာအတိုင်းရေးသားနှုန်းပြ၊ ဆုမ္မခြင်းဖြစ်ပေသည်။

ကိုင်း....လာကြ၊ဘုရား၏ အာမခံနှင့်။ မောင်တို့မယ်တို့တတွေ၊လိုက်နာကျင့်ကြရန်၊ အလုပ်စခန်းတို့ကိုအဟုတ်တမ်းသိကြရအောင်လေ။

ဟော-ငါ့ကိုကိုးစားအကျိုးများအောင်၊ အားထားလိုက်နာကြတဲ့သတ္တဝါတွေရဲ့၊-မင်းတို့မှာညှိုးငယ်စွာနဲ့ကိုးကွယ်ရာများမဲ့နေခဲ့သော် အမျိုးမျိုးသောအရေးတွေကြောင့်၊ အဆိုးဘေးတွေနဲ့ များရင်ဆိုင်တွေ့နေခဲ့သော်၊ ငါပြောတဲ့ အတိုင်း၊ မင်းတို့တတွေ၊ လိုက်နာကြပါ၊ဘာမှမဖြစ်စေရဘူးကွယ် တဲ့ဟော့....ကိုင်းဘယ့်နှယ်လဲတပည့်များရဲ့ အဖြစ်ကိုတပည့်များဘဲစစ်ကြပေတော့ကွယ်။

မောင်တို့-မယ်တို့တတွေမှာ၊စိတ်ချလက်ချအားကိုးအားထားပြုစရာ၊ဘယ်မှာတွေ့ကြသလဲ၊ပြေးနိုင် လွှားနိုင်း၊သွားနိုင်လာနိုင်၊ရှာနိုင်ဖွေနိုင်၊လိမ်နိုင် ကောက်နိုင်၊ခိုးနိုင်ဆိုးနိုင်၊ လုနိုင်ယက်နိုင်၊ တိုက်နိုင်ခိုက်နိုင်မှ၊

အတော်ဥာဏ်များပြီး အပေါ်ယံသွားတွေလို၊ဖေါလံ ဖါးနိုင်မှ၊ တမယား၀ တခါးလှဆိုသလို၊ အာကာ က လေးရတယ်၊ရာထူးကလေးရတယ်၊လှလှ၀တ်-၀၀စား ရတာကလေးကို၊ ငါတော့–အားကိုးရတာဘဲလို့ အ ထင် မလွဲနဲ့နော်၊ မှားမယ် မှားမယ် တက် ဘက်စဉ် အောင် မှားမယ်ကွယ်၊ အဲ ဒါတွေဟာ မသဒ္ဓါရေစာ တွေ၊တနည်းအားဖြင့်၊အော့နာ၀မ်းကျစာတွေလို့ ခေါ် တယ်။ဘုရားရဲ့ အမိန့်တော်က (မိစ္ဆာဇီ၀)တဲ့ကွဲ၊ သေ သေချာချာမှတ်ထားကြနော်၊ မိစ္ဆာဇီ၀ဆိုတာ၊ ဗမာ လိုတော့(မှားသောအသက်မွေးခြင်း) တဲ့။ မှုမမှန်တဲ့ အသက်၊ လူ မဟန်တဲ့အတွက်၊ မှုမမှန်တဲ့အသက် ဖြစ်ရ တာဘဲ၊....နောက်ဆုံးတနေ့မှာ၊ရင်ကွဲနာကျပြီးသေရ တဲ့၊ မသာမျိုးတွေပေါ့ကွယ်၊ အနေမကောင်း အသေ မကောင်းဆိုတာ– အဲဒါတွေဘဲ။

သူတပါး မျက်ရည်ပေါက်ကျမှ၊ သူတပါးသေကြေ ပျက်စီးမှ၊ကိုယ်နှင့်တကွသားမယားတွေ၊ လှလှ၀တ်ပြီး ၀၀စားရတယ်ဆိုတာ၊ လူလိုသိတဲ့ လူများကျတော့၊အ များကြီး ရှောင် ကြဉ်ကြတယ်၊ မစားရက် မသောက် ရက်။ မယူငင်ရက်ကြဘူးပေါ့ကွယ်၊ ဒါကြောင့်၊ မသိုး ငယ်ဘဲ၊ ကိုးကွယ်အားထားရာအစစ်ကို၊ တကယ် အလို ရှိပါက၊ ဘယ်ကိစ္စကိုမဆို၊ကိုယ်ချင်းမစာဘဲ၊ မလုပ်ကြ လေနဲ့လူလိုမသိဘဲမနေကြနဲ့လို့၊မှာတော်မူခဲ့တဲ့စကား ရဲ့အဓိပ္ပါယ်ကို၊ အားလုံးသော့တပည့်များ၊လွယ်လွယ်

နဲ့သိနိုင်ရန်၊ အောက်က စာပုဒ်ကလေး အရကျက်ထားကွယ်။

(အရကျက်ရန်ဆောင်ပုဒ်)

ကျိုးကြောင်းနှစ်ဖြာဆိုးကောင်းတာကို၊ ကောင်းစွာကြည့်ရှု၊သတိပြု၍၊သိမှုကိုရ၊ထိုဝမ္မကြောင့်။ဘဝလူ့ရွာ၊ အမှုသာလျက်၊စုလာယှဉ်ပြား၊ အို လူများတို့။.... ထင်ရှားခုခါ၊ ထိုလူ့ရွာတွင်၊လူသာလူသို့၊ လူစစ်ဘို့ကိုမောင်တို့သိပါ၊မယ်သိပါကြ၊သိတာယိုယွင်း၊ ထိုအခင်းကြောင့်၊ကိုယ်ချင်းမစာအရာရာတွင်။ဘယ်ဟာမှုမှ၊ မပြုကြနဲ့။ လူ့ဘမြတ်စွာ၊ မိန့်ခွန်းမှာသည်။ လူဟာလူနဲ့တူဘို့သော်–တဲ့။ တပည့်တို့ရဲ့။

လူမှန်လျှင် လူကြကြ၊ လူသံပြော၊ လူလိုသဘောထားတတ်ကြဘို့ အရေးကြီးတယ်ဆိုတာ၊ သတိပြုကြစမ်းပါ။

လူနေတဲ့နေရာမှာ လူလာပြီးတော့ ဖြစ်ပါလျက်သားနဲ့ လူကြ မကြတတ်ဘူး၊ လူသံမပြောတတ်ဘူး လူသဘောမထားတတ်ဘူးဆိုတာ၊ ဆရာဖြင့် မောင်တို့မယ်တို့၊လူ့အခေါ်ခံနေသူတွေအတွက်၊အများကြီးမနှစ်သက်ဘူးကွယ်၊ ဒါ့ကြောင့်မို့ မသိတတ်ဘူး၊သို့မဟုတ်၊ သိတော့သိရဲ့၊ မှန်သောအသိမဟုတ်တဲ့၊ အသိမှားကြီးကို တပည့်များ၏ သန္တာန်က မြန်မြန်နှင်ထုတ် ပစ်လိုက်စေကြလိုတယ်။

ဆရာ၏ ဆိုးမစာကို တွေ့တဲ့အချိန်က စပြီးတော့ ဘယ်ကိစ္စကိုဘဲကြံကြံ၊ ပြောပြော လုပ်လုပ်၊ ကိုယ်ချင်းစာ တရားရှေ့ထားပြီး၊ အကျိုးအပြစ်ကိုဝေဘန်ကာ သူရောကိုယ်ပါ အကျိုးများမဲ့ အလုပ်ကိုသာ ကြံစည်ပြောဆိုလုပ်ကိုင်ပါ၊ အကျိုးယုတ်မဲ့ ကိစ္စ ဆိုလျှင်နောက်ဆုတ်လိုက်ပါ.... တပည့်တို့ရယ်။ ဘယ်သူတွေပျက်စီးလို့ဘဲ နှယ် နေနေ၊ ကိုယ်ကောင်းလျှင်ပြီးရောပေါ့လို့ သဘောမထားနဲ့နော်။

အတ္တာနဉ္စေပိယံဇညာ။

ရက္ခေယျနံသုရက္ခိတံ။....တဲ့ကွယ်။

အတ္တာနံ။ မိမိကိုယ်ကို၊ ပိယံ၊ ချစ်အပ်၏ ဟူ၍။ စေဇညာ။ အကယ်၍ သိသည် ဖြစ်ငြားအံ့။တကဲ့ကို သိခဲ့သည် ရှိသော်။ သုရက္ခိတံ၊ ကောင်းစွာစောင့်ရှောက်အပ်သော၊ ကောင်းကောင်းကြီး စောင့်ရှောက်သည်မည်လောက်အောင်။ နံအတ္တာနံ၊ ထိုမိမိကိုယ်ကို....။ ရက္ခေယျ။ စောင့်ရှောက် ရာ၏။ စောင့်ရှောက်ပေတော့။တဲ့....ရက္ခေယျ၊ ဇွတ်တရွတ်ငွစာ၊ ဘယ်အချက်မှာမှ ကိုယ်ချင်းမစာ၊ နေရာတကာ တစောက်ကန်းကြောက်ခမန်း (မိုက်ရူးရဲ) ရယ်လို့။လူထဲမှာမျက်နှာမလှရှက်စရာ အဝဝ သဘောယုတ်တွေကို၊ တောထုတ်ခါ အတွင်ဖယ်၍၊ စင်ကြယ်စွာစိတ်ကို၊ မွေးပြီးတော့မနေးတမ်းစောင့်ရှောက် မှုကို၊တကယ်တမ်း ပြုရလေတော့သတည်း။

ရှစ်လုံးဘွဲ့ဒေသနာ-တပည့်များမှတ်စရာ။

၁။ ကြံစည်ပြောဆို၊ လုပ်လိုသောခါ။
ကျိုးပြစ်နှစ်ပါး၊ ခွဲခြားလေပါ။
အကျိုးယုတ်က၊ နောက်ဆုတ်ပယ်ခွါ။
အကျိုးများ၊ တိုးပွါးဆောင်ရွက်ပါ။

၂။ ညည့်ခံခန်းမှာ၊ စာတန်းလေပါ။
(စာတတ်ကဲ့လား) ရေးသားသေချာ။
ကိုယ်နဲ့နှိုင်းလို့၊ ရာတိုင်းစာနာ။
စာတတ်ငြား၊ ကြီးပွါးလွန်ချမ်းသာ။

ဘယ့်နှယ်လဲဟေ့ ....သဘောပေါက်ရဲ့လား၊ ရှူးရှူး ရိုက်ရိုက်၊ အာရုံပြုပြီးတော့ ဖတ်ပါနော်....အဲ ဒီ စာ တွေ ကို၊ စာ အုပ် ထဲမှာ မထားပါနဲ့၊ မင့် ဝမ်း ထဲ ကိုရောက်အောင်သွင်းထားကွယ်၊ အရကျက်ပါလို့ ........ တိုက်တွန်းတယ်တပည့်တို့ရယ်။

ဆရာကဖြင့်-မောင်တို့မယ်တို့တတွေကို၊ အများကြီး ကိုယ်ချင်းစာ တရားရှိစေချင်တယ်။ ဟောဒီအချက်က လေး၊ မင့်စိတ်ထဲမှာ ကွက်ခနဲပေါ်အောင် စဥ်းစားစမ်း ပါလေ။ မင်းကို တယောက်သောသူက၊ သတ်ပုတ်ရိုက် နှက်မယ်လို့ ဖမ်းဆီးချုပ်နှောင်ထားပြီတဲ့ကွယ်၊ ဘယ့်နှဲ့ လဲဟေ့ မင့်စိတ်တွေဟာသိပ်ပြီးတော့အားရဝမ်းသာနဲ့ ပျော်ပျော် ရွှင်ရွှင်ကြီး ဖြစ်နေမလား၊ အသဲနှလုံးတွေ တုန်၊ ရင်တွေခုန်ပြီးတော့၊ မျက်နှာမသာ၊ ညိုးငယ်စွာ ဖြင့်၊ ရှိခိုးဒူးထောက်ခါ၊ ရှိခိုးတောင်းပန်ခါ၊ ကြောက်

လန့်ငိုယိုနေမလားပြောစမ်းပါကွယ်၊ အေးအေးသေရမဲ့ဘောဆိုတာ၊ တပည့်များသာကြောက်တယ်လို့မမှတ်နဲ့ကွဲ့ အားလုံးသောခွေး၊ ဝက်၊ ကြက်၊ ငှက်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းမှစ၍။ ပိုး ရွှခြပုန်းကလေးတွေပါ ကြောက်တယ်မောင်ရဲ့။ မောင်တို့တတွေ–မသေချင်သလိုပေါ့။ သူတို့တတွေလဲမသေချင်ကြဘူးကွယ်။

ဒါတွေဟာက မှာ့ဟင်းသီးဟင်းရွက်တွေ။ လူများစားဘို့ဖြစ်လာတယ်ဆိုတဲ့ သဘောဆိုးအပြောဆိုးကြီးတွေကိုကိုယ်ချင်းမစာဘဲ၊ အရမ်းမဲ့မယုံပါနဲ့။ တကယ်လူလိုသိပြီးတော့ (လူစိတ်ရှိတဲ့သူဟာဒီအပြောမျိုးဒီသဘောမျိုးကိုမပြောဘူးမထားဘူးကွဲ့၊ သူတပါးကိုသေကြေပျက်စီးအောင် ပြောဆိုအားပေးတဲ့သူဟာ ဘယ်လိုအစားပါလိမ့်မလဲလို့။ မင့်ကိုယ်တိုင်စဉ်းစား မှားသင့်မှမှားပါစေကွယ်။

ဒါကြောင့်မို့–သုံးလူ့ ထွဋ်ထား မြတ်စွာဘုရားက စည်းကမ်းတော် ထားခဲ့တာလေ၊ (ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ) တဲ့။ ကိုယ်ချင်းစာ။

ပါဏာတိပါတာ၊ သူ့အသက်ကို ရက်စက်မညှာ၊ ပျက်ကွက် ပါအောင်၊ ညှာတာပြတ်ကင်း၊ သတ်ဖြတ်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ် ကြောင်း ဖြစ်တဲ့ သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ စောင့်ရှောက် ဆောက်တည် ပါ၏။ သမာဒိယာမိ၊ ကိုယ့်အသက်သေရမှာကြောက်သလိုထိုထို

များစွာ သတ္တဝါလဲ။ ကြောက်မှာဘဲနော်၊ စိတ်ထဲ ပေါ်၍၊ ချင့်မြှော်ကိုယ်ချင်း။ စာနာရင်းဖြင့်၊ မောင် မင်းလွတ် အောင် အမြဲတမ်း ရှောင်ရ လေတော့ သတည်း။

(ရှစ်လုံးဘွဲ့)

ကိုယ့်အသက်တော့၊ အသက်ထင်တာ။

သူ့အသက်လဲ၊ အသက်ထင်ပါ၊

ကိုယ်ကြောက် သူကြောက်၊ ကြောက်မည်မြင်ကာ၊

ကိုယ်ချင်းများ၊ စားငြားစဉ်မကွာ၊

မင့်ကိုယ်တိုင် ရှာဖွေ ရဆောင်းထားတဲ့ ပစ္စည်း တွေကို တစုံတယောက် သောသူက တိတ်တိတ်ခိုးယူ၍ သော်ငြင်း။ အတင်းအဓမ္မ နိုင်ထက်စီးနင်း ပြု၍ သော်ငြင်း။ ယူငင် သိမ်းဆည်းမယ်ဆိုရင်ကော၊ ဘယ့် နှယ်လဲဟေ့.... ဝမ်းမြောက် ဝမ်းသာ ကျေကျေနပ် နပ်နဲ့ မင့်စိတ်ထဲမှာ အင်မတန် သာယာ ကျေနပ်မ လားကွဲ့။ မဟုတ်ဘူးနော်၊ မနိုင်လို့သာ ကြည့်နေရ၊ မသိလို့သာ ခံလိုက်ရမယ်။ ကေန်မကျေနပ်ဘူးမဟုတ် လား။ ကျိန်ဆဲ လိုက်မှာတွေ အမျိုးမျိုးပေါ့—ကွယ်။ ပစ္စည်းဥစ္စာ များများစားစားကို မဆိုထားနဲ့ကွယ်။ မင့်.... ငြုပ်သီးတတောင့်၊ ကြက်သွန် တတက်ကို တောင်နှစ်မြောမယ်ကွဲ့၊

တဲ့ထာဒီတော့ သူတကာ ရှာဖွေလုပ်ကိုင် ရဆောင်း

အဲ့ရပစ္စည်းတွေကို။ မင်းက အတင်း အဓမ္မသော်

ရင်း၊ အာဏာပြ၍ သော်ရင်း၊ သူမသိအောင် တိတ်တိတ်သော်ရင်း။ တရင်းရင်းနဲ့ ယူဘို့ရာ (လူလိုသိပါ ကိုယ်ချင်းစာ) ကွယ်....မောင်ရယ်။

အေး— အဲဒီလိုသိစေချင်လို့ (အဒိန္နာဒါနာဝေရ မဏီသိက္ခာပဒံသမာဒိယာမိ)တဲ့ကိုယ်ချင်းစာ။

အဒိန္နာဒါနာ၊ ပိုင်ရှင် သည်၊ ကိုယ် နှုတ် တို့ဖြင့် မပေးတဲ့ သူ့ဥစ္စာကို ခိုးယူခြင်း တိုက်ခိုက်၍ ယူခြင်း အတင်းအဓမ္မ နိုင်လိုမင်းထက် လုယက်သိမ်းဆည်း၍ ယူခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ် ရာ ရှောင်ကြဉ်ကြောင်းဖြစ်တဲ့သိက္ခာပုဒ်တော်ကို၊သမာဒိ ယာမိ။ ကောင်း စွာ စောင့်ရှောက် ဆောက်တည် ပါ၏။ သမာဒိယာမိ၊ ကိုယ့်ပစ္စည်းကို ကိုယ်ခင်တွယ် သလိုသူ့ပစ္စည်းကို သူခင်မယ်ဟု၊ မူတင်ဘွယ် ထိုထိုအ ခင်းအရာမမှားကြဘဲ။ ကိုယ်ချင်းစာ ဆိုတဲ့ တရားကို၊ လူလိုသိတတ်သူ မှန်သမျှ။ အမြဲတမ်း လက်ကိုင်ထား ကြရလေတော့သတည်း။

(ရှစ်လုံးဘွဲ့)

ကိုယ့်ပစ္စည်းတော့ အငြိုးခင်ရှာ။
သူ့ပစ္စည်းလဲ၊အပြိုးခင်မှာ။
ငါလိုသူလဲ၊တူဘဲထင်ပါ။
ကိုယ်ချင်းများ၊စာငြားစဉ်မကွာ။

မင့်သားမယားကိုသူတပါးကကျူးလွန်ဖေါက်ပြန် မယ်ဆိုလျှင်၊ မင်းဘယ့်နှယ်နေမလဲ— ဘာမှမဖြစ်ဘူး၊

ဦးရာဘဲလို့တော့ ငွေစကား မပြောနဲ့နော်။ လူကို မပြောနဲ့ ဟော့.... ခွေးတောင်မခံဘူးကွယ်၊ ငနက်ကုတ်တို့တတွေ။.... နားရွက်စုတ်အောင်ကိုက်ကြတာလေ၊ သို့သော်....ခွေးကတော့၊ မင့်တို့လူတွေလို တလင် တမယား၊ သဘောမထားတတ်ဘူး ဘွေရာနဲ့ ရှောက်ပြီး ပျော်ကြတယ်။ တွေ့ကရာ ပေါက်ပန်းဈေး ကာမဂုဏ်အားပေးပြီး။ အသေးအကြီး အနည်းနည်း ပျော်ပါး။ အငယ်တွေထားတဲ့၊ မောင်ဝါလား။ မယ် ဝါလားတို့က ဒို့များကို စောင်းတယ်လို့ မအောက်မေ့ပါနဲ့ကွယ်၊ မောင်တို့ကိစ္စကို မောင်တို့.... မယ်တို့ အသိကြသားဘဲ။

အေး-ဒါကြောင့်မို့.... ( ကာမေသု မိစ္ဆာစာရ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ) တဲ့ ကိုယ်ချင်းစာ ကာမေသု မိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်ကို ကျင့်ခြင်းမှ၊ ကာမေသုမိစ္ဆာစာရာ၊ သူ့လင်တပါး။ သူ့မယားနှင့်။ မှားယွင်းချွတ်ချော်၊မလျှော်မှုမတော်ပြုခြင်းမှ၊ဝေရမဏီသိက္ခာပဒံ၊ရှောင်ကြဉ်ရာ ရှောင် ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ။ ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။ သမာဒိယာမိ၊ ကိုယ့်မယားကို သူများကြည့်တော့ မချိသလို၊ ထိုထိုများစွာ သတ္တဝါ မှန်သမျှ အနန္တတို့သည်။ ဪ.... ငါလိုရှိကြမှာဘဲဆို တာကြံဆပြီးဂတော့။ အမှန်ဓမ္မ ထိုထို အခြင်းအရာတွေ

ကို ကိုယ်ချင်းစာ လက်ကိုင်ထားလို့မို့။ မမှားအောင် နေရလေတော့သတည်း။

( ရှစ်လုံးဘွဲ့ )

ကိုယ့်မယားကြည့်တော့၊ မခံချင်ရှာ။
သူ့မယားကြည့်လဲ၊ မခံချင်မှာ။
ငါလိုသူလဲ၊ တူဘဲမြင်ပါ။
ကိုယ်ချင်းများ၊ စာငြားစဉ်မကွာ။

အေး.... နောက်ဆုံးစကား တိုတိုဘဲပြောကြား ကြပါစို့ရဲ့။ မင်းမခံချင် တာတွေဟာ သူတကာလဲ မင်းလိုဘဲ ရှိပေလိမ့်မယ်လို့ သိပါ။ (လူလိုသိပါကိုယ်ချင်းစာ) ဆိုတဲ့စကား၊ တပည့်များရဲ့ အသဲမှာ မြဲမြဲကြီး ချိတ်ထားပါကွယ်။

မင်းကို သူများက လိမ် ပြော ရင် သ ဘော ကျရဲ့ လား။ မကျဘူးနော်၊ အေး....ဒါဖြင့် သူတပါးကိုလဲ မင်းကမလိမ်ပါနဲ့လို့....

( မုသာဝါဒါ ဝေရမဏီ သိက္ခာ ပဒံသမာဒိယာမိ) တဲ့-ကိုယ်ချင်းစာ။

မု သာ ဝါ ဒါ၊ ချွတ်လွဲဖေါက်ပြန်၊ အကောက် ဉာဏ်နှင့်၊ မမှန် သော အား၊ ရှောင် ကြဉ် ကြောင်း ဖြစ်တဲ့ သိက္ခာ ပုဒ်ကို။ သမာ ဒိယာမိ၊ ကောင်းစွာ စောင့် ရှောက် ဆောက် တည်ပါ၏။ သမာဒိယာမိ ကိုယ့်ကို လိမ်ထားမကြိုက် ငြားသလိုသူကားထို့တူ

မကြိုက်ဟူ၍။ စရိုက်နမူထိုထို အခင်းအရာ။ မ မှားစေဘဲ ကိုယ်ချင်းစာတရားထားရလေတော့သတည်း။

( ရှစ်လုံးဘွဲ့ဒေသနာ )

ကိုယ့်ကိုသူများ၊ လိမ်ငြားရှက်ထာ၊
သူ့ကိုကိုယ်ကား၊ လိမ်ငြားရှက်မှာ၊
ဒီလိုပေလဲ၊ စေ့ခွဲလျက်သာ၊
ကိုယ်ချင်းများ၊ စာငြားတသက်ပါ။

ဘိန်း ဘင်း ကဇော် လှော် ဇာ အရက် တို့ ကို သောက် စား မှူး ယစ် လာပြီ ဆိုမှဖြင့်။ ကောင်းတာ တွေတခုမှ မကြံ။ ကောင်း သံ တွေ တခါ မှ မထွက်။ ကောင်းဘက်ကိုတခါမှ မလုပ်သဖြင့်၊ တပည့်များနှင့် တကွကြားသူမြင်သူတိုင်းက စက်ဆုပ်ရွံ့ရှာ အော့နှလုံး နာသလို၊ ငါ သောက်စား မူးယစ်မိရင်လဲ သူတကာ တွေဒီလိုဘဲရှုလိမ့်မယ်လို့ သိပြီးတော့ ကိုယ်ချင်းစာပါ ဆိုတာ=ဘ ဘုရားကြီးက........

(သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏီ သိက္ခာပဒံသမာဒိယာမိ) တဲ့–ကိုယ်ချင်း စာ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ ကောင်းတရားပယ်ခွါ မကောင်းတာလိုက်စား၍ မိုက်မှား ကျူးလွန်စေတတ်တဲ့၊ ဘိန်းဘင်း ကဇော် လှော်ဇာ အရက် တို့ကို သောက်စားခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်တဲ့ သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ စောင့်ရှောက်ဆောက်တည်ပါ၏။

သမာဒိယာမိ၊လူကောင်းစင်စစ်၊မူးအပြစ်တွေကြောင့်၊
အရူးဖြစ်ထာကိုယ်တိုင် သိသဖြင့် ကိုယ်ချင်းစာတရားရှိ
ပါလေတော့သတည်း။

(ရှစ်လုံးဘွဲ့ ဒေသနာ)

သောက်စားမူးယစ်၊ရူးဖြစ်လေတာ။
မျက်မြင်ဆိုဟော့၊ ကိုယ်တွေ့သေချာ။
ကောင်းမကောင်းကို၊ အကြောင်းဖွေရှာ၊
ကိုယ်ချင်းမျှား၊ စာငြားနေစရာ၊

အဲဒီလို ကိုယ်ချင်းစာတရားမရှိမှုတွေကြောင့်။ဘယ်သူတွေဘာလုပ်နေကြသလဲ၊ပျော်လွန်းလို့ ဒယ်အိုးကြီးထဲဆင်းပြီး ကမြင်းနေကြတယ်မထင်နဲ့။ သံပူ ရေတွေပွက်ပွက်ဆူနေတဲ့ လောဟကုမ္ဘိငရဲအိုးကြီးထဲက ဘွားကနဲ ပေါ်တဲ့ မိုက်ရူးရဲ (ဂျပိုးကလေး) လေးယောက်ပေါ့ကွဲ။

မင်းတို့ခေတ်သုံး၊ဗမာစကားလိုတော့ (ကြာသမားဂေါ်ငနဲ့၊မီးခွက်မှုတ်သမား) လို့လဲ ခေါ်ကြသပေါ့၊သူတို့တွေ ယုတ်မာ မိသမျှတွေ သတိရကာ သံကုန်ဟစ်ပြီးတော့စိတ်ညစ်ညစ်နဲ့အော်ကြတာပေါ့ကွယ်။

တပည့်များ ကြားဘူးကြတယ်မို့လား၊(ဒု-သ-န-သော)တဲ့လေ။မချိတရိ ဝမ်းနဲ့ပက်လက် အသံနက်ကြီးတွေနဲ့ အကာလ–ည အခါ သန်းခေါင်ကျော် သာသာမှာ၊စာစာညံအောင် အော်လိုက်တဲ့အသံကို ဘယ်သူကကြားသလဲဆိုတော့(ဂေါ်အကြီးစါး)ကောသလမင်းက၊

ကြားသတဲ့ကွဲ၊ သူကဘာဖြစ်လို့ ဘယ်အတွက်ကြားသလဲ
ဆိုရင်၊ သူများမယားမတရား ဝေါမယ်ကြံနေရင်းအခိုင်




လူ့နေရာရောက်ပြီးဘုရားနှင့်အခတွေ့သွားနဲ့။
မှားကြတဲ့ဖြစ်အင်ကိုမြင်ကြနေ၏။

မပျော်လို့ ကြားသတဲ့၊အဲဒီ အကြောင်းကို ဟောဒီလို မှတ်ထား ပေတော့ကွယ်။

တိုင်းပြည်ကသာ၀ တ္ထိတိုင်းပြည်၊မင်းကြီးက ပသေနဒီ ကောသလ မင်းတဲ့ကွဲ၊နက္ခတ်ပွဲ သဘင်ကြိုသောနေ့မှာဆင်ဖြူတော်မင်္ဂလာကိုစီးပြီးတိုင်းပြည်ကြီးကို လှည့်လည် ကြည့်ရှုတော်မူတဲ့ အခါ၊ ဘုံခုနှစ်ဆင့်ရှိတဲ့ .... ပြာသာဒ်အထက်က၊မော မောင်ဘရဲ့မယား လှလှဆိုတဲ့ သူငယ်မက၊ လေသာပြူတင်းကလေး ဖွင့်ကာ၊မင်းကြီး ကြွလာတာကို အကြည့်။မင်းကြီးကလဲ အဲဒီ ဘုံခုနှစ်ဆင့် ရှိတဲ့ ပြာသာဒ်က ပြူတင်းပေါက် ကလေး ဆီမော်အကြည့်၊ဂေါ ကောသလမှာ၊ အတော် သဘောကျ ပြီး၊ အချော အလှ မှာ ဖြင့်။ ပြောပြ စရာ မရှိ၊ ကာမဂုဏ် ဇောပီတိတွေကြောင့်၊ တာ၀ တိံ သာကနတ် သ္မီးများ၊ ငါ့ကို လာ က လိ ရော့ သ လား လို့၊ အောက်မေ့ မိကာ၊ပျောင်းခွေအိ နွမ်းလျ ပင်ပန်းလှတာနဲ့၊နန်းတော်ကို ပြန်ကြွသတဲ့ကွယ်။

အဲဒီလိုတွေ့ရင်၊အဲ့ဒီလိုဖြစ်တတ်တယ်ကွဲ့လို့၊ မြတ်စွာဘုရားက (စက္ခု၊ရူပေနသံ၀ါသာ ရာဂ ပုတ္တ ိ၀ိဇာယတိ) တဲ့။

စက္ခု၊ သူရော ငါပါ၊အဖြာဖြာတို့၊ ပါလာ လက်ရှိ၊ ဟောဒီ မျက်စိသည်၊ ရူပေန၊ မူရာ အဖုံဖုံ အရူပါ တုန်လောက်တဲ့၊ ရူပါရုံ အဆင်း လှလှ ကလေးနဲ့ ....။ သံ၀ါသာ၊ အကြောင်းတိုက်ဆုံ၊ပေါင်းလိုက်ပုံကြောင့်။

ရာဂပုတ္တံ၊ပုလောင်နှိပ်စက်၊အအိပ်ပျက်စားမဝင် သား အသွင်ရာဂကလေးကို၊ရာဂတည်းဟူသော သားကလေး ကို၊ဝိဇ္ဇာယတိ၊တရားမခင်၊အမှားဝင်အောင် များဖြင် ဝေနေ၊ဖွားမြင်၍လာလေသတည်း။ဘယ့်နှယ် လဲကွယ်။ တွေ့ကြပြီလား၊အဲဒီလိုဓါတ်နှစ်ပါး အတူ ဆုံပြီဆိုရင်၊ အူတုန်သွားကြတာတွေများတယ်ကွဲ့၊နန်းတော်ရောက် တော့၊သူနဲ့ အကျူပါတဲ့အမတ်တယောက်ကို ခေါ်တဲ့ခါ၊ ဒို့သွားတုန်းက၊ ဟို-ပြာသာဒ်အထက်ကလှလှကလေး တယောက်ပြူတင်းပေါက်က မေးထောက်ကြည့်နေတာ မြင်ရဲ့ လား လို့ မေး၊ မြင်ပါ ကြောင်းပါ ဘုရားလို့ လျှောက်ထား- သွားစမ်း သွားစမ်း လင်ရှိသလား မရှိဘူးလား၊ မြန်မြန်သွားမေးချေလို့ စေလိုက်သဖြင့် သွားပြီးမေး။လင်ရှိမယားမှန်းသိနန်းတော်ကိုအပြေး ကလေးပြန်လာ၊ မှန်ပါလင်ရှိမယားပါဘုရားလို့.... လျှောက်တော့၊ကောသလ မင်းကြီးက တက်-ကလေး ခေါက်ခါ၊ဘယ်လိုသဘောရောက်သွားသလဲ ဆိုတော့၊ (သူ့မယား လိုချင်၊သူ့လင် သေအောင်သတ်) ဆိုတဲ့ မင်းယုတ်—မင်းဆိုး၊ မင်းသူခိုး-ကြာသမားတို့၏၊ စာ အသွားကလေးကိုတွေးတောသဘောပေါက်ပါသဖြင့် သူ့လင်ကို ရှေ့တော်ရောက်သွင်းစေတဲ့၊ အင်း—အဲဒီ လို မင်းယုတ် မင်းဆိုး—မင်းသူခိုး— မီးခွက်မှုတ်၊ ဥစ္စာ ကွက်ရှပ်။ကြာသမားတွေနဲ့ မတွေ့ပါရစေနဲ့ ဆိုတာ များများကြီးဆုတောင်းကြဘို့ကောင်းသကွယ်။ ဒါနဲ့

အမိန့်တော် အတိုင်း၊ လှလှရဲ့ ယောက်ျား၊ မောင်မောင်ဘကိုရှေ့တော်ရောက် ခေါ်ခဲ့ရကော့တာပေါ့၊ ရှေ့တော်ရောက်တော့၊ ဘာ–ပြောသလဲ မောင်မင်းငါကိုယ်တော်မြတ်ရဲ့ အနားမှာ၊ အမြဲမပြတ် ခစားအမှုတော် ထမ်းရမတဲ့၊ မောင်မောင်ဘ ကလဲ ....၊ ကြောက်ရွှာလွန်းလို့ မှန်လှပါချမ်းသာပေးတော်မူပါဘုရား မင်းခစားအလုပ်ကိုမလုပ်ဘူး၍၊ အထူးကြောက်ရွံ့ လှပါတယ်၊ အလိုရှိသမျှ အမြတ်တော် ကြေးကိုပေးရမယ်ဆိုပါက၊မရ–ရအောင် လုပ်ကိုင် ရှာကြံ၍ဆက်ပါမယ်၊ မင်းမှုထမ်း လုပ်ရမဲ့ အတွက်ကိုတော့၊ ခွင့်ပြုတော်မူပါဘုရားလို့ လျှောက်ထား–ဟဲ့ သပေါက်သား‌နောက်ထပ်လို့မလျှောက်ထားနဲ့ ငါကိုယ်တော်မြတ် မကြားလိုဘူးတဲ့။

ဒါနဲ့ဘဲ–မောင်မောင်ဘ သူ့ခမြာမှာ၊ အမှုအဖြာဖြာ မ လစ် ဟင်းရဲအောင်၊ မင်းရိပ် မင်းခြေကိုကြည့်ပြီး၊ ခ စား နေ ရ တော့ တာ ပေါ့၊ ဒီအကောင်ဘယ်နေရာမှာ လစ်မလဲလို့ အပြစ်ကို ရှာသော်လဲ၊ ဘယ်နေရာမှာမှ၊ အပြစ်မတွေ့တဲ့အဆုံး၊–ကြည့်စမ်းပါအိုး....ဘယ်လောက်များ မတရားကြံသလဲ ဆိုတော့၊ မောင်မင်း၊ ယခုမြန်စွာ ဤနေရာမှ၊ တယူဇနာဝေးကွာသော နေရာတွင်ရှိသော မြစ်မှ ကုမုဒြာ ကြာနှင့်အရုဏဝတီမည်သော၊ မြေညက်ကို ညနေဘက်တွင်

ရေချိုးမှီဆက်စေ။မဆက်နိုင်က၊ မောင်မင်း၏ အသက် သည်မရှိတော့ပြီသာ မှတ်ပေတော့....တဲ့။

အမိန့်ပေးတဲ့ အချိန်ကလဲ၊ ဆွမ်းခံပြန်ချိန်၊ အိမ် ကိုသုတ်သုတ် ပြေးပြီး၊ ရှင်မရေ ထမင်းကလေး ကျက် ပြီလား မေးတော့ မကျက် တတ်သေး၊ အဲဒီမကျက်— တကျက်ကိုဘဲ၊ ချင်းကလေးထဲ ထည့်ကာ ကပျာကရာ ကျောမှာပိုးပြီးတော့အပြေးသွား၊မြစ်ကြီး အနားတွင် ထမင်းစား၊ ဩော်....မင်းဘုရားရဲ့အကြံ၊ ငါ့မယား လိုချင်တာနဲ့၊ တမင်ငါ့ကို၊ သတ်ရအောင် ကြံတာဘဲ ကုမုဒြာကြာနှင့်။....အရုဏဝတီမြေဆိုတာ....နဂါး ပြည်မှာသာရှိတဲ့ ပန်းနည်း၊ ဩော်.... မ မယ် လှရယ်။ မင်းလှသမျှ မောင်မောင်ဘရဲ့ ဒုက္ခကြီးပါ ကလား ကွယ်လို့၊ မျက်ရေ ကလေး တလယ် လယ်နဲ့၊ စား မယ်လို့ဦးတဲ့ ထမင်းထဲက၊ အဦး ထမင်း ကလေးတ ပုံချန်၊ အလှူခံတွေ့ရင် လှူဘို့တဲ့၊ အဲဒါဟာ—ဗုဒ္ဓဘာ သာလူမျိုးရဲ့သတ္တိ ကွဲ့နော်၊ မှတ်ထားကြ၊ ဘယ်အခါ မဆို အဦးချန်ထား ပြီးတော့မှ စားကြရတယ်၊ ဒါ ကြောင့်— မိဘ၊ဘိုးဘွား၊များက၊ သား၊သမီးတွေ၊ ထမင်းစားမယ်ဆိုရင်၊ ဟဲ့-ဦးချန်ပြီးမှ စားကြလို့ဆုံး မတဲ့စကား၊ အခုတော့ဦးချပြီးမှ စားကြလို့ စကား ရွေ့သွားတယ်တဲ့။

ဒါနဲ့၊ ထမင်းစားမယ် လုပ်နေတုန်း ဖြူးဆိုခရီး သွား လူတယောက်ကို တွေ့တာနဲ့၊ ဟောဒီ ထမင်း

ဟာ၊ကျွန်တော်မစားဘဲ၊ မစားခင်အဦးချန်ထားတဲ့ ထမင်း ဖြစ်ပါတယ်။ ကျွန်တော်ကို သနား သဖြင့် အလှူခံတော်မူပါလို့၊လှူလိုက်သတဲ့ကွဲ။

နောက်....စားပြီးတဲ့ထမင်း နောက်ဆုံး တဆုပ် လောက်ကိုတော့၊ မြစ်ထဲကို မြှောက်ကြဲလို့၊ မြစ်ထဲ ကငါး၊ လိပ်၊ မိကျောင်း၊ သောင်းပြောင်းများစွာ သတ္တဝါတွေစားသောက်ကြပါလေဆိုပြီး၊ လှူဒါန်း စွန့်ကြဲလိုက်ပြန်သတဲ့၊ မှတ်ထားကြနော် တပည့်များ အင်မတန် အတုယူဘို့ ကောင်းတဲ့ နည်းတွေ ပါက လား ကွယ်။ အဲဒီလို အစ အဆုံး ကုသိုလ် မှုတွေနဲ့ အောင်ဆုကိုမြှော်ပြီးတော့၊ ပါးစပ်က ဘယ်လိုအော် လိုက်သလဲဆိုရင်၊ (ဤ မြစ်အရပ်၌ စောင့်ကြပ် နေ ဆိုင်ကြကုန်သောနဂါး၊ ဂဠုန်၊ကုမ္ဘဏ်၊ ယက္ခ စသည် များစွာ နတ်တ ကာတို့၊ အကျွန်ုပ်၏ စကား ကိုမှတ် သား နားထောင်တော် မူကြပါကုန်၊ သာဝတ္ထိပြည် ရှင်ဘုရင်ကောသလမင်းသည်၊ ခဲယဉ်းလှစွာ၊ ကုမုဒြာ ကြာနှင့် အရုဏဝတီ အမည် ရှိသော မြေညက်ကို၊ ဆက်သရမည် ဟူသောအမိန့်နှင့်၊ စေလွှတ်လိုက်ပါ ၏၊ အကျွန်ုပ်သည်၊ စားဦးစားကြွင်းထမင်းနှစ်ပုံတို ကို၊ ယုံကြည်လေးစားခါ၊ လှူဒါန်းစွန့်ကြဲပါ၏၊ဤ ကုသိုလ်၏အဘို့ကို၊ အသင် နတ်နဂါးအပေါင်းတို့ အား ပေးဝေ ပါ၏၊ အကျွန်ုပ် အလိုရှိသော ကြာ ပန်းနှင့်၊ မြေညက်ကို၊ ဆက်ဆက်ကယ်မ ပေးသနား

တော်မူကြပါကုန်လော့) လို့ဆိုကာ သုံးကြိမ် တိတိ အော်ဟစ်ပြောဆိုသတဲ့နော်။

အဲ ဒီအသံကို မြစ်မှာ စောင့်တဲ့၊ နဂါး မင်း က ကြားတော့၊ ဘွားကနဲဆို၊ လူအိုရောင်ဖန်ဆင်းပြီး၊ မောင်မောင်ဘရဲ့ အနား၊ ကပ်ချဉ်းပြီး တော့၊ အကြောင်းရင်းကို မေး၊ ကုမုဒြာကြာနှင့် အရဏဝတီ မြေညက်ကို ယူပေး လိုက်တော့၊ အပြေးကလေးပြန် လာတာပေါ့။

သို့ပေမဲ့ အကြိုသမားကောသလက၊ စောစော ကတံခါးမှူးကို အထူးအမိန့်ပေးထားပုံက ဒီကနေ့ လေး နာရီ ထိုးရင် တံခါးပိတ်စေတဲ့၊ ဒီကနေ့တော့ မသေ သေအောင် သတ်တော့မယ်လို့ ဆုံးဖြတ်ချက် ချပြီးသားပေါ့ကွယ်။ အချိန်မှီကား ရောက်ပါရဲ့ တံခါးပေါက်တွေ ပိတ်ထား၍၊ မြို့တွင်းသို့ ဝင်ခွင့်မရ တော့မှ၊ တံခါးဝမှာ မြေညက်နှင့်ကြာပန်းကို ငုံ့ထားကာ တံခါးစောင့်နှင့်တကွ၊ မြို့စောင့်နတ်တွေကို သက်သေထား၊ မြို့သူမြို့သားတွေ ကြားအောင် ကျယ် လောင်သော အသံဖြင့်၊ (အို....မြို့သူမြို့သား လူ့နတ် အများတို့၊ ကျွန်ုပ်သည် မင်းကြီးစေခိုင်းတော်မူသော ကုမုဒြာကြာနှင့် အရဏဝတီမြေညက်ကို၊ အချိန်မှီဆက် သရန် ရောက်ပါသော်လဲ၊ ဆက် သ ခွင့် မ ရသည် ကို၊ သိကြပါလေ၊ ကြားကြပါလေ) ဟု-အော်ဟစ်ပြော ဆိုကာ၊ တဖြေးဖြေးနဲ့ အချိန်ကလေးက မှောင်လာ

သဖြင့်၊ ငါဘယ်ကိုသွားပြီးတော့ အိပ်ရပမယ်၊ငါ့ကို ဘယ်သူကယ်နိုင်ပါတော့မယ်လို့ စဉ်းစား၊ အဲဒီတော့မှ ဘွားကနဲဆို ဘုရားကို သတိရ၊ ကျောင်းတော်ကို မြန်မြန်ပြေး၊ ဂန္ဓကုဋီတိုက်တော်နဲ့ မနီးမဝေးကျောင်းကလေး တခုပေါ်တက်ပြီး၊ ပုန်းအိပ်အိပ်ရတော့တာပေါ့ကွယ်။ အသက်ဘေးဆိုတော့ ဘယ်မှာ အိပ်လို့ ပျော်နိုင်ပါတော့မလဲ။

အင်း.... လူတွေရဲ့ အကျင့်က အဆိုး သွား:ပါကလားကွယ် ချမ်းသာနေတဲ့၊အခါများ၊ ဘုရား, တရား သံဃာ, ကျောင်းကန်တို့ကိုသတိမရ၊ ဆင်းရဲကြပြီ ဆိုမှဖြင့် ရလိုက်တဲ့သတိ၊ ပြောစရာ မရှိတော့ဘူး၊ လမ်းသွားတဲ့ နေရာကစပြီး ကြည့်ပေတော့၊သွားရင်းလာရင်းအကြောင်း တစုံတရာ ဘာမှမဖြစ်ရင်၊ ဘယ်ဘုရားကိုမှ သတိမရ၊ ခလုတ်က လေး တိုက်မယ်၊ကြောက်လန့်စရာ တခုခုတွေ့မယ်၊ ဆိုတော့မှဘဲ အလိုဘုရား အမယ်ဘုရားနဲ့၊ ဘုရားကို သတိရ ကြတော့တယ်၊ ဒါကြောင့် အဋ္ဌကထာ ဆရာကြီးများက....

ဣမေဟိ နာမ သတ္တာ သုခိတကာလေ ဘိက္ခူနံ၊ အတ္ထိဘာဝမ္ပိ အဇာနေတွာ၊ ဒုက္ခာဘိဘူတ ကာလေ ဝိဟာရံ၊ ဂန္တုကာမာ ဟောန္တိ ....တဲ့ကွယ်။

အနက်ကား၊ ဟိသဒ္ဒံ၊ ယခုဆိုငြား ထိုစကားသည်၊ ထင်ရှားကောန်၊ တကယ် မှန်၏၊ ဣမေ နာမ သတ္တာ၊လုံးစုံများစွာ ဤသတ္တဝါတို့ မည်သည်ကား။

သုခိတကာလေ၊ ကိုယ်စိတ်နှစ်ဖြာ ဘေးဘျမ်းကွာ၍ ချမ်းသာသော အခါကာလ၌၊ ဘိက္ခုနီ၊ ဖန် ဝါဆင် မြန်း၀တ်သက်နှင့် ရှင်ရဟန်းတို့၏။ အတ္တိဘာဝမို့၊ ဘယ်နေရာတွင် သေချာတိတိ၊ သိတင်းသုံး နေထိုင် လျှက်ရှိသည်၏ အဖြစ်ကိုသော်လည်း၊ အဇာနေတွာ၊ သတိမမူ မသိမူ၍။ ဒုက္ခာဘိဘူတကာလေ၊ ချမ်းသာ ကင်းပျောက် ဆင်းရဲရောက်သော အခါကာလ၌။ – ဝိဟာရ၊ ဘုရား,တရား,သံဃာ,များတို့၊ ထင် ရှားနို အောင်းနေရာကျောင်းသို့။ ဂန္တုကာမာ၊ သတိရလာ သိကြကာဖြင့်၊ သွားလာ ထွက်ဝင် လိုကြ ကုန်သည်။ ဟောန္တိကိရ၊ဖြစ်ကြကုန်သတဲ့။ ဟောန္တိကိရ၊ မဆင်း ရဲသေးသရွေ့ဖြင့် ပမာဒဝင်၊ ဆင်းရဲဘေးတွေတော့မှ သဒ္ဓါကရှင်၊ဘယာပစ္စဉ်ကာ မကောင်းကံတွေ ပြတ် အောင်လို့တဲ့၊ မောင်မောင် ဘရဲ့ ဖြစ်ပုံကို တွေ့ပြီ လားကွယ်တို့၊ ဒို့လူတွေဟာ၊ ကျောင်းကန်ကို ကပ်ကြ လေကုန်တော့သတည်း။

(ရှစ်လုံးဘွဲ့ ဒေသနာ)

ချမ်းသာသေး၍၊ မေ့တဲ့သံဃာ၊
ဆင်းရဲဘေးတွေ့၊ နေ့ကွဲ့မှန်စွာ၊
အားကိုးတွေ့မှု၊စေ့ငုကြရှာ၊
ကျောင်းကန်ရိပ်၊ ခိုအိပ်မြန်မကြာ။

သို့သော်လဲမကျန်းမာလို့ ရောဂါဖြစ်လို့တရားနာ ဘို့ပရိတ်ရွတ်ဘို့ရာ သံဃာကို ပင့်ဘော်ရတယ် သတိရ

တယ် ဆိုရင်ဘဲ- တော်လှပြီ အောက်မေ့ရတော့တာ ပေါ့ကွယ်-အမြဲတမ်းအားထားသတိရနိုင်အောင် ကြိုးစားကြဘို့အရေးကြီးတယ်နော်။

လှလှရဲ့ ယောကျ်ားမောင်မောင်ဘ ကြောက်ပြေနှုတ်လှုပ်ပြီးတော့ အိပ်မပျော်သလို ကောသလမင်းကြီးကလဲ၊ နံနက်မိုးသောက်အလင်းရောက်ခဲ့သော် မောင်မောင်ဘကိုသတိ မယ်လှကိုနှန်းရပ်သွင်းပြီးတော့(ကမြင်းချင်သလိုကမြင်းဘို့ရာ)တွေးနေလို့ တမှေးကလေး မှစက်တော်ခေါ်လို့ မရအောင်ဖြစ်နေတဲ့အခိုက်။အော် လိုက်တဲ့ ဒု-သ-န-သော ဆိုတဲ့ အသံနက်ကြီး လေးခွန်းက၊ မင်းကြီးရဲ့နားထဲလွှမ်းသွားတော့၊ ဘွားကနဲ ငုတ်တုတ်ထထိုင်ကြောက်ဇောနဲ့မှိုင်တဲ့ခါ နိုင်ငံတော် ရဲ့အရေးဘဲလား သို့မဟုတ် ငါကိုယ်တော်မြတ်ရဲ့ အရေးဘဲ လား မိဖု ယား များရဲ့ အရေး ဘဲ လားနဲ့၊ ဘဲလားတွေကိုခွဲခြား၍ မသိနိုင်ဘဲ ငုတ်တုတ်ထိုင်ရင်း မိုးလင်းရသတဲ့ကွဲ။ဘယ့်နှယ်လဲ ဟော့ တပည့်များ၊ အများကြီးသတိထားကြနော်–သမုဒယတဏှာဆိုတာ မင်း သော စိုး မသော လူ ဆိုးသော လူ ကောင်းသော ဘသူ့ကိုမှညှာတာ မဟုတ်ဘူးကွဲ့။

မိုးလင်းသည်နှင့်တပြိုင်နက် မင်းဆရာ ပုရောဟိတ် ပုဏ္ဏားကိုအမြန်ခေါ်တော်မူစေလျက်၊ တညလုံးအိပ်မရအောင် ဆင်းရဲတဲ့ အသံနက်ကြီးတွေကို မေးတော့ တာပေါ့၊အကာလ ညအခါ သန်းခေါင်းကျော်သာသာ

မှာဆူညံစွာအသံများ ကိုယ်တော်မြတ်ကြားရ၊ခုထက်တိုင် အူထဲမှာ ယားလှတယ်၊ ငါ ကိုယ်တော် မြတ်ရဲ့ အတွက်ဘဲလား ဆောင်ကြာယံက တောင်ညာ့စံ တို့ရဲ့ အတွက်ဘဲလား၊ တိုင်းပြည်ကြီးရဲ့ အတွက်ဘဲလား ဆိုတာဂတည်ဋ္ဌလုံး အသဲယားနေတာအသင်ပုရောဟိတ်က ခွဲခြားပြီး သံတော်ဦး တင်ပါတဲ့။ ဒီတော့ မင်းဆရာ ပုဏ္ဏားက အရှင်မင်းမြတ်ကြားတော်မူတဲ့ အသံကို အမိန့်ရှိတော်မူပါဘုရားလို့ လျှောက်တော့၊ ဆရာပုရောဟိတ်ရေ—အသံကြီးလေးခွန်းက (ဒု—သ—န—သော) တဲ့လို့ အမိန့်ရှိလိုက်တော့၊ ပုဏ္ဏားကြီးက ဗေဒင်သုံးပုံထဲမှာ မွှေနှောက်ပြီးတော့ ခေါက်တုံ့ခေါက်ပြန်ရှာလိုက်ထာ၊ ဘယ်အထဲမှာမှ မတွေ့ဘူးတဲ့ကွဲ့။ ဘယ်တွေ့မလဲ—ဒု—သ—န-သောဆိုတာက၊ ဗေဒင်သုံးပုံထဲမှာ ပါတာမှမဟုတ်ပဲဘဲ (ဝေံမေသုတံ) ထဲမှာရှိတာကို၊ အဲဒီတော့ ဝေံမေသုတံကိုမှ နားမလည်ဘဲနဲ့ လောကကြီးမှာ၊ လူလယ်ကြီးလုပ်နေရင် မဟုတ်သေးဘူးကွဲ့နော်၊ မင်းတို့ပုရောဟိတ်ကြီးမှောင်ထဲမှာစာကြည့်သလိုဘာမှ မသိမမြင်အောင်ဖြစ်နေပြီ၊ နို့ မသိလို့ မသိပါဘုရားလို့လဲ သံတော်ဦးမတင်နိုင်၊ မသိဘူးဆိုပြန်ရင်လဲ လာဘ်လာဘနည်းရုံမက မင်းဆရာ အရှက်ကွဲတော့မကွယ်။

အဲဒါကြောင့် သိချင်ယောင်ဆောင်ကာ (မှန်လှပါ၊ ဤ ကိစ္စဟာအခြား သူများရဲ့ကိစ္စမဟုတ်အရှင်မင်းတရားကြီးရဲ့ အတွက်၊ အထူးဘဲ စိုးရိမ်စရာ အသက်

အန္တရာယ်ဖြစ်ကြောင်းပါဘုရား)တဲ့ ကြောက်မှန်းသိ လေကြောင်နဲ့တိုလေ ဆိုတဲ့ စကားအတိုင်းပေါ့၊ အ လိုလိုကမှ တထိတ်ထိတ်နဲ့အိပ်မပျော်အောင် ကြောက် နေတဲ့ ကြားထဲမှာ၊ ဘွားကနဲ အရှင်မြတ်ရဲ့ အသက် အန္တရာယ်ပါ ဘုရားလို့ လျှောက်ထား လိုက်တော့၊ ကြောက်အားတွေ အထူးပို ရူးမလို သတိလစ်ရာ က (ဆရာပုရောဟိတ်ကြီးကအပြစ် လွှတ်ကြောင်းဖန်လို့ လွှတ်နိုင်ရန်များ မတတ်နိုင်ဘူးလား) သေရ မှာကို ကြောက် ရှာလွန်းလို့ မသေအောင်တတ်နိုင်ရင် လုပ် စမ်းပါအုံး၊ ဆိုတဲ့ အမိပ္ပါယ် ပေါ့။—ဒီ တော့ ကာ- ရမ်း ဆရာပုဏ္ဏား ကြီးက (မှန်လှပါ ဗေဒင်သုံးရပ် ဘက်ကမ်း ခပ်အောင်။ တတ်မြောက်တဲ့ မင်းဆရာမို့ ယင်းအရာသေကြောင်း သိသလို မသေရမဲ့အကြောင်း ကို လဲ ကောင်း ကောင်း ကြီး သိပါတယ်၊ ကြောက် စိတ်တော် မရှိပါနဲ့၊ မင်းဆရာရဲ့ အကြောင်းကိုသိရ ပါလိမ့် မယ်ဘုရား) ကိုး- ဘယ့်နှယ် လဲဟေ့ ဘာ မှန်းမှ မသိတဲ့ အကောင်မျိုးဟာ အင်မဟန်ကြွားတတ် တယ်ကွဲ့။တပည့်များ သတိထားကြနော်၊မသိတဲ့ လူတွေ ကိုသိတဲ့လူကလိမ်လို့ အလိမ်ခံရတာက တော်သေးတယ် ကွဲ့။မသိတဲ့ လူ မသိတဲ့ လူချင်း အလိမ်ခံရတာ အဆိုး ဆုံးဘဲနော်....ကောသလ မင်းကြီးက(ဆရာ ပုဏ္ဏား ဘယ်လို များ လုပ် စရာ အထူး ရှိပါ သလဲ)လို့ မေး တော့။(မှန်လှပါ လုပ်ရမဲ့ အရေးက အသက်ဘေးဆို

တော့နေ့းနေလို့မဖြစ်(သမ္ဗုသတ)ဆိုတဲ့ ယဇ်နတ်ပူဇော်ပွဲကြီးကိုပြုလုပ်ရပါလိမ့်မည်ဘုရား) တဲ့၊ မင်းကြီးကလဲနားမလည်တော့ (သမ္ဗုသတ) ယဇ်နတ်ပူဇော်ပွဲဆိုတာဘယ်လိုလုပ်ရပါသလဲလို့ မေး၊ မှန်လှပါဆိတ်တရာ-မြင်းတရာ-ဆိတ်မြန်မာ တရာ-ဆိတ်ကုလားတရာယောကျ်ားတရာမိမ္မတရာ-အကုန်လုံးတရာတရာစီတို့ရဲ့လည်ချောင်းသွေးနှင့်(ဗလိနတ်စာ)မြန့်ဗွာခကျွံးတာအရှင်မင်းကြီးရဲ့ သဘေးလွတ်နိုင်ကြောင်းပါ ဘုရားလို့ လျှောက်ထားလိုက်တော့၊ ကောသလမင်းကြီးရဲ့စိတ်ထားတော်တဲ့,ကွဲ၊ ( ဘယ်သူ သေသေငတေမာပြီးရော) ဆိုတဲ့ သဘောအတိုင်း။ သူ မသေချင်တာနဲ့ဒီပြင်သတ္တဝါတွေကိုပုရောဟိတ်ကြီးရဲ့သဘောအတိုင်းစီရင် စေဆိုတဲ့ အမိန့်တော်မြတ်ကို မှတ်လိုက်ပါရောကွယ် အမိန့်တော်ကျသည်နှင့် တပြိုင်နက်၊ ရှေ့တော်မှထတဲ့ခါ များစွာသောဆင်မြင်းကျွဲနွားလူသားး မကျန်ပူဇ္ဇာားကြီး အကောက်ဥာဏ်ကြောင့်၊ ထောက်မတန်ပူဆွေး၊ လက်မြှောက်ခါ ထို့ဤပြေးပြီးတော့။ အမယ်လေးငိုသံ၊ နန်းတော်ကြီးနှင့်တကွ၊ တတိုင်းပြည်လုံးဆူညံ့သွားတော့တာပေါ့။

ဒီတော့မှ မလ္လိကာ မိဖုရားကြီးက ဘာသံတွေပါလိမ့်မလဲလို့ လေသာပြူတင်းကို ဖွင့်ကြည့်တဲ့အခါ။ ဖြစ်ပျက်ပုံ အကြောင်းအရာတွေကို ကောင်းစွာသိလို၍မင်းကြီး၏ ထံပါး အမြန်သွားတဲ့ခါ၊ တိုင်းပြည်ကြီး



မသိသူက နားလည်သူကို လိမ်ထားသဖြင့် သတ္တဝါ
များကိုယဇ်နတ်ပူဇော်နေသည့်ပုံ

ဘယ်လိုဖြစ်ထာလဲ မောင်တော်ရဲ့ကိုး၊ ဒီတော့ကော
သလမင်းကြီးက (တော်ပါပေ ရဲ့ မိဖုယားကြီးရယ်၊ တ
ညဥ့်လုံး နှိပ်စက်လှသဖြင့် အိပ်စက်လို့မရ၊ မောင်
ဘုရားအသဲတွေ ပြာကျတော့မလို ဖြစ်နေတာ၊ ကျုပ်
နှမ မသိဘူးလား) တဲ့၊....ထားပါတော့အပြစ် နှမ
တော်မသိရိုးဖြစ်ပါတယ်။ စင်စစ် ဘယ်အကြောင်း
ပါလဲဘုရားတဲ့၊ ညဥ့်ကကြားရတဲ့၊ အသံကြီးလေးခွန်း
အတွက်၊ ပုရောဟိတ် ပုဏ္ဏားကြီး၏ လျှောက်ထား
ချက်နဲ့၊ ကိုယ့် အသက် ရှင်ဘို့ရာ သူများ တွေရဲ့ အ
သက် တမျိုးတမျိုးကိုတရာတရာစီ (ဘဗ္ဗသတ) ယဇ်
နတ်ပူဇော်ဘို့ရန်၊ စီမံကြောင်းကိုလဲ အမိန့်ရှိလိုက်ပါ
လေရော။မလ္လိကာ မိဖုယားကြီးက (အို–ဖြစ်မှဖြစ်ရ
လေတယ် မင်းကြီး ရယ်၊ အစားကြီး မိုက်ကား သ
လောက် မိုက်အား ကြီးလှချေရဲ့၊ ကိုယ့်အသက်သေ
ရမှာကြောက်သလို သူတကာတွေလဲ ကြောက်ရှာကြ
မှာဘဲလို့။ နဲနဲကလေးမှ ကိုယ်ချင်းမစာ၊ သူတကာ
တော့သေစေ၊ ကိုယ်တော့ အသက်ရှည်စေ၊ သူများ
ဆင်းရဲမှ၊ ကိုယ်ချမ်းသာမယ်ဆိုတဲ့ စကားမိန်းမတွက်
နဲ့များ တွက်ကြည့်စမ်းပါ အုံး၊ ကြာသမား လူမိုက်
ကြီးရဲ့တဲ့၊ ဘာမှ နားမလည်တဲ့ မင်းကြီးကို ဘယ်
လောက်မှ မသိတတ်တဲ့ ပုဏ္ဏားက လိမ်တာ၊ အို–ခု
လောက်များ။ အသိဉာဏ်တိမ်တာဖြင့်၊ထမိန်ကိုသာ
ခတ်နေပါတော့လို့ လက်ညှိုး ကောက် ကောက်ထိုး

ကာ၊ စိတ်ဆိုး မာန်ဆိုးနဲ့ ပြောလိုက်တော့၊ ကောသလမင်းကြီး မမာဝံ့ဘူးကွဲ့နော်။ ဘယ်မှာ မာဝံ့မလဲ မိဖုရားကြီးပြောတဲ့ အတိုင်း အသိဉာဏ်ကနဲ့တဲ့ အပြင် ကြာသမားလဲ ဖြစ်နေပြန်တယ်ဆိုတော့ အင်း—ကြာသမားတို့ထုံးစံက အမာစားမဟုတ်ဘူး အပျော့စားတွေကွဲ့၊ တပည့်များလဲ တွေ့ဘူးပါလိမ့်မယ်။ မယားနှစ်ယောက် သုံးယောက်နဲ့ လူတွေ လေ၊ အကြီးနဲ့တွေ့တော့တမျိုး၊ အလတ်နဲ့ဆုံပြန်တော့တဖုံ၊ အငယ်နဲ့ကြုံပြန်တော့တမျိုး ရှိနိုးရတာ တောင်းပန် ရတာ၊ မိုးကြိုးပစ် ဘုရားဂူး အို-စုံရော စုံရော။ တပည့်များ ကြားဘူးတွေ့ဘူးကြပါတယ်။ မသဒ္ဒီစရာ ပလီတာတွေ လေ၊ ယောက်ျားတန်မဲ့နဲ့ မိန်းမကို ရှိနိုး တောင်းပန် ရတယ်။ မိန်းမ မာန်သမျှ၊ ငုံ့ခံရတယ် ဆိုတာတွေ ဟာ၊အကျင့်ယုတ်မှုမမှန်လို့ ဖွင့်မထုတ် ဝန့်ဘဲ။ အငုံ့သားခံရတာတွေပေါ့ကွဲ့၊ ကြည့်စမ်း မိဖုရားကြီး မာန်လိုက်ထာတွေ တခွန်းမှ ပြန်မပြောဝန့်ဘူး၊ လေသံကလေးသဲ့သဲ့နဲ့ ကြာသမားများရဲ့ ဒေသနာအတိုင်းလေ— မိဖုယားရယ် မညာမတာ ရက်ရက်စက်စက် ဆိုရက်ပါပေတယ်-တဲ့။ ( အို-အသင်မင်းကြီး လုပ်ပုံကိုင်ပုံတွေဟာ၊ နေရာမှမကျဘဲ၊ မီးပုံကြီးရှို့ရက်သားနဲ့ ပိုးစုံးကြူးမှာ မီးညှိသလို၊ နို့တံ ကိုတော့ နို့မညှစ်၊ နွားမရဲ့ဦးချိုကို၊ နို့ညှစ်သလို၊လောကသုံးပါးမှာဖြစ်သမျှ အကြောင်းစုံကို အကုန်သိတတ်တဲ့ မြတ်



အသိတရားနည်းပါးတဲ့ မင်းကြီးကို မညိုကာဝမိဖုယား က
စည်းကမ်းတကျနည်းလမ်းပြ၍ဆုမ္မနေပုံ။

ဒွာဘုရားသခင် တပါးလုံး ရှိပါလျက်သားနဲ့။ ဘုရားကိုတော့ တော်ရာမှာ ချိတ်ထား။ ဝေံမေသုတံကိုမှ မကြားဘူးတဲ့၊ ကပ်မြှောင်ကပ်ပါး ဖော်လံဖါးပုဏ္ဏားရဲ့စကားကို၊ ယုံကြည်အားထားခြင်းအမှု အသင်မင်းကြီးပြုရက်ထာ နဲနဲပါးပါး လူလိုများ သိတတ်ရင်။ ရှက်စရာကောင်း လွန်းလို့ပါ မင်းကြီးရယ်လို့ ပြောလိုက်တော့မှ....

မင်းကြီးက ဘုရားနဲ့ ငါနဲ့မှ သိပ်ပြီး အကျွမ်းမဝင်ဘဲကိုတဲ့၊ ဘယ့်နဲ့လဲကွယ် တပည့်တို့၊မင်းကြီးပြောတဲ့ စကား ကြားရဲ့လား၊ အမိ ပွါယ် ကိုကော နားလည်ကြရဲ့လား၊ ဘုရားနဲ့ အကျွမ်း မဝင် တရားနဲ့ အကျွမ်းမဝင် သံဃာနဲ့ အကျွမ်း မဝင်သူ မှန်သမျှ ဘုရား၊တရား၊သံဃာ၊နားကို မကပ်ဝန့်ဘူး၊ကပ်လဲ မကပ်ချင်ကြဘူးကွဲ့ မင်းတို့ဖြစ်ပုံကို မင်းတို့ တွေးကြနော်၊ ငို့ဘယ်အနားမှာ မခွါဘဲ ကပ်နေသလဲ ဆိုတာ သိကြပြီပေါ့နော်၊အဲဒီတော့ မလ္လိကာ မိဖုရားကြီးက ဖမ်းတာဆီးတာတွေရပ်စေကာ မင်းကြီးရဲ့လက်ကိုဆွဲပြီး တခါထဲ ဘုရားကျောင်းတော်ကိုခေါ်သွားရှာသတဲ့ကွဲ့။

အင်း....( ရှေ့သွားခေါင်းဆောင် ) ဆိုတဲ့စကား တပည့်များ ကြားဘူးတယ်မို့လား ဘယ်နေရာဘယ်ကိစ္စ ဖြစ်ဖြစ်ပေါ့ကွယ်၊ ရှေးက သွား သူဟာ များသောအားဖြင့်၊ ခေါင်း ဆောင် ဘဲ ကွဲ၊ ဘုရားနဲ့ အ

ကျွမ်းဝင်အောင်လို့တဲ့ မိဖုယားကြီးက ခေါင်းဆောင်ရှာတယ်၊ အဲဒီနေရာမှာ တပည့်များ အထူးသတိထားဘို့က ဘုရားနား ကပ်နေရင် သူတော်ကောင်းဘဲလို့ အမြဲတန်းလဲ မှတ်မထားကြနဲ့၊ အိုးကွဲ့ လူကဲလဲခတ်ကြနော်.... အချို့က မင်းတို့ ခေတ်သုံးစကားလိုဆိုရင်။ ဘုရား, တရား, သံဃာ, တွေကို (လက်ကိုင်ဒုတ် ခုတုံး) လုပ်ပြီး သူတော်ကောင်းရုပ်ဆောင်နေတဲ့၊ အချောင်သမား လူရမ်းကားတွေနဲ့ မှားကုန်အိုး မယ်နော်.... ခုတုံးလက်ကိုင်ဒုတ်) လုပ်နေတာကတော့ ဘုရားဘဲ နို့ပေမဲ့ ဘုရားစကားကိုတော နဲနဲမှ နားမထောင်ရင် အဲဒါဟာ— အစားချောင်အောင်လုပ်နေတဲ့၊ အလကား အကောင်ယုတ်ဘဲလို့အသဲစွဲမှတ်ထားကွယ်၊တပည့်များရယ်။

မွန်းတည့်အချိန်၊ နေပူရှိန်ကြကြ ကျောင်းတော်ထဲကို၊ မင်းမိဖုယားနှစ်ပါး ဝင်သွားတယ် ဆိုရင်ဘဲ၊ ရင်တမိုမို အသဲတထိတ်ထိတ်နဲ့တည်ဥ္စလုံး အိပ်လို့မရနိုင်ဘဲ၊ သေရမှာကြောက်လှတဲ့၊ မယ်လှရဲ့ယောကျ်ားမောင်မောင်ဘက၊ ကေန္တ ငါကျောင်းမှာ ရှိတယ်ဆိုတာသိလို့များ ဘမ်းဆီးသတ်ဖြတ်ရအောင် လာလေရော့ သလားလို့ ကြောက်အားနဲ့ တွေးပြီး တော့၊ ခုတင်အောက်က ကွေးတဲ့ခါ၊ မျက်စေ့ ကလေး မပွင့်တပွင့်နဲ့ ချောင်းကြည့်နေသတဲ့ကွဲ့၊ ကောသလမင်းကြီးမှာလဲ ဘုရားရဲ့ ရှေ့တော်မှာ ခေါင်းမဖေါ်

ဝံ့ဘဲ၊ ချွေးလုံး ချွေးပေါက်ကြီး တွေက။ တရွှဲရွှဲကျ ခလာခလာ ပုဝါနဲ့ သုတ်နေရ တာပေါ့–အဲဒီတော့မှ မြတ်စွာဘုရားက၊ နေပူကြီး ကျဲကျဲမှာ အားနဲ့နွမ်းလျ ပင်ပန်းလှတဲ့ မျက်နှာနဲ့၊ ဘယ်ကိစ္စ လာခဲ့ တာလဲလို့ တကာတော် မင်းကြီးရဲ့လို့၊ မေးသော်လဲ ချွေးတွေ ကိုသာ တွင်တွင်သုတ်လို့ ခေါင်းမဖော်ဘဲ ငုတ်တုတ် ကြီးခံနေတော့တာပေါ့။

အဲဒီတော့မှ မလ္လိကာ မိဖုယားက၊ အရှင်ဘုရားရဲ့ တကာတော် ညကတုန်းက အိပ်မပျော်ဘဲ၊ မလျော်တဲ့ အသံကြီးတွေကြားရလို့၊ ပုရောဟိတ်ပုဏ္ဏားကို မေး တော့၊ မင်းကြီးရဲ့ အသက် ဘေးကို မြင်ပါတယ်။ မ သေချင်တာဖြင့်၊ လူတွေရော၊ တိရစ္ဆာန်တွေရော။ တ မျိုးတမျိုး ကိုတရာစီသတ်၊ လည်ချောင်း သွေးနဲ့၊ ယဇ် နတ်ပူဇော်ရမယ်လို့၊ လိမ်ပြောတဲ့စကားကို အဟုတ် မှတ်၊ လူတွေကိုသတ်မယ်လို့ ဖမ်းဆီး နေပါသဖြင့်။ ဟောဒီ မင်းကာလားမင်းရမ်း ကြီးကို၊ လျင်မြန်စွာ ရှေ့တော် မှောက်သို့၊ ဘုရားသမီးတော်က အရောက် ခေါ်ခဲ့ရ ကြောင်းပါဘုရားလို့ လျှောက်ထားတော့၊ သွီးတော်ရဲ့ လျှောက်စကားအမှန်ဘဲလားလို့ ဘုရား ကမေးတော့မှ၊ အသံတုန်တုန် ရှိရှိနဲ့။ မှန်လှပါတယ် ဘုရား:တဲ့၊ ကိုယ့်အသက် ကျတော့ ကြောက်လိုက် ထာ

တုန်နေသတဲ့၊ နဲနဲ ပါးပါးများ ကိုယ် ချင်းစာဘို့ ကောင်းကြပါသကွယ်။

ကိုင်းကိုင်း—ဘာသံ တွေကို ကြားသလဲလို့ ဘုရား က မေးတော့၊ မှန်လှပါ၊ အသံကြီး လေးသံ အတွက် ပဥ္စမကြားရတဲ့အသံက (၃) ဆိုတဲ့ အသံကြီးကို၊ ကြားရ ပါတယ်ဘုရားတဲ့။ အဲဒီလို လျှောက် ထားလိုက်ပါလေ ရော။ မြတ်စွာဘုရားက အို—ဒီအသံဟာ တကာတော် နဲ့လဲမဆိုင်၊ မိဖုယားတွေနဲ့လဲ မဆိုင်၊ တိုင်းသူ ပြည် သား တွေနဲ့ လဲမဆိုင် ဒီအသံ ကြောင့် တကာတော် မင်းမြတ်တို့မှာ ဘာမှမဖြစ်ဘူး၊ ဗာရာဏသီ ပြည်သား (ကြာသမား ဂေါင်နဲ့ကလေး) လေးယောက်.... ငရဲ ကျနေရတာ ကြောက်ပြီး။ စိတ် နောက် နောက် ဒိတ်ညစ်ညစ်နဲ့။ ငရဲအိုးနှုတ်ခမ်းကနေပြီးတော့၊ အော် ဟစ်လိုက်တဲ့ အသံပါမင်းကြီးရဲ့လို့ မိန့်လိုက်တော့မှ၊ သက်သာရာကလေးရကာသူတို့ဖြစ်ပုံကိုသိပါရစေ.... ဘုရားတဲ့၊

အေး-အေး-ရှေးအခါ ငါရဲ့ နောင်တော်ကဿပ ဘုရားလက်ထက်က။ နောက်ပါ သံဃာ နှစ်သောင်း နဲ့ ဒေသစာရီ ကြွချီတော်မူရာ။ ဗာရာဏသီ ပြည်ကို ရောက်သွားတော့၊ မြို့သူမြို့သားတွေက၊ သောက်.... သောက်လဲရော့ပေါ့၊ လှူကြတန်းကြတာ တချို့ကသီလ ဆောက်တည်၊ တချို့က ....ဘာဝနာပွား တရားနာ ကြပေါ့၊ အဲဒီမြို့ထဲမှာဘဲ ကုဋေလေးဆယ်စီ ချမ်းသာ



ကောသလမင်းကြီး၏အမှားအယွင်းတွေကိုဘုရားရှင်က
ရှင်းပြ ဆုမ္မတော်မူနေပုံ။

ကြတဲ့၊ သူဌေးသားလေးယောက်က အချင်းချင်း တွေ့ဆုံစည်းဝေးကာ၊ တယောက်သော သူဌေးသားက မိတ်ဆွေတို့ – ယခုကြွလာတဲ့ ကဿပ ဘုရားနဲ့ နှစ်သောင်းသော သံဃာတော်တို့အား သူများတွေလို ဒို့လဲ လှူဒါန်းပေးကမ်းခါ၊ သီလဆောက်တည် ....၊ ဘာဝနာပွါး၊တရားနာကြရရင် မကောင်းဘူးလားလို့ တိုင်ပင်သော်လဲ တယောက်မှအင်းမလိုက်ဘဲ၊ နောက်တယောက်က အကောင်းဆုံးအရက်နဲ့။ အသားကြော်အသဲကြော်–အမဲကြော် ရှရှကလေး နေ့ညမပြတ်လွေးနေကြဗို့-တဲ့။

နောက်တယောက်ကတော့၊ ကောင်းနိုးရာရာ ပိုးဖဲကတ္တီပါ တွေကို၊ ညီညာဝတ်ဆင်၊အကောင်းဆုံးသောအစာအာဟာရတွေကို နေ့ည မပြတ်စား။ ပျော်ပါးနေရရင်မကောင်းဘူးလားတဲ့....၊ နောက်တယောက်ကတော့ သောက်လဲသောက် စားလဲစား သဘောကျတဲ့အချောအလှ ပတ္တမြားကလေးတွေကို ပိုက်ဆံနဲ့ မျှားပြီးတော့၊ နေ့ညမပြတ်။ ဂေါဇာတ်ခင်းလို့၊ ကမြင်းချင်တိုင်း ကမြင်း၊ ပျော်ချင်တိုင်း ပျော်ကြရရင်။ အတော်ဆုံးဘဲလို့ ပြောလိုက်တော့ လေးယောက်စလုံး သဘောကျကာ။ အဟော ဝတ သာဓုလို့ သုံးကြိမ်တိုင်ပတ္ထနာပြုကာ၊ အဲဒီမသမာမှုတွေနဲ့ နေကြသဖြင့်၊သေရတဲ့နောက်အခါတွင်၊ ကြောက်စရာဒုက္ခ၊ အဝီစိငရဲသို့ကျ၊အဲဒီက လွတ်လာ ကံကြွင်းက မကုန်ပါ၍၊ယူဇနာ

ခြောက်ဆယ်အစောက်ရှိတဲ့ လောဟကုမ္ဘိ သံရည်ပူငရဲမှာ အနှစ်သုံးသောင်းပတ်လုံး မြုပ်သွား ငရဲအိုးဖင် ၊ ရောက်ပြီး ပြန်တက်လာ၊ အနှစ်သုံးသောင်း ကြာလို့ ငရဲအိုး အဝရောက် ကြောက်လွန်းလို့ သတိရ သဖြင့် (၃) ဆိုတဲ့စကားရဲ့ လိုရင်းပြောလိုတာက....
ဒုဇ္ဇီဝိတ မဇီဝိမှ၊ ယေသံနော န ဒ ဒါ မသေ၊
ဝိဇ္ဇမာနေသု ဘောဂေသု၊ဒိပံနကမှ မတ္တနော။
တဲ့....။

အနက်။ ။ယေသံနော၊ ခင်မင် ပေါင်းသင်း ဆက်ဆံခြင်းဖြင့်၊ ထင်လင်းလေငြား - အကြင် လေး ယောက်သော ငါတို့အား။ ဘောဂေသု၊ ကုဋေလေး ဆယ်ငွေးကြွယ်လှစွာ၊ များသောပစ္စည်းဥစ္စာတို့သည်။ ဝိဇ္ဇမာနေသု၊ ထင်ရှားပြည့်စုံရှိပါကုန်လျက်။ နဒဒါ မသေ၊ အမြင်ဥာဏ်မွဲ၊ အမှန်လွဲ၍၊ နဲနဲကလေးမှ၊ မပေးမလှူခဲ့မိကုန်။ အတ္တနော၊မိမိ၏။ ဒိပံ၊ကျွန်းကြီး သဖွယ် မှီတွယ်စရာများစွာကောင်းကျိုး ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်မျိုးကို။နကမှ၊အတော်မိုက်မှား အပျော်လိုက်စားတဲ့ ဂေါ်ကြိုက် သမားတွေမို့ တရွေး သားကလေးမှ မပြုမိခဲ့ကြကုန်။တေမယံ၊ထိုငါတို့သည်၊ ဒုဇ္ဇီဝိတံ၊ ရဲရဲထိန်ထိန် ဆူမငြိမ်ဘဲ ပူရှိန်ထန်ပြင်း.... မကောင်းသောအသက်ရှည်ခြင်းကို။ အဇီဝိမှ၊ မပျက် တစေ အခက်ပွေ၍သက်ရှည်နှစ်ကြာဖြစ်ခဲ့ရလေကုန်ပြီ တကား။ ။

ရှစ်လုံးဘွဲ့ဒေသနာ

ကုဋေလေးဆယ်၊ ဌေးကြွယ်တို့မှာ၊
တဏှာမိုက်မှား၊ လိုက်စားလို့သာ၊
ကုသိုလ်စုရ၊ မပြုချို့လာ၊
မ္ဘီငရဲ၊ ရှည်မြဲပါလို့ကြာ။ ။

ကုဋေ လေးဆယ် ဌေးကြွယ်ဘိဂြား။ အို....လေး ယောက်သော သူဌေးသားတို့၊ ငါတို့....မှားခဲ့ချေပြီ။ မိမိတို့၏ အားထားရာဖြစ်သော ဒါန,သီလ,ဘာဝနာ တို့ကို မပြုမလုပ်ကြဘဲ၊ လွဲမှားစုတ်ချာ၊ ယုတ်မာသမှု၊ ပရဒါရကံတွေ-ပြုမိလို့ ယခုကဲ့သို့၊ သံပူငရဲအိုးမှာ- စောက်ထိုးမိုးမြှော် အသက်ရှည်၍ နေကြရပြီ....။ အဆွေတော်တို့လို အော်လိုက်တဲ့ အသံသာ ဖြစ်တယ်၊ အသင်မင်းကြီးနဲ့ တစုံတရာမျှ မသက်ဆိုင်ပေဘူး။ ကိုင်း....နောက်တသံက၊ဘယ်လိုတဲ့လဲလို့ မေးတော် မူပြန်တော့။ မှန်လှပါ (သ) ဆိုတဲ့ အသံကြီးဖြစ်ပါ တယ်ဘုရားတဲ့၊ အေးအေး (သ) ဆိုဒါက၊ ဟောဒီလို ဒါယကာတော် မင်းကြီးရဲ့....

သဋ္ဌိဝဿ သဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေပစ္စမာနာနံ၊ကဒါအန္တော ဘဝိဿတိ။ တဲ့။

အနက်။ ။နိရယေ၊သံပူရေကျက်၊ ပွက်ပွက်ဆူသဲ လောဟကုမ္ဘီငရဲ အိုးကြီးထဲ၌။ သဗ္ဗသော။ နေ့ညဉ့် မပြတ်၊ တလစပ်ဖြင့်၊ ထပ်ခါထပ်ခါမလပ်ပါဘဲ....။ ပစ္စမာနာနံ၊ မြုပ်တုံ ပေါ်တုံ ဖြစ်ရကုန်သော ငါ

တို့အား။သ ဠ ဝ ဿ သ ဟ ဿာနို၊ နေ့-လ-ရက်-နှစ် သက္ကရာဇ်ကို တွက်စစ် ရောက်ကြောင်း။ နှစ်-ခြောက် သောင်းတို့သည်။ ပရိပုဏ္ဏာနို၊ ပြည့်ခဲ့လေကုန်ပြီ....။ ကဒါ၊ ဘယ်ချိန်ကာလ ဘယ်တော့လောက်ကျကာမှ၊ အန္တော၊ သံပူရေထဲ ငါ့ရဲမှ လွတ်လွဲပျက်ပြုန်းရက် အဆုံးသည်။ ဘဝိဿတိ၊ ဖြစ်ပါချေတော့ အံ့နည်း။ ဘဝိဿတိ၊ ဘယ်သောအခါမှ ဤငြာနက၊ မုချမသွေ လွတ်ရပါချေတော့အံ့နည်း။

ရှစ်လုံးဘွဲ့ဒေသနာ

သံရေပူကျဲ၊ ငရဲဤရွာ၊
တည်လာရောက်ကြောင်း၊ ခြောက်သောင်းရှည်ကြာ၊
ဘယ်တော့များမှ၊ လွတ်ပြေးမည်သာ၊
လေးယောက်တွဲ၊ ရောက်လဲအညီပါ။

လောဟကုမ္ဘီ အမည်ရှိတဲ့ သံရေပူ ငရဲမှာ အမြဲ တမ်းမြုပ်တုံပေါ်တုံနှင့် ခံခဲ့ရတာ၊အနှစ်ပေါင်း.... ခြောက်သောင်းရှိချေပြီ။ ဘယ်တော့များမှ ဤငရဲက လွတ်ရပါ့မလဲလို့ကျော်ကွဲဝမ်းနည်းစွာညည်းညူ အော် ဟစ်လိုက်တဲ့ အသံသာဖြစ်တယ်။ ဒါယကာမင်းကြီးနဲ့ ဘယ်လိုမှမသက်ဆိုင်ပါကလား။

ကိုင်း....နောက်တခွန်းက ဘာတဲ့လဲလျှောက်ထား စမ်းပါအုံးဆိုတော့ မှန်လှပါ (န) ဆိုတဲ့ အသံကြီးပါ ဘုရားတဲ့၊ အေးအေး အဲဒီ(န)ရဲ့ဆိုလိုရင်းကတော့-

နတ္ထိအဇ္ဈတ္တာ ကုဇောအဇ္ဈတ္တာ၊
နအဇ္ဈတ္တာ ပဋိဒိဿတိ၊
တဒါဟိ ပကတိပါပံ၊
မမတုယှဥ္စမာရိ သ....တဲ့–

အနက်။ မာရိသ။ ခနလုံလောက်။ မ–ဂုဏ်မောက်၍၊ ရှက်ကြောက်ကင်းကွာ၊ ကမြင်းလာခြား၊ သဟာများတို့။ တဒါ၊လေးဆယ်ကုဋေ၊ ဋွေးကြွယ်ပေ၍၊ ရွှေငွေအလုံး၊ ရေတွေဖြုန်းသလို၊ သုံးချင်တိုင်းသာသုံး၍၊လာကြ ထိုသူဌေးသားဖြစ်သော အခါကာလ၌။ ပကတိ၊ ယုတ်မာသမှု သူတပါး၏ သားမယားတွေကို၊ ယုတ်ယုတ်မာမာပြုခဲ့သော၊။ ပါပံ၊ ၎င်းအစုမကောင်းမှုသည်။ မမစ၊ ငါ့အား၎င်း။တုယှဥ္စ၊ သင့်အား၎င်း။ အဇ္ဈတ္တာ၊ ဤသည့်ငရဲ။ဤဝဋ်ထဲက၊လွတ်လွှဲရှုန်းထွက်၊ အဆုံးရက်သည်၊ နတ္ထိ၊ မရှိပြီ။ အဇ္ဈတ္တာ၊ လွတ်ရန်တွက်ကျုံး၊ လွတ်ရက်အဆုံးသည်။ ကုဇော အတ္ထိ၊ မဖွယ်မရာ တာတွေကို တကယ် မသမာမိတာကြောင့်၊ ဟောဒီ.... လောဟကုမ္ဘီ ငရဲအိုးကြီးထဲက လွတ်ဘို့ရာ၊ အ ဘယ် မှာ ရှိပါ ချေ တော့ အံ့နည်း။ အဇ္ဈတ္တာ၊ ဘယ်နှစ်ဘယ်ခါ ဘယ်ကမ္ဘာဟု လွယ်စွာတွက်ကျုံး၊လွတ်ရက်အဆုံးသည်။ နပဋိဒိဿတိ၊ မသိမထင် မမြင်နိုင်၊ နပဋိဒိဿတိ၊ မလျော် – ကာမေ၊ လော်မာမိကြတဲ့၊ ဂေါ်ဆရာတွေ မြော် ကာ ကြည့်ကြ

ပါအုံးဘယ်ထိအောင် ဒုက္ခများမယ်လို့၊ ထင်ရှားစွာ မသိမမြင်၊ မထင်နိုင်ကြလေတော့သတည်း။

ရှစ်လုံးဘွဲ့ဒေသနာ

မှူးယစ်သောက်စား၊မှောက်မှားပျော်ကာ၊
ဒို့လေးယောက်သား၊ပေါက်ပြားလော်မာ၊
ဉာဝဋ်ထဲက၊လွတ်လွှဲပေါ်ရာ၊
ရက်အဆုံး၊တွက်နှုန်းမမြော်သာ။

ကိုယ်ဟန် ကြော့ကြော့ ခေါင်း က လေး တွေ တ မော့မော့နှင့်အတော့ကို— မိုက်ရူးရဲ လုပ်လာ ခဲ့ကြတဲ့၊ အပေါင်းအသင်း သူငယ်ချင်းတို့၊ ထင်သလို ကမြင်းခဲ့ မိတဲ့၊ အကုသိုလ်တရားတွေဟာ၊ ငါနှင့်တကွ အသင်တို့ တတွေပါ၊ သံပူရေကျဲ- ဉာဝဋ်ငရဲက၊ လွတ်လွှဲဘို့မြင်ကြ သေးရဲ့လား။ ငါတော့ဖြင့် လွတ် ဘို့ရက်ကို တွက် ဆ လို့မရတော့ဘူးသူငယ်ချင်းတို့လို့ညည်းညူအော်ဟစ် လိုက်တဲ့အသံပါကလား။ ဒါယကာတော် မင်းမြတ်နဲ့ ဘယ်လိုနည်းမှ မစပ်ပါဘူး၊ ကိုင်း-ဆိုပါအုံး နောက် ဘခွန်းက ဘယ်လို ကြားပြန်သလဲ၊ မှန်လှပါ၊ နောက် ဆုံးစကားကြားရတဲ့အသံက(သော) ဆိုတဲ့ အသံဖြစ် ပါတယ်ဘုရား တဲ့—အေးအေး အဲဒီ(သော)ဆိုတဲ့စ ကားသံရဲ့ အဓိပ္ပါယ်ဆိုလိုရင်းကတော့၊

သောဟံ နုနုဇူတော ဂတ္တိဉ္စ၊ ယောနိ လဒ္ဓါနမာနုသိံ၊ ဝဒညူသီလသမ္ပန္နော၊ ကာဟာမိ ကုသလံဗဟုံ....တဲ့။

အနက်။ ။သောအဟံ၊ ကာမဂုဏ် ငွေ့ အာရုံ လေ့ကို နေ့စဉ်လိုက်စား။ စရိုက်များနှင့်၊ မိုက်မှား၍လာ၊ ထိုသည့်ငါသည်။ ဇူတော၊ အမြဲမပျက်၊ကျွက်ကျွက်ဆူဝေ၊ သံပူရေထဲ၊ ဤငရဲမှ။ ဂတ္တိဉ္စ၊ အချိန်စေ့ ပြေး၊ လွတ်ခါသွား၍။ မာနုသိံ ယောနိံ၊ လူတို့နေရာ လူတို့ရွာ၌။ လူသာဖြစ်ဘိ၊ လူဇာတိကို။ လဒ္ဓါ။ ကံကောင်းထောက်မ၊ တကယ်လို့များရခဲ့သည် ရှိသော်။ ငါသာတဖန်၊ လူပြန်၍ ဖြစ်ပါက။ ဝဒညူ၊ လှူခံရှင်များစဉ်တရားကို၊ သင်ကြားပကတိ၊ ထင်ရှားသိသည်ဖြစ်၍၊ သီလသမ္ပန္နော၊ အခွင့်ညီစွ၊ ကျင့်သီလနှင့်၊ တည်မျှဘိတုံ၊ပြီးပြည့်စုံလျက်၊ ကုသလံ၊ ဒါန သီလ စသည်ပေါင်းစု မြတ်ကောင်းမှုကို၊ ဗဟုံ၊ များများကြီး နေ့စဉ်မပြတ်၊ ထပ်ခါထပ်ခါ။ အကြိမ်များစွာ၊ ကာဟာမိနုန၊ ပြုလိုက်ပါတော့အံ့၊ ကာ ဟာ မိ နိစ္စပါတ်ပဲ- ဝတ်ကိုစွဲ၍၊ အမြဲတမ်း ပြုလိုက်ပါတော့ အံ့သတည်း........တဲ့။

ရှစ်လုံးဘွဲ့ ဒေသနာ

တကယ်လို့များ၊ လွတ်ပြေးသည်ခါ၊
လူ့ဘဝမျိုး၊ ရနိုးတည်လာ၊
သူတော်ကြိုက်များ၊ လိုက်စားညီညာ၊
ကုသိုလ်မျိုး၊ စိုက်ပျိုးအတည်ပါ။

ကာမဂုဏ်အမိုက်တရားတွေကို လိုက်စားမိတဲ့ ငါ-ဟာ၊ ဟောဒီလောဟကုမ္ဘိငရဲက၊ ကျွတ်လွတ်ခွင့်ရပြီးတော့ လူတွေနေတဲ့နေရာမှာ၊ လူသာပြန်၍ ဖြစ်ရတာဖြင့်၊ ပညာရှိ အလှူခံ၊ သူတော်ကောင်းတွေ၊ ဟောပြော ဆုမ္မတဲ့စကားကိုနားထောင်ခါ၊ ကိုယ်ကျင့်သီလမြဲစွဲစွာနှင့်၊ ဒါန, သီလ အစရှိသော ကောင်းမှုတွေကိုတနေ့ကမှ မလပ်၊မရပ်မနား၊ များများကြီးပြုလုပ်လိုက်မယ်လို့၊ ဟစ်အော်ကြွေးကြော်လိုတဲ့ အသံဖြစ်တယ်။ အဲဒီထိအောင် အသုံးမလုပ်နိုင်ဘဲ၊ ငရဲအိုးကြီးထဲကို ပြန်ပြီး နစ်မြုပ်သွားရခြင်း ဖြစ်တယ်။ တကာတော်နဲ့ ဘယ်လိုမှမဆိုင်ပါကလား။ ကြာသမားဂေါ်ငနဲတို့၏အတော်လွဲတဲ့၊အပြစ်ယုတ်တွေကို၊ ဟစ်ထုတ်ခါကြွေးကြော်ခြင်းသာ ဖြစ်တယ်။ တကာတော်ရဲ့လို့အမိန့်ရှိတော့ကမှ၊ ကာမဂုဏ်ရဲ့ အပြစ်တွေသိပြီး သတိရကာ ဩော်.... ရှုံးခြင်းကြီး ရှုံးလေစွ၊ ဘုရားတဆူ ခြားလို့တောင်မှ၊ အပါယ် လေးပါးကမလွတ်နိုင်သေးပါ ကလား၊ ငါသည်၍ယနေ့ ၍အချိန်ကမှစ၍ ကြာသမား ဂေါ်အလုပ်။မီးခွက်မှုတ် အကျင့်မျိုးတွေကို၊ ပယ်ချိုးဖြတ်တောက်တော့အံ့ဟု မိမိစိတ်ကို မိမိဆုံးဖြတ်ခါ၊ နှလုံးဓာတ်ကြည်ရွှင်စွာဖြင့်သာယာဝမ်းမြောက်သော မျက်နှာနှင့်၊ ဘုန်းတော်အလွန်ကြီးမြတ်သော မြတ် စွာဘုရား၊ အဆုံးအမ စကားတို့ကို မှတ်သားကာ နာယူရပါသဖြင့် နေ့ညမ

ယုတ်၊ သူတော်ကောင်း တရားကို ကြိုးစား၍၊ အား ထုတ်ပါတော့မယ်လို့ လျှောက် ထားခါ နန်းတော် သို့ ပြန်သွားရှာသတဲ့၊ မောင်မောင်ဘနှင့်တကွ များ စွာသော လူ အပေါင်း တို့မှာ လဲ၊ သေရမဲ့ ဘေးမှ သက်သာရာရကြသပေါ့ကွယ်။

အားလုံးကုန်သော တိုင်းသူပြည်သား တပည့်များ တို့၊ စဉ်စားဥာဏ် ကိုယ်စီထားကြပေတော့၊ ဒီတုန်း က မလ္လိကာ မိဖုယားသာ မရှိရင် သေကြေပျက်စီး လိုက်ကြမှာတွေ သောက်သောက်လဲ ရောပေါ့ ကွယ်။ စိုးရိမ် ကြောင့်ကြ ဘေးဟူသမျှ တွေ့ရတဲ့၊ ဒုက္ခတွေ ဟာ၊ သမုဒယသစ္စာက ဖြစ်လာတဲ့၊ အနိုးအငွေ့တွေဘဲ လို့ (ကာမတော ဇာယတေ သော ကော၊ ကာမ တောဇာယတေ ဘယံ)တဲ့ကွယ်။ ကာမတော၊ ငါး ကာမ ဂုဏ် မှားအာ ရုံကို၊ ခုံမင်လိုက်စား၊ ပြုလေ အား ကြောင့်။ သောကော၊ ဘဝင်ခုံဟိုက်၊ ရင်တုန် လှိုက်အောင်၊ လောင် မြိုက်ဖိစီး သောကမီး သည်၊ ( စိုးရိမ်ကာညိုးမှိန်တဲ့မီးသည် ) ဇာယတေ၊ အိပ်မ ပျော်၊ စားမဝင် အမှားတွင် လက်စ မသတ်နိုင်ဘဲ၊ မပြတ်တမ်း ဖြစ်ပေါ်၍ လာ လေ၏။ ကာမတော၊ ကာမ ဂုဏ်ငါး အာရုံ များကို လိုက်စားပျော်မွေ့ နေရှာလေ့ကြောင့်။ ဘယံ ၊လောကသံသာ၊ နှစ်ဖြာ ဘေးဆိုး၊ ဘေးအမျိုးသည်။ ဇာယတေ၊ စိတ်သာချ တော့ဒီ ဌဖြစ်ရိုးမှန်တော့ သည်သာ တည်း။တဲ့ကွယ်။

ဘေးတွေတော့မှ သတိရကြပေမဲ့ ပိုနေတော့တာ ပေါ့ တပည့်တို့ရဲ့၊ သို့သော်လဲ သတိမရတဲ့ သတ္တဝါ တွေနဲ့စာရင်တော့ တော်ပါသေးရဲ့၊ အေး....ဒု– သ–န–သော––တို့သတိရတယ် ဆိုတာက၊ အမျိုးနဲ့ အတန်း အစားကလေး ကောင်းကြလို့ အထက်တန်း စား သူဌေးတွေမို့၊ မှားမှို တာကို၊ မှားတယ်လို့ သ တိရကြတာဘဲကွဲ့မှတ်ထားကြနော်၊ မျိုးကလဲညံ့ပြန်၊ အုင်္ကြား မြက် ပေါက်၊ သူမျှား တကာ ရဲ့ လက် အောက်ကလဲဘဲ၊ ဖြစ်ပြန်ဆိုတဲ့ သတ္တဝါ မျိုးတွေကျ တော့၊ ဘယ်တော့မှ သတိမရ နိုင်တော့ဘူး မောင်တို့၊ ဟော ကောသလ မင်းကြီးမှာလဲ မလ္လိကာ မိဖုယား ကြီးက အဆွဲကောင်းပေလို့ပေါ့ကွယ်၊ အဲဒါကြောင့် သူတော်ကောင်းပညာရှိ အကျိုးအကြောင်း သိတတ် သူတွေနဲ့ ကြည်ဖြူ နှစ်သက်စွာ ပေါင်းသင်း ဆည်း ကပ်ကြရမယ်။ အင်းစကားစပ်မိလို့ ပြောရအုံးမယ်။ စာမတတ်ဘဲနဲ့ကိုယ်ချင်းစာတတ်ပုံကလေးကွယ်။

သီဟိုဠ်ကျွန်းမှာနေကြတဲ့၊ မုဆိုးမ သားအမိသုံး ယောက်လေ၊ သားကြီးက မဟာစတ္တုလတဲ့ကွဲ့၊ သား ငယ်က စူဠစတ္တုလတဲ့၊ တနေ့တော့၊ အမိ အိုကြီးမှာ သည်းထန်လှသော ဝေဒနာ နှိပ်စက်လာသဖြင့်၊ ထို ရောဂါ ဝေဒနာ သက် သာရန် ဆရာမျှားက ယုန် သား ကို ဓါတ်စာ ပေးသတဲ့၊ ဒီတော့ အစ် ကိုကြီး မဟာစတ္တုလက၊ ညီငယ် စူဠစတ္တုလကို ယုန်ရှာနိုင်းသ

ဖြင့်၊ တောကို သွားပြီး ယုန်ရှာလို့ ယုန်ကလေးတကောင်ကို မိပါ ရော၊ မိသည် နှင့် တပြိုင် နက်ဘဲ ယုန်ကလေးက၊ ဗုဒ္ဓစက္ကူလ၏ မျက်နှာကို စိစိ ကြည့်တဲ့ခါ ကြောက် လှသော အမူ အရာဖြင့်၊ များစွာ ရုန်း ကန် အော်ဟစ်သတဲ့ကွဲ့။

ဒီ အခါမှာ ဗုဒ္ဓစက္ကူလလေး သဘော ပေါက်ပုံက ဩော်-သေကြရမဲ့ဘေးဆိုတော့ အသက် ရှိသူမှန်သမျှ ကြောက်ကြတာချည်းပါဘဲကလား၊ငါ့ အမေလဲသေရမှာကို ကြောက်ရှာတယ်၊ ငါလဲဘဲကြောက်တယ်၊ယုန်ကလေးလဲ ကြောက်ရှာတယ်၊ကြောက်ထာခြင်း အတူကူဟာ လူကိုတော့အသက်ရှင်စေ၊ တိရစ္ဆာန်ကိုတော့ သေစေဆိုတာ မဟုတ်သေးပါဘူး၊ ဒီသဘောတွေဟာ ကိုယ်ချင်းစာတရား တရွေးသားမျှ မရှိသော သူတို့၏ တဘက်သတ် အဆုံး အဖြတ် ကြီးပါကလား၊ကဲကဲ.... သွားပေတော့ မောင်ရွှေယုန်ရယ်၊ အမေ့အတွက်မှာ သူ့ကံနဲ့သူ့အကြောင်းဘဲသေလိုလဲသေ၊ ရှင်လိုလဲရှင် ဆိုပြီး ယုန်ကလေးကို လွှတ်ခါ၊အိမ်ကိုပြန်သွားရှာပါလေရော။

အစ်ကိုလုပ်သူကအိမ်ရှေ့ကမြော်၊ညီလေးလဲပေါ်လာရော၊ ဘယ့်နှယ်လဲ ဟေ့ မရဘူးလားလို့မေးတော့ သူတွေးမိတဲ့....အတိုင်း ယုန်ကလေးကို လွှတ်ပစ်ခဲ့တဲ့ အကြောင်းလဲ ပြောပါလေရော၊ အစ်ကိုကြီးက ဒေါပွကာ သေပေတော့ကွာဆိုပြီး၊ရိုက်ရအောင်အလိုက်၊



လူကိုတော့အသက်ရှင်စေ တိရစ္ဆာန်ကိုတော့သေစေ

ဆိုတာ၊ သင့်မသင့်ကိုယ်ချင်းစာတတ်ပုံ။

ကိုယ်ချင်းစာကြပါ

လူမမာ အမေအိုကြီးရဲ့ ရင်ခွင်ထဲ ကိုခေါင်းဆိုက်ခါနေ တော့ကာ အမေတို့ရဲ့ မေတ္တာကွဲနှော်၊ငါ့သားကလေး ကို မင်းမရှိက်ပါနဲ့တဲ့၊ဒီတော့မှသားငယ်ရှုဋ္ဌစက္ကလက ငုတ်တုတ် ထထိုင်တဲ့ခါ သစ္စာ ဆိုပုံကလေးကွယ်....၊ အကျွန်ုပ်သည် လူမှန်းသိသည့်အချိန်ကစ၍၊သူတပါး၏ အသက်ကိုမသတ်ဘူးပါ၊ သူတပါး၏ဥစ္စာကိုဝါးခြမ်း တစိတ်မျှမခိုးယူဘူးပါ၊ သူ့သား အိမ်ရာကိုမကျူးလွန် ဘူးပါ၊မဟုတ် မတရား ဝါကြွားလိမ်လည်၍ မပြော ဘူးပါ၊ ယစ်မူးစေတတ်သော သေအရက် တို့ကို.... မသောက်စားဘူးပါ၊ ဤသစ္စာစကား မှန်ခဲ့သော် မိခင်၏ ကိုယ်တွင်း ကိုယ်ပရှိ ရောဂါ ဟူသမျှတို့သည်၊ အမြန်ဆုံးပျောက်ကင်း သက်သာရာ ရပါစေသားဆိုပြီး လက်ကလေးနှင့် မိခင်ကိုယ်ကိုသပ်ပေးတာနှင့် ပျောက် ကင်းချမ်းသာရာရသတဲ့ကွဲ့- တပည့်တို့ရဲ့။

ဘယ့်နှယ်လဲကွယ် ကိုချင်းစာတတ်နိုင်ဘို့ရာ တော် တော် ကလေးများသဘော ပေါက်ကြပါရဲ့ လား၊ သူတကာတွေသေမှ ကိုယ်အသက်ရှေရမယ်၊ သူများတ တွေမွဲမှ ကိုယ်ချမ်းသာရမယ်၊သူများ တတွေ မျက်ရေ ကျမှ ကိုယ်ပျော်ရမယ်ဆိုတဲ့ ကိစ္စတွေဟာ၊ဘယ်လိုအ စားဘယ်ဘုရားတွေကများမင်းတို့တတွေကို၊မဟုတ်က ဟုတ်ကမြွက်ပေးထားကြပါလိမ့်မလဲ၊ဘုရား ကိုမဆို ထားနဲ့ဈေးဝမှာ ကျောက်သင်ပုန်းကလေးတချပ်နဲ့၊ ဗေဒင်ဟောစားတဲ့ ဗေဒင်ဆရာများတောင်၊ သူများ

အသက်သတ်ပြီး ယဇ်နတ်ပူဇော်ရမယ်၊ သူ့ဥစ္စာကို ခိုးယူတိုက်ခိုက် နိုင်ထက်စီးနင်း အတင်းအဓမ္မ သိမ်းယူရမယ်၊ သူ့သားမယားတွေနဲ့ ဖေါက်ပြားကြူးလွန်ရမယ်။ မဟုတ် မမှန်ကြံဖန်လိမ်လည်ပြောရမယ်၊ သေအရက်ကိုနေ့ထွက်နေ့ဝင်နေ့စဉ်သောက်ရမယ်၊ ဒီလို လုပ်ကမှ ကျွန်မင်းတို့အသက်ရှေ၊စီးပွါးတွေတက်လိမ့်မယ်လို့ မဟောပါဘူးကွယ်၊ ငါး သက်စေ့ လွှတ် တံတားခင်း၊ ညောင်ထောက်၊ ရေအိုးစင်တယ်၊ ဘုရားကိုးဆူ ဆွမ်းကပ်၊ အရပ်ရပ် ကုသိုလ်တွေပွါး၊ ဘုရားမှာ မှီးထွန်းနဲ့၊ ကောင်းတာတွေအပြစ်ကင်းတာတွေကိုသာ တိုက်တွန်းကြပါတယ်။

အေး....ဒါကြောင့် တိုင်းသူပြည်သား လူအများတွေ လူလိုသိစေ ချင်လွန်းလို့ (လူလိုသိပါ ကိုယ်ချင်းစာ) ဆိုတဲ့ ဒီစာအုပ်ကိုရေးထုတ်ဝေငှခြင်းပြုလိုက်ထားဘဲကွယ်။ သို့သော်အမျိုးကအောက်တန်းစားအုန်ကြွားမြက်ပေါက်တွေကတော့ အကောင်းကို လက်ညှိုးထိုးပြသလိုနေမှာဘဲ ဒီစာအုပ်က လူလိုသိတတ်တဲ့ သူများရဲ့အတွက်သာ ဖြစ်သ ကိုကွဲ။

## လေးလေးစားစား မှတ်

ကိုယ်ချင်းစာတရားမရှိတဲ့နေ့ဟာ၊ တအိမ်လုံးတမျိုးသားလုံး၊အမှန် ပျက်စီးပြီလို့သာ မှတ်လိုက် ပေတော့ကွယ်။ ကိုယ်ချင်းစာတရားကို လူတိုင်းလက်ကိုင်ထားတဲ့

နေ့ဟာ၊ ကိုယ်ကစပြီးတော့ တကမ္ဘာလုံး ကောင်းစား ပြီးကြီးပွါးချမ်းသာပြီဆိုတာ ဗေဒင်တွေ မေးမနေနဲ့ တွေးမနေနဲ့တော့၊ တထစ်ချသာ မှတ်လိုက်ကွယ်၊-အေး ဒါကြောင့်၊ ခုတင်ကဘာဘုရားကြီးရဲ့ မဟာကရုဏာအာ မခံတော်ကြီးကဘာတဲ့ကွယ်။

အနာထာန်၊ ညှိုးငယ်စွာနဲ့၊ ကိုးကွယ်ရာမဲ့နေကြတဲ့ သတ္တဝါ၏။ နာထောစ၊ မညှိုးငယ်ပါနဲ့၊ ဟော....သည် မှာငါရှိတယ်၊ မင်းတို့ကိုးကွယ်ပါလှဲ့လို့၊ တကဲ့ကို အာမ ခံရှိတော်မူတဲ့ မြတ်စွာဘုရားလို့ ဆိုလိုက်တယ်မို့လား၊ ကိုးကွယ်လှဲ့ကြဆိုတဲ့ စကားက၊ ငါ့ကျောင်းကိုလာပြီး တော့၊ ဆွမ်းနှင့် ဟင်းအဖြာဖြာရသာချိုချဉ် ငါလိုချင် တာတွေကိုပို့လှဲ့ကြလို့ခေါ်တဲ့စကားမဟုတ်ဘူးကွဲ့။

အဓိပ္ပါယ်ဆိုလိုရင်းက၊ ငါဆုံးမတဲ့တရားစကားတွေ ကို၊ သိကြားနားလည်ကာ၊ ပယ်ထားသင့်တာတွေကို ပယ်ထား၍၊ ပွါးများ သင့်တာတွေကို ပွါးများ အား ထုတ်ကြပါလို့ ဆိုတာ၊ သုတ်သုံးကျမ်း၊ ဝိနည်းတော် ငါးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်း....ဆိုတဲ့ ပိဋကတ် တော်စကားတွေ စုပြီး သတ်ချုပ်လိုက်တော့ (ပယ်ပါ- ပွါးပါ)ဆိုတဲ့ စကားနှစ်ခုထဲဘဲ ရှိတယ်ကွဲ့။

ကောင်းပြီ ဘာတွေကိုပယ်ရမှာပါလဲ ဘာတွေကို ပွါးရမှာပါလဲလို့ ဆိုပြန်တော့ အေး-အဲဒါတွေဟာ အခါတိုင်းအခါတိုင်းမသိမြင်နိုင်ဘူးကွဲ့ တပည့်များရဲ့။ ဘုရားတခါတခါပွင့်မှ၊ သို့မဟုတ်၊ ဘုရားရဲ့ သာသနာ

ခတော်ကြီးနဲ့ တွေ့ပြီးတော့၊ဒါကအကြောင်းတရား။ဒါ ကအကျိုးတရား၊ ဒါကအကောင်းတရား၊ ဒါကအဆိုး တရား-ခွဲခြားပြသ ဆုံးမသင်ကြား ပေးမဲ့၊ဆရာကောင်း သမား ကောင်း မိကောင်း ဖကောင်း ဖြစ် တဲ့.... (သပ္ပုရိသူပနိဿယ) ရနိုင်တဲ့အခါမျိုးမှာမှ၊ အသိ ဉာဏ်အမှန်ကိုရပြီး။လူလိုသိကြပြန်တယ်ကွဲ။မင်းတို့လူ ပြိန်းတွေ စာပေမသင်ခဲ့ဘူးသူတွေ၊ သိအောင်ပြောရ မယ်ဆိုရင်၊နေ့အချိန်နဲ့ညအချိန်လိုပေါ့ကွယ်။ နေ့ခင်း ဆိုတော့ လင်းတယ်၊အကုန်လုံး ရှိသမျှ တွေကိုမြင်တယ် ညဉ့်ဆိုတော့မှောင်တယ်၊ ဘာမှကြည့်လို့ မမြင်တော့ ဘူး။

အဲဒီဥပမာ သဘော အတိုင်းဘဲကွဲ။ ဘုရား ပွင့် လို့ သာသနာတော် ထွန်းကားတဲ့အခါ၊ ခန္ဓာအာယတန ဓါတ်သစ္စာဆိုတဲ့အသိဉာဏ်အမှန်အလင်းရောင်ကြီးကို ရတာပေါ့၊သာသနာတော်မှေးမှိန်သေးသိမ်သွားတဲ့ သာသနာပအခါမျိုးမှာ လူဖြစ် လာတော့ (အဝိဇ္ဇာ- တဏှာ-မာန)'ဆိုတဲ့ အမှောင်အမိုက်ဓါတ်ကြီး တွေနဲ့ တွေ့ပြီးမှားတယ်မှန်တယ်ဆိုတာမခွဲခြားနိုင်ဘူး၊အသိ ဉာဏ် အမှန် မရတော့ဘူးလို့ ဆိုတယ်ကွယ် အဲ....ဒါ ကြောင့် မိုလို့ မင်းတို့ တတွေ လွယ်လွယ်နဲ့ သိရအောင် ဟောဒီမှာဟေ့....။

သိပယ်,ဆိုက်ပွား,၊လေးပါးသစ္စာ။
တရားနှစ်ခု၊အားပြုစစ်ပါ။

ကြောင်းအကျိုးနဲ့၊ကောင်းဆိုးဖြစ်လာ၊
သိမှန်ရ၊ဒါမှချစ်စရာ။

ဆိုလို့လဲ တောင်းတယ်၊ ကျက်မှတ်လို့လဲ ရလွယ်တယ်၊ ဒေသနာတော် အတိုင်းလဲ ဖြစ်ရမယ်၊ တော်ရော့ပေါ့ကွယ်၊ ပါဠိတွေ အနက်တွေ သိပ်များနေသေးလဲ၊ မင်းတို့တတွေ နားမလယ်ရင် အလကားဖြစ်နေမယ်၊ ကိုင်းကိုင်း တွေ့ပြီလားကွယ်....၊ သစ္စာလေးရပ် ပရမတ်ဆိုတာလေ၊ သူပေါ့....တပည့်တို့ရဲ့မှတ်ထား သူပေါ့သူပေါ့၊ (သိ၊ ပယ်၊ ဆိုက်၊ ပွား) စကားလေးလုံးဟော့၊ စကားတလုံး- သစ္စာတပါးကွဲ၊ အဦးဆုံးထိပ်တန်းက၊ ခေါင်းဆောင် ဘယ်ဟာထွက်လာသလဲ(သိ) ဆိုတဲ့ အရေးအကြီးဆုံးတရား။ ထွက်လာတယ် မဟုတ်လား၊ ဒါကြောင့်မို့လို့ လူမှန်သမျှသုံးကြတဲ့ စကားလေ။ တပည့်များ ကြားဘူးတယ်မို့လား။ (အသိတလုံး အခက်ဆုံး) ဘဲတဲ့၊ ပြီးတော့ကောဘာတဲ့ကွယ်။ (မရှိတာထက် မ သိ တာ ခက်) သတဲ့ကွယ်။ အေး....အဲဒါကြောင့်၊သိကြစမ်းပါ၊ သိကြပါတော့၊ သိကြပါစို့ရဲ့ ဆိုတဲ့တကဲ့ မေတ္တာစေတနာနဲ့ ဆရာတိုက်တွန်းတာဘဲကွယ်။

သိမှုဟာ၊ ဘယ်လောက် အရေးကြီးသလဲ ဆိုရင်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဆိုတဲ့၊ အသိမျိုးကို၊ အသာထားစမ်းပါအုံး၊ ငါးပိဖုတ်တဲ့ ကိစ္စကလေး လောက်တောင် သိဘို့မလွယ်ဘူးကွယ်တို့၊ အေး....မသိဘဲနဲ့

ဘာများလုပ်လို့ဖြစ်အုံးမလဲ၊ သို့သော်လဲ ဒါတွေကို ထားတော့ကွယ် တပည့်တို့ရယ်။ ငါးပိ ဖုတ်ထားတို့ ထမင်း ဟင်းချက်ထာ, တို့တတွေမှာ၊ အသေးအဖွဲ့အ သိတွေဘဲ တပည့်များရဲ့၊ အခုလောလောဆယ်လူနေ တဲ့ နေရာရောက်လာတဲ့ အတွက်၊ လူ လိုသိ တတ်ဘို့ အသိစစ် အသိမှန် အရေးကြီးလွန်းလို့။ စာလိုပြော တော့။ (ဒုက္ခသစ္စာ) တဲ့ကွဲ ဟောဗမာလိုပြောတော့ (ဆင်းရဲတာအမှန်)ဘဲလို့သိပါတဲ့။

ကိုင်း.... သူတကာတွေကို ငေးပြီး။ တွေးမနေနဲ့ တော့၊ တပည့်ကိုယ်ကိုဘဲ တွေးပြီး စစ်ဆေးပေတော့ ကွယ်။ လူနေတဲ့ နေရာမျိုး ရောက်လာလို့ လူမှန်းသိ တဲ့ အချိန်က စပြီးတော့၊ နေမှု၊ထိုင်မှု။ သွားမှု၊လာ မှု၊ ရှာဖွေကြံစည်မှု၊ဝတ်ဆင် စားသောက်မှု၊ လုပ်မှု၊ ကိုင်မှု၊ အစရှိတဲ့ ကိစ္စတွေဟာ။ တပည့်တို့က အမှတ် ဘမဲ့နေကြ ထိုင်ကြတာကိုးကွဲ၊ အဲဒီဟာ အမှုတွေဆို ပါကလား။ တပည့်တို့ရဲ့။ အေး.... အမှုတွေပါလို့ ဖွင့်ပြောထားတာတောင်၊ အမှုမထင်တော့၊ တပည့် များကိုပြုပြင်လို့ရနိုင်ကြ ပါအုံး မလားကွယ်- ဘာ မဟုတ် ညာမဟုတ်တဲ့၊ ဆဲမှု၊ ဆိုမှု၊ နိုးဖုက်မှု၊ တိုက် ခိုက်မှုနဲ့တွေတော့၊ ကြောက်လိုက်ကြတာ၊ စိတ်ထဲမှာ တထင့်ထင့်နဲ့အမှုက လွတ်ခွင့်ကိုရှာကြတယ်၊ ကိုယ်မ တတ်နိုင်တော့၊ ငွေပေးရှေ့နေ ဝတ်လုံတွေငှားပြီး၊ အများကြီး ကြံကြ ဖန်ကြတယ်။ ပဋိသန္ဓေ နေမှုနှင့်

တကွ၊ အိုမှု၊ နာမှု သေမှုကြီးတွေကျတော့။ မှူးရှူးပြီး တော့ ဆဲမိတဲ့အမှု။ ကြက်ကလေး တကောင် ခိုးမိတဲ့ အမှုလောက် တပည့်များ မကြောက်ကြ ဘူးနော်။ ရထားတဲ့ မင်းစိုးရာဇာ အာဏာလေး ပြုတ်သွား မှာ၊ ရာထူးလေးလျော့ကျ သွားမှာကိုတော့၊ နိုးရိမ် ကြောင့်ကြလိုက်ကြတာ။ အဘိုးမဖြတ်နိုင်တဲ့ လူ့ဘဝ ကြီးကို ရပါလျက်သားနဲ့၊ လူ့ဝတ်တရား မကြည့်ရှု၊ လူလို မသိမှုကြောင့် လူဖြစ်ရှုံးမှာကို မကြောက်ကြ တာဟာ၊ လက်စသတ်တော့၊ တပည့်များရဲ့ အသိ တရားနဲ့ပါးမှုဘဲကွဲ့။

ပစ္စည်းမွဲတာကိုသိတယ်၊ အသိတရား မွဲနေကြတာ ကို မသိဘူး၊ ပစ္စည်းမွဲတော့၊ လူထဲကို မဝင်ချင်ပြန် ဘူးတဲ့ လူလိုသိထိုက်တဲ့ အသိတရားတွေမရှိဘဲအသိမွဲ ကြီးနဲ့တော့ လူထဲမှာ နေဝံ့တယ်၊ ရှက်ဖွယ်ဘဲနော်။

ပစ္စည်းမွဲတော့၊လူထဲသွေ့ခါ၊
အသိမွဲနဲ့၊လူထဲနေရှာ၊
ကိုယ့်အဖြစ်ကို၊ကိုယ်စစ်လေပါ၊
ဘက်နှယ်လဲ၊မျက်လွှဲသဝေချာ။

သေသေချာချာ အာရုံစိုက် ပြီးတော့၊ ကိုယ့်အ ဖြစ်ကို ကိုယ်တွေးလိုက် ကြစမ်းပါ၊ အသိမှန်မရှိတာ ကို၊ အသိမွဲတယ်လို့ခေါ်သကွဲ့၊ အမှန်ကို ဘုရားပြော ခဲ့တာက (တေဘူမကံ ဝဋ္ဋံဒုက္ခံ) တဲ့။ တေဘူမကံ၊ ကာမ၊ ရူပ၊ အရူပဟု၊ သုံးဝဘုံမှာ၊ ဖြစ်ပေါ် ၍ လာ

သော။ ဝဋ္ဋံကမ္မ ကိလေ ဝိပါကေဟု၊ သိစရာအခြေ နှလုံး မပွားကြဘဲ၊ တပည့် သတ္တဝါတွေ မမုန်းငြား နိုင်တဲ့ သုံးပါးသော ဝဋ်တရားသည်။ ဒုက္ခံ၊ဆင်းရဲအာ စစ် အမှန်ဖြစ်၏။ ဒုက္ခံ၊ ပဋိသန္ဓေ တည်နေ ကာလ အခြေမှလျှင်၊ သေရသည်အထိ ကိုယ့် ဖြစ် အင် ကိုယ် ပင်ကြည့်ပေတော့၊ ဘယ်အကွက်ကလေးမှ ချမ်းသာ တာမရှိ။ ဆင်းရဲအတိသာ ဖြစ် ရ ရှာလေ တော့ သူ တည်း။တဲ့လေ....တပည့်တို့ရဲ့။

ကိုင်း....ဘယ့်နှယ်လဲဟေ့ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်လို့ဆိုတာ ယုံရဲ့လား၊ မယုံလို့သာရှိရမယ် သိ ချင်စေ့ကလေးတော့ အနံ့သားဘဲ၊ ဘာပြုလို့လဲဆို တော့၊ တခါတခါ တပည့်များရဲ့ ပါးစပ်က၊ အသိ မှန်ကလေး ထွက်ထွက် လာတာကို ဆရာ ကြားဘူး တယ်၊ နေပူမိုးရွာ မရှောင်၊ သန်းခေါင် ညဉ့်နက် အအိပ်ပျက်အောင် အလုပ်တွေများငြီး။ သွားရလာ ရ ရှာရဖွေရ၊ လုပ်ရကိုင်ရလို့ ပင်ပန်းနွမ်းနယ်တဲ့အ ခါမှာလေ၊ ဆင်းရဲပင်ပန်းလွန်းလို့ သေများတောင် သေချင်သတဲ့ကွဲ့၊ ဒီဘဝမှာတော့ လူချင်းတူတော့ှာ မဟုတ်ပါဘူးဆိုတဲ့ခါ၊ မျက်ရည်စကလေး ထွက်လာ သေးတယ်။ အဲဒါ....တကယ်ဆင်းရဲကို သိတာလား မဟုတ်သေး၊အမောကလေးလဲပြေပြန်ရော၊သေချင်တဲ့ စိတ်လဲပျောက်သွားပြန်ရော၊ နောက်ကမသိတတ်တဲ့

တရားက၊ အမြဲမြောက်ပေးတာကွဲ့ မြောက်ပေးပုံ က လေးကို၊ တပည့်များ သိထားကြနော်။ အို....ဝက်, ဖြစ်လာမှဖြင့်မစင်ကိုကြောက်နေလို့မဖြစ်တော့ပါဘူး၊ ဆင်းရဲတယ်လို့ စိတ်ညစ်နေလဲ အလကားဘဲ၊ ဘသူက မှ သနားမှာမဟုတ်ဘူး၊ ပျော်ပျော်နေ သေခဲတယ်ဆို ပြီး၊ ချော်တောငေါ်ထွက်သွားပြန်ပါရောကွယ် ၊ဒုက္ခ တိုတော့မလိုလို့နဲ့၊ ဒုက္ခတွေရှာထွက်သွားပြန်ပြီနော်။

အသိတရား စွဲလာဘို့၊မြဲလာဘို့၊ မလွယ်ဘူး နော်၊ အသိတရားဆိုတာကလဲ၊ သတိထားမှ ဖြစ်ထာမျိုးကွဲ့၊ တပည့်များကိုက တယ်ပြီးတော့ သတိ လစ်တတ်တယ်၊ လူမမာကိုကြည့်ကြစမ်းဟေ့ သတိလစ်လစ်သွားပြီဆို မှဖြင့်၊ တောင်ပြော မြောက်ပြောနဲ့၊ ကယောင် က တန်းတွေ ဖြစ်လာရော့ မို့လားကွဲ့၊ ဒီတော့ မင်းတို့ လူမမာ နားမှာ နေတဲ့ လူတွေက၊ သတိထားမှပေါ့ တွေ့ကရာတွေ မပြောနဲ့လေလို့ သတိပေးကြတယ်မို့ လားကွယ်။

တပည့်များတို့ကိုယ်ကိုတပည့်များ၊သေသေချာချာ စဉ်းစားစမ်းလေ၊ တရား လက်လွတ်ပြောဆို လုပ်ကိုင် နေထိုင် စားသောက် နေလိုက်ကြတာ၊ ဘာဖြစ်နေကြ တာလဲကွယ်၊အဲ ဒါ ဟာ သတိ လစ်နေကြတာဘဲ ကွဲ့၊ သတိ လစ်လို့ သာပေါ့၊ မတော်တာတွေကြံ၊ မမှန်တဲ့

ဘာတွေကို ပြော၊ ကိုယ်ချင်း မစာတတ်တဲ့ သဘော တွေကိုလုပ်ဝံ့ကြတာပေါ့၊ခဏ ခဏ သတိလစ်ပေါင်း များလာတော့၊ မေ့သွားရော၊ မြောသွားရော၊ အဲဒီ လူ မမာဟာ မပြောလှတော့ဘူး ၊သေတာဘဲ မို့လား၊ အေး အေး....အဲဒီ အတိုင်းဘဲကွယ်၊မင်းတို့ ငါတို့ တ တွေလဲဘဲသတိ ခဏခဏလစ်ရင်၊ အပါယ်လေးပါးစာ ဖြစ်ကြတော့မယ်ဆိုတာကို၊ သတိရကြစို့ရဲ့၊ သို့သော်လဲ ဘဲဆရာကတပည့်အများကိုသနားတဲ့မေတ္တာနဲ့၊ သတိ ရဟဲ့သိကြဟဲ့လို့၊ တဖွဖွဘယ်လိုပြောသော်လဲ၊ တပည့် များသန္တာန်မှာ၊သင်ကြားမှတ်သားလိုတဲ့ စေတနာအ အရင်းခံမရှိသမျှ၊ သတိထားနိုင်တဲ့ အသိ တရားတွေ ဟာ၊တပည့်များရဲ့ အနားကို။အမှန် မကပ်ဝံ့ပေးဘူး ပေါ့ကွယ်။ အေး....ဒါကြောင့်မို့လို့ ဆရာ ရေးသား ဆုံးမတဲ့စာအုပ်တွေကို၊မိမိနှင့် တကွ အိမ်နားနီးချင်း ဆွေရင်း ပေါက်ဖော်စပ်တော်သမျှ၊ဥာတကာ သင်္ဂဟ တွေပါ၊ လူမျိုးမရွေး၊ ဘာသာမရွေး အားပေးလိုက် စား၊မှတ်သားလေ့လာ ကြမယ်ဆိုရင်၊ လွယ်လွယ် က လေးနဲ့၊ အမှား အမှန် တွေကို၊ ဝေဘန် နိုင်ကြမှာဘဲ နော်လို့၊ စိတ်ထဲမှာ မသက်သာအောင် ဖြစ်မိသပေါ့ ကွယ်၊ဆရာကိုယ်တိုင် ဟောဒီ စာအုပ်ကို ရေးနေရင်း၊ ဒီ စိတ် ပေါ် လာ တော့မှ၊သြော်....သဗ္ဗညု မြတ်စွာ ဘုရားရဲ့မေတ္တာတော်ကြီးဟာ၊ ကြည်ညို အံ့သြဘွယ်ရာ ကြီးပါကလားလို့၊၊ကြည့်စမ်းလေ....တပည့်များ၊

အဟောဝတ မမ ခမ့်သုဏောယျုံ၊
သုတ္တာစ အာဇာနေယျုံ၊
အာဇာနေတွာစပန၊
တဒတ္ထာယ ပဋိပဇ္ဇေယျုံ။....တဲ့ကွယ်။

အနက်။ ။ဘော၊ အို....လူ,နတ်,ဗြဟ္မာ သတ္တဝါ အပေါင်းတို့။ သတ္တာ၊ အမှား အမှန် တရား ဥာဏ်ကို ဝေဘန် စိတ်ရှိ၊ ဘိတ်မသိကြကုန်သော သတ္တ ဝါ အပေါင်း တို့သည်။ မမ၊သင်တို့ တွက်တာ ကျင့်ကြံ လာ၍ မှန်ရာသိပြား ငါ ဘုရား၏၊ဓမ္မံ၊ မှားတယ် မှန်တယ် ဥာဏ်နှစ် သွယ်ကို၊ ကြံရွယ်ထင်ရှား၊ သစ္စာလေးပါး ဆိုတဲ့(အမြင်)တရားကို။သုဏောယျုံ၊ နာကြား ကြပါ ကုန်မူကား။အဟောဝတ၊ နှုန်းပြတဲ့အဆုံးတွင်၊အသုံး ကျဘိုနှလုံးဝင်ပြီး၊ပြုံးရွှင်ကာ အတော် ပြောင်းတော့ မှာမို့၊ ဩော်.... ကောင်းလေစွ တကား။ သုတ္တာစ၊ ကြားနာရ ကုန်ပြီး၍ ကား ကြားနာ ပြီးတဲ့ အခါ။ အာဇာနေယျုံ၊ အဆိုးအကောင်းဝေဖန်၊ အကျိုး အ ကြောင်းအခြေခံနှင့်၊အဖြေ အမှန် ပယ်,ပွါး,နှစ်ခုကို၊ တကယ်အားပြုကာသတိထားလို့မို့၊ သိများ သိကြပါ ကုန်သဘိမူကား။အဟောဝတ၊သံသရာ ထွက်ရာလမ်းကို မှန် မကွာ မျက်နှာ တမ်းမိ သ ဖြင့်၊ သက် သာ ခန်း အ ကြောင်းတွေ့ရတော့မှာမို့၊ ဩော်– ကောင်းလေစွတ ကား။အာဇာနေတွာ စပန၊အမှားအမှန် တရားဥာဏ် ကို၊ဝေဘန်မိမိ၊ကောန်သိပြီးသည်ရှိသော် သိပြီး၍ကား။

တဒင်္ဂသွာယ၊ ထို–အို–နာ–သေရေး၊ ဒုက္ခဘေးတို့၊ ကင်းဝေး လွှင့်ပျောက်၊ နိဗ္ဗာန်သို့ ရောက်ခြင်း အကျိုး ၄ါ။ ပဋိပဇ္ဇေယျံ၊ ကျင့်ကြံအားထုတ် ပြုလုပ်ဆောင်ရွက် ကြပါသဘိမူကား။ အဟောဝတ၊ ဩော်.... ကောင်းလေစွတကား။ အဟောဝတ၊ ကြည်လျှမ်းတဲ့ သဒ္ဓါ တရားတွေနဲ့၊ ရည်မှန်းတဲ့ ငါဘုရား၏၊ အမတ တံခါး အပေါက်သို့၊ သတ္တဝါအများ တွေရောက်တော့သဖြင့်၊ ဩော်.... ဝမ်း အမြောက်ကြီး မြောက် ရတော့မည်သာတည်းတဲ့။

ဘယ့်နှယ်လဲကွယ်တပည့်များမြတ်စွာဘုရားရဲ့မင်းတို့ ငါတို့အပေါ်မှာထားတော်မူတဲ့ စေတနာကို သေသေချာချာသတိထားပြီးတော့(သိ)ဆိုတဲ့စကားတလုံးကို အများဆုံးသဘောပေါက်ကြရအောင်၊ အောက်က ရှစ်လုံးဘွဲ့ ကလေးကို၊ အရ ကျက်ထားလိုက် ကွယ်။

## ရှစ်လုံးဘွဲ့ကဗျာ

လူနေရာများ၊ ရောက်ငြားထိုခါ၊
ဆရာဘုရား၊ ဘာများကိုမှာ၊
လူလိုကြည့်ရှု၊ သိ၊ မှု၊ လိုတာ၊
ဓါတ်သိကြ၊ ဒါမှ လူဆိုတာ။

ကိုင်းကွယ်....မင်းတို့ ငါတို့ မြင်နေတာသိနေတာတွေကိုကြည့်ကြစမ်းပါအုံး။ ရှိတာကိုတော့၊ မမြင်ဘူး မ ရှိ တာ တွေ ကို မြင် နေ ကြ တယ်၊ ဟုတ် ထာ

တွေကို မသိကြဘူး၊ မဟုတ်ထာ တွေကို သိနေကြတယ် နော်၊အဲဒီစကားတပည့်များရဲ့စိတ်ထဲမှာ၊အမှားအမှန် ကွဲသွားအောင်၊ စဉ်းစားခန်းဝင်ကြည့်ကြစမ်းပါလား ကွယ်၊မင်းတို့ မြင် နေတာက ဘာတွေကို မြင် နေသလဲ ဟော့၊ တော, တောင်, သစ်ပင်၊ ကောင်းကင် သမုဒ္ဒရာ၊ သတ္တဝါ မိုမ၊ အဝဝ တွေပေါ့ကွယ်၊ အဲဒါတွေ ဟာ၊အ ဟုတ်ရှိ တကယ်ရှိတဲ့ ဟာတွေ မဟုတ်ဘူးကွဲ့၊သမုတိနယ် က၊ ဝေါဟာရ နာမ သညာန ဆိုတဲ့ မျက်လှည့် ဆရာ၊ ပညတ် တရား တွေ ကွယ်၊ တကယ် မရှိ တာ တွေ နော်၊ ဟောကွဲ့တကယ်ရှိတာတွေက၊ပထဝီ၊အပေါ၊တေဇော ဝါယော၊ဆိုတဲ့ဓါတ်လေးပါးဘဲရှိတယ်၊ အေး....ပြီး တော့သူတို့နဲ့ အတူတွဲခါ ၊ခွဲခွါ ဖြတ်တောက်၍ မရနိုင် တဲ့။အဆင်း,အနံ့,အရသာ,ပြန့်နှံ့ ရာဆိုတဲ့ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ဩဇာ၊အဲဒီ- ရှစ်ဖြာဘဲရှိတယ်။

အဲ....ဒါတွေက၊အမြဲရှိနေတာတွေ၊ မင်းတို့ ငါတို့ မြင်နေတဲ့၊ဒဲ....ဟိုဟာတွေက၊ တကယ် ရှိတာတွေ မ ဟုတ်ဘူးကွဲ့၊ တကယ် ရှိတာတွေကိုတော့ မမြင်၊တကယ် မရှိတာတွေကို မြင်နေ ကြတယ်၊ တကယ် မြင်ကောင်း တာတွေကို မြင်အောင် မကြည့်ဘဲ၊ မမြင်ကောင်းတာ တွေကို မြင်အောင်ကြည့်နေ ကြလို့ မင်းတို့ဟာတွေ လွဲ ကုန်ပြီ၊ မဟုတ်ထာတွေကို အဟုတ်မှတ်ပြီးတော့၊ ဟုတ် ထာတွေကို အဟုတ် မမှတ်ကြဘူးကွဲ့၊ လာပြန်ပြီ ကွယ်၊ ဒီဟာဘာတွေလဲဟော့ စဉ်းစားစမ်းပါအုံးကွယ်။

မင်းတို့တတွေ၊မြင်နေ၊မှတ်နေသိနေတဲ့ပုဂ္ဂိုလ်သတ္တဝါ၊ငါသူတပါး၊ ယောက်ျား မိန်းမ တွေဟာ၊ တကယ်မဟုတ်ဘူး၊အားလုံးကလာပ်တုံးကလာပ်ခဲ၊ခေတ်တုံးခေတ်ခဲ ကြီးတွေသာဖြစ်တယ် ကွယ်။ အဲ ဒါတွေအကုန်ရုပြီးတော့ သတ္တု၊ ချလိုက်တဲ့ အခါ၊ ရုပ် နာမ် နှစ်ခုဘဲပေါ်လာတယ်။ အဲဒါမှ အဟုတ်ရှိတာတွေကိုကွဲ့ နော်။ ရှိတာတွေကိုမြင်အောင်ကြည့်၊ဟုတ်တွေကိုသိမှသာ လူတဲ့ကွယ်။ တပည့်တို့ရယ်။ ဒါကြောင့် လူသိဆိုတာဟာ၊ ခေတ်သိတာကို လူသိလို့ ဆိုတယ်၊တပည့်များ သိမှတ်စရာတဲ့လေ ဟောဒီမှာ။

"ငါပါးခန္ဓာ၊ဆယ် နှစ်ဖြာပ၊ အာယတနတဲ့ ဆယ့်ရှစ်ဝခေတ်၊လေးရပ်သစ္စာ၊ ဖြစ်ခြင်းရာသည် လူသာသိတဲ့အသိနော်"။

အဓိပ္ပါယ်ကဘာတဲ့လဲ။။ခန္ဓာငါးပါးအာယတနတဆယ့်နှစ်ပါး၊ဓါတ်တဆယ့်ရှစ်ပါး၊သစ္စာကလေးပါး၊သိပ်ပြီးတော့မများပါဘူးကွယ်၊မှတ်ထားကွယ်။အဲဒါကိုသိမှဘုရားရှင်ကိုယ်တော်မြတ်က၊ လူဆိုတဲ့အသိအမှတ်ကိုပြုတော်မူတယ်၊ တပည့်များရဲ့အဖြစ်ကို၊ တပည့်များစဉ်းစားပါနော်၊ လူနေတဲ့နေရာရောက်လာတဲ့ အခါလူသိသင့်တဲ့ ကိစ္စလောက်တော့ သိကြစို့၊မပျင်းကြပါနဲ့ ကွယ်—ခုနှစ်ရက် ....လောက် ဂရုစိုက်ပြီး၊ ဟောဒီစာအုပ်ကလေးကို အာရုံပြုကာ မှတ်လိုက် ကြစမ်းပါ။

ခန္ဓာငါးပါးဆိုတာ ဘာခက်လို့လဲ။ ( ရူပက္ခန္ဓာ-ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ) အဲဒီငါးပါးပေါ့ကွဲ့။ ရူပက္ခန္ဓာ ဆိုတာက အထက်ကပြခဲ့တဲ့ ဓာတ်လေးပါး။ ဓာတ်ရှစ်ပါး စုနေဘာကိုခေါ်တယ်။ ဆရာတို့တပည့်တို့ရဲ့ ခန္ဓာကိုယ်ကြီးပေါ့ကွယ်။ အဲဒီ ခန္ဓာကိုယ်ကောင်ကြီးဟာ၊ ကလာပ်ကောင်ကြီး ဓာတ်ကောင်ကြီး ကလာပ်တုံးကြီး ဓာတ်တုံးကြီးပေါ့။ အဲဒီ ကလာပ်တုံး၊ ဓာတ်တုံး ကြီးမှာ (မျက်စိ—နား—နှာ—လျှာ—ကိုယ်-စိတ် ) ဆိုတဲ့ ဝင်ပေါက် ထွက်ပေါက်ဖြစ်တဲ့၊ အပေါက် ခြောက်ပေါက်ကို ဒွါရ ခြောက်ပေါက်၊ တနည်း ဒွါရခြောက်ပါး ခေါ်သကွဲ့။ မျက်စိပေါက်က၊ ရူပါရုံဆိုတဲ့ အဆင်းကိုမြင်ပါရော၊ အဲဒီမျက်စိနဲ့ အဆင်းနဲ့တွေ့တာကို၊ စာလိုတော့(ဖဿ)ဗမာလိုတော့(တွေ့ထိ) ဆိုတယ်။ အဲဒီလိုသူတို့ချင်း တွေ့လိုက်ကရော၊ကောင်းမကောင်းဆိုတဲ့ ခံစားမှုကလေး တခါထဲပေါ်လာပါလေရော၊ အဲဒါကို စာလိုတော့(ဝေဒနာ)ဝေဒနက္ခန္ဓာ ပေါ့ကွယ်၊ ဗမာလိုတော့ (ခံစားတတ်တဲ့သဘောအစုလို့ ခေါ်သကွဲ့၊ ခံစားလိုက်တဲ့ သဘောကလေးကို၊ ဘာဘဲ ညာဘဲ၊ ဘယ်ဟာဘဲ စသည်ဖြင့်မှတ်ထားတဲ့ သဘောကလေးကို၊ စာလိုတော့ (သညာ)သညာက္ခန္ဓာ၊ ဗမာလိုတော့ (မှတ်တတ်)တဲ့ အစုလို့ခေါ်သကွဲ့။ အဲဒီခံစားမှု မှတ်မှုတွေကို၊ အားပေး တိုက်တွန်းနေတဲ့ သဘောကလေး

တွေကို စာလိုတော့ (သန်ါရ) သန်ါရကွန္ဒာ။ ဗမာလို ဟော့ (အားပေးဘိုက်ဘူန်း) တတ်တဲ့ အစုလို့....ခေါ် သကွဲ၊ ဖြစ်ပျက်မှု ကိစ္စအရပ်ရပ်တွေကို၊ သိတတ်တဲ့ သဘောအစုကလေးကို၊ စာလိုတော့ (ဝိညာဏ) ဝိညာဏကွန္ဒာ။ ဗမာလိုတော့ (သိစု—သိမှု) ကလေးလို့ ခေါ်သကွဲ။ အဲဒါ ခန္ဓာငါးပါးဘဲ သေသေချာချာ သတိချပ်ပြီးတော့၊ ထပ်ခါထပ်ခါ မှတ်ထားဟေ့။ — လူဖြစ်ရအောင်ကွယ်။

အဲဒီ—ခန္ဓာငါးပါးရဲ့ သဘောကို၊ တပည့်များရဲ့ ဉာဏ်ထဲမှာ ထင်လာ မြင်လာရင်၊ အာယတနဟာဆဲ့ နှစ်ပါး၊ ဓာတ်တဆဲ့ရှစ်ပါးဆိုတာ၊ တခြားဟာတွေ မဟုတ်ဘူး သူတို့ဘဲ။ (မျက်စိ-နား—နှာ-လျှာ-ကိုယ်- စိတ်) တို့ကို၊ စာလိုတော့၊ ( စက္ခု၊သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန) လို့ခေါ်တယ်။ အဲဒီခြောက်ပါး ကို (အဇ္ဈတ္တိကာယတန)တဲ့၊ ဗမာလိုအတွင်းက အခံ ဓါတ်ခြောက်ပါးလို့ခေါ်တယ်။ (အဆင်း၊အသံ၊ အနံ့၊ အရသာ၊ အတွေ့၊သဘော) တို့ကို၊ စာလိုတော့ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊) လို့ ခေါ်တယ်။ အဲဒီခြောက် ပါးကို စာလို တော့ (ဗာဟိရာယတန) တဲ့၊ ဗမာလိုဘော့ အပြင်က လာပြီး ဘိုက်သဖြင့်၊ အတိုက်ဓါတ်ခြောက်ပါးတဲ့ကွယ်။

အဲဒီ— အတိုက် ဓါတ် ခြောက် ပါးနှင့်၊ အခံဓါတ် ခြောက်ပါးကို၊အာယတနတဆဲ့နှစ်ပါး တဲ့။

စက္ခာယတနဲ၊ သောတာယတနဲ၊
ဃာနာယတနဲ၊ဇိဝှာယတနဲ၊
ကာယာယတနဲ၊မနာယတနဲ၊
ရူပါယတနဲ၊သဒ္ဒါယတနဲ၊
ဂန္ဓာယတနဲ၊ ရသာယတနဲ၊
ဖောဋ္ဌဗ္ဗာယတနဲ၊ဓမ္မာယတနဲ....... တဲ့။

ဓါတ် တဆဲ့ရှစ်ပါးဆိုတာက၊ မျက်စိနဲ့ အဆင်း ရူပါရုံနဲ့တွေ့သည်နှင့်၊ ဒါဟာ ဘာဘဲ ညာဘဲ ဆိုပြီး၊ သိတတ်တဲ့သဘော ကလေး ပါ၊ သုံးမျိုး ဖြစ်ပေါ်မှု ကိုပင်။ စက္ခုဓါတ်၊ ရူပဓါတ်၊ စက္ခုဝိညာဏဓာတ် ဆိုပြီး၊ တမျိုးတမျိုးကို သုံးမျိုးသုံးမျိုးဖြစ်ပေါ်သည့် အတွက်။ ခြောက်မျိုး သုံးလီကို ဓာတ် တဆဲ့ရှစ်ပါး လို့ခေါ်တယ်ကွဲ့။

မျက်စိကလဲ အဆင်းနဲ့၊ နားကလဲ အသံနဲ့၊နှာ.... ခေါင်းကလဲ အနံ့နဲ့၊ လျှာကလဲ အရသာနဲ့၊ ကိုယ်က လဲအတွေ့အထိနဲ့၊ စိတ်ကလဲ သဘောတရားနဲ့၊ နေ့မ နား ညမနား။ ဆိုင်ရာဆိုင်ရာ သူ့သဘောအတိုင်းသူ၊ တဖွားဖွားဖြစ်ပျက်နေကြတဲ့ အတွက်။ ( သဘာဝဓေ ရေတီတိဓာတု) ကိုကွဲ့။သဘာဝံ၊ ဆိုင်ရာဆိုင်ရာ ဖြစ်တဲ့ သဘောကို၊ ဓာရေတိ၊ဆောင်ရွက်နေ၏။ ဣတိ၊ အဲဒီ သဘောသတ္တိကြောင့်။ ဓာတု၊ဓာတ်ခေါ်သတဲ့ တပည့် တို့ရယ်။

သံသရာ သံသရာနဲ့ ပြောနေကြတယ်မို့လား။ ဘယ်ဒင်းလဲသံသရာ၊ ဘယ်ဟာကို သံသရာလို့ ပြောနေကြသလဲ။ သံသရာကို ရှာကြစို့လားကွယ်။ တချို့လူတွေက ဒီလိုထင်တယ်။ သေပြီးတဲ့နောက်မှ၊ တွေ့ကြုံရမဲ့ .... ကိစ္စတွေဟာ သံသရာဘဲ ဒါကြောင့်မို့ သူတို့ပါးစပ်ကလေ ပြောကြတာ။ သံသရာကျရင်တော့ ခံရောပေါ့ကွယ်တဲ့။ ဒီတော့ကာ မင်းတို့....ငါတို့ တွေ ဟာ သံသရာနဲ့ မတွေ့ရသေးဘူးလို့ ထင်နေရာ မကျပေဘူးလား။ သံသရာဆိုတာက စာစကား။ ဗမာလိုတော့ ခန္ဓာအာယတန၊ ဓာတ်တွေ မပြတ်အောင် လည်နေတာပြစ်နေတာလို့ ပြောတယ်။ အဲဒီတော့ လွန်ခဲ့တဲ့ သံသရာနဲ့။ နောက်တွေ့ရအုံးမဲ့ သံသရာတို့ကို အသာထားလိုက်ပေတော့။ အခု=ဆရာတို့ တပည့်တို့ နေ့စဉ်နှင့် အမျှ ဖြစ်ပျက်နေတဲ့ သံသရာကို သံသရာရဲ့ဝင်္ဂဆင်းရဲတွေကို မြင်အောင်ကြည့်ဘို့နဲ့ သိဘို့က အရေးအကြီးဆုံး ဘဲကွယ်။

ကိုင်း....လာဟေ့၊ သံသရာဆိုတာ ကြည့်ရအောင် သိရအောင် မျက်စိထဲမှာ ဘာတွေရှိသလဲ၊ အကဲခပ်စမ်း၊ မျက်စိက ဘာကို တွေ့သလဲ၊ ရူပါရုံဆိုတဲ့ အဆင်းဓါတ်ကို တွေ့တယ်နော်။ သူတို့နှစ်ခုဟာ ဘာလဲဟေ့ စက္ခုပသာဒဆိုတာကလဲရုပ်။ ရူပါရုံဆိုတာ ကလဲရုပ်။ဟော အဲဒါဟာ ရူပက္ခန္ဓာနော်။ သူတို့ ချင်း

တွေ့ သည့် အခါ ကောင်း မကောင်း ခံစား၊ စံစား တာဟာ ဝေဒနာကွန္ဒာ။ ဘယ်သူ့ဘဲ၊ ဘယ်ဝါဘဲ၊ ဘာဘဲ ညာဘဲ၊ မှတ်ထားကသညာကွန္ဒာ။ လုပ်ဟာ၊ ကိုင်ဟာ၊ သွား ဟာ၊ လာ ဟာ၊ စား ဟာ၊ သောက် ဟာ နဲ့၊ အားပေး တိုက်တွန်း ခြင်း ပြုတာက၊ သင်္ခါရကွန္ဒာ။ အဲဒါတွေကို သိသိ လိုက်နေတာက၊ ဝိညာဏကွန္ဒာ။ ဟော မျက်စိထဲမှာ ခန္ဓာငါးပါး တွေ့ပြီ နော်။ ခန္ဓာ ငါးပါးဘဲ ရှိသပေါ့။ အာယ တနကော၊ မျက်စိနဲ့ အ ဆင်းနဲ့ တွေ့ ကထဲက၊ စက္ခု ယတန၊ ရူပါ ယတန၊ စက္ခု ဝိညာဏဓါတ်၊ ဘဲ့နဲ့လဲဟေ့-တပည့် များရဲ့၊ ကိုင်း ကွယ် သံသရာဆိုတာ၊ တွေ့ပြီမို့လားကွဲ။ အေး အေး- မျက်စိထဲမှာ သံသရာ သိသလို-တွေ့သလို၊ နား နှာခေါင်းထဲ စသည်တို့မှာလဲ။ သိကြပေတော့ ကွယ်။ အဲဒီ....အဆင်းနဲ့ မျက်စိနဲ့ တွေ့လို သာယာစွဲလမ်း ဒါတွေက- ကိလေသဝဋ္ဋ၊ သာယာစွဲလမ်းမိတဲ့အတွက်၊ မရရအောင်အားထုတ် ပြုလုပ်ကြတဲ့အမှုက တော့။.... ကမ္မဝဋ္ဋ၊ အားထုတ်ပြုလုပ်ကြတဲ့ အတိုင်းရလာမှုတွေ။ တွေ့ကြုံခံစားရတဲ့အကျိုးတွေက—ဝိပါကဝဋ္ဋတဲ့ကွယ်၊ အဲအဲ-ပြီးပါ လေ ရော ကွယ်။ ဝဋ္ဋ သုံးပါး ဆိုက် လာ ပြန် ပြီ။ သိ အောင် ဆင် ခြင်ပြီး မြင် အောင် ကြည့် ကြနော်။

(ရှစ်လုံးဘွဲ့ဒေသနာ)

ကိလေသာ့နှင့်၊ ကမ္မဝိပါ၊
မျက်စိတွေထဲ၊ အမြဲရှိတာ၊
ဒွါရခြောက်ပါး၊ ထောက်ထားသိရာ။
ဝဋ်သုံးပါး၊ ဆုံးငြားမရှိပါ။ ။

အတိတ်ဘဝက ဆက်ပေး လိုက်တဲ့ ကြွေးတွေလေ ဝဋ်ကြွေး ဝဋ်ကြွေးနဲ့ လူသူလေးပါး ပြောသံကြား ဘူးတယ်မို့လား။ အဲဒီအတိတ် ဆိုတဲ့ လွန်ခဲ့တဲ့ ဘဝ၊ ကြွေးတွေဟာ ယခုဖြစ်လာ ကြရတဲ့ ပစ္စုပ္ပန် ဘဝမှာ ဆပ်လို့ မကုန်သေးတဲ့ အပြင်၊ ဘွေ့ရအိုးမဲ့အနာဂါတ် ဘဝအတွက် ဆပ်မကုန်နိုင်အောင် နေ့စဉ်ဘဲ သုံးစွဲနေ ပြန်ပါပကော။ ဘွေ့ပြီလား ဟော့ သံသရာ လယ်နေပုံ။ အဲဒီလိုသိစေလိုတဲ့ဆန္ဒကြောင့်။

ခန္ဓာနဉ္စပဋိပါတိ၊ ဓါတုအာယတနာနဉ္စ၊
အဗ္ဘောစ္ဆိန္နံ ဝတ္တမာနာ၊
သံသာရောတိပဝုစ္စတိ....တဲ့လေ။

အနက်ကတော့။ ။ခန္ဓာနဉ္စ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏဟု၊ ငါးဖြာ စုသည့်၊ ပွါးရှုမှန်စွာ၊ ငါးခန္ဓာ တို့၏ရင်း။ ခန္ဓာငါးပါး တို့၏ ရင်း။ ဓါတု အာယတနာ နဉ္စ၊ တိုက်ဆိုင် တွေ့ထိ သိလျက်ဖြစ်လာ၊ ဆဲ့ရှစ်ဖြာဓါတ်မကွာမှတ်ကြ၊ ဆဲ့နှစ်ဖြာပ အာယတ နတို့၏ရင်း။ အဗ္ဘောစ္ဆိန္နံ၊ မပြတ် မပြတ် တလစပ်ဖြင့် ဆပ်ခါထပ်ခါ၊ ဝတ္တမာနာ၊ တည်ခါမှီခါညီအညာဖြင့်၊

ဓိကာ မလစ် လည်ကာဖြစ်သော။ ပဋိ ပါတိ၊ အမြင် သဘောပွါးကြဘို့အစဉ့်သော တရားကြီးကို၊ သံသာရော တို့၊ သံသရာဟူ၍။ ပဝုတ္တိ တပည့်အများ သတိထားလို့ မို့ သိပြြားစရာ အဟုတ်မှတ်ပေတော့၊ သမုတ် အပ်လေ တော့ သတည်း။

လောကကြီးမှာကြွေးတင်တဲ့လူတွေမြင်ဘူးကြတယ် မို့လားကွယ်အတိုးလဲမပေးနိုင်အရင်းလဲမဆပ်နိုင်တော့ ဘာဖြစ်သလဲကွယ်။ တိုတိုပြောရရင် ကျွန်ဖြစ်ထာပေါ့ ကွယ်။ အဲဒါကြောင့် ဒီကြွေးတွေကိုဘယ်လိုပေးဆပ်ကြ မလဲ။ လောကကြွေးတင်တာကို သိသလို နေ့စဉ်နေ့စဉ် သံသရာကြွေးတင်နေတာကို သိရမကွဲနော်။ သစ္စာလေး ပါး တရားတော်ကြီးမှာရှေ့ဆုံးကနေတာ သိ ဆိုတဲ့၊ အလုံးကလေးဘဲကွယ် မင်းတို့ လူတွေရဲ့ ပါးစပ်ထဲမှာ အမြဲသုံးကြတဲ့ အသိတလုံး အခက်ဆုံးဘဲ ဆိုတဲ့ စကား ဟာ၊ ပေါ်လာပြန်ပြီနော်။

ရှစ်လုံးဘွဲ့ဒေသနာ

ကြွေးတင်ကျွန်ဖြစ်၊ စင်စစ်မှန်တာ၊
အဲဒီကြွေးကို၊ဆပ်ပေးရန်ဟာ
ရုပ်နာမ်ကွဲဘို့၊ ခွဲလို့ကြပါ၊
ကြွေးတွေရှင်း၊ လွတ်ကင်းသံသရာ၊

လောကကြီးမှာ အသိဓါတ် ဆိုတာက၊ နှစ်မျိုး ရှိ တယ်ကွဲ။ သိတော့သိတာဘဲ သို့ပေမဲ့ မှားတာကို သိ တာလဲအသိတမျိုးဘဲ၊ မှန်တာကိုသိတာလဲ အသိတမျိုး

ဘဲ....တပည့် များ ကိုယ်တိုင် သဘော ပေါက် လာအောင် ဟောဒီ အောက်က စာကလေး အရ ဆောင်ထားကြကွယ်။

မှားတာသိလို့၊ မှားကြိုကြို၊
မှားကြိုကြိုလို့၊မှားသံထွက်၊
မှားသံထွက်လို့၊ မှားဘက်ပါ၊
မှားဘက်ပါလို့၊ မှားတာလုပ်၊
သေတော့ အပါယ်မြုပ်....တဲ့ကွယ်။

ကိုင်း အဓိပ္ပါယ်ကလေး နဲ့နဲ ရှင်းကြရအောင်လေ၊ မှားတာကိုသိနေတဲ့-လူတယောက်ဟာ ဘယ်အကြံမျိုးများကို ကြံမယ် ထင်သလဲ၊ မှားတာကို ကြံတော့ တာပေါ့၊မှားတာကို ကြံတဲ့ လူရဲ့ ပါးစပ်က-ဘယ်လို အသံမျိုးတွေထွက်မယ်ထင်သလဲ၊ မှားတဲ့ အသံတွေထွက်ပြန်တာပေါ့။ မှားတာသိတဲ့ အတိုင်း မှားတာကြံ၊မှားတဲ့အသံတွေထွက်နေတော့ဘယ်ဘက်ကိုပါသွားမှာလဲကွဲ့။ သွားပြီ- သွားပြီ မှားတဲ့ ဘက်ကို ပါသွားပြီလေ၊ဒါဖြင့်ဒီလိုအစားတွေလုပ်နေတဲ့အလုပ်က ဘာအလုပ်တွေဖြစ်မှာလဲ၊မှားတဲ့ အလုပ်တွေ ဖြစ်ကုန်ရောပေါ့ကွယ်။ တပည့်တို့ရယ်။ ကိုင်း- အဆုံးသတ် ပြောကြစို့ သူသေတော့ဘယ်လိုဖြစ်မှာတဲ့လဲ၊ ဒု-သ-န-သော၊တို့ကိုသာနှလုံးပြုပေတော့၊ အပါယ်လေးပါးမှာမြုပ်ရောပေါ့ကွယ်၊ ဒါကြောင့် အဲဒီလိုမှားသိတဲ့ အသိမျိုးဟာ၊

အခက်ဆုံးအသိမဟုတ်ဘူးကွဲ့။ အလွယ်ဆုံး အသိ—တေလေ ဂျပိုး သူခိုး၊ ထားပြ၊အယုတ်တမာကောင်ဟူသမျှ တို့သိတဲ့အသိ၊ တိုတိုပြောပြရမယ်ဆိုရင်၊ခွေးသိဝက်သိ လို့ခေါ်တယ်ကွဲ့-သတိ ထားကြနော်။

ဟောဒီစာက လွယ်ပါပြီကွယ်။
မှန်တာသိလို့၊ မှန်ကြံကြံ၊
မှန်ကြံကြံလို့၊မှန်သံထွက်၊
မှန်သံထွက်လို့၊ မှန်ဘက်ပါ၊
မှန်ဘက်ပါလို့၊ မှန်တာလုပ်၊
သေတော့၊ ဝဋ်တွေပြုတ်၊

ခုတင်က ပြောတဲ့၊ ဝဋ်သုံးပါး ကြွေး မပြုတ်သမျှတော့၊ မင်းတို့ငါတို့တတွေ ဘယ်တော့မှ အေးရှပ်တွေ့ ပေါ်မှာ မဟုတ်ဘူး။ အဲဒါကြောင့်မို့၊တိုင်းသူ ပြည်သားတပည့်များတို့။ ဟောဒီ စကားကို သေသေ ချာချာ အသဲစွဲအောင် မြဲမြဲကြီးမှတ်ထား ကြစမ်းပါလားကွယ်။မင်းတို့အခုရောက်နေတဲ့ နေရာဟာ သာမညနေရာမဟုတ်ဘူးနော်။လူတွေနေတဲ့ နေရာပါကွဲ့။ မင်းတို့ဖြစ်လာတဲ့အမျိုးကလူမျိုး တိုးလာရတာကဗုဒ္ဓမြတ်စွာသာသနာတဲ့နော်။အဲဒါ-အထိသုံးပါးညီတဲ့ အခါလို့ခေါ်တယ်။ဘယ်လို ဂုဏ်ထူးသတ္တိရှိပါသလဲဆိုရင် ဝဋ်ကြွေးတွေကိုကြေအောင်ဆပ်နိုင်တဲ့ ဘဝကွဲ့။ရက်တိုတိုနဲ့၊တမဂ် တဖိုလ်ကိုရနိုင်တဲ့ ဘဝတဲ့ကွယ်။ ဒီလို-အထိသုံးပါးညီတဲ့အခါမျိုးကိုလာပြီး တိုးရပါလျက်သားနဲ့မှ

လူလိုမသိတတ်ရင် ဘယ်ဘဝမှာမှ သိကြတော့မယ် မဟုတ်တော့ဘူး တပည့်များ။

ဒါကြောင့်-မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကြီး ကစောစောကဆိုခဲ့တာလေ၊ဘာတဲ့။သုခေတာ ကိုယ်တော်မြတ်ကြီးက အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ် တွေကို၊ဟန်ဟန် ပန်ပန် မှန်မှန် ကန်ကန် တိတိ ကျကျ၊ လက်ဆုပ် လက်ကိုင်၊ပိုင်ပိုင် မိမိ ရရှိတော်မူလေပြီဖြစ် သောကြောင့်။ဟယ်........ငါသိသလို သိကြစမ်းပါ၊ ငါ မြင်သလို မြင်ကြစမ်းပါတဲ့ကွယ်တို့။

အသိချင်းကွာလွန်းလို့မှာတော်မူတာကွယ်-အခက် ဆုံးအသိဆုံးဆိုတာဟာ၊မှန်တာကိုသိတဲ့ အသိ–ဘဲ့။

မှန်တာကို သိလာ တော့၊ ဘာတွေ ကို ကြံသလဲ ကွယ်။ မှန်တာ တွေကို သာ ကြံတော့တာ ပေါ့၊ မှန် တာကိုကြံ တဲ့ အချိန် ကစပြီး တော့၊ ပါးစပ်က ထွက် တဲ့အသံတွေဟာ မှန်တဲ့ အ သံ တွေ ထွက် လာ ရော။ မှန်ဘက်ကိုပါ မှန်တာတွေလုပ်တော့သဖြင့်၊ သံသရာ တလျှောက်လုံး တင်လာတဲ့ ကြွေးတွေ ပြတ်ရောပေါ့ တပည့်တို့ရဲ– ကိုင်းကိုင်း သံသရာကြွေး ပြတ်အောင် ဒီစာအုပ်ကို အမြဲကြည့်အမြဲဘတ်၊ မှတ်မိအောင်မှတ် နေ့ာ်၊ စာဘတ်ကြည့်လို့ မှတ် သားမိ တာနဲ့ ရပ်မ ထားနဲ့အုံးကွယ်။ အဲဒီစာအုပ်ထဲမှာ၊ သင်ကြားပြသ ဆုမ္မ၍ထားတဲ့ စကားတွေနဲ့ ညီညွတ်အောင် အကုန် လုံးတခါထဲပြီး မလိုက် နာ နိုင် သေး တောင်၊ တနေ့

ထက် တနေ့ တလထက်တလ ဆိုသလို၊ အားထုတ်ပေတော့ တပည့်တို့ရယ်။ (တနေ့တလံ ပုဂံဘယ်ရွေ့မလဲ) ဆိုတဲ့စကားလိုပေါ့။ မှန်မှန်သာ အားတုတ်ပါတော့။ ဝိမုတ္တိရသ ဆိုတဲ့ နိဗ္ဗာန် ကို ကေန် တွေ့ရမယ်ကွယ်။

သို့သော်.... တပည့်များ အထူး သတိထား စရာတခုက' ဟော—ဒီစာအုပ်နဲ့ တွေ့ပြီးတဲ့ အချိန် ဟာ ဆရာနဲ့ ကိုယ်တိုင် တွေ့မြင်ဖူးမျှော်ရတဲ့ အချိန်အခါ ဘဲ။ ငါတို့ဆရာဟာ။ ငါတို့ရဲ့နေရာ ငါတို့ရဲ့အိမ်ငါတို့ရဲ့ရွာ၊ ငါတို့ရဲ့မြို့ကို၊ ကြွလာကာ၊ ငါတို့ အနားမှာ ကပ်ပြီးတော့၊ မပြတ်တမ်း၊ ဆုမ္မနေပါ ကလားလို့၊ အမှတ်ထားခါ၊ တပည့်များရဲ့ဖြစ်အင်တို့ကို၊ တပည့်များဘဲဆင်ခြင်ကြပေတော့၊ သူများတွေက၊ တောင်ပြော၊ မြောက်ပြော၊ ပြောတာနဲ့၊သဘောတွေ ဟိုရောက် သည်ရောက်၊ ဘဝင်မြောက်မသွားစေနဲ့ကွယ်-သူတော်ကောင်းတို့ရဲ့ တရားဟာ၊ ကြမ်းတမ်းခက်ထန်တာမျိုးမဟုတ်ဘူး၊နူးညံ့ သိမ်မွေ့စေတယ်ကွဲ့။

တပည့်များကိုယ်တိုင် တွေ့ဘူး၊ ကြားဘူး၊ မြင်ဘူးလိမ့်မယ်နော်။ ဟော—ဘုရားဖူးသွားစရာမလို၊ တရားနာစရာမလို။ သံဃာတော်ကို အထူး ကိုးကွယ်ဘို့မရှိ။ ဘုရား တရား သံဃာ ဆိုတာတွေဟာ၊ ဝမ်းထဲမှာ ရှိတယ်ဆိုပြီး မိုက်ကိုပုတ်ပြတဲ့လူတွေကွယ်၊ ဒါန၊သီလ သမထတို့ ဆိုတာဟာ၊ ခမ္မတာတရားတွေ၊ နိဗ္ဗာန်ကို

ဘယ်တော့မှမရနိုင်၊ ဝိပဿနာ တရားမှ ရနိုင်တယ်၊ ဝိပဿနာကိုသာ အားထုတ်ကြ သင့်ပြင်ဟာတွေကို ဘာမှလုပ်စရာမလိုတော့ဘူး ဆိုတဲ့စကားတွေ၊ အမျိုးမျိုးတွေပေါ့ကွယ်။ ဝိပဿနာတွေဟာ ခြေချင်းလိမ်နေတာပေါ့ကွယ်။ သို့သော် ပြောချင်သလို ပြောကြပေါ့ကွယ်။ ပြောတာတွေတော့ နားထောင် ဖော့၊ ရောပြီးတော့ကာဖြင့် မယောင်လေနဲ့ကွယ်။

တချို့များ ကျောင်းကန်ဘုရားကို အသွားလွှတ်၊ ဒါန၊ သီလ၊ သမထတွေ၊ အိမ်လုံးကျွတ်၊ ရွာလုံးကျွတ် သပိတ် မှောက်ထားကြပြီ၊ နိဗ္ဗာန်ကို သွားမဲ့သူနဲ့၊ တရားရှိတဲ့သူဟာ သူတပါးရဲ့ အပြစ်တွေကို မပြောတော့ဘူးကွဲ့၊ မိမိကိုယ်ကို မိမိဆုံးမတယ်၊ မယဉ်ကျေးတဲ့သူကို၊ ယဉ်ကျေးအောင်၊ မလိမ္မာတဲ့သူကို၊ လိမ္မာအောင်၊ သာယာညှင်းပျောင်းပြောဆိုပြီးဆုံးမတော့တာဘဲ၊အခုမင်းတို့ရဲ့ တရားဟော ဆရာ့ဆရာတွေက သူတို့မို့ ဒီမြို့၊ ဒီရွာ၊ ဒီနေရာကို မရောက်လေနဲ့ နေ့၊ ရောက်ထာနဲ့တခါထဲ၊ ညီအစ်ကို, မောင်နှမ၊လင်နဲ့မယား၊ သားနဲ့အမိ၊ ဆရာတပည့်တွေဟာ၊ တောင်ပိုင်းနှင့်မြောက်ပိုင်း အရှေ့ပိုင်းနှင့်အနောက်ပိုင်း တွေဟာ တကွဲကို ရန်သူတွေဖြစ်၊ ဆဲကြဆိုကြ၊ ရိုက်ပုတ်ထိုးခုတ်၊ သတ်ဖြတ်ကြ လုပ်ကုန်တာဟာ၊တရားတာကြောင့်လား။ မတရားတာကြောင့်လားဆိုတာမိန်းမတွက်နဲ့သာ တွက်ကြည့် ကြ ပေ တော့ ကွယ်၊ ဘယ်

ဆရာ တရားဟောလို့ ကွဲပြကုန်ကြပြီ၊ ရန်ခိုက်ဒေါသ ဖြစ် ရုံးပြေကနား ရောက်ကုန်ကြပြီဆိုတဲ့အလွဲသုံးစား စကားတွေကို မဖြစ်ကြစေနဲ့၊ တရား ကို သာ ဟော၊ တရားတဲ့သဘောကိုသာ ထားရင်၊ဘယ်တော့မှကွဲလား ပြိလား၊ ရန်ဖြစ်လားမရှိကြပါဘူးကွဲ၊ ရန်ဖြစ်ထာဟာ မတရား၊ ရန်မဖြစ်ထာမှ တရားတယ်ကွယ်။ သေသေ ချာချာစဉ်းစားကြကွယ်။

ပြီးတော့ရှိသေးတယ်၊ ဆ ရာ လုပ် တဲ့ လူ က၊ မင်း ဟာ သောတာပန်ဖြစ်ပြီ၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်ပြီလို့ပြောတာနဲ့ သူပြောတော့မှ ငါသောတာ ပန်ဘဲ၊ သကဒါဂါမ်၊ အနာဂါမ်ဘဲလို့ သိတဲ့ခါ၊လူ ရှိသမျှကို လျှောက်ပြီး ကြွားကြတယ်၊ မင်းတို့ဟာတွေ မှားပြီးရင်းမှားရင်း ဆိုသလို၊ ဖြစ်ကုန်ပြီကွဲ့ ၊ကိုယ့် ဟာကိုမှ ကိုယ်မသိဘဲ၊ သူများကပြောမှ သိရတယ်ဆို တာ ရှက်စရာ၊ တရားအလုပ် အားထုတ် နေကြရင်း ပင် တယောက် တယောက်ကို လက်တို့ကာ အတင်း ပြော မျက်စပစ် မေးငေါ့လို့ အတော့ကို ရှက်စရာ ကြီးပါကွယ်၊ တို့ဘုရားရှင်သက်တော်ထင်ရှား ရှိတုန်း ကတောင်၊ ကိုယ်တော်မြတ်ကြီးဟာ သိတော်မူလျက် သားနဲ့။ဘယ်သူက သောတာပန်ကွယ်၊ သကဒါဂါမ် အနာဂါမ်ကွဲ့လို့ အမိန့်မရှိပါဘူး၊ တကယ်ဖြစ်တဲ့ သူတွေကလဲ မပြောကြပါဘူး၊ သူတို့ဘာသာ သူတို့ သိနေကြတာဘဲ၊ သိလေ, မပြောလေ, ကိုယ်ရတဲ့

တရားသဘောနဲ့ ရှေးကိုတိုးတိုးပြီး၊ အမျိုးမျိုးဇာခြွေ ရလေလေဘဲကွယ်၊ တပည့်များတို့ ဖြစ်ပုံနဲ့ ဘယ်လို ကွာခြားတယ်ဆိုတာသာ စဉ်းစားကြပေတော့။

တကယ်တရားတော်ကို သိလာပြီဆိုတဲ့ နေ့ကျလာ မှဖြင့် မကောင်းတဲ့ အကြံအစည်၊ အပြောအဆို အ လုပ် အကိုင်တွေကို မလိုက်စားတော့ဘူး၊မလုပ်တော့ ပါဘူးကွယ်၊ ဒါကြောင့်မို့ သိရင် ပယ်ပြီးသာမှတ် ပေတော့၊ ပယ်တာနဲ့ တပြိုင်နက်၊ မင်းတို့အိမ်။မင်း တို့ရွာ၊ မင်းတို့မြို့၊ မင်းတို့ရဲ့တိုင်းပြည်ကြီးဟာ၊ ချမ်း သာ တရားကြီးဆိုက်တော့တာဘဲ၊ ချမ်းသာ တရားကြီး ကိုနှစ်ခြိုက်အားရသဖြင့် အမြဲတမ်းလို မဂ္ဂင်ရှစ်ပါး ကို မနေမနား ပွားများကြတယ်၊ ဒါကြောင့် စော စောကဆရာဆုံးမခဲ့တဲ့ စကားလေ။

သိ-ပယ်—ဆိုက်-ပွား၊ လေးပါးသစ္စာ၊<br>
တရားနှစ်ခု၊အားပြုစစ်ပါ၊<br>
ကြောင်းအကျိုးနဲ့၊ကောင်းဆိုးဖြစ်လာ၊<br>
သိမှန်ရ ဒါမှချစ်စရာ....တဲ့ကွယ်။

အေး....သစ္စာလေးချက် သဘောနက်ဆိုတာဟာ၊ နားမလည်တော့လဲ၊ အပြောရ ခက်သား ဘဲကွယ်။ တကယ်တမ်းနားလည်တော့လဲ။ အသိမှန် တခုကိုသာ ရပါစေ။ ကျန်တဲ့သစ္စာ သုံးပါးတွေဟာ ဘယ်ကိုမှမ သွားပါဘူး။ တသားထဲ ဖြစ်လာ တော့ တယ် ကွယ်။ ဒါကြောင့် ....တိုင်းသူပြည်သားတပည့်များတို့အား။

ဆရာအရေးတကြီး ပြောဆိုဆုမ္မလိုတာကဖြင့်၊ ကိုယ်တို့ရဲ့ကိုယ်ကို-ကိုယ်ငါးပါးသီလဘဲရှိသလားမရှိဘူးလားဆိုတာကိုသာ စစ်ဆေးကြပေတော့။ ငါးပါးသီလရှိတယ်မရှိဘူးလို့ ဘယ်လိုလုပ်ပြီးသိနိုင်မလဲ၊ မှတ်ထားကြကွဲ့။ကိုယ်ချင်း မစာတက်သေးသမျှ ကာလပတ်လုံးထိုပုဂ္ဂိုလ်ဟာ ငါးပါးသီလနဲ့ တူတာမရှိသေးဘူးလို့တထစ်ချမှတ်ပေတော့။အေး–တိုတိုကတော့၊ ငါးပါးသောသီလမရှိသမျှ ကိုယ်ချင်းမစာ– ကိုယ်ချင်းမစာသေးသရွေ့ ကာလပတ်လုံး ငါးပါးသီလမရှိသေး။ ငါးပါးသောသီလ မရှိသေးသရွေ့ ကာလပတ်လုံး။ ဘယ်လိုရုပ်နာမ်သော်၊ ဘာဝိပဿနာသောပြောချင်သလိုသာပြောကြ၊ ဝါယောအစုသာ ဖြစ်တော့ သဖြင့်၊ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို မရနိုင်ဆိုတာ၊ မြတ်စွာဘုရားက ဘာကို အမိန့်ရှိတော်မူသလဲတပည့်များရဲ့။

ဥါရုံဝါပန နိဗ္ဗာန၊ နဂရဿပဝေသနေ၊
ဂုဏာနံမူလဘူတဿ၊ ဒေါသာနံဗလဃာတိနော၊
ဇာတိသီလဿဇာနာထ၊အာနိသံသမနုတ္တရံ....တဲ့
ကွယ်။

အနက်ကတော့။ နိဗ္ဗာနနဂရဿ၊ နိဗ္ဗာန် တည်းဟူသောမြို့တော်ကြီးသို့။ ပဝေသနေ၊ ဗင်ခြင်း၌၊ သီလသမံ၊ ပါကာ တိ ပါတ်။ သတိချပ်၍၊ သီအပ် ပွါးရှု၊

ငါးခုညီမျှ၊ မြတ်သီလနှင့် တူသော။ ဥါရုံဝါပန၊ တံ
ခါးမည်သည်။ ကုတော၊ အဘယ်မှာ လျှင် ရှိပါချေ
တော့အံ့နည်း၊ ဂုဏာနံ၊ ဂုဏ်ကျေးဇူးတို့၏။ ဂုဏာနံ၊
နိဗ္ဗာန် ရောက် ကြောင်း၊ မှား မစောင်း သည့်၊ တရား၊
ကောင်း၊ တရားထူးဂုဏ်ကျေးဇူးတို့၏။ မူလဘူတသ၊
အကြောင်း ရင်းစစ်၊ ဖြစ်ကြီး ဖြစ်သော။ ဒေါသာနံ၊
ယုတ်မာ ညစ်ကျူ၊ အပြစ်စုတို့၏။ ဗလဃာတိနော၊
အပါယ် သွားမှု တအား ပြုနေတဲ့၊ မှားစု မှားဆိုင်၊
မှား အနိုင်ကြီးတွေကို၊ တားနိုင် ဆီးနိုင် အပြီးတိုင်
သတ်ဖြတ် တတ်သော။ သီလသ၊ ကိုယ် ချင်း စာကြ၊
ငါးပါးသောသီလ၏။ အနုတ္တရံ၊ တုရန်တိုင်းရန်။ နှိုင်း
ရန်ဟူဘိ၊ အတူမရှိသော။ အာနိသံသံ၊ စိတ်ကြိုသလောက်
နိဗ္ဗာန် ရောက်အောင်၊ မျှက်မှောက် ပြုရိုး။ ကြီးကျယ်
ကောင်းမြတ်တဲ့ အကျိုးကို။ ဇာတိ၊ အဲဒီလို။ ဇာနာထ၊
ဘုရားဟော အဘိဓမ္မာကို ပြပါ သဖြင့်။ အများသော
တပည့်တကာ တကာမတွေက ငါးပါး သီလလောက်
ကလေးများ။ ဘယ့်နှယ် ဘာဘာညာညာပြောကြတဲ့
အမှား သဘော တွေ ဖိလာ၍ မခရ အောင်။ သိပါကြ
ကုန်ရာတော့ သတည်း။

အေး- အဲဒါကြောင့်၊ (လူလိုသိပါကိုယ်ချင်းစာ)
ဆိုတဲ့ စကားတခွန်းဟာ ဘယ်လောက် တာသွားတယ်
ဆိုတာ။ ဥကွောင်းမှာ ဥာဏ်ကို စိုက်ပြီးတော့ တွေး
လိုက်လေလေ။ ငါးပါးသီလ မြဲမှု ဟာ၊ အရေးကြီး

လေဘဲကွဲ့။တပည့်များ ကြားဘူးပါလိမ့်မယ်၊ ငါးပါး သီလကို ခါးဝတ်ပုဆိုးကဲ့သို့။ ခါးမှာဝတ်တဲ့၊ ပုဆိုး ထမီများအကျွတ်အပြိမခံဝန့်သလို၊မြဲစေရမတဲ့။တပည့် များ ကိုယ်တိုင်၊ ပုဆိုး–ထမီကို အပြိခံဝန့်ရဲ လား။ အဝတ်အစား မရှိဘဲနဲ့ လူထဲမှာ နေဝန့် ကြရဲလား၊ ကျွတ်မှာပြိမှာစိုးလို့အပေါ်က ပိုးပြီးခိုင်သည့်ထက်ခိုင်၊ မြဲသည့်ထက်မြဲအောင် တမျိုးခါးပတ် ပတ် ထားသေး ဘယ် မို့လား ကွယ်။ အေးအေး–လူနေ တဲ့နေ ရာကို ရောက်လာ၍၊ လူလိုသိတတ်သူ မှန်သမျှ၊ ငါးပါးသီလ မြဲရမယ်ဆိုတာနားလည်သင့်တာပေါ့တပည့်များရယ်၊ ငါးပါး သီလ မရှိဘဲ မတည်ဘဲ၊ လူနေတဲ့ နေရာကို ရောက် နေ တာ၊ ဘယ် နှစ် နှစ် လောက် ရှိပြီ လဲ။ ဘယ်လောက်ကြာပြီလဲ။အင်း– သေသေချာချာ တွက် လေ ရှက်စရာကောင်းလေဘဲ။ လူနေတဲ့ နေရာမှာ လူ လို မနေမိတာတွေကို တွေးလေ ဆွေးစရာကောင်းလေ ဖြစ်မလာပေဘူးလားကွယ်။ သို့သော် အသိမှန်ကို မရ သေးခင်က တော်သလို ရော်သလို နေမိ တာ တွေ ကို သိတတ်တဲ့ အချိန်က စပြီးတော့ ပယ်လိုက် ပေတော့။ လင်နဲ့ အတူတူ မနေနဲ့ မယားနဲ့ သားနဲ့ သမီးနဲ့ ကွာ လိုက် ရှင်းလိုက် ပယ်လိုက် ကြပေတော့ လို့ ခိုင်းတာ မဟုတ် ဘူးကွဲ့နော်၊ ဖြူးကနဲ စိတ်ဆိုးပြီး ဆရာ့စာ အုပ်ကို ဘေးဘက်များလွှင့်မပစ်လိုက်ပါနဲ့ အိုးကွယ်။ ကိုယ်က ဖြစ်ပေါ် စေတတ်တဲ့ ကိုယ်ယုတ်မာ သုံးမျိုး။

နှုတ်က ဖြစ်ပေါ်စေတတ်တဲ့ နှုတ် ယုတ်မာ လေးမျိုး။ စိတ်ကဖြစ်ပေါ်စေတတ်တဲ့ စိတ်ယုတ်မာလေးမျိုးကို။ ငယ်ပေါင်းဖြစ်နေလို့၊ အကုန်လုံးကို ဖြုံးကနဲမကွာ နိုင် မပယ် နိုင်တောင်၊ ရက်ပိုင်း လပိုင်း နှစ်ပိုင်း နဲ့ ခွါကြည့် ကြကွယ်၊ ပယ်ကြည့် ကြကွယ်၊ ရ တာ ပေါ့၊

မခွါနိုင်၊ မကွာနိုင်၊ မပယ်နိုင်ဘူးဆိုတာ အယုတ်တမာ တရားတွေက တပည့်များကို မခွါနိုင်တာလား။ တပည့်များကပင် အဲဒီ-အယုတ်တမာ တရားတွေကို၊ မခွါနိုင်တာလား။ မခွါချင် သေးလို့ဘဲ မခွါနိုင်တာ နှော်။ ခွါချင်တဲ့ နေ့ကျတော့ အခွါနိုင်သွားဘဲ၊ မင်းတို့လင်မယားတွေ၊ကွာတာ— ရှင်းတာ တို့ကိုဘဲ ကြည့်ကြည့်ကြတော့ကွယ်။ ရေသက်ပန် ရိုးမြေကျတွေ၊ဘယ်လိုဘယ်လိုဘဲ ပြောပြီး တယောက်နှင့် တယောက်၊ ပလီကြ ပေမဲ့ မကောင်းတာတွေ သိလာတဲ့ တနေ့ကျမှတော့ တနာရီတောင် အတူတူမနေနိုင်ဘူး၊ ကွာကြရှင်းကြ တာဘဲမို့လား။

အေး— အဲဒီအတိုင်းသာမှတ်၊ အယုတ်တမာတရားတွေကြောင့်၊ ဒုက္ခအမျိုးမျိုးတွေ ဖြစ်နေ ပါကလားဆိုတဲ့အသိမှန်ကလေးကို ရတာနဲ့ တပြိုင်နက်ထဲ၊ တနာရီ လောက်ကလေးမှ ပေါင်းသင်း ဆက်ဆံ ခြင်းကို မပြုံ့တော့ ဘူးကွယ်။ ကွာရှင်းလိုက်ပြီ ခွါပြီပယ်ပြီ ဆိုတာ သေချာပြီသာ မှတ်တော့ကွဲ့၊ ပယ်လိုက် ထာနဲ့အတူ မိနစ်စက္ကန့်မခြားဘဲ၊ ကိုယ်ချမ်း

သာ စိတ်ချမ်းသာဆိုတဲ့၊ ချမ်းသာတရားကို၊ တပည့်များဆိုက်လာ တော့တာဘဲ။ လက်တွေ့ချမ်းသာတာကိုလဲ၊ တွေ့ပါရော၊ နိဗ္ဗာန်သို့ ရောက်ကြောင်း မဂ္ဂင်ဆိုတဲ့ တရားကောင်းကြီးတွေကို အားမထား ပါနဲ့။ မပွါးများပါနဲ့လို့၊ ဘယ်လိုဘဲ တားတား မရတော့ဘူးကွယ်။ အသက်ကို အသေခံမယ်လေ။ ကိုယ်ချင်းစာတရားနဲ့၊ ငါးပါး သီလကို လက်မလွှတ်တော့ ဘူးကွယ်။ အဲဒါဟာလူလိုသိတာဘဲ၊

ဒါကြောင့်– ဒီစာအုပ်ကို ရေး၍ဘတ်ပြီးမှတ်ပြီးတဲ့အချိန်ကစပြီးတော့၊ နိဗ္ဗာန်ကို သွားမဲ့ တပည့်များ။ ဝိတ်သားပေါ်မှာ သော်ရင်း။ သွပ်ပြားနဲ့ ပျဉ်ပြားပေါ်မှာသော်ရင်း၊ (ကိုယ်ချင်းစာတတ်ပါ) ဆိုတဲ့ စာလုံးကို၊ ခပ်ကြီးကြီး ထွားထွား ကလေးရေး။ ရှုံးတွေဂါတ်တွေ သဘော်ရထားပေါ်တွေမှာရေး၊ သူတော်ကောင်း အချင်းချင်းတွေ သတိပေးကြစမ်းပါကွယ်။ အိမ်တိုင်းကျောင်းတိုင်း၊ လူမြင်ကွင်း ညှော်ခန်းတိုင်းမှာ၊ အဲဒီ စာတမ်းကို ထားပြီး၊ တရားလက်ဆောင် အဖြစ် ပေးကြစမ်းပါကွယ်။ ဒါကြောင့် မြတ်စွာဘုရား၏အာမခံ–တော်ကြီးက။

သုခေတာ။ ကိုယ်တော်မြတ်ကြီးက အရဟတ္တ မဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တွေကို မှန်မှန်ကန်ကန် ဟန်ဟန်ပန်ပန်၊ တိတိကျကျ လက် ဆုပ်လက်ကိုင် ဗိုင်ဗိုင်မိမိ၊ ရရှိတော်မူလေပြီ ဖြစ်သောကြောင့်၊ အလုံးစုံ

သောလူနတ်ဗြဟ္မာ သတ္တဝါတို့ကို၊ ဟယ်– ငါသိသလို
သိကြစမ်းပါ၊ ငါမြင်သလိုမြင်ကြစမ်းပါ၊ ငါရသလို၊
ရကြစမ်းပါလို့၊ အကောင်းဆုံးဖြစ်တဲ့ အမတချမ်းသာ
ကိုပိုင်ပိုင်နိုင်နိုင်ကြီးပေးအပ်တော်မူခဲ့လေသတည်း။

ကိုင်းဟေ့ တော်လောက်ပြီထင်တယ် တပည့်များ၊
အရှေကြီး ရေးတော့ နားထွေး ကုန်လိမ့်မယ်။ အခု
လောက်သတိ ပေးရင်လဲ တွေးမိလောက်ကြပါပြီ။ မှန်
တာသိလို့၊ မှန်ကြကြ ဆိုတဲ့စာကို ရလာသည်နှင့် တ
ပြိုင်နက်၊ သစ္စာလေးချက်နဲ့မဂ္ဂင်ရှစ်ပါးကို၊ စဉ်းစာရင်း
ရှာကြ ပေတော့၊ နောက်တနေ့ ကျတော့ ဆရာနဲ့ လဲ
ကိုယ်တိုင် တွေ့ချင်ရင် တွေ့အုံးမှာပါဘဲ။ သီလဘက်က
စိတ်ချရလို့ ဝိပဿနာအလုပ်တို့ကိုအားထုတ်ချင်သော
တပည့်များ ဆရာ ရေးသား ဆုမ္မ ထားတဲ့ လူ့အစစ်
အောင်ခြင်းဝိပဿနာစာအုပ်ကို အမြန်မှာ ကြားပြီး
မှတ်သားကြည့်ရှု၍၊ သိမှုအမှန်ကို၊ မိမိတို့အိမ်တွင်ပင်
ဝိပဿနာဉာဏ်၏ အရသာဖြင့် ခဏမကြာ စားမြိုး
သုံးဆောင်နိုင်ကြပါစေ။

---

ဆရာကိုယ်တိုင် ဝါတွင်းသုံးလတို့ပတ်လုံး၊ နေ့စဉ်
သင်ကြားနှုန်းပြ၍ ဆုံးမလျက်ရှိသော ဝိပဿနာသင်
တန်းပြရှစ်လုံးဘွဲ့ ဒေသနာတရားတွေကို၊ ဓမ္မကထိက
များနှင့်တကွရဟန်းရှင်လူဟူသမျှတို့ အရဆောင်ရွက်၍
အောင်ဘက်ကို နင်းနိုင်ကြပါစေရန် မသိနားမလည်

သေး သူတို့ကို၊ သိနားလည် ရအောင် ဟောပြော ဆောင်ကြဉ်း နိုင်ကြ စေရန် ထည့်သွင်းခါ ရိုက်နှိပ်၍ ပေးလိုက်ပေသည်။နှုတ်တက်အာဂုံ ဖုံဖုံရရှိ၊ကျက်မှတ်၍ ကျင့်ကြံဟောပြောနိုင်ကြပါစေသတည်း။

## လူ့သိုင်းဒိမ္မ—သတ်ပြ

ကိုယ်နှင့်မဆိုင်တာကို သိပါသော်၊ တောင်ကိုင် မြောက်ကိုင်၊ ဟိုဟာလုပ်သည်ဟာလုပ်၊ မရှုပ်ပါနဲ့၊ နေရာတကာပြောမှသိလျှင်၊ သယ်မှာ ကောင်းနိုင် မ လဲ။ရှက်တတ် ကြောက်တတ်တဲ့ စိတ်နဲ့ ကိုယ်ချင်းစာ။

အားနာတတ်တဲ့စိတ်၊ အလိုက်သိ တတ်တဲ့စိတ်ဟာ။ လူလိုသိတတ်သူများမှသာ၊သုံးစွဲနိုင်သော (စိတ်မြတ်ရ တနာ) တခုဖြစ်တယ်လို့၊ အမြဲတမ်းမှတ်ထား။

ငယ်သူကို ကြီးသူက၊လမ်းမှန်ရအောင် ဆုံးမသွန် သင်ပါ။ မြောက်ထိုးပင့်ကော်မလုပ်ပါလေနှင့်။

ပေါင်းသင်းဆက်ဆံရေးကို နားလည်၊ ထယ်ထယ် ဝါါဝါမလုပ်နဲ့။ဘဝင်မြင့်တဲ့ရောဂါကိုသတိထား။

မြင်ကောင်းအောင်သွား။ ကြားကောင်း အောင် ပြော။ စားကောင်းအောင်လုပ်တတ်ရသည်။

ကောင်းကောင်းသွန်သင် ဆုံးမတတ်သူကို။ အမြဲ မှီခိုပေါင်းသင်း၍။ ကိုယ့်အလိုကိုလိုက်ခါ။ ကိုယ်ကြိုက်ရာ (ဖေါ် လုံဖါး)တတ်တဲ့၊ အကော် ဉာဏ် သမား ကို၊ ဖျားဖျားကြီးရှောင်ပါလေ။

ကျေးရွာရှင်

# သာယာဝတီ ဦးညောင်ဆရာတော်၏

## အောင်ခြင်းဂီပဿနာသင်တန်းပြ

အမြဲတမ်း-ဆုံးမတော်မူသော

ဆောင်ပုဒ်သက်ဝါ၊ ချစ်လိုးဘွဲ့ဒေသနာများ

### ဆောင်ပုဒ်

ဒုက္ခဝဋ်ဘေး၊ ကျွတ်လွတ်အေးဘို့၊ တောင်တွေးမြောက်မြော်၊ တကြော်ကြော်နှင့်၊ ကာယ်ဘော်ကိုကြည့်၊ အိုတပည့်တို့၊ ထိုသည့်ရန်စွယ်၊ အန္တရာယ်ကိုမှန်တကယ်သိ၊ ဥာဏ်ဝယ်မိဘို့၊ သတိထားကာ၊ ကြည့်ပြီးပါက ရွာလဲသုံးရွာ၊ ငါးသုံးငါတဲ့၊ ဆုံးရာလမ်းစမတွေ့ရအောင်၊ နေ့ညမပြတ်၊ တလစပ်ပင် သူတို့ဝင်၍၊ ဒို့ပင် ထွက်လမ်း မမြင်ကမ်းပေါ့၊ မြင်စမ်းစေချင်၊ သုံးလူ့ရှင်၏၊ ကြည်လင်မေတ္တာ။ ပေးအပ်ရှာသည့်၊ လေးဖြာခေတ်ဆေး၊ မပြတ်ပေးမှ၊ နေရေးကျနသေရေးလှလိမ့်၊ တွေးကြတော့ကွယ်၊ အိုမောင်မယ်တို့၊ ရှောင်ဖယ်ရွာတွင်း၊ ဒို့ခွါကွင်းမည်၊ လာ်မင်းလိုက်ခဲ့သုတ်သုတ်နှော်။

ကာမ-ရူပ-အရူပ-မှတ်ကြသုံးရွာခေါ်။

တဏှာမာန-ဒိဋ္ဌိပ-သိကြငါသုံးဖေါ်။

နှစ်သက်စရာ၊ ဖြစ်၍လာ၊ တဏှာငါတဲ့နှော်။

မောက်မာထ၍၊ ဖြစ်လာက၊ မာနငါတဲ့နော်၊
သူရှိ—ကိုယ်ရှိ—ထင်တုံဘိ—ဒိဋ္ဌိငါတဲ့နော်။
သူတို့ကြောင့်ဘဲ၊ သံသာထဲ လွှတ်ခဲတအော်အော်။
သူတို့ဘေးမှ—လွတ်အေးရ—လေး ဝ ခွာတ် ဆေး
ပေါ်။
နေ့စဉ်မပြတ်၊ ကွင်းကာခတ်၊ ကင်းပြတ်ရောဂါနော်။

ရှစ်လုံးဘွဲ့။

မာမှုပြောမှု၊ နှစ်ခုပေါ်လာ၊
ဘယ်ဓာတ်ပေလဲ၊ ဝေခွဲဖေါ်ပါ။
ပထဝီမြေဓာတ်၊ ဖြေအပ်ခေါ်တာ၊
သဘာဝ၊ ဒါမှပျော်စရာ။
ဖွဲ့စည်းယိုစီး၊ ထိုနည်းပေါ်လာ၊
ဘယ်ဓာတ်ပေလဲ၊ ဝေခွဲဖေါ်ပါ၊
အာပေါရေဓာတ်၊ ဖြေအပ်ခေါ်တာ၊
သဘာဝ၊ ဒါမှပျော်စရာ။
ထောက်ကန်လှုပ်ရှား၊ ဟုတ်များပေါ်လာ၊
ဘယ်ဓာတ်ပေလဲ၊ ဝေခွဲဖေါ်ပါ၊
ဝါယောလေဓာတ်၊ ဖြေအပ်ခေါ်တာ၊
သဘာဝ၊ ဒါမှပျော်စရာ၊
ပူမှုအေးမှု၊ နှစ်ခုပေါ်လာ၊
ဘယ်ဓာတ်ပေလဲ၊ ဝေခွဲဖေါ်ပါ၊
တေဇောမီးဓာတ်၊ နည်းမှတ်ခေါ်တာ၊
သဘာဝ၊ ဒါမှပျော်စရာ။

## ဆောင်ပုဒ်

ဝိပဿနာ၊ သိမှတ်ရာဘို့။ ဆရာသင်ကြား၊ စဥ်စကားကို ထင်ရှားကြည့်နော်၊ တပည့်ကျော်တို့၊ သိသော်တရား၊ ရှိသော်ငြားမှ၊ လေးပါးအပါယ်၊ ဝဠ်သုံးသွယ်ကို မုန်းတယ်ရွံတယ်၊ ကြောက်တယ်ဆိုငြားဆိုစကားနှင့်၊ တသားတည်းပ၊ ညီညွတ်ကြမည်၊ ဒါမှပြောလုပ်၊ ဟုတ်လိမ့်နော်။

ရှစ်လုံးဘွဲ့။

လူမှန်ကဖြင့်၊ မကျပါယ်ရွာ၊
လူလိုကြည့်ရှု၊ သိမှုလွယ်တာ၊
သတိမထား၊ တရားဖယ်ခွါ၊
လူဖြစ်ရှုံး၊ နစ်အုံးအပါယ်ရွာ၊
ပါရမီပြုဘူး၊ ဆုထူးရှင်ဟာ၊
စီးပွားနှစ်ခု၊ အားပြုသင်ရှာ၊
အမှန်အမှား၊ တရားထင်လာ၊
အသိကွဲ၊ ပေါ်မြဲစဥ်မကွာ။
အမျိုးယုတ်မြတ်၊ အမှတ်သညာ၊
ဘယ်လိုသိမှု၊ ကြည့်ရှုထင်မှာ၊
တရားအလုပ်၊ အားထုတ်သင်ကာ၊
မလေးစား၊ လေးစားအမြင်ပါ။
ကိုယ့်အရေးကို၊ မတွေးချော်ရှာ၊
သူ့အရေးကို၊ တွေး၍မြော်ကာ၊

သဘောညွှတ်လို့၊လောကွတ်ပေါ်လာ၊၊
နှင့်အဖြစ်၊နှင်စစ်မလျော်ပါ။

ဆောင်ပုဒ်၊

ကိုယ်နှုတ်စိတ်အား၊ သုံးပါးညီညာ၊ မှိစရာတွင် တည်လာဘိပြော၊ ရှိထရားကို၊ သိထားစရာ၊ ပေါင်း ဆယ်ဖြာတဲ့၊ ပယ်ရာသူဘဲ၊ ပွားလဲတူပင်၊ များလူရှင် သည်၊နေ့စဉ်အမြဲ-ဒုသုခွဲ။

ရှစ်လုံးဘွဲ့။

သက်တိုနာဖြား၊ထင်ရှားဖြစ်လာ၊
ဘယ်မှုပေလဲ၊ဝေခွဲစစ်ပါ၊
ပါဏာတိပါတ်၊သတ်တဲ့ဖြစ်ဟာ၊
မရှောင်ရှား၊မောင်များလွန်နစ်နာ၊
မပယ်ရှား၊မယ်များလွန်နစ်နာ။

မျိုးယုတ်ဆင်းရဲ၊လူမွဲဖြစ်လာ၊
ဘယ်မှုပေလဲ၊ဝေခွဲစစ်ပါ၊
အဒိန္နာဆိုး၊ခိုးတဲ့ဖြစ်ဟာ။
မရှောင်ရှား၊မောင်များလွန်နစ်နာ။
မပယ်ရှား၊မယ်များလွန်နစ်နာ။

မိမ္မပဏ္ဍုက်၊နူရုပ်ဖြစ်လာ၊
ဘယ်မှုပေလဲ၊ဝေခွဲစစ်ပါ၊
သူ့သားမယား၊ဖေါက်ပြားဖြစ်ဟာ၊
မရှောင်ရှား၊မောင်များလွန်နစ်နာ၊
မပယ်ရှား၊မယ်များလွန်နစ်နာ။

ပါးစပ်ပုပ်ငြား၊ တရားလစ်ထား။
ဘယ်မှုပေလဲ၊ဝေခွဲစစ်ပါ၊
လိမ်လည်ပြုငြား၊မုသားပြစ်ဟာ၊
မရှောင်ရှား၊ မောင်များလွန်နစ်နာ၊
မပယ်ရှား၊ မယ်များလွန်နစ်နာ၊
ခွေးနှင့်ဘီလူး၊အရှူးဖြစ်လာ၊
ဘယ်မှုပေလဲ၊ ဝေခွဲစစ်ပါ၊
သုရာအရက်၊ သောက်ချက်ပြစ်ဟာ၊
မရှောင်ရှား၊မောင်များလွန်နစ်နာ၊
မပယ်ရှား၊ မယ်များလွန်နစ်နာ၊
ချစ်သူများနှင့်၊ ကွဲပြားဖြစ်လာ။
ဘယ်မှုပေလဲ၊ဝေခွဲစစ်ပါ၊
သူနှစ်ယောက်မုန်း၊ ဂုံးတိုက်ပြစ်ဟာ၊
မရှောင်ရှား၊မောင်များလွန်နစ်နာ၊
မပယ်ရှား၊ မယ်များလွန်နစ်နာ၊
ဆွံ့,အ,ကန်း,ပင်း၊ထင်လင်းဖြစ်လာ၊
ဘယ်မှုပေလဲ၊ ဝေခွဲစစ်ပါ၊
ဆဲဆိုလုပ်ကြံ၊ ဖရုသပြစ်ဟာ၊
မရှောင်ရှား၊မောင်များလွန်နစ်နာ၊
မပယ်ရှား၊ မယ်များလွန်နစ်နာ၊
ကိုယ်ပြောစကား၊လကားဖြစ်ထာ၊
ဘယ်မှုပေလဲ၊ ဝေခွဲစစ်ပါ၊
သေးနုပ်သိမ်ဖျင်း၊ပြောခြင်းပြစ်ဟာ၊

မရှောင်ရှား၊မှောင်များလွန်နစ်နာ၊
မပယ်ရှား၊မယ်များလွန်နစ်နာ၊
ရန်သူမျိုးဖျက်၊ဆိုးချက်ဖြစ်လာ၊
ဘယ်မှုပေလဲ၊ဝေခွဲစစ်ပါ၊
လိုချင်စိတ်ထဲ၊ ဘိဇ္ဈာ—စွဲဖြစ်ဟာ၊
မရှောင်ရှား၊ မှောင်များ လွန်နစ်နာ၊
မပယ်ရှား၊ မယ်များလွန်နစ်နာ၊
သူရှုံ့လူမွဲ၊ ယူလွဲဖြစ်လာ၊
ဘယ်မှုပေလဲ၊ ဝေခွဲစစ်ပါ၊
ဗျာပါဒိစိတ်ရှိ၊ဒိဋ္ဌိဖြစ်ဟာ၊
မရှောင်ရှား၊မှောင်များလွန်နစ်နာ၊
မပယ်ရှား၊ မယ်များလွန်နစ်နာ၊

ဆောင်ပုဒ်

ခန္ဓာ အာယတန ဓာတ်၊ သိတုံလတ်မှ၊ ကင်းပြတ်မိစ္ဆာ၊ ဒိဋ္ဌိကွာ၍၊ ဆရာ ဘုရား၊ မှာစကားကို၊ လေးစားသေချာ၊ ကျင့်နိုင် ရှာသည်၊ မှတ်ပါ တော့လား သူတော်များ။

မသိ မရှိ၊ မသိ ရှိနှင့်၊ သိမရှိလူ၊ သိရှိဟူဘိ၊ လေးလူရှိကို၊ သတိ ချပ်ခါ၊ သိတတ် ပါမှ၊ ပယ်ရာ ပွါးရှု၊ ဒို့ အားပြုမည် မှားမှု ဝေးအောင် ရှောင်ကြ နှော်၊

ရှစ်လုံးဘွဲ့

မသိလို့မှား၊ သိငြားစေပါ၊
သိရက်သားနဲ့၊မမှားစေရာ၊

ကိုယ်တို့ဖြစ်ရေး၊ စစ်ဆေးသေချာ၊
တရားမှု၊ အားပြုသွေမကွာ၊
ရတနာသုံးပါး၊ ချစ်ကြွေးသဒ္ဒါ၊
ကိုယ့်ကိုယ်ကိုယ်ချစ်၊ အချစ်ဒယာ၊
သူ့များချစ်တော့၊ အချစ်တကျော၊
သံသာဝဋ်၊ မလွတ်အချစ်ရှာ၊
ချစ်ဆိုး ချစ်ကောင်း၊ ချစ်ကြောင်း နှစ်ဖြာ၊
ယောဂီများတို့၊ သိထားကောင်းတာ၊
ချစ်ဆိုးကိုမှောင်း၊ ချစ်ကောင်းပြောင်းပါး၊
ဓါတ်ကိုပွါး၊ မှတ်သားအကြောင်းရှာ၊
အပြစ်မသိ၊ ချစ်မိလေတာ၊
အပြစ်သိတော့၊ ချစ်မိပြေလာ၊
ယောဂီမြတ်များ၊ မှတ်သားသေချာ၊
အပြစ်တွေ့၊ ချစ်၍မနေသာ၊

## ဆောင်ပုဒ်

ငှက်ပျော တုံးမျှ၊ သုံးမကျသည့်၊ လုံးဝရုပ်ဆောင် အပုပ်ကောင်ကို၊ ဟုတ်ယောင်နိုးနိုး၊ အထင်မျိုးနှင့်၊ မဲ့, ပိုး, ကတ္တီပါ၊ ထည်ကမ္ဗလာတို့၊ ညီညာဝတ်ဆင်၊ စိန်ရွှေတင်၍၊ နေ့စဉ် မွမ်းမံ၊ ပုံသဏ္ဍာန်ကို၊ဖေါက် ပြန်ယူလွဲ၊ သူငါဘဲဟု၊ မှတ်စွဲစိတ်ရှိ၊ ငါဒိဋ္ဌိ၏၊ မှား သည့်ဖြစ်အင် အပြစ်မြင်မည်၊ အစဉ်တွေးဆို့၊ အေးဘို့ နေ့ဘ်။

ဤကိုယ်ကောင်ပုပ်၊ အဟုတ်ထင်တာ၊
စိန်၊ ရွှေ၊ ပိုး၊ ပဲ၊ မျိုးခွဲဆင်ရှာ၊
ငှက်ပျောတုံးနဲ့၊ အသုံးယှဉ်ပါ၊
နှန်းမရ၊ လုံးဝမြင်စရာ၊
တကျာခွဲနဲ့၊ ငါလွဲပေါ်တာ၊
သာယာနှစ်သက်၊ ချစ်လျက်ပျော်ရှာ၊
နေ့စဉ်ဖေါက်ပြား၊ မှောက်မှားလော်မာ၊
သံသာလမ်း၊ ထွက်ခန်းမမြော်သာ၊
မသိချက်ကြောင့်၊ အခက်တွေဖြာ၊
အသိဖက်မှ၊ အခက်တွေကွာ၊
အမှန်သိမှု၊ ကြည့်ရှုဖွေရှာ၊
အချိန်ပြုန်း၊ အိမ်လုံးမနေသာ၊
ဘုရားမတွေ့၊ အားမပြေ့သာ၊
တရားတွေ့မှ၊ ဘုရားတွေ့မှာ၊
ယောဂီမျိုးများ၊ ကြိုးစားလေ့လာ၊
ကျန်းမာခိုက်၊ အားထုတ်အတွေ့ရှာ၊
ရှေ့တန်းရှောင်ရှား၊ ချောင်ကြားကုပ်ထား၊
အသိမှန်နဲ့၊ ဥာဏ်မွဲစုတ်ချာ၊
တကယ်သိတော့။ ဘယ်ထိလုပ်လာ၊
နောက်နေမှု၊ မပြုအဟုတ်ပါ။

ဆောင်ပုဒ်

တဘဝမှာ၊ ခဏတာမျှ၊ ရလာကြသည့်၊ ဒုက္ခမှန်စွာ၊
ဤခန္ဓာတွင်၊ ငါငါငါ၊ တငါငါနှင့်၊ မောက်မာစွာဖြ၊

ငါမာနဏ်၊နေ့ညမကွာ၊ဖြစ်ပေါ်လာမှုသတိပြု၍၊ပြည့်
ရှုထားမှ၊အသွားလှမည်၊မှားစသိမ်း ငို့ငြိမ်းဘို့နှော်။

ရှစ်လုံးဘွဲ့

ပေါက်ပြန်ခံစား၊မှတ်သားတတ်ထာ၊
စေ့ဆော်သိမှု၊ကြည့်ရှုအပ်စွာ၊
ခန္ဓာငါးခု၊အားပြုမှတ်ပါ၊
အမှန်သိ၊ကြံဘိမြတ်ခမ္မာ၊
　　ကုသိုလ်ပွါးမှု၊အားပြုချီသာ၊
　　ဝီစိကံတဲ့၊မှန်ကဲ့ဆိုပါ၊
　　သံသရာလမ်း၊သွားခန်းထိုဟာ၊
　　နိဗ္ဗာန်နန်းဖြောင့်တန်းကိုယ်လိုရာ။
တရားစည်ကြီး၊ ရိုက်တီးနေတာ၊
မင်းဘယ်အစား၊ မကြားသွေခွါ၊
တနေ့ကျတော့၊တွေ့ရသေရွာ၊
မင့်အရေး၊ဖင့်နွှေးမနေရာ။
　　တရားရွှေမိုယ်း၊ ခွေမြိုးလို့ရွာ၊
　　မချိုးမသောက်၊ညှိုးခြောက်ဒို့မှာ၊
　　အသိမှားလွဲ၊အားနဲချို့ရှာ၊
　　သံသာထဲ၊အမြဲရှေ့လို့ကြာ။

ဆောင်ပုဒ်

လိုတာမရ၊ ဆိုရှာကြသည်၊ ထိုဟာကသာ၊ သယ်လို
ပါလိမ့်၊ ရတာမလို၊ တခါဆို ပေါ့၊ ဘာကို ရည်ရှုး၊
၍အကျူးကို၊ဆည်းပူးဝေဖန်၊အဖြေမှန်ကိုကေန်သိပြား

သတိ ထားလျက်၊ အမှားကို ပယ်၊ အမှန် တယ်မည်။
ဥာဏ်ဝယ်သိဘို့၊ ကြည့်စို့နော်။

ရှစ်လုံးဘွဲ့

တောင်းတိုင်းရလို့၊ တ,တိုင်းပြည့်တာ၊
ဘယ်လိုပေလဲ၊ ဝေခွဲကြည့်ပါ၊
အတွင်းသဘော၊ စင်းချောရှိလာ၊
တောင်းတိုင်းရ၊ တ,တိုင်းသူပြည့်ရှာ။

ခေတ်မကွဲပြား၊ လွဲမှားတွယ်ရှာ၊
ခေတ်ကိုသိမှု၊ ကြည့်ရှုဘွယ်ရာ၊
ခေတ်ကွဲပြားက၊ လွဲမှားဖယ်ခွါ၊
ချိန်မှန်ပွါး၊ သိပြားအလွယ်ပါ။

တရားမရှိ၊ မှားဘိခက်ထာ၊
တရားရှိတော့၊ များ၏သက်သာ၊
သူတော်ကောင်းများ၊ တရားဖက်ပါ၊
သံသာမြဲ၊ တွက်မြဲရက်မကြာ။

ဘုရားကိုချစ်၊ အချစ်သဒ္ဓါ၊
ကိုယ့်ကိုယ်,ကိုယ်ချစ်၊ အချစ်ဒယာ၊
သူများကိုချစ်၊ အချစ်တဏှာ၊
သံသာဝဋ်၊ မလွတ်အချစ်ရှာ။ ။

ဆောင်ပုဒ်

တကိုယ်လုံးမှာ၊ ငါကိုရှာက၊ ဘယ်မှာကြည့်ကြည့်၊ ငါမရှိဘဲ၊ ငါရှိနဲ့သို့၊ အလွဲလက်စ။ ဖျက်မရနိုင်၊ ခက်လှလေကွယ်၊ အိုမောင်မယ်တို့၊ ဘယ်ဝယ်တွေ့လာ၊ ဘယ်က

ငါလဲ၊ တဏှာ, မာန၊ ရိပ်မိကြတော့၊ ဒိဋ္ဌိကလာ၊ အဲဒီ ငါ ကြောင့်၊ သံသာ ဝဋ်ထဲ၊ ဒို့ လွတ်ခဲ သည်၊ ဇွတ် စွဲ ဖြုတ်ဘို့—လုပ်စို့နော်....

ရှစ်လုံးဘွဲ့

ငါမရှိဘဲ၊ ငါဘဲထင်တာ၊
ငါအသိခွဲ၊ ငါဘဲပြင်ပါ၊
ခေတ်ကိုကွဲမှ။ အမြဲမြင်မှာ၊
တဏှာစွဲ၊ ငါထဲမဝင်လာ၊ ။
ငါမှငါကူ၊ မာနဝင်လာ၊
လူတဘက်သား၊ လကားထင်တာ၊
တနေ့ကျတော့၊ တွေ့ရအင်မှာ၊
သံသာထဲ၊ အောက်ဆွဲစဉ်မကွာ။ ။
ကြောင်းမသိက၊ ပေါင်းမိခက်ထာ၊
အကြောင်းသိက၊ ပေါင်းမိသက်သာ၊
နေ့စဉ်ညဦးဆဲ၊ ဆင်းရဲရက်ကြာ၊
နင့်အရေး၊ နင်တွေးရှက်စရာ။
ဖြစ်လျှင်ပျက်မြဲ၊ မလွဲ လိုဟာ၊၊
ရှာသိစာသိ၊ ငါသိဆိုတာ၊
ရှာစာ, သိထက်၊ ငါသိလိုတာ၊
ကိုယ့်အသိ၊ ကိုယ်ကြည့်ဘယ်လိုပါ။

ဆောင်ပုဒ်

ခန္ဓာကိုယ်ရုပ်၊ အကောင်ပုပ်၏။ စက်ဆုပ်ဖွယ်ရာ၊
ရှုံ့ဘွယ်ရာကို၊ တွယ်တာငြိကပ်၊ မသိတတ်မှု၊ အာရုံစုမှာ။

ဝေါတကျော၏၊မာယာလှည့်စား၊ သတိထားမှ၊ အသွား
လှလှ၊တရားရမည်။မှားစသိမ်းစို့ငြိမ်းဘို့နှော်၊

သာယာနှစ်သက်၊တပ်မက်သော်သာ၊
သံသာဆက်ထဲ၊ထွက်ခဲပျော်မှာ ၊
ကျိုးအပြစ်နဲ့ ၊ဆိုးညစ်ပေါ်လာ၊
တကျောယုတ်၊ခွါထုတ်အလော်မာ။

စိတ်မိုက်စိတ်ကြမ်း၊စိတ်ရမ်းတွေဟာ၊
ခန္ဓာကိုယ်ထဲ၊အမြဲနေတာ။
အလိုလိုက်တိုင်း၊မိုက်ရိုင်းမှုရှာ၊
သိတရား၊ရှိငြားမနေခွါ။

ခေတ်ကိုသိမှု၊ကြည့်ရှုသော်သာ၊
ဘယ်ခေတ်ပဲလို့၊အမြဲပေါ်မှာ၊
ပေါ်လာဘိခေတ်၊သိမှတ်လျော်စွာ၊
မောင်ပြုဘူး၊ ဆုတူးပျော်စရာ။
မယ်ပြုဘူး၊ဆုထူးပျော်စရာ။

အို,နာ,သေခြင်း၊ကွေကွင်းမှန်စွာ၊
မျိုးမျိုးဖြစ်ရ၊ပစ်ချကံပါ။
နေ့စဉ်မြဲမှု၊ခွဲရှုဉာဏ်မှာ၊
အသိကွဲ၊အမြဲကြံစရာ။

ဆောင်ပုဒ်။

အန္တိဘူတ၊ လူဗာလတို့၊ ယူကဖေါက်ပြန်၊ ထောက်မတန်အောင်၊ နောက်ဆန်တင်းမှု၊ အဖျင်းစုကို၊ စာရင်းပြုတင်၊ မင်းရှုမြင်ဟော့၊ ခုပင်ဘယ်နေ၊

နောင်ဘယ်ခြေဟု။ နှစ်ထွေစဉ်လမ်း၊ မမြင်ကန်း၍။
ပင်ပန်းလက်စ၊ ဖျက်မရသည်၊ ခက်မှခက်လေ....
မောင်တို့ရယ်၊ ခက်မှခက်လေ မယ်တို့ရယ်....

ရှစ်လုံးဘွဲ့။

သံသာစက်က၊ ထွက်ဘို့ဆိုတာ၊
တကယ်ကြည့်တော့၊ အသိလိုရှာ၊
ရုပ်,နာမ်နှစ်ပါး၊ ကွဲပြားထိုခါ၊
စိတ်သာချ၊ ဒိဋ္ဌိကိုယ်လိုရာ။
ထက်အောက်တလွှား၊ ပိပြားသေချာ၊
ရှက်ကြောက်နှစ်ပါး၊ ရှိငြားစရာ၊
ဆရာဘုရား၊ မှာထားလေတာ၊
ကျင့်လိုက်စား၊ ဆိုက်သွား ပြေအမတာ။
သေမင်းကိုပုန်း၊ မရှုံးဘို့ရာ၊
ကိုယ်နှုတ်နှလုံး၊ လုံအုံးငုံ့ကွာ၊
လုံမပုန်းကြ၊ ရှုံးရတို့မှာ၊
သတိထား၊ သိကားမချို့သွာ။
နိဗ္ဗာန်ကိုပင်၊ လိုချင်ကြတာ၊
သူရောငါရော၊ အပြောကသာ၊
ပြောသလိုလဲ၊ လုပ်ခဲ့လှတာ၊
မှုမကျ၊ သူမှ,လူငစာ၊

ဆောင်ပုဒ်။

ကိုယ့်ဖြစ်ရေးကို၊ ကိုယ်တွေးယူမြော်၊ အိုသူတော်
တို့၊ ကိုယ်သော်ဘယ်မှု၊ တကယ်ပြုဟု၊ ကြည့်ရှုသော်

သာ၊ သိမှုလာလိမ့်၊ ကိုယ်သာကိုယ့်အား၊ ကိုယ်မသ နားဘဲ၊ သူများတွက်တာ၊ ငဲ့ကွက် ခါဖြင့်၊ ဖြာဖြာ တွေးရှု၊ အလေးပြု၍၊ ဂရုစိုက်ခါ၊ ပြုလိုက်နာလျက်၊ နေ့ပါရက်ဖြုန်း၊ လ,နှစ်ဆုံးရ၊ သုံးမကျသည်။ လုံးဝ မှားခြင်း—မှားခဲ့သော်....။

ရှစ်လုံးဘွဲ့။

အသိဝေးလို့၊မတွေးနေတာ၊
သတိပေးတော့၊အတွေးတွေလာ၊
ဖြစ်ပျက်မှုကို၊ကြည့်ရှုသေချာ၊
မေ့လျော့မှု၊အားပြုမနေသာ။

ရှင်သေမင်းနဲ့၊ဒို့ရဲ့ခြေဟာ၊
တူတူပုန်းပြေး၊ကစားနေတာ၊
ပမာထားက၊မမှားသေချာ၊
လွတ်အောင်ပုန်း၊အရှုံးမနေရာ။ ။

အာရုံခြောက်ပါး၊မြောက်စားမှုဟာ၊
ဆူဆူဘုရား၊လွှဲပြေးချကြာ၊
ကံကောင်းထောက်မ၊ရောက်ရလူ့ရွာ၊
မှားမှန်းသိ၊သတိပြုစရာ။ ။

ခန္ဓာဝန်ကြီး၊ဖိစီးလို့သာ၊
ဒုက္ခတွေတိုး၊ခွေညှိုးဒို့မှာ၊
သတိလွတ်ကင်း၊ဝဋ်တွင်းဒို့ကြာ၊
ခေတ်တုံးထဲ၊ခေတ်ခွဲပါလို့ရှာ။ ။

သတိမထား၊ သိကားချော်ရှာ၊
သတိထားက၊ သိများပေါ်လာ၊
သတိမူကင်း။လူဖျင်းခေါ်တာ၊
သတိရ၊သိမှလူတော်ပါ။
အေးလိုသူများ၊အေးပြေးစေ့ငှာ၊
အအေးတရား၊ပေးထားပေတာ၊
အေးအောင်မပြု၊ပူမှုတွေ့ရှာ၊
အအေးခေတ်၊ဝေးရပ်ရှောင်သွေ့ခွါ။

ဆောင်ပုဒ်

အိုခြင်းတပြာ၊ နာခြင်းတတွေ၊ သေခြင်း တခြား၊ ကွဲပြားတတန်၊ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊မကွာ နေ့ညဉ့်၊ဥာဏ်သက်ဝင်၍၊ဆင်ခြင်ကြ။
ဖြစ်သလိုများ၊သွားတတ်စေပါ၊
တွေ့သလိုများ၊စားတတ်လေပါ၊
ထားသလိုများ၊နေပြေးစေရာ၊
ချမ်းသာလှ၊မုချလွန်သေချာ၊
(ပုဂ္ဂလိက အလှူခံပုဂ္ဂိုလ် တကျိပ်လေး)
ဘုရား'ပစ္စေ၊ရှစ်တွေ့ရှိယာ၊
အိမ်ထောင်မမွေ့၊ရသေ့ထည့်ပါ၊
သုသီ'ဒုဿီ၊ထုတ်ညီတိဆာ၊
လှူခံပေး၊ဆယ့်လေးအရှိပါ။

သဗ္ဗညုတ မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါဘုရား။
အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်။
အနာဂါမိမဂ်ပုဂ္ဂိုလ်၊ အနာဂါမိဖိုလ်ပုဂ္ဂိုလ်။
သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်။
သောတာပန်မဂ်ပုဂ္ဂိုလ် သောတာပန် ဖိုလ်ပုဂ္ဂိုလ်။

နံပါတ်(၁)မှ(၁၀)အထိ၊ ရှစ်ယောက်ကို အရိယာပုဂ္ဂိုလ် ရှစ်ယောက်ဟုခေါ်သည်။

'အထူးသတိပြုပါ'' တိရစ္ဆာန်အကောင်(၁၀၀) ကျွေးမွေး ပေးကမ်းလှူဒါန်းသည်နှင့်၊ လူ'' ဒုဿီလ သီလမရှိသော သူတယောက်ကို ကျွေးမွေး လှူဒါန်းခြင်းသည်၊ တူမျှသော အကျိုးရှိ၏၊ ထို့အတူ ဒုဿီလ သီလ မရှိသောသူ (၁၀၀)ကို ကျွေးမွေး ပေးကမ်း လှူဒါန်းသည်နှင့် ငါးပါးသီလရှိသော လူတယောက်ကို ကျွေးမွေး ပေးကမ်း လှူဒါန်း ခြင်းသည်၊ တူမျှသော အကျိုးရှိ၏၊ ဤနည်းအတိုင်း ရာတိုး တိုး၍ အကျိုးတူမျှသည်တို့ကိုသိကြပါလေ။

(သံဃိက''အလှူ ၇-မျိုး)

မြတ်ဘုရားနှင့် နှစ်ပါးသံဃာ။
စေတီ''ရှင်ပွါး၊ နှစ်ပါးသံဃာ၊
ဘိက္ခုနီနှင့်၊ နှစ်လီကြပါ၊
သံဃိက၊ သိကြခွန်မှန်စွာ၊

၁။ သက်တော်ထင်ရှား မြတ်စွာဘုရားနှင့်၊ ရဟန်းယောကျ်ား'ရဟန်းမိန်းမ'သံဃာတော်များ

၂။ နိဗ္ဗာန်ကြွသွားဘုရားကို ရည်ရှူး၍ စေတီ’ရုပ် ပွါးဘုရားနှင့်၊ ရဟန်း ယောကျ်ား’ ရဟန်း မိန်းမသံဃာတော်များ။

၃။ ဘုရား’’မပါဘဲ၊ ရဟန်း ယောကျ်ား ရဟန်း မိန်းမ သံဃာတော်များ။

၄။ ရဟန်းယောကျ်ားသက်သက်သံဃာတော်များ

၅။ ရဟန်းမိန်းမသက်သက်သံဃာတော်များ။

၆၊ အရေအတွက်နှင့်၊ ရဟန်းယောကျ်ားသံဃာ တော်များ၊

၇။ အရေအတွက်နှင့် ရဟန်းမိန်းမ သံဃာတော် များ။

ဝိစေယျဒါနံ,ဒါတဗ္ဗံ

ဒါတဗ္ဗံ၊ အပေးတမှု၊ အရေးယူ၍၊ ပေးလှူအပ် သော။ ဒါနံ၊ နည်းများမဟူ၊ မိမိတို့၏ အလှူကို၊ ဝိစေယျ၊ ရွေးချယ်ရာ၏၊ (ဝိစေယျ) ပုဂ္ဂလိကသံဃိ ကဟု၊ နှစ်ဝလေးမှု၊ ပေးအလှူတွင် ရွေးမှူ ကြည့် အပ်၊ သတိချပ်ခါ၊ သိအပ်ရာ၏၊ လူတကာလှူရှာတဲ့ အရေးတွင်၊ ဖြူသဒ္ဓါ၊ ယူကာတွေးကြဘို့၊ နံပါတ်စဉ် မြင်အောင်ရေးခဲ့တယ်၊ ကုသိုလ်ရရင် ပြီးရောပေါ့လို့ ပေါ့ပေါ့ကလေးမလုပ်ကြနဲ့၊ ရွေးချယ်၍ လုပ်ရလေ တော့သတည်း။

ပြီးပြီ

တိုင်းသူ ပြည်သားပညာ ရှင်အများသို့....

ဤ(သုံးယောက်မြောက်( လူစွမ်းကောင်း ) ဖြစ်သောစာအုပ်၊ ကောသလမင်းကြီး ဝတ္ထုခဏ်းတွင် မထင်ရှားသော လင်မယား နှစ်ယောက် အတွက်၊ .... တရားနာသူ—စာဘတ် သူများ၊ မှတ်မိ စေတော့ဟု၊ မောင်မောင်ဘာ— မယ်လှဟု၊ ရေးထည့် လိုက်ခြင်းသာဖြစ်ပေ၏။ မိုတာဖျက်၍၊ လိုတာကို စွက်နိုင်ကြပါစေသတည်း။

ချမ်းသာကြပါစေ

ဦးညေယျ

သာယာဝတီ

# လေး—လူစွမ်းကောင်း

ကြောင်းကျိုးနှစ်ဝ၊ ကောင်းဆိုးပြ၍၊ ဆုံးမတတ်ပြား၊မြတ်ဘုရား၏ မှတ်သားစရာ၊ အဖြာဖြာကို၊ စိတ်မှာဝေခွဲ၊အခြေဝွဲဝုံ့၊ နေလဲလူနေ၊ သေလူသေဟု၊ ဖြစ်ပေမှုကို၊ အားပြုရှေ့ဆောင်၊ ကွေ့မရှောင်နဲ့ မေ့ယောင်၊ ရော့ယောင်, ပေါ့သယောင်နှင့်၊ ယောင်ယောင်မှားမှား၊ အချောင်စားကို၊ ဘုရားမချစ်၊ မျှားမချစ်မို့၊ အားသစ်ဘိုရာ၊ လူတို့ရွာတွင်၊ ဘယ်ဟာလူစစ်၊ လူတုဖြစ်ဟု၊ ရှင်ချစ်မြတ်စွာ ဒေသနာသည်၊ သေချာကြည့်က—သိရနော်။

ကြောင်းအကျိုးနဲ့၊ကောင်းဆိုးမှတ်ရာ၊
သွန်သင်နှုန်းပြ၊ဆုံးမမြတ်စွာ၊
လူအစစ်နှင့်၊လူဖြစ်တုဟာ၊
ဘယ်လိုတုန်း၊ဆိုအုံးခုအခါ။

အထူးအာရုံပြုလိုက်ပါ

အဘိုး မပြတ်နိုင်တဲ့ လူ့ဘဝကြီးဆိုတဲ့ စကားကိုသင် ကြားဘူးပါလိမ့်မယ်။ ကြားဘူးရုံနဲ့ ပြီးတမ်း

မဟုတ်ဘူး။အဲဒီစကားရဲ့အဓိပ္ပါယ်ကို တကယ်တန်းသိပြီးတော့ မိမိ၏ အဖြစ်အပျက်ကို နှစ်နှစ်သက်သက်ကြီးဝေဘန်ဆုံးဖြတ်တတ်ရမယ်။အထက်ကရေးပြ ဆုံးမခဲ့တဲ့ စကားရဲ့ လိုရင်းသိမှတ်စရာက ဘာလဲ ဆိုရင်သင်တို့ငါတို့ရလာတဲ့ လူ့ဘဝ၏ တန်ဘိုးကို သိကြစေဘို့ဘဲ၊တန်ဘိုးမဖြတ်နိုင်သောလူ,တန်းဘိုး ရှိသင့် သလောက်ရှိသောလူ, တန်ဘိုး မရှိသောလူ, ရယ်လို့လူတိုင်းရဲ့ လောကကြီးမှာ လူသုံးစား ရှိတယ် ဆိုတာ ရှေးဦးစွာသိပြီးတော့မှ လူအစစ်နှင့်အတုကို ခွဲကြဖို့ရဲ့သင်—ငယ်ငယ်တုန်းက သင်ဘူးခဲ့တဲ့ စာကလေးကိုနဲနဲပြန်တွေး လိုက်စမ်းပါလား။ လရေးနှစ်ချောင်းငင်လူလိုသင်ရေးခဲ့ဘူးတယ်မို့လား၊ အဲဒီ''လူ''ဟာ တမျိုးထဲမဟုတ်ဘူးလေ။ အောက်ကမြစ်''လူ့''ရှေ့ကပေါက်'လူး'တဲ့၊ အောက်နားမှာ ပြထားတဲ့ 'လူသုံးမျိုးကိုသေသေချာချာကြည့်စမ်းပါ။

၁-လူ ၂-လူ့။ ၃-လူး။

လူတော့လူချည်းဘဲ၊သို့သော်လဲအပြောအဆိုအနေအထိုင်။အကျင့်အကြံ သဘောထားချင်း ကွာခြား....ကြတဲ့အတွက် နံပါတ်,အသံ, အဆင့်အတန်းတွေ ကွာခြား သွားတော့တာပေါ့။ အယုတ်စားလူ၊ အလတ်စားလူ၊အမြတ်စားလူဆိုပြီး ၊လူသုံးမျိုးသုံးစားကွဲပြားပေါ်ထွက်လာရပုံကို ခဏလောက် အာရုံပြုလိုက် စမ်းပါလား။ ၁—နံပါတ်လူ။ ၂—နံပါတ်လူ့၊ ၃-နံပါတ်

လူးတို့ရဲ့အနေအထိုင် အကျင့်အကြံကို ရှေးဦးစွာ သင်မှတ်သားစရာ နံပါတ် ၁-မှာနေတဲ့လူကို ကြည့်လိုက်စမ်း၊ အောက်မြပ်ရှေ့ပေါက်များ တွေ့သလား၊ ဘာမှမရှိဘူးနော်။ လူသက်သက်ပဲ တွေ့ရတယ်။ အဲဒီဟာ လူအစစ်ပဲ၊ လူအစစ်များရဲ့ အနေအထိုင် အကျင့် အကြံက ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာ, ယုတ်မာ သောင်း ကျန်း ခြင်း မရှိ၊ ပကတိသိမ်မွေ့နူးညံ့စွာနဲ့၊ ဒါန, သီလ, ဘာဝနာ တရားသုံးပါးကိုနေ့ရှိသမျှပွားများအားထုတ် လုပ်ကိုင် ဆောင်ရွက်နေတဲ့ အတွက်လူတို့ရဲ့ ဘဝကြီးမှာ အကောင်းစား အမြတ်စား လူအစစ် နံပါတ် ၁—လို့ခေါ်တယ်။

နံပါတ် ၂—မှာ နေတဲ့ လူကို ကြည့်လိုက်စမ်း.... အောက်မြစ်ဆိုတဲ့ ဝစ္စကလေးတလုံး ကပ်နေတာ တွေ့ရလိမ့်မယ်၊ အဲဒီဝစ္စတလုံးနဲ့ လူများရဲ့ အနေ အထိုင် အကျင့် အကြံကတော့ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာ,တွေဟာ အမှန်မဟုတ်တော့ဘူး၊ နူးညံ့သိမ်မွေ့တဲ့အခါလဲ နူးညံ့သိမ်မွေ့လိုက်ထာဘဲ။ ယုတ်မာသောင်းကျန်းတဲ့အခါလဲ ယုတ်မာ သောင်းကျန်းလိုက်ထာဘဲ။ ဒါန-သီလ ဘာဝနာ ဆိုတာလဲ ကျင့်ချင်တဲ့အခါလဲကျင့်၊ မကျင့်ချင်လဲ နေလိုက်ထာဘဲ—။ အဲဒီလိုမေ့လျော့ ပေါ့တန်မှုတွေကြောင့် သေပြီးတဲ့နောက် နတ်ရွာ နိဗ္ဗာန်ရောက်ဘို့ နေနေသာသာ ယခုရလာတဲ့ လူတို့ရဲ့ဘဝကို ပြန်ပြီးရဘို့ရာမနဲကို အလု

အယက်အားထုတ်ရမည်ဖြစ်တဲ့အတွက် အလယ်အလတ် စားဝတ္ထုတလုံးနဲ့၊ လူ့နံပါတ် ၂–လို့ခေါ်ဘယ်။ ဃရာ ဝါသော ဗဟုကိစ္စာတွေ၊ ဘာတွေ၊ စကားတန်းရှေ့ မနေနဲ့။ သင်နှစ်နာဘို့နေရာမှာ ကိစ္စာနေတာ၊ သင် ချမ်းသာဘို့နေရာကျတော့မကိစ္စာဘူး။သင့်အပေါ်မှာ ဆရာ၏မေတ္တာ ဘယ်မျှထားတယ်ဆိုတာ သေသေချာ ချာ စဉ်းစားလိုက်စမ်းပါ။ သင်ဟာ နံပါတ် ၁–နဲ့ ၃ – အကြားထဲမှာ ရောက်နေတာ ၁-နံပါတ်ကို .... ပြောင်းစေချင်လွန်းလို့ ပြောင်းမယ်ဆိုရင် ပြောင်းနိုင် တဲ့အခြေရှိလို့ဆရာနှင့်ပင်ကိုယ်တိုင်မတွေ့ရသော်လဲဆရာ ရေးသားဆုံးမတဲ့စာကိုတွေ့ရတာနဲ့ မေ့ပင်အောက်က ထွက်ပြီးတော့ နံပါတ်တစ် စည်းဝိုင်း အကွက်ထဲကို.... ပြောင်းလိုက်စမ်းပါ။

နံပါတ် ၃-မှာနေတဲ့လူကတော့ ဝဋ္ဋနှစ်လုံး အပြူး သားနဲ့ လူးသမားကြီးပါကလား။ သူ့ အနေအထိုင် အကျင့်အကြံကိုသိရအောင် ဟောဒီ-ပါဠိနဲ့ အနက်ကို ရအောင် ကျက်ထားလိုက်စမ်းပါ။

ဘောဇနံ မေထုနံနိဒ္ဒါ၊ ဂေါဏောပေါသေပိဝိန္ဒတိ၊ ဝိန္ဒာ ဝိသေသော ပေါသဿ၊ ဟိနောဂေါဏာသမော ဘဝေ။....တဲ့။

လောကေ၊ လူ့ဘောင်ဌာန လူ့ လောက ၌....၊ ဘောဇနံ၊အစာစားခြင်းသည်၎င်း၊မေထုနံ၊မေထုန်မှီဝဲ ခြင်းသည်၎င်း၊နိဒ္ဒါ၊ အိပ်ခြင်းသည်၎င်း။ ဂေါဏောပိ၊

နွားဒွိရင်း၊ ပေါသေပိ။ လူဒွိရင်း။ ဝိဇ္ဇတိ၊ ထင်ရှား မသေချွရှိပါပေ၏။ ဝိဇ္ဇာ၊ လောက သံသာ.... နှစ်ဖြာ ကြ ည့်ရှု သိမှုထင်လာ တတ်ပညာသည်၊ ပေါသဿ၊ သုံးဆယ့်တဘုံ အလုံးစုံတွင် ကျင်းခြင်မူလ လူဟူသမျှ၏၊ ဝိသေသော၊ အထူးဖြစ်တဲ့ သဘောတရား ပါပေ တည်း။ ဟိနော၊ အတတ်ပညာမှ ယုတ်ခဲ့ပါ မူကား။ ဟိနော၊ လူ့ပြေတလွား လူဖြစ်ငြားလဲ နွားထက် မ သာ သုံးဖြာအသိ နွားလောက်ပဲ ရှိပါမူကား။ ဂေါဏ သမော၊ နွားနဲ့တမူ အလားတူသဖြင့် လူသာမည နွားတ မျှသည်။ (ဝါ) လူနွားခေါ်ရသည်။ ဘဝေ၊ စင်စစ်မသွေ ဖြစ်တော့ပေသတည်း။

အစာကိုစား၊ ပျော်ပါးကာမာ၊
အိပ်တတ်ပေငြား၊ လူနွားရှိရာ၊
ပညာတတ်မှ၊ ထူးမြတ်လူသာ၊
ပညာယုတ်၊ သမုတ်နွားခေါ်ရာ။ ။

အဲဒါနံပါတ် ၃-မှာရှိတဲ့ဝစ္စနှစ်လုံးနဲ့ လူရဲ့စိတ်နေ သဘောထား အကျင့်အကြံဘဲ၊ ဘုရားတရား သံဃာဆို တဲ့ ရတနာသုံးပါးကိုလဲ အမြတ်တနိုး အားကိုးဆည်း ကပ်ခြင်းမရှိ၊ မိဘ၊ ဆရာသမား တို့ကိုလဲ ပမာမထား၊ ဒါန သီလ ဘာဝနာ ဆိုတာတော့ ဗလာသမား၊ ဒါကြောင့်-ဘုရား ရဟန္တာ အရိယာ သာဝကပေါင်း ပညာရှိ လူသူတော်ကောင်းတွေက ဝစ္စနှစ်လုံး သမား ကို သတ္တဝါ နွားရယ်လို့ အပါယ် ဂုဏ်ထူးကိုပေး

ထားကြတယ်၊ အများကြီး ရှက်စရာကောင်းတာပေါ့၊ ထိုနံပါတ်သုံး၊ အစားကို ဆရာတို့ကဲ့သို့သော ပုဂ္ဂိုလ်ကို မဆိုထားနဲ့ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က ပင် ဝိုင်းပယ်ထားရသော အစားမျိုးဖြစ်ပေသည် ....၊ ပုံပန်းသဏ္ဌာန်ကတော့ လူဘဲနော်၊ သို့သော်လဲ လူလို သိတတ်ထားက ဘယ်နေရာမှ မရှိဘူး၊ အဲဒါကြောင့်— ထိုသူဟာ လူအတု အပသာဖြစ်တဲ့ အတွက် (လူတု) လို့ မှတ်ပေတော့။ သဘောပေါက်ရဲ့လား။

ဟောဒီအောက်က ဆောင်ပုဒ်လက်ာနဲ့ ကဗျာက လေးကို နံပါတ်ရွေးရင်း အပျင်းပြေ ဆိုနေရအောင် အရကျက်ထားလိုက်စမ်းပါလား တပည့်ရယ်။

လူ—လူ့—လူးဟု၊ သုံးဦးပြု၍၊ သုံးခုစုလာ၊ ဤလူ့ ရွာတွင်။ ဟိနာမဇ္ဈိမ၊ ပဏီတတဲ့၊ သိကြစေရာ၊ မြတ် ဗုဒ္ဓါ၏၊ မိန့်မှာသင်ကြား၊ စဉ်စကားကို၊ ထင်ရှား သိအောင်၊ သတိဆောင်လျက်၊ ကောင်းအောင်ပြုပြင်၊ ကောင်းစိတ်ဝင်မှ၊ ကောင်းချင်သူတွေ၊ ကောင်းကြ ပေလိမ့် ကောင်းလေခုခါ၊ ကောင်း မှု ရှာမည် ....။ ကောင်းရာရွေ့မှ သင့်ချိန်သောဝ်။

အကောင်းဆုံး နံပါတ်ဟာ တစ် နံ ပါတ် ပဲ နော်။ အလတ်စားကနှစ်နံပါတ်ဘဲ၊အညံ့စားကသုံးနံပါတ်ဆို တာသိပြီပေါ့၊ ဒီလိုတနည်း မှတ်စမ်းပါအုံး။ ထွက်နံ ပါတ်၊ လယ်နံပါတ်၊ မြုပ်နံပါတ်တဲ့။ သံသရာကထွက် မြောက်၍ နိဗ္ဗာန်ကိုရောက်လေသောကြောင့်၊ နံပါတ်

၁-ကို ထွက်နံပါတ်လို့ ခေါ်တယ်။ သံသရာထဲမှာလယ် ပြီးတော့ချမ်းသာလိုက် ဆင်းရဲလိုက် လူဖြစ်လိုက်နတ် ဖြစ်လိုက် ဗြဟ္မာဖြစ်လိုက် ခွေး,ဝက်,ကြက်,ငှက်ဖြစ် လိုက် အပါယ်လေးပါး ရောက်လိုက် ဖြစ်လေသော ကြောင့်၊ နံပါတ်နှစ်ကို လယ်နံပါတ်လို့ ခေါ်တယ်။ လူ့ဘဝတခေါက်လာ ဒီတခါဘဲ ထမင်းကလေးဟင်း ကလေးမြင်ရ။ ပန်းကန်ခွက်ရောက်နဲ့ ထည့်စားရပြီး တော်တော်နဲ့ လူရိပ်လူရောင် လူသံ သူ့သံ မကြားရ တော့ဘဲ အပါယ်လေးပါးသို့ မြုပ်သွားရမည် ဖြစ် လေသောကြောင့်၊ နံပါတ်သုံးကို မြုပ် နံ ပါတ် လို့ ခေါ်တယ်။

## ကြိုက်ရာနံပါတ်ကိုရွေးပေတော့။

သင်ကြိုက်တဲ့ နံပါတ်က တစ်နံပါတ် ပေါ့လေ ... စိတ်ကကြိုက်ထာနဲ့ ပါးစပ်ကပြောရုံနဲ့ မဟုတ်သေး ဘူး။ ကိုယ်ရောပါးစပ်ရောစိတ်ရောသုံးမျိုးစလုံးအလုပ် လုပ်မှဖြစ်တယ်လို့ တထစ်ချ မှတ်ထားလိုက်စမ်းပါ။ ကိုင်းလာလေနေ့တွေ- ရက်တွေ အချိန်နာရီတွေ အ လကားဖြစ်ကုန်မယ် 'မောဃံ, ကာလံ နုခေပယေ, တဲ့။ မောဃံကာလံ၊ လူကျင့်လူကြံ လူမှန်သူများကျင့် တရားကို အားပါးမထုတ် မှုမဟုတ်သည့် လူယုတ် အ များ ကျင့်ပျော်ပါးသည့် အလကားဖြစ်တဲ့ အချိန် ကြီးနှင့်အချိန်ကြီးကို။နုခေပယေ၊ အလကားဖြုန်းတီး

၍ အချည်းနှီး မလုပ်လိုက်ပါနဲ့လို့ ဆိုတဲ့ စကားကို သင့်နားထဲက မထွက်ပါစေနဲ့။

လောကကြီးမှာ၊ လယ်ယာကိုင်းကျွန်း လုပ်ကိုင်သူများဟာ ကျွဲနွားရှိရမယ်၊ ထွန်တုံးထွန်တန်၊ တူးရွင်း ပေါက်တူး၊ ဓါး၊ ပေါက်ဆိန်၊ မျိုးစပါး၊ စသည်တို့ ပြည့်စုံရတယ်။ တနည်း။ ကုန်သည်များမှာ၊ ကတ္တား ချိန်ခွင်။ အလေး။တောင်း၊တင်းစသည် ပြည့်စုံရတယ်။ လက်သမား၊ ပန်းရံသမားတို့မှာ ဆူးဆောက် တန်ဆာပလာ သန်လက်သစ်လက် စသည်တို့ ပြည့်စုံရတယ်မို့လား၊ အဲဒီလိုပေါ့သင်တို့ဟာလဲ နံပါတ်တစ်လူအဖြစ်ကနေပြီးတော့ နိဗ္ဗာန်သွားတဲ့အလုပ်ကို လုပ်မည်ဖြစ်၍ ဟောဒီကိုယ်ကျင့်တရားတွေသင့်မှာ ရှိပြီးသားဖြစ်ရမယ်။

## သင့်ကိုယ်ကိုသင်အသိဆုံးပေါ့။

သင့်မှာ ဒါနဆိုတဲ့ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း အဆောက်အဦးတွေ ဘယ်လောက် များပါသလဲ။ တော်ရုံ သင့်ရုံ၊ ဝတ်ကြေ တမ်းကြေ လှူဒါန်း ပေးကမ်းတာလား၊ ပါရမီဒါနဖြစ်အောင် ပေးကမ်းလှူဒါန်းတာလား၊ မရှက်ပါနဲ့ မှန် တဲ့ အ တိုင်း အဖြေထွက်ပါစေ။ ငါးပါးသီလ၏ အနက်အဓိပ္ပါယ်အကျိုးအပြစ်ကို သိပြီးတော့ သိတဲ့အတိုင်း ရှောင်ကြဉ်ခါ သင်ရဲ့ ပုဆိုး ထမီများ ခါးကမကျွတ်ရ၊ မြဲအောင် ဝတ်ထားရသလိုများများမှမဟုတ်ဘဲ ငါးပါးထဲဘဲ။

အဲဒီငါးပါးသီလကော မြဲပါပြီလား၊ ဒီလိုဒါနတွေ သီလတွေဟာ ဘဝများစွာ သံသရာက ပြုခဲ့ပေါင်း များလှပြီ။ ခုဘဝမှာထပ်ပြုနေရင် ဒီလိုဘဲသံသရာရှေ နေအုံးမှာဘဲ။ သမထတောင် လုပ်စရာမလိုတော့ဘူး။ ဝိပဿနာဉာဏ်နှင့် ရုပ်နာမ်ဖြစ်ပျက်သာ အရေးကြီး တယ် ဆိုတဲ့ စကားမျိုးတွေကိုကြားရတာနဲ့ ဖြုံးကနဲ နားယောင်မသွားနဲ့အုံးနော်၊ သင့်ပဋိသန္ဓေက ပစ် ချလိုက်တဲ့အတိုင်း သင်ရဲ့ အခြေအနေ သင့် ပုံ သင့် ဂုဏ်။ သင့်အကျင့်အကြံတွေကို ဟန်မလုပ်ပါနဲ့ အမှန် ကိုသာ ထုတ်လိုက်စမ်းပါ၊ သင်လာခဲ့တဲ့ အဖြစ် မှန် တွေကို တကယ် သိချင်တာဖြင့် ပါဠိ ပါဠိသားတွေ ကျက်မှတ် နေစရာတောင် မလိုလှပါဘူး။ မင်းတို့မြို့ တွေရွာတွေ အိမ်တွေမှာ အမြဲတမ်းလိုကြည့်ရှု အသုံး ပြုနေတဲ့ မှန်တချပ်ကို ရှေ့တဲ့တဲ့က ထားပြီးတော့ ကြည့်စမ်းပါလား တပည့်ရယ်။ မင်းကခါးတောင်း ကြိုက်လာရင်၊ မှန်ထဲမှာ ခါးတောင်းကြိုက် ကိုဘဲ တွေ့လိမ့်မယ်။ အံကိုက်ကြီးနဲ့ စိတ်ဆိုးလာရင်လဲလာ တဲ့ ပုံအတိုင်းတွေ့မှာဘဲ။ အဲဒါကြောင့် မင်းတို့ စာမ တတ်တဲ့ လူပြိန်းတွေပါ သံသရာနဲ့ လောကမှု အဖြစ် အပျက် သဘောတရားတွေကို မြင်အောင် သိအောင် နားလည်အောင် ဆရာရေးသား ဆုံးမထားတဲ့ စာတ ပုဒ်လေ။

မှန်ကိုမြင်ဘိ၊ သင်ကြည့်သော်သာ၊
သင့်ပုံဟန်ဘဲ၊ မှန်ထဲပေါ်လာ၊
သံသရာကြီး၊ ဤနည်းပမာ။
နည်းမှန်ပြ၊ သိကြလူတကာ။

အဲဒီစာကလေးကိုရထားပါစေ။ တရားဆိုတာစာအုပ်တွေ ပေစာတွေကို တရားခေါ်တာ မဟုတ်ဘူး။ စဉ်းစားဝေဘန်တတ်တဲ့သဘောကို တရား လို့ ခေါ်တယ်၊ မင်းကြားဘူးမှာပေါ့။ သဘောတရားဆိုတာလေ၊ သဘောဟာ တရားဘဲတဲ့ တပည့်ရဲ့။ ဖွင့်ပြောထားတာတောင် နားမလည်တော့ အခက်သား ဘဲကွယ်။ သဘောမှန်တာကိုတရားမှန်၊ သဘောမမှန်တာကိုတရားမမှန်၊ အဲဒီလိုမှားမှာစိုးလို့ ဘ, ဘုရားကြီးက--

ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ။

တဲ့ကွဲ....တပည့်ရဲ့။

ယာဒိသံ၊ အကြင်သို့ သဘောရှိသော၊ ဗီဇံ၊ မျိုးစေ့ကို၊ ဝပတေ၊ စိုက်ပျိုးလေ၏။ တာဒိသံ၊ ထိုသို့ သဘောရှိသော စိုက်ပျိုးတဲ့ အတိုင်း၊ ဖလံ၊ အသီးကို။ ဟရတေ၊ သီး၍လာ၏။ ကလျာဏကာရီ၊ ကောင်းသော အမှုကို ပြုလေ့ရှိသော သူသည်။ ကလျာဏံ၊ ကောင်းသောအကျိုးကို။ ဇာနေတိ၊ မုချမသွေဖြစ်တော့လေ၏။ ပါပကာရီစ၊ မကောင်းသော အမှုကို ပြုလေ့ရှိသော သူသည်လည်း။ ပါပကံ၊ မကောင်း

သောအကျိုးကို။ ဇနေတိ၊ မုဉ္စမသော ဖြစ်တော့ပေ၏။ ဇာနေတိ၊ မှန်ပြင်ကို စံတင်လို့ကြည့်ပေတော့။ သမ္ဗုဇ္ဈာဉ်ဉာဏ်ရှင်က သိပေလိမ့်။ မိမိပင် လုပ်သမျှ တရားတွေပေါ့၊ အဟုတ် တခဏ မမှားအောင်ဖြစ်ပေါ ၍ လာလေသတည်း။

အမိပွါယ်ပေါက်ရဲ့လား။

သဘာဝံ ခါရေတိတိဓမ္မာ....တဲ့၊ သဘာဝံ၊ သဘောကို၊ ခါရေတိ၊ဆောင်တတ်၏။ဣ တိ တ သ္မာ၊ အဲဒါကြောင့်၊ဓမ္မာ၊တရားမည်၏တဲ့ကွဲ့ တပည့်တို့ရဲ့။ လောကကြီးမှာ ရှိကြတဲ့ သတ္တဝါ မှန်သမျှ တွေဟာ လက်စသတ်တော့ သဘောအတိုင်း ဖြစ်ရတာဘဲကိုလို့ သေသေချာချာ မှတ်ထားလိုက်ပါ။ သဘောကလဲ မသိတတ်တဲ့သဘော၊ သိတတ်တဲ့သဘောလို့ နှစ်မျိုးရှိတယ်။ အဲဒီအထဲက သိတတ်တဲ့ သဘောသည်ပင် မနောဆိုတဲ့စိတ်ပဲ။အဲဒီစိတ်ကိုဘဲအသက်တဲ့ ဝိညာဏ်တဲ့ ကွဲ့တပည့်ရဲ့။ အမည်တွေများပေမဲ့ အမှန်ကတော့သဘောတရားတခုထဲဘဲ။ ရုပ်တရား,နာမ်တရားနဲ့ အမှန်တရားလေးပါးဆိုတာ အခါမရွေး သိနိုင် မြင်နိုင်တဲ့ တရားမျိုးမဟုတ်။ ဘုရားတခါတခါပွင့်မှ သိနိုင် မြင်နိုင်တဲ့ တရားမျိုးဖြစ်တယ်။ အဲဒါကြောင့် လွန်ခဲ့တဲ့ ရက်၊ လ၊ နှစ်တွေကိုလွန်ပါစေတော့၊ ဟောဒီဘုရားရဲ့စကားတခွန်းကို အာရုံပြုလိုက်စမ်းပါ၊ လင်မယားသားအမိ ယောက်ျား’မိမ္မ’လူ’နတ်’ဗြဟ္မာ’သတ္တဝါ

တွေဟာအထင်မှား အမြင်မှားတွေဟာ အပါယ်လေး ပါးတံခါးပွင့်နေတဲ့ အပါယ်မျိုးတွေဘဲကွဲ့။ အမှန်က တော့မြင်မြင်သမျှ ကြား'နံ့'လျက်,ထိ၊ သိသမျှသက်ရှိ သက်မဲ့အားလုံးတွေဟာ ရုပ်နာမ်တရားနှစ်ခုဘဲတဲ့။

အဲဒါဟာ ဘယ်လိုအတွက်ကြောင့်။ အမှန်သားနဲ့ အမှားတွေဖြစ်ကုန်ရတယ်ဆိုတာ သိရအောင် တပည့် များအတွက် ဘ. ဘုရားအလိုတော်ကျ ဆရာရေးသား ဆုံးမတဲ့ ဟောဒီ စာကလေး တပုဒ်ကို ကျက်ထား လိုက်ကွယ်။

ဆောင်ပုဒ်။ ။ရုပ်'နာမ်နှစ်ပါး၊ ဟုတ်မှန်သား နဲ့၊တရားမဝိ၊ အမှားမြင်ဘို့၊ငါးအင်ကာမ၊ သဘာဝ တို့၊ ပါပလွှမ်းခြုံ အစွမ်းကုန်ဖြင့်။မီးကုန်ယမ်းကုန် နည်းမျိုးစုံအောင်၊ ဖုံဖုံပစ်ခွင်း၊ဖြစ်လေခြင်းကြောင့်၊ မောင်မင်းနှင့်မယ်၊ သံသာလယ်တွင်၊ သွယ်သွယ်ဒုက္ခ။ (ဇာတိရလျက်) အိုကြအုံးမယ်။ နာအုံးမယ်ပေါ့၊ သေမယ်မယွင်း၊ သေနယ်တွင်းက၊ လွတ်ကင်းပြတ်ရန် အဟုတ်ကြံမည်၊ရုပ်'နာမ်ဇွေ့မှအေးလိမ့်နော်။....

ရုပ်,နာမ်နှစ်ပါး၊မှန်ပြောလျက်သာ၊
အမြင်ဖေါက်ပြား၊မှောက်မှားချက်နာ၊
လူ့ဘဝကွဲ့၊ရတဲ့အခါ။
လူလိုလဲ၊ဝေခွဲသိလိုက်ပါ။

တဏှာမူလ။သူကခေါ်ရာ၊
နေ့စဉ်လိုက်စား၊မိုက်မှားလော်မာ၊

အဖေါ်ငါးနဲ့၊ မော်ကြွားပျော်ကာ၊
သံသာဝဋ်၊ လွတ်ဘို့မမြော်သာ။
အမှန်ကိုထား၊ အမှားသာယာ၊
နင့်ကိုယ်ကိုမျှား၊ နင်အားမနာ၊
တဏှာမြောက်စား၊ မှောက်မှားရက်ကြာ
သံသာကြီး၊ ဘယ်နည်းနင်ထွက်မှာ။ ။

ယခု စာတွေကို ဘတ်ရှုံနဲ့ ပြီးတယ်လို့ မထင်နဲ့နော်၊ ပါးစပ်ထဲမှာ ရအောင် ကျက် မှတ်ထားပါ။ နံပါတ်တစ်နိဗ္ဗာန်ချမ်းသာကိုချစ်တဲ့ (လူအစစ်) ဖြစ်အောင် အဓိပ္ပါယ်တွေ အကျယ်မချဲ့ဘဲ လွယ်လွယ်နဲ့ အမှန်တရားကို သိကြား နာလည်ရအောင်၊ တပည့်ကိုယ်တိုင် နားလည်ရုံနဲ့လဲ ရပ်မနေနဲ့အုံး၊ နီးစပ်ရာဆွေမျိုးတွေနဲ့ တကွ ဓမ္မသဟာယ မိတ်သင်္ဂဟတွေကိုလဲ ပြောပြပါ၊ လူနေတဲ့ဘုံမှာ ကြိုပါလျှက် သားနဲ့ အမှားမှန်း အမှန်မှန်း ခွဲခြမ်းလို့မသိ၊ သာသနာတော်ကြီးနဲ့ကြုံပါလျှက်သားနဲ့ လူမဖြစ်ဘဲ၊ လူစော်သူစော်မနံဘဲ သေပွဲသို့ဝင်ရမှာ ရှက်စရာလဲကောင်း သနားစရာလဲ ကောင်းလွန်းလို့ တပည့်တို့ ကိုယ်တိုင် အကြောင်းအကျိုးကို ဝေဘန်ပြပါ။

ရုပ်နဲ့နာမ်ကို သိကြစို့။

သုံးဆယ့် တဘုံတွင် ရှိသမျှသော လူ, နတ်, ဗြဟ္မာသတ္တဝါ အပေါင်းတို့အား မြတ်စွာဘုရား၏ ကြီးမားသော မေတ္တာ, ကရုဏာတော်အတိုင်း သိကြစမ်းပါ။

မြင်ကြစမ်းပါ၊ နားလည်ကြစမ်းပါလို့ ပရိနိဗ္ဗာန်စံ ခါနီးဆဲဆဲအထိ မှာတော်မူသွားတာ ဘယ်စကားလဲ ရုပ်၊ နာမ် တရား နှစ်ပါးဘဲမို့လား၊ ဟောဒီမှာလေ လွယ်လွယ် ကလေးနဲ့ သိရအောင် မှတ်လိုက်စမ်း ကွယ်၊ သက်ရှိ သတ္တဝါများမှာ ကိုယ်၊ စိတ်၊ နှစ်ပါး ဆိုတာ ရုပ်၊ နာမ်၊ ဘဲကွယ်။

ကိုယ်ကို၊ ရုပ်မှတ်၊ စိတ်ခေတ်၊ နာမ်ပါ၊
ရုပ်၊ နာမ်နှစ်ရပ်၊ ပေါင်းလတ်ပြန်တာ၊
ရှစ်ဖြာခေတ်မ၊ ကြောင်းကလေးဖြာ၊
မပြတ်ပွား၊ ခေတ်သားပေါ်လိမ့်မှာ။

ဘာရယ်ညာရယ်လို့ မသိမမြင်တတ်တဲ့ သဘောတရားတွေဟာ ရုပ်တရားတွေပေါ့၊ သိမြင်တတ်တဲ့ သဘောတရားကို နာမ်တရားလို့ ခေါ်သကွဲ့၊ ကိုယ်၊ စိတ် ၂-ပါးကို ဤသည်ကား ရုပ်၊ ဤသည်ကား နာမ်လို့ အကြမ်းအားဖြင့် ကွဲသွားအောင် မှတ်ထားလိုက်ပါ၊ မှတ်ပါများလေ ကွဲပြားလေ ဖြစ်လာပါ လိမ့်မယ်၊ ဟောဟို- စာကလေး တပုဒ် တပည့်များ ကြားဘူး မှာပေါ့။ ။လူနှစ်ယောက်ပေါင်း၊ ခြေနှစ်ချောင်း၊ မျက်ကောင်း နှစ်ခုသာ၊ လိုရာအရပ်၊ သွားကြလတ်၊ ထက်ချာ်တူမကွာ........တဲ့ကွယ်။ ခြေလက် အင်္ဂါက အကောင်းသားနဲ့ မျက်စိ မမြင်တဲ့ လူတယောက်နဲ့ မျက်စိသာမြင် ပြီးတော့ခြေလက် အင်္ဂါမကောင်းတဲ့ လူ့နှစ်ယောက် ခရီး သွားကြတာလေ၊ ကျောနဲ့ မိုး

ပြီးတော့ ပြောရာကိုသွား၊ ထားရာမှာနေရတဲ့ အကောင်းက၊ ရုပ်တရားကြီးရဲ့ သဘောကွဲ၊ ကျောပေါ်ကို စီးပြီးတော့ ဘယ်သွားဘယ်လာ ဘယ်ဟာကိုလုပ်လိုက်နဲ့ နိုင်းစေသွန်ကြားနေတဲ့ မျက်မြင်အကျိုးက၊ နာမ်တရားကွဲ၊ တယောက်ထဲဆိုရင် ဘယ်ကိုမှ သွားလာ လုပ်ကိုင်လို့မဖြစ်၊ နှစ်ယောက်စပ်မိမှ လိုရာ အရပ်ရပ် ကိစ္စပြီးသလို၊ ရုပ်’တရားချည်း သက်သက်ဆိုရင်လဲ မဖြစ်နိုင်၊ နာမ်’ တရားချည်းသက်သက်ဆိုရင်လဲမဖြစ်နိုင်၊ ရုပ်’နာမ်’ နှစ်ပါးပေါင်းစပ်မှသာလောကကြီးမှာ အကြောင်း အရပ်ရပ်တွေ ဖြစ်နိုင်တယ်၊ သဘောပေါက်အောင် စဉ်းစားကွဲ။

သက်ရှိသက်မဲ့ အားလုံးတွေဟာ ဘယ်ဟာက ရုပ် ဘယ်ဟာက နာမ်’ဘဲဆိုတာ တပည့်များရဲ့ ဉာဏ်ထဲမှာ ဟောဒီလိုသိထားလိုက်ပေတော့။

မြင်မြင်သမျှ၊ မှတ်ကြရုပ်ပါ၊
မြင်တာသိက၊ ကြည့်ကြနာမ်ပါ။
ရုပ်’နာမ်’ဖြစ်ပျက်၊ စိတ်တွက်မြင်လာ
လူအစစ်၊ ဖြစ်တော့စဉ်မကွာ။

ရုပ်,မှန်း နာမ်,မှန်းကို စာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ၊ အဲဒီ.... သဘောအတိုင်း သက်ရှိသက်မဲ့ အားလုံး မြင်သမျှတွေဟာ ရုပ် တရားတွေချည်းဘဲကွယ်၊ မြင်လိုက်သည်နှင့် တပြိုင်နက်၊ ကြားလိုက်’နံ့လိုက်’ လျက်လိုက်’ တွေ့ထိလိုက်’သည်နှင့်....

တပြိုင်နက်၊ လူဘဲ၊ ခွေးဘဲ။ တော ‘ တောင်’ သစ်ပင် ကောင်းကင် သမုဒ္ဒရာ စသည်ဖြင့် သိတဲ့ စိတ်ခေတ် တွေဟာ နာမ်တရားဘဲကွဲ၊ အဲဒီစာအရနှင့် သဘာဝ ကို နေ့ ့ည ့မပြတ်၊ ထပ်ခါထပ်ခါ စဉ်းစားဆင်ခြင် ပါ များတဲ့အခါ၊ ငါမြင်တယ်၊ ငါကြားတယ်၊ ငါ သွားတယ်၊ ငါလာတယ်၊ ငါပြောတယ်၊ ငါဆိုတယ်၊ ငါလုပ်တယ်၊ ငါကိုင်တယ်၊ ငါကြံတယ်၊ ငါသိတယ်၊ ဆိုတာတွေဟာ အကုန် မှားနေတာဘဲ၊ ရုပ် ့နာမ် နှစ်ပါးတို့၏ ဖြစ်ပျက်နေတဲ့ သဘောတရားတွေ ပါ ကလားဟု အမှန်တရားပေါ်ထွက် လာလိမ့်မယ်၊ အ ထင်မှားပြီးတော့ ကြွားမိတာတွေ ပေါ်နေပြီနော်။

အကြွားကြိုက်လို့၊ ကြွားလိုက်ကြတာ၊
ငါမမြင်ဘဲ၊ ငါဘဲမြင်တာ၊
ရုပ်မြင်၊ နာမ်သိ၊ မှန်ဘိအရာ၊
ငါ အစွဲ၊ ဒါဘဲသံသရာ။

နိဗ္ဗာန်ဝင်လမ်း၊ မြင်စမ်းကြပါ၊
မမြင်ကမ်းလို့၊ ပင်ပမ်းရတာ၊
ပရမတ်နှင့်၊ ပညတ်ကိုရှာ၊
ရုပ်’နာမ်ကွဲ၊ အမြဲမြင်လိမ့်မှာ။

ဘယ်နှယ်လဲ ရုပ်နာမ်တရားနှစ်ပါးဘဲ ရှိတယ်ဆို တာ သဘော ပေါက်ပြီလား၊ သက်ရှိသက်မဲ့ ဟူသမျှ တွေ ဘယ်ဟာကရုပ် ဘယ်ဟာကနာမ်ဆိုတာ၊ မြင် သည်၊ ကြားသည်၊ နံသည်၊ လျက်သည်၊ ထိသည်နှင့် တ

မြိုင်နက်၊နာမ်မှန်း ရုပ်မှန်းပိုင်းခြား ဝေဘန်၍သိတာ ကိုစာလိုတော့ နာမရူပပရိစ္ဆေဒ ဉာဏ်တဲ့ကွဲ။ အဲဒီ ဉာဏ်အဆင့်အတန်းရောက်ရုံနဲ့ လူအစစ်မဖြစ်သေးဘူး နော်၊လူစော်နံရုံကလေးရှိသေးတယ်။

ရှေ့ကိုတိုးပြီး သိကြစို့။

မျက်စိက မြင်တာနဲ့ အပါယ်လေးပါး ရောက် ကြောင်းတွေ၊ နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြောင်းတွေ ဟောဒီလိုမှတ်ထားစမ်းပါလား။

မြင်သည့် ပုံသဏ္ဌာန်တခုကို သာယာနှစ်သက် စုံ မက်သည်ဖြစ်အံ့၊ သေတဲ့အခါ သွားရာလမ်းစ ပြိတ္တာ ဘဝတဲ့ကွဲ၊ မနှစ်သက်ဖဲ ဒေါသထွက်သည် ဖြစ်အံ့၊ သေတဲ့အခါ သွားရာလမ်းစ ငရဲတဲ့ကွဲ။ နှစ်သက်သည် လဲမဟုတ်မနှစ် သက်သည်လဲမဟုတ်၊ မောဟဖြစ်ငြား အံ၊သေတဲ့အခါဖြစ်ရာအမှန် တိရစ္ဆာန်တဲ့ကွဲ။ မြင်မြင် သမျှ သက်ရှိသက်မဲ့တွေဟာ၊ ပဋ္ဌမက တပည့်များရဲ့ သိထားတဲ့အတိုင်း၊ ရုပ်နာမ်တွေ ချည်းဘဲ။ မည့်သည့် သက်ရှိသက်မဲ့မဆို၊အမြဲမရှိဆင်းရဲအတိသာ၊ အလိုသို့ မလိုက် အကြိုက်သို့မပါ၊ အနှစ်သာရ ဘာတခုမှ ရှာ မရပါကလားဟု၊ ဖြစ်ပြီးကပျက်မှုတွေကို ကြည့်ရှုဆင် ခြင်သည့်အတွက် ငရဲ,တိရစ္ဆာန်, ပြိတ္တာ ဆိုတဲ့ ဘဝ ဆိုးတွေနဲ့ မတွေ့ရတော့ဘဲ လူနတ်နိဗ္ဗာန် သုံးတန် သောချမ်းသာကိုစိတ်ချလက်ချ တွေ့ကြုံ ခံစားရတယ် ကွဲ့။တကယ်အသိဉာဏ် ပေါ်လာပြီဆိုမှဖြင့်၊ နတ်ရွာ

နိဗ္ဗာန်ရောက်ကြောင်း တရားတွေဟာ သွားရင်း လာရင်း၊ စားရင်း သောက်ရင်း၊ နေထိုင် အိပ်လျောင်းရင်းတို့မှာ၊ ကြားမလပ်အောင်အထပ်ထပ် ပြည့်နေပါကလား ဆိုတာ၊ တကယ်သိ၊ တကယ် မြင်တွေ့လာရအောင်။ ဟောဒီ ဗမာစကားပြေ သက်သက်ကလေးကို အရကျက်ထားလိုက်စမ်းပါအုံးကွယ်။

ခြေတလှမ်းမှာ၊ တသန်းတန်တာ၊
ဘယ်လိုကြွလှမ်း၊ ပြစမ်းမှန်စွာ၊
ကြွလိုက် ကျလိုက်၊ မလိုက်ပြန်တာ
ဖြစ်ပျက်မှု၊ ကြည့်ရှုဥာဏ်အရာ၊

သေသေချာချာ အာရုံ ပြုလိုက်စမ်းနော်၊ စာတွေပေတွေ အများတတ်ပြီး ခေါင်းလေးပါး၊ ခေါင်းရှစ်ပါး၊ ပရမတ် ပညတ်တရား၊ ပိဋကတ်သုံးပုံကို အကုန်မွှေနှောက်တဘက်ကမ်း ရောက်ပါစေကွယ်၊ တတ်ထားသိတာဘဲရှိလိမ့်အုံးမယ်၊ မဂ်ဖိုလ် နိဗ္ဗာန်အထိ မရောက်နိုင်ဘူးကွဲ့။ တရား သိတာက တမျိုး တရား ရှိတာက တမျိုး၊ သိတိုင်းလဲ ရှိခဲ့တယ်၊ ရှိတိုင်းလဲသိခဲ့တယ်၊ အကောင်းဆုံးကတော့ တရားရှိတာမှ အကောင်းဆုံးဆိုတာ ဘုရားကလဲပြောခဲ့တယ်၊ တပည့်များ ကိုယ်တိုင်လဲ သဘောပေါက်ပါ၊ လောကကြီးမှာ အပြောသမား အသိသမားတွေက များပြီးတော့၊ အလုပ်သမား အရှိသမားက အလွန်နည်းပါးတယ်၊ တပည့်များကိုယ်တိုင်နှင့်တကွရဟန်းရှင်လူ ဟူသမျှ၊ နေ့တိုင်းနေ့တိုင်း

မြေပြင်ကို ခြေတင်ပြီးသွားနေ ကြတာဘဲ၊ လူသိ
သိပြီးတော့ မသွားတတ်တဲ့ အတွက် တန်ဘိုးမရှိ အ
ပါယ်လေးပါးစာဖြစ်ရတယ် ဒီစာကိုဘတ်၍ ဒီအသိ
ခေတ်ကို ရတဲ့နေ့ကစပြီးတော့၊ တပည့်များ လူလို
သွားတတ်ရင် နတ်ရွာနိဗ္ဗာန်ရဲ့ ပိုင်ရှင်တွေ ဖြစ်ရော
ပေါ့ကွဲ၊ ကိုင်း–ကြာနေရော့မယ်ကွယ် တပည့်ရဲ့ခြေ
လှမ်းကို အကဲခတ်ပြီး ဆုံးဖြတ်လိုက်စမ်းပါ၊ ခြေကြွ
တာ ကျတာ၊ မ, တာကိုသိပြီပေါ့၊ ကြွတုန်းကဖြစ်တဲ့
ခြေလှမ်းဟာ မြေပေါ်ကို ကျတာနဲ့ ပျက်သွားပြီ။
မြေပေါ်သို့ကျ၍ ဖြစ်နေတဲ့ခြေလှမ်းဟာ မြေက တ
ဖန်မ လိုက် သည်နဲ့ ပျက်၊ ဩော် .... လက် စ သတ်
တော့၊ တည်မြဲချမ်းသာ အလိုသို့ ပါတာမရှိ၊ အမြဲ
ဆင်းရဲအလိုသို့မလိုက်၊ ဖြစ်ခြင်း ပျက်ခြင်း သဘော
တွေပါ ကလားလို့၊ အသိဉာဏ် ပေါ်လာ သည်နှင့်
အမျှ ကောင်းသောမြင်ခြင်း၊ ကြံစည် ပြောဆိုခြင်း
နှင့်တကွ နိဗ္ဗာန်သွားလမ်းဆိုတဲ့ မဂ္ဂင်တရားမဂ်ရထား
ကြီးကို စီး၍သွားသောလူယောက်ျား၊ လူမိန်းမ ဖြစ်
ရတယ်ကွဲ၊ လေယာဉ်ပျံ၊ မော်တော်ကား၊ ရထား
သင်္ဘောတွေ ကိုယ်ပိုင်အဖြစ်နဲ့ စီးရသည် တို့ထက်။
အဲဒီ မဂ်ယာဉ်ကိုစီးသွားနိုင်မှုဟာ တပည့်များရဲ့အ
ဖို့ အရေးအကြီးဆုံးဘဲဆိုတာ သိပါ၊သိတဲ့အတိုင်း သ
တိထားပြီး၊ တရားရှိသော သွားခြင်းဖြင့်သာ သွား
တော့မယ်လို့ စိတ်ကိုဆုံးဖြတ်လိုက်ကွယ်၊၊

အဲဒါလောက် သတိနဲ့ အရှိကို ဘုရားက ဘယ်အထိ သဘောကျလို့ ပြောပြခဲ့သလဲဆိုရင်....

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊

ဧကာဟံဇီဝိတံသေယျော၊ ပဿတော ဥဒယဗ္ဗယံ၊

ယောစ၊ အကြင်သူသည်လည်း၊ ဥဒယဗ္ဗယံ။ ရုပ်,နာမ် အစုတို့၏ ဖြစ်မှုပျက်မှုကို။ အပဿံ- အပဿန္တော၊ သိမှုဆင်ခြင် ကြည့်ရှု၍မမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာတိုင်တိုင်။ ဇီဝေ၊ မပျက်တစေအသက်ရှည်ပေစေတော့။ နသေယျော၊ လူကျင့် မကျင့် လူကြီးမကြီး၊ လူမမှန် အယုတ်ခေတ်ပေမို့ အဟုတ်မမြတ်တော့သည်သာတည်း။ ဥဒယဗ္ဗယံ၊ ရုပ်စု,နာမ်စုတို့၏ ဖြစ်ပျက်မှု အခြင်းအရာကို။ ပဿတော၊ ကောင်းစွာ သိမှု၊ သတိပြု၍ ကြည့်ရှုဆင်ခြင်၊ ထင်မြင်အားထား ပွားများ၍နေသောသူအား။ ဧကာဟံ၊ တနေ့တရက် တမနက်သာ ခဏတာမျှ။ ဇီဝိတံ၊ မပျက်အခြေအသက် ရှည်၍နေရပစေတော့။ သေယျော၊ လူနှင့်တူတန်လူမှန် သူများ ကျင့်တရား ပေမို့၊ အ မြင့် စားအမြတ်စား ဖြစ်သောနေခြင်းပါပေတည်း။ ....တဲ့တပည့်ရဲ့။

ဘယ့်နှယ်လဲဟေ့၊ လူ့အတုနှင့် လူ့အစစ်များရဲ့ နေပုံ ထိုင်ပုံ သွားပုံ လာပုံ စားပုံ သောက်ပုံ ဘယ်လောက်ကွာသတဲ့လဲ။ နှစ်ပေါင်း (၁၀၀) တရာနဲ့ တနာရီဆိုပါကလားကွယ်၊ ဒါလဲ ကူသေးတာ မဟုတ် တနာရီသမားက မရေ တွက်နိုင်အောင် သာ သတဲ့။

ကိုင်း- ဘယ့်နှယ်သဘောရသလဲ။ လူ နတ်၊ နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာ ဆိုတာ လူအစစ်များ သို့မဟုတ် လူစော် နံသူများရဲ့ ပိုင်နက်ကြီး ဖြစ်တယ်ဆိုတာ တပည့်များရဲ့စိတ်ထဲမှာ ထင်ရှားလာပြီလား။ အေး- သဘောပေါက်ရုံ ထင်ရှားရုံ သိရုံနဲ့ မပြီးသေးဘူး၊ သဘောပေါက် ထင်ရှား သိနေတဲ့ တရားတပည့်များရဲ့သန္တာန်မှာ ရှိနေစေရမယ်။

ပညတ်နဲ့ပရမတ်။

တကယ်မရှိတဲ့ သဘောတရားတွေက ပညတ်၊ တကယ်ရှိတဲ့သဘောတရားတွေကို ပရမတ်လို့ မှတ်ထားလိုက်ကွယ်။ ဟောဒီ အောက်က စာကလေးကို ရထားပါစေ။

မရှိတာကို၊ ဘာဆိုကြမှာ၊
ပညတ်လို့ဘဲ၊ ဆိုရလှပါ၊
ရှိတာကိုကော၊ ဘာပြောကြမှာ၊
ပရမတ်၊ ခွဲအပ်သဘောသာ။ ။

မြေကြီးတခုထဲကို လုပ်ထားတဲ့ ပန်းကန်တွေကြည့်လိုက်စမ်းကွယ်၊ ရေအိုးအမျိုးမျိုး၊ ထမင်းအိုး၊ ဟင်းအိုးအမျိုးမျိုး၊ စလောင်းဖုံးတွေ ခွက်တွေ သောက်ရေအိုး၊ ရေသကောင်း၊ လဘက်ရည်အိုးဆိုတဲ့ အမည်တွေက ပညတ်တရားတဲ့ကွဲ။ ဘယ်လောက်ဘဲအသွင်သဏ္ဌာန်အမည်တွေများပြီး နေငြားသော်လဲ၊ အမည်မပြောင်းဘဲ။ တသမတ်ထဲမပေါက်မပြန်တာကတော့

ပထဝီဓာတ် ခေါ်တဲ့ မြေကြီးပေါ့ကွယ်။ အဲဒီလို မ
ဖောက်မပြန် အမှန် ရှိလေသောကြောင့်ပရမတ် တဲ့
ကွယ်။ ထပ်ခါထပ်ခါ သတိထားစဉ်းစားလေ၊ ပညတ်
နဲ့ ပရမတ်တရားကွဲပြားလေ ဖြစ်လာလိမ့်မယ်။ ဓာတ်
ပရမတ်, ပညတ် သုံးပါးကိုခွဲခြားပြီးမှတ်ရမယ်ကွယ်။
ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော တဲ့ကွဲ၊အဲဒါ
ဟာဓာတ်ကြီးလေးပါးဘဲ၊ ဘူတရုပ်လို့ လဲခေါ်တယ်၊
ကမ္ဘာလောကကြီးတခုလုံးမှာ၊အမှန်ဖြစ်နေတဲ့ တရား
လေးပါးဘဲ၊ အဲဒီဓာတ်တုံးဓာတ်ခဲကြီးတွေကို အထင်
လွဲပြီးတော့၊သူဘဲငါဘဲ လူဘဲနတ်ဘဲယောကျ်ားမိန်းမ
ဘဲ သစ်ပင်တောတောင်ဆိုပြီးသမုဟပညတ်၊ သဏ္ဌာန်
နပညတ်၊ နာမပညတ်တွေဓာတ်အစစ်၊ ပရမတ်အစစ်
ကို မမြင်ဘဲ လွဲနေကြတာကွဲ့။ ကိုင်း——ယခုတပည့်ရဲ့
ကိုယ်ကြီးတခုလုံးကို စမ်းသပ်ကြည့်ပါကွယ်။ မာတာ
တွေ့မယ်၊ ပြော့တာတွေ့မယ်၊ မာတာ ပြော့တာဘာ
လဲကွယ်။ ယောကျ်ားမိန်းမလား လူလား နတ်လား
မဟုတ်ဘူးနော်။ ပထဝီဓာတ်ရဲ့ သဘောတဲ့ကွဲ၊ အဲဒီ
မာမာပြော့ပြော့ ဓာတ်ရုပ်ကြီး ဖရိုဖရဲပြိုကွဲမသွားရ
အောင် ဖွဲ့စည်းထားတဲ့ ယိုစီးလာတဲ့ ကျင်ငယ်ချွေး
အစေးတို့တတွေဟာ၊ယောကျ်ား မိန်းမ လူတွေ နတ်
တွေလား၊ မဟုတ်ဘူး။ အဲဒါဟာ အာပေါဓာတ်တဲ့၊
မြေလက်ဥကျောင်းမှစ၍ တွန်းကန်လှုပ်ရှား သွားလာ
ပြောဆို နေတာတွေ တွေ့တယ် မဟုတ်လား။ အဲဒါ

တွေကော ယောကျ်ားမိန်းမ လူတွေနတ်တွေလား။ မဟုတ်ဘူးနော်။ ဟုတ်ကဲ့လား၊အေး အဲဒါတွေကဝါ ယောဓါတ်'လဘောတဲ့ကွဲ။ တပည့် ကိုယ်ကောင်ကြီး ကို စမ်းကြည့်လိုက်တော့၊ ပုတာအေးတာ မတွေ့ဘူး လားကွယ်၊အဲဒီပူတာအေးတာဟာယောကျ်ားမိန်းမ လူနတ်တွေလား၊ မဟုတ်ဘူးနော်၊ တေဇောဓာတ် သဘောတဲ့ကွဲ။ ရေ'မြေ'လေ'မီး,-ဓာတ်ကြီးလေး ပါးဆိုတာ ကြားဘူးမှာပေါ့၊ဟိုတုန်းက အမှတ်တမဲ့ နေလို့ မကြားဘူးသေးရင် ဘာခဲယဉ်းလို့လဲ အခု မှတ်ထားလိုက်ကွယ်၊ လူအစစ်စခန်းကို မရောက်သေး တောင် လူစော်ကလေးနံ့ရအောင်။

ဓာတ်စုနေတာ ခွဲမရတာသိ။

ဓာတ်လေးပါးအစုဖြစ်နေတဲ့ ဓာတ်တုံး ဓာတ်ခဲ ကြီးမှာ အရောင် အဆင်း အမျိုးမျိုး တွေကို ဝဏ္ဏ၊ နှာခေါင်းနဲ့ နမ်းကြည့်လိုက်တော့ ထွက်လာတဲ့အနံ့ အမျိုးမျိုးတွေကို ဂန္ဓ။ လျှာနဲ့တို့ကြည့်တော့ ချိုချဉ် ငံခါးပေါ်လာသည်များကို ရသ — ဓာတ်တုံးကြီးမှာ ပြန့်နှံ့တိုးတက်နေတာတွေကို ဩဇာတဲ့ကွဲ၊ ပထဝီ- အာပေါ၊ တေဇော ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ရသ၊ဩ ဇာ၊ အဲဒီ ရှစ်ခုစုနေတဲ့အတွက် အဋ္ဌကလာပ်တဲ့ကွဲ။ ခွဲလို့ခွါလို့မရ။ တပေါင်းတစည်းထဲ နေလေသော ကြောင့်၊ အဝိနိဗ္ဘောဂ၊ ရုပ်လို့လဲ ခေါ်တယ်၊အဲဒီ ဓာတ်ရုပ် ဓာတ်ကောင် ကြီးတွေကို၊ ကံ စိတ် ဥတု

အာမာရဆိုတဲ့ အကြောင်းတရား လေးပါးက ကြီး ဘိုကြီးရှေ့ဆွဲပြီးတော့၊ အမျိုးမျိုး ပြုပြင်နေတယ်ကွဲ့ တ ပည့် ရဲ့၊ ခါတ်၊ ပရမတ်၊ ပညတ်၊ ရုပ်၊ နာမ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊အဲဒီကိုးမျိုးကို စိတ်ထဲ ကသိပြီးတော့၊ ပါးစပ်ထဲမှာ ကြေနေ ပ စေ နော်၊ ပါးစပ်ထဲမှာ ကြေနေ လေအောင်၊ ရလာ တာကို သုတမယဉာဏ်၊ ရထားတဲ့တရားတွေကို စဉ်းစားပြီး ကြံစည်တဲ့စိတ်တွေပေါ်လာတာကို စိန္တာမယဉာဏ်၊ ကြံစည် စဉ်းစားလိုက်လို့ ဩော်.... သည်ဟာသည် ဟာစုကားခါတ်တရား၊ ပညတ်တရား၊ ပရမတ်တရား ရုပ်တရား၊နာမ်တရား တွေပါက်လားလို့မှန်တဲ့အတိုင်း သိလာတာက ယထာဘူတဉာဏ်။ အမှန်တရားတွေကို သိပြီးတော့၊ ဖြစ်ပျက်နေတဲ့ မမြဲသဘော၊ ဆင်းရဲ သဘော၊ မိမိအလိုသို့ မလိုက်တဲ့ သ ဘော၊ မ တင့် တယ်တဲ့သဘောတွေကို ပွားများ ဆင်ခြင်နေ တာက၊ ဘာဝနာမယဉာဏ်တဲ့ကွဲ့။ သုတမယဉာဏ်၊ စိန္တာမ ယဉာဏ်၊ ယထာဘူတဉာဏ် သုံးဉာဏ်က လူစော် နံ့ရှိ ရှိသေးတယ်နော်၊ ဘာဝနာမယဉာဏ် ရောက် အောင်သွားနိုင်မှ လူအစစ်ဖြစ်မယ် ဟောဒီအောက်၊ က မင်းကိုယ်တိုင် နိဗ္ဗာန်အထိယူသွားဘို့ တရားလက် ဆောင် ကလေးလေ။

နင့်ဟန်နင့်ဉာဏ်၊ နင့်အကြံနှင့်၊ နင့်ကံနင်ပြု၊ နင့် အမှုကို၊ နင်ခုအခါ၊ နင်ရှုပါလော့၊ နင့်ဟာနင်တွေး

နှင့်အရေးမို့၊ နှင်ဆွေးနှင်ပူ၊ နှင်တလူထဲ၊ နှင်မှုလန်း ဖြာ၊ နှင်ချမ်းသာရ၊ နှင့်ဘဝ၏၊ ဝဲစ်ချကောန်၊ အခြေ မှန်ကို၊ ဝေဘန်သောခါ၊ နှင်သိမှာပေါ့။ နှင်သာနှင် အား၊ နှင်သနားက၊ နှင်မှားသမျှ၊ ပယ်စွန့်ရမည်၊ ဒါမှ နံပါတ်(၁)တဲ့ နော်။

ဘယ့်နှယ်လဲဟော့(လူ)(လူ့)(လူး) စာသုံးလုံးနဲ့ လူသုံးစား တပည့်တို့ရဲ့ မျက်စိထဲမှာ ဘွားဘွားကြီး ပေါ် လာပြီလား၊ လူသုံးစားတို့ နေတဲ့ရွာကို ဒီလို သိစမ်းအုံးကွယ်၊ လူနေတာအရိယာရွာ၊ လူ့နေတာပု ထုဇဉ်ရွာ၊လူးနေတာအပါယ်ရွာတဲ့ကွဲ့။

လူနေလူစား၊လူသွားလူလာ၊
လူကြံလူကျင့်၊လူနှင့်တူပါ၊
လူလိုစိတ်ထား၊အိပ်ပြေးလူသာ၊
လူမှန်က၊ရောက်ရနိဗ္ဗာန်တာ။ ။

ပုထုဇဉ်များ၊နေပြေးလူ့ရွာ၊
ဘေးရန်တွေများ၊အနှောင်းစုလာ၊
အရိယာများ၊နေပြေးလူရွာ၊
ဘေးရန်ကင်း၊အောင်ခြင်းလွန်ချမ်းသာ။ ။

ပုထုဇဉ်ကွဲ့၊ဆိုတဲ့သူဟာ၊
ဘယ်လိုပေများ၊ နေပြေးမှုရာ၊
လောဘဒေါသ၊မောဟသုံးဖြာ၊
လက်သတ်မွေး၊အားပေးကျည်ရှာ။ ။

အရိယာကွဲ့၊ဆိုတဲ့သူဟာ၊

ဘယ်လိုပေများ၊ နေပြောမှုရာ၊
ဖလာဘဒေါသ၊ မောဟသုံးဖြာ၊
နေ့စဉ်ဖြတ်သတ်၍သူနေရှာ။ ။
ပမာဒနဲ့၊ မဒ-မတာ၊
မေ့လျော့ယစ်မူး၊ ညစ်ပြူးသေရှာ၊
အပ္ပမာဒ၊ ဘယ—ခေမာ။
မမေ့ကြောက်၊ တွေ့ရောက်မသေရွာ။
လိုချင်လျှင်လဲ၊ အားခဲကြပါ၊
ရမှာမလွဲ၊ အမြဲမှန်တာ၊
မာတင်နှင့်၊ ဒိဋ္ဌမင်္ဂလာ၊
သက်သေဘဲ၊ ဝေခွဲမြင်စရာ၊ ။
တိုရှည်ချမ်းသာ၊ နှစ်ဖြာရှိတာ၊
ကိုယ်တိုကြိုက်ရာ၊ မကွာကြည့်ပါ၊
ဆရာဗုဒ္ဓ၊ ဇာတ်ပြသေချာ၊
လိုရာရ၊ ဘဝပဒေသာ။ ။

တပည့်များရဲ့ တသက်လုံးတွင်မကဖြစ်လေရာဘဝါ ဘဝတွေပါ နိဗ္ဗာန်အထိသုံးစွဲသွားနိုင်ကြစေရန် ဆရာ၏မေတ္တာဖြင့်အတန်တန်နှုန်းပြ၍ဆုံးမတဲ့တရားစကားတွေကိုအပျင်းပြေဘတ်သောစာအုပ်မျိုးဘဲလို့သဘောမထားကြဘဲ အရကျက်သင့်တဲ့နေရာမှာ အရ ကျက်၍၊ သဘောအနက်အဓိပ္ပါယ်တွေကို သေချာစွာ ဝေဘန်မှ လူမှန်လူစစ်ဆိုတဲ့၊ စခန်းကိုတွေ့နိုင်၊ ကြံနိုင်၊ ရောက်နိုင်ကြပေလိမ့်မယ်၊ ဆရာတဦးတည်းသာ မဟုတ်အားလုံး

သောတရားဟောဆရာ စာနှင့် ရေး၍ဆုံးမကြသော ရဟန်းပညာရှိလူပညာရှိအကျော်အမော်တို့၏သြဝါဒ တို့သည်များသောအားဖြင့်ဤနည်းအတိုင်းသာဖြစ်ပေ၏ သို့အတွက် နိုင်ငံတော်ရှိ တပည့်ဒါယကာဒါယိကာမ အပေါင်းတို့က နှစ်ထောင်းဝမ်းသာ ရှင်လန်းစွာဖြင့် လိုက်နာဆောင်ရွက်ကျင့်ကြံနိုင်ကြပါစေဆိုတာ အထူး မေတ္တာပို့၍ဆုတောင်းလျက်ရှိပေ၏။

လူလိုသိဘို့ရာလွယ်တာယ်မထင်နဲ့

အမှတ်တမဲ့တော့၊ လူဆိုတာ၊ သွားလာလုပ်ကိုင်၊ ပြောဆိုစားသောက်၊ အိမ်နဲ့ရာနဲ့နေ၊လင်ယူမယားယူ သား၊သမီး၊ မြေး၊ မြစ်တွေ ရနေကြတာ လူတွေဘဲ။ လူ လောက်တော့ သိတာဘဲလို့ ထင်ချင်လျှင်ထင်နေကြ မှာပေါ့၊ ရုပ်တရား နာမ်တရား၊ ဓာတ်တရား၊ ပညတ် တရား၊ပရမတ်တရားဆိုတဲ့လူ့အစစ်များသိတဲ့တရားတွေ ကိုအသာထားပါအုံး၊ လူသာမညတို့ သိထိုက်တဲ့ လူ့ရဲ့ ဝတ္တရားကိုတောင် သိကြ သေးရဲ့လား၊ မိဘက မိဘရဲ့ ဝတ္တရားကိုသိ၊ သားသမီးက သားသမီးရဲ့ ဝတ္တရားကို သိ၊ ဆရာကဆရာ့ဝတ္တရား၊တပည့်ကတပည့်ဝတ္တရား၊လင်က လင့် ဝတ္တရား၊ မယားက မယားဝတ္တရား ၊အစိုးရက အစိုးရ ဝတ္တရားနှင့်၊တိုင်းသူပြည်သားက တိုင်းသူပြည် သား ဝတ္တရား၊ မိတ်ဆွေဝတ်၊ ကျွန်ဝတ် သခင် ဝတ် အများကြီးပေါ့ကွယ်။နောက်ပိတ်ဆုံးအိမ်နားနီးချင်း ကစပြီးတော့ဝတ္တရားတွေရှိကြတယ်ကွယ်။

အဲဒါတွေက ဘာလဲလို့ဆိုရင် ယဉ်ကျေးလိမ္မာသော
လူမျိုးရဲ့အလေ့အကျင့်တွေလို့ခေါ်တယ်။ တပည့်တို့ရဲ့
ဘိုးဘေးဘီဘင်တွေလက်ထက်က ပေါင်းသင်းဆက်ဆံ
နေထိုင် စားသောက်မှုတွေကို တပည့်တို့ ကိုယ်တိုင်မမှီ
လိုက်ကြသော်လဲ တဆင့်စကား တဆင့်နား ဆိုသလို
ကြားအောင်သိအောင်စုံစမ်းထောက်လှမ်းဘို့တာဝန်
ဝတ္တရားတွေရှိတယ်။မင်းတို့ငါတို့လို သာမန်လူစားတွေ
ကို မဆိုထားနဲ့၊ မြတ်စွာဘုရားကိုယ်တော်တိုင် ရှေး
နောင်တော်ဖြစ်သော ဘုရားရှင်တို့၏ အလေ့အကျင့်
အမူအရာတွေအတိုင်း ပြုလုပ်လိုက်စားတော်မူတယ်ကွဲ့။
အဲဒါကြောင့်လိမ္မာယဉ်ကျေးသော ရှေးလူကြီးများရဲ့
အပြုအမူတွေ တပည့်များ အတုယူကြ စမ်းပါ၊ စကား
စပ်မိလို့ပြောလိုက်ရအုံးမယ်၊ အိမ်နားနီးချင်း စောင့်
ရှောက်ကြပုံတဲ့ကွဲ့။ မိမိအိမ်ရဲ့ခြေရင်း ခေါင်းရင်းမှာ
ရှိတဲ့ အိမ်ခုနစ်အိမ်အတွက်အစစအရာရာ စောင့်ရှောက်
ကြတယ်။ဘေးအိမ်တွေခရီးသွားနေ ကျန်ရစ်တဲ့အိမ်က
ဝါး ခြမ်းပြား တတို မပျောက်ရဘူး၊ တယောက် တ
ယောက် ယုံကြည်စိတ်ချ ချစ်ခင်လိုက် ကြတာ ဘာမှမ
ပြောနဲ့တော့၊ ပြီးတော့ရှေးကလူများက အချိန်အခါ
ကိုသိတတ်တယ်။အိပ်ချိန်,စားချိန်,သွားလာလုပ်ကိုင်
ချိန်မှစ၍ပေါ့ကွယ်၊ အညံ့ဆုံးအောက်ထစ် ဘယ်ထိ
အောင်သိသလဲဆိုရင်၊ည-ညဉ့်ဆိုက ၈-နာရီ ၉-နာရီ
ဟာ အလွန်ဆုံးဘဲအဲဒီ၈-နာရီ၉-နာရီအတွင်းမှာသာ

ရယ်ကြ- မောကြပြောကြဆိုကြသီချင်းတွေ တကျော်ကျော်နဲ့ပျော်ကြပါးကြတယ်။ ၉-နာရီကလွန်သွားရင် ကိုယ့်မှာကိစ္စတွေများ၍မအိပ်သေးတောင်၊ ကျယ်ကျယ်လောင်လောင်ပြောဆိုရယ်မောခြင်း သီချင်းဆိုခြင်း အော်ဟစ် ဆဲဆိုခြင်းတွေ မကြားရတော့ဘဲ၊ တိုးတိုးတိတ်တိတ်ပြောဆို လုပ်ကိုင်နေထိုင်ကြတော့တယ်၊ ပွဲလမ်းသဘင် အပျော်အရှင်သွားကြည့်လို့ မိမိတို့အိမ်ကိုပြန်လာတဲ့ အခါတောင် ၉—နာရီ လွန်သွားရင် ရပ်ထဲရွာထဲမှာ အသံ မကြားရအောင်၊ ပါးစပ်ပိတ်ပြီးတိတ်တိတ်ကလေးပြန်လာကြတယ်ကွဲ့။

အဲဒါဟာ ဘာသဘောလဲ အချိန်အခါကိုသိလို့ ဒီအချိန်ဒီအခါဟာ အကာလညအခါ လူသူလေးပါး အိပ်ကြပြီဆိုတာသိလို့၊ တဦးကိုတဦး ရှိသေလေးစားအားနားရှောင်ကြဉ် ကြတာပေါ့ကွယ်။ အဲဒီအကျင့်စဉ်တွေကိုယူပြီး လူကြီးများနှင့် မိဘ' ဆရာသမားတွေကပါ ပြောဆိုဆုံးမကြ၊ပြောဆိုဆုံးမတဲ့ အတိုင်းလိုက်နာ ဆင်ခြင်ကြတယ်။ ဘယ့်နှယ်လဲဟေ့ တပည့်များနေထိုင်တဲ့ ရပ်ကွက်တွေမှာ အချိန်အခါ သိတတ်တဲ့လူ၊ ဘယ်နှစ်ယောက် လောက်များ ရှိသေးသလဲ၊ ၈—နာရီ ၉—နာရီမကဘဲ၊ ၁၀—နာရီ ၁၁—နာရီလဲ ဖဲသံ မောင်းသံ သီချင်းသံ မစဲသေး၊ သန်းခေါင်ကျော်လို့လဲ ဒီအသံတွေ မစဲသေး၊ သန်း ခေါင်ကျော်ပြီး ၂-ချက် ၃-ချက်တီးလို့ လင်းအားကြီး

ချိန်ကြတောင် အော်ကြ, ဟစ်ကြ, သီချင်းဆိုကြတဲ့ အလေ့တွေဟာ ဘယ်လိုစိတ်ထားလို့၊ ဘယ်လောက် အချိန်အခါကိုနားလည်တဲ့ လူတွေဆိုတာ တပည့်များ ကိုယ်တိုင် စဉ်းစားပေတော့၊ ညဉ့်နက်လေလေ အသံ ကုန်လွှတ်အော်လေဘဲ၊ အဲဒီဟာအချိန်အခါနှင့် စည်း ကမ်းနားမလည်မှု၊နမူနာ အစ အနလောက်ကလေး သာ ဆရာက ပြောပြတာ။ လူတွေနေတဲ့နေရာလား ရှင်ရဟန်း တွေနေတဲ့ နေရာလား၊ မြို့လား ရွာလား တောတောင်လားဆိုတာလောက်တောင် မ သိ ကြ တော့ဘူး။

ဘယ်သူများရဲ့အပြစ်လဲ။

ဤမျှလောက် နည်းမသိ၊ လမ်းမသိ၊ စည်းမရှိ၊ ကမ်းမရှိ ဖြစ်ချင်တိုင်းဖြစ် ပျက်ချင်တိုင်း ပျက်နေကြ တာ လက်သည်ရှာကြစမ်းပါ၊ အုပ်ချုပ်တဲ့ မင်းကဘဲ နည်းလမ်း စည်းကမ်းမသိ လူနဲ့တူအောင်မအုပ်ချုပ် ဘတ်လို့လား၊ မိဘ ဆရာသမား ဆိုင်ရာရပ်ကွက် လူ ကြီးများတို့ကဘဲ၊ ဆုံးမပြုပြင်ခြင်း မရှိ မသိတတ်ကြ လို့ဘဲလား၊ ငါ့သဘောအတိုင်း နေမယ် ထိုင်မယ် သွားမယ်လာမယ်၊ ပြောမယ်ဆိုမယ်၊ လုပ်မယ် ကိုင် မယ်၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတဲ့ ငါတကော သမားတို့ရဲ့ အပြစ်ဘဲလား၊ အခေါက်ခေါက် အပြန် ပြန်စဉ်းစားကြစမ်းပါ။

(ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိ

ပစ္စယော)ဆိုတဲ့အတိုင်း မိမိ၏ ပဋိသန္ဓေနေခဲ့ပုံ အကြောင်းရင်း၊ အညံ့အကောင်း၊ နေ့စဉ်လို အာရုံပြုနေတဲ့ မိဘ, ဆရာသမားတို့ရဲ့ အညံ့ အကောင်း၊ အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်သော မင်းအစိုးရတို့ရဲ့ အညံ့အကောင်းဆိုပြီး ဝေဘန် ဆုံးဖြတ်နိုင်ရန် ပဌာန်း ဒေသနာတော်ကြီးလဲ အရှိသားဘဲ။ သုံးဦးစလုံးညံ့ ဖျင်းမှု၊ နှစ်ဦးညံ့ဖျင်းမှု၊ တဦးထဲညံ့ဖျင်းမှုဆိုပြီး ဖြစ်တတ်သေးတယ်။ သို့သော် အရင်းစစ်တော့ အမြစ်မြေက ဆိုတဲ့စကားကိုသာ တပည့်များအမှတ်ထားကြပေတော့။ ပဋိသန္ဓေစိတ်ပဲကွယ်၊ ပဋိသန္ဓေကောင်းရင်ပြုပြင်လို့ရနိုင်တယ် ပဋိသန္ဓေက ကိုညံ့ဖျင်းလာမှဖြင့်ပြုပြင်လို့ ရဘို့ရာ အင်မတန် ခဲယဉ်းသွားပြီ၊ ဒါကြောင့်၊ ရှေးပညာ ရှိကြီးများက၊ ခွေးမြီးကောက် ကျည်ထောက် စွပ်သလို, ဆိုတဲ့စကားကြောင်ကို ရိုက်လို့ မနာသလို, ကျောက်ကျောရေပက်သလို,ဆိုတဲ့စကားတွေကို သုံးစွဲထားခဲ့ တာပေါ့၊ ခွေးသည်လူလိုသိဘို့ကျင့်ဘို့ ခဲယဉ်း၏၊ လူသည်ခွေးလိုသိ၍ ခွေးလိုကျင့်ရန်လွယ်၏။ လူလိုသိဘို့သာခဲယဉ်း၏ဆိုတာ ပဋိသန္ဓေ တည်းဟူသော အကြောင်း ဟေတုပစ္စည်းကို လက်ညှိုးထိုးပြတာဘဲ။ ဒီတော့ဘယ်သူမပြုမိမိမှုဆိုတဲ့စကားအတိုင်း။အုပ်ချုပ်တဲ့ မင်းတွေ မိဘဆရာ သမားတွေကို စဉ်းစား မနေနဲ့တော့၊ တပည့်

များကိုယ်တိုင် ပြုပြင်တော့မယ် ဆိုတဲ့ အဓိဋ္ဌာန်ကို ဝိုင်းကာ၊ ရှိုင်းစိုင်းယုတ်မာတဲ့အကြံအစည် အပြောအဆိုအလုပ်အကိုင်တွေကို စွန့်ပစ်လိုက်ကြပေတော့။

စာထဲမှာမပါဘူးသတိပြု။

ယခုရေးသားဆုံးမသော စာထဲမှာ၊နံပါတ်သုံးဝစ္စ နှစ်လုံးအပြူးသားနဲ့ လူးသမား ခေါင်းမာသူတို့အတွက်ရေးသား ဆုံးမခြင်းမဟုတ်၊ ခေါင်းပြော့ပြော့ နှင့်နံပါတ် ၃-မှ နံပါတ် ၁-သို့အဆင့်အတန်းပြောင်း တော့ရန် ရည်သန်လျက် ရှိသော သူတို့၏ အတွက်သာ ရေးသားဆုံးမ လမ်းပြလိုက်ခြင်း ဖြစ်ပေ၏၊ သို့အတွက် ဘယ်ရတနာသုံးပါး မိဘ ဆရာ သမား လူကြီးသူကြီးများရယ်လို့ ပမာမထား၊ မလေးစား ဘယ်သူ၏ စကားကိုမှုမလိုက်နာ ငါကြိုက်ရာ ငါ လုပ်မယ် ဆိုသောသူများသည် ဤစာအုပ်ကို ကိုယ်တိုင်တွေ့မြင် ဘတ်ရှုရ၍သော်၎င်း။ သို့မဟုတ် လူတကာပြောသံကြား၊ သူများစာဘတ်နေသည်ကိုကြား ရ၍သော်၎င်း။ ဆရာ့အပေါ်တွင် အာဃာတ ရန်ညိုး မထားကြဘဲ ရှောင်ရှား တိမ်းဖယ်နိုင်ကြပါစေကုန်၊ ဆရာသည် မောင်တို့ မယ်တို့ကဲ့သို့သော သူများကို အလွန် ကြောက်လှ ပါသဖြင့် အမြဲတမ်း အရှုံးပေး လျက်ရှိပေ၏။ သို့အတွက် ဤစာအုပ်တွင် မောင်မယ် တို့တတွေမပါကြောင်း၊မောင်မယ်တို့အတွက်ရေးသား

ဆုံးမသော စာမဟုတ်ကြောင်း အတိအလင်း ကျေညာလိုက်ရခြင်းဖြစ်ပေ၏။

ဝစ္စ-နှစ်လုံးကိုဖြုတ်။

ဆရာသည်၊သင်-တိုင်းသူပြည်သား အားလုံးသော တပည့်များ၏ တိုးပွါးမှု၊ကောင်းစားမှု၊ လိမ္မာ ယဉ်ကျေးမှု၊ အပါယ်တံခါးပိတ်၍ နတ်ရွာနိဗ္ဗာန် တံခါးပွင့်မှုတို့ကိုသာ၊ မိမိ၏မေတ္တာ၊ သစ္စာ၊ ခန္တီ၊ အဓိဋ္ဌာန် ပါရမီအတိုင်း အမြဲတမ်း သွန်သင်ဆုံးမလမ်းပြလျက် ရှိ၏၊ အို....ဆရာ့ကိုကြည်ညို၍မှီခို အားထားပွားများ ကျင့်ကြံလျက် ရှိကြ ကုန်သော တိုင်းသူ ပြည်သား တပည့်များ အပေါင်းတို့၊လူဘုံ လူ့ဘဝ လူတွေနေတဲ့ ဌာနကို၊ သင်တို့ကိုယ်တိုင် ရောက်၍ နေကြရပြီးဖြစ်သည့်အတွက်၊လူဆိုတဲ့ စာရင်းကို လက်မနှေး စေဘဲ ခပ်မြန်မြန် ယူလိုက်ကြစို့.ရဲ၊ ကိုင်း-လာပေတော့ ရှေးဦးစွာလုပ်ရမဲ့ လုပ်ငန်းစဉ်က၊ ညစဉ်ညစဉ် အိပ်ရာဝင်တိုင်းအိပ်ရာကထတိုင်း၊ ဘုရားရှိခိုး ငါးပါး သီလကိုဆောက်တည်ကွဲ့။ပြီးတော့ မိဘနှစ်ပါး၊ သို့မဟုတ် မိဘမရှိက မိဘကဲ့သို့ စောင့်ရှောက် အုပ်ထိန်းလျက်ရှိသော၊မိကြီးမိထွေး၊ဦးလေး၊ဦးကြီး၊အစ်ကို၊ အစ်မများပေါ့ကွယ်၊ အိပ်ရာဝင်တိုင်းနဲ့ ခရီး သွားလာသောအခါတို့မှာရှိခိုးရမယ်။ သွားလေရာ ရောက်လေရာတိုင်တွင်လဲ ရောက်ရာနေရာအရပ်က နေပြီးတော့၊ အဲဒီဝတ်တွေ မပျက်စေရဘူး။ ဘယ့်နဲ့လဲကွယ်၊ သည်

အတိုင်း လိုက်နာ ဆောင်ရွက် နိုင်ရဲ့လား။ သည်အ
တိုင်းငါတော့၊ လိုက်နာ ကျင့်ကြံတော့မယ်လို့ စိတ်
ကိုပိုင်းလိုက်သည့် အချိန်ကစ၍၊ ဝဋ္ဋ-နှစ်လုံးက၊ ကဆုန်
ပေါက်၍ပြေးပြီ၊ တပည့် အနား မလာဝံ့တော့ဘူး
ဝေးသွားပြီဆိုတာ၊ သို့လော သို့လော တွေးမနေနဲ့
တော့၊ဧကန်အမှန် တထစ်ချသာ မှတ်လိုက်ပေတော့။
ခွေးရူးတကောင် မင်းတို့အိမ်ပေါက်နား ရောက်လာ၊
မင်းတို့ အိမ်ဝင်းထဲ ဝင်လာတဲ့အခါ၊ မင်းက သနား
ပြီးတော့ထမင်းကျွေးလား ရေတိုက်လားလုပ်မလား
သို့မဟုတ်—မင်းရဲ့ အိမ်သူ အိမ်သားတွေကိုဘဲ၊အကျွေး
အမွေးနိုင်းမလား၊ ပြောစမ်းဟော့၊ဘယ်လိုလုပ်မလဲ
အိမ်ရှေ့မှာ မြင်ကထဲက၊ တံခါးကို တွင်တွင်ပိတ်
ဟော့၊ အိမ်ထဲကိုဝင်ကြဟ၊ ခွေးရူးခွေးရူးလို့ အော်
ပြီးတော့ ကာကွယ်မယ်။ အိမ်ခြံဝင်းထဲကို ဝင်လာ
ရင်၊ ဒုတ်ဓါး လက်နက် စသည်တို့ဖြင့်၊ နိုင်တဲ့နည်း
နဲ့ခုခံရိုက်နှက် နှိပ်စက်သတ်ဖြတ် တော့မယ် မို့လား။
ခွေးရူး ကိုက်ရင် ကုလို့ ရသေးတယ်ကွဲ့။ မရလို့ သေ
တောင်ဒီတဘဝပေါ့၊ဘုရား,တရား သံဃာ၊မိဘမှန်း၊
ကြီးမှန်း၊ငယ်မှန်း၊မသိတဲ့ စိတ်ရူးကြီးဟာ။ တသံသရာ
လုံး မင်းနှင့်တကွ၊ လင်မယား သားသမီးရဲ့ ခန္ဓာကိုယ်
အိမ်ကြီးကို ဝင်ပြီးတော့၊ နေ့စဉ် လစဉ် ဘဝစဉ် နို
အောင်းနေတာကို လက်ခံပြီးတော့ ကျွေးမွေး ပြုစု
ထားနိုင်တာများကို၊ စဉ်းစားကြည့်လိုက်စမ်း တပည့်

ရယ်။ အဲဒီစိတ်ရှုးကိုက်ခံရလို့၊ တသံသရာလုံးစိတ်ရှုးပြန်နေတဲ့ဘဝတွေ၊ သေလာရတဲ့ဘဝတွေ။ မရေနိုင်တော့ဘူးကွဲ။ တွေးမိပြီလားကွယ်။ ကိုင်း– ဒါဖြင့်မင်းတို့တဒင်္ဂသားလုံးနှင့်တကွ နီးစပ်ရာဆွေမျိုးများတွေပါစိတ်ရှုးကိုက် မခံကြနဲ့တော့ မင်းတို့သုံးနံ့ပါတ်ဝဋ္ဋနှစ်လုံးပျောက်လို့ အောက်မြစ်တလုံးနဲ့ နံ့ပါတ်နှစ်ကိုရောက်ပြီနော်။

ဝဋ္ဋတလုံးကိုဖြုတ်ကြစို့

ဝဋ္ဋနှစ်လုံးကို ဖြုတ်ရတာလွယ်တယ်နော်၊ ဝဋ္ဋတလုံးကိုဖြုတ်ရတာမလွယ်ဘူးကွဲ ဟောဒီ စာကလေးကိုရှေးဦးစွာရအောင်မှတ်ထားလိုက်ကွယ်၊

ကမ္ဘာသမိုး၊ လွန်လေများစွာ၊
တွေ့ခဲ့–ကြုံခဲ့–ဆုံခဲ့ပေတာ၊
ငွကျ အ ,တ၊ စစနူ ံလာ၊
သတိရ။ သိကြစုံမကွာ။ ။

ဒိဋ္ဌိသက်ပ်၊ ထင်လတ်ဝါစာ၊
ကမ္မဿနှင့်၊ အာဇီဝ–ဝါယာမာ၊
သမ္မာသတိ၊ သမာဓိပါ၊
နိဗ္ဗာန်နန်း သွားလမ်းရှစ်အင်္ဂါ။ ၊

နေ့စဉ်စီး၍၊ ခရီးတွင်စွာ။
မဂ္ဂင်ရှစ်ပါး၊ တရားစဉ်လာ။
နိဗ္ဗာန်သွားတဲ့၊ ရထားယာဉ်ပါ၊ ။
ကျန်းမာခိုက်၊ အားတိုက်နှင်စမ်းပါ။

သာသနာရှိ၊မရှိကိုသာ၊
ကိုယ်တိုင်သုံးသပ်၊ဆုံးဖြတ်ဆိုပါ၊
တကယ်ပင်ရှိ၊သင်သိသော်သာ၊
သတ္တိပြ၊စီးကြမက်ဓမ္မာ။ ။

ဟောကြ,ပြောကြ၊လောကသံသာ၊
ရုပ်,နာမ်ဖြစ်ပျက်၊နှစ်သက်ရန်ကာ၊
နာရ’ကြားရ၊နားဝလျှံကာ၊
သံသာကြီး။ဘယ်နည်းဖြတ်ကြမှာ။ ။

သံသာဝဋ်ကြွေး၊လွတ်အေးရန်သာ၊
ခန္ဓာပြစ်ဘေး၊စစ်ဆေးမှန်စွာ၊
နေ့စဉ်နှိပ်စက်၊စိတ်ပျက်ဖန်ခါ၊
စိတ်နာမှ၊ပြတ်ကြသံသရာ။ ။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား၊ လူကြီး သူကြီး၊ ရှိသေထိုက်သော သူများဟု သိကြားနားလည်သည့်အတိုင်း၊ အိပ်ရာဝင်, အိပ်ရာထကို ငါးပါး သီလဆောက်တည်၊ မိဘကို ရှိခိုးကန်တော့တဲ့ဝတ် မြဲရုံနဲ့၊ငါတော့ လူဖြစ်ပြီလို့ မှတ်မထားနဲ့ အုံးကွဲ့၊ လူမဖြစ်သေးဘူးနော်၊ လူစော်နံရုံကလေး ရှိသေးတယ်။ ကိုင်း....ရှေ့ကို ခြေတလှမ်းတိုးလိုက်အုံးစို့၊ ငါးပါး သီလကို ရလို့ဆိုတတ်သည့်အတွက် ပါးစပ်က ဆိုရုံ သာမဟုတ်တော့ဘဲ။.... သက်သတ်, ခိုးပြု၊ ကာမေသု နှင့်,မုသားအရက်၊ သည်ငါးချက်ကို၊ တသက်လုံးမပြု တော့ပါလို့ တပည့်တို့ရဲ့စိတ်ကို ပိုင်းဖြတ်ရလိမ့်မယ်။

နောက် ချမ်းသာ ဆင်းရဲမရွေး၊ တွေ့မြင် တိုင်းသော ပုဂ္ဂိုလ်သတ္တဝါတို့အား စိတ်က ချမ်းသာ စေချင်ပြီး တော့၊ ပါးစပ်ကပါ ချမ်းသာပါ စေဆိုတဲ့ အသံကို အမြဲထွက်ရလိမ့်မယ်၊ အနည်းဆုံး တနေ့တနေ့ကို နာရီဝက်' နာရီဝက်သော်ငြင်း။ တနာရီသော်ငြင်း တပည့်၏ သဘောအကျဆုံး အချိန်တခုကို သတ်မှတ်၍ အလုပ်ခွင်ကိုဝင်ရမယ်ကွယ်။

လူ့အစစ်များ၏အလုပ်၊

ကိုင်းလာပေတော့ဟေ့၊ အဝတ်တခုကို လက်ကန်တော့တင်၊ ဘုရားရှင်နှင့်တကွ တရား၊ သံဃာ၊သုံးပါးသော ရတနာနှစ်ဖြာမိဘ အာစရိယတို့ကို ဝတ်ချရှိကျိုးရှိခိုးကန်တော့ပြီးတော့၊ ငါးပါးသီလလဆောက်တည်တပည့်၏ ခန္ဓာ,ရုပ်, နာမ်ကြီးကို၊ မြတ်စွာဘုရားအားတခါတည်းလှူလိုက်၊ အပ်လိုက်ပေတော့၊ ဘုရားတပည့်တော်သည်ဘုရားရှင်၏ကြီး မားသော မဟာမေတ္တာ၊ မဟာကရုဏာတော်ကို သက်ဝင် ယုံကြည်အားထားသည်ဖြစ်ပါ၍၊ တပည့်တော်၏ ရုပ်,နာမ်နှစ်ပါးကို လှူဒါန်း အပ်နှင်းပါ၏။ တပည့်တော်၏ဥကွောင်းကို ကျောင်းတော် အမှတ်ဖြင့် ကြွရောက်နှင်ပြုံးသီတင်းသုံးတော်မူပြီးလျှင်၊ အရှင်မြတ်တို့သိအပ်မြင်အပ် မျက်မှောက် ပြုတော်မူအပ်သော ခတ်ဘုရား ပရမတ်တရား၊ ရုပ်တရား၊ နာမ်တရား တို့ကို ဘပည့်တော်အား အစဉ်သနားသဖြင့် ထင်ရှားစွာ

စောင့်ရှောက် မစ'ညွှန်ပြ ပေးသနားတော် မူပါ၊ အရှင်ဘုရားနှင့် တကွ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂ သာဝက၊ မဟာသာဝက၊ ပကတိသာဝက စသော အရိယာ အပေါင်း သူတော်ကောင်းတို့၊ တွေ့မြင်ကြား သိကြသလို တပည့်တော်လဲ တွေ့မြင် ကြားသိရတဲ့ ကိုယ်ဖြစ်ရပါစေသား မြတ်စွာဘုရား။ (ငင်းအတိုင်း၊ စိတ်ထဲက တကယ်နှစ်နှစ်သက်သက် ရှိကာတပည့်၏ ပါးစပ်ကိုဖွင့်၍ အဓိဋ္ဌာန်ပြုကာ ဆုတောင်း အပ်နှင်း ပါလေ) အို.... ကိုယ်စောင့်နတ်၊ ကျောင်း ဖြစ်က ကျောင်းစောင့်နတ်၊ အိမ်ဖြစ်ကအိမ်စောင့်နတ်။ ရပ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့ စောင့် နတ် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး။ ရုက္ခစိုး၊ အာကာသစိုး၊ စတုလောကပါလနတ်၊ သိကြားနတ်မင်းနှင့်တကွ သာသနာစောင့်နတ်၊ နတ်မြတ်နတ်ကောင်း နတ်အပေါင်း တို့သည်၊ အကျွန်ုပ်၏ ပြုအပ်သော ဝိပဿနာ မဟာကု သိုလ် တော် ကြီး ကို ငြိုး မြောက်အောင်မြင်ရန် ကြည့်ရှု စောင့် ရှောက် ကြ ပါ ကုန်။ အကျွန်ုပ် ပြုသော ဤကောင်း မှု ကို အ သင် နတ် အပေါင်းတို့နှင့်တကွ၊ သုံးဆယ်တဘုံတွင် ရှိသမျှသော သုခိတ, ဒုက္ခိတ, သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။ ဘဝများစွာ သံသရာကစ၍ ယခုဘဝယနေ့ကျအောင် မပြစ်မှားအပ်၊ မပြစ်မှားထိုက် မပြစ်မှားကောင်းသော ပုဂ္ဂိုလ်တို့အား ကိုယ်နှုတ်စိတ်အား

သုံးပါးသော အမှု အရာတို့တွင် တပါးပါးသော အမှုအရာဖြင့် ပြစ်မှားမိ ခဲ့သည်ရှိသော် ကန်တော့ တောင်းပန် ဝန်ခံပါ၏။ ကျေနပ်တော်မူကြပါကုန်၊ အကျွန်ုပ်အား အထင်မှား၍ ပြစ်မှားကျူးလွန်သော သူတို့အားလဲ အပြစ်တို့မှ ပြေပျောက် စေရန်သည်းခံ ပါ၏။ ဤသို့မှန်ကန်သော သစ္စာ မေတ္တာ ခန္တီ၊ သုံးလီသော ဘုရားတို့တို့ ပွားများအားထုတ်သောကု သိုလ်၏အဘို့ကို သိကြားနားလည်သမျှသော သတ္တဝါ အပေါင်းတို့အား အမျှပေးဝေပါ၏။ အမျှ....အမျှ ....အမျှ....ယူတော်မူကြပါကုန်လော။

သာဓု....သာဓု....သာဓု။

ကမ္ဗုဇ္ဇာပုံ ဒေဝ မေ ဘန္တေ။

ဘန္တေ၊ သုံးဆယ့်တဘုံ ကရွတ်မြုံ့တွင်၊ ဆန်စုံ သွားလာ၊ များတကာတို့ သွားရာနိဗ္ဗာန်၊ ရောက် ကြောင်းဖန်၍၊ လမ်းမှန်းသင်ကြား၊ အရှင် ဘုရား။ ကမ္ဗုဇ္ဇာနံ၊ သင့်ရာသင့်ရာ အခွင့်သာဘို့၊ ချင့်ကာဖြတ် လမ်း၊ မြတ်ကမ္ဗုဇ္ဇာန်းကို။ မေ၊ သံသရာစက် ညြယ ဇွက်မှ ထွက်ရန်ရည်မြှော် တပည့်တော်အား။ဒေဝ၊ ကရုဏာပွား မေတ္တာထား၍၊ ပေးသနားတော်မူပါ အရှင်ဘုရား၊

သည်အကိုင်း စာကိုရ၍ ပါးစပ်ကဆိုရုံမျှ မဟုတ် ဘဲ စိတ်ထဲက တကယ်ပင် သံသရာမှ ထွက်မြောက်

လို တရားအစစ် အမှန်ကြီးကို တွေ့လို့, မြင်လို့, သိ လို့,ရလို့, သော စိတ်ကိုထားခါ၊ အပေါ်ရုံ စုလျာတဘက်ကို လက်ကန်တော့ တင်ပြီးလျှင်၊ ယောက်ျားဖြစ်က တင်ပလ္လင်ခွေ၊ မိန်း မဖြစ် က (ထက်ဝက် တင်ပလ္လင်) ကြို့ကြို့ထိုင်၍ လက်နှစ်ဘက်ကို ပေါင်ပေါ် တင်ဖြန့် မှောက်၍သော်၎င်း၊ သို့မဟုတ် ဘယ်လက်ဝါးကို အောက်က ညာလက်ဝါးကို အပေါ်က လက်မထိပ်ချင်းထိအောင် ထပ်၍သော်၎င်း။ မိမိသဘောကျသလို ထားပါ၊ ကိုယ်ကိုမတ်မတ် မပြော့လွန်း,မတောင့် လွန်းစေဘဲ အလိုက်သင့် ထား၍ အစမရှိသေးက နာရီဝက်လောက် ပိုင်းဖြတ်ခါ တွေ့ရာလေးပါး ဟိုဟိုသည်သည် စသည်တို့ကို ဘာမျှမစဉ်းစားတော့ဘဲ တသံသရာလုံး ဖြစ်တိုင်းဖြစ်တိုင်း ဘဝတွေမှာ၊ အဆိုးအတား၊ အပိတ်အပင် မရှိ။ ထင်သလို ဖေါက်ပြန်သွားလာနေတဲ့ စိတ်ကို ရင်ချိုင့်အလည်တည့်တည့် မှာသော်၎င်း၊ သို့မဟုတ် ဥကျွေးအလည် တည့်တည့် ငယ်ထိပ်မှာ သော်၎င်း၊ ထားပြီးတော့ အာရုံစိုက်လိုက်ပါ၊ သို့မဟုတ် ထွက်သက်ဝင်သက် အမြဲထွက်ဝင်နေတဲ့ နှာသီးဖျားမှာ ထားပြီးတော့၊ ထွက်သက် ဝင်သက်ကို မမှားရအောင် အာရုံစိုက်လိုက်ပါ။

အဲဒီလောက် အာရုံပြုနေတဲ့ကြားထဲက လစ်ခနဲ လစ်ခနဲခြိုခုန်နေကျန္တွားလို၊ တသံသရာလုံးက ပေါက်

လွတ်ပဲစား သွားချင်ရာ သွားတဲ့စိတ်ဟာ ထွက်သွား
လိမ့်မယ်နော်၊ ထွက်သွားမှန်း သိတာနဲ့ အချိန်ကြာ
ကြာမထားနဲ့ သူ့နေရာ ပြန်ရောက် အောင် ထား
နှာသီးဖျားက တိုးနေတဲ့ လေကိုအာရုံစိုက်မြဲစိုက်ပါ
နာရီ ဝက်စေ့လို့ ညောင်း သေးတယ် ထင်ရင်နေရာ
ပြင်လိုက ပြင်၊ ထပြီး တော့ စင်္ကြံ လျှောက် လိုက
လျှောက် နောက်ထပ် အာရုံ ပြုပါအုံး၊ အနည်းဆုံး
တနာရီလောက်တော့ ကြိုးစားပါ၊ သုံးရက်လောက်
စိတ်မိုက် စိတ်ကြမ်း စိတ် သရမ်းကြီးကို ဖမ်းပမ်းပြီး
တော့၊ သူ့နေရာကလေး လုပ်ပေး ထားခဲ့သော်၊ သူ့
သဘော ဖြစ်တဲ့ တရားတွေဟာ အလိုလို ပေါ်လာ
ပေလိမ့်မယ်၊ တပည့်များ၏ ပါရမီအား လျော်စွာ
စိတ်၏ တည်ကြည် ငြိမ်သက်မှုအနှေး အမြန်ကို သိကြ
ပါလေ၊ သုံးရက်နဲ့ နုသေး ထယ်ထင်က၊ ခုနစ်ရက်
လောက် မပြတ် မလပ် အချိန်ရသလို တိုးပြီးတော့
သမာဓိ အာရုံစိုက်ပျိုးကြ ပါလေ၊ သည်ရက် အတွင်း
တွေမှာ အရောင် အဆင်း အမျိုး မျိုးနှင့်တကွ၊ သက်ရှိ
သက်မဲ့ သတ္တဝါ, တော, တောင်, ရေ, မြေ, အထွေ
ထွေ တွေ့မြင် ကြား သိခါ၊ ထွက် လေ ဝင်လေတို့ ကို
မေ့ လျော့တဲ့ထိုအာရုံသို့ လိုက်ခါ မေ့သလိုဖြစ် ချင်
ကဖြစ်သွားပေအံ့၊ သို့သော် ကြာ ကြာ မမေ့ ခဏက
လေး ဖြစ် တတ်သည်၊ သတိ ရသည် နှင့် သူ့နေရာမှာ

သျှုပြန် နေပါစေ၊ တည် တဲ့စိတ် များလာ သည်ကို သမာဓိရင့်တယ်လို့ခေါ်တယ်။

## ဓာတ်ပေါ်တာတွေကိုသိ

သတိ မထား အမှားဝင်၊ သတိ ထားတော့ တရားမြင်ဆိုတဲ့ အတိုင်း စိတ်၏ငြိမ်သက်ခြင်းကိုရလာသောအခါ၊ တောင့်တင်း လေးလန် ထိုင်းမှိုင်း လာ ပါ က ပထဝီဓာတ် သဘော၊ တကိုယ်လုံး စီးထမ်းစိုရွှဲသလို ပေါ်လာက အာပေါဓာတ် သဘော၊ ယိမ်းယိုင်လှုပ်ရှား ကြွ ကြွရွ ရွတွေ ဖြစ်ပေါ်လာက ဝါယောဓာတ် သဘော၊ ပူကနဲ့ရှိန်းကနဲ့လိုလို အေးစက်စက် လို လို ဖြစ်ပေါ်လာက တေဇောဓာတ် သဘော ဆို တာသိပြီးတော့၊ ဓာတ် လေးပါး ကောင်ကြီး၏ ဖြစ်လိုက် ပျက်လိုက် မခြဲသော အနိစ္စ။ ထိုသို့ မမြဲခြင်း ကြောင့် ချမ်းသာတာ ဘကွက်မျှ မတွေ့ရ၊ ဆင်းရဲ သဘောဒုက္ခ၊ မဖြစ် မပျက်ပါနဲ့လို့ တားဆီး မရ အလိုသို့မလိုက်။ လေသောကြောင့် အနတ္တ။ စက်ဆုပ် ရွံ့ရှာဘွယ်ရာ ဖြစ် နေသော ဓာတ်စု ဓာတ်တုံး ဓာတ်အိုး ကြီးအစစ် ဖြစ် လေ သောကြောင့် အသုဘ ပါကလား ဆိုတာ ပေါ်လာအောင် ဆင်ခြင် ပွါးများ ပါလေ၊ ဤလိုမြဲတယ်၊ ချမ်းသာတယ် အနှစ်သာရရှိတယ် တင့်တယ်ဘယ်၊ လူတွေဘဲ၊ နတ်တွေဘဲ၊ ဗြဟ္မာတွေဘဲ စသည်ဖြင့်၊ အထင် မှား အမြင် မှား တွေ ပျောက် အောင်၊

ဆင်ခြင်ပွါးများတဲ့ ဉာဏ်ကို ဝိပဿနာခေါ်တာဘဲ။ ဤမျှလောက် အာရုံယူတတ်ပါက တိုင်းသူ ပြည်သား တပည့်များ အတွက်ဆရာ၏ စိတ်မှာ ထားတဲ့ လိုလား ချက်သည်၊ တော်တော်ပြည့်စုံ ပေပြီ။ တပည့် များရဲ့ အတွက်လဲ တော်တော်ကလေး သက်သာ အားကိုးရာ ရပြီဆိုတာ၊မြတ်စွာဘုရားက ဘာ ပြော တော်မူသလဲ။

ဣမိနာပနဉာဏေနသမန္နာဂတော၊
ဝိပဿကောဗုဒ္ဓ သာသနေလဒ္ဓသာသော၊
လဒ္ဓပတိဋ္ဌောနိယတဂတိကော။
စူဠသောတာပန္နော နာမဟောတိ .... တဲ့ကွဲ့။

ဣမိနာပနဉာဏေန၊သက်ရှိသက်မဲ့၊ကြွင်းမဲ့ဥဿုံ၊ အလုံး စုံသော သင်္ခါရ တရား တို့ကို ဤ ကား ရုပ်။ ဤကားနာမ်ဟု ဝေဘန် သိ တတ် သိ သော ဉာဏ် နှင့်။ သမန္နာဂတော၊ပြည့်စုံ သော၊ ဝိပဿကော၊ ပွါးများ ကြည့်ရှု၊ သတိ ပြု၍ နေသော သူသည်။ ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ၊ သာသနာ တော်၌၊ လဒ္ဓသာသော ရအပ် သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓ ပတိဋ္ဌော၊ ရအပ် သော ထောက်တည်ရာရှိသည်ဖြစ်၍၊နိယတဂတိကော၊ အောက်ရပ် အပါယ်၊ လွှဲဖယ် ရှောင်ရှား အထက် သို့ သွားဘို့ရာ မြဲသော ဂတိ ရှိသည်ဖြစ်၍၊စူဠသောတာ ပန္နောနာမ၊ စူဠ သောတာ ပန်မည်သည်၊ ဟောတိ၊ ဖြစ်၏။ ဟောတိ။ ပုထုဇဉ် နှယ်ဇာတ်အမြစ် ဖြတ်၍၊

တစ် အမှတ်သိ စရာအရိယာမျိုးနွယ်အစစ်ကို တကယ်
တန်းဖြစ်ရလေတော့သတည်း။

လူစစ်ကို မဆိုထားနဲ့ လူစော် နံရုံမျှ ဖြစ်သော တ
ပည့် များသည်ပင်၊ နေ့စဉ်ညစဉ် ပဌမက သင်ခဲ့ သော
ကုသိုလ် ဝတ် တွေမြဲနေ ခဲ့သော်၊ ဘယ် နည်း နဲ့မှ အ
ပါယ်ထဲသို့၊မရောက် နိုင်ဘူး ဆိုတာ ဝမ်း မြောက် စေ
ချင်လို့ဘုရားအလိုတော်ကိုသိတဲ့ဆရာကြီးတွေက....

ယေသံ နိစ္စ ပုညာနိ အဗ္ဘုဋ္ဌိ တေသံ ဂတိသော တာ
ပန္နသဒိ သော။တဲ့ကွဲ့။ ။နိစ္စပုညာနိ၊နေ့စဉ်ဝတ်
စွဲမြဲ သော ကု သိုလ် တို့ သည်။ ယေ သံ။ အကြင် သူတို့
အား၊အဗ္ဘုဋ္ဌိ၊နှို၏။ တေသံ၊ ကု သိုလ် မပြတ် စပ်၍ တည်
နေ့၊မြဲပါပေသောထိုသူတို့၏။ ဂတိ။ ဘဝ တပါးသွား
ရာဂတိ သည်။ သောတာပန္နသဒိသော၊ အရိယာ နွယ်
ဝင် သူတော်စင်လူအစစ်၊ သော တာပန် အဖြစ် နှင့်တူ
တော့ သည်သာ တည်းတဲ့။ လူတို့ နေရာ ရောက် ပါ ရက်
သားနဲ့ လူ စော် မနံဘူးဆိုရင် အင် မတန် ရှက် စရာ
ကောင်းလှသဖြင့် အကြောင်း အကျိုးတို့ကို ဝေဘန်၍
လူစော်နံအောင် နေ ထိုင် သွား လာ စား သောက်
ကျင့်ကြံနိုင်ကြပါစေ၊ဆိုသောမေတ္တာ စေတနာအတိုင်း
ရေးသားဆုံးမသဖြင့် ဆရာ၏ မေတ္တာ စေတနာနှင့်
တူမျှစွာ ဘဝများစွာ သံသရာက သာသနာတော်
မြတ်ကြီး၏ အကျိုးတို့ကို ဆရာနှင့်တတူ သည်ပိုးဆောင်
ရွက်ခဲ့ကုန်သော သာသနာပြု ဆုထူးပန်ဆွတော် မျိုး

တော်အပေါင်း သူတော်ကောင်းတို့သည် နှစ်ထောင်း ဝမ်းသာ ကြည်လင်စွာဖြင့်လိုက်နာကျင့်ကြံဆောင်ရွက် နိုင်ကြပါစေလို့။

အသားပါပါနဲ့
အများတကာ ပြောကြတဲ့ စကားကွယ်။
(ကြိုးစားလျှင်-ဘုရားဖြစ်)

အဲဒီစကားကို တပည့်များ ကြားဘူးကြပါလိမ့် မယ်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ် တော်တိုင်ကလဲ၊ ဝီရိယဝတော ကိံနာမကမ္မံနသိဋ္ဌတိ၊ တဲ့လေ၊ ဝီရိယဝတော၊ ဝီရိယနှင့် ပြည့်စုံသောသူ၏။ ဝီရိယဝတော၊ အသားကြေကြေ အရေစုတ်စုတ်၊ အရိုး တွေကျိုးကြေလို့ ပြုတ်ပစေတော့၊ အမျိုးအဆွေ၊ အဘိုး အဘေပါ လုပ်ကြတဲ့၊ ဝိမုတ္တိအထက်တန်းသို့ တက်လှမ်းရန် နောက်မဆုတ်ဘဲ၊ အားထုတ်လုလ္လဝီရိယ ရှိသောသူ၏၊ ကိံ နာ မ က မ္မံ၊ ဘယ်အမည်ရှိသော အမှုသည်။.... ကိံနာမ ကမ္မံ၊သာမံအစား လူ့နတ်'များကို ဖယ် ထားစွန့်ပစ် ကြိုးစားလျှင်ဘုရားဖြစ်သကဲ့သို့၊ အားသင် ဘို့တခုအဘယ်မည်သောအမှုသည်။ နသိဋ္ဌတိ၊ မပြီးစီး မပြည့်စုံဘဲ ရှိပါချေတော့အံ့နည်း။ နသိဋ္ဌတိ၊ အထက် တနိုကိုတက်လိုစမ်းပါသဖြင့်၊ တမဂ်,တဖိုလ်၊ ရက်တို မှန်းသူတို့၊ ဖြောင့်တန်းတဲ့ သတိဂုဏ်ကြောင့် အလို ရှိတဲ့အတိုင်း ပြည့်စုံရလေတော့သတည်း။ ပေါ့ကွယ်။

(အပါယ်လွတ်ထွက် ခုနစ်ရက်။)

ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ မဟာကရုဏာတော်ဖြင့်၊နိဗ္ဗာန်ကိုအပါခေါ်ချင်လွန်းလို့၊ အမျိုးမျိုးချော့တော်မူရှာတယ်ကွယ်၊ လင်ယူ, မယားယူနဲ့၊ သားပူ, သမီးပူ, စီးပွားပူတွေ၊ ကြားထဲက၊ နိဗ္ဗာန်ကို သွားနိုင်အောင်ဟောဒီဟာကလေးကို၊ခွန်နှစ်ရက်လောက်သတိထားကြဟဲ့တဲ့၊ငါ့တပည့်များ မြန်မာလိုနားလည်အောင် ဘုရားရဲ့အလိုတော်ကျအတိုင်း၊ ဆရာရေးသားထားတဲ့ စာကလေးလေ။

ပဌမရက်၊သတိဖက်ပါ၊
ရှေ့-တို-ကိုသိ၊ဒုတိရက်မှာ၊
စ-လယ်-ဆုံးသိ၊တတိရက်မှာ၊
ထွက်ဝင်တွေ့၊သိမ့်မွေ့လေးရက်မှာ။

သုံး'လေး'ခေါက်လောက် ဖတ် လိုက် ရင် ရရောပေါ့ကွယ် ကြိုးစားဟေ့ တပည့်များ၊ ပျင်းရိတဲ့စိတ်ကို မထားနဲ့နော်၊ အဲဒီ....ရှစ်လုံးဘွဲ့ရဲ့ အဓိပ္ပါယ်ကို ဟောဒီလို လွယ်လွယ်နဲ့ သိကြစို့ရဲ့။

၁-၂-၃-၄-၅-၆-၇- အဲဒီ........ ဂဏန်း ခွန် နှစ်လုံးဟာ တရက်က စပြီးတော့၊ ခွန်နှစ်ရက် အထိ တပည့်များ အလုပ်လုပ်စရာ ရက်စဉ်ပေါ့ကွယ်၊ လူ ပြည်မှာ နောက်တုန်းကနေ့ထိုင် ပျော်ပါးလာခဲ့တဲ့ ရက်တွေဟာ၊ တပည့်များ၏အတွက်၊ နေ့ရှိတိုင်းဆင်းရဲအောင် အပါယ်ကျအောင် အမျိုးမျိုးနှိပ်စက်နေတဲ့၊ ရက်ပုပ်

ရက်သိုး ရက်ဆိုး ရက်ကြမ်း ရက်ကန်းရက်ရူး ရက်အီ လူးတွေဆိုတာ၊ ခွန်နှစ်ရက်တိတ် တရားခွင် ဝင်ကြည့် လိုက်တော့မှ သိသိသာသာကြီး မျက်စိထဲမှာ မြင်လာ ပေါ်လာလိမ့်မယ်နော်။

ခုတင်က စာက ဘယ်လိုဆိုတယ်၊ ပဋ္ဌမရက် သတိ ဘက်ပါတဲ့၊ တရားအလုပ် အားတုတ်တော့မည့် ယော ဂီများ၏ ပဋ္ဌမရက်ဟာ ထွက်သက် ဝင်သက်ကို အလစ် မပေးဘဲ အမြဲတမ်း ဂရုစိုက်ပြီးတော့ မှတ်နေရမယ်၊ တပွဲတလမ်းလောက် စိတ်ဘမ်းတဲ့ အတတ် ကို စမ်း ကြည့်ကြတာပေါ့၊ လွယ်လွယ်နဲ့ဘဲ မိတယ် သို့မဟုတ် တော်တော် ခဲခဲယဉ်းယဉ်း သတိထားနိုင်မှ မိတယ် ဆို တာ ကိုယ်တိုင် သိကြရောပေါ့၊ ဆင်ရိုင်း, မြင်းရိုင်း, ကျွဲနွားရိုင်း’တွေကို ကျုံးသွင်းခြံခတ်ပြီးတော့ ဘမ်း ရတာလွယ်တယ်နော်။ ဘုရားအဆူဆူနဲ့ လွဲအောင်အ မြဲတမ်း ပေါက်လွှတ် ပဲစားဖြစ်နေတဲ့ စိတ်မိုက်, စိတ် ရိုင်း,ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ စိတ်ရူး,စိတ်အ’စိတ်ဝ, တွေများကို နာရီဝက် တနာရီလောက်၊ မိနေအောင် ဘမ်းမိဘို့မလွယ်ဘူးကွဲ။ ဒါကြောင့်....

သော သတောဝ အဿသတိ၊

သတောဝ ပဿသတိ။....တဲ့ကွဲ။

သော။ အလုပ်စခန်းအလုပ်လမ်းကို အဟုတ်တမ်း စည်းကမ်းတကျဖြင့် နည်းလမ်းရဲအောင် အားထုတ် မည်ဖြစ်သော ယောဂီပုဂ္ဂိုလ်သည်။သတောဝ၊ အလစ်

မပေးဖြစ်အရေးတွေကို စစ်ဆေးကြည့်ရှု သတိပြု၍သာလျှင်။ အဿသတိ၊ ထွက်သက်လေကို မှတ်၏။ သတော၀၊ အလစ်မပေး ဖြစ်အရေးတွေကို စစ်ဆေးကြည့်ရှုသတိပြု၍သာလျှင်။ ပဿသတိ၊ ဝင်သက်လေကိုမှတ်၏။

အဲဒီလိုတခြားအာရုံတွေ ဝင်ရောက် နှောက်ယှက်ခြင်း မပြုရအောင် မှတ်နေတဲ့ သတိကလေးကို ပဌမတရက်အတွက် နာရီဝက်၊ တနာရီ၊ နှစ်နာရီ၊ စသည်ဖြင့် မမိ မိအောင်၊ မဟည်'တည်အောင်အတူးသတိဆောင်ပြီးတော့ ဘမ်းပေတော့ တပည့်များ။

အဲဒီလိုစိတ်ကိုဘမ်းကြည့်တဲ့အခါ တပည့်များတို့ရဲ့ ပါရမီ အနုအရင်ဟာ တခါထဲ ပေါ်လာပေလိမ့်မည်။ ပါရမီရှိ၍ ရင့်သန်တဲ့သူများ တနေ့ထဲနဲ့ မိတာဘဲ။ ပါရမီ အလတ်စားများမှာ နှစ်ရက်'သုံးရက်၊ လောက် အားတိုက်အင်တိုက်ဘမ်းမှ မိတတ်သိတတ်သည်။ ပါရမီအားနည်းသူများ ခွန်နှစ်ရက်၊ ဆယ်ရက် တလလောက်အားထုတ်မှ မိတတ်သိတတ်သည်။ အား မလျှော့ပါနဲ့တလ ဆိုတဲ့ရက်ဟာ နောက်တုန်းက လူလိုမသိ သိအောင် ပြောဟော ဆုံးမနည်းလမ်းပြမည့် ဆရာသမားမရှိလို့ ဟေးလားဝါးလားနဲ့ အလကားနေလာတဲ့ရက်တွေနဲ့ စာလိုက်တော့၊ ဘာကြာလို့လဲကွယ်။ ပါရမီ အလွန့်အလွန်နည်းတဲ့ ပုဂ္ဂိုလ်များကျတော့၊ ဘယ်လိုနည်းမျိုးနဲ့မှ မိအောင် ဘမ်းလို့မ-

ရနိုင်၊ တိုဘိုပြောရလျှင် ဒါန, သီလ, ဘာဝနာနဲ့ စပ်သောတရားစကားတို့ကိုပင် မကြားယောင်တဲ့ အပြင်နားမထောင်နိုင်အောင် ဘိုးသာ၀ရဲ့ နွားသိုးကြီးလိုဘေးကိုသဝေထိုးပြီး ပြေးတော့တာဘဲ၊

နောက်စာက၊ ဘယ်လိုဆိုပြန်သလဲ၊ ပဋ္ဌမရက်သတိဘက်ပါ၊ ရှေ့တိုကိုသိ ဒုတိရက်မှာတဲ့။ အဓိပ္ပါယ်ကဘာလဲဆိုရင်၊ ပဋ္ဌမရက် သတိမြဲလာရင် ဒုတိယ ဖြစ်တဲ့နောက်ရက်မှာ ထွက်သက်လေ ဝင်သက်လေတို့ရဲ့ဘယ်လောက် ရှေ့ရှေ့တိုတို ဝင်တယ် ထွက်တယ် ဆိုတာကိုခက်အူတရစ်တိုးပြီးထော့ သတိကို မျိုးလိုက်ပါအုံးလို့ဆိုတဲ့အဓိပ္ပါယ်ဘဲကွယ်။ ဒါကြောင့်....

ဒီဃံ ဝါအဿသန္တော၊
ဒီဃံအဿသာမီတိပဇာနာတိ၊
ဒီဃံဝါပဿသန္တော၊
ဒီဃံပဿသာမီတိပဇာနာတိ၊
ရဿံဝါ အဿသန္တော၊
ရဿံ အဿ သာမီတိပဇာနာတိ၊
ရဿံဝါပဿသန္တော၊
ရဿံပဿသာမီတိပဇာနာတိ။ တဲ့ကွယ်။

ဒီဃံဝါ၊ ထွက်သွားသည့်လေ သျှူ့အရှေ့ကိုမူလည်း။ အဿသန္တော၊ နှာခေါင်းဝမှ မုချမသွေထွက်သွားလေသော်။ ဒီဃံ၊ သျှူ့ပမာဏ၊ ရှုကာ ဆက၊ ဘယ်မျှ ရှည်စွာ။ အဿသာမီတိ၊ တွက်သွားလေ၏ ဟူ၍။ ပဇာ

နာတိ၊သတိထားကာ သိပြီးရာ၏၊ ဒီဃံဝါ၊ ဝင်လာသည့်လေ သူ့အရှေ့ကိုမှူလည်း။ ပဿသန္တော၊ နှာခေါင်းဝသို့ပြောင်းကြွမသွေ ဝင်လာလေသော်၊ဒီဃံ၊သူ့ပမာန၊ရှူကာဆက၊ဘယ်မျှရှည်စွာ၊ ပဿသာမီတိ၊ဝင်လာလေ၏ ဟူ၍။ပဇာနာတိ၊ သတိထားကာ သိပြီးရာ၏။ရဿံဝါ၊ ထွက်သွားနကို လေအတိုကို မှူလည်း။အဿသန္တော၊ နာခေါင်းဝမှမုချမသွေ၊ ထွက်သွားလေသော်။ရဿံ၊သူ့ပမာန၊ရှူကာဆက၊ ဘယ်မျှတိုစွာ။အဿသာမီတိ၊ ထွက်သွားလေ၏ဟူ၍၊ ပဇာနာတိ၊သတိထားကာသိပြီးရာ၏။ ရဿံဝါ၊ဝင်လာနကို လေအတိုကိုမှူလည်း။ပဿသန္တော၊ နှာခေါင်းဝသို့ပြောင်းကြွမသွေဝင်လာလေသော်။ရဿံ၊သူ့ပမါဏ၊ ရှူကာဆက၊ဘယ်မျှတိုစွာ။ပဿသာမီတိ၊ဝင်လာလေ၏ဟူ၍၊ပဇာနာတိ၊သတိထားကာ၊သိပြီးရာ၏။သတိပြုကာ သိမှုလာအောင် ကြည့်ရှုကာ နေရလေတော့သတည်း။-ပေါ့ကွယ်။

ဆိုဟေ့နောက် တပုဒ်က ဘယ်လိုတဲ့လဲ၊စ, လယ်ဆုံး,သိ တတိရက်မှာတဲ့လား၊အဲဒါက ဘယ်အဓိပ္ပါယ်လဲ၊ထွက်သက်လေဝင်သက်လေတို့ရဲ့ထွက်ဝင်နေတဲ့အစ, အလယ်အဆုံးတို့ကိုပါ၊အကုန်လုံးဝက်အူတင်းပြီးတော့မလစ်ဟင်းရအောင်၊ ခပ်ပြင်းပြင်းကလေး သတိထားကြိုးစားပြီးတော့မှတ်လိုက်ပါအုံးတဲ့။ သုံးရက်ရှိသွားပြီကွယ်တို့၊ ဒါကြောင့်....

သဗ္ဗကာယပ္ပဋိသံဝေဒီ၊
အဿသိဿာမီတိသိက္ခတိ၊
သဗ္ဗကာယပ္ပဋိသံဝေဒီ၊
ပဿသိဿာမီတိ သိက္ခတိ။ တဲ့ကွယ်။

သဗ္ဗကာယပ္ပဋိသံဝေဒီ၊ ထွက်သက်လေ၏ အစ အလယ်၊ အဆုံး၊ သုံးပါးမယွင်း သိထင်လင်းသည်။ ဟုတွာ၊ တကယ်စင်စစ်၊ အမှန်ဖြစ်၍။ အဿသိဿာမိ၊ ထွက်သက်ကိုပေ၊ ထွက်ပါစေအံ့။ ဣတိ၊ အဲဒီလို၊ သိက္ခတိ။ ယောဂီအပေါင်း မှုမချော်သည့် သူတော်ကောင်းတို့ ညွတ်ပျောင်းသင့်ထွေ၊ ကျင့်အပ်ပေ၏။

သဗ္ဗကာယပ္ပဋိသံဝေဒီ၊ ဝင်သက် လေ၏ အစ, အလယ်၊ အဆုံး၊ သုံးပါးမယွင်း၊ သိထင်လင်းသည်။ ဟုတွာ၊ တကယ်စင်စစ်အမှန်ဖြစ်၍။ ပဿသိဿာမိ၊ ဝင်သက်ကိုပေ၊ ဝင်ပါစေအံ့။ ဣတိ၊ အဲဒီလို၊ သိက္ခတိ၊ ယောဂီ အပေါင်း မှုမချော်သည့် သူတော် ကောင်းတို့ ညွတ်ပျောင်းသင့်ထွေ၊ ကျင့်အပ်ပေ၏။

လေးရက်မြောက်တဲ့ နေ့အတွက် ဆက်ပြီးတော့ဆိုလိုက်ပါအုံးကွယ်၊

ထွက်ဝင်တွေ့သိမ်မွေ့ လေးရက်မှာ၊ ဆိုမို့လား။

အမိပ္ပါယ်ကဘယ်လိုများပါလိမ့်။ ဟောလေးရက်လောက် အားထုတ်လာတဲ့အခါ ပဌမရက်တွေကလို၊ မရှင်မလန်း မပင်ပန်းတော့ဘဲ၊ ချမ်းချမ်း သာသာ သိမ်သိမ်မွေ့မွေ့နဲ့ဘဲ၊ ထွက်လေ ဝင်လေကိုမမေ့

အောင်၊ ကြည့်ရှုခါ သတိပြု၍ မှတ်သားပါတော့တဲ့။ လေးရက်စေ့အောင်သာဆက်ပြီး အားထုတ်ရင် ငါ့ဘပည့်များရဲ့ သမာဓိအတည်ဓာတ်ဟာ အတော်ဟုတ်ပြီ၊ စိတ်ကိုလဲ ချုပ်တည်းဖမ်းဆီးနိုင်ပြီ ဆိုတာ ဝမ်းသာပေတော့။ ကိုယ်တိုင်လဲ ချမ်းသာရဲ့အစ’ ကလေးကို တွေ့ပေါ့ကွယ်။ အဲဒါကြောင့်........

ပဿမ္ဘယံကာယသင်္ခါရံ၊
အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံကာယသင်္ခါရံ၊
ပဿသိဿာမီတိ သိက္ခတိ။ တဲ့ကွယ်။

ကာယသင်္ခါရံ၊ ထွက်သက် လေဟူသော ကာယသင်္ခါရကို၊ပဿမ္ဘယံ၊ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်။ အဿသိဿာမိ၊ ထွက်သက်လေကိုလွှတ်ပေအံ့။ ဣတိ၊ အဲဒီလို။ သိက္ခတိ။ ကျင့်ကြံအားထုတ်အပ်၏။ ကာယသင်္ခါရံ၊ ဝင်သက် .... လေဟူသော ကာယသင်္ခါရကို။ ပဿမ္ဘယံပဿမ္ဘယန္တော၊ နူးညံ့စွာပေ၊ ချုပ်ငြိမ်းစေလျက်၊ ပဿသိဿာမိ၊ ဝင်သက်လေကို၊ဝင်ပါစေအံ့၊ ဣတိ၊အဲဒီလို၊သိက္ခတိ၊ ကျင့်ကြံအားထုတ်အပ်၏။သိက္ခတိ၊နိဗ္ဗာန်,မဂ်ဖိုလ် ရက်တိုတိုနဲ့၊ တတ်နိုလိုငြား အမျိုးသားတို့ ကြိုးစားမသွေ၊ ကျင့်ကြံအားထုတ်ရလေတော့သတည်း။

( သာရ=၃ )

နောက်ကျန်တဲ့သုံးရက်မှာ ဖြစ်ပျက်ကိုမြင် အထက်ကပြခဲ့တဲ့အကိုင်း လက္ခဏာယာဉ်ကိုစီးပြီးနို့ဗွာန်လမ်းကြီးအတိုင်းသွားကြပေတော့ကွယ်တို့။

ဒုက္ခခပ်သိမ်း၊ကင်းငြိမ်းလွှင့်ကွာ၊
သင်အံ့ကျက်မှတ်၊ရွတ်ဖတ်ကျင့်ရာ၊
ဘယ်လိုတဲ့လဲ၊ဝေခွဲချင့်စာ၊
ဘုရားမြွတ်၊ထားအပ်အခွင့်ဟာ။

အထက်ပါစာသွား၏အဓိပ္ပါယ်စကားကိုနားလည်ကြပါ၊ခပ်သိမ်းကုန်သော ဆင်းရဲအပေါင်းတို့၏ လွတ်ကြောင်းသည် သင်ကြားမှတ်သားမိရုံ၊ နေ့စဉ်မပြတ်ရွတ်ဘတ်နေရုံနဲ့ ကိစ္စမပြီးသေး၊ နားလည်တဲ့အတိုင်းကျင့်ကြံနေထိုင်မှသာ လိုရာခရီးသို့ ရောက်မည်ဆိုတာဘုရားရှင်ကိုယ်တော်တိုင်နေ့စဉ်နှင့်အမျှမှာကြားဆုံးမတော်မူခဲ့သဖြင့် မှတ်ကောင်းမှတ်ရာတွေကိုမှတ် တတ်ကောင်းတတ်ရာတွေကို တတ်ပြီးတော့ ကျင့်ကြံ့ကောင်းကျင့်ရာတွေကို ကျင့်ကြံနိုင်ရုံ၊ ဤစာအုပ်ကို ရေးသားဆုံးမလိုက်ခြင်းဖြစ်၏။ဤစာအုပ်တွင် ပါသမျှလောက်နေထိုင်သွားလာစားသောက်ကျင့်ကြံနိုင်ပါက လူဖြစ်လာရတဲ့ဘဝမှာ၊ငါတော့လူအစစ်ဖြစ်ပြီ။ သို့မဟုတ်လူစော်နံ့ပြီဆိုတာ မှတ်ပေတော့ တပည့်များ။ ဘတ်ကောင်းရုံရေးသားပေးပို့ လိုက်သောစာအုပ်မဟုတ်၊ယောကျ်ား မိန်းမ ကြီးငယ် မရွေးလိုက်နာ ဆောင်ရွက်ရန်သာ ရေးသားလိုက်ခြင်းဖြစ်သည့်အတွက် ခေတ်

တရား၊ ပရမတ်တရား၊ ပညတ်တရား၊ ရုပ်တရား၊ နာမ်တရားဖြစ်ပျက်သခ်ါရတရားတို့ကို ရောက်အောင်မကျင့်ကြံနိုင်သေးတောင်၊ ဝစ္စနှစ်လုံးပေါက်ကိုဖြင့် ဖြုတ်ဖြစ်အောင်ဖြုတ်ကြပေတော့တပည့်များ။

နတ်ရွာနိဗ္ဗာန်ကိုလူတိုင်းမရ။

အထူးသတိပြု၍ စဉ်းစားစရာ၊ နတ်ရွာနိဗ္ဗာန်ကို လိုချင်လို့ငိုနေပါပြောသော်လဲ၊ အန္တရာယ်ငါးပါးနှင့် တွေ့ကြုံ၊အန္တရာယ်ငါးပါးကို ကျူးလွန်မိပါက မရနိုင်၊ မရောက်နိုင်ဘူးကွဲ့ တပည့်ရဲ့။ ဒီအန္တရာယ် ငါးပါးကို တပည့်များလွတ်တယ် မလွတ်ဘူးဆိုတာ ရှေးဦးစွာ ကိုယ်တိုင်သိပါ၊အကယ်၍ ကျူးလွန်မိသည့်တိုင်အောင် မထူးတော့ဘူးဆိုပြီးမမိုက်လိုက်ပါနဲ့ ၊သာပြီးဆိုးသွားမယ်။ဒီဘဝမှာမရတောင်၊နောက်နောင် ဘဝတွေမှာ အားကိုးစရာတွေ၊ပါရမီတွေဖြစ်ထာပေါ့ တပည့်ရယ်၊ အန္တရာယ်ငါးပါးမှတ်ထားကွဲ့သည်လို့တဲ့....

ကမ္မ 'ကိလေ၊သိစေဝိပါ၊
အရိယုတဲ့၊ကြည့်ရှုအာဏာ၊
အန္တရာယ်ငါး၊ရှိပြောသော်သာ၊
မဂ်စခန်း၊တက်လှမ်းမမျှော်သာ။

(၁) ကမ္မန္တရာယ်(၂)ကိလေသန္တရာယ်။
(၃) ဝိပါကန္တရာယ်၊ (၄) အရိယူပဝါဒန္တရာယ်၊
(၅)အာဏာဝိတိက္ကမန္တရာယ်....တဲ့ကွယ်း

ကမ္မန္တရာယ် ပဉ္စာနန္တရိယကံ ထိုက်သောသူ။ကိ လေသန္တရာယ် နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသောသူ၊ ဝိပါကန္တရာယ် ဥဘတော်ဗျည်း, အဟိတ်ဖြစ်သောသူ။ အရိယူပဝါဒန္တရာယ် အရိယာပုဂ္ဂိုလ်များကို ပြစ်မှား၊ စွပ်စွဲသောသူ။ အာဏာ ဝီတိက္ကမန္တရာယ် ဘုရား၏ အာဏာတော်ကိုကျူးလွန်သောသူ။ အထူး သတိထား၍ တပည့်များရဲ့ ကိုယ်ကို တပည့်များ စဉ်းစား၊ အဲဒီ အန္တရာယ်ငါးပါးကို ကျူးလွန်ပြစ်မှား မိပါသလား၊ ငါးပါးစလုံးပြစ်မှားမှ မဟုတ်ဘူးနော်၊ တပါးပါး ပြစ်မှား ကျူးလွန်မိရင်လဲ မဂ်၏အန္တရာယ် ဖြစ်သကွဲ၊ အရေးအကြီးဆုံးအနီးဆုံးကံကမိဘနှစ်ပါးဘဲလို့ မှတ်ထားစမ်းပါ၊တအိမ်ထဲ အတူတူနေရတာနော်၊ မိဘ, နှစ်ပါးကို၊သတ်ပစ်ထာက ပဉ္စာနန္တရိယကံ အစစ်ကြီး ပေါ့၊အသေပင်မသတ်ငြားသော်လဲ၊ မိဘကို ပြန်လှန် အော်ငေါက် ဆောင့်အောင့် ငြူစူ ဆဲရေး စောင်း မြောင်း၊ မိဘများနေ့ရှိတိုင်း စိတ်မကောင်းရအောင် မျက်ရည်ပေါက် ကြီးငယ်ကျအောင် ပြုခြင်းတွေဟာ ပဉ္စာနန္တရိယကံနှင့် အလားတူအကျိုးပေးတတ်သကွဲ၊ အခုလောကတွင် လူချင်းမတူ သူချင်းမမျှ ဖြစ်သွားတာတွေတပည့်များကြားဘူး မြင်ဘူးမှာပေါ့၊ နောက် နောင်ကမသိလို့ မိုက်မိတာတွေတော်တော့ကန်တော့၊ ဖြတ်တော့ရပ်လိုက်တော့ တပည့်တို့ရဲ့ ပါပရန်သူတွေကိုအထူးရှောင်ပါ။

ဆောင်ပုဒ်။ ။သမုတိနယ်၊ အမြစ်တွယ်၍၊ ချစ်ဘွယ်ရာစုံ၊ တဏှာဟုန်ဖြင့်၊ ကာမဂုဏ်ငါး၊ အာရုံများကို၊ လိုက်စားထွေထွေ၊ မိုက်မှားလေ၍၊ အားခွေနွမ်းလျ ပင်ပန်းလှလဲ၊ ရမ်းစမပယ်၊ ရမ်းကြမယ်ဟု၊ ရမ်းနယ်ကိုချဲ၊ ရမ်းမယ်ဘွဲနှင့်၊ ရမ်းတဲ့မောင်တွေ၊ ရမ်းဆောင်ဇွေတွင်၊ ကာဏ်းလေ ရမ်းလေမှန်းမပြေဘူး နန်းမြေနှင့်လွဲ၊ ငသငရဲမို့၊ ဝေခွဲခုခါ အမှုသာပြီ။ ။လူ့ရွာဌာန၊ အောင်လမ်းနှော်။

လူတိုင်း လူတိုင်းလောကီလုပ်ငန်း အရပ်ရပ်ရှိကြသလို၊ လောကုတ္တရာလုပ်ငန်း ရှိစေလို၍၊ ဤ(လေးယောက်သော လင်္ကာစွမ်းကောင်း) ဟူသည့် အမည်ကိုပေးခါ စာအုပ်ကြီး ကြီးကို ရေးသား၍ ပေးသနားတော်မူပါဟု အောင်ခြင်း တပည့် များ၏ လျှောက်ထား တောင်းပန်ချက်အရ၊ ရေးသား ပေးခြင်းဖြစ်သည်၊ ထိုစာအုပ်တိုကို ရေးသားရင်းပင် ဆရာ၏ စိတ်သည် အလွန်လျော့ နည်းခြင်း ဖြစ်မိပေ၏၊ တိုင်း သူပြည်သားတို့၏ စိတ်နေသဘောထား အပြော အဆိုအကျင့်အကြံတို့၏ သောင်းကျန်း ဖေါက် ပြန်မှု တို့သည် အလွန်များပြား၍ လာကြပြီ ဖြစ်သဖြင့်၊ ဆရာသည် ဘယ်လောက်ပင် မေတ္တာမှန် ထား၍ သင်ကြားဆုံးမသော်လဲ ရတော့မည် မဟုတ် ဆိုတာ ယုံကြည်မိတော့၏။ သို့အတွက် ဤစာအုပ်တွင် ရေးသား ဆုံးမသမ်းပြသော တရားစကားဟူသမျှ တို့သည် အသိအ

လိမ္မာလွန်သော သူနှင့် အသိ အလိမ္မာနည်း သောသူတို့ အတွက်မဟုတ်၊ အလယ် အလတ် ဖြစ်သော သူတို့ အတွက်သာ ရေးသား ဆုံးမခြင်းဖြစ် ကြောင်း၊ လွန်နေ သောသူ၊ နည်းလွန်း သောသူ နှစ် စားတို့ အား မရေး သား မဆုံးမဝံ့ကြောင်း၊ အလွန် ကြောက် စရာ ကောင်းတဲ့ အချိန် အခါကြီးဖြစ်၍ တောင်း ပန်လိုက် ရပေ သည်၊ အပြစ် တင်ခြင်း၊ အပြစ် မြင် ခြင်း တို့ကို သည်းခံကြပါကုန်၊ ပိုလျှင်နှုတ်၊ လိုလျှင် ဖြည့် ၍ကြ ပါလေ။ ဆရာ၏ မေတ္တာ မှန်ပါသဖြင့်၊ အမှန် တရား ကြီးကို သိမြင်အောင် ဆောင်ရွက်လိုက်နာ ကျင့်ကြံသူ များနှင့် အားလုံးသော တပည့်တကာ,တကာမ များ တိုင်းသူ ပြည်သားတို့သည်၊ ကိုယ်ရောစိတ်ပါ ချမ်းသာ ကြပါစေ။

## အထူးဘာတိပြုကြပါ

ဆရာသည် ယေ်စဉ်မှစ၍ ယနေ့အထိ သာမဏေ သိက္ခာ–၈– ရဟန်း သိက္ခာ–၄၇– နှစ် ရပ် ပေါင်း သိက္ခာ ၅၅၊ သက်တော် ၆၆–အထိ။ဘုရား–တရား သံဃာ မိဘ– ဆရာသမားတို့ကလွဲ၍၊ ဘယ်တိုင်းပြည် ဘယ်လူမျိုး၊ ဘယ် မတရားသော မင်းတို့၏ လက်ကိုင် တုတ်အဖြစ်ကို စိတ်ကူးထည့်ဘို့ နေနေသာသာ အိပ် မက်တွင်မျှမမက်။ လက်ဖဝါးကဲ့သို့ မှောက်ချည် လှန်

ချည်မဟုတ်၊ တသမတ်ထဲ လုပ်ကိုင်သော ပုဂ္ဂိုလ်ဆို တာသိကြပါ၊အားလုံးသိကြပါလေ။

(ပုံ=ဦးညောယျ=သာသာဝသီ။)

---

တိုင်းပြည်လုံးရှိ တပည့်များ အထူးသတိထား

၁—လူဆိုတာ လူနဲ့တူမှကောင်းတာ။

၂—လိုသိမှလူနဲ့ တူအောင်နေနိုင်မှာ။

၃—လူအစစ်ဖြစ်မှ နိဗ္ဗာန်ကိုရတာ၊

ငှင်းစကားသုံးခွန်း၏ အဓိပ္ပါယ်ကို စာဘတ်ပြီးရုံ နှင့် ရပ်မထားပါနဲ့၊ သဘော ပေါက်လာအောင် သေသေချာချာ တွေးလိုက်စမ်းပါ၊ 'တွေးလေ တွေး လေ ဆွေးမပြေဘူး' ဆိုတဲ့စကားကိုတပည့်များကြား ဘူးမှာပေါ့ တကယ်တွေးမှ ခြေ—လူနေတဲ့ နေရာ လူမျိုးမှာဖြစ်ပြီး သာသနာခေတ်ကြီးနဲ့ ကြုံဝါရက်နဲ့ လူနဲ့ တူအောင်လဲ မနေ မထိုင် မသွားမလာ မစား မသောက် မပြောမဆို မကျင့် မကြံမိတာတွေ မှားလေ ခြင်းဟဲ့လို့ တကယ့်ကိုတပည့်များ ဆွေးလာ ပူလာကြ ပေလိမ့်မယ်။

လူကား ဖြစ်ပါရဲ့ လူအစစ်မဖြစ်တဲ့ လူအတုအပ လူနဲ့တူကာမျှ၊ လူအတုဘဝမျိုးနဲ့ သေရွာ လိုက်ရမှာ ရှက်လိုက် ကြောက်လိုက်စမ်းပါ၊ တိုင်းသူ ပြည်သား တပည့်များတို့။

လူစာရင်းထဲမပါဘဲ၊ ပိုနေသောလူများ၏ စိတ်နေသဘောထား၊ လုပ်မှားကိုင်မှား နေထိုင် မှားတွေကို သိရအောင် ဟောဒီစာကိုအရကျက်ထားကြပေတော့ တပည့်များ။

စားရတုန်းတော့၊ အချစ်သဘောမပြယ်၊
မစားရတော့၊ အပြစ်ပြောမယ်၊
ဒီလိုလူစား၊ ဘာများဆိုမယ်၊
လူစာရင်း၊ မသွင်းပိုနေတယ်။
သူ့ပစ္စည်းတော့၊ ယူချင်ပေတယ်၊
ကိုယ့်ပစ္စည်းတော့၊ နှစ်မြောလေတယ်။
ဒီလိုလူစား၊ ဘာများဆိုမယ်၊
လူစာရင်း၊ မသွင်းပိုနေတယ်၊

ကြွေးယူတုန်းတော့၊ ပြုံးပြုံးရယ်ရယ်၊
ပေးချိန်ကျတော့၊ မဲ့လှလေတယ်၊
ဒီလိုလူစား၊ ဘာများဆိုမယ်၊
လူစာရင်း၊ မသွင်းပိုနေတယ်။

သူ့ခြိကိုယ့်ခြံ၊ နှစ်ခြံကြား၊
ငှက်ပျောနှင့်ဝါး၊ စိုက်ပြန်တယ်
အခြေဘမျိုး၊ အနေဆိုး၊
မြေသူခိုးလို့၊ ခေါ်ရမယ်။
သတိထားလို့၊ စဉ်းစားကြကွယ်၊
လူစာရင်း၊ မသွင်းပိုနေတယ်။ ။

## သာသနာ့လူစွမ်းကောင်း

ကျန်းမာတုန်းတော့၊ နှစ်သက်ပေတယ်၊
မကျန်းမာတော့၊ ပစ်ရက်လေတယ်၊
သာပေါင်းညာစား၊ ဒါလားနော်ကွယ်၊
လူစာရင်း၊ မသွင်းပိုနေတယ်၊ ။

သူများအတွက်၊ ကျိုးပျက်စေတယ်၊
ကိုယ့်အတွက်တော့၊ တိုးတက်စေတယ်၊
ဒီလိုလူများ၊ ဘာများခေါ်မယ်၊
လူစာရင်း၊ မသွင်းပိုနေတယ်၊ ။

တလုပ်ကျွေးဘူး၊ ကျေးဇူးရှိတယ်၊
တဆုပ်ပေးဘူး၊ ကျေးဇူးရှိတယ်၊
ကျေးဇူးရှင်များ၊ ပြစ်မှားကြရွယ်၊
လူစာရင်း၊ မသွင်းပိုနေတယ်။ ။

လောကလူများ၊ မှတ်သားရာဝယ်၊
လူစာရင်းနှင့်၊ မကင်းစေဘွယ်၊
သတိထားလို့၊ အမှားကိုပယ်၊
ဇမ္ဗူခေတ်၊ လူစစ်ဖြစ်ဖို့ကွယ်။ ။

ငါးပါးသီလ၊ တည်ကြမှုဟာ၊
ဆုကြီးပန်များ၊ မှန်ပြားပြုရာ။
ဆွေတော်ရှစ်သောင်း၊ မျိုးပေါင်းရှုပါ၊
ဒို့လူများ၊ ခွဲခြားဘယ်ဆုပါ။ ။

ပြီးပြီ